http://www.dhammadownload.com

မင်းကွန်းတိပိဋကရေဆရာတော်ဘုရားကြီး၏
သက်တော် (၈၀) ပြည့် အထိမ်းအမှတ်
ပတ္တမြားရတု ဝိဇာတမင်္ဂလာပူဇာ

# မင်းကွန်းတိပိဋကဓရ
# ဗြဟ္မဝိဟာရ
## ပေါင်းချုပ်

တိပိဋက = နိကာယ သာသနာပြုဥပဌာက
စာအုပ်စာပေနှင့် မော်ကွန်းအဖွဲ့က ထုတ်ဝေသည်။

သာသနာ ၂၅၄၈ | ကောဇာ ၁၃၆၆ | ခရစ် ၂၀၀၅

http://www.dhammadownload.com

## တိပိဋက=နိကာယ သာသနာပြုဉပဋ္ဌာကအဖွဲ့ စာအုပ်စာပေနှင့်မော်ကွန်းအဖွဲ့ ၌ ရနိုင်သောစာအုပ်များ

၁။ ဟောစဉ်တရားတော်များ ပထမတွဲ မှ နဝမတွဲ အထိ

၂။ အာနာပါနဿတိ သမာဓိဘာဝနာနှင့် ဝိပဿနာတရားတော်

၃။ တိပိဋကရေမွေလက်ဆောင်၊ မေတ္တာဘာဝနာတရားတော်

၄။ သရဏဂုံသုံးပါးနှင့် ငါးပါးသီလတရားတော် (အင်္ဂလိပ်+မြန်မာ)

၅။ ဗောဇ္ဈင်သုတ်တရားတော်၊ ရတနာသုတ်တရားတော်

၆။ သပ္ပုရိသဒါန (အင်္ဂလိပ်+မြန်မာ)၊ သပ္ပုရိသဒါန (မြန်မာ)

၇။ မဟာဗုဒ္ဓဝင် (အင်္ဂလိပ်)၊ တိပိဋက (၈၀)ပြည့် ဂုဏ်ပြု (အင်္ဂလိပ်)

၈။ တိပိဋကရေ မင်းကွန်းဆရာတော်ကြီး ထေရုပ္ပတ္တိအကျဉ်း (အင်္ဂလိပ်)

၉။ သာသနာပြုလုပ်ငန်းသုံးသွယ်၊ ဂါထာပါဠိအနက္ခရာယ်ကင်း

၁၀။ ဒုလ္လဘရှင်ကျင့်ဝတ်၊ ဂါထာနှင့်လင်္ကာ ဓမ္မဂီတများ

၁၁။ ပါရာဇိက (ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ) အမေး အဖြေ

၁၂။ အန္တိမပူဇော်ပွဲများ (ပ)အုပ်

၁၃။ သုံးနှစ်ခရီး (တတိယ+စတုတ္ထ)၊ ကာဗျမာလာ

၁၄။ ဇာတ်ကြီးဆယ်ဘွဲ့ (တေမိ၊ ဇနက၊ သုဝဏ္ဏ သာမ၊ နေမိ)

၁၅။ ထေရီအပဒါနဒီပနီ၊ မဟာဝန်တော

၁၆။ ၃၇ ခန်း ကမ္မဝါ၊ ဥပသမ္ပဒါခဏ္ဍ (ပါဠိ+နိဿယ)

http://www.dhammadownload.com

1131012

ဓမ္မဓော ခြည်ဓမ္မဒါန လုပ်ငန်း
ဆိုင်အမှတ်(၉၀)၊ အခန်း ၁၀(၄)ပထမထပ်၊ သိမ်ကြီးဈေး(ခရုံ)
ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၃၃၁၈၀၀ (လိုင်းခွဲ-၃၆၅)

http://www.dhammadownload.com

မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီး၏

သက်တော် (၈၀) ပြည့် အထိမ်းအမှတ်

ပတ္တမြားရတု ဝိဇာတမင်္ဂလာပူဇာ



# မင်းကွန်းတိပိဋကဓရ

# ဩဝါဒကထာ

## ပေါင်းချုပ်



ဓမ္မဒါန

တိပိဋက = နိကာယ သာသနာပြုဥပဋ္ဌာက စာအုပ်စာပေနှင့် မော်ကွန်းအဖွဲ့က ထုတ်ဝေသည်။

| သာသနာ | ကောဇာ | ခရစ် |
|---|---|---|
| ၂၅၄၈ | ၁၃၆၆ | ၂၀၀၅ |

http://www.dhammadownload.com

ပုံနှိပ်ထုတ်ဝေသူ

ဦးအောင်သန်း (၂)


အတွင်းရေးမှူး၊ တိပိဋက=နိကာယ စာအုပ်စာပေနှင့်မော်ကွန်းအဖွဲ့၊

အမှတ် ၁၂၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

http://www.dhammadownload.com

ဦးဆောင်ပဓါန နာယကဆရာတော်ကြီး

တိပိဋက = နိကာယဥပဋ္ဌာကသာသနာပြုအဖွဲ့



တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု

# မင်းကွန်းတိပိဋကဓရဆရာတော်ကြီး

http://www.dhammadownload.com



# မာတိကာ


သြဝါဒဓမ္မကထာပေါင်းချုပ်၏နိဒါနကထာ ... က

၁၃၂၈–ခုနှစ်

၁။ ဝမ်းတွင်းမြို့(၆)ကြိမ်မြောက် ဝိနယာနုဂ္ဂဟ ဓမ္မပူဇာ အခမ်းအနားဦ ချီးကျူးတင်သွင်းအပ်သော အနုဗလပ္ပဒါန အဘိတ္ထဝပတ္ထနာစာတမ်း ... ၁

၂။ ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်း၏ (၁၈)ကြိမ်မြောက် အဘိဓမ္မာ အခါတော်နေ့ အခမ်းအနားဖွင့် သမ္မောဒနီယ သြဝါဒကထာ ... ၅

၁၃၃၆–ခုနှစ်

၃။ ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်း၏ (၂၆)ကြိမ်မြောက် အဘိဓမ္မာ အခါတော်နေ့ အခမ်းအနားဖွင့် သမ္မောဒနီယ သြဝါဒကထာ ... ၁၁

၄။ ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်း၏ (၁၅)ကြိမ်မြောက် သြဝါဒါစရိယ ပူဇော်ပွဲအခမ်းအနားဦ မြွက်ကြားသော သြဝါဒကထာ ... ၁၈

၁၃၃၇–ခုနှစ်

၅။ ရန်ကုန်မြို့၊ နိကာယ်သာသနာတော် ထွန်းကားရေးအသင်းကြီး၏ နှစ်ပတ်လည် အစည်းအဝေးဦ ဝမ်းမြောက်ဖွယ်အားပေးစကား သမ္မောဒနီယ အနုပလပ္ပ ဒါနကထာ .... ၂၄

၆။ မင်းကွန်းတောင်ရိုး၊ ဓမ္မနာဒကျောင်းတိုက်ကြီးအတွင်းဦ ဟောကြားတော်မူအပ်သော ရဟန်းပြုခြင်း သြဝါဒကထာ ... ၂၆

၇။ ရန်ကုန်မြို့၊ ခြောက်ထပ်ကြီးဘုရားကြီးတိုက်ဦ ကျင်းပသော နိကာယ်ငါးရပ် စာလျှောက်မေးပွဲ အနုဗလပ္ပဒါန သြဝါဒကထာ .... ၄၂

၁၃၄၀ ပြည့်နှစ်

၈။ မန္တလေးမြို့၊ တိပိဋကရေဘွဲ့နှင့် မလွန်ဆန်လူအသင်းကြီး၏ ရေစက်ချ ဓမ္မကထိက (၂၅)နှစ်ပြည့် ငွေရတုပူဇာ မဟာဓမ္မသဘင် သြဝါဒကထာနှင့် ရေစက်ချစာတမ်း .... ၅၃

၉။ ရန်ကုန်မြို့၊ တိပိဋကရေဘွဲ့ရ (၂၅)နှစ်ပြည့် ငွေရတုသဘင် သြဝါဒကထာ ... ၆၆

http://www.dhammadownload.com




၁၃၄၂ ခုနှစ်

၁၀။ မန္တလေးမြို့၊ မဟာဘွဲ့နှင်းသဘင်၌ ရေးသားဖတ်ကြားအပ်သော အနုဗလပ္ပဒါန
သမ္ဘောဒနီယ သာရဏီယကထာစာတမ်း ... ၈၁

၁၁။ ရန်ကုန်မြို့၊ တိပိဋကဓရ ရွေးချယ်ပွဲ ဖွင့်ပွဲ၌ အားပေးစကား လျှောက်ထား
အပ်သော အနုဗလပ္ပဒါန သာရဏီယကထာ ... ၈၄

၁၃၄၃ ခုနှစ်

၁၂။ မင်းကွန်းတောင်ရိုး မိုးမိတ်စေတီတော်ကြီးများကုန်းမြေ တိ=နိ စာဖြေ
သံဃာတော်များအား မြွက်ကြားတော်မူသော သမ္ဘောဒနီယ သာရဏီယ
သြဝါဒကထာ ... ၈၇

၁၃။ ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်း၏ (၂၂)ကြိမ်မြောက် သြဝါဒါစရိယ
ပူဇော်ပွဲ သြဝါဒကထာ ... ၉၆

၁၄။ ရန်ကုန်မြို့၊ (၃၃)ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲ အနုဗလပ္ပဒါန
သာရဏီယကထာ ... ၁၀၄

၁၃၄၄ ခုနှစ်

၁၅။ ရန်ကုန်မြို့၊ တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲ ဘွဲ့နှင်းသဘင်နှင့် မဟာ
ဘွဲ့နှင်းသဘင် အနုဗလပ္ပဒါန သာရဏီယ သြဝါဒကထာ ... ၁၀၈

၁၆။ ရန်ကုန်မြို့၊ (၃၅)ကြိမ်မြောက် တိပိဋကဓရရွေးချယ်ရေး စာပြန်စာမေးပွဲ
နိတ္ထရဏတ္ထ သြဝါဒကထာ စာတမ်း ... ၁၁၂

၁၇။ ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်း၏ (၂၃)ကြိမ်မြောက် သြဝါဒါစရိယ
ပူဇော်ပွဲ အခမ်းအနား သြဝါဒကထာ ... ၁၁၅

၁၃၄၅ ခုနှစ်

၁၈။ ရန်ကုန်မြို့၊ (၃၅)ကြိမ်မြောက် တိပိဋကဓရ ချီးကျူးပူဇော်ပွဲ သမ္ဘောဒနီယ
သာရဏီယ သြဝါဒကထာစာတမ်း ... ၁၂၄

၁၉။ ရန်ကုန်မြို့၊ ပဲခူးမြို့မ သက်တော်ရှည်ဆရာတော်ဘုရားအား အဘိဓဇ
မဟာရဋ္ဌဂုရု ပြည်သူ့ဆရာ ပူဇာသဘင် အဘိဓဇမဟာရဋ္ဌဂုရု ဂုဏပူဇာ
၅–ဂါထာပါဠိအနက် ... ၁၂၇

၂၀။ ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်း၏ (၂၄)ကြိမ်မြောက် သြဝါဒါစရိယ
ပူဇော်ပွဲ အခမ်းအနား သြဝါဒကထာ ... ၁၃၁

၂၁။ ရန်ကုန်မြို့၊ (၃၆)ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲ
အခမ်းအနားဖွင့် သမ္ဘောဒနီယ သြဝါဒကထာ စာတမ်း ... ၁၃၉

http://www.dhammadownload.com



၂၂။ ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်း၏ (၁၇)ကြိမ်မြောက် အဘိဓမ္မာ စာလျှောက် စာမေးပွဲ၌ မိန့်ကြားတော်မူသော သမ္မောဒနီယ သာရဏီယ ကထာ ဓမ္မလက်ဆောင်ပဏ္ဏာစာတမ်း ... ၁၄၂

၁၃၄၆ ခုနှစ်

၂၃။ ရန်ကုန်မြို့၊ (၃၆)ကြိမ်မြောက် တိပိဋကဓရ ပူဇော်ပွဲသဘင် အခမ်းအနား သမ္မောဒနီယ ဩဝါဒကထာ စာတမ်း ... ၁၄၆

၂၄။ ရန်ကုန်မြို့၊ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ အပရဂေါယာန ကျောင်းဆောင်၌ နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်ကြီးများ၏ နာယက+ကထိက ဆရာတော်များ+မွမ်းမံအခြေခံ+ဆရာအဖြစ် သင်တန်းဆင်းပွဲနှင့် ဆွမ်းသိမ်းပွဲသို့ သန္နေသကထာ ... ၁၅၀

၁၃၄၇ ခုနှစ်

၂၅။ ရန်ကုန်မြို့၊ ဟံသာဝတီ သီလရှင်စာသင်တိုက် အထိမ်းအမှတ် စာစောင်သို့ ချီးမြှင့်တော်မူသော ဩဝါဒကထာ ... ၁၅၂

၂၆။ ရန်ကုန်မြို့၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့ချုပ် ငွေရတုစာစောင်သို့ ချီးမြှင့်တော်မူသော ဩဝါဒကထာ ... ၁၅၄

၁၃၄၈ ခုနှစ်

၂၇။ မင်းကွန်းတောင်ရိုး၊ မိုးမိတ်စေတီတော်ကြီးများကုန်းမြေ၊ တိပိဋက=နိကာယ နိကာယအလျာ စာသင်သံဃာတော်များအား မြွက်ကြားတော်မူသော ဝါဆိုဦး ဩဝါဒကထာ ... ၁၅၈

၂၈။ မင်းကွန်းတောင်ရိုး၊ မိုးမိတ်စေတီတော်ကြီးများကုန်းမြေ၊ တိပိဋက=နိကာယ နိကာယအလျာ သံဃာတော်များအား ချီးမြှင့်အပ်သော ဩဝါဒကထာ ... ၁၆၄

၂၉။ မင်းကွန်းတောင်ရိုး၊ ဓမ္မနာဒကျောင်းတိုက်၊ သံဃာတော်အရှင်မြတ်များအား ချီးမြှင့်တော်မူသော ဩဝါဒကထာ ... ၁၈၀

၁၃၅၀ ပြည့်နှစ်

၃၀။ မင်းကွန်းတောင်ရိုး၊ မိုးမိတ်စေတီတော်ကြီးများကုန်းမြေ၊ တိပိဋက=နိကာယ ကျောင်းတိုက် နိကာယအလျာ စာအောင်သံဃာတော်များအား ချီးမြှင့်အပ်သော ဩဝါဒကထာ ... ၁၈၆

၃၁။ မင်းကွန်းတောင်ရိုး၊ မိုးမိတ်စေတီတော်ကြီးများကုန်းမြေ၊ တိပိဋက=နိကာယ ကျောင်းတိုက် နိကာယ်ဆောင် အရှင်များအား ချီးမြှင့်တော်မူသော ဩဝါဒကထာ ... ၁၉၃

http://www.dhammadownload.com




၃၂။ မင်းကွန်းတောင်ရိုး၊ မိုးမိတ်စေတီတော်ကြီးများကုန်းမြေ၊ တိပိဋက=နိကာယ
ကျောင်းတိုက်၊ ဝါကျွတ်ချိန် အာစရိယပူဇာ ဓမ္မသဘင် ဩဝါဒကထာ ... ၁၉၇

၃၃။ မင်းကွန်းတောင်ရိုး၊ မိုးမိတ်စေတီတော်ကြီးများကုန်းမြေ၊ တိပိဋက=နိကာယ
ကျောင်းတိုက် နိကာယ်ဆောင် သံဃာတော်များအား မြွက်ကြားအပ်သော
ဩဝါဒကထာ ... ၂၀၉

၃၄။ မင်းကွန်းတောင်ရိုး၊ မိုးမိတ်စေတီတော်ကြီးများကုန်းမြေ၊ တိပိဋက=နိကာယ
ကျောင်းတိုက်၊ တိပိဋကရေအလျှာ သာသနာ့အာဇာနည်တို့အား ဟောကြား
အပ်သော အနုဗလပ္ပဒါန ဩဝါဒကထာ ... ၂၁၈

၃၅။ မင်းကွန်း၊ စိန်ရတု အမကကျောင်းအပ်နှင်းပွဲ ဩဝါဒကထာ ... ၂၂၃

၁၃၅၁ ခုနှစ်

၃၆။ မင်းကွန်းတောင်ရိုး၊ မိုးမိတ်စေတီတော်ကြီးများကုန်းမြေ၊ တိ=နိ ညီနောင်
များအား မိန့်ကြားအပ်သော အာစရိယပူဇော်ပွဲ ဩဝါဒကထာ ... ၂၃၂

၁၃၅၂ ခုနှစ်

၃၇။ တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲ၌ အောင်မြင်တော်မူကြသော နိကာယ်
ဆောင် သံဃာတော် အရှင်မြတ်တို့၏ ဓမ္မပူဇာအလှူ၌ ချီးမြှင့်အပ်သော
ဩဝါဒကထာ ... ၂၃၈

၁၃၅၃ ခုနှစ်

၃၈။ မင်းကွန်းတောင်ရိုး၊ မိုးမိတ်စေတီတော်ကြီးများကုန်းမြေ၊ တိပိဋက=နိကာယ
ကျောင်းတိုက်၊ စာချကျောင်းဆောင်ကြီး၌ ချီးမြှင့်တော်မူသော ဩဝါဒကထာ ... ၂၅၀

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးစောမောင်နှင့်အဖွဲ့သို့
ချီးမြှင့်တော်မူသော ဩဝါဒကထာများ

၃၉။ မင်းကွန်းတောင်ရိုး၊ ဓမ္မနာဒကျောင်းတိုက်၊ မဟာဗန္ဓုလဓမ္မာရုံတွင် နိုင်ငံတော်
ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးစောမောင်သို့
ချီးမြှင့်တော်မူသော ဘဒ္ဒေကရတ္တသုတ္တန်တရားတော် ... ၂၆၀

၄၀။ ရန်ကုန်မြို့၊ ကာကွယ်ရေးဝန်ကြီးဌာန ခန်းမဆောင်သစ်ကြီး၌ နိုင်ငံတော်
ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးစောမောင်နှင့်
အဖွဲ့ဝင်များအား ချီးမြှင့်တော်မူသော ဘောဇနသုတ္တန်တရားတော် ... ၂၆၅

၄၁။ ရန်ကုန်မြို့၊ တိပိဋကကျောင်းတော် အဘိဓဇကျောင်းဆောင်တွင် နိုင်ငံတော်
ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးစောမောင်အား
ချီးမြှင့်တော်မူသော မဇ္ဈိမပဋိပဒါတရားတော် ... ၂၇၀

http://www.dhammadownload.com



## မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ ဩဝါဒကထာပေါင်းချုပ် ဒုတိယအကြိမ်ပြန်လည်ထုတ်ဝေခြင်းအကြောင်း

# အမှာစာ

တိပိဋက=နိကာယ သာသနာပြုဉပဋ္ဌာက စာအုပ်စာပေနှင့်မော်ကွန်းအဖွဲ့ကို ၁၁.၆.၂၀၀၃ ခုနှစ်တွင် အသစ်တဖန် ပြန်လည်ဖွဲ့စည်းခဲ့ပါသည်။ စာအုပ်စာပေနှင့်မော်ကွန်းအဖွဲ့သည် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး၏ သာသနာပြုလုပ်ငန်းများ စဉ်ဆက်မပြတ် တိုးတက်ပြန့်ပွားစေရန် ရည်သန်၍ လုပ်ငန်း စဉ်များ ချမှတ်ကာ ဆောင်ရွက်ခဲ့ပါသည်။

ယင်းလုပ်ငန်းစဉ်များအနက် ဆရာတော်ဘုရားကြီး၏ ဩဝါဒကထာပေါင်းချုပ် ပြန်လည်ရိုက်နှိပ်ရန်လည်း ပါဝင်ခဲ့ပါသည်။ ဩဝါဒကထာပေါင်းချုပ်တွင် ဆရာတော်ကြီးသည် အသင်းအဖွဲ့အသီးသီးနှင့် ရဟန်းရှင်လူပရိသတ်တို့အား လုပ်ငန်းကိစ္စအခြေအနေများနှင့် လိုက်လျောညီထွေရှိမည့် ဆုံးမစကားများ မိန့်ကြားထားသည်ကို တွေ့ရှိရပါသည်။

ထိုဆုံးမစကားများသည် အနုဗလပ္ပဒါန ခေါ် အားပေးတိုက်တွန်းစကားများ၊ သမ္ပဟံသနီယခေါ် ဝမ်းမြောက်ဖွယ်စကားများ၊ သာရဏီယခေါ် မမေ့နိုင်ဖွယ်ရာစကားများ၊ သန္ဒေသကထာခေါ် သတင်းစကားများ စသည်တို့ ဖြစ်ပါသည်။ ထိုဆုံးမဩဝါဒများသည် ပိဋကတ်တော်များနှင့် ဆရာတော်ကြီး၏ ဘဝအတွေ့အကြုံများမှ ထုတ်နုတ်ကာ ဆုံးမထားသည့်အတွက် အလွန်တန်ဖိုးရှိသည့် ဩဝါဒကထာများသာ ဖြစ်ပါသည်။ ဤကျမ်းတွင် ဩဝါဒကထာပေါင်း လေးဆယ်ကျော်မျှပါဝင်ရာ အကျဉ်းချုပ်ကာ အနည်းငယ်မျှ တင်ပြပါမည်။

၁။ ဝိနယာနုဂ္ဂဟအသင်း၌ –

ဝိနည်းသည် ဗုဒ္ဓသာသနာတော်၏ အသက်မည်ပုံ၊ ဝိနည်းတည်မှ သာသနာတည်နိုင်ပုံ၊

၂။ ရန်ကုန်အဘိဓမ္မာပြန့်ပွားရေးအသင်း၌ –

သာသနာတော်သုံးရပ်၊ ပိဋကသုံးပုံအကြောင်း၊

၃။ ရန်ကုန်နိကာယ်သာသနာ ထွန်းကားရေးအသင်း၌ –

သာသနာတည်ဖို့ ပရိယတ္တိအခြေခံဖြစ်ပုံ၊ နိကာယ်သင်မှ ဘုရားနှင့် နေ့စဉ်တွေ့ရ၍ မစိုးရိမ်ဆရာတော်ကြီးသည် နိကာယ်သာသနာ ထူထောင်သွားပုံ၊ နိကာယ်ငါးရပ် မှတ်ဖွယ်၊

http://www.dhammadownload.com



၄။ တာဝန်သိသူမှာ တာဝန်ရှိသည့်အတွက် မင်းကွန်းဆရာတော်ကြီး တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုခဲ့ပုံ၊ အရင်းကြီးကြီးနဲ့ အမြတ်အစွန်းနည်းနည်းသာ လိုချင်ပုံ၊ တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲသမိုင်းကြောင်း၊

၅။ ဆရာတော်ကြီး ဆေးစားများပြီး အနာပေါက်လာ၍ ကုသရန် ဆရာဝန်ကြီးဦးသာလှနှင့် တွေ့ပုံ၊ "ရုပ်နာမ်ဓမ္မ၊ သင်္ခါရတို့၊ ကိုယ်ကဤပုံ၊ ဖြစ်လိုတုံလည်း" စသည်ဖြင့် ယပ်တောင်စာ ဖြစ်ပေါ်လာပုံ အကြောင်းများ၊

၆။ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးနှစ်ခု ပေါ်ထွက်ရေးဆောင်ရွက်ပုံ၊ မွမ်းမံအခြေခံနည်းပြသင်တန်းများ ဖွင့်လှစ်၍ ဘာသာရပ်ကြီးငါးမျိုးဖြင့် ပို့ချသွားမည့် အကြောင်းများ၊

၇။ တိပိဋကဓရ စာသင်သားများအား စာကျက်ပုံစာကျက်နည်း , ဖြေဆိုပုံဖြေဆိုနည်းများ , နည်းလမ်းညွှန်ပြဆုံးမပုံများအကြောင်း၊

၈။ မင်းကွန်းမိုးမိတ်ကုန်းမြေ ဘုရားပုထိုးစေတီများနှင့် ရုပ်ပွားဒေသအမည်များ၊ တိပိဋကနိကာယကျောင်းတိုက် စတင်ဖြစ်ပေါ်လာပုံနှင့် ဘုရားပွဲများအကြောင်း၊

၉။ ငွေစက္ကူ ပြဿနာ၊ ဆန်ပြဿနာ၊ အရေးအခင်း ကာလအတွင်း အခြေအနေများ၊ ပဥ္စာတာပ နှိပ်စက်ခံရတတ်ပုံ၊ လေငန်းရောဂါအခြေခံ ဝက်သားရှောင်သင့်ပုံ၊ လက်မှတ်ထိုးက ပီပီသသထိုးရန် ဆုံးမချက်များအကြောင်း။

၁၀။ မင်းကွန်းစိန်ရတု အ.မ.က ကျောင်းအပ်နှင်းပွဲ၊ စံချိန်မီကျေးလက်ကျန်းမာရေးဌာန၊ တိုက်နယ်ဆေးရုံတို့ ဖြစ်ပေါ်လာပုံ၊ နိုင်ငံတော်သို့ အပ်နှင်းပုံများအကြောင်း၊

၁၁။ သမ္မာဂီလေးပါး၊ သာသနာ့ပန္နက်သဲကမ္ဗဝါအကြောင်းစသည့် အကြောင်းအရာများ မျိုးစုံ ပါဝင်ပါသည်။


ထိုဩဝါဒတရားများသည် အလွန်တန်ဖိုးရှိရကား ကြားနာဖတ်ရှုသူများအဖို့ အလိုရှိရာ အကျိုးကျေးဇူးများ ပြီးပြည့်စုံနိုင်သည့် ဝေပုလ္လပတ္တမြား ရတနာသဖွယ် အမြဲမပြတ် ဆောင်ထားအပ်ပေသည်။

သို့အတွက် တိ=နိ စာအုပ်စာပေနှင့်မော်ကွန်းအဖွဲ့က ဤဩဝါဒကထာပေါင်းချုပ်ကျမ်းကို ဒုတိယအကြိမ် ပြန်လည်ရိုက်နှိပ်ရခြင်း ဖြစ်ပေသည်။

တိပိဋက=နိကာယ သာသနာပြုဉပဋ္ဌာက

စာအုပ်စာပေနှင့် မော်ကွန်းအဖွဲ့

http://www.dhammadownload.com



မင်းကွန်းဆရာတော်
ဗုဒ္ဓသာသနဝိသိဋ္ဌ တိပိဋကဓရ မဟာတိပိဋကကောဝိဒ
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆဋ္ဌသင်္ဂါယနာ ဝိသဇ္ဇက
အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက

http://www.dhammadownload.com



မင်းကွန်းဆရာတော်

ဗုဒ္ဓသာသနဝိသိဋ္ဌ တိပိဋကဓရ မဟာတိပိဋကကောဝိဒ

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆဋ္ဌသင်္ဂါယနာ ဝိသဇ္ဇက

အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက

## အရှင်ဝိစိတ္တသာရာဘိဝံသ

<u>မင်းကွန်းတိပိဋကဓရ ဓမ္မလက်ဆောင်</u>

ဒကာ+ဒကာမအပေါင်းသူတော်ကောင်းတို့...

(၁) မမေ့မလျော့ကြနဲ့။

(၂) ဦးမှာ သေခြင်းတရားရဲ့အချိန်အချက် မရှိကြဘူး။

(၃) မိမိတို့ သောက်ရွတ်ရမဲ့ ဓမ္မကိစ္စများကို ရှေ့ရက်ချွဲမထားပဲ ခုကပဲ ကြိုးစားကြပါ။

ဦးဝိ——သ

http://www.dhammadownload.com



# ဩဝါဒကထာပေါင်းချုပ်ကျမ်း၏ နိဒါနကထာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## လိုတရ–ဝေပုလ္လ ပတ္တမြားရတနာအကြောင်း

သက္ကရာဇ် ၁၃၅၃–ခု၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်နေ့တွင် မင်းကွန်းတိပိဋကရေ ဆရာတော်ဘုရားကြီး သက်တော်ရှစ်ဆယ်တိတိ ပြည့်တော့မည် ဖြစ်သည်။ ယင်းနေ့တွင် ဆရာတော်ဘုရားကြီးအား ပတ္တမြားရတုသဘင် ဆင်ယင်၍ ပူဇော်နိုင်ရန် တိပိဋက=နိကာယ ဥပဋ္ဌာကပင်မအဖွဲ့ကြီးက ဆုံးဖြတ်ချက်ချထားသည်။ ယင်းပတ္တမြားရတုပွဲ၌ ဆရာတော်ဘုရားကြီး မိန့်ကြားတော်မူခဲ့သမျှသော ဩဝါဒကထာများကို စုပေါင်းရိုက်နှိပ် ထုတ်ဝေဂုဏ်ပြုရန်လည်း စီစဉ် ဆုံးဖြတ်ထားပေသည်။ ယင်းပတ္တမြားရတုပွဲ၌ ဂုဏ်ပြု၍ ထုတ်ဝေမည့် ဩဝါဒကထာပေါင်းချုပ်ကျမ်းကြီးသည် ဝေပုလ္လပတ္တမြားရတနာကြီးနှင့် တူလှသောကြောင့် နိဒါန်းတွင် ဝေပုလ္လပတ္တမြား ရတနာကြီးအကြောင်းကို ပြည့်စုံရုံမျှ အကျဉ်းချုပ် ရေးသားတင်ပြလိုပါသည်။

## ပစ္စေကဗုဒ္ဓါ ဆုပေးဂါထာ

ကုသိုလ်ကောင်းမှု ပြုလုပ်ပြီး ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ထံ၌ ဆုတောင်းသောအခါ အောက်တွင်ဖော်ပြသည့် ပါဠိဂါထာနှစ်ပုဒ်ဖြင့် ဆုပေးလေ့ရှိတော်မူကြသည်။ ယင်းမှာ –

၁။ ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ သဗ္ဗမေဝ သမိဇ္ဈတု။
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ စန္ဒော ပန္နရသောယထာ၊

၂။ ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ သဗ္ဗမေဝ သမိဇ္ဈတု။
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ မဏိဇောတိရသော ယထာ – ဟူ၍ ဖြစ်သည်။

အဓိပ္ပာယ်မှာ –

၁။ သင်အလိုရှိသမျှ တောင့်တသမျှအားလုံးတို့သည် ပြည့်စုံပါစေကုန်သတည်း။ အကြံအစည်အားလုံးစုံတို့သည် လဆန်းတစ်ဆယ့်ငါးရက်နေ့၌ ထွက်ပေါ်လာသော လပြည့်ဝန်းကြီးကဲ့သို့ ပြည့်စုံပါစေကုန်သတည်း။

၂။ သင်အလိုရှိသမျှ တောင့်တသမျှအားလုံးတို့သည် ပြည့်စုံပါစေကုန်သတည်း။ အကြံအစည်အားလုံးစုံတို့သည် ဇောတိရသ ပတ္တမြားကဲ့သို့ ပြည့်စုံပါစေကုန်သတည်း။

ဟူ၍ ဆိုလိုပေသည်။ ဤတွင် လဆန်း တစ်ဆယ့်ငါးရက်နေ့၌ ထွက်ပေါ်လာသော လပြည့်ဝန်းကြီးသည် အချိုင့်အပိန်မရှိဘဲ ပြည့်ပြည့်ဝဝ ဝိုင်းဝိုင်းစက်စက် ရှိသကဲ့သို့ အလိုရှိသမျှ တောင့်တသမျှ အကြံအစည်ဟူသမျှသည်လည်း လိုနေဟာနေခြင်းမရှိဘဲ ပြည့်ဝပါစေဟူ၍ ပဌမ ဂါထာမှာဆိုလိုသည်။ ဇောတိရသ

http://www.dhammadownload.com



ခေါ် ပတ္တမြားရတနာသည်လည်း အလိုရှိသမျှကို ပေးနိုင်သကဲ့သို့ သင်အလို ရှိသမျှ တောင့်တသမျှ ကြံစည်သမျှ ရနိုင်ပါစေဟူ၍ ဒုတိယဂါထာမှာ ဆိုလိုပေသည်။

(ဓမ္မ ဋ္ဌ ၁၊ နှာ ၁၂၇)

ဤတွင် ပြဆိုခဲ့သော ဒုတိယ ပစ္စေကဗုဒ္ဓါ ဆုပေးဂါထာမှာ လာရှိသည့် ဇောတိရသ ပတ္တမြား ရတနာကြီးသည် သဗ္ဗကာမဒဒ ခေါ် အလိုရှိသမျှ ပေးနိုင်သည်ဟုဆိုခြင်းမှာ "လိုတရပတ္တမြား" ဟူ၍ ဆိုလိုခြင်း ဖြစ်ပေသည်။

ယင်းသို့ လိုတရ၍ တန်ခိုးကြီးလှသော ပတ္တမြားရတနာကြီးမှာ လှည်းဘီး၏ အလည်ချက် ပုံတောင်းခန့် အတိုင်းအတာရှိသည်ဟူ၍ အဆိုရှိပေသည်။

ယင်းပတ္တမြားရတနာကြီး၏ ထိပ်ဝနှစ်ဘက်တို့၌ ပဒုမာကြာပွင့်သဏ္ဌာန် အရေးအကြောင်း နှစ်ဘက်လုံးတွင် အုပ်၍ထားပေသည်။ အတွင်းရှိ ပတ္တမြားကြီး၏ အသားအားကိုကား ပတ္တမြား ဆံကြိုး အဖိုးပြည်တန်ဟု ရှေးစကားအတိုင်း ဆံပင်မျှလောက်ရှိသော ကြိုးမျှင်ငယ်ပေါင်း (၁၆၆) ချောင်း ပါဝင်၍ တန်ဆာဆင်ယင်ထားပေသည်။

## ယှက်သွယ်ကြိုးစွဲ တင့်တယ်ပုံ

| | | |
|---|---|---|
| ဖြူဖွေးသောကြိုး | ... | ဆယ်ချောင်း |
| ပြာသောကြိုး | ... | ဆယ်ချောင်း |
| အပြာ အဝါရောသောကြောင်ကြိုး | ... | နှစ်ဆယ့်တစ်ချောင်း |
| အဝါနရောင်ကြိုး | ... | တစ်ဆယ့်လေးချောင်း |
| ရွှေရောင်ကြိုး | ... | နှစ်ဆယ်ချောင်း |
| ငွေရောင်ကြိုး | ... | နှစ်ဆယ်ချောင်း |
| နီဖြူ ပိုးဖလံရောင်ကြိုး | ... | သုံးဆယ်ချောင်း |
| အနက်ရောင်ကြိုး | ... | တစ်ဆယ့်ခြောက်ချောင်း |
| နီမောင်းသောကြိုး | ... | နှစ်ဆယ့်ငါးချောင်း |
| ကြိုးပေါင်း | ... | တစ်ရာခြောက်ဆယ့်ခြောက်ချောင်း |

ဟူ၍ ကြိုးပေါင်း တစ်ရာခြောက်ဆယ့်ခြောက်ချောင်းတို့ ထင်ရှားပြတ်သားစွာ လှပဆန်းကြယ် ချယ်လှယ်၍ ထားပေသည်။

အထက်တွင် ရေးသားဖော်ပြထားသည့် ပတ္တမြားလုံးကြီးသည် အထက်အောက် ထိပ်နှစ်ဘက်မှ ဖုံးအုပ်၍ထားသော ရွှေပဒုမာကြာပွင့်ကြီးများ၏ အချက်များမှ ဖြူဖွေးသော ပုလဲခိုင်တို့နှင့် ဆက်သွယ်၍ ပတ္တမြားငယ်ပေါင်း ရှစ်သောင်းလေးထောင်တို့ဖြင့် ခြံရံ၍ ထားသည်မှာ ကြယ်တာရာ အပေါင်းဖြင့် ခြံရံထွန်းပနေသော လပြည့်ဝန်းကြီးတမျှ ဆန်းကြယ်သာယာ တင့်တယ်လှပေသည်။

http://www.dhammadownload.com



အတောင်ခြောက်ဆယ်မြင့်သော တိုင်ထိပ်၌ထားလျှင် ပတ္တမြားမှ ထွက်သော အရောင်အလင်းဖြင့် ညဥ့်မိုက်အမှောင်အတွင်းမှာ နေ့ကဲ့သို့ ထွန်းလင်းတောက်ပနေသောကြောင့် နေ့ခင်းမှာသာ လုပ်ဆောင်နိုင်သည့် လုပ်ငန်းဆောင်တာများကို ညဥ့်နက်အခါမှာပင် လုပ်ဆောင်နိုင်ပေသည်။

ယင်းသို့ အဘက်ဘက်မှ ပြည့်စုံလှသောကြောင့် ယင်းမဏိဇောတိရသ ပတ္တမြားကြီးကို စကြဝတေး မန္ဓတ်မင်းများ စသော ဘုန်းကံရှင်များသာလျှင် ပိုင်ဆိုင်သုံးဆောင် ခံစားနိုင်ပေသည်။ ယင်းပတ္တမြားပိုင်ရှင်၏ စိတ်အလိုဆန္ဒရှိသမျှကို ပြည့်ဝစေနိုင်သည်။ ယင်းပတ္တမြားရတနာကြီးတွင် လူယောက်ျား မိန်းမ တိရစ္ဆာန်သားငှက်များ မြို့ရွာမြင့်မိုရ်တောင်နှင့် တောင်စဉ်ခုနစ်ထပ် သီတာခုနစ်တန် တောတောင်များ လူ့ပြည် နတ်ပြည် ဘုံဗိမာန် ဥယျာဉ်စသည့် သာယာဆန်းကြယ် ရှုချင့်ဖွယ်ရာ အဖြာဖြာကို ရှုမြင်တွေ့ရှိနိုင်ပေသည်။ အလွန်လှပတင့်တယ် ရှုချင်ဖွယ်ကောင်းလှပေသည်။

## ဇောတိရသပတ္တမြား၏တည်နေရာ

ဖော်ပြခဲ့သည့် လိုတရ ဇောတိရသ ဝေပုလ္လပတ္တမြားကြီးသည် စကြဝတေးမင်းကြီးများ၏ ရတနာ ခုနစ်ပါးတွင် မဏိရတနာအဖြစ် တစ်ပါးအပါအဝင် ဖြစ်သည်။ ယင်းရတနာခုနစ်ပါး ဟူသည်မှာ–

၁။ မိဖုရားကြီး ရတနာ

၂။ သားကြီး ရတနာ

၃။ သေဌေးကြီး ရတနာ

၄။ ဆင် ရတနာ

၅။ မြင်း ရတနာ

၆။ ပတ္တမြား ရတနာ

၇။ စကြာယာဉ်ပျံ ရတနာ

ဟူ၍ ရတနာခုနစ်ပါး ဖြစ်ပေသည်။ ယင်းတို့တွင် နံပါတ် ၆ ၌ ပါဝင်သည့် ပတ္တမြားရတနာပင် ဖြစ်ချေ သည်။

ယင်း ပတ္တမြားရတနာကြီးသည် စကြဝတေမင်းများကဲ့သို့သော ဘုန်းရှင်ကံရှင်များ သက်တော် ထင်ရှား ရှိစဉ်အခါမှာ ဘုန်းကံရှင်များ၏ အသုံးအဆောင်အဖြစ် အနီးမှာ အမြဲရှိနေသော်လည်း ဘုန်းကံ ရှင်များ အသက်ထင်ရှား မရှိသောအခါ ခုနစ်ရက်မျှသာ ထင်ရှားရှိနေ၍ ပျောက်ကွယ်သွားကာ ရာဇဂြိုဟ် ပြည်အနီး ဝေပုလ္လတောင်ထွဋ် အတွင်းသို့ဝင်၍ တည်နေသည်။ ကုမ္ဘဏ်တစ်ထောင် စောင့်ရှောက်ထား လေသည်။ အခြားသာမန်လူတို့ ယူငင်ရန် မလွယ်ကူချေ။

ဝိဓုရဇာတ်တော်၌ ပုဏ္ဏက နတ်စစ်သူကြီးသည် ကောရဗျမင်းကြီးနှင့် အလောင်းအစားလုပ်၍ ကြွေအံကစားရန်အတွက် ယင်းပတ္တမြားကြီးကို ဝေပုလ္လတောင်မှ ကုမ္ဘဏ်များကို နှင်ထုတ်ပြီး ယူဆောင် ခဲ့သည်ဟူ၍ ရေးသားထားပေသည်။

http://www.dhammadownload.com



# ဩဝါဒကထာပေါင်းချုပ် နိဒါနကထာ

## လိုတရပတ္တမြားကြီး၏အမည်များ

ဖော်ပြခဲ့သည့် ပတ္တမြားရတနာကြီးသည် စကြဝဠာကမ္ဘာလောကဌ် အလွန်ထင်ရှားလှသိများ လှသောကြောင့် ချစ်စနိုးဖြင့် နာမည်များကို အမျိုးမျိုးပေး၍ ခေါ်ဝေါ်ပြောဆိုခဲ့ကြသည်။

ယင်းအမည်များအနက်မှ လက်လှမ်းမီသမျှ အမည်များကို ဖော်ပြရမည်ဆိုလျှင် ... (၁) ဇောတိရသမဏိ=အရည်အသွေးတောက်ပသော ပတ္တမြား၊ (၂) ဝေပုလ္လပတ္တမြား=ဝေပုလ္လတောင်မှာ အရှိများသောကြောင့် ဝေပုလ္လပတ္တမြား၊ ဝေပူပတ္တမြား၊ (၃) ရာဇဂြိုဟ်ပြည်၊ ဝေဠုရရွာ၏ အနီးမှာ ဖြစ်ပေါ်သောကြောင့် ဝေဠုရိယပတ္တမြား၊ (၄) ဝါးနုရောင်အနည်းငယ် စိမ်းသောကြောင့် ဝံသဝဏ္ဏမဏိ=ဝင်သဝဏ် ပတ္တမြား၊ (၅) ကြောင်၏မျက်စိအဝန်းနှင့်တူသောကြောင့် မဇ္ဇာရက္ခိဝဏ္ဏမဏိ= ကြောင်မျက်လုံးပတ္တမြား၊ ကြောင်ကျောက်၊ ကြောင်မျက်ရွဲ၊ (၆) ဝါးနုကဲ့သို့ အစိမ်းရောင်နှင့် ကုက္ကိုပွင့်ကဲ့သို့ အနီ အဖြူ ရောသော ကြောင်သော အဆင်းရှိသောကြောင့် ကြောင်ကျောက်၊ (၇) စိတ်ဖြင့် ကြံစည်သမျှသော ဥစ္စာပစ္စည်းများကို ယူဆောင်ရရှိစေနိုင်သောကြောင့် မနောဟရမဏိ=လိုတရပတ္တမြားဟူ၍လည်းကောင်း အမည်များကို ရရှိသည့် ပတ္တမြား ဖြစ်ပေသည်။

ဤမျှ ဖော်ပြလျှင် လိုတရ ဝေပူပတ္တမြားအကြောင်းကို စာရှုသူတို့ အသင့်အတင့် ပြည့်စုံစွာ သိလောက်ပြီဟူ၍ ထင်မြင်ပါသည်။ ယင်းကို တိပိဋက ပါဠိပဒကျမ်းညွှန်း ဒုတိယတွဲ၊ စာမျက်နှာ (ဈ-ည) လာများကို ကြည့်ရှု၍ မှီးငြမ်းပြု ရေးသားဖော်ပြပါသည်။ ထို့ထက်ပိုမို၍ သိရှိလိုသူ သုတေသီများ ဆိုင်ရာအညွှန်းကို ရှာ၍လေ့လာရန် တိုက်တွန်းလိုပါသည်။

## လိုတရပတ္တမြားနှင့် ဩဝါဒကထာပေါင်းချုပ်ကျမ်း

စာရှုသူ ပညာရှင် သူတော်စင်များခင်ဗျား ... ကျွန်တော်သည် အထက်တွင် ဤစာရှုသူတို့ လက်ထဲသို့ ရောက်ရှိနေပြီဖြစ်သော အဘိဓဇမဟာရဋ္ဌဂုရု တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး၏ ဩဝါဒကထာ ပေါင်းချုပ်ကျမ်းကြီးကို လိုတရ ဝေပူပတ္တမြား ရတနာကြီးနှင့်တူသည် ဟူ၍လည်းကောင်း၊ လိုတရပတ္တမြားရတနာကြီး အကြောင်းအရာများကို လည်းကောင်း ရေးသားဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

စာရှုသူ ပညာရှင် သူတော်စင်များခင်ဗျား ... ဤနေရာတွင် ဥပမာနဖြစ်သော လိုတရ ဝေပူပတ္တမြားကြီးနှင့် ဥပမေယျဖြစ်သော အဘိဓဇမဟာရဋ္ဌဂုရု တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး၏ ဩဝါဒကထာ ပေါင်းချုပ်ကျမ်းကြီး မည်သို့မည်ပုံ တူညီကြသည်ကို နှိုင်းခိုင်းဖော်ပြရန် လိုလာပြီ ဖြစ်ပါသည်။ နိဒါန်းသမား ဟာဝါးများသည်ဟူ၍ အပြစ်မတင်ဘဲ အနည်းငယ်မျှ သည်းခံ၍ ဆက်လက်ဖတ်ရှုကြပါရန် ကျွန်တော် မေတ္တာစကား ရှေးဦးထား၍ ဆက်လက်ရေးသားပါရစေ။

http://www.dhammadownload.com



## ဝေဘူပတ္တမြားနှင့် ဩဝါဒကထာပေါင်းချုပ်
## ဥပမာ (၅) မျိုး

စာရှုသူ ပညာရှင် သူတော်စင်များခင်ဗျား ... ကျွန်တော်သည် လိုတရ ဝေဘူပတ္တမြား အကြောင်းကို ရေးသားဖော်ပြခဲ့ပါပြီ။ ယခု စာရှုသူ ပညာရှင် သူတော်စင်တို့၏ လက်ဝယ်ရောက် ရှိနေသည့် ဖတ်ရှုတော့မည်ဆဲဆဲ ဩဝါဒကထာပေါင်းချုပ် ကျမ်းကြီးကိုလည်း လိုတရ ဝေဘူပတ္တမြားကြီးနှင့် တူကြောင်း ဤနိဒါနကထာ၏အစမှာ ဖော်ပြခဲ့မိပါသည်။

ယင်းသို့ဆိုလျှင် ဤ ဩဝါဒကထာ ပေါင်းချုပ်ကျမ်းကြီးနှင့် လိုတရ ဝေဘူပတ္တမြားကြီး မည်သို့မည်နှယ် တူညီကြောင်းကို ရှင်းလင်းရေးသားဖော်ပြရန် နိဒါန်းရေးသူ ကျွန်တော့်မှာ တာဝန်ရှိနေပြီဖြစ်ပါသည်။ ထို့ကြောင့် အနည်းအကျဉ်းမျှ ရှင်းလင်းရေးပြပါရစေ ....။

(က) လိုတရ ဝေဘူပတ္တမြားဟူသည်မှာ မင်းကောင်းမင်းမြတ်များလက်ထက် ခေတ်ကောင်းကာလကောင်းမျိုးတွင်မှ ထင်ထင်ရှားရှား ပေါ်ထွက်လာတတ်သည့် ပတ္တမြားရတနာကြီး ဖြစ်ပါသည်။ ဤအတူပင်လျှင် ဤဩဝါဒကထာပေါင်းချုပ် ကျမ်းမျိုးသည်လည်း ဗုဒ္ဓသာသနာထွန်းပရာ ခေတ်ကောင်း ကာလကောင်းတွင်မှ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် စာတတ် ပေတတ်များပြုစုမှ ပေါ်ထွက်နိုင်သော ကျမ်းထူးကျမ်းမြတ်များ ဖြစ်ပါသည်။

(ခ) လိုတရ ဝေဘူပတ္တမြားကို စကြဝတေး မန္ဓာတ်မင်းစသော ဘုန်းရှင်ကံရှင် ဩဝါဒကထာပေါင်းချုပ်ကျမ်းကြီးသည်လည်း ပါရမီကံ ရင့်သန်ကြီးမားသူ သာသနမာမက + သာသနဂဝေသီ= ဗုဒ္ဓသာသနာကို နှစ်သက်မြတ်နိုးသူ+ဗုဒ္ဓသာသနာကို လေ့လာရှာဖွေသူ ပုဂ္ဂိုလ်ထူး, ပုဂ္ဂိုလ်မြတ်တို့သည်သာ လက်ဆုပ်လက်ကိုင် ပိုင်ဆိုင်ရရှိသုံးဆောင် ခံစားနိုင်ကြပေသည်။

(ဂ) လိုတရ ဝေဘူပတ္တမြားကြီးသည် ပတ္တမြားပိုင်ရှင်များ၏ လိုအင်ဆန္ဒရှိသမျှ လောကီပစ္စည်းအသုံးအဆောင်များကို လိုလားသမျှ ရရှိနိုင်စေသည်။ ဤအတူပင် ဤဩဝါဒကထာများပေါင်းချုပ်ကျမ်းကြီးသည်လည်း ဤကျမ်းကို ပိုင်ဆိုင်ရရှိထားသူများသည် ဤဩဝါဒကထာများ၌ ရေးသားဖော်ပြ၍ထားသော လောကီ လောကုတ္တရာ အသိပညာ၊ အတတ်ပညာ၊ အကျင့်ပညာများစွာကို ဖတ်ရှုတတ်သိနားလည်နိုင်ကြပေသည်။ လေ့လာဖတ်ရှု ကျင့်သုံးကြလျှင်လည်း လောကီ လောကုတ္တရာ အကျိုးတရားများစွာကို ရရှိခံစားနိုင်ကြမည် ဖြစ်ပေသည်။

(ဃ) လိုတရ ဝေဘူပတ္တမြား၌ အပြစ်အနာမရှိဘဲ တောက်ပချောမွေ့၍ တင့်တယ်လှပသည်။ ဤအတူပင် ဤဩဝါဒကထာပေါင်းချုပ်ကျမ်းကြီးမှာလည်း ... "ဗုဒ္ဓသာသနဝိသိဋ္ဌ တိပိဋကဓရ ဗုဒ္ဓသာသန မဟာတိပိဋက ကောဝိဒ"ဟူသော အမြင့်ဆုံး တိပိဋကဓရ ဘွဲ့တံဆိပ်တော်နှင့် "ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက" ဘွဲ့တံဆိပ်တော်ရ ပုဂ္ဂိုလ်မြတ်ကြီးက ချီးမြှင့်ပေးသနားတော်မူသော ဩဝါဒကထာများ ဖြစ်သောကြောင့် ပြောဖွယ်ရာ အပြစ်အနာမရှိဘဲ

http://www.dhammadownload.com



အလွန်တရာ ပြောင်မြောက်တောက်ပ တင့်တယ်လှပါပေသည်။

(င) လိုတရ ဝေဘူပတ္တမြားကြီးမှာ အရောင်မျိုးစုံ ဆံကြိုးပေါင်း (၁၆၆)ချောင်းစသည့် ရှုကြည့်ချင်ဖွယ်ရာ အမှတ်အသားများ ပါရှိကာ လွန်စွာတင့်တယ်လှပ ကျက်သရေ ရှိလှသည်။ ဤအတူပင် ဤဩဝါဒကထာ ပေါင်းချုပ်ကျမ်းကြီးမှာလည်း မှတ်သားလိုက်နာချင်ဖွယ်ရာ အရှင်ဥပါလိ ကိုယ်တော်မြတ်၏ ဝိနယဓရဇတဒဂ်ဘွဲ့ ရခဲ့သည့်နည်းစသော နည်းပေါင်းများစွာဖြင့် လွန်စွာလွန်စွာ တင့်တယ်ကောင်းမြတ်လှပါသည်။

ဤသို့လျှင် ထင်ရှားသိသာလှသော အကြောင်းအရာ ငါးချက်တို့ဖြင့် လိုတရဝေဘူပတ္တမြားကြီးနှင့် ဤဩဝါဒကထာပေါင်းချုပ်ကျမ်းကြီး တူညီကြောင်းကို ထောက်ထား၍ ဤနိဒါန်းအစတွင် လိုတရဝေဘူပတ္တမြားကြီးနှင့် ဤဩဝါဒကထာ ပေါင်းချုပ်ကျမ်း ဥပမာန ဖော်ပြခဲ့ပါသည်။

ယင်းသို့ ရေးသားရုံမျှဖြင့် စာရေးသူ၏ တာဝန်ကျေပြွန်ပြီဟူ၍ မဆိုနိုင်ပါ။ ဆို၍လည်း မသင့်လျော်ပါ။ လိုတရ ဝေဘူပတ္တမြားကြီးရှိ ဖော်ပြခဲ့သည့် ဥပမာငါးမျိုးရှိရာတွင် မည်သည့် အရည်အသွေးဥပမာနှင့် ဩဝါဒကထာပေါင်းချုပ်ကျမ်းရှိ မည်သည့်အကြောင်းအရာ အရည်အသွေးက မည်သို့မည်နှယ်တူညီပါသည်ဟူ၍ ထင်ထင်ရှားရှား ရေးသားရန် လိုအပ်ပါသည်။ ရေးသားဖော်ပြနိုင်မှသာလျှင် နိဒါန်းဆရာ တာဝန်ကျေပြွန်ပေပြီဟူ၍ ဆိုနိုင်ပါသည်။ ဆို၍လည်း သင့်လျော်မည် ဖြစ်ပါသည်။ ထို့ကြောင့် ... ဤနေရာမှစ၍ ယင်းတာဝန်ကို ကျေပြွန်အောင် ထမ်းဆောင်ပါတော့မည်။

ကေဒေသူပစာ ဥပမာ

စာရှုသူ ပညာရှင် သူတော်စင်များခင်ဗျား ... ကျွန်တော်သည် ဤဩဝါဒကထာပေါင်းချုပ်ကျမ်းကြီးကို လိုတရပတ္တမြားကြီးနှင့် တူကြောင်း ဝေဘူပတ္တမြားကြီးကို ဥပမာ အရာမှာထား၍ ဩဝါဒကထာပေါင်းချုပ်ကျမ်းကြီးကို ဥပမေယျ အနိုင်းခံအရာမှာထားပြီး ဥပမာခေါ် တူညီပုံ အကြောင်းအချက်ငါးမျိုးကို ထုတ်ဖော်ရေးသား ပြဆိုခဲ့ပါပြီ။

ယင်း ဥပမာငါးမျိုးရှိရာတွင် တစ်မျိုးစီ တစ်မျိုးစီသော ဥပမာများ ဤဩဝါဒကထာ ပေါင်းချုပ်ကျမ်းကြီးရှိ မည်သည့် ဩဝါဒကထာမှ မည်သည့် ရေးသားချက်မှာ ပါရှိနေကြောင်း ရှင်လင်းတင်ပြရလျှင် ဩဝါဒကထာ အမျိုးပေါင်းမှာ မြန်မာသက္ကရာဇ် ၁၃၂၈ ခုနှစ်မှ ၁၃၅၃ ခုနှစ်ထိ၊ နှစ်ပေါင်း ၂၅ နှစ်အတွင်း ၄၁ ပုဒ်မျှ များပြားလှပါလေသည်။

ယင်း ၄၁ ပုဒ်ဟူသော ဩဝါဒကထာများမှာ ပုဂ္ဂိုလ်သာမန်က သာမန်ပွဲလမ်းမှ သာမန် ပုဂ္ဂိုလ်များကို ပြောဟောသည် မဟုတ်ဘဲ၊ ဗုဒ္ဓသာသနာဝိသိဋ္ဌ တိပိဋကဓရ မဟာတိပိဋက ကောဝိဒဘွဲ့နှင့် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့ထူးတို့ကို ဆွတ်ခူးရရှိထားသူ ပုဂ္ဂိုလ်တတ် ပုဂ္ဂိုလ်မြတ်ကြီး တစ်ဆူဖြစ်တော်မူသော အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ဆရာတော်ကြီးက ထိပ်ထိပ်ကြဲ ပွဲကြီးလမ်းကြီးများတွင် ထိပ်သီးပုဂ္ဂိုလ်ကြီးများအား မိန့်ဟသည့် ဩဝါဒကထာများကို စုပေါင်း၍ ပုံနှိပ်ထား

http://www.dhammadownload.com



သည့် ကျမ်းကြီးတစ်ဆူဖြစ်ပေရာ ကောင်းမွန်လေးနက်၍ ကျယ်ဝန်းများပြားလှပေသည်။ စာမျက်နှာပေါင်း ၂၇၆ မျှ ရှိပေသည်။

ယင်းကျမ်းကြီး၏ လိုတရ ဝေဘူပတ္တမြားကြီးနှင့်တူပုံ ငါးမျိုးကို အကုန်အစင် မကျန်မကြွင်း ရှင်းလင်းဖော်ပြရမည်ဆိုပါလျှင် ဤနိဒါန်းကြီးသည် မူရင်းဩဝါဒကထာကျမ်းထက်ပင် လွန်မင်းစွာ များပြားကြီးမားသွားလိမ့်မည် ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာစာပေ ပါဠိစာပေနယ်ပယ်တွင် အစဉ် သုံးစွဲလေ့ရှိသည့် ဧကဒေသူပစာနည်းကို အသုံးပြုရေးသားရလျှင် သင့်လျော်နိုင်၍ ပိုင်ပိုင်ကြီး သိသာ နိုင်လိမ့်မည်ဟု ထင်ပါသည်။ ဧကဒေသူပစာဟူသည်မှာ အလုံးစုံကို စမ်းသပ်ကြည့်ဖွယ် မလိုဘဲ တစ်စိတ် တစ်ပိုင်းမျှကို စမ်းသပ်ကြည့်လိုက်ရုံမျှ အကုန်လုံး ဤအတူပင် ဖြစ်သည်ဟူ၍ သိနိုင်သကဲ့သို့သော နည်းမျိုး ဖြစ်ပါသည်။ ဥပမာပုံစံမျှ ထုတ်၍ပြရလျှင် ပင်လယ်ရေကို တစ်နေရာမှ လျက်ကြည့်လိုက်ရုံမျှဖြင့် ပင်လယ်ရေအားလုံးသည် ငန်သည်ဟူ၍ သိနိုင်သကဲ့သို့ ဖြစ်ပါသည်။

ဤ ဧကဒေသူပစာနည်းကို အသုံးပြုလျက် ဤကျမ်းကြီး၌ ပါရှိသော ၇ နံပါတ် တိပိဋက စာဖြေ သံဃာတော်များအား မိန့်ကြားတော်မူသည့် ဩဝါဒကထာ၏ ဥပမာ ငါးမျိုးထဲမှ ၃ နံပါတ်ကို လိုတရ ပတ္တမြားကြီးနှင့်တူပုံနှင့် ယှဉ်တွဲဝေဖန်၍ ဖော်ပြပါမည်။

## တိပိဋကဓရ ဖြစ်ရန်နည်း

ဤတိပိဋကဓရ ဖြစ်ရန်နည်းကို ဆရာတော်သည် တိပိဋကဓရ စာမေးပွဲကို ဖြေဆိုကြမည့် စာသင် သား ရဟန်းတော်များအား မိန့်ကြားတော်မူသည့် ဩဝါဒကထာ၌ အဓိကထား၍ မိန့်ကြားတော်မူသည်။

ဆရာတော်ကိုယ်တော်တိုင်ကလည်း "တပည့်တော် ဤနည်းကို အသုံးပြုပြီး တိပိဋကဓရ ဖြစ်လာခဲ့ ပါသည်"ဟု ဖွင့်ဟ မိန့်ကြားတော်မူခြင်း မရှိသော်လည်း ဤနည်းကို အသုံးချ၍ အောင်ပွဲ ရသည်ဟူ၍ ယူဆရပေသည်။

ဖွင့်ဟမိန့်ကြားတော်မမူခြင်းမှာ မိမိကိုယ်တိုင်သုံးခဲ့ခြင်းဟု ညွှန်းဆိုသည်ထက် ခိုင်လုံသော ဝိနည်း အရာမှာ အသာဆုံး အမြတ်ဆုံး ဧတဒဂ်ရ အရှင်ဥပါလိရဟန္တာ အရှင်မြတ်ကြီးကို ပုံစံထုတ် သက်သေ လုပ်၍ ပြဆိုပြီးဖြစ်သောကြောင့် မိမိကိုယ်ကို မညွှန်းဆိုခြင်း ဖြစ်လိမ့်မည်ဟူ၍ ယူဆရပေသည်။

ဆရာတော်၏ ဩဝါဒကထာထဲ၌ ဝိနည်းဧတဒဂ်ဘွဲ့ထူးကို ဆွတ်ခူးရရှိတော်မူသော အရှင်ဥပါလိ မထေရ်မြတ်ကြီးက ...

ဝိနယော အာသယော မယှံ၊
ဝိနယော ဌာနစင်္ကမော။
ကပ္ပေမိ ဝိနယေဝါသံ၊
ဝိနယော မမဂေါစရော ....။

ဟူ၍ မြွက်ဟ ပြောကြားတော်မူခဲ့ပေသည်။

http://www.dhammadownload.com



အဓိပ္ပာယ်မှာ ... ဝိနည်းတရားတော်သည် အကျွန်ုပ်၏ ကိန်းအောင်းရာဖြစ်၏။
ဝိနည်းတရားတော်သည် ကျွန်ုပ်၏ တည်ရာသွားရာ ဖြစ်၏။
ဝိနည်းတရားတော်၌ နေခြင်းကို ပြုလုပ်ပါ၏။
ဝိနည်းတရားတော်သည် အကျွန်ုပ်၏ စားကျက်အာရုံ ဖြစ်ပါ၏။

ဟူ၍ ဆိုလိုပေသည်။ ယင်းစကားရပ်၏ ဆိုလိုချက်မှာ အရှင်ဥပါလိသည် ဝိနည်းတရားတော်၌သာ စူးစူးစိုက်စိုက် စွဲစွဲမြဲမြဲ ကြိုးစားလေ့လာသည်။ အခြားတစ်ပါး မလိုက်စားခြင်းကြောင့် ဝိနည်းအရာမှာ အသာဆုံး အမြတ်ဆုံး ဧတဒဂ် ဖြစ်ရသည်ဟူ၍ သိနိုင်ပေသည်။

ထို့ကြောင့် တိပိဋကဓရ ဖြစ်လိုသူ စာသင်သားတို့သည်လည်း တိပိဋက၌သာ စူးစူးစိုက်စိုက် စွဲစွဲမြဲမြဲ ကြိုးစားလေ့လာ ကျက်မှတ်ပါ။ အခြားတစ်ပါး စိတ်မသွားကြစေသင့်ပါဟူ၍ နည်းပေးခြင်း ဖြစ်ပါသည်။

## စူးစူးစိုက်စိုက် စွဲစွဲမြဲမြဲ ကြိုးစားခြင်း

ရေးသားဖော်ပြခဲ့သော စကားရပ်များထဲတွင် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးသည် တိပိဋကဓရ စာသင်သားများအား ကြိုးစားကျက်မှတ်ကြပါဟူ၍ သာမန်မျှ သြဝါဒစကား မိန့်ကြားသည် မဟုတ်ပါ။ ဝိနယဧတဒဂ်ဘွဲ့တော်ရ အရှင်ဥပါလိမထေရ် မိန့်ဆိုသော ဝိနယော အာသယော အစရှိ ဂါထာကို ရွတ်ပြကာ သြဝါဒပေးသည်မှာ အဓိပ္ပာယ်ထူးတစ်ချက်ကို ရည်ရွယ်လျက် သြဝါဒပေးခြင်း ဖြစ်သည်ဟူ၍ သိနိုင်ပါသည်။ ယင်းအဓိပ္ပာယ်ထူးမှာ ကြိုးစားဟူသော စကားမှာ သာမန်မျှ ကြိုးစားခြင်းမျိုး မဟုတ်ဘဲ စူးစူးစိုက်စိုက် စွဲစွဲမြဲမြဲ ကြိုးစားခြင်းမျိုးဖြင့် ကြိုးစားရမည်ဟူ၍ တိုက်ရိုက် မုချနည်းဖြင့် တိပိဋကဓရဖြစ်ရန် နည်းညွှန်ပြပါသည်။

သွယ်ဝိုက်သော ပရိယာယ်နည်းဖြင့်ကား တိပိဋကဓရဖြစ်ရန်သာ မဟုတ်ဘဲ အခြား အဘယ်ကိစ္စ အဘယ်ပညာရပ်မှာမဆို စူးစူးစိုက်စိုက် စွဲစွဲမြဲမြဲ ကြိုးစားဆောင်ရွက် လုပ်ကိုင်ပါလျှင် အထွတ်အထိပ် ရောက်အောင် ပေါက်မြောက်အောင် ဖြစ်နိုင်သည်ဟူ၍လည်း ညွှန်ပြပါသေးသည်။

ဖော်ပြခဲ့သည့် ယင်းစကားရပ် မှန်ကန်ကြောင်းကို ...

၁။ ဝဏ္ဏုပထဇာတ်တော်

၂။ နေမျိုးဗလကျော်သူ စိန်ဗေဒါ၏ကျင့်စဉ်

၃။ အရှင်ဝိမလ၏ ကြိုးစားမှု ... ဟူသော အကြောင်းအရာ သုံးမျိုးမျှဖြင့် သက်သေထူပြ ဆိုပါအံ့...။

ဆိုလိုသည်မှာ မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး မိန့်ကြားတော်မူသော သြဝါဒကထာများထဲမှ တိပိဋကဓရ စာမေးပွဲကို ဖြေဆိုမည့် ရဟန်းတော်များအား မိန့်ကြားတော်မူသည့် သြဝါဒကထာ၏ လိုတရ ဝေဘူပတ္တမြားကြီးသည် ပတ္တမြားပိုင်ရှင် အလိုရှိသော အသုံးအဆောင် ရရှိစေနိုင်သကဲ့သို့ သြဝါဒကထာကို ကြားနာကျင့်သုံးသူအား လိုရာလိုရာ လောကီလောကုတ္တရာ ပညာအမျိုးမျိုးနှင့်

http://www.dhammadownload.com



အကျိုးတရား အမျိုးမျိုးတို့ကို ရရှိစေနိုင်ပုံ ပိုမိုထင်ရှားစေရန် ဝဏ္ဏုပထဇာတ်တော် စသော အကြောင်းအရာ သုံးမျိုးဖြင့် ဖွင့်ဆိုရေးသားပါမည်ဟူ၍ ဝန်ခံစကား ရေးသားလိုက်ခြင်းပင် ဖြစ်ပေသည်။

## ၁။ ဝဏ္ဏုပထဇာတ်တော်

ဤဇာတ်တော်ကို မြတ်ဗုဒ္ဓရှင်တော်ဘုရားသည် မိမိထံမှ ကမ္မဋ္ဌာန်းတရားတော်ကို နာယူသွားပါလျက် ဖွားများအားထုတ်သောအခါ၌ ပေါက်မြောက်အောင်မြင်မှုမရဘဲ အားလျှော့သူ ရဟန်းပျင်း တစ်ပါးအား ဟောကြားတော်မူပါသည်။

ရှေးအခါက လှည်းကုန်သည် ငါးရာတို့သည် စုပေါင်း၍ သဲကန္တာရ၌ သွားလာကာ ကူးသန်းရောင်းဝယ်မှုကို ပြုလုပ်ကြသည်။ တစ်နေ့သောအခါ မျက်စိလည်၍ လာလမ်းအတိုင်း ပြန်မောင်းမိကြလေရာ ရှေ့သို့ခရီးမရောက်ဘဲ ရေနှင့် စားနပ်ရိက္ခာများ ကုန်သွားလေသည်။ လူတွေနှင့် နွားတွေပါ အစာရေစာပြတ်ကာ ပင်ပန်းနွမ်းနယ်ကြလျက် နေ့ခင်း၌ နေပူနှိပ်စက်သောကြောင့် လှည်းအောက်တွင် အိပ်စက်လဲလျောင်းနေကြရလေသည်။ ခေါင်းဆောင်လှည်းမှူးသည် မြက်စိုများ ပေါက်နေသော သဲကန္တာရ တစ်နေရာကို ညွှန်ပြသည်။ ရေရရှိနိုင်၍ တူးကြရန် တိုက်တွန်းသည်။ လှည်းကုန်သည်များလည်း လှည်းမှူးကြီး ညွှန်ပြသည့်အတိုင်း တစ်ညီတညွတ်တည်း တူးကြသည်။ တူး၍ အတောင်ခြောက်ဆယ်ခန့် ရောက်သောအခါ ကျောက်ဖျာခံနေသည်ကို တွေ့ရလေသည်။ ပေါက်တူးဖြင့် မည်သို့မျှ တူးမရကြသော အခါ အားလျှော့၍ အားလုံးပင် တွင်းပေါ်သို့ တက်ခဲ့ကြ၍ လှည်းများအောက်ဝင်ပြီး အိပ်စက်နေကြသည်။

ဤအကြောင်းအရာအားလုံးကို သိမြင်ရသော အလောင်းတော် လှည်းမှူးကြီးသည် တူးထားသည့် တွင်းထဲသို့ ဆင်းကြည့်သည်။ ကျောက်ဖျာသို့ ကပ်ကာ နားထောင်ကြည့်သည်။ မဝေးလှ သောနေရာမှ ကျောက်ဖျာထက်သို့ ပေါက်အောင် ရေစီးသံကို ကြားရသည်။ လှည်းမှူးကြီးသည် အလျင်အမြန်တက်ခဲ့၍ သန်မာ၍ ခွန်အားနှင့်ပြည့်စုံသူ လူငယ်လှည်းကုန်သည်ထံ ချဉ်းကပ်၍ ပြောသည်။

"အမောင်၊ ဤလှည်းကုန်သည်အပေါင်းသည် ဤသို့သော အားလျှော့ပျင်းရိနေကြပါလျှင် သေကြရန်သာ ရှိတော့သည်။ အမောင်တစ်ဦးသာလျှင် ကယ်နိုင်သူရှိတော့သည်။ သံတူကြီးကြီးကို ယူ၍ ကျောက်ဖျာကို ခွဲနိုင်ပါမူ ရေရရှိ၍ အားလုံးချမ်းသာကြရပါလိမ့်မည်။ အမောင်က ကြိုးစား၍ ကျောက်ဖျာကို ခွဲပါလေလော့"ဟူ၍ အားပေးတိုက်တွန်းသည်။ လူရွယ်သည် အားပါးတရ ကြိုးစား ပြီး ကျောက်ဖျာကို တူကြီးဖြင့် ရိုက်ခွဲသည်။ မကြာမီပင် ကျောက်ဖျာသည် ကွဲကျသွားကာ ရေစီးကြောင်းကို ကန့်လန့်ကာပြီး ရေများကို ကျော်လျက် တွင်းထက်သို့ ထန်းပင်လုံးခန့် ပန်းထွက် စီးတက်လာလေသည်။

လှည်းကုန်သည်အားလုံး ရေငတ်သည့်ဘေးမှ ကင်းဝေးကာ ချမ်းသာရာ ရသွားကြလေသည်။

ဤဝတ္ထု၌ ပညာရှိလှည်းမှူးသည် ဘုရားအလောင်းဖြစ်သည်။ လုံ့လဝီရိယရှင် လှည်းကုန်သည် လူရွယ်သည် အားလျှော့သော ရဟန်းဖြစ်ကြောင်း ဇာတ်ပေါင်း ဟောကြားထားပေသည်။ ယင်းဝတ္ထု၌ မှတ်သားဖွယ် အောက်ဖော်ပြပါ ပါဠိဂါထာကိုလည်း ဟောကြားတော်မူသည်။ ယင်းမှာ–

http://www.dhammadownload.com



အကိလာသုနော ဝဏ္ဏပထေ ခဏန္တာ၊
ဥဒင်္ဂဏော တတ္ထ ပါပံ၊ အဝိန္ဒုံ၊
ဓဝံ မုနိ ဝီရိယ ဗလူပပန္နော၊
အကိလာသု ဝိန္ဒေ ဟဒယဿ သန္တိံ ဟူ၍ ဖြစ်သည်။

အဓိပ္ပာယ်မှာ –

မပျင်းမရိ လုံ့လရှိကြသော လှည်းသမားတို့သည် သဲကန္တာရကို တူးကြ၍ ရေရရှိခဲ့ကြသည်။ ဤနည်းအတူ ဝီရိယဗလသခင် ဘုရားရှင်သည် မပျင်းမရိ လုံ့လရှိသောကြောင့် စိတ်နှလုံး ငြိမ်းအေးခြင်းကို ရရှိတော်မူခဲ့လေပြီ ... ဟု ဆိုလိုပေသည်။

ဤဝဏ္ဏုပထ ဇာတ်တော်ကို ထောက်ထား၍ မင်းကွန်းတိပိဋကရေ ဆရာတော်ကြီး၏ "စူးစူးစိုက်စိုက် စွဲစွဲမြဲမြဲ ကြိုးစားမှ အောင်ပွဲရနိုင်သည်"ဟူသော ဩဝါဒကထာတော်သည် မှန်ကန်ကြောင်း သိသာလှပါသည်။

## နေမျိုးဗလကျော်သူ ရှာစားကြီးစိန်ဗေဒါ

ရှာစားကြီး စိန်ဗေဒါ အသက်ထင်ရှားရှိစဉ်က ဝိုင်းထိုင်တီးသည်ကို ကျွန်တော်မတွေ့မမြင် မကြားရဘူးပါ။ ကွယ်လွန်ပြီးနောက် ဓာတ်ပြားများမှသာ တစ်ဆင့် ကြားရဖူးပါသည်။ အလွန် ငြိမ့်ညောင်းသာယာ၍ နာပျော်ဖွယ် ရှိလှပါသည်။ ထို့ကြောင့်ပင် ရှာစားကြီးသည် အသက်ထင်ရှား ရှိစဉ်တုန်းကပင် မဆိုထားဘိ၊ ကွယ်လွန်ပြီးနောက် နှစ်ပေါင်းများစွာ ကြာညောင်းသည့် ယနေ့အထိပင်လျှင် ပြိုင်စံမပေါ်သေးသည့် နိုင်ငံကျော် ဝိုင်းတော်တီး ဆိုင်းဆရာကြီး ဖြစ်နေပါသေးသည်။ အကြောင်းရာလေ့လာသော်–

ဆိုင်းတီးရန် ငှားမထားသည့် ရက်အားများမှာ တပည့်ကြီး တပည့်ကလေး ဝိုင်းတော်သားများနှင့် နှီးနှောညှိနှိုင်းသည်။ တီးမှုတ်လေ့ကျင့်သည်။ မိုးလင်းမှ မိုးချုပ်အထိ ပျော်ပျော်ပါးပါး မနားတမ်း လေ့ကျင့်သည်။ တပည့်များမရှိ အားလပ်သည့်အချိန်မျိုးတွင် နံနက် ၆ နာရီခန့် အိပ်ရာမှ နိုးလျှင်နိုးချင်းထ၍ မျက်နှာမသစ်သေးဘဲ အနီးရှိ စောင်းကောက်ကို ဆွဲယူ၍ ရင်ခွင်မှာ သွင်းကာ တီးကွက်ရှာသည်။

လက်မတွေ့သောနေ့များတွင် ၇ နာရီခန့်ရှိမှ စောင်းကိုချ၍ မျက်နှာသစ်ကာ အခြားကိစ္စများကို ဆောင်ရွက်သည်။ စောင်းကောက်တီး၍ လက်တွေ့သောအခါ ၁၀ နာရီမှ ၁၁ နာရီခန့်မျှအထိ မနားမနေ စိတ်ပါဝင်စားစွာ စောင်းကောက်ကို တီးနေတတ်သည်။ ၁၁ နာရီခန့်ရောက်မှ စောင်းကောက်ကိုချ၍ အခြားကိစ္စများကို ဆောင်ရွက်သည်။ ပြိုင်စံမပေါ်သည့် နိုင်ငံကျော် ဝိုင်းတော်တီး ဖြစ်လာသည်မှာ ဤမျှလောက် စူးစူးစိုက်စိုက် စွဲစွဲမြဲမြဲ ကြိုးစားလေ့လာသောကြောင့် ဖြစ်သည်ဟူ၍ မန္တလေးမြို့ ဆရာကြီး ရွှေပြည်ဦးဘတင်က ပြောပြသည်ကို နိုင်ငံတော်ကောင်စီဝင် (အငြိမ်းစား) ဆရာဦးလှမောင်က ထပ်ဆင့် ပြောပြသည်ကို ကျွန်တော် မှတ်သားမိဖူးပါသည်။

http://www.dhammadownload.com



မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး၏ တိပိဋကဓရ စာမေးပွဲ ဖြေဆိုမည့် ရဟန်းငယ်များအား မိန့်ကြားသည့် ဩဝါဒကထာကို ဤရှာစားကြီး ဦးစိန်ဗေဒါ၏ ပြိုင်စံမပေါ် နိုင်ငံကျော် ဖြစ်ရသည့် ကျင့်စဉ်က ထောက်ခံနေပါသည်။

ယင်း စိန်ဗေဒါ၏ စူးစူးစိုက်စိုက် စွဲစွဲမြဲမြဲ ကြိုးစားရသော ပြိုင်စံမပေါ် နိုင်ငံကျော်ကျင့်စဉ်နှင့် မင်းကွန်းတိပိဋကဓရ ဆရာတော် မိန့်ကြားသည့် တိပိဋကဓရ ဩဝါဒကထာတို့မှာ ထပ်တူထပ်မျှ ဖြစ်ကြောင်း လေ့လာသိရှိနိုင်ပါသည်။

## အရှင်ဝိမလ၏ကြိုးစားခြင်း

ရွှေဘိုမြို့အနီး တန့်ဆည်မြို့ကြီး၌ တနယ်ခေါ် ရွာငယ်တစ်ရွာ ရှိသည်။ ယင်းရွာသည် တန့်ဆည်မြို့နှင့် နှစ်မိုင်ခန့်သာဝေးသည်။ တနယ်ရွာကျောင်း၌ အရှင်ဝိမလနှင့် အရှင်ဇာဂရဟူ၍ ရဟန်းငယ်နှစ်ပါး ရှိသည်။

အရှင်ဝိမလသည် အလွန်လက်ရေးကောင်းသည်။ ဝိုင်းဝိုင်းစက်စက် ခန့်ခန့်ညားညား ရှိလှသည်။ လက်ရေးကောင်းရုံသာ ကောင်းသည်မဟုတ် မြန်လည်းမြန်လှပေသည်။ စာမျက်နှာ ၁၆ ခန့်ရှိ ကော်ပီစာအုပ်ပါးများကို ခဏမျှဖြင့် ပြည့်အောင် ရေးနိုင်သည်။

အရှင်ဝိမလ၏ လက်ရေးမှတ်တမ်း စာအုပ်ငယ်ကို ကျွန်တော်ပင်လျှင် အမှတ်အသားပြု၍ သိမ်းဆည်းထားမိဖူးပါသည်။ အင်္ဂလိပ်စာ လက်ရေးများမှာလည်း ပုံနှိပ်စာလုံးများနှင့်မခြား သားနားကောင်းမွန်လှပါပေသည်။

ဂျပန်ခေတ်ရောက်၍ ဂျပန်စာများကို ရေးသောအခါ၌လည်း ခန်းဂျီခေါ် ဘုံးသီးငါးပေါင်းကျော် လက်ရေးမှာလည်း ပုံနှိပ်စာတမျှ ကောင်းမွန်လှပါသည်။ ဟိရခနနှင့် ကတခနလက်ရေး စာလုံးများမှာလည်း ဂျပန်များကိုယ်တိုင်ရေးသည်ထက် ကောင်းမွန်လှပလှပါပေသည်။ ကျွန်တော် တို့ အပေါင်းအသင်း မိတ်ဆွေရင်းများက အံ့သြကြရသည်။ ချီးမွမ်းမိကြသည်။

တရံရောအခါ အရှင်ဝိမလနှင့် အတူနေ အရှင်ဇာဂရနှင့် တွေ့ကြုံသောအခါ အရှင်ဝိမလ လက်ရေး ကောင်းပုံကို ချီးမွမ်းကြသည်။ ထိုအခါ အတူနေ အရှင်ဇာဂရက ပြောဆိုသည်မှာ ...

"အင်း ... အင်း ချီးမွမ်းမည်ဆိုက ချီးမွမ်းသင့်ပါသည်။ အဲဒီလို ချီးမွမ်းခံထိုက်အောင် နေ့ရှိသမျှ အချိန်ရှိသမျှ အခန်းထဲမှ အပြင်မထွက်ဘဲ တကုတ်ကုတ်ဖြင့် ကြိုးစားလုပ်နေတာကိုး ဗျ ..." ဟူ၍ ဖြစ်ပါသည်။

အထက်တွင် ဖော်ပြခဲ့သည့် အရှင်ဝိမလ၏ ကြိုးစားချက်နှင့် အရှင်ဇာဂရ၏ မိန့်ကြားချက်များကို ကျွန်တော်သည် မမေ့နိုင်ဘဲ အမြဲသတိရနေပါသည်။ ဤသည်မှာ စူးစူးစိုက်စိုက် စွဲစွဲမြဲမြဲ ကြိုးစားအားထုတ်မှုပေတကားဟူ၍ ဆုံးဖြတ်မိပါသည်။ ယခု မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး ၏ "ဝိနယော အာသယော မယှံ" အစရှိသော အရှင်ဥပါလိ၏ ဝိနယတေဒဂ္ဂဘွဲ့ရကြောင်း ဂါထာကို စံနမူထား၍

http://www.dhammadownload.com

## (၁) ဩဝါဒကထာပေါင်းချုပ် နိဒါနကထာ

တိပိဋကဓရဖြစ်အောင် လေ့လာနေသော စာသင်သားတို့အား ချီးမြှင့်တော်မူသော ဩဝါဒကထာကို ဖတ်ရှုရသောအခါတွင် "ဩ... ဩ ... အစစအရာရာ အောင်ပွဲရဖို့မှာ စူးစူးစိုက် စိုက် စွဲစွဲမြဲမြဲ ကြိုးစား အားထုတ်ရန်သာလျှင် ပဓာန အချက်ကြီး ဖြစ်ပေတကား"ဟူ၍ မှတ်ချက်ကို ချလိုက်မိပါတော့သည်။

စာရှုသူ ပညာရှင် သူတော်စင်အပေါင်းတို့ခင်ဗျား ကျွန်တော်သည် ဗုဒ္ဓသာသန ဝိသိဋ္ဌ တိပိဋကဓရ ဗုဒ္ဓသာသန မဟာတိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ရ ဖြစ်ဘော်မူသော မင်းကွန်း ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ မိန့်ကြားချီးမြှင့်တော်မူသော ဩဝါဒ**ကထာပေါင်းချုပ်** ကျမ်းကြီး၏ နိဒါန်း၌ ဤကျမ်းကြီးသည် လိုတရ ဇောတိရသ ဝေဘုပတ္တမြားရတနာကြီးနှင့်တူကြောင်းကို ပြည့်ပြည့်စုံစုံ ကျယ်ကျယ်ပြန့်ပြန့် ရေးသားဖော်ပြခဲ့ပါပြီ။ ယခု ...ဤ နိဒါနကထာကို အပြီးအဆုံး ကမ္ပတ်ဖုံး၍ အောက်ဖော်ပြပါ ဂါထာဖြင့် နိဂုံးချုပ်ပါတော့အံ့။

### နိဂုံးချုပ်ဂါထာ

ဒါနိဘောန္တော သမုပ္ပန္နော၊  
ထေရောဝါဒသမူဟကော။  
ဇောတိရသော ယ မာဏိက္ကော၊  
တေတေ သိက္ခန္တု၊ သာဓဝေါ။

### နိဂုံးချုပ်ဂါထာအနက်

ဘောန္တော=ဗုဒ္ဓဘာသာဝင် စာရှုသူ ပညာရှင်အပေါင်းတို့။ ဒါနိ=ဗုဒ္ဓသာသနာ ထွန်းလင်းနေရာ ယခုအခါ၌။ ဇောတိရသော မာဏိက္ကော=လိုတရငြား၊ ပတ္တမြားမြတ်၊ ဇောတိရသ်နှင့် မချွတ်ပုံသေ၊ တူညီပေသော။ ယောထေရောဝါဒသမူဟကော=အကြင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကအရှင်၊ သွန်သင် ဆုံးမ၊ ဩဝါဒကထာပေါင်းချုပ်ကျမ်းကြီးသည်။ သမုပ္ပန္နော=နေလနှစ်ပါး၊ ပမာလားသို့၊ ထင်ရှားလှစွာ၊ ထွက်ပေါ်လာလေပြီ။ သာဓဝေါ=အသိပညာ၊ အလိမ္မာကို၊ ရပါလို ကြောင်း၊ သူတော်ကောင်းတို့သည်၊ တေတေ=(ဩဝါဒကထေ) ထိုထိုများစွာ၊ လိုရာရာရ၊ ဩဝါဒတို့ကို၊ သိက္ခန္တု=ဖတ်ရှုလေ့လာ၊ လိုလား စွာဖြင့်၊ ဂါရဝတရား၊ လက်ကိုင်ထား၍၊ မမှားမသွေ၊ ကျင့်သုံးနိုင်ကြပါစေကုန်သတည်း။

စာရှုသူ ပညာရှင် သူတော်စင်တို့မှာ ကျန်းမာချမ်းသာ ပြည့်စုံစွာဖြင့် လိုရာကျင့် ပြီးစီးအောင် ဆောင်ရွက်နိုင်ကြပါစေသတည်း။

ဦးထွန်းလှိုင်  
ဝိနယပါရဂူ၊ ဓမ္မာစရိယ  
(ဂဏဝါစက၊ ဝင့်သကာ၊ သိရောမဏိ)

http://www.dhammadownload.com

ကမ္ဘာ့ကာနယ်ဝင် သူတော်စင်အပေါင်းတို့...။

ဒီဒီတို့မှာ ရှေးကုသိုလ်ထောက်မ၍ လူ့အဖြစ်ကို ရ၍ တွေ့ကြုံလျှင် ဘုရားသာသနာ ပွင့်လင်းရာ အခါဖြစ်သည်၊ ဗုဒ္ဓုပ္ပါဒ နဝမ အခွင့်ကောင်းနှင့်လည်း ကြုံတောင့်ကြုံခဲ ကြုံတွေ့ကြရလေပြီ...။

"သမတပဋိကောင်း ငှက်တသောင်းဥ" ဆိုသလို ဗုဒ္ဓသာသနာတော် မြတ်အတိုင်းကြီးကား သမတိုင်းပြည်တို့ ထက် အဆများစွာ လေးနိုင်းသာအောင် သာယာအေးမြ ပါသည်။

ကမ္ဘာ့အ ကမ္ဘာသား သတ္တဝါများ၏ ရှိကိုးရာ အားကိုးရာကြီး ဖြစ်သည့်အတိုင်း ထိုသာသနာအကိုးကြီး ပွါးစီးအောင် ကိုယ်အား ဉာဏ်အား အကြံအား တို့ဖြင့် အားပေးကူညီဆောင်ရွက် ကြ၍ သီတင်းသုံးကြသော သူတော်ကောင်းတို့၏ အစီးအပွါးကို ကျင့်သည့် ဥပါသကာ ပဋိပတ္တိပူဇော်သူ များ ဖြစ်ကြပါစေ - ဟူ၍ တိုက်တွန်းနှိုးဆော် ဥယျောဇဉ်ကား ပြောကြားအပ်ပါသည် ကမ္ဘာ့ကာ နယ်ဝင် သူတော်စင်အပေါင်းတို့...။

ဦးဝိစိတ္တသာရာဘိဝံသ
တိပိဋကဓရ ဆရာတော်

သာသနာနှစ်၊ ၂၅၂၆၊ ကောဇာသက္ကရာဇ် ၁၃၄၄ ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၂ ရက်

http://www.dhammadownload.com

# မင်းကွန်း
# တိပိဋကဓရ ဆရာတော်၏
# ဩဝါဒ

မြတ်စွာဘုရား
ဟောဖော်ကြားသည့်
တရားတော်ယာဉ်
ဒေသနာ စဉ်ဟု
ဘောဇဉ် မြိုက်ခဲ
ဓမ္မ ပွဲလျှင်
လက်ထဲ ပုံသေ
ဆိုက်ရောက် နေလျက်
ဈောင်သွေ နှလုံး
ကိုယ်မသုံး သော်
အရှုံး ကိုယ့်ပြင်
ရှိရှိမ့်လော ။ ။

ဦးဝိစိတ္တသာရာဘိဝံသ
တိပိဋကဓရ ဆရာတော်

သာသနာနှစ်၊ ၂၅၃၁၊ ကောဇာသက္ကရာဇ်၊ ၁၃၄၉၊ ဒုတိယနယုန်လပြည့်နေ့ (၁၁၊၆၊၁၉၈၇)

http://www.dhammadownload.com

# မင်းကွန်း
# တိပိဋကဓရ ဆရာတော်၏
# ဩဝါဒ

အို - ဗုဒ္ဓဘာသာ ကလျာဏနွယ်ဝင်
သူတော်စင် အပေါင်းတို့.....
မိမိတို့သည် ကုသိုလ်ကောင်းမှု တစ်ခုခုကို
ပြုလုပ်ကြသော အခါ--- ဘုရားအလောင်း
အကိတ္တိပညာရှိရသေ့၏ ဆုတောင်းအတိုင်း —
ဤသည့်ပုည ကုသလ ကြောင့်
လောဘ+ဒေါသ+မောဟကင်းကွာ
သံသရာဝယ် ကျင်ပါရအံ့
ပညာရှိနှင့် ယှဉ်မိပေါင်းသင်း
ဉာဏ်မဲ့ ကွင်း၍
ပြည့်လင်း လျှ ဖွယ်
လှူစဉ်ဝယ်လည်း
သုံးသွယ်စေတနာ ဖြောင့်ညီညာသည်.....
ခေမာ အထွတ် တိုင်လိုသော်။ ။

ဤအတိုင်းဆုတောင်းဖို့ မမေ့ကြပါလင့်။

— ဦးဝိစိတ္တသာရာဘိဝံသ —

သာသနာနှစ်-၂၅၃၂၊ကောဇာသက္ကရာဇ်-၁၃၅၀၊ပြည့်၊နတ်တော်လဆန်း၈၊(၁၆-၁၂-၈၈)

http://www.dhammadownload.com

# မင်းကွန်း
# တိပိဋကဓရဆရာတော်၏
# နည်းညွှန်းဥပဒေသ

သဒ္ဓါကြည်ညို၊ ရှိသေလှစွာ၊ အခါကိုသိ၊ မစွန်းငြိပဲ၊
မထိမပါး၊ လှူဒါန်းခြား၊ ငါးပါးသပ္ပုရိသ မြတ်ဒါန ။

- သဒ္ဓါကြည်ရွှင် လှူဒါန်းလျှင် ဆင်းပြင်ရုပ်ရည်လှ ၊
- ရိုသေလှူခြား သူ့စကား အများနာယူရ ၊
- အခါသိသဖြင့် လှူတဲ့လင့် ချိန်သင့်ကောင်းကျိုးရ ၊
- မစွန်းငြိတောင်း လှူတဲ့ရှောင်း အကောင်းသုံးဆောင်ရ ၊
- မထိမပါး လှူတဲ့ခြားမှု ထိုသည့်သူ၏ ပြောတူများပြား စည်းစိမ်အား ငါးပါးရန်မခ ၊

ဒါနပြုသော် ကျင်ငါးဖော် ညီလျော်ပြုကုန်ကြ ။ ။

ဦးဝိစိတ္တသာရာဘိဝံသ
တိပိဋကဓရဆရာတော်

သာသနာတော်နှစ်၊ ၂၅၃၅၊
ကောဇာသက္ကရာဇ်၊ ၁၃၅၃၊ ခုနှစ်၊ ကဆုန်လပြည့်ကျော်၊ ၅၊ ရက်
ခရစ်၊ ၁၉၉၁၊ ခုနှစ်၊ မေလ၊ ၂ ၊ ရက်

http://www.dhammadownload.com



ဝမ်းတွင်းမြို့ မဟာဇေတဝိကာရာမ သိမ်တောင်တောရတိုက်အတွင်း ကျင်းပအပ်သော
(၆)ကြိမ်မြောက် ဝိနယာနုဂ္ဂဟ ဓမ္မပူဇာအခမ်းအနား၌
နာယကဆရာတော်များ၏ကိုယ်စား

# တိပိဋကဓရဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ

ချီးကျူးတင်သွင်းအပ်သော

# အနုဗလပ္ပဒါန အဘိတ္ထဝ ပတ္ထနာစာတမ်း

## နမော ဗုဒ္ဓါယ

(သိဒ္ဓမ်) ဝမ်းတွင်းမြို့ မဟာဇေတဝိကာရာမ သိမ်တောင်တောရတိုက် ဝိနယာနုဂ္ဂဟ အဖွဲ့ကြီးမှ (၆)ကြိမ်မြောက် ကျင်းပအပ်သော ဝိနယာနုဂ္ဂဟစာပွဲသဘင်ဝယ် အောင်မြင်ထမြောက်တော်မူကြသော သာသနဉာဏ်ရည်ချွန် အရှင်မွန်အရှင်မြတ်တို့အား အနုဗလပ္ပဒါန+အဘိတ္ထဝ+ပတ္ထနာ မင်္ဂလာစကား နာယကအဖွဲ့၏ကိုယ်စား လျှောက်ထားအားပေးလိုသည်မှာ –

စာအောင်ပုဂ္ဂိုလ် အရှင်မြတ်အပေါင်းတို့ ... မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် လေးလမြောက်ဝယ် ပဌမသံဂါယနာသဘင် ဆင်ယင်အံ့သောအခါ၌ အရှင်မဟာကဿပမထေရ်မြတ်က "အဘယ်ပိဋကတ်ကို ရှေးဦးစွာ သံဂါယနာတင်ကြမည်နည်း"ဟု မေးမြန်းတော်မူသောအခါ (ဘန္တေမဟာကဿပ ဝိနယောနာမ ဗုဒ္ဓသာသနဿ အာယု၊ ဝိနယေဋ္ဌိတေ သာသနံ ဌိတံ ဟောတိ =အရှင်မဟာကဿပဘုရား ... ဝိနည်းပိဋကတ်မည်သည် မြတ်စွာဘုရားရှင် သာသနာတော်၏ အသက်ဖြစ်ပါသည်။ ဝိနည်းပိဋကတ် အစွန့်ရှည်စွာတည်လျှင် သာသနာတော် အစွန့်ရှည်စွာ တည်ပါတော့သည်။ သို့ဖြစ်၍ ဝိနည်းပိဋကတ်ကို ရှေးဦးစွာ သံဂါယနာတင်ကြပါစို့) ဟူ၍ ငါးရာသော သံဂါယနာတင် အရှင်မြတ်တို့သည် တညီတညွတ်တည်း လျှောက်ထားကြပါသည်။ မှန်ပါသည်–ဝိနည်းပိဋကတ်တော်သည် သုံးပါးသိက္ခာ သာသနာတော်အနက် အဓိသီလ သိက္ခာသာသနာအတွက် ဖြစ်ပါသည်။ ထိုအဓိသီလသိက္ခာသည်ပင် သာသနာတော်၏ အသက်ဖြစ်၍ "ဝိနည်းပိဋကတ်သည် မြတ်စွာဘုရားရှင် သာသနာတော်၏ အသက်ဖြစ်ပါသည်"ဟု တညီတညွတ်တည်း လျှောက်ထားကြခြင်း ဖြစ်ပါသည်။

စာအောင်ပုဂ္ဂိုလ်အရှင်မြတ်အပေါင်းတို့ ... ထိုမှတစ်ပါးလည်း သမန္တပါသာဒိက ဝိနယအဋ္ဌကထာ ပါရာဇိကကဏ္ဍအဖွင့်၊ ပဌမပါရာဇိက စတုတ္ထဝိနယကထာအခဏ်းဝယ် (အနာဂတေ

http://www.dhammadownload.com



လဇ္ဇီ ရက္ခိဿတိ=အနာဂတ နောက်ကာလဝယ် လဇ္ဇီပုဂ္ဂိုလ်သူမြတ်သည် သာသနာတော်ကို စောင့်ရှောက်လိမ့်မည်)ဟူ၍ ရှေးထေရ်မြတ်တို့ သုံးကြိမ်တိုင် လေးလေးနက်နက် မိန့်မြွက်တော်မူကြကြောင်း ဖွင့်ပြချက်ရှိသည့်ပြင်၊ ဝိနယ မဟာဝဂ္ဂပါဠိတော်၊ မဟာခန္ဓကအဆုံး နိဂုံး၌လည်း (သုတ္တန်ပိဋက အဘိဓမ္မာပိဋကတို့ ကွယ်ပသော်လည်း ဝိနည်းပိဋက မကွယ်ပလျှင် ဘုရားသာသနာတော်သည် တဖန်ဆက်စည် တည်နိုင်ကြောင်း) ပဥ္စမသံဂါယနာတင် အရှင်မဟာကဿပ သံဃိန္ဒတို့သည် မှတ်တမ်းတင်နိဒါန်းစကား ဟောကြားတော်မူအပ်ခဲ့ပါသည်။

စာအောင်ပုဂ္ဂိုလ် အရှင်မြတ်အပေါင်းတို့ ... အရှင်တို့သည် ရှေးဖော်ပြရာပါ သံဂါယနာတင် မထေရ်မြတ်တို့နှင့် ပေါရာဏက−မထေရ်မြတ်တို့၏ စကားကို ထောက်ထားဆင်ခြင်ပါက "သာသနာတော်၏အသက်သွေးကြောဖြစ်သော ဝိနည်းတရားတော်ကို မပျောက်မပျက်ရအောင် စောင့်ရှောက်တော်မူကြသဖြင့် အနာဂတ နောက်ကာလဝယ် သာသနသူရဲကောင်း စိတ်ကောင်းဖြူဖြောင့် သာသနာတော်စောင့်ပုဂ္ဂိုလ် လဇ္ဇီသူမွန်တို့ ဧကန်ပင်ဖြစ်ကြလိမ့်မည်"ဟု နာယကဆရာတော်များအဖွဲ့က အားရလိုက်လှဲစွာ ထောမနာနိမိတ်စကား ရဲဝံ့စွာ မိန့်ကြားလိုပါသည်။

သို့ဖြစ်သောကြောင့် အနာဂတ နောက်ကာလဝယ် သာသနသူရဲကောင်း စိတ်ကောင်း သာသနာစောင့်ပုဂ္ဂိုလ် လဇ္ဇီသူမွန် စင်စစ်ဖြစ်ကြမည့် ငါ့ရှင်တို့အတွက်တာ သာသနာသုံးရပ်ကို သမ္မပ္ပဓာန်လုံ့လ ဝီရိယလေးချက်ဖြင့် ထက်မြက်စွာ အားထုတ်နိုင်ကြ၍ ဝိမုတ္တိခေါ်ဆို အရဟတ္တဖိုလ် ထုတ်ချောက် ရောက်ကြပါစေကုန်သောဝ်ဟု မနောပဏိဓိ နာယကဆရာတော်များအဖွဲ့က တောင့်တရင်းရှိသည်ကို −

အနုဗလပ္ပဒါန

ဝိနယော ဇိနစက္ကဿ၊ အာယု ဝေ စိရဝုဒ္ဓိယာ။
တေနေဝါနာဂတေ လဇ္ဇီ၊ ရက္ခိဿတီတိ စာဗြဝုံ ॥ ॥(၁)

ပမုဋ္ဌမှိ စ သုတ္တန္တေ၊ အဘိဓမ္မေ စ တာဝဒေ။
ဝိနယေ အဝိနဋ္ဌမှိ၊ ပုန တိဋ္ဌတိ သာသနံ။ ॥ (၂)

အာဂုသော=စာအောင်များဖြင့် အိုငါ့ရှင်တို့ ...။ ဝါ=အာဂုသော=ဝမ်းတွင်းမြို့အဝင်အပါ မဟာဇေတိကာရာမ သာသနအသရေဆောင် သိမ်(ရွှေ)တောင်ဝိနယ အနုဂ္ဂဟာစာသင်ဝယ် ပါဝင်ရင်ကျူး သာသနအညွန့်အဖူး အောင်ပန်းကို ဆွတ်ခူးကြသည့် သဒ္ဓါထူး+ပညာထူး ကွန့်မြူးစုံလင် အိုငါ့ရှင်တို့။ ဝိနယော=ဝိနည်းတွင်ခေါ် တရားတော်သည်။ ဝေ=ဧကန္တေန=စင်စစ်ဧကန်အမှန်အားဖြင့်။ ဇိနစက္ကဿ=ငါးမာရ်အောင်မြင် အောင်သူတကာတို့ထိပ်ခေါင်တင် ရှင်ပင်မြတ်စွာ သာသနာသုံးရပ် စက်တော်မြတ်၏။ စိရဝုဒ္ဓိယာ=အနှစ်ငါးထောင်များမြောင်ရှည်ကြာအခါတိုင်လျှင်

http://www.dhammadownload.com



ပွားစီးခြင်း၏ အကျိုးငှာ။ အာယု=ပဓာနအချက် အသက်သွေးကြောမှန်လှပေ၏။ တေနေဝ=ထို့ကြောင့်ပင်လျှင်။ အနာဂတေ လဇ္ဇီ ရက္ခိဿတိတိ=အနာဂတ နောက်ကာလဝယ် ပါပမှုထို အကုသိုလ်မှ သည်းဖိုကြောက်ရွံ့ ရှက်သွေးမွှန်သည့် သူမွန်ခေါ်မှန်း မြတ်ရဟန်းသည် သုံးခဏ်းသိက္ခာ သာသနာကို သဒ္ဒါဖြိုးစိမ့် စောင့်ရှောက်လိမ့်-ဟူ၍။ အဖြဝုံ=ပေါရာဏက မြတ်ထေရတို့ ခွန်းဟန့တ်ချို မိန့်ဆိုတော်မူခဲ့ကြလေပြီ။ (၁)

စ=ဤတွင်၍သာ မဟုတ်ပါသေး။ သုတ္တန္တေစ=သုတ္တန်ခေါ်မှတ် ပိဋကတ်သည် လည်းကောင်း။ အဘိဓမ္မေစ=အဘိဓမ္မာခေါ်မှတ် ပိဋကတ်သည်လည်းကောင်း။ ပမုဋ္ဌမှိစ=အကယ်၍ တိ ကွယ်ပဘိကာမူလည်း။ တာဝဒေ=သုတ္တန်နှင့်အဘိဓမ္မ ပိဋကနှစ်သွယ် ပျောက်ကွယ်သော ထိုအချိန်၌။ ဝိနယေ=ဝိနည်းတွင်ခေါ် ပိဋကတ်တော်သည်။ အဝိနဋ္ဌမှိ=မပျက်မစီး ညီးညီးလျှံရှိန် ထွန်းထိန်တောက်ပ၍ နေသည်ရှိသော်။ သာသနံ=ဘုရားမြတ်စွာသာသနာသည်။ ပုနတိဋ္ဌတိ=တဖန်နောက်ထပ် အဆက်မပြတ်ဘဲ မတ်မတ်ခိုင်ကျည် ကြံ့ကြံ့တည်နိုင်၏။ ဣတိစ=ဤသို့လည်း။ အဖြဝုံ=ပဌမသံဂါယနာတင် အရှင်မဟာကဿပ သံဃိန္ဒတို့ ခွန်းဟန့တ်ချို မိန့်ဆိုတော်မူခဲ့ကြလေပြီ။ (၂)

အဘိတ္ထဝ

တုမှေ တျနာဂတေ လဇ္ဇီ၊ ဇိနစက္ကာနုရက္ခကာ။
မဟာယောဓာ မိတိမန္တော၊ ဇုတိမန္တော ဘဝိဿထ။ (၃)

အာဝုသော=စာအောင်ပုဂ္ဂိုလ် ထိုထိုများဖြင် အိုငါ့ရှင်တို့။ အနာဂတေ=အနာဂတ နောက်ကာလ၌။ ဇိနစက္ကာနုရက္ခကာ=ဘုရားမြတ်စွာ သာသနာစက် ပပလက်အောင် အသက်တမျှ စောင့်ရှောက်ကြမည်ဖြစ်ကုန်သော။ မဟာယောဓာ=ကိလေသာမာရ် သာသနအတွင်းရန်ကို တွန်းလှန်ဖြိုခွဲ (ဧရာမသတ္တိခဲ) အရဟတ္တဖိုလ်တည်းဟူသော အောင်ပွဲကို ဆင်နွှဲဖို့ရန် စိတ်သန်ရှုယ်ချောင်းသာသနသူရဲကောင်း ဖြစ်ကုန်သော။ မိတိမန္တော=သမာဓိဂုဏ် စွဲထုံနိဗဒ် သတိချပ်၍ မတ်မတ်ခိုင်ကျည် တည်တံ့ကြကုန်သော။ ဇုတိမန္တော=ပညာတန်ဆောင် အရောင်ဖြိုးပြက် ဖြိုးဖြိုးလက်ကြကုန်သော။ လဇ္ဇီ=ပါပမှုထို အကုသိုလ်မှ သည်းဖိုကြောက်ရွံ့ ရှက်သွေးမွှန်ကြသည့် သီလဝန်ခေါ်မှန်း လဇ္ဇီရဟန်းတို့-ဟူသည်။ တုမှေဟိ=တုမှေဝ=နေလုလင်စက် ထွက်မည့်ရှေ့ပြေးအရုဏ်ရောင်ပေးသကဲ့သို့။ တေရဟိ=ယခုပင် ဝိနယာနုဂ္ဂဟစာသဘင်ဝယ် အောင်မြင်မှုဂုဏ်တန်ဆောင် အရုဏ်ရောင်ဖြန့်လွှား သင်ငါ့ရှင်များသည်ပင်။ ဘဝိဿထ=မြေလက်ခတ်နဲ မချွတ်လွဲသို့ အမြဲပုံမှန် ဧကန်စင်စစ် ဖြစ်ကြကုန်လိမ့်တကား။ (၃)

http://www.dhammadownload.com



ပဋ္ဌာန

တသ္မာ သီလေ ပတိဋ္ဌာယ၊ စိတ္တံ ပညဉ္စ ဘာဝယံ။
ဝိဇဋ္ဋေထ ဇဋံ ကွေသံ၊ ဧသော အသ္မာက–ပဋ္ဌာန။ ။ (၄)

တသ္မာ=ထို့ကြောင့်။ ဝါ=သို့ဖြစ်ရကား။ တုမှေ=အနာဂတ နောက်ကာလဝယ် **သာသန** သူရဲကောင်း မစောင်းဇာကန် ဖြစ်မည်မုန်သည့် သူမွန်မြတ်လောင်း အရှင်ကောင်းတို့သည်။ သီလေ= စတုပါရိ သုဒ္ဓိလေးထွေ သီလတည်းဟူသော အောင်မြေ၌။ ပတိဋ္ဌာယ=ကာယိက+စေတသိက ဝီရိယနှစ်တန် ခြေစုံဆန့်လျက် ကြံ့ကြံ့ခိုင်ကျည် မတ်မတ်တည်ကြ၍။ စိတ္တဉ္စ=အဓိစိတ္တသိက္ခာ သမာဓိဘာဝနာကိုလည်းကောင်း။ ပညဉ္စ=တတိယသိက္ခာ အဓိပညာဘာဝနာကိုလည်းကောင်း။ ဘာဝယံ=ဘာဝယန္တာ=မနေမနား ပွားများအားသစ်နိုင်ကြကုန်လျက်။ ကွေသံ ဇဋံ=အတိတ်ရှည်ကြာ ကမ္ဘာဘာဝယ် ဘယ်ခါကမှ ဖြေရှင်းခွင့်မရခဲ့သည့် ကိလေသရန်လှေး **အတွင်း+အပ** အရှုပ်အထွေး ကို။ ဝိဇဋ္ဋေထ=မဂ်ဉာဏ်လေးချက် ထားသန်လျက်ဖြင့် ပယ်ဖျက်ခုတ်**ထွင် အကြွင်း**မဲ့ သုတ်သင် ဖြေရှင်းနိုင်ကြစေကုန်သတည်း။ ဧသော=ဤသည်ကား။ အသ္မာကံ=**အဖွဲ့၏ ပဓာနနာယက** အမှူး အခေါင် အမှူးဆောင်တွင်ခေါ် ငါတို့ဆရာတော်များ၏။ ပဋ္ဌာန=အဟိတာပနယန ဟိတူပသံဟာရ အဒေါသရေဇလာ မေတ္တာနှစ်ပါးအရင်းထား၍ လိုလားတောင့်တချက်ပေတည်း။(၄)

ဟူ၍ တောဒည်း+အလင်္ကာ ဂုဏ်တန်းဆာတို့ဖြင့် ဂါထာစတုက္ကညွှန်းဖော်ပြလျက် ....

(၁) အနုဇလပ္ပဒါန (၂) အဘိတ္ထဝ (၃) ပဋ္ဌာန မင်္ဂလာထုံးပြ သုံးကဏ္ဍတို့ကို ဤမျှဖြင့် ကမ္မတ်ဖုံး၍ နိဂုံးအုပ်အပ်ပေသတည်း။

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာတော်မူကြပါစေ။

၁၃၂၈ ခု၊ ပြာသိုလပြည့်ကျော် (၁၁)ရက်၊ တနင်္ဂနွေနေ့။

(ပုံ) ဦးဝိစိတ္တသာရာဘိဝံသ
တိပိဋကဓရဆရာတော်
(၁၁–၁၀–၂၈)

http://www.dhammadownload.com



ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်း၏ ၁၃၂၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်

(၁၈)ကြိမ်မြောက် အဘိဓမ္မာအခါတော်နေ့ အခမ်းအနားတွင်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု

**ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ မဟာထေရ် မြွက်ကြားသော**

အခမ်းအနားဖွင့်

# သမ္မောဒနီယ ဩဝါဒကထာ

နမောဗုဒ္ဓါယ

**(သိဒ္ဓမ်)** ပြည်ထောင်စုမြန်မာနိုင်ငံ ရန်ကုန်မြို့ "အဘိဓမ္မာပြန့်ပွားရေး" အသင်းဝင် သူတော်စင် ဒါယကာ ဒါယိကာမအပေါင်းတို့ ...။ ယခု (၁၈)ကြိမ်မြောက် ကျင်းပသည့် အဘိဓမ္မပူဇာအခါတော် ဓမ္မသဘင် ရက်မြတ်၌ ရှင်ပရိသတ်+လူပရိသတ် အစုံအညီ သျှုံ့မင်္ဂလာအခါတော်ကြိုက် ဆိုက်ရောက်သော ယခုအချိန်ဝယ် မုနိန္ဒရာဇ် ဘုန်းလျှံသစ်သော ရှင်ချစ်မြတ်စွာသာသနာ ထွန်းပတိုးတက်ရေး ရှေးရှုထောက်ထား သမ္မောဒနီယ ဩဝါဒကထာစကား ဆရာတော်ညွှန်ကြား ပြောဆိုလိုသည်မှာ –

(၁) မြတ်စွာမုနိ တုမရှိ၏၊ ပရိယတ်+ပဋိပတ်+ပဋိဝေဓတည်းဟူသော သုံးပါးသိက္ခာသာသနာတွင် ပထမာဒိက မူလရေသောက်မြစ်သဖွယ်ဖြစ်သည့် ပရိယတ္တိသာသနာ လွန်စွာပွားစီးမှ ပဋိပတ္တိတည်းဟူသော ပင်စည်ကိုင်းခတ် တိုးတက်ကာ ပဋိဝေဓ သာသနာတည်းဟူသော မဂ်ဖိုလ်အသီးတို့ ခိုင်ဖြိုးအားသန်လျက် နိဗ္ဗာန်၏ သန္တိသုခ အမတအရသာကို မြိန်ယှက်စွာ ခံစားသုံးဆောင်ရမည်ကို သိရှိခြင်း၊ ယင်းသို့ သိရှိသည့်အားလျော်စွာ ပရိယတ္တိသာသနာ ပွားစီးရေးကို ရှေးရှုသော နှလုံးထားဖြင့် "အဘိဓမ္မာ ပြန့်ပွားရေးအသင်းကြီး"ကို ဖွဲ့စည်းတည်ထောင်ကြကာ အဘိဓမ္မာတရားတော်များကို သင်ကြားဆွေးနွေးလေ့လာခြင်း၊ နှစ်စဉ်နှစ်စဉ် အဘိဓမ္မာ အခါတော်နေ့ ဓမ္မသဘင် ဆင်ယင်ကျင်းပ၍ ဌာနများစွာ အမြို့မြို့အရွာရွာတို့၌ အဘိဓမ္မာ တရားတော်များကို ရွတ်ပွားပူဇော်ကြရန် ဓမ္မဒါန စာအုပ် စာရွက်စာတမ်းများ လှူဒါန်းခြင်း၊ ယင်းတို့ကို အကြောင်းပြု၍ ဓမ္မပြသံဟိတ သုခဝေဒနာ ချမ်းသာတရားကို ခံစားရရှိခြင်းတို့၏ အကြောင်းရင်းကို စဉ်းစားရှာဖွေလျှင် ရတနာသုံးပါး ဆရာမိဘ ကလျာဏမိတ်များ၏ ကြီးမားသော ဥပနိဿယ ပစ္စည်းပြုချက်

http://www.dhammadownload.com



ကို ပြက်ပြက်ထင်ထင် တွေ့မြင်ကြရပေလိမ့်မည်။ သို့ဖြစ်သည်ကြောင့် ဤဆိုလတ္တံ့သော "ကတညုတာဂါထာဥဒါန်း"ကို ရှင်လန်းဝမ်းမြောက်စွာ သာယာကျူးရင့် သင့်လှပေသည်။

ကတညုတာ ဂါထာဥဒါန်း

အဟော ဗုဒ္ဓါ အဟော ဓမ္မာ၊ အဟော နော သတ္ထု သမ္ပဒါ၊
ယေသံ ပဘာဝမာလမ္ဗ၊ လဘာမ ဤဒိသံသုခံ။

ယေသံ=အကြင် ဘုရားဖိနော် စိန္တေယျော်တို့၏၊ (ဂါရဝဗဟုဝုစ်)။ ပဘာဝံ=မဂ္ဂင်ထီးဖြူ ဖွင့်လှစ်ထူ၍ နိဗ္ဗူတံခါး ပွင့်စေသားဟု တရားစည်ကြီး သောင်းတိုက်ဟည်းအောင် ရိုက်တီးနှိုးဆော် တန်ခိုးတော်ကို။ အာလမ္ဗံ=အမှီတံကဲ သဟဲတစ်ခု အစွဲပြုရသောကြောင့်လည်းကောင်း။ ယေသံ= အကြင်မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန်ထင်ပေါ် တရားတော်တို့၏။ ပဘာဝံ=ရှင်ရှင်လူလူ ကျင့်ကြံသူအား နိဗ္ဗူပိုင်မှု ကျေးဇူးပြုသည့် နှဘော်ဖြိုးဟုန် တန်ခိုးဂုဏ်ကို။ အာလမ္ဗ=အမှီတံကဲ သဟဲတစ်ခု အစွဲပြုရသောကြောင့် လည်းကောင်း။ ယေသံ=အကြင် မိဘမိတ်ကောင်း ဆရာကောင်း တို့၏။ ပဘာဝံ="သို့ကျင့်မကောင်း သို့ကျင့်ကောင်း"ဟု ဖြောင်းဖျပဲ့ပြင် သွန်သင်သမှု ကျေးဇူးပြု သား နှဘော်ဖြိုးဟုန် တန်ခိုးဂုဏ်ကို။ အာလမ္ဗ=အမှီတံကဲ သဟဲ့တစ်ခု အစွဲပြုရသောကြောင့် လည်းကောင်း။ ဤဒိသံသုခံ=ရတနာသုံးပုံ ကျေးဇူးဂုဏ်ကို အာရုံပြုရခြင်းမှအစ သီလ သမာဓိ ပညာ သိက္ခာသုံးဝ ဖြည့်ကျင့်ရခြင်းလျှင် အကြောင်းရင်းရှိသည့် ပီတိ+ပဿဒ္ဓိ=နှစ်ဖြာ ယှဉ်ဖက် ပါသော လွန်စွာအေးမြ ဓမ္မချမ်းသာထူးကို။ လဘာမ=ပုဗ္ဗေကတ ပုညသတ္တိ စက်ကောင်းမိ၍ ရရှိထင်စွာ (အကျွန်ုပ်တို့) ခံစားကြရကုန်၏။

နော=အကျွန်ုပ်တို့၏။ တေဗုဒ္ဓါ=ထိုဘုရားဖိနော် စိန္တေယျော်တို့သည်။ အဟော=အမှန်တရား ပိုင်းခြားမြင်သိ ဉာဏ်မျက်စိကို ရရှိစေဦး ဝေဖြန့်ဖြူးသဖြင့် ကျေးဇူးကြီးကျယ်၊ ဩ...ဆပ်၍ မကုန် နိုင်ဖွယ်တကား။ တေဓမ္မာ=မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန်ထင်ပေါ် ထိုတရားတော်တို့သည်။ အဟော=အာရုံစက်ဝိုင်း ဉာဏ်ကသိုင်းဖြင့် ကြဲတိုင်း ကြည်နူး သဒ္ဓါမြူးအောင် ကျေးဇူးကြီးကျယ်၊ ဩ...ဆပ်၍မကုန်နိုင်ဖွယ်တကား။ သာသတ္ထုသမ္ပဒါ=မိဘမိတ်ကောင်း ဆရာကောင်းကို ခညောင်း ခိုလှုံ ထိုဆရာ၏ ပြည့်စုံခြင်းသည်။ အဟော=မနုဿတ္တဒုလ္လဘာကို အရတော်လတ် ရကျိုးနပ်သဖြင့် ကောင်းမြတ်တင့်တယ်၊ ဩ ... ဝမ်းမြောက်ဖွယ်ကြီးပါတကား။

(၂) အဘိဓမ္မာ အသင်းဝင် သူတော်စင် ဒါယကာ-ဒါယိကာမအပေါင်းတို့ ... စာပေ သင်ကြား လေ့လာဆွေးနွေးမှုဟူသော ပရိယတ်လုပ်ငန်း၌ -

http://www.dhammadownload.com



၁။ မြွေဖမ်း မလိမ္မာသူ၏ မြွေဖမ်းပုံဥပမာရှိသော= အလဂဒ္ဒူပမ စာသင်နည်း

၂။ သံသရာဝဋ်မှ ကျွတ်လွတ်ခြင်း အကျိုးရသော=နိဿရဏတ္ထ စာသင်နည်း

၃။ ရဟန္တာအရှင်မြတ်တို့၏ ပရိယတ် ဓမ္မက္ခန္ဓာ ရတနာများ မဆုံးပါး မကွယ်ပျောက်အောင် စောင့်ရှောက်သောအား သင်ကြားမှုတည်းဟူသော=ဘဏ္ဍာဂါရိက စာသင်နည်း

ဟူ၍ သုံးနည်းသုံးမျိုးရှိလေရာ၊ မိမိတို့၏ အဓိက ပဓာနလုပ်ငန်းဖြစ်သည့် "အဘိဓမ္မာတရားတော်များကို နေ့ရက်စဉ် ဝတ်ထား၍ သင်ကြားလေ့လာမှု" ဟူသော ပရိယတ္တိစာသင်လုပ်ငန်းသည် ဖော်ပြရာပါ စာသင်နည်းသုံးမျိုးတို့အနက် (၂ အချက်ပါ) "သံသရာဝဋ်မှ ကျွတ်လွတ်ခြင်းအကျိုးရသော=နိဿရဏတ္ထ စာသင်နည်း" ဖြစ်ရှိအောင် သတိကြီးစွာ ထားရှိကြစေချင်ပါသည်။

သို့မှသာလျှင် –

၁။ ဝိနည်း၌ ကောင်းစွာ လိုက်နာကျင့်ကြံသူသည် သီလနှင့် ပြည့်စုံခြင်းကို အမှီပြု၍ ဝိဇ္ဇာသုံးပါးသို့ ရောက်နိုင်၏။

၂။ သုတ္တန်၌ ကောင်းစွာလိုက်နာကျင့်ကြံသူသည် သမာဓိနှင့် ပြည့်စုံခြင်းကို အမှီပြု၍ အဘိညာဉ်ခြောက်ပါးသို့ ရောက်နိုင်၏။

၃။ အဘိဓမ္မာ၌ ကောင်းစွာလိုက်နာကျင့်ကြံသူသည် ပညာနှင့် ပြည့်စုံခြင်းကို အမှီပြု၍ ပဋိသမ္ဘိဒါဉာဏ်လေးပါးသို့ ရောက်နိုင်၏။

ဟူသော စာပေသင်ကြားမှု=ပရိယတ္တိ၏ သမ္ပတ္တိသုံးပါး အကျိုးတရားတို့အနက် ထိုက်သက်ရာ ပဋိသမ္ဘိဒါပတ္တအကျိုး ရကြမည်ဖြစ်၍ ထိုကဲ့သို့ နိဿရဏတ္ထ ပရိယတ္တိဖြင့် ပဋိသမ္ဘိဒါပတ္တအကျိုးရဖြစ်ရှိကြရန် –

## အာသီသ ဂါထာ

"သုခိတာ ဘဝဝေါ ပဋိသမ္ဘိဒါ ဉာဏ လာဘိနော၊
တုမှေ နိဿရဏတ္ထာယ၊ သာဓဝေါ ပရိယတ္တိယာ"

သာဓဝေါ=အဘိဓမ္မာအသင်းဝင် သူတော်စင်အပေါင်း သူမြတ်လောင်းတို့ ...။ တုမှေ=သင်သူတော်ကောင်း သူမြတ်လောင်းတို့သည်။ နိဿရဏတ္ထာယ=တဏှာမာန်ညွှတ် သံသာဝဋ်မှ ကျွတ်လွတ်ရဘိ အကျိုးရှိသော။ ပရိယတ္တိယာ=အဘိဓမ္မာ မြတ်ရွှေစာကို လေ့လာနှလုံးသွင်း သင်ယူခြင်းဖြင့်။ ပဋိသမ္ဘိဒါဉာဏလာဘိနော=ပဋိသမ္ဘိဒါ ပညာလေးရပ် အထွတ်တပ်သား အရဟတ္တမဂ်ဉာဏ် အရဟတ္တဖိုလ်ဉာဏ်ကို လျင်မြန်ထုတ်ချောက် ရရောက်ကြကုန်လျက်။ သုခိတာ=သန္တိသုခ

http://www.dhammadownload.com



ကိုယ်စီပိုင်ကြကုန်သည်။ ဘဝဇ္ဇေါ=ဧကန်စင်စစ် ဖြစ်ပါစေကုန်သတည်း”ဟူ၍လည်း အစီးအပွား ကို လိုလားသည့် ဟိတူပသံဟာရ မေတ္တာသွန်း၍ ဆရာတော်ဆုညွှန်းအပ်ပါပေသည်။

(၃) အဘိဓမ္မာအသင်းဝင် သူတော်စင် ဒါယကာ–ဒါယိကာမအပေါင်းတို့ ...။ ၎င်းပြင် တဖြာ သာသနာကွယ်ပခြင်း သုံးမျိုးရှိရာဝယ် အစစွာသော ပရိယတ္တိသာသနာ ကွယ်ပခန်း၌ ပဋ္ဌာန်းဒေသနာတော်မှစ၍ ကွယ်ပလိမ့်မည့်အကြောင်း အဋ္ဌကထာ မိန့်မှာဖွင့်ဆိုချက် ရှိပေသည်။ အဘိဓမ္မာအသင်းဝင် သူတော်စင်အပေါင်းတို့သည် ၎င်းအဘိဓမ္မာ ပိဋကတ်ကို ပဋ္ဌာန်းဒေသနာ တော်မြတ်တိုင်အောင် မပြတ်လေ့လာ သင်ကြားကြသဖြင့် သာသနာကွယ်ပမည့် ဘေးကို ရှေ့တန်း မှ ကာကွယ်စောင့်ရှောက်ကြသူများမည်ကြောင်း။

ယင်းသို့ သာသနာကွယ်ပမည့်ဘေးကို ရှေ့တန်းမှ ကာကွယ်စောင့်ရှောက်သောအားဖြင့် တရားအဘိဓမ္မာ မြတ်ရွှေစာကို လေ့လာသင်ကြားကြသောကြောင့်ပင် ဘုရားသာသနာတည်းဟူ သော ဓမ္မစက်သည် ယနေ့ထက်တိုင် အပြိုင်ရာထောင် နေ+လ အဆောင်ဆောင်တို့ ထွန်းပြောင် သည်တမျှ မလျှော့ကျဘဲ ပပတောက်ထိန်လျက် ရှိကြောင်းကို ပဏ္ဍိတဂိုဏ်းဝင် ပညာရှင်မှန်သမျှတို့ အားရဝမ်းသာစွာ အနုမောဒနာ သာဓုကောင်းကြီး ပြုကြမည် ဧကန်အမှန်ပင် ဖြစ်ချေသည်။

သို့ရကား “ဘုရားမြတ်စွာ သာသနာ အရှည်တည်ကြောင်း ကောင်းမွန်မြင့်မြတ်သည့် အဘိဓမ္မာပရိယတ္တိ မိမိတို့၏လုပ်ငန်းကို လေးခန်းသော ဝီရိယတို့ဖြင့် ဆဆထမ်းပိုး တိုး၍တိုး၍ မင်္ဂလာ ဖိုလ်တည်းဟူသော အကျိုးတွေ့အောင် လွှေ့လွှေ့အားရမ်း ကြိုးပမ်းကြမည်”ဟူသော အဓိဋ္ဌာန်မှု ဖြင့် ဤယခု (၁၈)ကြိမ်မြောက် အဘိဓမ္မပူဇာအခါတော်နေ့ အခမ်းအနားကို လေးပါးသော ပရိသတ် တို့ တညီတညွတ် စည်းဝေးမိကြသော ဤယခု အချိန်သမယဝယ် “သီဟနာဒ” ကမ္ဘည်းမွေးသော သာသနာရေး အဓိဋ္ဌာန် ပွဲတင်သံဂါထာကို သာယာစွာ ကျူးရင့်၍ ဖွင့်လှစ်ကြပါကုန်စို့ ... အဘိဓမ္မာ အသင်းဝင် ဒါယကာ–ဒါယိကာမအပေါင်းတို့ ...။

ဝါစယံ ဘာသယံ ဒါနိ၊ အာမောဒံ သုဂတေရိတံ။
သုတာ မယံ ပဝတ္တေမ၊ စက္ကံဝ စက္ကဝတ္တိနော။

စက္ကဝတ္တိနော=အကန့်တစ်ထောင် အရောင်ရိုးရက် ပြိုးပြိုးပြက်သား စကြာသခင် ဘုရင်မင်း မြတ်၏။ သုတော=သားကြီးဥပရာ နန်းညွှန့်လျာသည်။ ဝါစယံ=“ဝတ္တတုဘဝံ စက္ကရတနံ” အမိန့် ပေးအောင်သံကို နဘာသိမ့်ဟည်း ခြိမ့်ခြိမ့်ညည်းမျှ ခမည်းတော်ကိုယ်စား မြွက်ဆိုကြားလျက် လည်းကောင်း။ ဘာသယံ=လေးရပ်မျက်နှာ တစ်ယူဇနာအတွင်း အမှောင်ရှင်းအောင် ထွန်းလင်း တောက်ပစေလျက် လည်းကောင်း။ အာမောဒံ=“အဖကောင်းသား ငါတကား”ဟု ကြုံးဝါးသည့်သွင် မျက်နှာပြင်ကို မြင်မြင်သူ ဘဝင်နူးလောက်အောင် ရွှင်မြူးဝမ်းမြောက်လျက် လည်းကောင်း။ စက္ကံ= မြပုံတောင်း(ပဒေါင်း) ချက် ပ–မောင်းလက်၍ ပြိုးပြက်လျှံထုး အရှိန်မြူးသား တိမ်ဦးကွန့်စံ

http://www.dhammadownload.com



စက်ယာဉ်ပျံကို။ ပဝတ္တေသိက္ကဝ=ဘုန်းရည်+ရုံးရည်+နှလုံးရည်ဖြင့် ပြိုးကြည်အေးမြ ဘေးမခဘဲ လေးဝကျွန်းမြေ ကွန့်လည်စေသကဲ့သို့။

စက္ကဝတ္တိနော=တရားစကြာ ရတနာသခင် ဘုရင်မင်းတရား တို့ဘုရား၏။ သုတာ= သား ဥပရာ နန်းညွန့်လျာနှင့် ပမာထားတင် တရားရင်မှ ဖွားမြင်သူစင်စစ် ဧကန်ဖြစ်ကြကုန်သော။ မယံ=သံသရာဝဋ် တဏှာညွှတ်မှ ကျွတ်ဆုရည်ချွေ တို့တတွေသည်။ ဒါနိ ဣဒါနိ=သာသနာစက်ခါ တစ်ဝက်ကို ကျော်တက်ရောက်လာ ယခုအခါ၌။ ဝါစယံ=ကိုယ်တတ်သမျှ မခိုမကပ်ကြဘဲ ပို့ချ ဟောကြားကြကုန်လျက် လည်းကောင်း။ ဘာသယံ=နေ့နှင့်ညဉ့်တာ မလင့်ပါအောင် အခါမလပ် ရွတ်ဖတ်ပွားများကြကုန်လျက် လည်းကောင်း။ အာမေဒံ="ဆရာကောင်းတပည့် အမိကောင်း သမီးသား တို့လူများ"ဟု စိတ်ထားသန့်စင် မျက်နှာပြင်ကို မြင်မြတ်သူ ဘဝင်လွှမ်းအောင် ရွှင်လန်း ဝမ်းမြောက်ကြကုန်လျက် လည်းကောင်း။ သုဂတေရိတံ=ရှင်စောဗုဒ္ဓနှုတ် ကြာကုမုဒ်မှ အာလုပ်ရင့်ရှု ဟောဖွင့်တော်မူအပ်သော။ စက္ကံ=လေးသောင်းနှစ်ထောင် အရောင်ဖြန့်ကြက် ကန့်ကန့်ယှက်သား ဓမ္မက္ခန္ဓာ စကြာတော်မြတ် အဘိဓမ္မပိဋကတ်ကို။ ပဝတ္တေမ=နှုတ်ရဆောင်ထွေ ကွန့်လည်စေကြ ပါကုန်စို့။ ဝါ-ပဝတ္တေမ="သာသနာစက် ကျန်တစ်ဝက်လျှင် နောက်ဆက်ခွန့်ရှည် ကြံ့ကြံ့တည် ဟု" ကြံရည်ဖန်ရည် ဉာဏ်ဂမ္ဘီဖြင့် လျှံခြည်ဝေမို့ နေနှယ်ပျို့အောင် ....

(အများဆိုရန်) တို့သာသနာ၊ တို့ဘာသာ၊ ညီညာငါတို့ ပြုကုန်စို့။
တို့သာသနာ၊ တို့ဘာသာ၊ ညီညာငါတို့ ပြုကုန်စို့။
တို့သာသနာ၊ တို့ဘာသာ၊ ညီညာငါတို့ ပြုကုန်စို့။

သာဓု ... သာဓု ... သာဓု။

http://www.dhammadownload.com



တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု

**မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး**

ဟောကြားအပ်သော အရဏဝိဘင်္ဂသုတ်တရားတော်လာ

## စတုသစ္စ ကမ္မဋ္ဌာန်းလင်္ကာ

## ဩဝါဒကထာ

၁။ ပဉ္စသန္ဓေ၊ အို, နာ, သေ ဟု၊ လေးထွေ ရင်းမြစ် ဒုက္ခဖြစ်၏။ မချစ်ယှဉ်တွဲ၊ ချစ်သူကွဲနှင့် လိုလိမရ၊ အကျဉ်းပြသော်၊ ပဉ္စုပါဒါ၊ ငါးခန္ဓာ၊ သစ္စာဒုက္ခ မှန်မောလှ။

၂။ ဒုက္ခ ဖြစ်ကြောင်း၊ မကောင်းတဏှာ၊ လောဘမှာ၊ သစ္စာသမုဒယ မှန်မောလှ။

၃။ တဏှာချုပ်ရာ၊ နိဗ္ဗာန်မှာ၊ သစ္စာနိရောဓ မှန်မောလှ။

၄။ နိဗ္ဗာန်ရောက်ကြောင်း၊ ကောင်းသောအသိ၊ ကောင်းဘိအကြံ၊ ကောင်းသံဆိုပြော၊ ကောင်းသောအပြု၊ ကောင်းမှုသက်မွေး၊ ကောင်းရေးလုံ့လ၊ ကောင်းထသတိ၊ ကောင်းဘိတည်ကြည်၊ ဤရှစ်မည်၊ တွင်ညီမဂ္ဂ မှန်မောလှ။

(မှတ်ချက်) ဓမ္မစကြာ ပါဠိတော်လာ သစ္စာလေးပါးကို ဖော်ပြသည့် "ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ" အစရှိသော စာပိုဒ် ၄ ပိုဒ် ပါဠိနှင့် အနက်တို့ကိုပါ ယှဉ်တွဲ၍ ဤလင်္ကာအတိုင်း နှလုံးသွင်းလျှင် ပို၍ထင်လွယ် သိလွယ်၏။ ဤလင်္ကာ ၄ ပုဒ်ကို နှုတ်တက်ရဆောင်၍ မပြတ်မပြတ် ရွတ်ဆို နှလုံးသွင်းကြပါလျှင် မိမိတို့မှာ သမ္မာဒိဋ္ဌိမဂ္ဂင် ဖြစ်၍ ဆင်းရဲကင်းကွာ ချမ်းသာစွာ နေကြရပါလိမ့်မည် သူတော်ကောင်းတို့။

ဦးဝိစိတ္တသာရာဘိဝံသ
တိပိဋကဓရဆရာတော်

http://www.dhammadownload.com



ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်း၏ ၁၃၃၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်
(၂၆)ကြိမ်မြောက် အဘိဓမ္မာအခါတော်နေ့ အခမ်းအနားတွင်
နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု
ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ မဟာထေရ် မြွက်ကြားသော

## သဓမ္မာဒနိယ ဩဝါဒကထာ

(သိဒ္ဓမ်) အဘိဓမ္မာအသင်းဝင် သူတော်စင်အပေါင်း သူမြတ်လောင်းတို့ ....။ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ပရိယတ္တိတရားတော်ကို ပိဋကအားဖြင့် ခွဲဝေလျှင် (က) ဝိနယပိဋက (ခ)သုတ္တန္တပိဋက (ဂ)အဘိဓမ္မာပိဋကဟူ၍ သုံးပုံရှိလေရာ (က) ဝိနည်း ပိဋကတ်တော်သည် အဓိသီလသိက္ခာ သာသနာအား အထူးကျေးဇူးပြုသည်။ (ခ) သုတ္တန်ပိဋကတ်တော်သည် အဓိစိတ္တသိက္ခာသမာဓိသာသနာအား အထူးကျေးဇူးပြု သည်။ (ဂ) အဘိဓမ္မာပိဋကတ်တော်သည် အဓိပညာသိက္ခာ သာသနာအား အထူး ကျေးဇူးပြုသည်။ ထိုသို့ အဋ္ဌကထာ=ဋီကာတို့ မိန့်မှာဖွင့်ပြချက်နှင့်အညီ ဤဖော်ပြလတ္တံ့ သော မှတ်တမ်းဂီတိဂါထာကို ရှေးဦးစွာ ရွတ်ဆိုကြည်ညို သဒ္ဓါတရား ပွားများကြစေ လိုပါသည်။

(၁) ဝိနယော အာဒိသီလဿ၊ ဓမ္မော မဇ္ဈေသမာဓိနော။
အဘိဓမ္မော တု ပညာယ၊ ပစ္စယော ပါရိပူရိယာ။

သာဓဝေါ=အဘိဓမ္မာအသင်းဝင် သူတော်စင်အပေါင်း သူမြတ်လောင်းတို့။ ဝိနယော= ဝိနည်းတွင်ခေါ် ပိဋကတ်တော်သည်။ အာဒိသီလဿ=သာသနာတော်၏အစ သီလသိက္ခာ ကျင့် ဖွယ်ရာ၏။ ပါရိပူရိယာ=အရဟတ္တဖိုလ်ပေါက် ကျေးဇူးဆောက်ဖို့ အောင်မြောက်ကုံလုံ ပြည့်စုံရန် အလို့ငှာ။ ပစ္စယော=ဥပနိဿယည်း အားကြီးသော ပစ္စည်းဇကန် မှန်လှပါပေ၏။ ဓမ္မော=ဓမ္မတွင် ခေါ် သုတ္တန်ပိဋကတ်တော်သည်။ မဇ္ဈေသမာဓိနော=သာသနာတော်၏ အလယ်ကျင့်ဖွယ်မှန်ဘိ သမာဓိသိက္ခာ၏။ ပါရိပူရိယာ=အရဟတ္တဖိုလ်ပေါက် ကျေးဇူးဆောက်ဖို့ အောင်မြောက်ကုံလုံ ပြည့်စုံရန်အလို့ငှာ။ ပစ္စယော=ဥပနိဿယည်း အားကြီးသော ပစ္စည်းဇကန် မှန်လှပါပေ၏။ အဘိဓမ္မောတု=အဘိဓမ္မာတွင်ခေါ် ပိဋကတ်တော်သည်ကား။ ပညာယ=သာသနာတော်၏အဆုံး ကျင့်ဖွယ်ရာ အဓိပညာသိက္ခာ၏။ ပါရိပူရိယာ=အရဟတ္တဖိုလ်ပေါက် ကျေးဇူးဆောက်ဖို့ အောင်

http://www.dhammadownload.com



မြောက်ကုံလုံ ပြည့်စုံရန်အလို့ငှာ။ ပစ္စယော=ဥပနိဿယည်း အားကြီးသောပစ္စည်း ဖေကန် မှန်လှ ပါပေ၏။

အဘိဓမ္မာအသင်းဝင် သူတော်စင်အပေါင်း သူမြတ်လောင်းတို့။ မြတ်စွာဘုရားသည် ဝိနည်း ပိဋကတ်တော်ကို မဟာကရုဏာပြဋ္ဌာန်း၍ ဟောကြားတော်မူကြောင်း၊ အဘိဓမ္မာပိဋကတ်တော်ကို ပညာပြဋ္ဌာန်း၍ ဟောကြားတော်မူကြောင်း၊ သုတ္တန်ပိဋကတ်တော်ကို ကရုဏာ+ပညာနှစ်ပါး ပြဋ္ဌာန်း ၍ ဟောကြားတော်မူကြောင်း အဋ္ဌကထာ+ဋီကာတို့၌ အခိုင်အမာ ဖွင့်ပြခဲ့လေသည်။ ထိုတွင် အဘိဓမ္မာပိဋကတ်ကို ဟောကြားတော်မူရာ၌ မြတ်စွာဘုရား၏ မဟာကရုဏာတော်သည် အခြေခံ နိဒါန်းဖြစ်ကြောင်း အထူးဖွင့်ပြတော်မူကြပြန်သည်။ မြတ်စွာဘုရား၏ မဟာကရုဏာ သမာပတ္တိ အသာဓာရဏဉာဏ်တော်ဖြစ်ပုံကိုလည်း ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ ....

"ဗဟုကေဟိ အာကာရေဟိ ပဿန္တာနံ ဗုဒ္ဓါနံ ဘဂဝန္တာနံ သတ္တေသု မဟာကရုဏာ ဩက္ကမတိ။ အာဒိတ္တော လောကသန္နိဝါသောတိ ပဿန္တာနံဗုဒ္ဓါနံ ဘဂဝန္တာနံ သတ္တေသု မဟာ ကရုဏာ ဩက္ကမတိ"

များစွာသော အချင်းအရာတို့ဖြင့် သတ္တဝါတို့ ဒုက္ခရောက်ပုံ အလုံးစုံကို အကုန်သိမြင် ဘုရား ရှင်တို့ သန္တာန်၌ သတ္တဝါတို့အပေါ်ဝယ် ကြီးစွာသော မဟာကရုဏာတော် သက်ဝင်ဖြစ်ရှိပေ၏။ "ဤသတ္တဝါအပေါင်းကို ရာဂါဒိမီး ဆယ့်တသီးတို့ တငြီးငြီးတပြောင်ပြောင် တောက်လောင်၍ နေအပ်ဘိတကား"ဟု ပိုင်းခြားထင်ထင် သိမြင်တော်မူကြသော ဘုရားရှင်တို့ သန္တာန်၌ သတ္တဝါတို့ အပေါ်ဝယ် ကြီးစွာသော မဟာကရုဏာတော် သက်ဝင်ဖြစ်ရှိပေ၏။

ဤသို့ အစရှိသည်ဖြင့် ကြည်ညို၍မဆုံးနိုင်ဖွယ်ရာ အချင်းအရာပေါင်း တစ်ရာကျော်တို့ဖြင့် သတ္တဝါတို့အပေါ်ဝယ် ဘုရားရှင်တို့၏ မဟာကရုဏာတော် သက်ဝင်ဖြစ်ရှိတော်မူကြောင်း ဓမ္မသေနာပတိ သာရိပုတြာမထေရ်မြတ် ဟောကြားတော်မူအပ်ခဲ့လေသည်။

ထို့ပြင်လည်း မြတ်စွာဘုရားသခင်သည် နေ့စဉ်နေ့စဉ် မဟာကရုဏာသမာပတ်ကို အကြိမ် ပေါင်း ကုဋေတစ်သန်းနှစ်သိန်း၊ အရဟတ္တဖိုလ် သမာပတ်ကို အကြိမ်ပေါင်း ကုဋေတစ်သန်း နှစ်သိန်း ဝင်စားတော်မူကြောင်း (နှင့်) =၂ ရပ်ပေါင်း ထိုကုဋေနှစ်သန်း လေးသိန်းသော သမာပတ် တို့ကို "ဒေဝသိကဝဠဉ္ဇနသမာပတ်=နေ့တိုင်း အသုံးပြုအပ်သော သမာပတ်"ဟု ခေါ်ဆိုကြောင်း အဋ္ဌကထာ+ဋီကာတို့ဖြင့် ဖွင့်ပြအပ်လေသည်။

အဘိဓမ္မာအသင်းဝင် သူတော်စင်အပေါင်း သူမြတ်လောင်းတို့ ... အသင် သူတော်ကောင်း တို့သည် နေ့စဉ်လေ့လာ၍ နှစ်စဉ် နှစ်စဉ် ဤလ ဤအခါ၌ ပူဇာသဘင် ဆင်ယင်ကျင်းပလျက် ရွတ်ဖတ်နာယူ ကြည်ဖြူကော်ရော် ပူဇော်အပ်သော ဤအဘိဓမ္မာတရား ဒေသနာတော်မြတ်ကို

http://www.dhammadownload.com



မြတ်စွာဘုရား ဖော်ပြရာပါ သာဝကတို့နှင့် မဆက်ဆံသော အသာဓာရဏဉာဏ်တော် ခြောက်ပါး၌ တစ်ပါးအပါအဝင်ဖြစ်သော မဟာကရုဏာ သမာပတ္တိဉာဏ်တော်ကို အခြေခံနိဒါန်းပြု၍ သဗ္ဗညုတ ရွှေဉာဏ်တော်ဖြင့် ဓမ္မဥသုံ အလုံးစုံကို အကုန်ချက်ပိုင် သိမြင်တော်မူပြီးမှ ကောင်းကင်မြစ်ကြီး ယိုစီးသည့်ပမာ တာဝတိံသာ၌ တစ်ဝါတွင်းလုံး ဟောကြားတော်မူအပ်ကြောင်းကို အဘိဓမ္မာအဋ္ဌကထာ ကျမ်းဦးအစ၌ အဋ္ဌကထာ ဆရာတော်ဘုရားသည် ...

(၂) ကရုဏာ ဝိယ သတ္တေသု၊ ပညာ ယဿ မဟေသိနော။
ဉေယျဓမ္မေသု သဗ္ဗေသု၊ ပဝတ္တိတ္ထ ယထာရုစိ။

အစရှိသည်ဖြင့် ဖွင့်ပြတော်မူအပ်ခဲ့လေပြီ။

သာဓဝေါ=အရိယမဂ်လေးတန် ဗောဓိဉာဏ်ကို ရရန်ဆုတောင်း အိုသူတော်ကောင်းတို့။ မဟေသိနော=သီလက္ခန္ဓ စသည်ကျေးဇူး ဂုဏ်အထူးကို ဆည်းပူးရှာမှီး လေ့ကျက်တော်မူပြီးသော။ ယဿသမ္ဗုဒ္ဓဿ=အကြင်သဗ္ဗညုဗုဒ္ဓ အမည်ရသည့် လောကထွတ်ထား မြတ်စွာဘုရား၏။ သတ္တေသု=ဝေနေယျများစွာ သတ္တဝါတို့၌။ ကရုဏာ=သူမတူတန် ထက်သန်ကြီးမြတ် မဟာကရုဏာခတ်သည်။ ယထာရုစိ=အလိုတော်ရှိတိုင်း။ ပဝတ္တိတ္ထ ယထာ=ဖြစ်လေသကဲ့သို့။ သဗ္ဗေသု =ကြွင်းမဲ့ဥသုံ အလုံးစုံကုန်သော။ ဉေယျဓမ္မေသု=သိသင့်သမျှ ဉေယျခေါ်ငြား ထိုတရားတို့၌။ ပညာ=သဗ္ဗညုတဉာဏ်ပညာတော်သည်။ ယထာရုစိ=အလိုတော်ရှိတိုင်း။ ပဝတ္တိတ္ထ=ဖြစ်တော်မူခဲ့ လေပြီ။

အဘိဓမ္မာအသင်းဝင် သူတော်စင်အပေါင်း သူမြတ်လောင်းတို့ ... မြတ်စွာဘုရားရှင်သည် နေ့စဉ်ဝင်စား သုံးစွဲတော်မူအပ်သည့် ဒေဝသိကဝဠဥ္ဇနသမာပတ် အမည်ရသော မဟာကရုဏာ တော် လှံ့ဆော်တိုက်တွန်းရကား ထိုသဗ္ဗညုတရွှေဉာဏ်တော်ဖြင့် ဤအဘိဓမ္မာတရားဒေသနာတော် ကို ဟောဖော်မြွက်ဟ ဆိုဆုံးမတော်မူခဲ့ပေသည်။ မဟာကရုဏာသမာပတ္တိဉာဏ် အဘိဓမ္မာတရား တော်ကို ဟောဖော်ညွှန်ပြ ဆိုဆုံးမတော်မူနိုင်လေသည်။ ဤဉာဏ်နှစ်ပါးမရှိသော ပုဂ္ဂိုလ်များအဖို့ လားလားမျှ အရာမဟုတ်ပါချေ။

(၃) ဒယာယ တာယ သတ္တေသု၊ သမုဿာဟိတမာနသော။
တဿာ ပညာယ တေဇေန၊ ယံ ဓမ္မံ သမ္ပဝတ္တယိ။

သာဓဝေါ=အဘိဓမ္မာအသင်းဝင် သူတော်စင်အပေါင်း သူမြတ်လောင်းတို့ ...။ သမ္ဗုဒ္ဓေါ= သဗ္ဗညုတဗုဒ္ဓ အမည်ရသည့် လောကထွတ်ထား မြတ်စွာဘုရားသည်။ သတ္တေသု=ဝေနေယျများစွာ သတ္တဝါတို့၌။ ဥပ္ပန္နာယ=ဥပါဒ်ထင်ရှား နေ့စဉ်တစေ ဖြစ်ပွားသော။ တာယဒယာယ=အသာဓာရဏ ဉာဏ်ခြောက်ဝ အဝင်အပါ ထိုမဟာကရုဏာဖြင့်။ သမုဿာဟိတမာနသော=လှံ့ဆော်တိုက်တွန်း

http://www.dhammadownload.com



အပ်သော စိတ်ရှိတော်မူသည်ဖြစ်၍။ တဿာ ပညာယ=အဘိဓမ္မာဒေသနာ သမုဋ္ဌာန် ထိုသဗ္ဗညုတ ရွှေဉာဏ်တော်၏။ တေဇေန=ဉေယျခဲ့ဉသံ့ အလုံးစုံကို အကုန်မကျန် အမှန်အတိုင်း သိမြင်ခြင်း, ထိုဉေယျတရားတို့ကို ဝေနေယျအများအား ဟောကြားသင့်သော အခြင်းအရာကို ကောင်းစွာ သိမြင်ခြင်း, ဝေနေယျတို့၏ အာသယ+အဓိမုတ္တိ စသည်ကို ထင်စွာ ပြဖော်နိုင်ခြင်းတည်းဟူသော အစွမ်းသုံးဖော် တန်ခိုးတေဇော်ဖြင့်။ ယံ ဓမ္မံ=အဘိဓမ္မာတွင်ခေါ် အကြင်တရားတော်ကို။ သမ္ပဝတ္တယိ= သောင်းစက္ကဝါ နတ်ဗြဟ္မာတို့အား ကောင်းစွာလည်စေ ဟောမြွက်တော်မူခဲ့လေပြီ ...။

အဘိဓမ္မာအသင်းဝင် သူတော်စင်အပေါင်း သူမြတ်လောင်းတို့ ... မြတ်စွာဘုရားသည် အဘိဓမ္မာ တရားဒေသနာဖြင့် ခန္ဓာငါးဝ ဓမ္မအစုအပုံမျှဝယ် နိစ္စ+သုခ+သုဘ+အတ္တ–ဟု သညာ+ စိတ္တ+ဒိဋ္ဌိအားဖြင့် သုံးပါးသော အမှတ်လွဲ+အသိလွဲ+အမြင်လွဲတို့ဖြင့် အလွဲကြီးလွဲနေကြသော လူ+နတ်+ဗြဟ္မာ သတ္တဝါတို့ကို ထိုဝိပလ္လာသသုံးပါး (အကျယ်အားဖြင့် တစ်ဆယ့်နှစ်ပါး)တို့မှ ကျွတ်လွတ်စေတော်မူကာ ဘဝသမုဒ္ဒရာကြီးမှ ကောင်းစွာကယ်တင်တော်မူခဲ့လေပြီ။

(၄) ဓမ္မပုဉ္ဇမတ္တေ ယေန၊ အဟံ+မမာတိသညိနော။
ဝိပလ္လာသာ ဝိမောစေန္တော၊ တာရေသိ ဘဝသာဂရာ။

သာဓဝေါ=အဘိဓမ္မာအသင်းဝင် သူတော်စင်အပေါင်း သူမြတ်လောင်းတို့ ...။ သမ္ဗုဒ္ဓေါ= သဗ္ဗညုတဗုဒ္ဓ အမည်ရသည့် လောကထွတ်ထား မြတ်စွာဘုရားသည်။ ယေန=ယင်းအဘိဓမ္မာ တရားဒေသနာဖြင့်။ ဓမ္မပုဉ္ဇမတ္တေ=ပရမတ္ထ ဓမ္မမှန်စွာ ခန္ဓာငါးဝ နာမ်+ရုပ် အစုမျှ၌။ အဟံ+ မမာတိသညိနော=ငါ+ငါ့ဥစ္စာ ငါ့လိပ်ပြာဟု သညာဖော်လွဲ အမှတ်လွဲ+အသိလွဲ+အမြင်လွဲ၍ နေကြသော ဝေနေယျများစွာ သတ္တဝါတို့ကို။ ဝိပလ္လာသာ=သညာ+စိတ္တ+ဒိဋ္ဌိအားဖြင့် သုံးထွေပြားသည့် ဝိပလ္လာသ=တရားလွဲအစုမှ။ ဝိမောစေန္တော=အမြစ်ပြတ်ချေချွတ် လွတ်စေတော်မူလျက်။ ဘဝသာဂရာ=ကာမ+ရူပ+အရူပ–ဟု ဘဝနက်ကျယ် မြစ်ပင်လယ်မှ။ တာရေသိ=နိဗ္ဗူထုတ်ချောက် အရဟတ္တဖိုလ်တိုင်ရောက်အောင် လွတ်မြောက်ကုန်စေ ကယ်ချွတ်တော်မူခဲ့လေပြီ။

အဘိဓမ္မာအသင်းဝင် သူတော်စင်အပေါင်း သူမြတ်လောင်းတို့ ... ထို့ပြင်လည်း မြတ်စွာဘုရားသည် ဘုရားဖြစ်ပြီးစ သတ္တသတ္တာဟစံနေတော်မူရာ စတုတ္ထသတ္တာဟဖြစ်သည့် (မဟာဗောဓိမှ အနောက်မြောက်) ရတနာဃရသတ္တာဟ၌ စံနေတော်မူသောအခါ အရဟတ္တဖိုလ် သမာပတ်ချမ်းသာကို ခံစားလိုက်, အဘိဓမ္မာတရားတော်ကို ဆင်ခြင်သုံးသပ်လိုက်ဖြင့် အလှည့်အလည် ဓမ္မရသာကို ခံစားသုံးဆောင်တော်မူနေသောအခါ အဘိဓမ္မာဒေသနာအစဉ်ကို ဆင်ခြင်သုံးသပ်ရာ၌ အောက်ဖြစ်သော အဘိဓမ္မာခြောက်ကျမ်း ဒေသနာနည်းလမ်းကား သဗ္ဗညုတ ရွှေ ဉာဏ်တော်က အရာကျယ်သဖြင့် ကြပ်တည်းကျဉ်းမြောင်းသကဲ့သို့ ရှိလေရာ ခုနစ်ဆင့်မြောက်ပဋ္ဌာန်းဒေသနာ တော်ကို ဆင်ခြင်သုံးသပ်တော်မူသောအခါကျမှ ဉာဏ်တော်ကလည်း သမုဒ်ပမာ ကျယ်ဝန်းသည့်

http://www.dhammadownload.com



ဉာဏသာဂရဖြစ်ခြင်း ပဋ္ဌာန်းအဘိဓမ္မာ ဒေသနာတော်ကလည်း သမုဒ်ပမာ နည်းနာနယကျယ်ဝန်းသည့် နယသာဂရဖြစ်ခြင်း ဤအကြောင်းနှစ်ရပ် ပေါင်းစပ်မိသောကြောင့် ဘုရားဇိနော်စိတ္တေယျော်၏သွေးတော်စသည် ကြည်လင်တောက်ပလျက် ဘုရားရှေ့ကိုယ်တော်မှ နီလ+ပီတ+လောဟိတ+သြဒါတ+မဉ္ဇေဋ္ဌ+ပဘဿရတည်းဟူသော ရောင်ခြည်တော်ခြောက်သွယ်တို့ အဆန်းတကြယ် ကွန့်မြူးထွက်ကြွတော်မူခဲ့ကြလေသည်။ ဤအကြောင်းအရာကို မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးက ဤဆိုလတ္တံ့သောအတိုင်း "ဆဗ္ဗဏ္ဏာရံသိဝဏ္ဏနာ" ဘုရားရှိခိုးဂါထာ၌ ရေးသားဖွဲ့ဆို ကြည်ညိုတော်မူခဲ့လေသည်။

(၅) သမ္မသန္တဿ တံ ဓမ္မံ၊ တဒါ သတ္ထု သရီရတော။
တံ တံ ဓာဝန္တိ ဆဗ္ဗဏ္ဏာ၊ လောဟိတာဒိပသီဒနာ။

တဒါ=ထို သဗ္ဗညုတရွှေဉာဏ် ကျက်စားရန်အခွင့် ရတော်မူသောအခါ၌။ တံ ဓမ္မံ=ပရမာဏုမြူ ပုံတူအလား ထိုသိမ်မွေ့နက်နဲလှသော ပဋ္ဌာန်းတရားကို။ သမ္မသန္တဿ=သုံးသပ်ဆင်ခြင်တော်မူသော။ တဿ သတ္ထု=ဗြဟ္မာ+နတ်+လူ+သုံးဘုံသူကို ကြည်ဖြူရွှင်ပြုံး ရွှေနှုတ်လုံးဖြင့် ဆုံးမတော်မူပေတတ်သော ထိုမြတ်စွာဘုရား ကိုယ်တော်မြတ်၏။ လောဟိတာဒိပသီဒနာ=သွေးတော်စသည် ကြည်လင်တောက်ပခြင်းကြောင့်။ သရီရတော=ပကတိအတောင် တစ်ဆယ့်ရှစ်တောင်ပေါ် ရွှေကိုယ်တော်မှ။ ဆဗ္ဗဏ္ဏာ=ညို+ရွှေ+ဖြူ+နီ+မောင်းရီ+ပြိုးပြက် တခဲနက်အား ခြောက်ပါးသော အဆင်းရှိသော ရောင်ခြည်အလျှံတော်တို့သည်။ တံ တံ ဌာနံ=ဝဲ+ယာ+ရှေ့+နောက် အထက်+အောက်ဟုဆိုအပ်သော ထိုထိုအရပ်ဌာနသို့။ ဓာဝန္တိ=ထိုဤမားမား ပြေးသွားတော်မူကြလေကုန်၏။

(၆) နီလာယော နီလဋ္ဌာနေဟိ၊ ပီတော+ဒါတာ စ လောဟိတာ။
တမှာ တမှာ တု မဉ္ဇေဋ္ဌာ၊ နိက္ခမိံသု ပဘဿရာ။

နီလဋ္ဌာနေဟိ=ဆံတော်+မျက်နက်တော် တခိုဲ ညိုရာရာ အရပ်တော်တို့မှ။ နီလာယော=ဝန်းကျင်ပျံ့ဝဲ ဖြန့်မြှောက်ကြဲအပ်သော အောက်မဲညို+ကြာညို မျက်စဉ်းညိုကဲ့သို့လည်းကောင်း တလျှပ်လျှပ် တငြိမ့်ငြိမ့် တအိမ့်အိမ့်တနွဲ့နွဲ့ တလွဲ့လွဲ့ ခတ်အပ်သော ပတ္တမြားယပ်ညို ပုဆိုးညိုကဲ့သို့လည်းကောင်း၊ ထိုထိုရပ်ခွင် ဝန်းကျင်ပတ်ချွေ မိုးနှင့်မြေကို လွှမ်းအုပ်ညိုစေလျက် မည်းနက်ရောင်တွဲ့ ပြာလဲ့စိမ်းစို ညိုသောအဆင်းရှိသော ရောင်ခြည်အလျှံတော်တို့သည်။ နိက္ခမိံသု=ပဋ္ဌာန်းဒေသနာတော်မြတ်ကို သုံးသပ်ဆင်ခြင်တော်မူသည့်နေ့ကစ၍ ယခုည+ယခုနေ့တိုင်အောင် အရောင်ရှိန်ရှိန် တထိန်ထိန်နှင့် အိမ်လုံးတောင်လုံးခန့်ပမာဏ ကြွကြွဝင်းဝင်း ထွန်းလင်းတောက်ပလျက်ထွက်ခွာဝေးခြား ပြေးသွားတော်မူကြလေကုန်ပြီ ... (၁)။

http://www.dhammadownload.com



ပီတဋ္ဌာနေဟိ=ရွှန်းအိကိုယ်ရေ ဝါရွှေရာအရပ်တော်တို့မှ။ ပီတာ=ပတ်လည်ဝန်းကျင် ရွှေရည်လျှံဆမ်း ရွှေပုဆိုးဖြန့်လှမ်းသကဲ့သို့လည်းကောင်း၊ ကျိုကျူမှုန်ရွှေဝါ မြင်းသီလာဆေး ဒန်းပွင့်မဟာလေ့ကားပန်းတို့သည် ကောင်းကင်ပြည့်ပြွမ်းသကဲ့သို့လည်းကောင်း၊ ဖုံးလွှမ်းမိုးကာ ဆယ်မျက်နှာရပ်ခွင်ကို ဝါလွင်ထိန်လင်းစေလျက် ဝါဝင်းထိန်ပြေ ရွှေသောအဆင်းရှိသော ရောင်ခြည်အလျှံတော်တို့သည်။ နိက္ခမိံသု=ပဋ္ဌာန်းဒေသနာတော်မြတ်ကို သုံးသပ်ဆင်ခြင်တော်မူ သည့်နေ့ကစ၍ ယခုည+ယခုနေ့တိုင်အောင် အရောင်ရှိန်ရှိန်တထိန်ထိန်နှင့် အိမ်လုံးတောင်လုံးခန့် ပမာဏ ကြွကြွဝင်းဝင်း ထွန်းလင်းတောက်ပလျက် ထွက်ခွာဝေးခြား ပြေးသွားတော်မူကြလေကုန်ပြီ ... (၂)။

ဩဒါတဋ္ဌာနေဟိ=အရိုးတော်+သွားတော် မျက်ဖြူတော် အစရှိသော ဖြူရာရာအရပ်တော်တို့မှ။ ဩဒါတာ=ပတ်လည်ဝန်းကျင် ငွေအိုးမှ သွန်အပ်သော နို့ရည်အလျှဉ် ကောင်းကင်ပြည့် ငွေဗိတာန် ဝေဟာယံတိမ်မြင့်က တဝင့်ဝင့် တန္တဲ့န္တဲ့ တလွဲလွဲ ခတ်အပ်သော ငွေပြားယပ်+ငွေစပယ်သင်းခွေနှယ်+ကြာဖြူ မုလေးဖြူ (မြတ်လေးဖြူ) ကြက်ရုံးတို့ အုပ်ဖုံးကာ ယုက်ထွေးသကဲ့သို့ ဖြူဖွေးသပ္ပါယ် စင်ကြယ်သန့်ရှင်းသော အဆင်းရှိသော ရောင်ခြည်အလျှံတော်တို့သည် နိက္ခမိံသု=ပဋ္ဌာန်းဒေသနာတော်မြတ်ကို သုံးသပ်ဆင်ခြင်တော်မူသည့်နေ့ကစ၍ ယခုည+ယခုနေ့တိုင်အောင် အရောင်ရှိန်ရှိန် တထိန်ထိန်နှင့် အိမ်လုံးတောင်လုံးခန့်ပမာဏ ကြွကြွဝင်းဝင်း ထွန်းလင်းတောက်ပလျက် ထွက်ခွာဝေးခြား ပြေးသွားတော်မူကြလေကုန်ပြီ ...(၃)။

လောဟိတဋ္ဌာနေဟိ=မျက်စိ+သား+သွေး နီထွေးရာ အရပ်တော်တို့မှ။ လောဟိတာ=ဆုန်းမှုန့်တပ်စွဲ ရဲသောချိပ်ရည် ကမ္ဗလာနီမြန်း လယ်ခေါင်ရန်း+မိုးစွေ ပန်းကသစ်အနေလို ရေမြေရောကောင်းကင်ပါ အာကာသအဇ္ဈာမှာ တိမ်မိလ္လာယှက်ထွေးသကဲ့သို့ နီးတွေးထိန်ကျင် လွင်သော အဆင်းရှိသော ရောင်ခြည်အလျှံတော်တို့သည်။ နိက္ခမိံသု=ပဋ္ဌာန်းဒေသနာတော်မြတ်ကို သုံးသပ်ဆင်ခြင်တော်မူသည့်နေ့ကစ၍ ယခုည+ယခုနေ့တိုင်အောင် အရောင်ရှိန်ရှိန် တထိန်ထိန်နှင့် အိမ်လုံးတောင်လုံးခန့်ပမာဏ ကြွကြွဝင်းဝင်း ထွန်းလင်းတောက်ပလျက် ထွက်ခွာဝေးခြား ပြေးလွှားတော်မူကြလေကုန်ပြီ ....(၄)။

တု=ထိုမှတစ်ပါး။ မဉ္ဇေဋ္ဌာ=မည်း+နီ+ညိုလောင်း ရောယှက်ပေါင်းသဖြင့် မှည့်မောင်း မှိုင်းအုံရီမှုံသော အဆင်းရှိသော ရောင်ခြည်အလျှံတော်တို့လည်းကောင်း။ ပဘဿရာ=လကဆုန်ခါ အဇ္ဈာပြင်ကျယ် ကောင်းကင်လယ်က လျှပ်နှယ်ယှက်ကူး မိုးရေမြူးစံ မီးပေါက်လျှံကဲ့သို့ ဝဲပျံတက်+သက် တခဲနက်လျှင် ပြိုးပြိုးပြက်သော အဆင်းရှိသော ရောင်ခြည်အလျှံတော်သည်လည်းကောင်း။ တမှာတမှာ သရီရပဒေသာ=ဤသို့သောဓာတ် ဤအရပ်ဟု မသတ်မှတ်နိုင် ထွန်းပြိုင်ရွှန်းစို ထိုထိုကိုယ်တော်၏အစိတ်မှ။ နိက္ခမိံသု=ပဋ္ဌာန်းဒေသနာတော်မြတ်ကို သုံးသပ်ဆင်ခြင်တော်မူသည့်နေ့ကစ၍ ယခုည+ယခုနေ့တိုင်အောင် အရောင်တရှိန်ရှိန် တထိန်ထိန်နှင့် အိမ်လုံး တောင်လုံးခန့်

http://www.dhammadownload.com



ပမာဏ ကြွကြွဝင်းဝင်း ထွန်းလင်းတောက်ပလျက် ထွက်ခွာပေးခြား ပြေးသွားတော်မူကြလေကုန်ပြီ ...(၅+၆)။

အဘိဓမ္မာအသင်းဝင် သူတော်စင်အပေါင်း သူမြတ်လောင်းတို့ ... အဘိဓမ္မာတရားတော်နှင့် စပ်၍ မှတ်သား+ကြည်ညိုဖွယ် အသွယ်သွယ်သော ဂုဏ်ကျေးဇူးစကား ပြောကြားချီးမွမ်း၍ ပြီးလေပြီ။ ယခုအခါ (၂၆)ကြိမ်မြောက် အဘိဓမ္မာပူဇာ အခါတော်အခမ်းအနားကို ဖွင့်လှစ်ရန် အချိန်ရောက်ပြီဖြစ်၍ နှစ်သက်ဝမ်းသာ အခမ်းအနားဖွင့် တိုက်တွန်းသော ဥယျောဇဉ်ဂါထာကို မြန်မာပြန်အနက်နှင့်တကွ ရွတ်ဖတ်ကြည်ညို အခါတော်ကို ဖွင့်လှစ်ပါတော့မည်။

(၇) ဓဝမာဒိဂုဏူပေတံ၊ အဘိဓမ္မေတိ ဝိသုတံ။
တံ ဓမ္မံ သာဓဝေါ ဒါနိ၊ ဘဏာမ တုဋ္ဌမာနသာ။

သာဓဝေါ=အဘိဓမ္မာအသင်းဝင် သူတော်စင်အပေါင်း သူမြတ်လောင်းတို့ ...။ ဓဝမာဒိဂုဏူပေတံ=ဤသို့ဆိုအပ်ပြီး ဂုဏ်ကျေးဇူးများနှင့်တကွ အခြားသော ကျေးဇူးဂုဏ် အဖုံဖုံတို့နှင့် ပြည့်စုံပေထသော။ အဘိဓမ္မေတိ=အဘိဓမ္မာဟူ၍။ ဝိသုတံ=လူ+နတ်+ဗြဟ္မာ ဘုံသုံးရွာဝယ် ကြေငြာထင်ရှား ကျော်ကြားစွာထသော။ တံ ဓမ္မံ=အဓိပညာ သိက္ခာကို ညွှန်ပြသည့် ယထာဓမ္မ သာသနာ အဘိဓမ္မာမည်ပြား ထိုတရားကို။ ဒါနိ–ဣဒါနိ=(၂၆)ကြိမ်မြောက် အခါတော်ရောက်၍ ထွန်းတောက်ညဏ်ရှိန် ဤအချိန်၌။ မယံ=ရုပ်+နာမ်ဓမ္မ သမူဟကို သူက+ငါပင် ပညတ်တင်၍ ခေါ်တွင်သမုတ် အကျွန်ုပ်တို့သည်။ တုဋ္ဌမာနသာ="ရှေးကုသိုလ်ထောက်မ၍ အဘိဓမ္မာဒေသနာ နက်နဲစွာကို လေ့လာမှတ်သား နာကြားခွင့် တို့တတွေ ရကုန်ပေ"ဟု ကြည်ထွေအားရ ဝမ်းမြောက်သော စိတ်ရှိကြကုန်လျက်။ ဘဏာမ=ပီပြင်ပြတ်သား ရွတ်ပွားကြပါကုန်စို့။ (ဝါ)ဘဏာမ=ကျမ်းခုနစ်ထွေ အနှစ်ကိုဖွေ၍ မေး+ဖြေ+ကျူး+ရွတ် လေးခန်းသတ်လျက် လျှောက်ပတ်ညီညာ ဤအခါဝယ် သဒ္ဒါကြီးမား ပညာအားဖြင့် ရွတ်ပွားကြည်ဖြူ နာယူကြပါကုန်စို့ အဘိဓမ္မာအသင်းဝင် သူတော်စင်အပေါင်း သူမြတ်လောင်းတို့ ...။

(ပုံ) ဦးဝိစိတ္တသာရာဘိဝံသ
၁၃၃၆ ခု၊ သီတင်းကျွတ်လပြည့် အဘိဓမ္မာနေ့။

http://www.dhammadownload.com



ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်း၏ ၁၃၃၆ ခုနှစ်၊ တပေါင်းလဆန်း(၁၁)ရက်
(၂၂-၃-၇၅)နေ့၌ ကျင်းပသော (၁၅)ကြိမ်မြောက် ဩဝါဒါစရိယ ပူဇော်ပွဲအခမ်းအနားတွင်
နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု
ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ မဟာထေရ် မြွက်ကြားသော

# ဩဝါဒကထာ

၁၃၃၆ ခု၊ သာသနာတော် သက္ကရာဇ် ၂၅၁၈ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက် (၂၂-၃-၇၅)နေ့ ညနေချမ်း ဆည်းဆာအချိန်၊ ရန်ကုန်မြို့ အဘိဓမ္မာ ပြန့်ပွားရေးအသင်းကြီး ဩဝါဒါစရိယ ဆရာတော်များအား ပူဇော်ကန်တော့ပွဲနှင့် သင်တန်းပြ ဆရာများအား ဂုဏ်ပြုထောမနာ အခမ်းအနား၌၊ အစီအစဉ် အမှတ်(၅)အရ ဩဝါဒါစရိယ ဆရာတော်ဘုရားများ၏ကိုယ်စား ညွှန်ကြားအပ်သော ဩဝါဒကထာစကား။

"အသဒ္ဓဿ သဒ္ဓါကထာ ဒုက္ကထာ၊ ဒုဿီလဿ သီလကထာ ဒုက္ကထာ၊
အပ္ပဿုတဿ သုတကထာ ဒုက္ကထာ၊ မစ္ဆရိယဿ စာဂကထာ ဒုက္ကထာ၊
ဒုပ္ပညဿ ပညာကထာ ဒုက္ကထာ"

နားဆင်းရဲတဲ့စကားငါးမျိုး၊ ရှောင်ရမှာကို အရင်ပြောရိုးအတိုင်း ပြောခြင်းဖြစ်ပါတယ်။

(၁) သဒ္ဓါတရားမရှိတဲ့ ပုဂ္ဂိုလ်အား သဒ္ဓါနှင့် ပတ်သက်သောစကားကို ပြောရင် နားဆင်းရဲတဲ့စကား။

(၂) သီလမရှိတဲ့ ပုဂ္ဂိုလ်အား သီလနှင့် ပတ်သက်သော ဩဝါဒစကား ပြောရင် နားဆင်းရဲတဲ့စကား။

(၃) ဗဟုသုတနည်းပါးတဲ့ ပုဂ္ဂိုလ်အား ဗဟုသုတနှင့်စပ်သော တရားစကား ပြောကြားရင် နားဆင်းရဲတဲ့စကား။

(၄) မစ္ဆရိယသမားအား ဒါနနှင့် ပတ်သက်သော တရားစကား ပြောကြားရင် နားဆင်းရဲတဲ့စကား။

(၅) ပညာမဲ့သူအား ပညာနှင့်ပတ်သက်သော တရားစကားပြောကြားရင် နားဆင်းရဲတဲ့စကားဖြစ်ပါတယ်။

http://www.dhammadownload.com



အမည်းမှပြန်လိုက်ရင် အဖြူဖြစ်သလို

(၁) သဒ္ဓါတရားရှိသော ပုဂ္ဂိုလ်အား သဒ္ဓါနှင့်ပတ်သက်သော တရားစကား ပြောကြားရင် အလွန်နားချမ်းသာတဲ့ စကားဖြစ်ပါတယ်။

(၂) သီလရှိသော ပုဂ္ဂိုလ်အား သီလနှင့်ပတ်သက်သော တရားစကားပြောရင် အလွန်နားချမ်းသာတဲ့ စကားဖြစ်ပါတယ်။

(၃) ဗဟုသုတရှိရင်းစွဲ ပုဂ္ဂိုလ်အား ဗဟုသုတနှင့်ပတ်သက်သော တရားစကားပြောရင် အလွန်နားချမ်းသာတဲ့ စကားဖြစ်ပါတယ်။

(၄) နဂိုက စွန့်ကြဲပေးကမ်းခြင်း ဒါနဈာသယ အားကြီးတဲ့ပုဂ္ဂိုလ်အား အလှူဒါနနှင့် ပတ်သက်သော တရားစကားပြောကြားရင် အလွန်နားချမ်းသာတဲ့ စကားဖြစ်ပါတယ်။

ယခု ဩဝါဒကထာ အနေဖြင့် ဘုန်းကြီး ဩဝါဒါစရိယ ဆရာတော်ဘုရားများရဲ့ ကိုယ်စား မြွက်ကြားလိုတဲ့စကားဟာ မင်္ဂလာရှိရှိ သုခလေးမျိုးကို ညွှန်ကြားလိုပါတယ်။ ဝိနည်း စူဠဝဂ္ဂပါဠိတော်မှာ မြတ်စွာဘုရား သုခလေးပါး ဟောကြားခဲ့ပါတယ်။

> "သုခေါ ဗုဒ္ဓါန မုပ္ပါဒေါ၊ သုခါ သဒ္ဓမ္မဒေသနာ။
> သုခါ သံဃဿ သာမဂ္ဂီ၊ သမဂ္ဂါနံ တပေါသုခေါ။"

၁။ ဗုဒ္ဓါနံ=မြတ်စွာဘုရားတို့၏။ ဥပ္ပါဒေါ=ဖြစ်ထွန်းပွင့်ပေါ်တော်မူလာခြင်းသည်။ သုခေါ =ရှေးဦးအစ ပထမ ချမ်းသာသုခ မင်္ဂလာကြီးပါပေ။

၂။ ဗုဒ္ဓါနံ=မြတ်စွာဘုရားရှင်တို့၏။ သဒ္ဓမ္မဒေသနာ=သဒ္ဓမ္မသုံးဖြာ သာသနာနဲ့ စပ်တဲ့ တရား ဟောကြားခြင်းသည်။ သုခါ=နှစ်ကြိမ်မြောက် ဒုတိယ သုခမင်္ဂလာ ချမ်းသာ တိုက်ကြီးပါပေ။

၃။ သံဃဿ=ဘုရား၏တပည့် သာဝကဖြစ်ကြတဲ့ ရှင်အပေါင်း လူအပေါင်း ရှင်လူ အပေါင်း၏။ သာမဂ္ဂီ=ကိုယ်စိတ်နှစ်ရပ် ညီညွတ်ခြင်းသည်။ သုခါ=သုံးကြိမ်မြောက် တတိယ သုခမင်္ဂလာ ချမ်းသာတိုက်ကြီးပါပေ။

၄။ သမဂ္ဂါနံ=ကိုယ်စိတ်နှစ်ရပ် ညီညွတ်ကြကုန်သော မြတ်စွာဘုရား၏ တပည့်သာဝက ရှင်အပေါင်း လူအပေါင်း ရှင်လူအပေါင်းတို့၏။ တပေါ=လောဘ ဒေါသ မောဟ အစရှိတဲ့ ကိလေသာတို့ကို ပူပန်လောင်မြိုက်စေတတ်တဲ့ ကောင်းမြတ်သော အကျင့်ကို ကျင့်ကြံကြိုးကုတ် အားထုတ်ခြင်းသည်။ သုခေါ=လေးကြိမ်မြောက် စတုတ္ထ သုခမင်္ဂလာ ချမ်းသာတိုက်ကြီးပါပေ။

http://www.dhammadownload.com



သုခလေးပါး

(၁) ဗုဒ္ဓုပ္ပါဒသုခ (၃) သာမဂ္ဂီသုခ
(၂) သဒ္ဓမ္မဒေသနာသုခ (၄) တပေါသုခ

၁။ သုခလေးပါးကို မြတ်စွာဘုရား အစဉ်အတိုင်း ဟောကြားခဲ့တယ်၊ မြတ်စွာဘုရားတို့ရဲ့ ပွင့်ထွန်း ဖြစ်ပေါ်တော်မူရခြင်းသည် ချမ်းသာသုခရကြောင်း ဧကန်အမှန် ဖြစ်သောကြောင့် ချမ်းသာ သုခလို့ပဲ ဆိုရပါတယ်။ သုခရဲ့အကြောင်းကို သုခလို့ပဲ ဆိုရပါတယ်။ ဤတွင် ဘုရားပွင့်တော်မူ ခြင်းအတွက် သုခဘယ်လောက်ကြီးတယ်ဆိုတာ အကယ်၍ ဘုရားမပွင့်ဘူးဆိုတဲ့ အဖြစ်ကို သေသေချာချာ မပွင့်တဲ့အနေ တွေးကြည့်ရင်၊ အကယ်၍သာ ဘုရားမပွင့်ရင် ဒီ လူ နတ် ဗြဟ္မာ သတ္တဝါတွေဟာ ပယ်ရမဲ့တရား၊ ပွားရမဲ့တရား၊ ဘာမျှ မသိတော့ဘူး။

အန္ဓဘူတော အယံလောကော=ဒီ လူ နတ် ဗြဟ္မာ သတ္တဝါလောကကြီးဟာ အကုန်လုံး အဝိဇ္ဇာ ဖုံးပြီးတော့ အမှောင်ကြီးကျ၊ ပုထုဇဉ်တို့ရဲ့စိတ်သည် မကောင်းမှုတို့မှာ မွေ့လျော်နှစ်ခြိုက် ပျော်ပိုက်တဲ့ ဓမ္မတာအတိုင်း ဒုစရိုက်အမှုနဲ့သာ အချိန်ကုန်ပြီးတော့ သတ္တဝါတွေ ဆင်းရဲဒုက္ခရောက် မှာ ဧကန်အမှန်ပဲ။ အဲဒီအမည်းကအပြန် အဖြူ စဉ်းစားကြည့်လိုက်စမ်းပါ။

အခုတော့ မြတ်စွာဘုရား ဖြစ်ထွန်းပွင့်ပေါ်တော်မူလာလို့ ဒီတရားက ပယ်ရမယ့်တရား ဒီတရားက ပွားများရမယ့် တရားဆိုတာ လူနတ်ဗြဟ္မာ သတ္တဝါတွေ အချုပ်အားဖြင့် ပိုင်းပိုင်းခြား ခြား သိကြတယ်။ သိတဲ့အတွက် ပယ်ရမယ့်တရား ပယ်လို့၊ ပွားရမယ့်တရား ပွားကြလို့ အောက် ထစ်တန်းစား လူ့ချမ်းသာ နတ်ချမ်းသာ၊ ထိုအထက်တက်လို့ရှိရင် နိဗ္ဗာန်ချမ်းသာကို အရဟတ္တ ဖိုလ်ပေါက် ချမ်းသာသုခ ရောက်ကြရတယ်။ ဒီကနေ့ အဘိဓမ္မာ အသင်းဝင် သူတော်စင်တွေ မျက်မြင်ပင် ဖြစ်ပါတယ်။

၂။ သဒ္ဓမ္မဒေသနာသုခ။ မြတ်စွာဘုရားသည် အကယ်၍ ဖြစ်ထွန်းပွင့်ပေါ်ရုံသာ ပွင့်ပေါ်၍ ကိုယ်တော်တစ်ကိုယ်တည်း ချမ်းသာရေး အလေးပေးပြီး လေးဆယ့်ငါးဝါ တရားမဟောဘဲ အကယ်၍များ ဖလသမာပတ်ကို နေ့ရောညရော ဝင်စားပြီးတော့ တရားမဟောဘဲ ကိုယ်တော် သက်တော်စေ့လို့ ပရိနိဗ္ဗာန် စံသွားရင် ဘယ်သူသိမလဲ။ ဒီတရား ပယ်ရမယ့်တရား ပွားရမယ့် တရား ဘာမှ သိမှာ မဟုတ်ဘူး။

အခုတော့ မြတ်စွာဘုရား လေးဆယ့်ငါးဝါ ကာလကြာအောင် ပယ်ရမယ့်တရား ပွားရမယ့် တရားများကို နည်းအမျိုးမျိုးဖြင့် ဟောကြားပြသတော်မူခဲ့တယ်။ အဲဒီလို ဟောကြားပြသတော်မူခဲ့ လို့လဲပဲ ပယ်ရန် ပွားရန် တရားများကို သိပြီးတော့ ပယ်ကြ ပွားကြလို့ ချမ်းသာသုခ ရကြတာပဲ။ အဲဒါကြောင့် သဒ္ဓမ္မဒေသနာသုခလို့ နှစ်ခုမြောက် ချမ်းသာသုခစာရင်း တင်ထားရတယ်။ မြတ်စွာ ဘုရား ဟောကြားထားတယ်။

http://www.dhammadownload.com



၃။ သာမဂ္ဂီသုခ။ မြတ်စွာဘုရား ဟောကြားတဲ့ သဒ္ဓမ္မဒေသနာသုခကိုရမှ သာဝကတို့သည် ဘုရားရဲ့အဆုံးအမ ဓမ္မဒေသနာသုခကို ရကြသဖြင့် ကိုယ်စိတ်နှစ်ရပ် ညီညွတ်ကြတယ်။ ဥပမာ –

ဝိဝါဒံ ဘယတော ဒိသွာ၊ အဝိဝါဒဉ္စ ခေမတော၊

သမဂ္ဂါ သခိလာ ဟောထ၊ ဧသာ ဗုဒ္ဓါနုသာသနီ။

မြတ်စွာဘုရားက သဒ္ဓမ္မဒေသနာ သုခပိုင်းကနေပြီး ဟောထားတယ်။

"ဝိဝါဒံ ဘယတော ဒိသွာ၊ အဝိဝါဒဉ္စ ခေမတော၊

သမဂ္ဂါ သခိလာ ဟောထ၊ ဧသာ ဗုဒ္ဓါနုသာသနီ။"

ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့ ...

သူ့မတရား၊ ငါ့တရားတယ်၊ သူကားလွဲစင်၊ ငါမှန်ထင်တည့်၊ ဆန့်ကျင်စကား တစ်ယောက်နဲ့တစ်ယောက် အငြင်းပွားနေလျှင်၊ အငြင်းပွားနေမှုကို ကြောက်ဖွယ်မအေး ဘေးအနေနဲ့ ရှုကြ။ အငြင်းမပွားဘဲနဲ့ ညီညွတ်ခြင်းကို ချမ်းသာအေးမြတဲ့ ခေမတရားအနေနဲ့ ချစ်သားချစ်သမီးတို့ ရှုကြ။ အဲဒီလို ရှုကြမြင်ကြပြီးလျှင် ကိုယ်စိတ်နှစ်ရပ် ညီညွတ်ကြလေ၊ အချင်းချင်းမေတ္တာ ရေ့သွား ပြုပြီးတော့ ပြေပြေပြစ်ပြစ်စကား ပြောကြလေ။

အဲဒီဩဝါဒတွေ ငါဘုရားတစ်ဆူတည်း၏ ဩဝါဒ မဟုတ်ဘူး။ ဧသာဗုဒ္ဓါနုသာသနီ=ဤဩဝါဒ အနုသာသနီတွေကို အဆူဆူသော ဘုရားရှင်တို့၏ အဆုံးအမ ဩဝါဒအနုသာသနီ ဖြစ်တယ်ဆိုတဲ့ မြတ်စွာဘုရားဘက်က သဒ္ဓမ္မဒေသနာသုခ လမ်းညွှန်ပေးချက်အရ ဝိဝါဒဟာဘေးပဲ၊ မညီညွတ်ခြင်းဘေး၊ ညီညွတ်ခြင်းသည် ငြိမ်းအေးတယ်လို့ သိရတယ်။ သိလို့မို့လို့ ညီညွတ်ကြတယ်။ အသီးအသီး အသင်းအပင်း ဖွဲ့စည်းပြီးတော့ ညီညီညွတ်ညွတ် ရှိကြတာကိုပင် ပထမ ချမ်းသာသုခ၊ သာဝကတွေဘက်က သုခစာရင်းထဲမှာတော့ သုံးနံပါတ်ပေါ့။

၄။ သမဂ္ဂါနံတပေါသုခေါ။ ကိုယ်စိတ်နှစ်ရပ် ညီညွတ်ကြတဲ့ သာဝကတို့ရဲ့ ရှင်အပေါင်း၊ ရဟန်းအပေါင်း၊ လူအပေါင်း၊ ရှင်လူအပေါင်း ဆိုတဲ့လူ့, သံဃာ ညီညွတ်ရုံသာ ညီညွတ်၍ မငြင်းခုံသာရုံ မငြင်းခုံဘဲ၊ အလုပ်မလုပ်ကြရင် တပေါသုခ မရနိုင်ဘူး။

အေး–သမ္မာပယောဂ ရှေ့သွားပြုပြီးတော့၊ မြတ်စွာဘုရားရဲ့ အဆုံးအမဩဝါဒ သာသနာကို သမ္မာပယောဂဖြင့် ကြိုးစားပြုစုလိုက်နာ ကျင့်သုံးတဲ့အတွက် ကျင့်သုံးသလောက် လောဘတွေ၊ ဒေါသ၊ မောဟတွေ ခေါင်းပါး။ ဒေသနာတည်းဟူသော အမြိုက်နည်းဖြင့် လောဘ၊ ဒေါသ၊ မောဟ တွေကို ပြန်ပြီးတော့ လောင်မြိုက်ပေးလိုက်တယ်။ မနေနိုင်အောင် ရိုင်းရိုင်းပြောရရင် ရိုက်ထုတ်ပေးလိုက်တယ်။ အဲဒီလို ပေးလိုက်တဲ့အတွက် သူတော်ကောင်းတွေမှာ တပေါကမ္မ၊ ကိလေသာတို့

http://www.dhammadownload.com



ကို ပူပန်စေတတ်တဲ့ ကောင်းမှုကုသိုလ်အမှုကို ပြုကြအားထုတ်ကြတဲ့အတွက် လောဘတည်းဟူသော အပူတွေငြိမ်းတယ်၊ ဒေါသတည်းဟူသော အပူတွေ ငြိမ်းတယ်၊ မောဟတည်းဟူသော အပူတွေ ငြိမ်းပြီးတော့ အလောဘ၊ အဒေါသ၊ အမောဟနဲ့ ယှဉ်တဲ့ အအေးဓါတ်၊ ချမ်းသာသုခ ဓါတ်ကို ကိုယ်စီကိုယ်င ရကြတယ်။

ဒါကြောင့် စတုတ္ထသုခအနေနဲ့ တပေါသုခဟာ အလုပ်လုပ်မှရတဲ့ သမ္မာပယောဂဖြင့် အလုပ်လုပ်၍ ရတဲ့ ချမ်းသာဖြစ်ပါတယ်။ ဤတွင် ချမ်းသာလေးပါးကို အပိုင်းနဲ့ ခွဲလိုက်ယင်–

(၁) ဗုဒ္ဓုပ္ပါဒသုခသည် သာဝကတို့ဘက်က မဟုတ်ဘူး။ ဘုရားရှင်ဘက်က ဖြစ်ပါတယ်။ (ဆရာဖြစ်တဲ့ ဘုရားရှင်ဘက်က)

(၂) **သဒ္ဓမ္မဒေသနာသုခလဲပဲ မြတ်စွာဘုရားဘက်က ပေးရမယ့်သုခ ဖြစ်ပါတယ်။** ကောင်းပြီ၊ မြတ်စွာဘုရား ပေးရဲ့လား မပေးဘူးလားကြည့်၊ လေးအသင်္ချေ ကမ္ဘာတစ်သိန်းကြာ ပါရမီတွေ၊ စာဂတွေ၊ စရိယတွေ၊ ဘာဝနာလေးပါးဖြင့် ပွားများကြိုးကုတ် သူမတူတန်အောင် အားထုတ်လို့ လောကမှာ ဗုဒ္ဓုပ္ပါဒ နဝမဘုရားလို့ ကနေ့ အခါကောင်း အခွင့်ကောင်း ကြုံနေရတယ်။ ဗုဒ္ဓကိုယ်တော်သည် ကိုယ်တော်ရဲ့ တာဝန် ဗုဒ္ဓုပ္ပါဒသုခကိုလဲပဲ အောင်အောင်မြင်မြင် ပေးခဲ့ပြီ။

၂။ **သဒ္ဓမ္မဒေသနာသုခ။** သူတော်တရား ဟောကြားခြင်းဆိုတဲ့ ချမ်းသာသုခကိုလဲပဲ ကိုယ်တော်ဘက်ဆိုင်ရာ သုခဖြစ်လို့ လေးဆယ့်ငါးဝါ နေ့မအား ညမအား သဒ္ဓမ္မဒေသနာအလုပ်ကို လုပ်ကိုင်ရတယ်။ ပြီးပြီ၊ ကိုယ်တော်ဘက်ကတော့ ပြည့်စုံပြီဆိုပြီးတော့ **အေးအေးဆေးဆေး အနုပါဒိသေသ နိဗ္ဗာန်စံတော်မူသွားပြီ။ မြတ်စွာဘုရားဘက်က သုခနှစ်ပါးကား ယနေ့အထင်အရှား** ရှိနေပြီး ပြည့်စုံနေပြီ။ ကျန်တဲ့သုံးနံပါတ်သုခဖြစ်တဲ့ သာမဂ္ဂီသုခ၊ လေးနံပါတ်သုခဖြစ်တဲ့ တပေါသုခ၊ အဲ့ဒီသုခနှစ်ပါးက သာဝကများ လိုက်နာကျင့်သုံးရမယ့် သုခနှစ်ပါး၊ သာဝကတို့ဆိုင်ရာသုခ၊ သာဝကတို့ ပြုလုပ်ရမယ့် သုခဖြစ်ပါတယ်။

အဲဒီလို သာမဂ္ဂီသုခရအောင် ကြိုးစားကြပါ။ တပေါသုခရအောင် ကြိုးစားကြပါလို့ဆိုတဲ့ ဩဝါဒကထာကို အချင်းချင်းစိတ်ဝမ်းကွဲနေသော အဖွဲ့အစည်းကို ပြောရင် မဖြစ်ပါဘူး၊ ပြောရင် ဒုက္ကထာ=နားဆင်းရဲတဲ့ စကားပင် ဖြစ်ပါတယ်။ အဲဒီလို အချင်းချင်း စိတ်ဝမ်းကွဲပြီးတော့ ဘာမှ အလုပ်မလုပ်ဘဲနဲ့ ကိလေသာကို ပူပန်စေတတ်တဲ့ အလုပ်ကို မလုပ်ဘဲနဲ့၊ ကုသိုလ်တရားတွေကို လျော့ပါးသွားစေတတ်တဲ့ ဝိဝါဒအလုပ်တွေ၊ ဆန့်ကျင်ဘက် အလုပ်တွေကိုသာ လုပ်နေတဲ့ အဖွဲ့အစည်းကို သွားပြောရင်လဲပဲ၊ တပေါသုခ လုပ်ကြပါ ပြောရင်လဲပဲ သူတို့ နားဆင်းရဲတဲ့ စကားပဲ၊ နားဆင်းရဲမှုပဲ ဖြစ်ရမယ်။

http://www.dhammadownload.com



၃။ အခုအဘိဓမ္မာအသင်းဝင် သူတော်စင်တွေအနေဖြင့် အစဉ်အလိုက် ဂါရဝမင်္ဂလာတရား ရှေ့ထားပြီးတော့ တစ်ဦးနဲ့တစ်ဦး ကိုယ်ရောစိတ်ရော ညီညီညွတ်ညွတ် ရှိနေခြင်းသည် မိမိတို့ဘက်က သာမဂ္ဂီသုခကို ပထမရယူလိုက်ခြင်း ဖြစ်ပါတယ်။ မိမိတို့ရတဲ့သုခကို ဝမ်းမြောက်ဖို့လဲ ပြောနေတယ်လို့ မှတ်ယူကြစေချင်ပါတယ်။

၄။ အဲဒီလို ညီညွတ်ပြီးတော့ လောဘ ဒေါသ မောဟ ကိလေသာတို့ကို လောင်မြိုက်ပစ်မယ့် ဓမ္မဆိုင်ရာ ထိုထိုကိစ္စတွေကို နေ့ညမစဲ အမြဲတစေ ကြိုးစားအားထုတ်ခြင်းဖြင့် လောဘ၊ ဒေါသ၊ မောဟတွေ မိမိတို့သန္တာန်မှ ဝေးလံရပ်ခြား ရှောင်ရှားသွားလို့ သုခချမ်းသာ အမျိုးမျိုးကို ရနေပါတယ်။ လေးခုမြောက် "တပေါသုခ"ဆိုတဲ့ မိမိတို့ရယူရမယ့် ချမ်းသာသုခကိုလည်း လက်ရှိ **ရနေပါပြီ။ မိမိတို့ရတာကို ဝမ်းသာဝမ်းမြောက်ဖြစ်အောင် တတ်နိုင်သလောက် ပြောနေပါတယ်။**

အဘိဓမ္မာအသင်းဝင် သူတော်စင်အပေါင်း သူတော်ကောင်းတို့ ...။ ယခု ပြောလိုတဲ့ သြဝါဒ အကျဉ်းချုပ်ကို ပြောပါရစေတော့။ မြတ်စွာဘုရားသည် ဗုဒ္ဓုပ္ပါဒသုခ၊ သဒ္ဓမ္မဒေသနာသုခ၊ သာမဂ္ဂီသုခ၊ တပေါသုခ–သုခလေးပါး ဟောကြားခဲ့ပါတယ်။

ယင်းသုခလေးပါးတွင် ရှေ့နှစ်ပါး ဗုဒ္ဓုပ္ပါဒသုခနှင့် သဒ္ဓမ္မဒေသနာသုခကား ဆရာဖြစ်တဲ့ မြတ်စွာဘုရားနဲ့ဆိုင်ရာ သုခဖြစ်ပါတယ်။ နောက်နှစ်ပါးဖြစ်တဲ့ သာမဂ္ဂီသုခနှင့် တပေါသုခကား တပည့်သာဝကတို့ဆိုင်ရာ (ဝါ) တပည့်သာဝကတို့ ပြုလုပ်ရမယ့် သုခဖြစ်ပါတယ်။

ယင်းနှစ်ပိုင်းတွင် ဆရာဖြစ်တဲ့ မြတ်စွာဘုရားကိုယ်တော်မြတ်ကား ကိုယ်တော်မြတ်ဆိုင်ရာ ဗုဒ္ဓုပ္ပါဒသုခနှင့် သဒ္ဓမ္မဒေသနာသုခကို အပြည့်အဝ တာဝန် ဘာမှမလိုရအောင် ရွက်ဆောင်ပြီးလို့ အငြိမ်းကြီး ငြိမ်းသွားပါပြီ။

**မြတ်စွာဘုရား တာဝန်ပေးထားခဲ့တဲ့အတိုင်း နောက်နှစ်ပါးဖြစ်တဲ့ သာမဂ္ဂီသုခ၊ တပေါသုခ၊** ဒီသုခနှစ်ပါးကို ဘုရားအလိုကြ ဤအဘိဓမ္မာအသင်းဝင် သူတော်စင်တို့သည် နှစ်ပေါင်းများစွာ ညီညီညွတ်ညွတ် ကိလေသာတို့ကို ဝေးကွာစေတတ်တဲ့ ကောင်းမှုကုသိုလ်တွေ တပေါင်းတည်း တညီတညွတ်တည်း ပြုပြင်ခြင်းဖြင့် သာမဂ္ဂီသုခ၊ တပေါသုခကို ရှေ့ကလည်း ရယူခဲ့ပါပြီ။ ယခုလဲပဲ ယနေ့လဲပဲ ရယူနေပါပြီ။ နောင်အခါ၌လဲပဲ ထိုသာမဂ္ဂီသုခနှင့် တပေါသုခနှစ်ပါးကို ရရာရကြောင်း ကောင်းမှုတို့ကို ဤဒေသနာတော်ကို ထောက်ထား၍ ပွားများကြိုးကုတ် အားထုတ်နိုင်ကြပါစေလို့ ဆုလဲတောင်းယင်း ပွားများကြိုးကုတ် အားထုတ်ကြပါကုန်ဟူ၍ တိုက်လဲတိုက်တွန်းယင်း သြဝါဒါစရိယ ဆရာတော်ဘုရားများ၏ ကိုယ်စား သြဝါဒကထာ "သုခလေးပါး" နိဂုံးချုပ်အုပ်ခဲ့ပါသည်။ အဘိဓမ္မာအသင်းဝင် သူတော်စင်အပေါင်း သူမြတ်လောင်းတို့ ...။

သာဓု ... သာဓု ... သာဓု။

http://www.dhammadownload.com



ရန်ကုန်မြို့၊ နိကာယ်သာသနာတော် ထွန်းကားရေးအသင်းကြီး၏

နှစ်ပတ်လည် အစည်းအဝေးကြီး၌

မင်းကွန်းတိပိဋကဓရဆရာတော်

မိန့်ကြားတော်မူအပ်သော ဝမ်းမြောက်ဖွယ်အားပေးစကား

## သမ္မောဒနီယ အနုဗလပ္ပဒါနကထာ

အသင်းကြီး၏ နှစ်ပတ်လည် အစည်းအဝေးကြီး၌ ဝမ်းမြောက်ဖွယ်ရာ အားပေးစကား= သမ္မောဒနီယ အနုဗလပ္ပ ဒါနကထာ စကား ပြောကြားလိုသည်မှာ –

(၁) သာသနာတော် ကြီးပွားရေး အားပေးလိုသော ကုသိုလ်ဆန္ဒ အပြည့်အဝ ရှိကြပါသော ဒါယကာကြီးတို့ ... မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ညောင်စောင်း၌ လျောင်းတော်မူယင်းကပင် "ယော ဝေါ အာနန္ဒ မယာ ဓမ္မောစ ဝိနယောစ ဒေသိတော ပညတ္တော၊ သောဝေါ မ မစ္စယေန သတ္ထာ"ဟူ၍ ဓမ္မဝိနယအား နှစ်ထွေပြားသော ဘုရားစကားတော်မြတ် ပရိယတ်ကို ကိုယ်တော်မြတ် ပရိနိဗ္ဗာန် စံတော်မူပြီးနောက် ကိုယ်တော်အရာ၌ မိန့်မှာ၍ ထားတော်မူခဲ့ပါသည်။

(၂) သာသန ဋ္ဌိတိယာ ပန ပရိယတ္တိ မူလံ–ဟူ၍လည်း သာသနာတော် အဓွန့်ရှည်စွာ တည်နိုင်ရေးအတွက် ပရိယတ်သည် အခြေခံမူလဖြစ်ကြောင်း အဋ္ဌကထာ၌ ဖွင့်ဆိုခဲ့ပါသည်။

(၃) ဖော်ပြရာပါ ပါဠိတော်+အဋ္ဌကထာတို့ကို ထောက်ဆ၍ ယနေ့ ဒါယကာကြီးများ နိကာယ်သာသနာတော် ထွန်းကားရေးအတွက် ကိုယ်+နှုတ်+စိတ်ပါ သုံးဒွါရတို့ဖြင့် ထကြွလုံ့လ ဝီရိယအားတက်၍ ဆောင်ရွက်နေကြခြင်းမှာ ဓမ္မကန္ဒာ ဓမ္မစေတီတော်များ ကာလရှည်မြင့်စွာ သတ္တဝါတို့အား ဩဝါဒပေးနိုင်ရေး၊ နည်းမှန် လမ်းမှန် အကျင့်မှန်တို့ကို သတ္တဝါတို့ ကျင့်ကြံနိုင်ရေးအတွက် ဆောင်ရွက်ခြင်း ဖြစ်သည့်အပြင် သာသနာတော် အဓွန့်ရှည်စွာ တည်နိုင်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်၍ စင်စစ်ဝမ်းမြောက်ဖွယ်ကောင်းမှု အလုပ်ကြီးဖြစ်ကြောင်း ပညာရှိသူတော်ကောင်းတိုင်း အားပေးဝန်ခံရမည့် အပဏ္ဏကပဋိပဒါ– မမှားသော နိဗ္ဗာန်ရောက်ကြောင်း အကျင့်ပဋိပတ် ဖြစ်ပါသည်။

http://www.dhammadownload.com



(၄) အမ္ဗလဋ္ဌိက ရာဟုလောဝါဒသုတ်၌ "မိမိပြုလုပ်+ပြောဆို+ကြံစည်သော အမှုသည် သူခပ္ပါးကြောင်း ကောင်းသောအပြစ်မရှိသည့် ကုသိုလ်မှု ဖြစ်သည်ဟု ဆင်ခြင်၍ သိရလျှင် ထိုအမှုကို အားအဆင့်ပေး၍ ရှေးကထက် တိုးတက်အောင် ရှက်ဆောင် ပြုလုပ်+ပြောဆို+ကြံစည်ရမည် ဖြစ်ကြောင်း" အရှင်ရာဟုလာအား မြတ်စွာဘုရား တိုက်ရိုက်ဟောကြားတော်မူသည်ကို ထောက်၍ မိမိတို့ ဆောင်ရွက်ဆဲဖြစ်သည့် နိကာယ်သာသနာတော် ထွန်းကားရေးကိစ္စမှာလည်း သုခပ္ပါးကြောင်း အားအဆင့်ဆင့်ပေးကာ ရှေးကထက် တိုးတက်အောင် ရှက်ဆောင်ရမည့် ကောင်းမှုကိစ္စ ဖြစ်သည့်အတိုင်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် နိကာယုဒ္ဓောတက ကိစ္စကြီးငယ်အဝဝကို ရှက်ဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းလျက်ရှိပါသည်။

သမာဝဟန္တု+ဌာတာရော၊
နိကာယုဒ္ဓောတနံ ဝရံ။
သာဓဝေါတေန ပုညေန၊
သိဝံ ပပ္ပေါန္တု နိဗ္ဗုတိံ။ ။

(ပုံ) ဦးဝိစိတ္တသာရာဘိဝံသ
ဓမ္မနာဒ မင်းကွန်း

၁၃၃၇ ခု၊ ဝါဆိုလပြည့်ကျော် ၈ ရက်
၁၉၇၅ ခု၊ ဇူလိုင်လ ၃၀ ရက်နေ့။

http://www.dhammadownload.com



၁၃၃၇ ခု၊ တော်သလင်းလပြည့်ကျော် ၄ ရက်

မင်းကွန်းတောင်ရိုး၊ ဓမ္မနာဒကျောင်းတိုက်ကြီးအတွင်း၌

## မင်းကွန်း တိပိဋကဓရဆရာတော် ဟောကြား ချီးမြှင့်တော်မူအပ်သော

# ရဟန်းပြုခြင်း ဩဝါဒတရားတော်

ဥတ်ကမ္ဗဝါစာ ရွတ်ဖတ်လျှင် လွယ်ကူစေခြင်းငှာ ရဟန်းသုံးပါးတို့အနက် အရှေ့ဆုံး အကြီးဖြစ်တဲ့ ရဟန်းလောင်း၏အမည်ကို နာဂဟူ၍ မှတ်ပါ၏။ အလယ်မှ အလတ်ဖြစ်သော ရဟန်းလောင်း၏ အမည်ကို သီလဟူ၍ မှတ်ပါ၏။ အနောက်ဆုံးက အငယ်ဆုံးဖြစ်တဲ့ ရဟန်းလောင်း၏ အမည်ကို ဒတ္တ ဟူ၍ မှတ်ပါ၏။ ဥတ်ကမ္ဗဝါစာ ရွတ်ဖတ်ရာ၌ နာဂ သီဟ ဒတ္တေ၊ နာဂ သီဟ ဒတ္တာ၊ နာဂ သီဟ ဒတ္တာနံ ... ဟူ၍ ရွတ်ဖတ်မယ်။ နာဂ ဟူ၍ ရွတ်ဖတ်တိုင်း အရှေ့ဆုံး အကြီးဆုံးဖြစ်တဲ့ ရဟန်းလောင်းက မိမိကို ဖတ်သည်ဟူ၍ မှတ်ယူပါ။ သီဟဟူ၍ ရွတ်ဖတ်တိုင်း အလယ်က အလတ်ဖြစ်တဲ့ရဟန်းလောင်းက မိမိကို ဖတ်သည်ဟူ၍ မှတ်ယူပါ။ ဒတ္တ–ဟူ၍ ဖတ်ယူတိုင်း အငယ်ဆုံးရဟန်းက မိမိကိုဖတ်သည်ဟူ၍ မှတ်ယူပါ။ သံဃာတော်အရှင်မြတ်တို့ကလည်း ထိုအတိုင်း မှတ်ယူတော်မူကြပါဘုရား။

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ ပဌမံ ဥပဇ္ဈံ ဂါဟာပေတဗ္ဗော။ ပဌမံ=ရှေးဦးစွာ။ ဥပသမ္ပဒါပေက္ခော=ပဥ္စင်းလောင်းကို။ ဥပဇ္ဈံ=ဥပဇ္ဈာယ်ဆရာကို။ ဂါဟာပေတဗ္ဗော=ယူစေအပ်၏ ယူစေရမည်။ ဣတိဝစနတော=မြတ်စွာဘုရား ဟောကြားမြွက်ဖော်ပညတ်တော်မူခြင်းကြောင့်။ အာဝုသော နာဂ သီဟ ဒတ္တာ=ငါ့ရှင်နာဂ ငါ့ရှင်သီဟ ငါ့ရှင်ဒတ္တတို့။ တုမှေ=သင်တို့သည်။ ပဌမံ=ရှေးဦးစွာ။ ဥပဇ္ဈံ=ဥပဇ္ဈာယ်ဆရာကို။ ဂဏှထ=ယူကြပါကုန်ဦးလော့။ ၃ ပါးစလုံး ဆိုကြပါ။ မဂ္ဂင်ဆရာတော်ကို ရည်စူးပြီးတော့ ဆိုပါလော။

ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ (၃ ခေါက်)

အရှင်ဘုရား–အရှင်ဘုရားသည် တပည့်တော်၏ ဥပဇ္ဈာယ်ဆရာ ဖြစ်တော်မူပါဘုရား။

ပါသာဒိကေန သမ္ပာဒေထ။

အာမဘန္တေ။

ဥပဇ္ဈံ ဂါဟာပေတွာ ပတ္တစီဝရံ အာစိက္ခိတဗ္ဗံ။

ဥပဇ္ဈံ=ဥပဇ္ဈာယ်ဆရာကို။ ဂါဟာပေတွာ=ယူစေပြီး၍။ ပတ္တစီဝရံ=သပိတ်တစ်လုံး သုံးထည်သောသင်္ကန်းကို။ အာစိက္ခိတဗ္ဗံ=ရဟန်းလောင်းအား ပြောကြားအပ်၏။ ဣတိဝစနတော=ဤသို့

http://www.dhammadownload.com



မြတ်စွာဘုရား ဟောကြားမြွက်ဖော် ပညတ်တော်မူခြင်းကြောင့်။ အာဝုသော=နာဂ သီဟ ဒတ္တာ= ငါ့ရှင်နာဂ-ငါ့ရှင်သီဟ-ငါ့ရှင်ဒတ္တ-တို့။ တုမှာကံ=သင်တို့အား။ အဟံ=ငါသည်။ ပတ္တစိဝရံ= သပိတ်တစ်လုံး သုံးထည်သောသင်္ကန်းကို။ အာစိက္ခာမိ=အစဉ်အတိုင်း ပြောကြားပါအံ့။

ဣမေ တုမှာကံ ပတ္တာ။ ဣမေ=ဤအမိဋ္ဌာန်မြောက် ဝိကပ္ပနာလောက်သော ငါ့ရှင်တို့ ရှေ့မှောက်ချထားအပ်သော သပိတ်တို့သည်။ တုမှာကံ=သင်ပဉ္ဇင်းလောင်းတို့၏။ ပတ္တာ=မငှားမရမ်း၊ ကိုယ်ပိုင်သပိတ် (ဝါ) ကိုယ်ပိုင်သပိတ်ကို ဟူ၍ မှတ်ယူကြပါ။

အာမဘန္တေ။

သူတကာက ကိုယ်တော်တို့ သပိတ်ပြည့်စုံပြီလားလို့ တစ်ဦးဦးကမေးရင် ပြည့်စုံပြီ၊ ယခု မျက်မှောက်ရောက်နေတဲ့ သပိတ်ကို အသီးအသီးကို သပိတ်ဟု စိတ်ထဲက ဝိနည်းသဘောမှတ်ထား၊ ငါ့သပိတ်ဟူ၍ လောဘဇော မစောမိပါစေနဲ့။

ဣမာယသဃာဋိယော။ ဣမာ=ဤအမိဋ္ဌာန်မြောက် ဝိကပ္ပနာလောက်သော အသွေးအရောင် အဆင်းသဏ္ဌာန်နှင့် ပြည့်စုံသော နှစ်ထပ်သင်္ကန်းကြီးတို့သည်။ တုမှာကံ=သင်ပဉ္ဇင်းလောင်းတို့၏။ သဃာဋိယော=မငှားမရမ်း ကိုယ်ပိုင်အသီးအသီး ရရှိအပ်သော နှစ်ထပ်သင်္ကန်းကြီးတို့ပေတည်း။ (ဝါ) ကိုယ်ပိုင်နှစ်ထပ်သင်္ကန်းကြီးတို့ဟူ၍ မှတ်ယူကြပါကုန်။

အာမဘန္တေ။

သင်တို့ရှေ့မှောက် သပိတ်ပေါ်၌ အသီးအသီးတင်ထားအပ်သော နှစ်ထပ်သင်္ကန်းကြီးများသည် ကိုယ်ပိုင်နှစ်ထပ်သင်္ကန်းကြီးများ ဖြစ်ပေသည်။ တစ်ဦးတစ်ယောက်က နှစ်ထပ်သင်္ကန်းကြီးကို ကိုယ်ပိုင်ရှိရဲ့လားလို့ မေးခဲ့ယင် ရှိပါသည်ဟု ရဲရဲဖြေကြပါ။

ဣမေ ဉတ္တရာသင်္ဂါ။ ဣမေ=အမိဋ္ဌာန်မြောက် ဝိကပ္ပနာလောက်သော အသွေးအရောင် အဆင်းသဏ္ဌာန်နှင့် ပြည့်စုံသော သင်တို့၏ ကိုယ်ဝယ်ဝတ်ရုံ၍ထားအပ်သော အပေါ်ရုံကိုယ်ဝတ် ဧကစီသင်္ကန်းတို့သည်။ တုမှာကံ=သင်တို့၏။ ဉတ္တရာသင်္ဂါ=မငှားမရမ်း ဒါယကာတို့ လှူဒါန်းသဖြင့် ကိုယ်ပိုင်အသီးအသီး ရရှိအပ်သော အပေါ်ရုံကိုယ်ဝတ် ဧကစီ သင်္ကန်းတို့ပေတည်း။ (ဝါ) ကိုယ်ပိုင်ကိုယ်ဝတ် ဧကစီသင်္ကန်းတို့ဟူ၍ မှတ်ယူကြပါကုန်။

အာမဘန္တေ။

ဣမေ အန္တရဝါသကာ။ ဣမေ=အမိဋ္ဌာန်မြောက် ဝိကပ္ပနာလှော်ကသော သင်တို့၏ ခါးဝယ် ဝတ်ဆင်ထားအပ်သော ခါးဝတ်သင်းပိုင်တို့သည်။ တုမှာကံ=သင်တို့၏။ အန္တရဝါသကာ=မငှား မရမ်းကိုယ်ပိုင် အသီးအသီး ရရှိအပ်သော ခါးဝတ်သင်းပိုင်တို့တည်း (ဝါ ခါးဝတ်သင်းပိုင်တို့ဟူ၍ မှတ်ယူကြပါကုန်)။

အာမဘန္တေ။

http://www.dhammadownload.com



ဂစ္ဆထအမုမှိ ဩကာသေ တိဋ္ဌထ၊ အာဝုသော နာဂ သီဟ ဒတ္တ(ပ)တို့။ ဂစ္ဆထ=သံဃာတော်ကို လက်အုပ်ချီကာ သွားတည်ကြပါကုန်။ အမုမှိဩကာသေ=သံဃာ့ဘောင်မှ နှစ်တောင့်ထွာဟတ္ထပါသ် လွတ်လောက်ရာအရပ်၌။ အဟံ=ငါသည်။ ယာဝ=အကြင်မျှလောက်။ ဥတ္တိံ=သင်တို့ကို သင်ကြားပြသနိုင်ခွင့် အနုသာသကသမ္မုတိ ဉတ်ကို။ ဌပေမိ=ထားပါဦးအံ့။ တာဝ=တိုရွေ့လောက်။ တိဋ္ဌထ=ခေတ္တခဏ ဆိုင်းတွင့်လင့် တည်နေမိချေကြပါဦး။

သုဏာတု မေ ဘန္တေ သံဃော နာဂသီဟဒတ္တာ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခာ ယဒိ သံဃဿ ပတ္တကလ္လံ အဟံ နာဂသီဟဒတ္တေ အနုသာသေယျံ။

အရပ်ထဲမှာ ထမင်းချက်တယ်ဆိုတဲ့ ဝေါဟာရတစ်ခုရှိတယ်။ အိမ်ဆိုတဲ့ ဝေါဟာရတစ်ခု။ အိမ်ဆိုတဲ့ ဝေါဟာရသည် ပညတ်အတော်များများပေါင်းမှ အိမ်ဆိုတဲ့ ဝေါဟာရတစ်ခု ဖြစ်တယ်။ အောက်ကကြည့်မယ်ဆိုယင် ဒိုင်း၊ ယက်မ၊ ဆင့်၊ ကြမ်း၊ ခါးပန်း၊ ဘေးကအကာ၊ အပေါ်က အချင်၊ ရနယ်၊ ဒိုင်း၊ မျှား၊ အမိုးအားလုံးကို ဒီထဲက အသေးစိတ်အားလုံးကို ပေါင်းလိုက်ရင် အိမ်ဆိုတဲ့ ဝေါဟာရတစ်ခုဖြစ်တယ်။ ထို့အတူပဲ ထမင်းချက်တယ်ဆိုတဲ့ ဝေါဟာရပညတ်ကြီးတစ်ခု သမူဟ။ ဆန်ဆေးတယ် ပြီး မီးမွှေးတယ်၊ ထမင်းအိုးတယ်တယ်၊ ရေငံလေးပွက်လာတဲ့အခါ မွှေတယ်၊ တော်တော်အနေတော်တဲ့ အချိန်မှာ ငှဲ့ထည့်ပြီးပြီဆိုယင် နှပ်တယ်ဆိုတဲ့ အလုပ်ကိစ္စ၊ ၆ မျိုးပေါင်းပြီးတော့ ထမင်းချက်တယ်ဆိုတဲ့ ဝေါဟာရတစ်ခု ဖြစ်တယ်။

ရဟန်းခံတယ်ဆိုတဲ့ ဝေါဟာရ ပါဠိကတော့ ဥပသမ္ပဒ=မြင့်မြတ်သော ရဟန်းပဋ္ဌင်းအဖြစ်သို့ ရောက်စေခြင်း၊ သဒ္ဒါနက်ပေါ့။ မြင့်မြတ်သော ရဟန်းပဋ္ဌင်းအဖြစ်သို့ ရောက်စေခြင်းဆိုတာ ပကတိ လူ့ဘဝတုန်းက သိက္ခာက သီလသိက္ခာဆိုဦးတော့ ငါးပါးသီလ၊ ဒီထက်တက်ရင် ရှစ်ပါးသီလ၊ ဒီထက်တက်ရင် ၁၀ ပါးသီလ၊ ဒီလောက်ပဲ မိမိတို့ သီလသိက္ခာက ရှိတယ်။ အခုကျတော့ ဒီဘဝကိုက ရဟန်းဖြစ်ကြယင် ၅ ပါး၊ ၈ ပါး၊ ၁၀ ပါးနဲ့ မဟုတ်ဘူး။ အကျဉ်းချုပ် ပါတိမောက္ခ သံဝရဘက်ကကြည့်ယင် ၂၂၇ သွယ်၊ အကျယ်အားဖြင့် ဝိနည်းငါးကျမ်းလာတဲ့ ကုဋေကိုးထောင်ကျော်သော သိက္ခာပဒ၊ သီလတွေဆိုတော့ လူ့ဘဝတုန်းက သီလထက် အလွန်မြင့်မြတ်သော သီလသိက္ခာ၊ သမာဓိ။ ဒီအပြင် ပါတိမောက္ခသံဝရသီလ (သိက္ခာ) ဣန္ဒြိယသံဝရ၊ အာဇီဝ ပါရိသုဒ္ဓိ၊ ပစ္စယသန္နိဿိတ သီလ ၄ ပါးဆိုတော့ လူ့ဘဝတုန်းက သီလထက် အလွန်မြင့်မြတ်သော သီလသိက္ခာနဲ့ ပြည့်စုံခြင်း။ ဒါ ဥပသမ္ပဒဆိုတဲ့ ပါဠိကို သဒ္ဒါနက် နည်းနည်းလေး ကျယ်ပြောရင် လူ့ဘဝတုန်းက သီလသိက္ခာထက် အထက်တန်းမြင့်သော သီလသိက္ခာနဲ့ ပြည့်စုံစေခြင်း။ လူ့ဘဝတုန်းကတော့ အခွင့်မှမရဘဲ။ ပရိယေသနကိစ္စနဲ့ သွားဟယ်၊ လာဟယ်၊ လုပ်ဟယ်၊ ကိုင်ဟယ်၊ အင်မတန် ကြပ်တည်းပါတယ်။

ဃရာဝါသော သမ္ဗာဓေါဆိုတာ ဟို လူနေကြပ်တာ ပြောတာမဟုတ်ဘူး။ ကောင်းမှုကုသိုလ်

http://www.dhammadownload.com



အခွင့်အရေးရဖို့ ကြပ်တယ်၊ မလွယ်ဘူး။ ရဟန်းဘဝကြတော့ အလုပ်လုပ်စရာကိုက သီလအလုပ်၊ သမာဓိအလုပ်၊ ပညာအလုပ် ဒီသုံးခုပဲ အလုပ်ရှိတယ်။ အဲဒီတော့ သမာဓိဆိုလဲပဲ လူ့ဘဝတုန်းက ထက် ပိုပြီးတော့ လုပ်လဲလုပ်နိုင်တယ်။ လုပ်လဲလုပ်ရတယ်။ ကြိုးစားရမယ်။ ဒီတော့ လူ့ဘဝ တုန်းက သမာဓိထက် မြင့်မြတ်သော သမာဓိသိက္ခာ၊ လူ့ဘဝတုန်းက မိမိတို့ လေ့လာတဲ့ ပညာ ထက် မြင့်မြတ်သော ပညာသိက္ခာ၊ လူ့ဘဝတုန်းကရတဲ့ သီလ သမာဓိ ပညာ သိက္ခာထက် မြင့်မြတ်သော သီလ သမာဓိ ပညာ သိက္ခာအဖြစ်ကို ရောက်စေခြင်းကို ပါဠိလို ဥပသမ္ပဒါ။

အဲဒါကို အကျဉ်းချုပ် ခေါ်လိုက်တော့ ရဟန်းခံတယ်၊ ဝါ–ရဟန်းခံခြင်း။ ရဟန်းခံခြင်းဆိုတာ ရဟန်း၏အဖြစ်ကို ခံယူခြင်း၊ ရဟန်း၏အဖြစ်ဆိုတာ ခုနပြောသလိုပဲ လူနဲ့မတူသော သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာ ကျင့်ကြံခြင်းက ရဟန်း၏အဖြစ်။ ပြီးတော့ နောက်ဆုံးမှာ ပစ္စည်း လေးပါးနဲ့ ပတ်သက်၍ နောက်ဆုံးဩဝါဒခန်းမှာ ထားတဲ့အတိုင်း ကျင့်သုံးမှုဟာ ဒါဟာ ရဟန်း၏ အဖြစ်ကိုပင် ရဟန်းခံတယ်။

တစ်ခါ တိုတိုပြောတာပေါ့လေ။ ဒီထက် ရဟန်းအဖြစ်ကို ခံယူခြင်းဆိုတော့ နည်းနည်းစကား ကျယ်နေတယ်။ ဒါကို ရဟန်းခံတယ်။ ရဟန်းခံတယ်ဆိုတာ လူတို့ရဲ့ သီလ သမာဓိ ပညာထက် သာလွန်မြင့်မြတ်သော အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ၊ သိက္ခာသုံးခုတောင် ထမ်းဆောင်တဲ့ ပုဂ္ဂိုလ်အဖြစ်ကို ခံယူခြင်းကို ရဟန်းခံတယ်။ အခုဟာ ရဟန်းခံယူတဲ့ ပွဲပေါ့။ အဲဒီ ရဟန်းခံဆိုတဲ့ ကိစ္စ ဝေါဟာရ ပညတ်တစ်ခုဟာ အသေးစိတ် –

၁။ ဥပဇ္ဈာယ်ယူခြင်း၊

၂။ သပိတ် သင်္ကန်းပြောခြင်း၊

၃။ သင်ပေးခြင်း၊ အနုသာသန၊

၄။ ရဟန်းအဖြစ်ကို တောင်းခံခြင်း၊

၅။ အန္တရာယိကဓမ္မ ရှိ၊ မရှိ မေးခြင်း။

ဒါ ရှေ့ပိုင်းက အသေးစိတ် ကိစ္စငါးခု။

အလယ်ပိုင်းက အဲဒီကိစ္စငါးခု နေသားတကျ ရှိလာတဲ့အခါမှ အားလုံးနေသားတကျရှိပြီး ဤပုဂ္ဂိုလ် ဤပုဂ္ဂိုလ်စုဟာဖြင့် သံဃာတော်က မိမိတို့နှင့်ထပ်တူ ရဟန်းအဖြစ်ကို နှစ်နှစ်ကာကာ အရည်အချင်း ပြည့်ပြည့်ဝဝ နေကြပါပြီ။ ဒါကြောင့် သံဃာတော်ကလည်း မြင့်မြတ်သော ရဟန်း ပဥ္စင်းအဖြစ်ကို ရောက်စေတာ ဝါ ရောက်အောင် ပြုတာလဲ အသေးစိတ်ကိစ္စငါးပါး။ အခု သံဃာ့ ဆန္ဒကို တောင်းယူတဲ့ ဉတ္တိစတုတ္ထကမ္မဝါစာပေါ့လေ။ အဲဒီ တောင်းယူခြင်းဆိုတဲ့ ကိစ္စအားလုံးကို သံဃာတော် လက်ခံတော်မူပါ။ မကျေနပ်တဲ့ သံဃာတော်က အခု ပြောနိုင်ပါတယ်ဆိုပြီးတော့ အဲဒီဟာက တစ်ကြိမ်လဲ မဟုတ်ဘူး၊ ကမ္မဝါလေးတစ်ကြိမ်ဖတ်တာ။ လေးကြိမ်တိုင်တိုင် သံဃာ့ ဆန္ဒယူ၊ အဲ့ဒီလို သံဃာ့ဆန္ဒယူတာ ဒီသံဃာက ဆိတ်ဆိတ်နေခြင်းဖြင့် နှစ်သက်ပါတယ်၊ လက်ခံ

http://www.dhammadownload.com



ပါတယ်၊ သဘောတူပါတယ်၊ ရဟန်းအဖြစ်ကို ရောက်စေတာ သဘောတူပါတယ်၊ တစ်နည်းအားဖြင့် မိမိတို့နဲ့ သိက္ခာခြင်း အကျင့်တူမျှတဲ့ သီတင်းသုံးဖော်အဖြစ် ဤပုဂ္ဂိုလ်များကို တင်ထားခြင်းကို သဘောတူပါတယ်ဆိုတာ သံဃာတော်က ဆိတ်ဆိတ်နေ၍ သုံးကြိမ်တိုင်တိုင် ကမ္မဝါစာဆုံးရင် ရဟန်းဖြစ်တယ်။ အားလုံးသဘောတူပါတယ်ဆိုတာ သံဃာတော်က ဆိတ်ဆိတ်နေ၍ သုံးကြိမ်တိုင်တိုင် ကမ္မဝါဆုံးရင် ရဟန်းဖြစ်တယ်၊ အားလုံးသဘောတူပြီးလို့ပေါ့ဗျာ။

ကဲ ပြောကြစို့။ ဘာအဖြစ် တင်မြှောက်ခြင်း၊ လူ့လောကမှာ ဘုရားလူကြီးအဖြစ် တင်မြှောက်တယ်ဆိုတာ ပထမ အားလုံး ဆန္ဒပေးပိုင်ခွင့်ရှိသော ပုဂ္ဂိုလ်အများ ဆန္ဒပေးလို့ အားလုံးက ကန့်ကွက်သူ တစ်ဦးမှ မရှိ၊ သို့မဟုတ် သုံးဦးလောက်ရှိမယ်၊ နှစ်ဦးလောက်ရှိမယ်ဆို ပြန်ရွေးတို့ ဘာတို့ ရှိသေး။ လူ့လောက ရွေးကောက်ပွဲဆိုတာ သဘောမတူတဲ့ လူက တစ်ခါတလေ တစ်ဝက်နီးပါးရှိတယ်။ တစ်ဝက်ကျော်ကျော် သဘောတူမှ အမတ်ဖြစ်တို့၊ ဘာတို့၊ ဘုရားလူကြီးအဖြစ် အမတ်အဖြစ်ကို တင်မြှောက်တာ။ သာသနာကတော့ တစ်မဲသဘောမတူယင် ပြဿနာ ပြန်ရှင်းရတာ၊ အားလုံးတစ်ပါးမှမကျန် သဘောတူမှ ခုနက ပုဂ္ဂိုလ် အမတ်ဖြစ်သလိုပဲ အဲဒီပုဂ္ဂိုလ်ဟာ ရဟန်းဖြစ်တယ်။ အေး-အဲ့ဒီသဘော ရှိတယ်ပေါ့လေ။ တို့ဟာ ရဟန်းအဖြစ်ဟာ လွယ်လွယ်မဟုတ်ဘူး။ ဆန္ဒသဘောတူတာတောင်မှ အားလုံး သိမ်ထဲ စည်းဝေးမိတဲ့ သံဃာသဘောတူမှ ရဟန်းအဖြစ်ကို အောင်အောင်မြင်မြင် ရောက်တာ။ ဒါတို့ ရဟန်းလုပ်တာ။

အဲ့ဒီလို အမတ်အဖြစ် ရွေးကောက်တဲ့အခါမှာလိုပဲ အသေးစိတ်ကလေးတွေ ရှေ့ပိုင်းကိစ္စကလေးတွေ (၁) ဥပဇ္ဈာယ်ယူခြင်း၊ ဥပဇ္ဈာယ်အယူခိုင်းခြင်း၊ ဥပဇ္ဈာယ်အယူခိုင်းတဲ့ကိစ္စက ဘာလုပ်ဖို့လဲ။ သာသနာတော်ရောက်တော့ မိဘနဲ့ ကင်းကွာသွားတယ်။ ပြီးတော့ သာသနာတော်မှာ မိဘသဖွယ် မတော်တာကို ကြည့်ရှုဆုံးမဖို့ ပုဂ္ဂိုလ်ကို အထက်က လိုအပ်လာတယ်။ အဲဒါ ပထမ ဥပဇ္ဈာယ်ယူပြီးပြီ၊ ယူပြီးတဲ့အတိုင်း ဥပဇ္ဈာယ်ဖြစ်တဲ့ ဆရာတော်က ငါ့ရှင်တို့အပေါ်မှာ မတော်တာရှိရင် ပြောလိမ့်မယ်၊ မတော်တဲ့ ကာယကံအမူအရာ ဝစီကံအမူအရာတွေမြင်ယင် ဆရာတော်ကြီးက အဖအရာ၌ တည်ပြီးသားကိုး၊ အိုးထိန်းသည်သည် မိမိအိုးကို ချောမွေ့စေချင်လို့ လက်ခတ်နဲ့ ခတ်သလိုပဲ ဒီဩဝါဒတည်းဟူသော စကားလက်ခတ် ပေးလိမ့်မယ်။ ဒါသာသနာတော်မှာ တို့အဖေပဲ။

တစ်ခါ ငါ့ရှင်တို့က သာသနာတော်မျက်စိနဲ့ ကြည့်မယ်။ သဒ္ဓိဝိဟာရိက တပည့်-ဥပဇ္ဈာယ်ဆရာနဲ့ ဥပဇ္ဈာယ်ယူတဲ့ အတူနေ တပည့်။ အမှန်တော့ ဥပဇ္ဈာယ်ဆရာနဲ့ သဒ္ဓိဝိဟာရိက တပည့်ဆိုတာ အတူနေရတာများတယ်။ နေရရင်လဲ နိသျည်း ဆရာနဲ့ပေါ့လေ။ အဲဒီလို ထားရတယ်။ အဲဒီလိုနေရမယ်၊ ထားတော့။ ငါ့ရှင်တို့က သာသနာရဲ့ သားတွေ သုံးပါးပေါ့လေ။ မဂ္ဂင်ဆရာတော်ကြီးက သားသုံးဦး ထွန်းကားတဲ့နေ့။ အဲဒီလို သာသနာမှာ ပထမဖခင်ရအောင် လုပ်ပေးလိုက်ခြင်းပဲ၊ ဥပဇ္ဈာယ်ယူတယ်ဆိုတာ (၁)ပြီးတယ်။

http://www.dhammadownload.com



(၂) သပိတ်သင်္ကန်း ပြောကြားခြင်းဆိုတာ မြတ်စွာဘုရား လက်ထက်တုန်းက ရဟန်းခံတယ် ဆိုတာ တတ်နိုင်တဲ့ပုဂ္ဂိုလ် ရှိတယ်။ အိန္ဒိယဆိုတော့ ချမ်းသာတဲ့ လူကြတော့လဲ ကုဋေ ကုဋာ မရေနိုင်အောင် ချမ်းသာတယ်။ ဆင်းရဲတဲ့လူကြတော့ ကုန်းကောက်စရာမရှိအောင် ဆင်းရဲတယ်။ သပိတ်တစ်လုံး သင်္ကန်းသုံးထည်မှ မတတ်နိုင်တဲ့ အမျိုးကောင်းသားတစ်ယောက်က သာသနာမှာ ဝင်ပြီးတော့ "တပည့်တော်ဘုရား – ရဟန်းပြုချင်လိုက်တာ၊ ရဟန်းပြုပါရစေ၊ တပည့်တော် လောကီကို ငြီးငွေ့လှပါပြီ" ဆိုပြီးတော့ ဥပဇ္ဈာယ် ဆရာတော်အား လျှောက်မယ်။ သို့မဟုတ် ကမ္မဝါ ဆရာတော်အား တစ်ပါးပါးလျှောက်ရင် ဒီကမ္မဝါဆရာ ဒီဥပဇ္ဈာယ်ဆရာတော်က မိမိနဲ့ ဥပဇ္ဈာယ် ပြုလုပ်မယ့် ဆရာ၊ ကမ္မဝါဖတ်မယ့် ဆရာတော်တွေနဲ့ ရဟန်းကိစ္စမှာ ပဓာနအကျဆုံး ဆရာတော်တွေနဲ့ တိုင်ပင်ရမယ်။

ငါ့ရှင်တို့၊ အမျိုးကောင်းတစ်ယောက် သာသနာဝန်ထမ်း ရဟန်းပြုချင်တယ်။ သူ့မှာ သပိတ် သင်္ကန်း မပြည့်စုံဘူး၊ နွမ်းပါးရှာတယ်။ အဲဒီတော့ သာနာတော်ရောက်အောင် တို့ချီးမြှောက်ရအောင် ဒီတော့ သူ့အတွက် သပိတ်သင်္ကန်းတို့ ပြည့်စုံလို့ အတိရေက အပိုရှိတာရှိရင် ချီးမြှောက်ရအောင် ဆိုပြီးတော့ ဥပဇ္ဈာယ်ဆရာတော်က ညှိနှိုင်းတိုင်ပင် ဆွေးနွေးရတယ်။ အဲ့ဒီဆွေးနွေးတဲ့အခါ ဥပဇ္ဈာယ်ဆရာတော်က တပည့်တော်မှာတော့ အတိရေက သပိတ်တစ်လုံး အပိုအလျှံရှိတယ်၊ တပည့်တော့က သပိတ်တစ်လုံး ချီးမြှင့်နိုင်ပါတယ်။

ကမ္မဝါဆရာ ဗုဒ္ဓရက္ခိတမထေရ်က တပည့်တော်မှာတော့ သင်္ကန်းကြီးတစ်ထည် ပိုနေတာ ရှိတယ်၊ တပည့်တော် ချီးမြှောက်နိုင်တယ် ဘုရား။ ဓမ္မရက္ခိတ ကမ္မဝါဆရာက တပည့်တော်တော့ ဧကစီတစ်ထည် အပိုရှိတယ်၊ အဲဒီအပိုလေးပဲ ချီးမြှောက်နိုင်တယ်။ သံဃရက္ခိတမထေရ်က တပည့် တော်မှာလဲ သင်းပိုင်းလေး အပိုတစ်ထည်ရှိတယ်။ အဲဒီ သင်းပိုင်းလေးတစ်ထည် ချီးမြှောက်နိုင်တယ်။

ဟာ–ဥပဇ္ဈာယ်ဆရာက သပိတ်တစ်လုံး သင်္ကန်းသုံးထည်ဆိုရင် ဒီအမျိုးကောင်းသား ရဟန်း အဖြစ်ကို ခေါ်ဆောင်နိုင်ပြီ၊ ရောက်နိုင်ပြီ။ အဲဒီလို သိပြီးတော့ ကိုင်း–ရဟန်းပြုမယ့် အမျိုးသားကို သိမ်ထဲခေါ်ပြီးတော့ ဒုတိယအနေနဲ့ ဟောဒါ ဥပဇ္ဈာယ်ဆရာက ချီးမြှောက်သော သပိတ်၊ ငါ့ရှင်အား ဥပဇ္ဈာယ်ဆရာတော်က ပေးသော သပိတ်၊ ချီးမြှောက်သော သပိတ်၊ ဝါ ဥပဇ္ဈာယ်ဆရာတော်က ပေးပါ၏။ ထို့အတူပဲ ကမ္မဝါစာ ဗုဒ္ဓရက္ခိတမထေရ်ကပေးတဲ့ သင်္ကန်းကြီး၊ ဓမ္မရက္ခိတမထေရ်ကပေး တဲ့ ဧကစီသင်္ကန်း၊ သံဃရက္ခိတမထေရ်ကပေးတဲ့ သင်းပိုင်။ အဲဒီလို ပြောခြင်းကိစ္စက လုံးဝ သပိတ်သင်္ကန်းမပါတဲ့ ရဟန်းလောင်းကျတော့ ဟို–လှူတဲ့ ပုဂ္ဂိုလ်အသီးသီး က ဝါ–ဥပဇ္ဈာယ်ဆရာ ကမ္မဝါဆရာနဲ့ ကိုင်ပြောရတာ။

အခု ငါ့ရှင်တို့ ရဟန်းပြုလာတာက ကမ္မဝါဆရာ ဥပဇ္ဈာယ်ဆရာတို့က တာဝန်မရှိအောင် ကြောင့်ကြနည်းအောင် ဆိုပြီးတော့ မိမိတို့ သပိတ်သင်္ကန်းနဲ့ အပြည့်အစုံ လာကြတာဆိုတော့ အပြည့်အစုံ လာကြတာပဲ။ ဘာမှ မပြောနဲ့ဆိုတဲ့ ဒီလိုတော့လဲ မဟုတ်ဘူး။ အပြည့်အစုံ လာခြင်း

http://www.dhammadownload.com



လဲပဲ ကောင်းတာပဲတဲ့။ ဥပဇ္ဈာယ်ဆရာ ကမ္မဝါဆရာတွေမှာ ပလိဗောဓ ငြိမ်းတာပဲ။ သူတို့ပါတဲ့ သပိတ်သင်္ကန်းနဲ့ပဲ ဒါ ငါ့ရှင်ရဲ့သပိတ်၊ ဒါ ငါ့ရှင်ရဲ့ ၂ ထပ်သင်္ကန်းကြီး၊ ဒါ ငါ့ရှင်ရဲ့ ဧကစီသင်္ကန်း၊ သင်းပိုင်သင်္ကန်းလို့ အဲဒီလို ပြောကြားပေးရတယ်။ ဒါ ဒုတိယကိစ္စ ပြီးပြီ။

တတိယကိစ္စ ယခု ရှက်ဆောင်မလို့။ မြတ်စွာဘုရား လက်ထက်တုန်းက ငါ့ရှင်တို့လို ရဟန်းလောင်းရဲ့ ရဟန်းခံကာနီးမှာ ဒီအစီအစဉ်အတိုင်း ပထမ ဥပဇ္ဈာယ် အယူခိုင်းတယ်။ ဒုတိယ သပိတ်သင်္ကန်း ပြောပြီးပြီ။ ပြောပြီးတဲ့အခါ ဒီ ပထမပိုင်းရဟန်းခံတာ အန္တရာယိကဓမ္မခေါ်တဲ့ အကြောင်းအရာတွေ မေးတဲ့အပိုင်း ရောက်လာတော့ မေးတဲ့ရဟန်းလောင်းကြီးများက သံဃာအရှိန် ဟပ်ပြီးတော့ မကြောက်တတ်ဘဲ ဘယ်လိုကြောက်ရမလိုလို အဲဒီလို ရှိုးတိုးရှန့်တန့်တန့် ဖြစ်တဲ့ အခါကျတော့ အမျိုးကောင်းသားတွေဆိုတော့ ရှက်တာပေါ့ဗျာ။ ဟို-မဖြေတတ် မလျှောက်တတ် သလို ဖြစ်တော့ ရှက်ရှက်မျက်နှာပျက် အဲဒီအကြောင်း မြတ်စွာဘုရား လျှောက်ထားတော့၊ မြတ်စွာ ဘုရားက ချစ်သားတို့ ဒီလို ဆိုလို့ရှိရင် ...

အနုဇာနာမိ ဘိက္ခဝေ ဧကမန္တံ အနုသာသေတွာ ပစ္ဆာ အန္တရာယိကေ ဓမ္မေ ပုစ္ဆိတုံ။

ချစ်သားတို့၊ ဒီလိုဆိုလို့ရှိရင် သံဃာမှ လွတ်လောက်ရာ တစ်တောင့်တစ်ကွေး တစ်နေရာမှာ သွားပြီးတော့ သင်ပေးပါအုံး၊ သင်ပေးပြီးတဲ့နောက်မှ သံဃာ့အလယ်၌ အန္တရာယိကဓမ္မလို့ ခေါ်တဲ့ ငါ့ရှင်တို့အား ရဟန်းအဖြစ်ကို အန္တရာယ်ရှိအောင် ပြုတတ်တဲ့ သံဃာတော်တို့အားလည်း အာပတ် သင့်ခြင်းကို ပြုတတ်တဲ့ အကြောင်းတရားပေါ့။ အကြောင်းတရား ၁၃ ပါး ရှိတယ်။ အဲ့ဒီ ၁၃ ပါး သော တရားတွေကိုလဲ အဲဒါ အန္တရာယိကဓမ္မ=ရဟန်းခံမည့် ပုဂ္ဂိုလ်များလည်း အန္တရာယ် ပြုတတ် တယ်၊ ကမ္မဝါဆရာ ရဟန်းခံတဲ့ ပုဂ္ဂိုလ်တွေအားလည်း အာပတ်သင့်မှုကို အန္တရာယ်ကို ပြုတတ်တဲ့ အကြောင်းတရား ရှိ-မရှိ မေးတဲ့အခါ ဒီလိုဖြေလို့ အသေးစိတ် သင်ကြားပေးကြအုံးတဲ့။ ပြီးတဲ့ နောက် မေးလို့ ဖြေလို့ မေးတတ် ဖြေတတ်ပြီဆိုမှ သံဃာ့အလယ်၌ အန္တရာယိကဓမ္မခေါ်သော အကြောင်းအရာများကို မေးမြန်းပါလို့ ငါဘုရား ခွင့်ပြုတယ်။ ဒီလို ပညတ်ချက် ရှိတယ်။

တတိယမြောက် အနုသာသက ကိစ္စကို ငါ့ရှင်တို့အား ဆောင်ရွက်ဖို့ရန် အချိန်တန်ပြီး အခုဟာ တကယ်မေးတာ တကယ်ဖြေတာ မဟုတ်ဘူး၊ တကယ်မေးတာ တကယ်ဖြေတာက သံဃာ့အလယ်ရောက်မှ တကယ်ဖြေတယ်။

နာဂသီဟာဒတ္တာ=ငါ့ရှင် နာဂ သီဟ ဒတ္တ တို့။ သုဏထ=နားစိုက်၍ထောင်။ အယံ=ဤအခါ သည်ကား။ တုမှာကံ=သင်ပဥ္စင်းလောင်းတို့၏။ သစ္စကာလော=မထိမ်မချန် မှန်သည့်အတိုင်း အပြစ်ငါးပါး လျှောက်ထားရမည့် အခါပေတည်း။ ဘူတကာလော=ဖြစ်တိုင်းမယုတ် ဟုတ်သည့် အတိုင်း ဂုဏ် ၈ ပါး လျှောက်ထားရမည့် အခါပေတည်း။ ယံ=အန္တရာယိကဓမ္မခေါ်ငြား ၁၃ ပါး သော အကြောင်းအရာများသည်။ ဇာတံ=သင်တို့ကိုယ်ဝယ် ဖြစ်ပေါ်နေတတ်၏။ တံ=ထို အန္တရာယိ

http://www.dhammadownload.com



ကမ္မခေါ်ပြား ၁၃ ပါးသော အကြောင်းအရာများကို။ သံဃမဇ္ဈေ=သံဃာ့အလယ်၌။ ပုစ္ဆန္တေ= သမုတိရသော ဘုန်းကြီးက စောထောက်စစ်ဆေး မေးမြန်းလတ်သည်ရှိသော်။ သန္တံ=မိမိ ကိုယ်ဝယ် အထင်အရှား ရှိပါပြား ဟုတ်ပါပြားမူ။ အတ္ထီတိ=အာမဘန္တေဟူ၍။ ဝတ္တဗ္ဗံ=သင်တို့ လျှောက်ထား ပြောကြားအပ်၏–ပြောကြားရမည်–ပြောကြားကြပါလေ။ အသန္တံ=မိမိကိုယ်တွင်း အထင်အရှား မဟုတ်ပြားမူ။ နတ္ထီတိ=နတ္ထိဘန္တေ ဟူ၍။ ဝတ္တဗ္ဗံ=သင်တို့လျှောက်ထားပြောကြားအပ်၏–ပြောကြား ရမည်–ပြောကြားကြပါလေ။ မာခေါဝိတ္ထာယိတ္ထ=မရှုံ့ကြပါလင့်။

ယခု သံဃာစည်းဝေးခြင်းသည် ငါ့ရှင်တို့ကို ချီးမြှောက်ချင်လို့ စည်းဝေးတာ။ သာသနာတော် မှာ ချီးမြှောက်တဲ့ ပဂ္ဂဟကံ၊ နှိမ့်ချတဲ့ နှိမ်တဲ့ နိဂ္ဂဟကံလို့ ကံနှစ်မျိုး ရှိတယ်ပေါ့။ သာသနာတော်မှာ ဆူးငြောင့်သဖွယ် ဖြစ်နေတဲ့ အရိဋ္ဌရဟန်းတို့၊ အဿဇိ ပုနဗ္ဗသုကတို့ ပဏ္ဍုကလောဟိတကတို့ အဲ့ဒီလို ပုဂ္ဂိုလ်တွေပြုတဲ့ နိဂ္ဂဟကံကျတော့ သူတို့က ကြောက်ကိုကြောက်ရမယ်။ သံဃာက သူတို့ကို မျက်နှာတင်းတင်း ထားရမယ်။ အဲဒါမျိုးကို နိဂ္ဂဟကံ ခေါ်တယ်။

တဇ္ဇနီယကံတို့ ပဗ္ဗာဇနီယကံတို့ ဆိုတာ ထိုထိုဌာနမှ နှင်ထုတ်တဲ့ကံ။ အဲဒါက ကံသဘောကို က နှင်တဲ့ကံ။ ပါဠိလို နိဂ္ဂဟကံ ခေါ်တယ်။ ယခု ရဟန်းခံတာ၊ ပရိဝတ်ပေးတာ၊ မာနတ်ပေးတာ၊ အဗ္ဘာန်သွင်းတာ ဒါတွေက ချီးမြှောက်တဲ့ ကံတွေပေါ့။ အဲဒီလို ချီးမြှောက်တဲ့ ကံတွေဖြစ်တော့ ဒီသံဃာစည်းဝေးတာ ငါ့ရှင်တို့ကို လိုအပ်တဲ့ နေရာက သံဃာ့တာဝန်ကို ကျေပွန်စွာ ထမ်းပြီး ချီးမြှောက်ဖို့ရာ သံဃာစည်းဝေးတာ။ ဒီသံဃာ–အားကိုးရမယ့် သံဃာ၊ ကြောက်ရမယ့် သံဃာ မဟုတ်ဘူး။ ဒါကြောင့် ငါ့ရှင်တို့ရဲ့ စိတ်ထဲမှာ ကြောက်ရွံ့ပြီးတော့ မလျှောက်ဝံ့တဲ့ စိတ်ထား ဘာမှ မမွေးမြူနဲ့။

မာ ခေါ မင်္ကု အဟုဝတ္ထ=မျက်နှာမသာမယာ မဖြစ်ကြပါလင့်။

ဒါက ဘာပြုလို့တုန်းဆိုတော့ ငါ့ရှင်တို့လို အင်မတန် သန့်ရှင်းသော အမျိုးကောင်းသားများ ကို ကုဋ္ဌရောဂါ ရှိသလား၊ အနာကြီးငါးမျိုး ရှိသလား၊ မေးရတာဟာ ဝိနည်းသိက္ခာပုဒ် ပညတ်ချက် ရှိလို့။ ဘုရားလက်ထက်က ဒီလိုရောဂါရှင်တွေ သာသနာဝင်ပြီးတော့ ရောဂါပျောက်ရုံ ရည်ရွယ် ချက်နဲ့ ရဟန်းပြုကြတယ်။ အကြောင်းအတ္ထုပ္ပတ္တိပေါ်လို့ မြတ်စွာဘုရားက နောက်ကို သာသနာ တော်မှာ ဒီလို အနာကြီးရောဂါရှိတဲ့ ပုဂ္ဂိုလ် ရဟန်းခံ မပေးရဘူး။ ပေးတဲ့ သံဃာ ဒုက္ကဋ်အာပတ် သင့်စေ သိက္ခာပုဒ် ပညတ်လို့ ပေးရတယ်။ အေး ... မြတ်စွာဘုရား ပညတ်ချက်ရှိလို့ တို့မေးတာပဲ။ တို့လို အမျိုးကောင်းသား မရှိဘူးပေါ့။ နတ္ထိ ဘန္တေ=အဲဒီလိုသာ ရဲရဲဖြေလိုက်။

မာ ခေါ မင်္ကု အဟုဝတ္ထ။ ဇဝံ တုမှာကံ ပုစ္ဆိဿန္တိ။ သန္တိဝေရူပါအာဗာဓာ။

တုမှာကံ=သင်တို့၏။ သရီရေ=ကိုယ်၌။ ဇဝရူပါ=ဤသို့သော သဘောရှိကုန်သော။ အာဗာဓာ=အနာကြီး ငါးမျိုးတို့သည်။ သန္တိ=ရှိကုန်သလော။ ဒါ စကားပလ္လင်ခံတာ၊ ပြီးတော့မှ

http://www.dhammadownload.com



အကောင်အထည် ထုတ်ပြီးတော့ မေးပါလိမ့်မယ်။

(၁) ကုဋ္ဌ=နူနာသည်။ အတ္ထိ=ရှိသလော။ နတ္ထိဘန္တေ။ (မရှိပါဘုရား)။

(၂) ဂဏ္ဍော=ထွတ်မြင်းအနာ အိုင်းအမာသည်။ အတ္ထိ=ရှိသလော။ ထွတ်မြင်း အနာ အိုင်းအမာဆိုတာ ဂလဂဏ္ဍ=ခေါ်တယ်။ လည်ပင်းနာပေါ့လေ။ သရေတစ်ချွတ်ချွတ်နဲ့ မပျောက်နိုင်တဲ့ အနာတဲ့။ အပြင်ထွက်တဲ့ လည်ပင်းကင်ဆာ။ နတ္ထိဘန္တေ။

(၃) ကိလာသော=ပွေးကြီး ဝဲကြီးနာသည်။ အတ္ထိ=ရှိသလော။ နတ္ထိဘန္တေ။

(၄) သောသော=တစ်နေ့တခြား အသွေးအသားတို့ လျော့ပါးဆုတ်ယုတ် ခယရဂ်ဝေါဟာ မျှစ်ခြောက်နာသည်။ အတ္ထိ=ရှိသလော။ နတ္ထိဘန္တေ။

(၅) အပမာရော=ဝက်ရူး ကြက်ရူး သည်းခြေရူးနှင့် ဘီလူးဖမ်းစား အရူးရောဂါများသည်။ အတ္ထိ=ရှိသလော။ နတ္ထိဘန္တေ။ ဒီငါးမျိုး အပြစ်ငါးပါး။

ဂုဏ်ရှစ်ပါးနဲ့ပြည့်စုံမှ ရဟန်းခံရတယ်။

(၁) လူဖြစ်ခြင်းဆိုတဲ့ ဂုဏ်၊ တုမှေ မနုဿာ အတ္ထ။ တုမှေ=သင်တို့သည်။ မနုဿာအတ္ထ= လူသားစင်စစ် ဖြစ်ကြကုန်၏လော။ အာမဘန္တေ။

(၂) ပုံဘော ဘာဝေါ=မင်းယောကျာ်းဖြစ်ခြင်း။ တုမှေ=သင်တို့သည်။ ပုရိသာ ပုံဘော ဘာဝေါ=ပုရိသထင်ရှား မင်းယောကျာ်းတို့သည်။ အတ္ထ=ဖြစ်ကြကုန်၏လော။ အာမဘန္တေ။

(၃) အန္တောဇာတ, ဓနက္ကီတ, ကရမရာနီတ, သယံဒါသဗျ

(က) ကျွန်ကမွေးတဲ့သားသမီးကို=အန္တောဇာတ၊

(ခ) ဓနက္ကီတ ကျွန်ဆိုတာ=အခုမှ ပိုက်ဆံနဲ့ ဝယ်လာတဲ့ကျွန်၊

(ဂ) ကရမရာနီယကျွန်ဆိုတာ–စစ်တိုက်တဲ့အခါ စစ်နိုင်လို့ ဖမ်းလာတဲ့ စစ်သုံ့ပန်း ကျွန်=သုံ့ရကျွန်။

(ဃ) သယံဒါသဗျဆိုတာ မိဘလက်ထက်ကလည်း ကျွန်မဟုတ်ဘူး။ ပိုက်ဆံနဲ့လဲ ဝယ်ရတာမဟုတ်ဘူး။ စစ်တိုက်ရာက သုံ့ပန်းလဲ မဟုတ်ဘူး။ တချို့ အင်မတန် ဆင်းရဲလွန်းလို့ ဒီအိမ်လာပြီးတော့ ပေးချင်သလို ပေးပါ၊ ကျွေးချင်သလို ကျွေးပါ၊ ကျွန်တော် ကျွန်ခံပါရစေ။ အဲဒီလို လာတဲ့ ကျွန်မျိုးကို သယံဒါသဗျ ခေါ်တယ်ဗျ။ အဲဒီကျွန်လေးမျိုး တစ်မျိုးမျိုး ဖြစ်နေရင်လဲပဲ ရဟန်းမခံရဘူး။ ဒါကြောင့် ကျွန်အဖြစ်မှ လွတ်ခြင်းဆိုတဲ့ တတိယဂုဏ်နဲ့ပြည့်စုံမှ ရဟန်းခံပေးရမှာမို့လို့။ တုမှေ=သင်တို့သည်။ ဘုဇိဿံ=တော်လှန်မင်းစစ် သူ့ကျွန်အဖြစ်မှ လွတ်သောသူတို့သည်။ အတ္ထ=ဖြစ်ကြကုန်၏လော။ မေးလိမ့်မယ်နော်။ အာမဘန္တေ ရဲရဲဖြေ။

http://www.dhammadownload.com



(၄) စတုတ္ထဂုဏ်အနေနဲ့ သာသနာမှာ ကြွေးမြီနှိပ်စက်တဲ့ ပုဂ္ဂိုလ်တွေ ဝင်ရှုပ်မှာစိုးလို့ ကြွေးမြီကင်းစင်တဲ့ ပုဂ္ဂိုလ်တွေဖြစ်ခြင်းဆိုတဲ့ စတုတ္ထဂုဏ်။ အဲဒီဂုဏ်နဲ့ ပြည့်စုံရဲ့လား။ တုမှေ= သင်တို့သည်။ အနဏော=ကြွေးမြီမတင် သန့်ရှင်းစင်ကြယ်ကုန်သည်။ အတ္ထ=ဖြစ်ကြကုန်၏လော။ အာမဘန္တေ။

(၅) မင်းမှုထမ်း မဟုတ်ခြင်းဆိုတဲ့ ပဉ္စမဂုဏ်နဲ့ ပြည့်စုံရမယ်။ မင်းမှုထမ်းဖြစ်ရင် ရဟန်းခံရော၊ တော်ကြာ ဒီကိစ္စအတွက် အလိုရှိအပ်။ ဒီလူ ဘယ်မှာတုန်း။ ရဟန်းခံနေတာ။ ဒီသံဃာတော်တွေ သိပ်ရှုပ်။ ဒီလို အပြစ်တင်တတ်တယ်။ သာသနာတော်ကို ရန်စကား ပြောတတ်တယ်။ ဘုရားလက်ထက်တုန်းကလည်းပဲ ရာဇဂြိုဟ်ပြည်မှာ မင်းမှုထမ်းစစ်သားတွေ သာသနာ့ဝန်ထမ်း ရဟန်းပြု၊ တော်ကြာတော့ စစ်ထွက်ဖို့ရန် အကြောင်းဖန် ရှာတော့ မရှိဘူး။ ဒါဖြင့် ဘယ်သွားတုန်း၊ ရဟန်းပြုကုန်ပြီ။ ဒီအမှုကို စစ်ခုံရုံးမှာ အမှုတင်သပေါ့။ စစ်ဘက်ကတစ်ဘက်၊ သာသနာကတစ်ဘက် ဆိုကြပါစို့။ စစ်ခုံရုံးက ဆုံးဖြတ်တယ်။ ဥပဇ္ဈာယ်ဆရာကို ခေါင်းဆောင်ဖြစ်၍ ခေါင်းဖြတ်။ အနုသာသကနဲ့ ကမ္မဝါဆရာတွေကို နှုတ်ဖြင့် မြွက်ဆိုတာကြောင့် လျှာဖြတ်၊ ကျန်တဲ့ကိုယ်တော်တွေ နံရိုးရိုက်ချိုးစေ၊ မားမားမတ်မတ်နေသည့်အတွက်ကြောင့် အဲဒီလိုကို စစ်ဘက်က ဆုံးဖြတ်တယ်။ အဲဒီလို အဖြစ်အပျက်ကို ဗိမ္ဗိသာရမင်းထံ တင်ပြတယ်။ တင်ပြတော့မှ မြတ်စွာဘုရား သွားလျှောက်။

"မြတ်စွာဘုရား၊ မကြည်ညိုတဲ့ မင်းလက်ထက်မှာ သာသနာတော်က အရှင်ကောင်း အရှင်မြတ်တွေ ဘေးရန် အန္တရာယ် ရောက်နိုင်ပါတယ်။ အဲဒါကြောင့်မို့လို့ နောက် အရှင်မြတ်များသည် မင်းမှုထမ်း=ရာဇဘဋ ပုဂ္ဂိုလ်များ ရဟန်းခံခွင့် မပေးပါနဲ့ မြတ်စွာဘုရား" လျှောက်လို့ မြတ်စွာဘုရားက–

န ဘိက္ခဝေ ရာဇဘဋော ပဗ္ဗာဇေတဗ္ဗော၊ ယော ပဗ္ဗာဇေယျ၊ အာပတ္တိ ဒုက္ကဋဿ။

သိက္ခာပုဒ် ပညတ်ချက် ရှိတယ်ဗျ။ ဒါဖြင့်ရင် သူတို့ကို လုံးဝ ရဟန်းခံ မပေးရတော့ဘူးလား။ သက်ဆိုင်ရာ အကြီးအကဲများထံမှ မိမိက တစ်လ စသည် ခွင့်ယူ၊ ခွင့်ယူလိုက်တယ်ဆိုရင် တစ်လစသည် တာဝန်ကင်းမဲ့သွားပြီး အဲဒီတစ်လ ခွင့်ပြုတဲ့အချိန်မှာ သူ့ကို ရဟန်းခံပေးကောင်းတယ်။ ဒါကြောင့် တုမှေ န ရာဇဘဋော=မင်းမှုထမ်း မဖြစ်သည်တို့ မှန်ကြကုန်၏လော။ အာမဘန္တေ။

(၆) တုမှေ=သင်တို့သည် ဝါ=သင်တို့ကို။ မာတာပိတူဟိ=မိခင်ဖခင်တို့က။ အနုညာတာ= အနုအညတ်ခွင့်ပြုအပ်သည်။ အတ္ထ=ဖြစ်ကုန်၏လော။ အာမဘန္တေ။

(၇) အသက် ၂၀ မပြည့်သေးရင် အန္တရာယ်ပဲ။ ဘာပြုလို့ အသက် ၂၀ မှ ခွင့်ပြုရလဲဆိုရင် အသက် ၂၀ မပြည့်သေးယင် အရိုးနုသေးတယ်။ သုခ–ဒုက္ခကို သည်းမခံနိုင်ဘူး။ အသက် ၂၀ ရှိမှ ချမ်းသာ–ဆင်းရဲကို သည်းခံနိုင်တယ်။ အဲဒါကြောင့် အသက် ၂၀ ပြည့်မှ ရဟန်းခံ ပေးရမယ်လို့

http://www.dhammadownload.com



သိက္ခာပုဒ် ပညတ်ချက် ရှိတယ်ပေါ့ဗျာ။

ဘုရားလက်ထက်တုန်းက ဥပါလိသူငယ်နှင့်တကွ ၁၇ ယောက် သတ္တရသဝဂ္ဂီလို့ ခေါ်တယ်။ အဲဒီ သတ္တရသဝဂ္ဂီ သူငယ် ၁၇ ယောက် သာသနာ ဝင်ပြီးတော့ ရှင်သာမဏေ ပြုကြတယ်။ မနက်ကျတော့ ကလေးတွေက ငယ်တော့ ဆာတာပေါ့။ ဆာတော့ ထမင်းပေးပါ၊ ယာဂုပေးပါ ဆူလို့။ အဲဒီမှာ–အဲဒီမှာ အသက်ငယ်တဲ့ ကလေးတွေဆိုတော့ သုခ ဒုက္ခကို သည်းခံနိုင်ခဲတယ်။ ဒါကြောင့် အသက် ၂၀ ပြည့်မှ ရဟန်းခံပေးရမယ်။ သိက္ခာပုဒ် ပညတ်ချက် ရှိတယ်။

"န ဘိက္ခဝေ ဇာနံ ဦနဝီသတိ ဝဿော ပုဂ္ဂလော ဥပသမ္ပာဒေတဗ္ဗော၊ ယော၊
ဥပသမ္ပာဒေယျ၊ ယထာဓမ္မော ကာရေတဗ္ဗော"

အသက် ၂၀ မပြည့်သေးသော သူငယ်အား ရဟန်းခံပေးလို့ရှိရင် အဲဒီမှာ ဝိနည်း တရားတော် ရှိတိုင်း ဆုံးဖြတ်ရမယ်။ ဥပဇ္ဈာယ်ဆရာက ပါစိတ်အာပတ်။ ကျန်တဲ့ သံဃာ ဒုက္ကဋ်။ ရဟန်းလောင်း ရဟန်းမဖြစ်။ အဲဒီလို ဝိနည်းသဘောအတိုင်း ဆုံးဖြတ်ပေးရမယ့် သိက္ခာပုဒ် ပညတ်ချက် ရှိတယ်။ တုမှေ=သင်တို့သည်။ ပရိပုဏ္ဏဝီသတိ ဝဿော=အသက် ၂၀ ပြည့်ဖြိုးကြွယ်ကုန်သည်။ အတ္ထ=ဖြစ်ကုန်၏လော။ အာမဘန္တေ။

(၈) ဂုဏ်အနေနဲ့က ကိုယ်ပိုင် သပိတ်သင်္ကန်း ရှိခြင်း၊ အဲဒါ ဂုဏ်ပဲ။ မရှိဘူးဆိုရင် သပိတ်ငှား၊ သင်္ကန်းငှား၊ အဲဒါအပြစ်ပဲ။ သပိတ်ငှား သင်္ကန်းငှား "ယာစိတက ပတ္တစီဝရ" ခေါ်တယ်။ အဲဒီ ဒါနဲ့လဲ ရဟန်းခံမပေးကောင်းဘူး။ လုံးဝ သပိတ်သင်္ကန်းမရှိတဲ့ ပုဂ္ဂိုလ်ဆိုရင် ဝေးရောပေါ့။ သာသနာမှာ သပိတ်သင်္ကန်းမရှိတဲ့ ပုဂ္ဂိုလ်တွေမှာ အစေလက တက္ကတွန်းတွေ ဖြစ်နေမယ်။ အဲဒီတော့ သပိတ်ငှား သင်္ကန်းငှား ရဟန်းခံ မပေးကောင်းဘူး။

ဘုရားလက်ထက်က သပိတ်ငှား သင်္ကန်းငှားနဲ့ ရဟန်းခံပေးတော့ သိမ်ကလဲ ထွက်ကရော ရဟန်းခံလို့ပြီးရော သပိတ်ရှင် သပိတ်ယူ၊ သင်္ကန်းရှင်က သင်္ကန်းယူ၊ ဆွမ်းခံတဲ့ သပိတ်မရှိလို့ လက်နဲ့၊ အဝတ်သင်္ကန်းမရှိတော့ တိတ္ထိတက္ကတွန်းတွေလို အဲဒီလို အမြင်မတော် ဖြစ်ခဲ့ဘူးတယ်။ ဒါကြောင့် မြတ်စွာဘုရားက –

"န ဘိက္ခဝေ ယာစိတကေန ပတ္တစီဝရေန ဥပသမ္ပာဒေတဗ္ဗော၊
ယော ဥပသမ္ပာဒေယျ၊ အာပတ္တိ ဒုက္ကဋဿ"

ချစ်သားတို့၊ ခေတ္တခဏ ငှားရမ်းအပ်သော သပိတ်သင်္ကန်းဖြင့် မှတ်အပ်သော ရဟန်းလောင်း ပဥ္စင်းလောင်းကို ရဟန်းမပြုပေးကောင်းဘူး။ ပြုပေးတဲ့သံဃာ ဒုက္ကဋ်အာပတ်သင့်စေ၊ သိက္ခာပုဒ် ပညတ်ချက်ရှိတယ်။ ငါ့ရှင်တို့ကို (၈)ခုမြောက် ဂုဏ်အနေနဲ့ ကိုယ်ပိုင်သင်္ကန်း ရှိရဲ့လား။

တုမှာကံ=သင်တို့၏။ သန္တကံ=ကိုယ်ပိုင်ဥစ္စာဖြစ်သော။ ပတ္တစီဝရံ=သပိတ်တစ်လုံး သုံးထည် သောသင်္ကန်းသည်။ ပရိပုဏ္ဏံ=ကိုယ်ပိုင်ရရှိသောအနေဖြင့် ပြည့်စုံပြီလော။ မေးလိမ့်မယ်နော်။

http://www.dhammadownload.com



အာမဘန္တေ ရဲရဲသာဖြေ။

ငင်းနောက် ငါ့ရှင်တို့ရဲ့ဘွဲ့ကို ကမ္မဝါထဲ ထည့်ဖတ်ရမှာမို့ တုမှေ=သင်တို့သည်။ ကိံနာမာ= အဘယ်အမည် ရှိကုန်သည်။ အတ္ထ=ဖြစ်ကြကုန်သနည်း။ တပည့်တော်တို့ဘွဲ့ အရှင်ဘုရားပဲ အမည် မှည့်တာ ဘာမမှတ်မိစရာရှိလဲလို့ စိတ်ထဲမှာ အမြစ်ထောင်မှု မရှိကြနဲ့။ မှန်တယ်။ ဘုန်းကြီးကတော့ ဘုန်းကြီးမှည့်တဲ့နာမည် သိတယ်။ ကမ္မဝါစာပြုလုပ်တာနဲ့ အခြားအခြား ကိုယ်တော်များဟာ အဲဒီ နာမည်မှည့်တဲ့ အချိန်ကလေးမှာ သူသည် ဗုဒ္ဓါနုဿတိကို နှလုံးသွင်းနေမယ်၊ ကမ္မဋ္ဌာန်းအာရုံ တစ်ခုခုကို နှလုံးသွင်းနေရင် ဒီကိစ္စကို မမှတ်မိဘဲ ဖြစ်မှာကြောင့် ငါ့ရှင်တို့ရဲ့ နာမည်ကို ဉတ် ကမ္မဝါစာထဲ ထည့်ဖတ်ရမှာမို့ တုမှေ=သင်တို့သည်။ ကိံနာမ=အဘယ်အမည် ရှိကုန်သည်။ အတ္ထ= ဖြစ်ကြကုန်သနည်း။ အရှေ့ဆုံးက ရဟန်းလောင်းက "အဟံ ဘန္တေ နာဂေါ နာမ"၊ အလယ်က "အဟံဘန္တေ သီဟော နာမ"၊ အနောက်ဆုံးက "အဟံ ဘန္တေ ဒတ္တော နာမ" ဥပဇ္ဈာယော ကိံ နာမော။ ဒါလဲ ဉတ်ကမ္မဝါစာထဲ ထည့်ဖတ်ရမှာမို့လို့ ယခင်အတိုင်း ကမ္မဋ္ဌာန်း နှလုံးသွင်းနေမှာမို့ လို့ တုမှာကံ=သင်တို့၏။ ဥပဇ္ဈာယော=ဥပဇ္ဈာယ်သည်။ ကိံ နာမော=အဘယ်အမည် ရှိသနည်း။

တပည့်တော် ထုတ်မပြောဝံ့ပါဘူးလို့ နေလို့ရမှာ မဟုတ်ပါဘူး။ ပြီးတော့ ဝိနည်းသဘော သာသနာသဘော ဥပဇ္ဈာယ်ဆရာတော်ကို ဆရာများ မှည့်ပေးတဲ့ နာမည်ရင်းနဲ့လဲပဲ မပြောကောင်း ဘူး။ သာသနာ့ယဉ်ကျေးမှုက ပြောရင် ဘာဖြစ်လဲ။ ပြောရင် ဆရာကို မရိုသေရာ ရောက်တယ်။ အေး ... ငါ့ရှင်တို့ကို မပြောနဲ့၊ ဘုန်းကြီးတို့ ကမ္မဝါဖတ်တဲ့ ပုဂ္ဂိုလ်ကလဲ ဥပဇ္ဈာယ်ဆရာရဲ့ မျက်မှောက်မှာ ဘွဲ့၊ ဆရာများ မှည့်ပေးတဲ့ နာမည်၊ နာမည်နဲ့ ကမ္မဝါ မဖတ်ဝံ့ဘူး။ ဖတ်တဲ့ ဘုန်းကြီးက ပါဠိ ဖတ်မှာပေါ့။

ဒါပေတဲ့လဲ ရှင်အာနန္ဒာ ဘုရားလက်ထက်တုန်းက ရဟန်းခံပွဲ တစ်ခုမှာ ဥပဇ္ဈာယ်ဆရာတော် က အရှင်မဟာကဿပ၊ အရှင်မဟာကဿပရဲ့ မိဘမှည့်တဲ့ နာမည်က ပိပ္ပလိ။ ပိပ္ပလိလုလင် သာသနာတော်ရောက်တော့လဲ ပိပ္ပလိမထေရ်။ အဲဒီလိုဆိုတော့ ရှင်အာနန္ဒာက ကမ္မဝါဖတ်ရမှာက "အယံ နာဂေါ အာယသ္မတော ပိပ္ပလိဿ ဥပသမ္ပဒါပေက္ခော အာယသ္မတာ ပိပ္ပလေန ပိပ္ပလိနာ" အဲဒီလို နာမည်တွေ ဖတ်ရမှာ။ ရှင်အာနန္ဒာက စိတ်ထဲ မဝံ့ဘူး၊ ရွံ့တယ်။ အဲဒါနဲ့ ပြန်ပြောတယ်။ ရှင်အာနန္ဒာက ကမ္မဝါဖတ်ရမှာ ဝန်မလေးဘူး။ သို့သော် ဥပဇ္ဈာယ်ဆရာမြတ်က တပည့်တော်ရဲ့ ကျောက်ထီးတန္တု အလေးပြုအပ်တဲ့ ဂရုပုဂ္ဂိုလ်ပါ။ အဲဒါကြောင့်မို့လို့" တပည့်တော်က ကမ္မဝါ မဖတ်ဝံ့ဘူးလို့။ ရှင်အာနန္ဒာမှ မဖတ်ဝံ့ဘူးဆို ဒီပြင် ဘယ်သူမှ မဖတ်ဝံ့ဘူး၊ မြတ်စွာဘုရားလျှောက်၊ လျှောက်တဲ့အခါ မြတ်စွာဘုရားက ...

"အနုဇာနာမိ ဘိက္ခဝေ ဂေါတ္တေန ပိ နာမံ သာဝေတုံ"

ဘိက္ခဝေ=ရဟန်းတို့။ ဂေါတ္တေနပိ=ဥပဇ္ဈာယ်ဆရာ၏ အနွယ်ဖြင့်လည်း။ နာမံ=ဥပဇ္ဈာယ်

http://www.dhammadownload.com



ဆရာ၏အမည်ကို။ သာဝေတုံ=ကမ္မဝါဥ္စတ် ရွတ်ဖတ်စိမ့်သောငှာ။ အနုဇာနာမိ=ငါဘုရားခွင့်ပြု၏။ ဥပဇ္ဈာယ်ဆရာရဲ့ မိဘမှည့်တဲ့နာမည် ဆရာမှည့်တဲ့နာမည် မဖတ်ဝံ့ရင် ဥပဇ္ဈာယ်ဆရာရဲ့ အနွယ် မထေရ်ရဲ့ နာမည်ကို ဂေါတ္တာဝတနာမည်၊ အနွယ်က ဆင်းသက်လာတဲ့ နာမည်ခေါ်တယ်။ အဲဒီနာမည်နဲ့လဲပဲ ကမ္မဝါဥ္စတ် ရွတ်ဖတ်နိုင်ဖို့ရန် ခွင့်ပြုတယ်။ သိက္ခာပုဒ် ပညတ်ချက်ရှိလို့။ အေး ဆိုကြပါစို့၊ ဥပဇ္ဈာယ်ဆရာတော်ရဲ့ဘွဲ့ကို ကနေ့ သာသနာအနေနဲ့ပြောရင် ဥပဇ္ဈာယ်ဆရာ တတိယ သင်္ဂါယနာအမှူး မဟာမောဂ္ဂလိ ပုတ္တတိဿ မထေရ် အနွယ်စဉ်ဆက် ဆင်းသက်လာတာ ဖြစ်လို့၊ ဥပဇ္ဈာယ်ဆရာတော်၏ အမည်ကို တိဿလို့ စောစောက ဂေါတ္တာဝတ နာမည်။ ဂရုအဟိတ နာမည်မဟုတ် ဂေါတ္တာဝတနာမည် ဖြစ်ပါတယ်။ ဒီနာမည်ကျတော့ ဘုန်းကြီးတို့လဲ ရွတ်ဝံ့ ဖတ်ဝံ့တယ်။ ငါ့ရှင်တို့လဲ ဒီနာမည်ကျတော့ ရဲရဲပြောဝံ့တယ်။ ပြောဝံ့ဖို့ရန် ရွတ်ဝံ့ဖို့ရန်အတွက် ဥပဇ္ဈာယ်ဆရာတော်၏နာမည်ကို အခု ကံဆောင်နေတဲ့အချိန်တွင်းမှာ တိဿလို့ မှည့်ပါ။ ဒီနာမည်နဲ့ ပြောရမယ်နော် ...

"ဥပဇ္ဈာယော မေ အာယသ္မာ တိဿတ္ထေရော နာမ ဘန္တေ=အရှင်ဘုရား။ မေ=တပည့်တော်၏။ ဥပဇ္ဈာယော=ဥပဇ္ဈာယ်ဆရာသည်။ အာယသ္မာ တိဿထေရောနာမ=အရှင်တိဿ မထေရ် အမည်ရှိပါသည်ဘုရား။

အဲဒီလို လျှောက်ရမှာ သင်ပြီးပြီ၊ အဲဒီသင်ပြီးတာမှာ လိုရင်း ကောက်နုတ်ချက်ချရင်=နတ္ထိ ဘန္တေ ဖြေရမှာ ၅ ချက်။ အနာကြီးငါးမျိုးမေးရင် နတ္ထိဘန္တေ ၅ မျိုးဖြေ။ နောက်ဂုဏ် ၈ ပါးကို အာမဘန္တေ လာရမှာ ၈ ပါး၊ ကျန်တဲ့ ၂ မေး၊ ၂ ဖြေက ဘုန်းကြီးတိုင်ပေးမယ်။

အနုသာသန=သင်ကြားတဲ့ကိစ္စပြီးပြီ။ လာကြတော့လို့ သံဃာကို ခွင့်မပန်ဘဲ သံဃာ့ဘောင်ခေါ်လိုက်ရင် သံဃာကို မရိုသေရာ ရောက်တယ်။ ဒါကြောင့် ငါ့ရှင်တို့ကို သင်ပြီးပါပြီဘုရား၊ ရဟန်းလောင်းရှင်နာဂ ရှင်သီဟ ရှင်ဒတ္တတို့ကို သံဃာဘောင်လာခွင့်ပြုပါဘုရားလို့ အဓိပ္ပာယ် ရှိသော ဥတ္တိကမ္မဝါပေါ့ဗျာ၊ အေး=ဒါသွားပြီးတော့ ထားချေဦးမယ်၊ ထားတယ်ဆိုတာလဲ သံဃာ ခွင့်ပန်တာပဲ ပါဠိလို။ အဲဒီလို ခွင့်ပန်လို့ သံဃာဆိတ်ဆိတ်နေ သဘောတူပြီဆိုတော့မှ ဘုန်းကြီးက ဟိုကနေ ငါ့ရှင်တို့ ကြွခဲ့ကြတော့ အဲ့လိုခေါ်လိုက်တဲ့အခါမှာ လက်အုပ်ကလေးချီပြီးတော့ ကြွခဲ့ကြ ပါနော်၊ သင်ပြီးပြီ၊ ခုကိစ္စပြီးပြီ။

"သုဏာတု မေ ဘန္တေ သံဃော၊ နာဂ, သီဟ, ဒတ္တာ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခာ အနုသိဋ္ဌာ တေ မယာ။ ယဒိ သံဃဿ ပတ္တကလ္လံ၊ နာဂ သီဟ ဒတ္တာ အာဂစ္ဆေယျုံ။"

မြတ်စွာလက်ထက်တုန်းက ပုဂ္ဂိုလ်တစ်ယောက်က တပည့်တော် ရဟန်းခံချင်လိုက်တာ သာသနာက ရဟန်းတော်တွေဆိုတာ သဒ္ဓါတရားရှိတဲ့ အမျိုးကောင်းသားဖြစ်လို့ ရဟန်းခံတာပေါ့

http://www.dhammadownload.com



ဆိုပြီး သူ့ကို ပေါ့ပေါ့လေးနဲ့ ရဟန်းခံပေးလိုက်။ ရဟန်းလဲ ဖြစ်ပြီးရော၊ သူက တောလုပ် တောင်လုပ် လုပ်တော့ သူ့မှာ တာဝန်ရှိတဲ့ ရဟန်းခံပေးတဲ့ ပုဂ္ဂိုလ်များက ငါ့ရှင် ဒီလို မပြုလုပ်ပါနဲ့၊ ဒါမပြုကောင်းပါဘူး၊ သာသနာတော်နဲ့ မတော်ပါဘူး ဆိုတဲ့အခါ သူက အမျက်ထောင်စကား ပြောသေးတယ်။ အရှင်ဘုရားတို့ကို တပည့်တော်က ရဟန်းခံပေးပါလို့ တောင်းပန်လို့လား ဆိုပြီး တော့ပေါ့လေ။ အဲဒီလို အမျက်ထောင်စကား ပြောဘူးလို့ မြတ်စွာဘုရားက ကိုင်း နောက်ဒီပြဿနာ မျိုး မပေါ်အောင်ဆိုပြီးတော့ ...

ဧကံသံ ဥတ္တရာသင်္ဂံ ကာရာပေတွာ=လက်ကတော့ စံပယ်တင်ပြီးတော့ သေသေချာချာ ဝတ်ပစေ။ ဘိက္ခူနံ ပါဒေ ဝန္ဒာပေတွာ=ရဟန်းတော်တို့ရဲ့ခြေကို ရှိခိုးပစေ။

ပြီးတော့ ဥက္ကုဋိကံ နိသီဒါပေတွာ=ဆောင့်ကြောင့်ထိုင်နေပစေ။ အဉ္ဇလိံ ပဂ္ဂဏှာပေတွာ= လက်အုပ်ချီမြှောက်ပစေတဲ့။ အဲဒီလို လက်အုပ်ချီပြီးတော့မှ ဥပသမ္ပဒံ ယာစာပေတဗ္ဗော=ရဟန်း ပဉ္စင်း အဖြစ်ကို နှုတ်မြွက်၍ တောင်းပန်စေရမယ်တဲ့။ အဲဒီလို ပညတ်ချက် ရှိတယ်။ တောင်းပန် ရအောင်နော် ငါ့ရှင်တို့။ သံဃာတော်ကို အာရုံပြုပြီးတော့ ဝတ်ချလိုက်ပါ။

သံဃံ ဘန္တေ ဥပသမ္ပဒံ ယာစာမိ၊ ဥလ္လုမ္ပတု မံ ဘန္တေ သံဃော အနုကမ္ပံဥပါဒါယ။ (ဒုတိယမ္ပိ) (တတိယမ္ပိ)

အရှင်တို့ဘုရား။ တပည့်တော်သည် သံဃာတော်ကို ရဟန်းပဉ္စင်းအဖြစ်ကို တောင်းခံပါ၏။ နှစ်ကြိမ်မြောက်လည်း တောင်းခံပါ၏။ သုံးကြိမ်မြောက်လည်း တောင်းခံပါ၏။ အရှင်တို့ဘုရား ... သံဃာတော်သည် တပည့်တော်ကို မေတ္တာကရုဏာ နှစ်ဖြာရှေ့ထား သနားသမှု အကြောင်းပြု၍ ရှင်သာမဏေအဖြစ်မှ ရဟန်းပဉ္စင်းအဖြစ်ရောက်အောင် ပို့ဆောင်တော်မူပါလော။ ရဟန်းအဖြစ်ကို တောင်းခြင်းဆိုတဲ့ စတုတ္ထကိစ္စ ပြီးပြီ။ အခု အန္တရာယိကဓမ္မ မေးခြင်းဆိုတဲ့ ပဉ္စမကိစ္စ ရှက်ဆောင်ဖို့ အချိန်ရောက်လာပြီ။

သုဏာတုမေ ဘန္တေ သံဃော။ ဣမေ နာဂ သီဟ ဒတ္တာ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခာ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ နာဂသီဟဒတ္တေ အန္တရာယိကေ ဓမ္မေ ပုစ္ဆေယျ။

နာဂသီဟဒတ္တေ=ငါ့ရှင်နာဂ ငါ့ရှင်သီလ ငါ့ရှင်ဒတ္တတို့။ သုဏာထ=နားထောင်ကြပါကုန်။ အယံ=ဤအခါသည်။ တုမှာကံ=သင်တို့၏။ သစ္စကာလော=အမှန်ကို ဖြေဆိုရမည့်အခါပေတည်း။ ဘူတကာလော=ဖြစ်တိုင်းမယုတ် ဟုတ်သည်ကို ဖြေဆိုရမည့်အခါပေတည်း။ ယံ=အကြင် အန္တရာ ယိကဓမ္မခေါ်ငြား ၁၃ ပါးသော အကြောင်းအရာများသည်။ ဇာတံ=ဖြစ်ပေါ်၍ နေတတ်၏။ တံ=ထို အန္တရာယိကဓမ္မ အပြား ၁၃ ပါးကို။ ပုစ္ဆာမိ=မေးပါတော့အံ့။ သန္တံ=မိမိကိုယ်တွင် အထင်အရှား ရှိပါငြား ဟုတ်ပါငြားမူ။ အတ္ထီတိ=အာမဘန္တေဟူ၍။ ဝတ္တဗ္ဗံ=သင်တို့လျှောက်ထား ပြောကြား

http://www.dhammadownload.com



အပ်၏။ ပြောကြားပါလေ။ အသန္တံ=မိမိကိုယ်တွင် အထင်အရှား မရှိငြား မဟုတ်ငြားမူ။ နတ္ထီတိ=နတ္ထိဘင်္ဂေဟူ၍။ ဝတ္တဗ္ဗံ=လျှောက်ထားပြောကြားအပ်၏။ ပြောကြားကြပါလေ။ တုမှာကံ=သင်တို့သည်။ သရီရေ=ကိုယ်၌။ ဇဝရူပါ=ဤဆိုလတ္တံ့သော သဘောရှိကုန်သော။ အာဗာဓာ=အနာဆိုးတို့သည်။ သန္တိ=ရှိကုန်သလော။

(၁) ကုဋ္ဌံ=နူနာသည်။ အတ္ထိ=ရှိသလော။ (နတ္ထိဘန္တေ)။

(၂) ဂဏ္ဍော=ထွတ်မြင်းအနာ အိုင်းအမာသည်။ အတ္ထိ=ရှိသလော။ (နတ္ထိဘန္တေ)

(၃) ကိလာသော=ပွေးကြီးဝဲကြီးနာသည်။ အတ္ထိ=ရှိသလော။ (နတ္ထိဘန္တေ)

(၄) သောသော=တစ်နေ့တခြား အသွေးအသားတို့ လျော့ပါးဆုတ်ယုတ် ခယရုဂ်ဝေါဟာ မျှစ်ခြောက်နာသည်။ အတ္ထိ=ရှိသလော။ (နတ္ထိဘန္တေ)

(၅) အပမာရော=ဝက်ရူး ကြက်ရူး သည်းခြေရူးနှင့် ဘီလူးဖမ်းစား အရူးရောဂါများသည်။ အတ္ထိ=ရှိသလော။ (နတ္ထိဘန္တေ)

နတ္ထိဘန္တေ အဖြေငါးချက် ပြီးပြီ။

(၁) တုမှေ=သင်တို့သည်။ မနုဿာအတ္ထ=လူသားစင်စစ် ဖြစ်ကြကုန်၏လော။ (အာမဘန္တေ)

(၂) တုမှေ=သင်တို့သည်။ ပုရိသာ=ပုံဘော ဘာဝေါထင်ရှား မင်းယောကျ်ားတို့သည်။ အတ္ထ=ဖြစ်ကြကုန်၏လော။ (အာမဘန္တေ)

(၃) တုမှေ=သင်တို့သည်။ ဘုဇိဿာ=ကိုယ့်လက်ရုံးကို အစိုးရသောသူတို့သည်။ အတ္ထ=ဖြစ်ကြကုန်၏လော။ (အာမဘန္တေ)

(၄) တုမှေ=သင်တို့သည်။ အဏဏာ=ကြွေးမြီမတင် သန့်ရှင်းစင်ကုန်သည်။ အတ္ထ=ဖြစ်ကြကုန်၏လော။ (အာမဘန္တေ)

(၅) တုမှေ=သင်တို့သည်။ ရာဇဘဋ္ဋာ=မင်းမှုထမ်းတို့သည်။ နအတ္ထ=မဖြစ်ဘဲ ရှိကြပါကုန်လော။ (အာမဘန္တေ)

(၆) တုမှေ=သင်တို့သည်။ ဝေါ=သင်တို့ကို။ မာတာပိတူဟိ=မိခင်ဖခင်တို့က။ အနုညာတာ=အနုးအညွှတ် ခွင့်လွှတ်အပ်ကုန်သည်။ အတ္ထ=ဖြစ်ကုန်၏လော။

(၇) တုမှေ=သင်တို့သည်။ ပရိပုဏ္ဏဝီသတိဝဿာ=အသက်နှစ်ဆယ် ပြည့်ဖြိုးကြွယ်ကုန်သည်။ အတ္ထ=ဖြစ်ကုန်၏လော။

(၈) တုမှာကံ=သင်တို့၏။ သန္တကံ=ကိုယ်ပိုင်ဥစ္စာဖြစ်သော။ ပတ္တစီဝရံ=သပိတ်သင်္ကန်းသည်။ ပရိပုဏ္ဏံ=ကိုယ်ပိုင်ရရှိသောအနေနဲ့ ပြည့်စုံပါပြီလော။ (အာမဘန္တေ)

http://www.dhammadownload.com



တုမှေ=သင်တို့သည်။ ကိံနာမာ=အဘယ်အမည်ရှိကြကုန်သည်။ အတ္တာ=ဖြစ်ကြကုန်သနည်း။

အဟံဘန္တေ နာဂေါနာမ=တပည့်တော်၏အမည် နာဂအမည်ရှိပါသည်ဘုရား။ (အကြီးဆုံး ရဟန်းလောင်းအတွက်)

အဟံဘန္တေ သီဟောနာမ=တပည့်တော်၏အမည် သီဟအမည်ရှိပါသည်ဘုရား။ (အလတ်)

အဟံဘန္တေ ဒတ္တောနာမ=တပည့်တော်၏အမည် ဒတ္တအမည်ရှိပါသည်ဘုရား။ (အငယ်)

တုမှာကံ=သင်တို့၏။ ဥပဇ္ဈာယော=ဥပဇ္ဈာယ်ဆရာသည်။ ကောနာမော=အဘယ်အမည် ရှိသနည်း။

ဥပဇ္ဈာယော မေ ဘန္တေ အာယသ္မာ တိဿတ္ထေရော နာမ=တပည့်တော်၏ ဥပဇ္ဈာယ်ဆရာ သည် အရှင်တိဿမထေရ် မည်ပါ၏ဘုရား။

## သုံးပါးဥပသမ္ပဒကမ္မဝါစာ ဖတ်ထားခြင်း

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

သုဏာတု မေ ဘန္တေ သံဃော ဣမေ နာဂသီဟဒတ္တာ အာယသ္မတော တိဿဿဥပသမ္ပဒါ ပေက္ခာ။ ပရိသုဒ္ဓါ အန္တရာယိကေဟိ ဓမ္မေဟိ။ ပရိပုဏ္ဏံ တေသံ ပတ္တစီဝရံ။ နာဂသီဟဒတ္တာ သံဃံ ဥပသမ္ပဒံ ယာစန္တိ။ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ ယဒိ သံဃဿ ပတ္တကလ္လံ သံဃော နာဂသီဟဒတ္တေ ဥပသမ္ပာဒေယျ။ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော။ ဣမေ နာဂ သီဟ ဒတ္တာ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခာ ပရိသုဒ္ဓါ အန္တရာယိကေဟိ ဓမ္မေဟိ။ ပရိပုဏ္ဏံ တေသံ ပတ္တစီဝရံ။ နာဂသီဟဒတ္တာ သံဃံ ဥပသမ္ပဒံ ယာစန္တိ။ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန သံဃော နာဂ သီဟ ဒတ္တေ၊ ဥပသမ္ပာဒေတိ။ အာယသ္မာ တိဿေန ဥပဇ္ဈာယေန။ ယဿာယသ္မတော ခမတိ။ နာဂ သီဟ ဒတ္တာနံ ဥပသမ္ပဒါ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ သောတုဏှာဿ။ ယဿ နက္ခမတိ။ သော ဘာသေယျ။

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။

တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။

ဥပသမ္ပန္နာ သံဃေန နာဂ သီဟ ဒတ္တာ အာယသ္မတာ တိဿေန ဥဇ္ဈာယေန၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။

သာဓု ... သာဓု ... သာဓု။

ဦးဝိစိတ္တသာရာဘိဝံသ
တိပိဋကဓရဆရာတော်

http://www.dhammadownload.com



၁၃၃၇ ခု၊ တပေါင်းလပြည့် (၁၄–၃–၇၆) နေ့ ရန်ကုန်မြို့ ခြောက်ထပ်ကြီးဘုရားကြီး ကျောင်းတိုက်၌ "သာသနဝိပုလ"မဟာသိမ်တော် တိုက်ကျောင်းကြီး၌ ပူဇော်ကျင်းပအပ်သော "နိကာယ်ငါးရပ် စာလျှောက်မေးပွဲ" ဆုနှင်းသဘင်တွင်

ဓမ္မနာဒတိုက် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက

ဦးဝိစိတ္တသာ ရာဘိဝံသ ဆရာတော် မိန့်ဖော်ဟောကြားအပ်သော

# အနုဗလပ္ပဒါန ဩဝါဒကထာ

နမော တဿ ဗုဒ္ဓ ဝိရုဏ္ဍု။

နိကာယ်စာလျှောက်မေးပွဲ စာအောင်အရှင်သူမြတ်များနှင့်တကွ ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတို့ ...

ဤနိကာယ်ဘွဲ့နှင်းသဘင် အခမ်းအနား၌ စာအောင်အရှင်မြတ်တို့နှင့်တကွ ဒကာ–ဒကာမ အပေါင်း သူတော်ကောင်းတို့အား "နိကာယ်"ဟူသော မြန်မာဝေါဟာရစကား၏ အနက်အဓိပ္ပာယ် ကို ရှေးဦးစွာ ဖော်ပြအသိပေးလိုပါသည်။

နိကာယ်–ဟူသည်မှာ နိကာယ–ဟူသောပါဠိမှ ဆင်းသက်လာသော မြန်မာစကား ဖြစ်ပါ သည်။ မြတ်စွာဘုရား ဟောညွှန်ကြားအပ်သည့် တရားစကားတော်အပေါင်းကို စုရုံး၍ ပါဠိလို နိကာယ၊ မြန်မာလို နိကာယ်ဟူ၍ ခေါ်ဆိုခြင်း ဖြစ်ပါသည်။

(မြတ်စွာဘုရား၏ တရားစကားတော်အပေါင်းဟု ဆိုလိုပါသည်။)

ထိုမြတ်စွာဘုရား၏ တရားစကားတော်အပေါင်း တည်းဟူသော–နိကာယ်ကို သဘောတူရာ သူ့အစုနှင့်သူ ခွဲဝေလိုက်သောအခါ (က)ဒီဃနိကာယ်၊ (ခ) မဇ္ဈိမနိကာယ်၊ (ဂ) သံယုတ္တနိကာယ်၊ (ဃ) အင်္ဂုတ္တရနိကာယ်၊ (င) ခုဒ္ဒကနိကာယ်ဟူ၍ ၅ ခု ဖြစ်လာပါသည်။ ၅ စုထား၍ သံဂါယနာ တင် အရှင်မြတ်တို့ သံဂါယနာတင်တော်မူ စုပေါင်းရွတ်ဆိုတော်မူခဲ့ကြပါသည်။

(က) **ဒီဃနိကာယ်**။ ။ ရှည်လျားသော ဘုရားစကားတော် (သုတ္တန်) အပေါင်းကို ဒီဃနိကာယ်ဟူ၍ ခေါ်ဆိုပါသည်။ ထိုဒီဃနိကာယ်၌ သုတ္တန်ပေါင်း (၃၄)သုတ်၊ စာအုပ်အရေ အတွက် ၃ အုပ် ရှိပါသည်။

(ခ) **မဇ္ဈိမနိကာယ်**။ ။ မရှည်မတို အလယ်အလတ်ဖြစ်သော ဘုရားစကားတော် သုတ္တန် အပေါင်းကို မဇ္ဈိမနိကာယ်ဟု ခေါ်ဆိုပါသည်။ ထိုမဇ္ဈိမနိကာယ်၌ သုတ္တန်ပေါင်း (၁၅၂)သုတ် စာအုပ်အရေအတွက် ၃ အုပ်ပင် ရှိပါသည်။

http://www.dhammadownload.com



(ဂ) **သံယုတ္တနိကာယ်**။ ။ နတ်ပြဟ္မာ=ဒေဝတာအား ဟောသောသုတ္တန်၊ နတ်သား=ဒေဝပုတ္တတို့အား ဟောသောသုတ္တန်၊ ကောသလမင်းအား ဟောသော သုတ္တန်အစ စသည်ဖြင့် တရားနာခံ ဖြစ်ကြသည့် ပုဂ္ဂိုလ်များ တူရာတူရာ၊ တရားသဘော တူရာတူရာ ဟောကြားအပ်သည့် သုတ္တန်အပေါင်း ဝဂ်အပေါင်းစသည်တို့ကို စုပေါင်းယှဉ်တွဲ၍ သံဂါယနာတင်အပ်သော ဘုရားစကားတော်(သုတ္တန်) အပေါင်းကို သံယုတ္တနိကာယ်ဟူ၍ ခေါ်ဆိုပါသည်။ ထိုသံယုတ္တနိကာယ်၌ သုတ္တန်ပေါင်း ၇၇၆၂ သုတ်၊ စာအုပ်ရေ ၃ အုပ်ပင် ရှိပါသည်။

(ဃ) **အင်္ဂုတ္တရနိကာယ်**။ ။ မြတ်စွာဘုရား ဟောတော်မူတဲ့ တရားတော်ဟာ ဝေနေယျ အလိုက် တရားတစ်မျိုးတစ်မျိုး ဟောတဲ့ သုတ္တန်တွေလဲ ရှိပါတယ်၊ တရားနှစ်မျိုးနှစ်မျိုးစသည် ဟောအပ်တဲ့ သုတ္တန်တွေလဲ ရှိပါတယ်။ ထိုသို့ရှိခဲ့ရာ ... တရားတစ်မျိုးတစ်မျိုးတို့ကို ဟောအပ်တဲ့ သုတ္တန်ပေါင်း ဘုရားစကားတော်အပေါင်းကို ဧကင်္ဂုတ္တရနာမည်နဲ့ သံဂါယနာ စုပေါင်းတင်ခဲ့ပါတယ်။ တရားနှစ်မျိုးနှစ်မျိုးတို့ကို ဟောအပ်တဲ့ သုတ္တန်အပေါင်း ဘုရားစကားတော်အပေါင်းကို ဒုကင်္ဂုတ္တရနာမည်နဲ့၊ တရားသုံးမျိုးသုံးမျိုးတို့ကို ဟောအပ်တဲ့ သုတ္တန်အပေါင်း-ဘုရားစကားတော် အပေါင်းကို တိကင်္ဂုတ္တရနာမည်နဲ့၊ တရားလေးမျိုး လေးမျိုး ဟောအပ်တဲ့ သုတ္တန်အပေါင်း-ဘုရား စကားတော်အပေါင်းကိုတော့ စတုကင်္ဂုတ္တရနာမည်နဲ့ သံဂါယနာ စုပေါင်း တင်ခဲ့ပါတယ်။ အဲဒီနည်း အတိုင်းပင် တရားငါးမျိုး၊ ခြောက်မျိုး၊ ခုနစ်မျိုး၊ ရှစ်မျိုး၊ ကိုးမျိုး၊ ဆယ်မျိုး၊ ဆယ့်တစ်မျိုး ဟော အပ်တဲ့ သုတ္တန်အပေါင်း ဘုရားစကားတော်အပေါင်းကို ပဉ္စကင်္ဂုတ္တရ စသည်ဖြင့် သံဂါယနာ စုပေါင်းတင်ခဲ့ပါတယ်။ ၎င်းတို့ကို စာပေနယ်ပယ်၌ "အင်္ဂုတ္တိုရ်ဆယ့်တစ်ကျမ်း" လို့လဲ ခေါ်တယ်။ "အင်္ဂုတ္တရနိကာယ် ဆယ့်တစ်ကျမ်း"လို့လဲ ခေါ်တယ်။ သုတ္တန်ပေါင်းက ၉၅၅၇ သုတ်ရှိ၍ စာအုပ် ရေအတွက် ၃ အုပ်ပင် ရှိပါသည်။

(င) **ခုဒ္ဒကနိကာယ်**။ ။ ဆိုခဲ့ပြီးတဲ့ နိကာယ်ကြီး ၄ ရပ်မှ ကြွင်းကျန်တဲ့ ဘုရားစကား တော်(သုတ္တန်)အပေါင်းကိုတော့ ခုဒ္ဒကနိကာယ်ဟူ၍ ခေါ်ဆိုပါတယ်။ (ဒီဃနိကာယ်လိုလဲ မရှည် လျား၊ မဇ္ဈိမနိကာယ်လို့လဲ အလယ်အလတ်မဟုတ်၊ တိုတိုတုတ်တုတ် ဘုရားစကားတော် သုတ္တန် အပေါင်းဟု ဆိုလိုပါတယ်။

အဲဒီ ခုဒ္ဒကနိကာယ်စာရင်းဝင် ဘုရားစကားတော်-သုတ္တန်အပေါင်းထဲကမှ ရဟန်းတို့၏ ကျင့်ရမည့် ဝိနည်းသိက္ခာကို ဟောပြတဲ့ စာအုပ်ကြီး ၅ အုပ်ကိုတော့ "ဝိနည်း ၅ ကျမ်း"လို့လဲ ခေါ်တယ်။ "ဝိနယပိဋက"လို့လဲ ခေါ်တယ်။ (ရဟန်းတို့ ကျင့်ရမယ့် ဝိနည်းတရားသိက္ခာတွေကို စုပေါင်းထည့်ထားတဲ့ တရားရတနာတောင်းကြီးလို့ အဓိပ္ပာယ် ရှိပါတယ်။)

အဲဒီ ခုဒ္ဒကနိကာယ်စာရင်းဝင် ဘုရားစကားတော်-သုတ္တန်အပေါင်းထဲက သဘာဝမမှုရှိတဲ့ အတိုင်း သဘာဝမမှုတစ်ခုထဲကိုပဲ ဦးတည်ပြီး ဟောကြားခဲ့တဲ့ ဘုရားစကားတော်တွေဟာ စာအုပ်

http://www.dhammadownload.com



ရေ ၁၂ အုပ်ရှိပါတယ်။ ကျမ်းအနေနဲ့ အဘိဓမ္မာခုနစ်ကျမ်းလို့လဲ ခေါ်ပါတယ်။ ထိုခုနစ်ကျမ်း အုပ်ရေ ၁၂ အုပ်ရှိတဲ့ ဘုရားစကားတော်တွေကိုတော့ အဘိဓမ္မာ–လို့ခေါ်တဲ့ အလွန်နက်နဲသော တရားတွေကို စုပြီးပေါင်းပြီး ဟောထားခဲ့တဲ့ တရားရတနာ တောင်းကြီးသဖွယ်ဖြစ်လို့ အဘိဓမ္မ ပိဋကလို့ ခေါ်ပါတယ်။

အခုပြောခဲ့တဲ့ ဝိနည်း ၅ ကျမ်း စာအုပ်ရေ ၅ အုပ်၊ အဘိဓမ္မာခုနစ်ကျမ်း စာအုပ်ရေ ၁၂ အုပ်က ကျန်တဲ့ကျမ်းအနေအားဖြင့် ၁၅ ကျမ်း စာအုပ်အနေအားဖြင့် ၁၁ အုပ်ရှိတဲ့ ဘုရားစကားတော် –သုတ္တန်အပေါင်းကိုသာ ပရိယတ္တိစာပေနယ်၌ ခုဒ္ဒကနိကာယ် ၁၁ အုပ်ဟူ၍ ခေါ်ဆိုကြပါတယ်။

ဝိနည်း ၅ ကျမ်းနဲ့ အဘိဓမ္မာခုနစ်ကျမ်းကို "ခုဒ္ဒကနိကာယ်"ပါလို့ မနဲပြောယူရပါတယ်။ စာအုပ်နယ်ပယ်ထဲမှာလဲ ဒီဝိနည်း ၅ ကျမ်း၊ အဘိဓမ္မာခုနစ်ကျမ်းတို့ကို ခုဒ္ဒကနိကာယ်လို့ သိပ်ပြီး အသုံးအနှုန်း ဝေါဟာရ မပြုကြဘူး။ ထားပါတော့ ကျန်တဲ့ ၁၁ အုပ်ကိုသာ ခုဒ္ဒကနိကာယ်လို့ သာသနာမှာ အသုံးအနှုန်း ဝေါဟာရများပါတယ်။

စာအောင်အရှင်မြတ်တို့နှင့်တကွ ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတို့။ အဲဒီ ခုဒ္ဒက နိကာယ် (၁၁)အုပ်၊ ဝိနည်း ၅ ကျမ်း ၅ အုပ်၊ အဘိဓမ္မာခုနစ်ကျမ်း ၁၂ အုပ်ဆိုတဲ့ ခုဒ္ဒက နိကာယ် စာအုပ်ပေါင်း ၂၈ အုပ် နှစ်ဆယ့်ရှစ်နိကာယ်၊ ဒီဃနိကာယ်၊ မဇ္ဈိမနိကာယ်၊ သံယုတ္တနိကာယ်၊ အင်္ဂုတ္တရနိကာယ်ခေါ်တဲ့ နိကာယ်လေးရပ်မှာလဲပဲ တရပ်တရပ်လျှင် စာအုပ်ပေါင်း ၃ အုပ်စီ ၃ အုပ်စီ ရှိကြတဲ့အတွက် အဲဒီနိကာယ်လေးရပ်က စာအုပ်ပေါင်း ၁၂ အုပ်၊ အားလုံးပေါင်း မြတ်စွာ ဘုရားရဲ့ စကားတော်တွေ စာအုပ်ပေါင်း ၄၀ ကို "နိကာယ်ငါးရပ် ခေါ်တယ်လို့" အိပ်ရာထဲ အိပ်နေတုန်းတောင်မှ တင်ပါးပုတ်ပြီး "နိကာယ်ဆိုတာ ဘာခေါ်သလဲ"လို့ မေးလျှင် … "ဘုရား စကားတော်အပေါင်း စာအုပ်ရေ ၄၀ ကို ခေါ်တယ်"လို့ မိမိတို့လဲ ပြောတတ်ကြပါစေ။ မိမိတို့နဲ့ နီးစပ်ရာ ပုဂ္ဂိုလ်တွေလဲပဲ လက်တို့ပြီးတော့ ပြောထားကြပါ။ "နိကာယ်ဆိုတာ ဘုရားစကားတွေကို သဘောတူရာ စုပေါင်းပြီး သံဂါယနာ ၆ ကြိမ်တိုင်တိုင် တင်ထားခဲ့တဲ့ ဘုရားစကားတော်အပေါင်း ကို နိကာယ်ခေါ်တယ်"လို့ ပြောတတ်ကြပါစေ။

အဲဒီ နိကာယ်ခေါ်တဲ့ တရားရတနာတွေသည် ယနေ့ ဗုဒ္ဓဘာသာဝင် ဖြစ်ကြတဲ့ ရဟန်းတော် တွေရော ရှင်တွေရော လူတွေရော အားလုံး၏ ဆရာဘုရားတွေ ဖြစ်ကြပါတယ်။ ဟို … တစ်ဘက် ဘာသာဝင်များက "မင်းတို့ဘုရားရှင် ရှိရဲ့လား"လို့ မေးလျှင် "ရှိတယ်"လို့ ဖြေရပါမယ်။ "မင်းတို့ ဘုရား ဘယ်မှာလဲ"လို့ မေးလျှင် အဲဒီ နိကာယ်တွေကို လက်ညှိုးထိုးပြရပါမယ်။ "နိကာယ်ငါးရပ် ဆိုတဲ့ ပိဋကတ် ဓမ္မက္ခန္ဓာတွေဟာ ကျွန်ုပ်တို့ရဲ့ဘုရားတွေ၊ ကျွန်ုပ်တို့ကို အမြဲတမ်း ဩဝါဒ ပေးနေ တဲ့ ဘုရားပေါင်း ရှစ်သောင်းလေးထောင်"လို့သာ လက်ညှိုးထိုးပြကြပါ။ အဲဒါ နံပါတ်(၁) ဘုန်းကြီး ပြောချင်တာ ပြီးသွားပါပြီ။

http://www.dhammadownload.com



ဒကာ–ဒကာမတွေ နိကာယ် နိကာယ်နဲ့ မြို့ထဲမှာလဲ ပြောကြမယ်လေ၊ အခု ပြန်သွားရင်လဲပဲ "နိကာယ် ဘွဲ့နှင်းသဘင်က ပြန်လာတယ်၊ နိကာယ် ဆုနှင်းသဘင်က ပြန်လာတယ်"လို့ ပြောကြမယ်။ အေး ... "နိကာယ်ဆိုတာ ဘာကိုခေါ်သလဲ"လို့ဆိုရင် မေးလျှင် ပြောတတ်အောင် ဖြေတတ်အောင် ဘုန်းကြီးပြောပြီးသွားပါပြီ။

အဲ့ဒီ နိကာယ်ဆိုတဲ့ စာအုပ်တိုင်း စာအုပ်တိုင်းမှာ မြတ်စွာဘုရား ဟောကြားအပ်တဲ့ သီလကျင့်ပုံ၊ သမာဓိကျင့်ပုံ၊ ပညာကျင့်ပုံ၊ သိက္ခာသုံးပါးကျင့်ပုံတွေ အပြည့်အစုံပါရှိပါတယ်။ အဲဒီ သိက္ခာသုံးပါးကျင့်ပုံ အပြည့်အစုံပါရှိတဲ့ ဒီနိကာယ်စာအုပ်ကြီးတွေ၊ ဟောဒီ သဒ္ဓါပဗ္ဗဇိတဖြစ်တဲ့ သာသနာ့ဝန်ထမ်း စာအောင်ရဟန်းတော် အရှင်သူမြတ်များရဲ့ နှုတ်ဖျားမှာ ရောက်ရှိလာမှ ဟောဒီ သဒ္ဓါပဗ္ဗဇိတ–အမျိုးကောင်းသားများ ဖြစ်ကြတဲ့ စာအောင်ရဟန်းတော် အရှင်သူမြတ်တွေသည် မိမိတို့ ရည်သန်ရင်းဖြစ်တဲ့ သီလ သမာဓိ ပညာ သိက္ခာကို မိမိတို့၏ နှုတ်ထဲမှာ ရောက်ရှိနေသော တရားထဲမှ ထုတ်၍ထုတ်၍ ကျင့်သုံးတော်မူကြကာ သံသရာဝဋ်က ကျွတ်လွတ်ခြင်းတည်းဟူသော နိယျာနိကအကျိုးကို ရကြပါစေလို့ ဘုန်းကြီးက ထပ်မံ တိုက်တွန်းပါရစေ။ ဦးပဥ္ဇင်းတို့ ... ဘုန်းကြီးတို့ရဲ့ ကျေးဇူးရှင် မစိုးရိမ်ဆရာတော်ဘုရားကြီးသည် "ဖြစ်နိုင်မှာ မဟုတ်ပါဘူးကွယ်"လို့ ဘေးက ပြောကြပေမယ်လို့ ဖြစ်အောင်ပဲ မန္တလေးမြို့မှာရော ပဲခူးမြို့မှာရော နိကာယ်သာသနာထွန်းကားဖို့ မျိုးစေ့ချပေးသွားပြီ။ (တစ်နည်းပြောရလျှင်) မစိုးရိမ်ဆရာတော်ဘုရားကြီးဟာ "ငါ့ကိစ္စတော့ ပြီးပြီ" ဆိုပြီးတော့ ဘဝနတ်ထံ ဝင်စံရပ်သိမ်းသွားပြီ။ "အေး ... ဦးပဥ္ဇင်းတို့ ... ဦးပဥ္ဇင်းတို့ တာဝန်ပဲ ရှိတော့တယ်"လို့ ဆိုဘိအလား မန္တလေးမြို့မှာလဲ နိကာယ်စာမေးပွဲ အောင်အောင်မြင်မြင် အခြေခိုင်ခိုင်၊ ရန်ကုန်မြို့မှာလဲ နိကာယ်စာမေးပွဲ အောင်အောင်မြင်မြင် အခြေခိုင်ခိုင်၊ ပဲခူးမြို့မှာလဲပဲ နိကာယ်စာမေးပွဲ အောင်အောင်မြင်မြင် အခြေခိုင်ခိုင် ဆရာတော်ကြီးက စိုက်ထူခဲ့ပြီးတော့ "ငါ့ကိစ္စ ငါ့တာဝန်တော့ပြီးပြီ၊ ဦးပဥ္ဇင်းတို့ တာဝန် ဦးပဥ္ဇင်းတို့ဆက်ပြီး ထမ်းကြတော့"ဟု ဆိုသည့်အလား ဘဝနတ်ထံ ဝင်စံတော်မူသွားပါပြီ။

(၂) အရှင်တို့ ... စာအောင်အရှင်တို့ ... အရှင်တို့အတွက် နိကာယ်အားပေးတဲ့ သိဒ္ဓိသျှိုး ဂါထာတစ်ခု လျှောက်ထားစမ်းပါရစေ။ အရှင်ဥပါလိသည် မိမိက ဝိနည်းမိုရ်=ဝိနည်းကို ထုံးလိုချေ ရေလိုနှောက်တဲ့ မထေရ်ဖြစ်တော့ သူ့ရဲ့ဝိနယဓရလုပ်ငန်းကို သူ့ကိုသူ အားပေးပြီးတော့ ...

ဝိနယော အာသယော မယှံ၊ ဝိနယော ဌာနစင်္ကမံ။
ကပ္ပေမိ ဝိနယေ ဝါသံ၊ ဝိနယော မမ ဂေါစရော။

ဒီဂါထာကို ဥဒါန်းတကျူးကျူးနဲ့ ...

ဝိနယော=ဝိနည်းတွင်ခေါ် တရားတော်သည်။ မယှံ=ဥပါလိမည် ငါမထေရ်၏။ အာသယော =အမြဲတံစေ ကိန်းပျော်ရာ ကျောင်းဗိမာန်လည်း မှန်ပေ၏။ (အမြဲတမ်း စံကျောင်းဗိမာန် ဓမ္မကျောင်း

http://www.dhammadownload.com



ဗိမာန်ကား ဝိနည်းပိဋကပဲ၊ ဝိနည်းပိဋကသည် ငါရဲ့အမြဲ ကိန်းပျော်စံရာ ကျောင်းဗိမာန်ဖြစ်ပေတယ် လို့ ဆိုလိုပါတယ်။) ဝိနယေ=ဝိနည်းတွင်ခေါ် တရားတော်သည်။ မယှံ=ဥပါလိမည် ငါမထေရ်၏။ ဌာနစင်္ကမံ=ရပ်ရာ+စင်္ကြံသွားရာလည်း မှန်ပေ၏။ (ရပ်လဲပဲ ဝိနည်းစိတ်၊ စင်္ကြံသွားလဲပဲ ဝိနည်းစိတ် နှင့်ပင် အချိန်ကုန်စေတယ်လို့ ဆိုလိုပါတယ်။) အဟံ=ဥပါလိမည် ငါမထေရ်သည်။ ဝိနယေ= ဝိနည်းတွင်မှတ် တရားတော်မြတ်၌။ ဝါသံ=နေထိုင်ခြင်းကို။ ကပ္ပေမိ=ပြုပေ၏။ ဝိနယော=ဝိနည်း တွင်မှတ် တရားတော်မြတ်သည်။ မမ=ဥပါလိမည် ငါမထေရ်၏။ ဂေါစရော=နေ့နေ့ညည စိတ်ရဲ့ ကျက်စားရာ စားကျက်ကြီးပါပေတည်း။

သူ့စိတ်ဟာ ဝိနည်းထဲမှာပဲ အမြဲပျော်တယ်။ အိပ်လဲ ဝိနည်းစိတ်၊ စားလဲ ဝိနည်းစိတ်ပဲတဲ့။ အဲဒီလို ဒီဂါထာဖြင့် အရှင်ဥပါလိသည် မိမိကိုယ်ကို မိမိအားပေး သိဒ္ဓိနိုးနိုးပြီးတော့ ဝိနည်းအရာမှာ မြတ်စွာဘုရား ကိုယ်တော်တိုင်က ဧတဒဂ်ဘွဲ့ထူး ချီးကျူးယူရလောက်အောင် ဝိနည်းကို လေ့လာ တော်မူခဲ့ပါတယ်။ လေ့လာတော်မူခဲ့တဲ့ အတိုင်းလဲပဲ မြတ်စွာဘုရား၏ "ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဝိနယဓရာနံ ယဒိဒံ ဥပါလိ"လို့ ဧတဒဂ်ဘွဲ့ထူးဖြင့် အချီးကျူးခံခဲ့ရပါတယ်။ ထို့အတူ အရှင်မြတ်တို့ကလဲပဲ နိကာယသာသနာထဲ ဝင်လာကြပါပြီ။

ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့ ... စောစောက ပြောခဲ့တဲ့အတိုင်း နိကာယ်စာအုပ် တစ်အုပ်တစ်အုပ်ထဲမှာ မြတ်စွာဘုရားရဲ့ သာမုက္ကံ သိက သီလဟောတဲ့နေရာ၊ သမာဓိဟောတဲ့ နေရာ၊ ပညာဟောတဲ့နေရာ၊ သီလကျင့်ပုံ၊ သမာဓိကျင့်ပုံ၊ ပညာကျင့်ပုံတွေဟာ ထိုထိုသုတ္တန် အားလျော်စွာ အပြည့်ရှိနေပါတယ်။ ယခု ဒကာ ဒကာမတို့ရဲ့ မျက်မှောက်မှာ ဖူးတွေ့နေရသော အရှင်မြတ်များသည် ဓမ္မက္ခန္ဓာ ဓမ္မစေတီပေါင်း မြောက်မြားစွာကို လျှာပေါ်မှာ ပင့်တင်ထားတဲ့ စေတီတိုက်တွေ ... လို့ စိတ်ထဲမှာ အာရုံယူပြီးတော့ သဒ္ဓါတရား ဖြစ်ပွားကြစေချင်ပါတယ်။

(၃) စာအောင်သံဃာတော် သီတင်းသုံးဖော် အရှင်မြတ်တို့ ... အရှင်မြတ်တို့ ပရိယတ္တိ နယ်ပယ်မှာ အတိုင်းအတာ ပမာဏအနေနဲ့ ချီတက်ခဲ့ရတဲ့ စာမေးပွဲ အဆင့်ဆင့်ကို ပြောလိုပါတယ်။ အစိုးရမှာ ငယ်၊ လတ်၊ ကြီး၊ ဓမ္မာစရိယ၊ သကျသီဟ(နှင့်) စေတိယင်္ဂဏမှာ စာသင်တန်း၊ စာချ တန်း၊ အဲဒီမှာ အစိုးရရဲ့ တိပိဋကဓရ စာမေးပွဲ ယနေ့ ထိပ်ဆုံးအတန်းပါပဲ။ (ဒါအကုန်ပဲ ထားပါတော့၊ ကျန်တဲ့ ထိုထိုမြို့ ... ရွာကရှိတဲ့ ပရိယတ္တိသာသနာနုဂ္ဂဟအသင်းတွေက ကျင်းပတဲ့ စာမေးပွဲကတော့ ဒီအထဲမှာပဲ အကုန်ဝင်တယ် ထားပါစို့။) ဒီတော့ မှတ်လွယ်အောင် အငယ်ရယ်၊ အလတ်ရယ်၊ အကြီးရယ်၊ ဓမ္မာစရိယရယ်၊ တိပိဋကဓရရယ်ဆိုတဲ့ အဲဒီအဆင့်အတန်း(၅)တန်းမှာ အရှင်မြတ်တို့ အစဉ်အတိုင်း တက်ခဲ့ကြပြီ။

အငယ်ကနေပြီးတော့ အလယ်တန်းကို နှစ်ချင်းတက်ခဲ့ကြတယ်၊ တက်နိုင်ကြတယ်၊ အလတ် ကနေပြီးတော့ အကြီးတန်းကို နှစ်ချင်းတက်ခဲ့တာ များပါတယ်။ အို ... အလွန်အကြောင်း မညီ

http://www.dhammadownload.com



ညွှတ်လျှင် တစ်နှစ်ခြားပြီးတော့ တက်ကြ၊ ၂ နှစ်ခြားပြီးတော့ တက်ကြပါတယ်။ အကြီးကနေပြီးတော့ ဓမ္မာစရိယအတန်းကိုလဲ ခုပြောခဲ့သလိုပဲ တစ်နှစ်တည်းနဲ့ ကျမ်းအပြီး အောင်ကြတာလဲ ရှိတယ်။ ၂ နှစ်နဲ့လဲ အောင်ကြာတာရှိတယ်။ တစ်နှစ်မှာ ကျမ်းခွဲ၍ ၂ နှစ်မှာ ကျမ်းပြီးတာလဲ ရှိတယ်။

အဲဒီ ဓမ္မာစရိယ အတန်းကနေပြီးတော့ တိပိဋကဓရဆိုတဲ့ အဆင့်အတန်းကျတော့ ဥပမာ တပည့်တော်စိတ်ထဲမှာ မြင်လာတာကို ပြောရလို့ရှိလျှင် 'အလှမ်းကွာပြီးတော့နေတဲ့ အဆင့်အတန်းပဲ' လို့ အောက်မေ့မိပါတယ်။ ဓမ္မာစရိယ အတန်းကနေပြီးတော့ တိပိဋကဓရ အဆင့်အတန်းကို လှမ်းကူးလိုက်ဖို့ နှစ်ချင်း မလွယ်ဘူး။ အဲဒီ မလွယ်တဲ့ အလှမ်းကွာနေတဲ့ ဓမ္မာစရိယအတန်း(နဲ့) တိပိဋကဓရအတန်း=ဒီနှစ်တန်းကြားထဲက အရှင်ဘုရားတို့ အစဉ်အတိုင်း လျှောက်သာ သွားသာ အောင် နိကာယ်စာမေးပွဲဆိုတဲ့ ဓမ္မတံတားကြီး အရှင်တို့ ဘုန်းကံကြောင့် ပေါ်လာတယ်။

အရှင်တို့ ... ဤ နိကာယ်စာမေးပွဲဆိုတဲ့ ဓမ္မတံတားကြီးမှာ အရှင်တို့ လျှောက်သာ သွားသာ အောင် အရှင်ဘုရားတို့ရဲ့ ရှေ့က မားမားမတ်မတ် ရပ်ပြီးတော့ ...

(က) အရှင်တို့သည် တစ်နှစ်ကို တစ်ကျမ်း ဖြေလိုတယ်၊ နှစ်ကျမ်းဖြေလိုတယ်၊ သုံးကျမ်း ဖြေလိုတယ်ဆိုလျှင် အလိုရှိသလို ဖြေဆိုနိုင်အောင်လပဲ (ဖြေဆိုခွင့်ရအောင်လပဲ) တပည့်တော် နာယကဆရာတော်များနှင့်တကွ နိကာယ်သာသနာ ထွန်းကားရေးအသင်း ဒကာကြီးများကိုလပဲ ကျေနပ်အောင် အကြောင်းအကျိုး လျှောက်ထားပြောကြားပြီးပါပြီ။

(ခ) ယင်းသို့ ဖြေတဲ့အခါမှာ အရှင်ဘုရားတို့ နှစ်ကျမ်းဖြေပါလျက် တစ်ကျမ်းအောင်လျှင် 'နှစ်ကျမ်းဖြေတာ တစ်ကျမ်းစွဲမအောင်ဘူး' ဒီလိုမဟုတ်ပါဘူး။ နှစ်ကျမ်းဖြေလို့ တစ်ကျမ်းအောင် လျှင်လပဲ အဲ့ဒီတစ်ကျမ်းကို ကျမ်းစွဲအမှတ်နဲ့ အောင်ပြီးထားပါတယ်။ ဟိုနောက်ကျတော့မှ ကျန်တဲ့ ကျမ်းကို ဖြေဖို့ဆိုတာကို သကျသီဟ, စေတီယင်္ဂဏ, အစိုးရဓမ္မာစရိယအတန်းတို့နှင့် နှိုင်းယှဉ်ပြီး တော့ အရှင်တို့=အရှင်တို့ရှေ့က မားမားရပ်ပြီး (တစ်နည်းပြောရလျှင် အရှင်တို့ မနစ်နာရအောင်) တပည့်တော် နာယကဆရာတော်များအားရော အသင်းဒကာကြီးများအားရော အားလုံးအား ကျေကျေနပ်နပ် လျှောက်ထားပြောကြားပြီးပါပြီ။ အားလုံးကလပဲ လက်ခံကြပါတယ်။

(ဂ) ဒီအကြောင်းကို ဤအဖွဲ့ရဲ့ နာယက ဖြစ်တော်မူသော အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးရှင် ခြောက်ထပ်ကြီး ဆရာတော်ဘုရားအား အတိအလင်း ယခုလပဲ အရှင်ဘုရားတို့ရဲ့ မျက်မှောက်မှာ လျှောက်ထားအပ်ပါတယ်။

အရှင်ဘုရားတို့အဖို့ ဘုရားစကားတွေကို မိမိရဲ့နှုတ်ဖျားသို့ ပင့်ဖို့ရန်အတွက် အလိုရှိသလို စိတ်ချမ်းသာသလို ပင့်ဖို့ရန် တို့ကံဖန်တီးတာပါပဲ-ဟု အောက်မေ့တော်မူကြပါ။

http://www.dhammadownload.com



အဲဒီတော့ အရှင်ဘုရားတို့သည် နိကာယ်စာမေးပွဲကို ယခုဝင်လဲ ဝင်လက်စ ရှိနေကြပါပြီ။ အရှင်တို့ အားရှိအောင် သိဒ္ဓိအနိုးဂါထာအနေနဲ့ အရှင်ဥပါလိရဲ့ ...

ဝိနယော အာသယော မယှံ၊ ဝိနယော ဌာန စင်္ကမံ။

ကပ္ပေမိ ဝိနယေ ဝါသံ၊ ဝိနယော မမ ဂေါစရော။

ဆိုတဲ့ ဒီသိဒ္ဓိအနိုးဂါထာကို အတုယူပြီးတော့ အရှင်တို့လဲပဲ အရှင်ဥပါလိရဲ့ ညီတော်တွေပီပီ နိကာယ်ဆောင်ပုဂ္ဂိုလ်တွေ ဖြစ်လဲဖြစ်ပြီး ဖြစ်လဲဖြစ်ဆဲ ဖြစ်လဲဖြစ်ကြလိမ့်မည့်ပီပီ –

နိကာယော အာသယော မယှံ၊ နိကာယော ဌာနစင်္ကမံ။

ကပ္ပေမိ နိကာယေ ဝါသံ၊ နိကာယော မမ ဂေါစရော။

အရှင်တို့ နှုတ်ဖျားမှာ ဒီဂါထာပုဒ်ကို ဆောင်ထားကြပါ၊ ဆောင်ထားပြီးတော့ အရှင်တို့ နိကာယ်စာပေကို ကျက်ခါနီးပြီဆိုလျှင်(ဝါ) နိကာယ်စာ ကျက်ခါနီးကြလျှင် လက်သီးကို ဆုပ်ပြီး တော့ –

နိကာယော=နိကာယ်ငါးဖြာ ဘုရားရဲ့ ဒေသနာတော်သည်။ မယှံ=ငါ(ဗုဒ္ဓရက္ခိတ)၏။ အာသယော=အမြဲကိန်းပျော်ရာ ကျောင်းဗိမာန်ကြီးပါပေတည်း။ နိကာယော=နိကာယ်ငါးဖြာ ဘုရားရဲ့ ဒေသနာတော်သည်။ မယှံ=ငါ (ဗုဒ္ဓရက္ခိတ)၏ ဌာန စင်္ကမံ=ရပ်ရာ, စင်္ကြံသွားရာ မှန်ပေ၏။ (ရပ်လဲပဲ နိကာယ်စိတ်နဲ့၊ စင်္ကြံသွားလဲပဲ နိကာယ်စိတ်နဲ့ပဲ အချိန်ကုန်စေမယ်လို့ ဆိုပါတယ်။)

အဟံ=(ဗုဒ္ဓရက္ခိတ) နာမသညာ ရဟန်းငါသည်။ နိကာယေ=နိကာယ်ငါးဖြာ ဘုရားဒေသနာ တော်၌။ ဝါသံ=နေထိုင်ခြင်းကို။ ကပ္ပေမိ=ပြုပါ၏။ နိကာယော=နိကာယ်ငါးဖြာ ဘုရားရဲ့ဒေသနာ တော်သည်။ မမ=ငါ(ဗုဒ္ဓရက္ခိတ)၏။ ဂေါစရော=နေ့နေ့+ညည+ကျက်စားရာ ဇကန် စားကျက်ကြီး မှန်လှပေ၏။

အဲဒီ သိဒ္ဓိအနိုးဂါထာကို ရွတ်ဆိုပြီးတော့မှ အရှင်ဘုရားတို့ နိကာယ်ဒေသနာတော်ကို လေ့ ကျက်တော်မူကြမယ်ဆိုလျှင် စိတ်ဓာတ်တွေလဲ မြင့်၍လာလိမ့်မည်။ မြတ်စွာဘုရား လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာ ပါရမီတော်တွေကို ဖြည့်ကျင့်မှ ခဲခဲယဉ်းယဉ်း ထွက်ရှိလာတဲ့ ဘုရားစကား တော်=ပရိယတ္တိသာသနာတော်ကို အရှင်တို့သည် မပျက်မပျောက်အောင် စောင့်ရှောက်တဲ့ သာသနာ စောင့် သာသနာ့သူရဲကောင်းတွေ ဖြစ်နိုင်ပါတယ်။ အဲဒါကြောင့် အရှင်တို့အတွက် ဓမ္မာစရိယတန်း (နဲ့) တိပိဋကရေအတန်း ကြားထဲမှာ လျှောက်သာ သွားသာအောင် နိကာယ်စာမေးပွဲဆိုတဲ့ ဓမ္မ တံတားကြီး ပေါ်လာတာပဲလို့ ဝမ်းမြောက်စွာဖြင့် 'ထိုနိကာယ်သာသနာတော်သည် ငါတို့ရဲ့ အမြဲ ကိန်းစံရာ ကျောင်းဗိမာန် ဓမ္မကျောင်းဗိမာန်ကြီး ဖြစ်တယ်'လို့ စိတ်ဓာတ်ကို မြှင့်တင်တော်မူစေလိုပါ ကြောင်း (အေး ...) အရှင်ဥပါလိရဲ့ ဂါထာကို နည်းမှီး မှုတူကူးပြီးတော့ အရှင်ဘုရားတို့အား

http://www.dhammadownload.com



တစ်ဆင့် လက်ဆောင်ပါးအပ်ပါတယ်။

(ဌ) အရှင်တို့၊ နိကာယ်ငါးရပ် ပိဋကတ်ဒေသနာတော်ကို မိမိတို့ နှုတ်ရဆောင်ရမှာသည် မိမိတို့ရဲ့ တာဝန်ပါ။ သာသနာ့ဝန်ထမ်း ရဟန်းတော်တို့ရဲ့ တာဝန်ပါ။ ဤမှာ ဒကာ ဒကာမများသည် မနေနိုင် မထိုင်နိုင် (နေမထိ ထိုင်မထိ) ဖြစ်ကြပြီး 'နိကာယ်သာသနာပျောက်ရင် ဘုရားသာသနာ ကွယ်ပျောက်ရချေရဲ့၊ ဘုရားသာသနာကွယ်ရင် လောကကြီးတစ်ခုလုံး အမိုက်မှောင်ဖုံးရချေရဲ့'လို့ ဆိုဘိအလား သာသနာတော်အတွက် အလွန့်အလွန် စိုးရိမ်ကြီးစွာဖြင့် ဒကာ ဒကာမတို့သည် ရန်ကုန်မြို့မှာရော မန္တလေးမြို့မှာရော (ဟို)ပဲခူးမြို့မရော ပြောကြပါစို့ –

မစိုးရိမ်ဆရာတော်ဘုရားကြီးကို ယမန်နှစ်တုန်းက ပဲခူးမြို့မှ မြို့မစာသင်တိုက် ဆရာတော်ဘုရား အမှူးပြုသော ဆရာတော်များက မိမိတို့မြို့သို့ အပူဇော်ခံပင့်ကြတဲ့အခါမှာ ဆရာတော်ကြီးက အမိန့်ရှိသတဲ့ –

"ဆရာတော်တို့၊ ဒီ ၉၅ နှစ်ကြီးကျမှ အပူဇော်ခံ ဟိုမြို့သွား ဒီမြို့သွား မတော်တဆ ဣရိယာပထ မမျှလို့ တစ်စုံတစ်ရာဖြစ်လျှင် ဘုန်းကြီးလဲပဲ လူကဲ့ရဲ့စရာ ဖြစ်ပါလိမ့်မယ်၊ အရှင်ဘုရားတို့ကိုလဲပဲ အပြစ်တင်စရာ ဖြစ်ပါလိမ့်မယ်၊ ဒီတော့ ဆရာတော်တို့ ပင့်တဲ့ဆီ(ပဲခူး)ကို ဘုန်းကြီးလိုက်စေချင်ရင် ဆရာတော်တို့ရဲ့ ပဲခူးမြို့မှာ နိကာယ်စာမေးပွဲဖြစ်အောင် ဆောင်ရွက်ပါမယ်လို့ ဆရာတော်တို့ တာဝန်ခံ အာမခံရင် ဘုန်းကြီးလိုက်တုန်း လမ်းမှာပဲ သေချင်သေပါစေ လိုက်မယ်"လို့ အမိန့်ရှိသတဲ့။

(အေး) တနည်းအားဖြင့် ကျေးဇူးရှင် မစိုးရိမ်ဆရာတော်ဘုရားကြီးသည် အသက်ကို ပေးပြီးတော့ အသက်ကို စွန့်ပြီးတော့ နိကာယ်စာမေးပွဲ သာသနာကို လိုလားတော်မူခဲ့ပါတယ်။ အဲဒီလို လိုလားတော်မူတာဟာ စာအောင်ပြီး စာအောင်လတ္တံ့=လေ့လာပြီး လေ့လာလတ္တံ့ ဖြစ်ကြသော သဒ္ဓါပဗ္ဗဇိတ အရှင်သူမြတ်တို့ဖို့ မစိုးရိမ်ဆရာတော်ကြီးသည် အဲဒီလောက် ဆန္ဒပြင်းပြစွာ မိမိအသက်ကိုပင် မရေမတွက်ဘဲနဲ့ နိကာယ်သာသနာအရှင်မြတ်တို့ နှုတ်ပေါ်တင်ချင်လာအောင် စီမံပေးခဲ့ပါတယ်။

ထို့အတူ ဒကာဒကာမတွေကလဲပဲ ဝမ်းပန်းတသာ အရှင်တို့ရဲ့ နိကာယ်သာသနာကို ဆီးကြိုနေလျက် ရှိကြပါတယ်။ တစ်နည်းအားဖြင့် သူတို့က 'ပရိယတ္တိ ပဋိပတ္တိ ပဋိဝေဓသာသနာ မပျောက်အောင် စောင့်ရှောက်ဖို့ဟာ ဆရာတော် သံဃာတော်တွေရဲ့ တာဝန်ပဲ၊ တို့က ပစ္စည်းလေးပါး မနွမ်းအောင် မဆင်းရဲအောင် စောင့်ရှောက်ဖို့ တို့တာဝန်ပဲ'ဆိုပြီးတော့ စည်းများ အကယ်၍ ခွဲလိုက်လို့ရှိလျှင် (နိကာယ်စာမေးပွဲ ဖြစ်မြောက်ရေးအတွက် လျစ်လျူရှုလိုက်လျှင် နိကာယ်စာမေးပွဲကြီး ပေါ်ပေါက်ချင်မှ ပေါ်ပေါက်မယ်)။ အခုတော့ ဒကာကြီးတွေကိုက စာမေးပွဲ မဖြစ်ရလျှင် မနေနိုင် ဒကာမကြီးတွေကိုက စာမေးပွဲ မဖြစ်ရလျှင် မနေနိုင်ကြပဲ။ သူတို့ဘက်က တာဝန်ရော မိမိတို့ဘက်

http://www.dhammadownload.com



က(အရှင်တို့, တပည့်တော်တို့ဘက်က) တာဝန်ရော တာဝန်နှစ်ခုကို ကြောင့်ကြပြီး အကြီးအကျယ် ပြုပြီးတော့ ဤ 'နိကာယ်စာမေးပွဲကြီး'ကို ကျင်းပပေးတာ ဖြစ်ပါတယ်။

အဲဒီလို ကျင်းပတဲ့နေရာမှာ တပည့်တော်တို့ သာသနာဘက်ကနေပြီး ကြည့်လိုက်မယ်ဆိုလျှင် အရှင်မြတ်တို့ (၄၉)ပါးသည် သာသနာဘက်က ရှေ့တန်းသို့ ထွက်လာတဲ့ သူရဲကောင်းတွေ ဖြစ်ကြပါတယ်။

အရှင်မြတ်တို့က မြတ်စွာဘုရားရဲ့ တရားဒေသနာတော်ကို လေနာ့စွဲချင်လျှင်စွဲ၊ စာကျက်နေတုန်းပဲ တစ်စုံတစ်ရာ ပျက်စီးချင်လျှင် ပျက်စီးပါစေ၊ အလုပ်ခွင်၌ သေတာမြတ်တယ်ဆိုတဲ့ ရည်ရွယ်ချက်၊ သမဏနတ်သားများလို ဒီလို ဆန္ဒပြင်းပြစွာဖြင့် ဓမ္မာနုဂ္ဂဟ အရှင်ဘုရားတို့ ပြုတော်မူကြတဲ့အတွက် ဒကာ ဒကာမတွေဘက်ကလဲ ကြည့်လိုက်မယ်ဆိုလျှင် ယနေ့ကြုံတွေ့နေသော လောကအခက်အခဲ အရေးအရာတွေကို အကုန်လုံး ပေယျာလကန်ပြုပြီးတော့ အာရုံကို လုံးဝမပြုဘဲ နိကာယ်သာသနာဘက်ကိုသာ စူးစိုက်၍ ပစ္စယာနုဂ္ဂဟဖြင့် ရေတွေ အိုးပေါင်းများစွာ ထမ်းပြီး လောင်းနေပါတယ်။ ဤနည်းဖြင့် ယနေ့ သာသနာမှာ -

> သာဂါရာ အနဂါရာစ၊ ဉဘော အညောညနိဿိတာ။
> အာရာဓယန္တိ သဒ္ဓမ္မံ၊ ယောဂက္ခေမ မနုတ္တရံ။

သာဂါရာ စ=အိမ်ရာတည်ထောင် လူ့ဘောင်နေသူ လူ ဒါယကာ ဒါယိကာမတို့သည် လည်းကောင်း။ အနဂါရာစ=အိမ်ရာမထောင် ရဟန်းဘောင်နေသူ ဆရာတော် ဟူသမျှတို့သည် လည်းကောင်း။ ဉဘော=ဆရာ ဒကာ နှစ်ဦးသားတို့သည်။ အညောညနိဿိတာ=အချင်းချင်း ပစ္စယ, ဓမ္မ အမှီရကြကုန်လျက်။ (ဝါ) ရကြကုန်သည်ရှိသော်။ အနုတ္တရံ=အတုမရှိ ထူးမြတ်သော။ ယောဂက္ခေမံ=ယောဂလေးတန် ကုန်ရာမှန်သော(ဝါ) ကုန်ကြောင်းမှန်သော။ သဒ္ဓမ္မံ=ပရိယတ္တိသဒ္ဓမ္မ ပရိပတ္တိသဒ္ဓမ္မ ပဋိဝေဓသဒ္ဓမ္မ တည်းဟူသော သဒ္ဓမ္မသုံးဖြာ သာသနာတော်သုံးရပ်ကို။ အာရာဓယန္တိ =အရဟတ္တဖိုလ်ပေါက် ပြီးမြောက်အောင်တစေ ချီးမြှောက်နိုင်ကြပေကုန်၏။

လို့ မြတ်စွာဘုရား ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့တဲ့အတိုင်း ယနေ့ ဆရာဘက်ကရော၊ ဒကာဘက်ကရော၊ ဆရာဘက်က ဓမ္မာနုဂ္ဂဟ=ဘုရားစကား တရားတော်တွေ မပျောက်မပျက်အောင် အရှင်တို့ ဆောင်ထားခြင်းသည်ပင် ဓမ္မာနုဂ္ဂဟပါ။ ဒကာ ဒကာမဘက်က လိုအပ်သော သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး- ပစ္စည်းလေးပါး လိုလေသေးမရှိ ထောက်ပံ့ပူဇော်ခြင်းဟာ ပစ္စယာနုဂ္ဂဟပါ ပဲ။ ဒကာဒကာမတို့ရဲ့ တာဝန်ကျေပွန်အောင် ဆရာဒကာ ထမ်းဆောင်တော်မူကြတဲ့အတွက် မြတ်စွာဘုရားက သဒ္ဓမ္မသုံးဖြာ သာသနာသုံးရပ်ကို အရဟတ္တဖိုလ်ပေါက် ပြီးမြောက်စေနိုင်တယ်လို့ ဟောတော်မူခဲ့တဲ့အတိုင်း အဲဒီဂါထာကိုပင်လျှင် ကိရိယာပုဒ်ကို အာသီသက်ရိယာပုဒ်ပြောင်းပြီး

http://www.dhammadownload.com



ဆုတောင်း၍ တပည့်တော်ရဲ့ ဩဝါဒကထာလို့ ဆိုချင်လဲဆို၊ အနုဗလပ္ပ ဒါနကထာ=အားအဆင့် ပေးတဲ့ စကားလို့လဲ ဆိုချင်ဆိုနိုင်ပါတယ်၊ ယင်းသည့်ဩဝါဒ အနုဗလပ္ပ ဒါနကထာကို ပဋ္ဌနာ ကိရိယာပြောင်းပြီး ဆုတောင်း၍ နိဂုံးချုပ်ပါတော့မည်။

သာဂါရာ အနဂါရာ စ၊
ဥဘော အညောညနိဿိတာ။
အာရာဓယန္တု သဒ္ဓမ္မံ၊
ယောဂက္ခေမ မနုတ္တရံ။

သာဂါရာစ=အိမ်ရာတည်ထောင် လူ့ဘောင်နေသူ ဒါယကာဟူသမျှတို့သည်လည်းကောင်း။ (သာဂါရာစ=နိကာယ်သာသနာထွန်းကားရေး အားပေးဘိတောင်း ဒကာ ဒကာမအပေါင်းတို့သည် လည်းကောင်း)။ အနဂါရာ စ=အိမ်ရာမထောင် ရဟန်းဘောင်နေသူ ဆရာတော်ဟူသမျှတို့သည် လည်းကောင်း။ (အနဂါရာ စ=နာယက မဟာ ဩဝါဒါစရိယ နိကာယ နှတ်ငုံဆောင် စာအောင်များ ရှင် အရှင်သူမြတ်တို့သည်လည်းကောင်း)။ ဥဘော=ဆရာဒကာ နှစ်ဦးသားတို့သည်။ အညောည နိဿိတာ=ကိုင်းကိုကျွန်းကမှီ၊ ကျွန်းကိုကိုင်းကမှီသလို အချင်းချင်းမှီ ပစ္စယအမှီ၊ ဓမ္မအမှီ အချင်း ချင်း အမှီရကြကုန်လျက်။ ယောဂက္ခေမံ=ယောဂလေးတန် ကုန်ရာမှန်သော။ (ဝါ) ယောဂလေးတန် ကုန်ကြောင်းမှန်သော။ သဒ္ဓမ္မံ=ပရိယတ္တိသဒ္ဓမ္မ ပဋိပတ္တိသဒ္ဓမ္မ ပဋိဝေဓသဒ္ဓမ္မ တည်းဟူသော သဒ္ဓမ္မ သုံးဖြာ သာသနာတော်သုံးရပ်ကို (အရှင်တို့ တပည့်တော်တို့ရဲ့ ပရိယတ္တိသည် နိဿရဏ ပရိယတ္တိ ဖြစ်ပါတယ်)။ သဒ္ဓမ္မံ=နိဿရဏပရိယတ္တိ၊ ထိုမှတဆင့်တက်၍ ပဋိပတ္တိ၊ ထိုမှတဆင့်တက်၍ ရအပ်သော ပဋိဝေဓဆိုတဲ့ အစွန်းအမြတ်=သဒ္ဓမ္မသုံးဖြာ သာသနာတော်သုံးရပ်ကို။ အာရာဓယန္တု= အရဟတ္တဖိုလ်တိုင်ရောက် ပြီးမြောက်အောင်တစေ ချီးမြှောက်ပြုစုနိုင်ကြပါစေကုန်သတည်း။

အာရာဓယန္တု=ဝိသုဒ္ဓိခုနစ်ပါး ရထားယာဉ်ကြီး ကိုယ်စီစီး၍ မဂ်ထီးရှစ်ဆူ စွင့်စွင့်ထူလျက် ပြည်နိဗ္ဗူ ဘုံတိုင်ရောက်အောင် သဒ္ဓမ္မသုံးဖြာ သာသနာတော်သုံးထောက်ကို ပြီးမြောက်အောင် ချီးမြှောက်ပြုစုတော်မူနိုင်ကြပါစေကုန်သတည်း။ ။

(ပုံ) ဦးဝိစိတ္တသာရာဘိဝံသ
၁၃၃၈ ခု၊ တပေါင်းလပြည့်နေ့။

http://www.dhammadownload.com



မင်းကွန်း တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာ ရဋ္ဌဂုရု

ဆရာတော်ဘုရားကြီး၏

တိဏကုဋ္ဌိဒါယက ထေရာပဒါန်နှင့်အညီ ဖွဲ့သီအပ်သော

## ကျောင်းလှူအကျိုး (၇) ပါး တရားလင်္ကာ

သုံးတန်စေတနာ ညီညွတ်စွာဖြင့် မဟာသာသနိက
ဝိဟာရကျောင်း တန်ဆောင်းအလှူ ဆောက်လှူသူတို့
ကြီးထူကဲဝှန် ကျိုးရဟန်ကို ကျမ်းဂန်သောက်ချင့်
နိဒါန်းဖွင့်သော် ...

၁။ နတ်နှင့်လူနှယ် သန္ဓေတွယ်၍၊
၂။ လိုဖွယ်, မတ ဆောက်အုံရ၏၊
၃။ မထ, ကြက်သီး ကိုယ်လည်းမလှုပ် ကြောက်ရပ်မထင်
ထိတ်လန့်စင်၏။
၄။ ခြင်္သေ့-သစ်-ကျား သားရဲများနှင့် ဖမ်းစားကလူ နှိပ်စက်မှုသား
တောသူ-ဘုတ်-ပြိတ် အဆိပ်ထန်ပြင်း မြွေနှင့်ကင်းက အဆင်းဖောက်ပြန်
ကုမ္ဘဏ် ရက္ခိုသ် နတ်မိုက်ရန်ပေါင်း ဘေးလွတ်ရှောင်း၏။
၅။ မကောင်းအိပ်မက် မမြင်မက်ဘူး၊
၆။ ထင်လျက်သတိ ခိုင်မြဲဘိ၍ ဝိပရိဏာံ ဖောက်ပြန်စိတ်ရင်း
ရှုးသွပ်ခြင်းမှ ရှင်းရှင်းလွတ်ရှောင်း ကျိုးဆက်ကောင်း၏။
၇။ နောက်နှောင်းဘဝ ပစ္ဆိမဝယ် ဂုဏကဲပို အရဟတ္တဖိုလ်ဟု
ထိုထိုကျေးဇူး လွန်ပြန့်ပြူးသည် ဆောက်ဦးလှူကျိုး ခုနစ်တည်း။

http://www.dhammadownload.com



၁၃၄၀ ပြည့်၊ တပို့တွဲလဆန်း (၁၀)ရက်

မင်းကွန်းတိပိဋကဓရဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ ၏

တိပိဋကရေဘွဲ့ရသည့် (၂၅)နှစ် တင်းတင်းပြည့်သောနေ့

မန္တလေးမြို့(သာသနာ့မိခင်) မလွန်ဆန်လူအသင်းကြီးက ဦးစီးရေ့ဆောင်တာဝန်ယူ၍ အထက်+အောက်မြို့ရှာ ဆန်လှူသင်းထောက်အဖွဲ့များမှ မန္တလေးမြို့ရှိ ဗုဒ္ဓဘာသာအသင်းအဖွဲ့များ ဒကာ+ဒကာမများ စုပေါင်းကျင်းပ ပူဇော်အပ်ကြသော ဆရာတော်၏ တိပိဋကဓရဘွဲ့နှင့် ဆန်လှူအသင်းကြီး၏ ရေစက်ချ ဓမ္မကထိကအဖြစ် (၂၅)နှစ်ပြည့် ငွေရတုပူဇော မဟာဓမ္မသဘင်၌

မင်းကွန်းတိပိဋကဓရဆရာတော် ဟောကြားမိန့်ဆိုအပ်သော

# ဩဝါဒဓမ္မကထာ နှင့် ရေစက်ချမှတ်တမ်း

မန္တလေးမြို့ ငွေရတုပူဇော

ဩဝါဒဓမ္မဒေသနာနှင့် ရေစက်ချစာတမ်း

နမော ဝတ္ထုတ္တယဿ။

ဧဝံ အစိန္တိယာ ဗုဒ္ဓါ၊ ဗုဒ္ဓဂုဏာ အစိန္တိယာ။
အစိန္တိယေ ပသန္နာနံ၊ ပါကော ဟောတိ အစိန္တိယော။
ဧဝံ အစိန္တိယာ ဓမ္မာ၊ ဓမ္မဂုဏာ အစိန္တိယာ။
အစိန္တိယေ ပသန္နာနံ၊ ပါကော ဟောတိ အစိန္တိယော။
ဧဝံ အစိန္တိယာ သံဃာ၊ သံဃဂုဏာ အစိန္တိယာ။
အစိန္တိယေ ပသန္နာနံ၊ ပါကော ဟောတိ အစိန္တိယော။

(ဗုဒ္ဓါပဒါန ပါဠိတော်)

ယခု တိပိဋကဓရ ငွေရတုသဘင်နှင့် မလွန်ဆန်လှူအသင်း၏ ရေစက်ချဓမ္မကထိက ငွေရတုသဘင်၊ ဤငွေရတုသဘင်နှစ်ရပ် ဆင်ယင်ကျင်းပ ပြုလုပ်နေတဲ့ပွဲကြီး ကျင်းပနေတဲ့အချိန်မှာ မိမိဉာဏ်ထဲ၌ ပေါ်လာတဲ့စကားတစ်ခု ပြောပါရစေ၊ ရွှေနားတောင်းရောင်ကြောင့် သင့်ပါးပြောင်တယ်။ အဲ့ဒီလို ဥပမာပေါ်လာပြီးတော့ ယခင် ဗုဒ္ဓါပဒါနပါဠိတော်လာ ဂါထာတွေ ရွတ်ဆိုဖို့ရန် ဉာဏ်ထဲမှာ ဝင်လာပါတယ်။

သတိ+သမ္ပဇဉ် အဆင်ခြင်နည်းပါးတဲ့ ပုဂ္ဂိုလ်အနေနဲ့ ဆိုလို့ရှိရင် အာဂ ငါပါလားလို့ အဲဒီလို မာနရောက်သွားနိုင်ပါတယ်။ ဘုန်းကြီးအနေနဲ့ စဉ်းစားတယ်။ ဤယခု ပူဇော်ပွဲဟာ ဒကာ ဒကာမတွေအနေနဲ့ –

http://www.dhammadownload.com



၁။ ဗုဒ္ဓရတနာအား ပူဇော်ပွဲ

၂။ ဓမ္မရတနာအား ပူဇော်ပွဲ

၃။ သံဃရတနာအား ပူဇော်ပွဲလို့ အဲဒီလိုပဲ ဉာဏ်ထဲမှာ မြင်နေပါတယ်။

တစ်နည်းအားဖြင့် ကိုယ်တွေ့ဥပမာတစ်ခု ပြောပါရစေ –

တစ်ချိန်က ဘုန်းကြီးများရဲ့ မြင်းခြံမြို့နေ သရဝဏ်ဆီစက်များ ပိုင်ရှင်ဖြစ်တဲ့ ကျောင်းဒကာ ဦးသိန်း+ကျောင်းအစ်မ ဒေါ်မမကြီးတို့က ကျောင်းဒကာရဲ့ ဇာတိရပ်ရွာ (ဝဲလောင်မြို့နယ် ကျောက်ကာရွာ)မှာ မြေစိုက်စေတီတော်ကြီး အသစ်တဖန် မွမ်းမံပြုပြင် ရွှေထီးအထွတ်တင်လှူ ပူဇော်ပွဲ ကျင်းပကြတဲ့အခါ ကျောင်းဒကာ ဦးသိန်းက ဘုန်းကြီးကို လျှောက်တယ်။ ဆရာတော်(တဲ့) တပည့်တော် အခုပူဇော်ပွဲမှာ အရှင်ဘုရားနဲ့ ပခုက္ကူက အဘိဓဇဆရာတော်ကို ဆီတစ်ပေပါစီ လှူတယ်(တဲ့)၊ ကျန်တဲ့သူရဲ့ ရဟန်းခံထားသော ဦးသုမန အစရှိတဲ့ ကိုယ်တော်ငယ်များကျတော့ တစ်ပါးကို (၅၀) ငါးဆယ်ကျပ်စီ လှူတယ် စတဲ့ သူရဲ့ အလှူကို ဝမ်းမြောက်ဝမ်းသာ ပြောပါတယ်။ အဲဒီလိုပြောတဲ့အခါမှာ ဘုန်းကြီးက ပြန်ပြောတယ်။ ဒကာသိန်း၊ စကားတစ်ခုပြင်အုံး(လို့)၊ ဘာပြင်ရမလဲဘုရား(တဲ့)၊ သောတုဇန သံဃာနှင့်တကွ ဆရာတော်အားလည်းကောင်း၊ သောတုဇန သံဃာတော်နှင့်တကွ အဘိဓဇမဟာရဋ္ဌဂုရု ပခုက္ကူဆရာတော်ဘုရားကြီးအားလည်းကောင်း၊ တပည့်တော် ဆီတစ်ပေပါစီ လှူပါတယ်လို့၊ အဲဒီလိုပြင်ပါ ဒကာသိန်း။ ဒီလို ဘုန်းကြီးက ပြောတဲ့အခါ သူက အံ့အားသင့်ပြီးတော့ ကြည့်နေတယ်။ ဒီအခါ ဘုန်းကြီးက ဒကာသိန်း၊ အံ့အားသင့်မနေနဲ့၊ အကယ်၍ ပခုက္ကူဆရာတော်ကြီးနဲ့ ဘုန်းကြီးတို့သည် ဧကစာရီအရညဝါသီ တစ်ပါးနေ ပုဂ္ဂိုလ်များ ဖြစ်ကြလျှင် ဒကာသိန်းတို့ ဆီတစ်ပုံးလှူလျှင်ပင် လွန်လှပြီ၊ ဆီတစ်ပုံးထက် ပိုပြီးတော့ လဲ လှူဖို့ မဟုတ်ဘူး။ အခု တစ်ပေပါစီလှူတာက ပခုက္ကူဆရာတော်ကြီးရဲ့နောက်မှာ ရာနှင့်ချီပြီး တော့ စာသင်သားတွေ ရှိတယ်။ ဘုန်းကြီး၏နောက်မှာ စာသင်သား တစ်ရာအတွင်းမှာ ရှိတယ်။ အဲဒီစာသင်သားတွေကို အကြောင်းပြုပြီးတော့ ဒီဆရာတော်နှစ်ပါးကိုတော့ ငါတို့သည် နဝကမ္မ အစား ဆီတစ်ပေပါစီ လှူမှုပဲလို့ အဲဒီလို စေတနာပေါက်ခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ဒကာသိန်းရဲ့ စကားကို ပြင်လိုက်ပါ။ သောတုဇန တပည့်သံဃာများနှင့်တကွ အဘိဓဇမဟာရဋ္ဌဂုရု ပခုက္ကူ ဆရာတော်ကြီးနှင့် အရှင်ဘုရားတို့အား တပည့်တော် ဆီတစ်ပေပါစီ လှူပါတယ်။ ဒီလိုပြောင်းပါ။ သံဃာ့ဂုဏ်ကို အာရုံပြုပါလို့ စေတနာကို ပြင်ပေးရပါတယ်။

ထို့အတူပဲ ဉာတိပိဋ္ဌကစေ ငွေရတုပူဇော်ပွဲလို့ခေါ်ဆို ပညတ်သမုတ်အပ်တဲ့ ဉာဿသနာ နုဂ္ဂဟ ကောင်းမှုကုသိုလ်သဘင်ပွဲဟာ –

၁။ မြတ်စွာဘုရား၊ ၂။ တရားတော်၊ ၃။ သံဃာတော် တည်းဟူသော ဒီ ရတနာသုံးပါးရဲ့ ကျေးဇူးဂုဏ်ကြောင့် ဂုဏ်လဲမြောက်တယ်၊ ယခုလောက်လဲ တင့်တယ်တယ်။ အကယ်၍ ပုဂ္ဂိုလ်အနေနဲ့ဆိုလျှင် ပုဂ္ဂိုလ်သည် ခန္ဓာငါးပါး အစုအဝေးမျှ ဖြစ်ပါတယ်။ ဘုရား၊

http://www.dhammadownload.com



တရား၊ သံဃာတည်းဟူသော ရတနာသုံးပါး ရွှေနားတောင်း စိန်နားတောင်းရောင်ကြောင့် ထိုတရားရတနာကိုဆောင်တဲ့ ပုဂ္ဂိုလ်ဟာ ပြောင်ခြင်းဖြစ်ပါတယ်။ ဒါကြောင့် မိမိတို့ရဲ့ ဤယခု ပူဇော်ပွဲသည် -၁။ ဗုဒ္ဓပူဇာ၊ ၂။ ဓမ္မပူဇာ ၃။ **သံဃပူဇာအဖြစ်** ရောက်အောင် စိတ်ထဲမှာ အာရုံပြုနိုင်ဖို့ ဘုန်းကြီးပြောလိုပါတယ်။

ဧဝံ အစိန္တိယာ ဗုဒ္ဓါ၊ ဗုဒ္ဓဂုဏာ အစိန္တိယာ။

ဧဝံ အစိန္တိယာ ဓမ္မာ၊ ဓမ္မဂုဏာ အစိန္တိယာ။

ဧဝံ အစိန္တိယာသံဃာ၊ သံဃံဂုဏာ အစိန္တိယာ။

အစိန္တိယေ ပသန္နာနံ၊ ပါကော ဟောတိ အစိန္တိယော။

ဗုဒ္ဓါ=သဗ္ဗညုဘုရားရှင်တို့သည်။ ဧဝံ အစိန္တိယာ=ဤသို့ မကြံစည်နိုင်သော သဘောရှိကုန်၏။ ဗုဒ္ဓဂုဏာ=ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်တို့သည်။ အစိန္တိယာ=မကြံစည်နိုင်သော သဘောရှိကုန်၏။ ဓမ္မာ=တရားတော်တို့သည်။ ဧဝံ အစိန္တိယာ=ဤသို့မကြံစည်နိုင်သော သဘောရှိကုန်၏။ ဓမ္မဂုဏာ=တရားတော်၏ ဂုဏ်ကျေးဇူးတော်တို့သည်။ အစိန္တိယာ=မကြံစည်နိုင်သော သဘောရှိကုန်၏။ သံဃာ=သံဃာတော်အရှင်မြတ်တို့သည်။ ဧဝံ အစိန္တိယာ=ဤသို့ မကြံစည်နိုင်သော သဘောရှိကုန်၏။ သံဃဂုဏာ=သံဃာတော်၏ ဂုဏ်ကျေးဇူးတော်တို့သည်။ အစိန္တိယာ=မကြံစည်နိုင်သော သဘောရှိကုန်၏။ အစိန္တိယေ=မကြံအပ် မကြံစည်နိုင် ကြံခိုင်လှစွာသော ဘုရား+တရား+သံဃာ ရတနာသုံးပါးတို့ကို။ ပသန္နာနံ=သဒ္ဓါရွှန်းစို ကြည်ညိုကုန်သော သူတော်ကောင်းတို့အား။ အစိန္တိယော=မကြံအပ်မကြံစည်နိုင်သော။ ပါကော= လူ့ရပ်နတ်ဌာန် နိဗ္ဗာန်တိုင်ထိ သမ္ပတ္တိ ဖွံ့ဖြိုးများမြတ်သောအကျိုးသည်။ ဟောတိ=ဖြစ်နိုင်၏-လို့။

မြတ်စွာဘုရား ဟောကြားတော်မူတဲ့အတိုင်း ငါတို့သည် ယနေ့ မြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူခါနီးမှာ -

ယော ခေါ အာနန္ဒ မယာ ဓမ္မောစ ဝိနယောစ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ။ လို့ -

ကိုယ်တော့်အရာမှာ ထားခဲ့တဲ့ ဓမ္မက္ခန္ဓာ ဓမ္မစေတီတည်းဟူသော ဘုရားရတနာကိုလည်းပဲ သဒ္ဓါကော်ရော် ပူဇော်အပ်ကြလေပြီ။ ထိုဓမ္မက္ခန္ဓာ တရားရတနာတည်းဟူသော ဓမ္မရတနာတို့ကိုလည်းပဲ ငါတို့ ယနေ့ သဒ္ဓါကော်ရော်ပူဇော်အပ်ကြလေပြီ။ အဂ္ဂမဟာပဏ္ဍိတ သံဃဥက္ကဋ္ဌဖြစ်တော်မူသော မဟာဝိသုဒ္ဓါရုံ ရွှေကျင်သာသနာပိုင် သက်တော်ရှည် ဆရာတော်ဘုရားကြီး အမှူးပြုသော သံဃာရတနာကိုလည်းပဲ ငါတို့ ယနေ့ လေးမြတ်ကော်ရော် ပူဇော်သမှု ပြုအပ်ကြလေပြီ။ ဤဗုဒ္ဓ+ဓမ္မ+သံဃာပူဇာ မင်္ဂလာကောင်းမှု အစုစုကြောင့် မကြံအပ် မကြံစည်နိုင်သော လူ့ရပ်နတ်ဌာန် နိဗ္ဗာန်တိုင်ထိ သမ္ပတ္တိဖွံ့ဖြိုး များမြတ်သောအကျိုးကို ဧကန်မုချ ငါတို့ရမှာ သေချာတယ်လို့ အဲဒီလို

http://www.dhammadownload.com



မမိုတ်မသုန် ယုံကြည်သော သဒ္ဓါတရားကို ရှေ့သွားပြု၍ မိမိတို့ ယနေ့ပြုအပ်တဲ့ ဗုဒ္ဓပူဇာ ဓမ္မပူဇာ သံဃပူဇာ ကောင်းမှုကုသိုလ်များကို ဉက္ကဋ္ဌကြီး ရေစက်ချပြီးတဲ့နောက် တဖန်ထပ်၍ မိမိတို့ကိုယ်တိုင် နှုတ်မြွက်လျက် ရေစက်ချရအောင် သူတော်ကောင်းတို့ အားလုံး။ လိုက်ပြီးတော့ ဆိုကြပါ။

ဘန္တေ=လောဘ ဒေါသ မောဟငြိမ်းကြောင်း ကောင်းမွန်သော အကျင့်ပဋိပတ်ကို ကျင့်ကြံပွားများ ဟောကြားကြပါသော ဆရာတော် သံဃာတော် အရှင်မြတ်တို့ဘုရား။ တပည့်တော်များသည် တရားရတနာအား သဒ္ဓါကော်ရော် ပူဇော်ခြင်းကို အဦးမူကြ၍ ဗုဒ္ဓရတနာ ဓမ္မရတနာ သံဃရတနာ ရတနာသုံးပါး ပူဇော်ထိုက်သော ဝတ္ထုများကို လေးစားကော်ရော် ပူဇော်လိုသော ကုသိုလ်ဆန္ဒ ထက်သန်စွာ ဖြစ်ရှိကြ၍ တိပိဋကမထေရ်မြတ်၏ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့ထူးကို ရရှိသော ၂၅ နှစ် တင်းတင်းပြည့်မြောက် အချိန်ကောင်းသို့ ရောက်သည်ကို အစွဲပြု၍ တိပိဋကဓရ ဌေရတုဓမ္မပူဇာ မင်္ဂလာသဘင် ဆင်ယင်ကျင်းပ ပြုလိုကြသဖြင့် မြို့တော်လေးပြင် သူတော်စင် ဥပါသကာ+ဥပါသိကာ အပေါင်းတို့သည် သောင်းသောင်းဖြဖြ ညီညွတ်ကြလျက် တိပိဋကဓရ ဌေရတုပူဇာ သူတော်ကောင်းအပေါင်းတို့၏ အဖွဲ့အစည်း ကော်မတီအဖွဲ့ကြီးကို ဖွဲ့စည်းကြ၍ အထက်အောက် မြန်မာပြည်အရပ်ရပ် မန္တလေးမလွန်ဈေး ဆန်လှူအသင်းကြီး၏ သင်းထောက်သင်းခွဲလူကြီးများနှင့်တကွ တိုင်ပင်ညီညွတ်ကြပြီးလျှင် တိပိဋကဓမ္မပူဇာ အဖြာဖြာသော ဝေယျာဝစ္စ မဟာကုသိုလ် ပုညကိရိယာ အဖြာဖြာတို့ကို သဒ္ဓါလှလှ ပြုစုကြ၍ ကာလချင့်ထောက် အချိန်သို့ ဆိုက်ရောက်သော ဤယခုနေ့နံနက် မိုးသောက်ရောက်သောအချိန်မှ အစပြုကာ မလွန်ဈေးဆန်လှူအသင်းကြီးမှဦးစီး ရှေ့ဆောင်ရှေ့ရှုက် ပြုလုပ်ကြ၍ သံဃဉက္ကဋ္ဌ မဟာဝိသုဒ္ဓါရုံ သံဃရာဇာ သက်တော်ရှည် မဟာထေရ်မြတ် အမှူးပြုသော သံဃမထေရ်ကြီးများ၊ တိပိဋကမထေရ်နှင့်တကွ တိပိဋကနိကာယ် စာသင်သား မထေရ်များပါ ကလျာဏမိတ် ပရိသတ်တို့အား မွန်မြတ်သော ဆွမ်း+ခဲဖွယ်+ဘောဇဉ်တို့ကို သဒ္ဓါပြဋ္ဌာန်း လှူဒါန်း ဆက်ကပ် ကျွေးမွေးဧည့်ခံမှု ပြုကြပါကုန်၏။

ဘောဇနဒါန ပြုကြပြီးလျှင် ကိုယ်တိုင်လည်းပဲ သဒ္ဓါရွှန်းစို ကြည်ညိုသောစိတ် တရိပ်ရိပ် ဖြစ်ပွားကြလျက် ကလျာဏမိတ် ပရိသတ်တို့အားလည်း ကိုယ်နှင့်ထပ်တူ သဒ္ဓါရွှန်းစို ကြည်ညိုသောစိတ် တရိပ်ရိပ်ဖြစ်ပွားပါစေခြင်း အကျိုးငှာ ကြီးစွာသော အဆောင်အယောင် အခမ်းအနားရှေ့ဝင်း နောက်ဝင်း ပိဋကတ်တော် ဆင်ဖြူတော်တို့နှင့်တကွ သံဃမထေရ်ကြီးများ၊ တိပိဋကမထေရ်၊ တိပိဋကနိကာယ စာသင်သားအရှင်မြတ်တို့အား မြို့သို့လှည့်၍ အပူဇော် ခံယူစေပါကုန်၏။

မြို့သူမြို့သား သူတော်ကောင်းများကို သဒ္ဓါရွှန်းစို ကြည်ညိုသောစိတ် တရိပ်ရိပ်ဖြစ်ပွားစေကြပြီးလျှင် ဤသကျသီဟ ရုပ်ရှင်တော်မြတ်၏ အရာမ်အတွင်း ပရိယတ္တိသာသနဟိတ အသင်းကြီး၏ မူလဖွားရာ သေဉ်မြေချာ အောင်မြေချာ ဖြစ်ပါပေသော ဝေဇယန္တာ မဟာဗန္ဓုလဓမ္မာရုံ၏ ရင်ပြင်၌ ကြီးစွာသော ဓမ္မသဘင် ဆင်ယင်ကျင်းပ ပြုလုပ်ကြ၍ တိပိဋကမထေရ်မြတ်၏ ဂုဏ်ကျေးဇူးများကို

http://www.dhammadownload.com



လေးရပ်သော အပိုင်းအခန်းတို့ဖြင့် ဂုဏထောမနာ ဓမ္မပူဇာ မင်္ဂလာစကား အသီးအသီး လျှောက်ထားပြောကြားကြ၍ ဓမ္မပူဇာဓမ္မာနုဂ္ဂဟာ အသီးအသီး ပြုကြပါကုန်၏ အရှင်တို့ဘုရား။ ပစ္စယပူဇာ ပစ္စယနုဂ္ဂဟာ ပြုလိုကြသဖြင့် တိပိဋကဓရ မင်းကွန်းမထေရ်၏ လိုအပ်ရာရာ စတုပစ္စယ သာသနာမှု နဝကမ္မအလို့ငှာ အထက်အောက် မြို့ရွာ မလွန်ဆန်လှူသင်းမကြီးမှ ဦးဆောင်၍ ကျပ်သုံးသိန်းကျော် အသပြာတို့ကို သဒ္ဓါပြဌာန်း အရှင်မြတ်တို့၏ ပစ္စည်းလေးဖြာအလို့ငှာလည်းကောင်း၊ သာသနာမှု ဝေယျာဝစ္စအလို့ငှာလည်းကောင်း လှူဒါန်းပူဇော်ပါကုန်၏။ အရှင်မြတ်တို့၏ စတုပစ္စယ သာသနာ့ဝေယျာဝစ္စအလို့ငှာလည်းကောင်း လှူဒါန်းပူဇော်ပါကုန်၏။ ထိုမှတစ်ပါး သံဃမထေရ်ကြီးများနှင့်တကွ အရှင်မြတ်တို့၏ သီလ+သမာဓိ+ပညာ သိက္ခာသုံးပုံ ကျေးဇူးဂုဏ်တို့ကို ကြည်ယုံကော်ရော် ပူဇော်သောအားဖြင့် အစုံအစုံသော သင်္ကန်း ထီး ဖိနပ် အစရှိသော ရဟန်းတို့၏ အသုံးအဆောင်ပရိက္ခရာ လှူဖွယ်ရာတို့ကိုလည်း သဒ္ဓါပြဌာန်း အသီးအသီး လှူဒါန်းပါကုန်၏ ဆရာတော် သံဃာတော် အရှင်တို့ဘုရား။

ဟောဒီအပိုင်းက ဒကာ+ဒကာမများမှ ဆရာတော် သံဃာတော်များအား ဒေယျဓမ္မနှင့်တကွ နဝကမ္မ လှူသောအပိုင်း ဖြစ်ပါတယ်။ ဤတွင် ဘုန်းကြီးဘက်က အနည်းငယ် ဒကာဒကာမတို့အား ပြောကြားလိုပါတယ်။

ဘုန်းကြီးသည် အပူဇော်ခံရတဲ့နေရာမှာ ယနေ့ပစ္စက္ခသာသနာဝယ် အင်မတန်ကံကောင်းတဲ့ ပုဂ္ဂိုလ်လို့ ဆိုနိုင်ပါတယ်။ ဘာပြုလို့ ဒီလို ပြောရသလဲဆိုတော့ မြန်မာပြည်မှာ ဓမ္မာစရိယစာမေးပွဲ တုန်းကလည်းပဲ ဘုန်းကြီးတို့ဟာ ထင်ရှားခဲ့တယ်။ ခုနက အရှင်နန္ဒမာလာ ရေးသားဖွဲ့စီတဲ့အတိုင်း–

ဣန္ဒကော မာတင်္ဂါစေဝ၊ ဝိစိတ္တော ရေဝတော တထာ။
သဒ္ဓမ္မသီရိပစ္စေက+မဘိဝံသိကဓာရိနော လို့။

မန္တလေး သကျသီဟ ပရိယတ္တိအသင်းကြီးရဲ့ ဓမ္မာစရိယ အဘိဝံသ ဘွဲ့တံဆိပ်ရတဲ့ ကိုယ်တော်ငါးပါး အရှင်ဣန္ဒကာဘိဝံသ၊ အရှင်မာတင်္ဂါဘိဝံသ၊ အရှင်ဝိစိတ္တသာရာဘိဝံသ၊ အရှင်ရေဝတာဘိဝံသ၊ အရှင်သဒ္ဓမ္မသီရိဘိဝံသလို့ ဒီအဘိဝံသဘွဲ့ရ မထေရ်ငါးပါး ပထမဆုံး အစိုးရဓမ္မာစရိယ စာမေးပွဲကို အောင်မြင်ခဲ့ကြပါတယ်။ အဲဒီကစပြီး အပူဇော်ခံရတဲ့နေရာမှာလည်း ဝိနယဓရ–ဝိနယဓရမို့၊ အာဘိဓမ္မိက အာဘိဓမ္မိကမို့၊ တိပိဋကဓရ တိပိဋကဓရမို့လို့လည်းပဲ ခေတ်ကောင်းကို အင်မတန် ကြုံကြိုက်ခဲ့ရပါတယ်။ ပွဲဦး ပွဲဦးအောင်မြင်တဲ့အတွက် ထူး၍ထူး၍ အပူဇော်ခံရပါတယ်။

အဲဒီလို အပူဇော်ခံရတဲ့နေရာမှာ ပထမဆုံး ဝိနယဓရ ဝိနယကောဝိဒ ဘွဲ့ထူးကိုရလို့ ပူဇော်ကြတဲ့ပွဲမှာ ပူဇော်ပွဲပြီးတော့ နိုင်ငံတော်ဝန်ကြီးချုပ်က ဘုန်းကြီးနေတဲ့ သာသနရိပ်သာ သိမ်တော်ကြီးသို့လာပြီး ကန်တော့တယ်။ ဒီအခါ ဘုန်းကြီးနဲ့ ဝန်ကြီးချုပ်တို့ အပြန်အလှန်ပြောဆိုကြပုံမှာ...

http://www.dhammadownload.com



(ဘုန်းကြီး) ဒကာကြီး၊ ကနေ့ပွဲ ဘာပွဲလဲ။

(ဝန်ကြီးချုပ်) ဟာ ... တပည့်တော်တို့က အရှင်ဘုရားကို ချီးမြှောက် ပူဇော်တဲ့ပွဲပေါ့၊ အရှင်ဘုရားက ဘာပြောချင်လို့လဲ။

(ကြီး) ဦးဇင်းကတော့ ဒကာကြီးတို့ရဲ့ ယနေ့ပွဲဟာ မာရ်နတ်နဲ့ ခံစစ်တိုက်ရတဲ့ပွဲလို့ ပြောချင်တယ်။

(ချုပ်) ဟာ ဒါ ဦးဇင်းက တပည့်တော်တို့ရဲ့ စေတနာကို ရှုတ်ချတာလား(တဲ့)။

(ကြီး) ရှုတ်ချတာ မဟုတ်ပါဘူး ဒကာကြီး၊ ပဓာနသုတ်မှာ မြတ်စွာဘုရားက ဟောကြားတယ်။ ကာမာ တေ ပဌမာ သေနာ။ မာရ=ဟယ် မာရ်နတ်။ ကာမာ=ဝတ္ထုကာမ အဝဝတို့သည်။ တေ=သင်၏။ ပဌမာ သေနာ=ရှေးဦးစွာ လွှတ်လိုက်သော တပ်ကြီးပဲ(လို့)။ အေး- မြတ်စွာဘုရား ဘက်ကကြည့်လျှင် သာသနာဘက်ကကြည့်လျှင် သင်္ကန်းရယ်၊ ဆွမ်းရယ်၊ ကျောင်းရယ်၊ ဆေးရယ်၊ ဒီပစ္စည်းလေးပါးသည် မာရ်နတ်မင်းလွှတ်လိုက်တဲ့ မာရ်မင်းရဲ့တပ်ကြီး ဆယ်တပ်မှာ ပထမဆုံးတပ်လို့ မြတ်စွာဘုရား ပဓာနသုတ်မှာ ဟောထားတယ် ဒကာကြီး။ အေး- ယနေ့ လှူကြတန်းကြတယ်ဆိုတဲ့ ရဟန်းတို့ဆိုင်ရာ သင်္ကန်းပစ္စည်း၊ ဆွမ်းပစ္စည်း၊ ကျောင်းပစ္စည်း၊ ဆေးပစ္စည်း၊ ဝိနယပူဇာ အနာမာသပစ္စည်းတွေဆိုတာ ရဟန်းတော်များအနေနှင့် ကြည့်လျှင် ဒါကာမဝတ္ထုတွေ၊ မာရ်နတ်လွှတ်လိုက်တဲ့ ပထမတပ်ကြီးပါ(လို့)၊ အဲဒီတပ်ကြီးကို ဦးပဥ္စင်း ယနေ့ ခံစစ် ဆင်ရပါတယ်။ ထိုဝင်လာတဲ့ မာရ်နတ်ရဲ့ တပ်ကြီးများကို မကြာခင် တိုက်စစ်ဆင်၍ အပြင်ကို အကုန်ထုတ်ပစ်မယ် ဒကာကြီးလို့ အဲဒီလို ပြောခဲ့ရဖူးပါတယ်။

အဲဒါလိုပဲ အခုလဲ အထက်အောက်မြို့ရွာ ဒကာ ဒကာမများ စုပေါင်း၍ မာရ်နတ်ရဲ့ တပ်ကြီးမှ လေ ထောင်တပ် မဟုတ်ဘူး၊ သောင်းတပ်လဲ မဟုတ်ဘူး၊ သိန်းတပ်ကြီး (ဟုတ်လား)။ သိန်းချီ၍ များတဲ့ မဟာတပ်မတော်ကြီး သုံးတပ်သည် ဘုန်းကြီးဆီကို ဦးချီ၍ ဝင်လာနေတယ်။ သူတို့က တိုက်ပွဲဆင်နွှဲနေတယ်။ ဒီအချိန်ထိအောင် ဘုန်းကြီးသည် မရှုံးသော ခံစစ်ဖြင့်ခံ၍ ပြီးခဲ့ပါပြီ။ အခု အဲဒီသုံးသိန်း အတိုင်းအရှည်ရှိသော မာရ်နတ်မင်းရဲ့ မဟာတပ်မကြီး သုံးတပ်နော်။ အေး... ဧရာမတပ်ကြီး၊ ဒီဗိစတပ်ကြီးသုံးတပ်ကို တိုက်ပြီးတော့ ထုတ်ပါရစေ။ ဒီအချိန်မှာ ဘုန်းကြီး ခုနကပြောတဲ့ သုံးသိန်းသော မာရ်မင်း၏ တပ်ကြီးတွေကို အလိုရှိသလို တိုက်ထုတ်နိုင်သောအချိန်၊ တိုက်ထုတ်အံ့ဆဲဆဲအချိန်သို့ ရောက်နေပြီလို့ ဆိုလိုပါတယ်။ ဥက္ကဋ္ဌကြီးက အားလုံးရဲ့ကိုယ်စား ရေစက်ချ၍ လှူလိုက်သဖြင့် ထိုမာရ်မင်းရဲ့ တပ်ကြီးသုံးတပ်ကို မကြာခင် ဘုန်းကြီး တိုက်စစ်ဆင် ပါမယ်။ ဤနေရာတွင် ဟိုမ္မပဒ ပါဠိတော်က ကာသကဝတ္ထု=လယ်သမားဝတ္ထုဆိုတာကို ပရိသတ် အား အကျဉ်းချုပ် အသိပေးချင်ပါတယ်။

မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတိုက်၌ သီတင်းသုံးနေတော်မူတဲ့အခိုက် တစ်နေ့သ၌ ဝေနေယျာလောကနခေါ်သော ကိုယ်တော်ချေချွတ်ရမည့် ဝေနေယျကို ကြည့်ရှုဆင်ခြင်

http://www.dhammadownload.com



တော်မူတဲ့ ပဋ္ဌမဗုဒ္ဓကိစ္စကို ပြုတော်မူတဲ့အခါ ကိုယ်တော်ရဲ့ ဉာဏ်ထဲမှာ သာဝတ္ထိပြည်သား လယ်သမားတစ်ယောက် အေး၊ သန်းခေါင်ကျော် ၂ နာရီလောက်မှာ မြင်လာတယ်။ အဲဒီလို မြင်လာတော့၊ ကိံနုခေါဘဝိဿတိ=ဘယ်ပုံဖြစ်မှာပါလိမ့်။ အဲဒီလို လယ်သမားအတွက် ဆက်၍ဆင်ခြင်စဉ်းစားတော်မူလိုက်တဲ့ ဘုရားရှင်ရဲ့ ဉာဏ်တော်ထဲမှာ ဒီလို မြင်လာတယ်။ မြင်ပုံက ...

ယမန်နေ့ ညအချိန်မှာ ဥမင်္ဂစောရခေါ်တဲ့ လိုဏ်ခေါင်းတူးပြီး ခိုးတတ်တဲ့ လူဆိုးတွေ သာဝတ္ထိပြည်ထဲကို မြို့ပြင်ဘက်က လိုဏ်ခေါင်းတူးပြီး မြို့ထဲဝင်ပြီး ခိုးကြတယ်။ အဖွဲ့နဲ့ ခိုးပြီးတော့ ဥစ္စာတွေ ယူလာတဲ့ လူဆိုး သူဆိုး သူခိုးအဖွဲ့ထဲမှာ တစ်ယောက်သော ခိုးသားက ထောင်ထုပ်ကို သူတကာ မသိအောင် မိမိခါးပုံထဲထည့်ပြီး ယူလာခဲ့တယ်။ အဲ့ဒီလယ်သမားရဲ့ လယ်ကွက်နားကျတော့ သူတို့ခိုးလာတဲ့ ဥစ္စာတွေကို ဝေကြတဲ့အခါ ခုနက ထောင်ထုပ်ကို ဝှက်လာသော လူဆိုးက ခါးပုံထဲက ထောင်ထုပ်ကျနေရစ်သည်ကို မသိဘဲ လူအားလုံးနဲ့ ဝေပြီးသွားပြီ။ ကျကျန်ရစ်တဲ့ ထောင်ထုပ်က လယ်သမားရဲ့ လယ်ကွက်ထဲမှာ ဖြစ်နေတယ်။ အေး၊ အဲဒီဟာ ရှိနေတယ်။ ဒီထောင်ထုပ်ကို အကြောင်းပြုပြီးတော့ ဒီလယ်သမားမှာ ဆင်းရဲဒုက္ခ ရောက်လိမ့်ဦးမည်။ သို့သော် သူသည် သောတာပန်ဖြစ်မည့် သောတာပတ္တိမဂ်ဉာဏ်ရဲ့ ဥပနိဿယည်း အားကြီးသော ကောင်းမှုကုသိုလ်ရှင် ဖြစ်တယ်။ ငါဘုရား သူရဲ့ ထောက်ရာတည်ရာ ဖြစ်အောင် သွားမှပဲလို့ အဲဒီလို စဉ်းစားဆင်ခြင်တော်မူပြီး အရှင်အာနန္ဒာကို နောက်လိုက်ရဟန်းပြု၍ မြတ်စွာဘုရားသည် စောစီးစွာ အဲဒီလယ်ကွက်ကို ကြွသွားတယ်။

ထိုအချိန်မှာ ထိုလယ်သမား ထိုလယ်ကွက်မှာ လယ်ထွန်နေတယ်။ အဲဒီအခါမှာ မြတ်စွာဘုရားနဲ့ အရှင်အာနန္ဒာ ကြွလာတာကိုမြင်တော့ ထိုလယ်သမားက ဘုရားကို ဆီးပြီးတော့ ရှိခိုးတယ်။ မြတ်စွာဘုရားက သူ့အား တစ်စုံတစ်ရာ ဘာမှမပြောဘဲ အရှင်အာနန္ဒာနှင့်တကွ ဥစ္စာထုပ်ရှိရာကိုပဲ သွားပြီးတော့ မြတ်စွာဘုရားက အဲ့ဒီအသပြာထောင်ထုပ်ကို လက်ညှိုးတော်ဖြင့် ညွှန်ပြပြီး။ ပဿအာနန္ဒ အာသီဝိသော။ အာနန္ဒ=ချစ်သားအာနန္ဒာ။ ပဿ=ရှုလော့။ အာသီဝိသော=လျင်သော အဆိပ်ရှိသောမြွေကြီး။ ကြည့်စမ်း အာနန္ဒာ၊ အလွန်လျင်သော အဆိပ်ရှိသော မြွေကြီးလို့ မိန့်တော်မူတယ်။ အရှင်အာနန္ဒာကလည်း ပြန်ပြီးတော့ ပဿာမ+ဟံ ဘန္တေ ဃောရဝိသော။ ဘန္တေ=မြတ်စွာဘုရား၊ အဟံ=တပည့်တော်သည်။ ပဿာမိ=မြင်ပါတယ်ဘုရား။ ဃောရဝိသော=ကြမ်းသော အဆိပ်ရှိသော မြွေကြီးပါဘုရားလို့ လျှောက်တယ်။ အေး၊ မြတ်စွာဘုရားရှင်က ကြည့်စမ်းတဲ့ အာနန္ဒာ၊ လျင်သော အဆိပ်ရှိသော မြွေကြီးလို့ မိန့်တဲ့စကား။ အရှင်အာနန္ဒာ မြင်ပါတယ် မြတ်စွာဘုရား၊ အလွန်ကြမ်းသော အဆိပ်ရှိသော မြွေကြီးပါဘုရားလို့ လျှောက်ထားတဲ့ စကားတို့ကို ထိုလယ်သမား ကြားသိရတယ်။

မြတ်စွာဘုရားနဲ့ အရှင်အာနန္ဒာတို့ကလည်း ဒီစကားနှစ်ခွန်းကို ပြောပြီး ကျောင်းပြန်ကြွသွားတော်မူကြတယ်။ ဒီတော့ ထိုလယ်သမားက ငါသည် အချိန်ဟုတ်ဟုတ် မဟုတ်ဟုတ် ဒီ ငါ့လယ်ထဲ

http://www.dhammadownload.com



ကို သွားလာနေရတယ်၊ မြတ်စွာဘုရားနဲ့ အရှင်အာနန္ဒာ ပြောတဲ့အတိုင်း လျှင်သော အဆိပ်ရှိသော ကြမ်းသော အဆိပ်ရှိသော မြွေကြီးရှိနေလျှင် ခက်ချေရဲ့ဆိုပြီး အောက်မေ့ပြီး မြတ်စွာဘုရားနဲ့ အရှင်အာနန္ဒာ ပြောတဲ့နေရာကို သွားကြည့်လိုက်တော့ လားလားမြွေမဟုတ်ဘူး။ အသပြာထောင် ထုပ် ငွေထုပ်ကြီးကို သွားတွေ့တယ်။ ပုထုဇဉ်သားဆိုတော့ ဒီငွေထုပ်ကို တပ်မက်ပြီး သဘောကျပြီး ယူလာခဲ့တယ်။ မလိမ္မာတော့ မသိမ်းတတ်တော့ သူ့လယ်ကွက်ထဲ တစ်နေရာမှာ မြေကြီးလေး ယက်ပြီးတော့ မြှုပ်ပြီး သူ့လယ်ကို ထွန်မြဲ ထွန်နေတယ်။

မနက်မိုးလင်းရောက်တဲ့အခါ ဥစ္စာရှင်များ ခြေရာခံပြီး လိုက်လာ တော့ ဒီလယ်သမားရဲ့ လယ်ကွက်ထဲမှာ ခြေရာကို တွေ့တယ်။ ဥစ္စာကို ဝေနေတဲ့ ခြေရာတွေ ရှုတ်ယှက်ခတ်တွေထဲက ခြေရာတစ်ဆင့်ခံပြီး လိုက်ရှာတော့ သူ့လယ်ကွက်ထဲက သူမြှုပ်ထားတဲ့ အသပြာထောင်ထုပ်ကို သွားတွေ့တော့၊ ဟာ ဒီအကောင် လူဆိုး၊ ဒီအကောင် သူခိုး၊ အလကား ဟန်လုပ်ပြီး လယ်သမားယောင် ဆောင်နေတာလို့ ဆိုပြီး၊ သူ့ကိုဖမ်း၍ ပသေနဒီ ကောသလမင်းကြီးထံ ပို့တဲ့အခါ၊ မင်းကြီးကလဲပဲ ထိုသူအား (ဃာတေတဟ် ဝါ ဃာတေတုံ-ဆိုတဲ့အတိုင်း) ငါကဲ့သို့သော တရားမင်းရဲ့ နယ်ပယ်မှာ အခုလို မတရားလုပ်တဲ့ပုဂ္ဂိုလ် သတ်စေဆိုတဲ့ အမိန့် ထုတ်ပေးလိုက်တဲ့အခါမှာ အာဏာပါးကွက် သားတို့က လက်ပြန်ကြိုးချည်၍ ထိုသူကို လမ်းဆုံလမ်းမလမ်းလေးခွမှာ တစ်ဘုံးဘုံး ရိုက်ကြတဲ့ အခါ ထိုသူက အခြားနည်း မငိုကြွေးဘဲ ဘာပြောသလဲဆိုတော့ "ဒါကြောင့် မြတ်စွာဘုရားက ကြည့်စမ်းတဲ့ အာနန္ဒာ၊ လျှင်သောအဆိပ်ရှိသော မြွေကြီးတဲ့လို့ မိန့်တော်မူတာ၊ အရှင်အာနန္ဒာကလဲ ဒါကြောင့် မြင်ပါတယ် မြတ်စွာဘုရား၊ ကြမ်းသောအဆိပ်ရှိသောမြွေကြီးလို့ ပြန်လျှောက်တာ၊ မှန်လိုက်လေလို့"ပဲ ပါးစပ်က ပြောတယ်၊ ဟိုလူတွေက တစ်ဘုံးဘုံးရိုက်၊ သူက ဒီစကားပဲ ပြန်ပြော၊ ကြာတော့ အာဏာပါးကွက်သားတွေ မရိုက်ဝံ့ကြတော့ဘဲ ဒီလူပြောတာဟာ ဘုရားနဲ့ အရှင် အာနန္ဒာကို သက်သေသဖွယ် ပြောနေတယ် ဆိုပြီးတော့ ဒီလူကို ပသေနဒီကောသလ မင်းကြီးထံ ပြန်ခေါ်သွားပြီး၊ အရှင်မင်းကြီး ဒီလူက ဒီပြင် လူဆိုး သူခိုးတွေနဲ့ မတူဘူး၊ ဘုရားနဲ့ အရှင်အာနန္ဒာ ကို သက်သေထူပြီးတော့ ပြောနေပါတယ် ဆိုတော့မှ၊ မောင်မင်း ပြောသလား၊ ဟုတ်သလား၊ ဟုတ်ပါတယ် အရှင်မင်းကြီး။ မင်း ဘာပြုလို့ ဒီလို ပြောတာတုန်း။ ကျွန်တော်မျိုး မခိုးရရိုး ဧကန် အမှန်ပါ၊ ကျွန်တော်မျိုးရဲ့ လယ်ကို ကျွန်တော်မျိုး ထွန်နေတုန်း မနက်အစောကြီးက မြတ်စွာဘုရား နဲ့ အရှင်အာနန္ဒာ ကြွလာပါတယ်။ ကျွန်တော်မျိုးက ဘုရားနဲ့ အရှင်အာနန္ဒာတို့ကို ရှိခိုးသော်လည်း မြတ်စွာဘုရားသည် ကျွန်တော်မျိုးနဲ့ စကားတစ်ခွန်းမျှ မပြောဘဲ ဒီငွေထုပ်ကြီးရှိရာ သွားရောက်ပြီး တော့ ပဿ+နန္ဒ အာသီဝိသော=မြင်ရဲ့လား ချစ်သားအာနန္ဒာ (ကြည့်စမ်းတဲ့ အာနန္ဒာ) လျှင်သော အဆိပ်ရှိသော မြွေကြီးလို့ ပြောပါတယ်။ အရှင်အာနန္ဒာကလည်း မြင်ပါတယ် မြတ်စွာဘုရား၊ ကြမ်းသောအဆိပ်ရှိသော မြွေကြီးလို့ ပြောပါတယ်။ ကျွန်တော်မျိုးက ငါသည် ဒီလယ်ကွက်တဲမှာ

http://www.dhammadownload.com



အခါဟုတ်တိုင်း မဟုတ်တိုင်း အချိန်ရှိရှိ မရှိရှိ အမြဲတမ်း သွားနေရတာ၊ ဘုရားအမိန့်ရှိတဲ့အတိုင်း လျှင်သောအဆိပ်ရှိသောမြွေကြီး၊ အရှင်အာနန္ဒာ အမိန့်ရှိတဲ့အတိုင်း ကြမ်းသော အဆိပ်ရှိသော မြွေကြီး ရှိနေလျှင် ခက်ချေရဲ့လို့ သွားကြည့်တော့ အသပြာထောင်ထုပ်ကို ကျွန်တော်မျိုး တွေ့ပါတယ်။ ကျွန်တော်မျိုး လောဘသားမို့လို့ အသပြာထောင်ထုပ်ကို ကျွန်တော်မျိုးရဲ့ လယ်ကွက်ထဲမှာ မြေကြီးယက်ပြီးတော့ မြှုပ်ထားမိပါတယ်။ ကျွန်တော်မျိုး ခိုးတာ မဟုတ်ပါဘူးဆိုတော့၊ ကောသလ မင်းကြီးက သြော် ဤသူကား လောကသုံးပါး၌ အတုမရှိသော ဘုရားကို သက်သေထူတယ်။ ဒီတော့ သူ့ကို ဘုရားဆီ ခေါ်သွားမှပဲလို့ မင်းကြီးက ထိုလယ်သမားကို ဘုရားထံ ခေါ်သွားတယ်။

ပရိသတ်မြောက်မြားစွာ နောက်ကပါလာ၍ ဘုရားထံမှောက် ရောက်ကြတဲ့အခါ မင်းကြီးက "မြတ်စွာဘုရား၊ ဤသူက ဤကဲ့သို့ ပြောပါတယ်၊ ဟုတ်ပါသလား"လို့ လျှောက်ထားတော့ မြတ်စွာဘုရားက ဟုတ်တယ် မြတ်သောမင်းကြီး၊ ဒီဥစ္စာကို ထိုသူ ခိုးတာ မဟုတ်ဘူး။ ညဥ့်တုန်းက ဥမင်္ဂစောရ လူဆိုးအဖွဲ့၊ အေး၊ ဥမင်လိုဏ်ခေါင်းတူးပြီးတော့ သာဝတ္ထိပြည်ထဲက ဥစ္စာကို ခိုးထုတ်၊ သူ့လယ်ကွက်နားမှာ ဝေကြတဲ့အခါ သူခိုးတစ်ယောက်က ခါးပိုက်ခါးပုံထဲမှာ ဝှက်၍ယူလာတဲ့ အသပြာထောင်ထုပ် မေ့ကျန်နေရစ်တယ်။ အေး၊ ထိုသူခိုး မသိခဲ့ဘူး။ ယခု နံနက်မိုးသောက် ရောက်တဲ့အခါ ဒီအသပြာထောင်ထုပ်ကို အကြောင်းပြု၍ လယ်သမား ဆင်းရဲဒုက္ခရောက်မည်ကို ငါဘုရား သိမြင်လို့ ငါဘုရားနဲ့ ရှင်အာနန္ဒာ သွားပြီးတော့ ဤစကား ဤစကားကို ပြောကြားခဲ့တယ် ဆိုတဲ့အကြောင်း ပြန်လည်မိန့်ကြားပြီးတော့ မြတ်စွာဘုရားက –

န တံ ကမ္မံ ကတံ သာဓု၊ ယံ ကတွာ အနုတပ္ပတိ။
ယဿ အဿုမုခေါ ရောဒံ၊ ဝိပါကံ ပဋိသေဝတိ။

အကြင်အမှုကိုပြု၍ နောင်တတဖန် ပူပန်ရမယ်ဆိုလျှင် အကြင်အမှုကို ပြုအပ်တဲ့အတွက် ထိုအမှုရဲ့ အကျိုးကို မျက်ရည်စီးယို ငိုပြီးတော့ ခံစားရမယ်ဆိုလျှင်၊ ထိုသို့ပြုအပ်သော အမှုမျိုးသည် မကောင်းမှုကေန် မှန်၏ဆိုတဲ့ အနက်အဓိပ္ပာယ် ပါရှိသော ဤဂါထာကို ဟောဆိုပြီးသည်၏ အဆုံး၌ ထိုလယ်သမားသည် သောတာပန်အရိယာ ဖြစ်တဲ့အကြောင်း ဓမ္မပဒအဋ္ဌကထာ ကဿက ဝတ္ထုမှာ ဖွင့်ပြချက် ရှိပါတယ်။

အဲဒီဝတ္ထုကို ထောက်သဖြင့် မြတ်စွာဘုရားနဲ့ အရှင်အာနန္ဒာတို့ရဲ့ အလိုအတိုင်းဆိုလျှင် ဒီဝတ္ထုကြေးငွေတွေသည် လျှင်သော အဆိပ်ရှိသော မြွေတွေ+ကြမ်းသော အဆိပ်ရှိသော မြွေတွေ ဖြစ်ပါတယ်။ အဲဒီ လျှင်သော အဆိပ်၊ ကြမ်းသောအဆိပ်ရှိတဲ့ မြွေများကို မြွေဖမ်းမလိမ္မာလျှင် အဲ့ဒီမြွေတွေ ကိုက်၍သေသော်လည်း သေနိုင်တယ်။ မသေသော်လဲပဲ မလှမပ ဆင်းရဲဒုက္ခ ရောက်ရ ပါမယ်။ လိမ္မာသော အလမ္မာယ်သည် ထိုမြွေတွေကို ညှပ်နဲ့ ပိုင်ပိုင်နိုင်နိုင် လည်ပင်းကို တင်းတင်း ကြပ်ကြပ် ညှပ်၊ ကျန်တဲ့ လက်တစ်ချောင်း လက်တစ်ဘက်တို့ဖြင့် ထိုမြွေတွေကို အမြီးက ပိုင်ပိုင်

http://www.dhammadownload.com



နိုင်နိုင် ဆုပ်ကိုင်၍ ပချုပ်ထဲထည့်။ အေး၊ ပြီးပြီ။ ဆယ်ရက်လောက် အစာ အငတ်ထားပြီးတော့ သူကြိုက်သလို သင်ကြား၊ သင်ကြားပြီး အလမ္ပာယ်အတတ်ကို တတ်မြောက်စေ၍ ပြသလျှင် ထိုမြွေကို အကြောင်းပြု၍ များစွာသော ဥစ္စာများကို ရနိုင်သလို၊ ယခု ဒကာ+ဒကာမအပေါင်းတို့ လှူဒါန်းကြတဲ့ နဝကမ္မဖြစ်သော အေး၊ မြွေကြီးသုံးကောင် (တစ်နည်းအားဖြင့်) မာရ်နတ်မင်းရဲ့ စစ်တပ်ကြီး တပ်မဟာကြီးသုံးသိန်းကို ယခု ဘုန်းကြီးသည် သတိ+သမ္ပဇဉ်တည်းဟူသော ညှပ်ကို ကိုင်၍ လည်ပင်း၌ မြဲမြဲမြံမြံ ညှပ်ပြီးလျှင် သဒ္ဓါတရားတည်းဟူသော လက်ဖြင့် ထိုမြွေကြီးသုံးကောင် မာရ်နတ်မင်းရဲ့ မဟာတပ်ကြီးသုံးတပ်တို့ကို ဘုရား+တရား+သံဃာ ပချုပ်ကြီးသုံးလုံး ထဲသို့ ထည့်ပို့ (တစ်နည်းအားဖြင့်) တိုက်စစ်ဆင်ဖို့လဲပဲ အခြေအနေ ပေးနေပါတယ်။ ဒါကြောင့် ဒါယကာ+ဒါယိကာမအပေါင်း သူတော်ကောင်းတို့၊ ကိုင်း–ဘုန်းကြီးရဲ့ကိုယ်စား လိုက်ဆိုကြပါ။

ဒါယကာ+ဒါယကာမအပေါင်း သူတော်ကောင်းတို့။ ဘုန်းကြီးသည် အထက်အောက် မြို့+ရွာ မလွန်ဆန်လှူသင်းထောက် အဖွဲ့များနှင့် မန္တလေးမြို့ မလွန်ဈေးဆန်လှူသင်းမကြီးမှ ဦးစီး၍ ကျင်းပ ပြုလုပ်အပ်သော တိပိဋက ငွေရတု ဓမ္မပူဇာ မင်္ဂလာသဘင်ဝယ် အထက်အောက် မြို့+ရွာ အသင်း အဖွဲ့ ဒါယကာ+ဒါယိကာမအပေါင်းတို့ စုပေါင်းညီညာ သဒ္ဓါပြဋ္ဌာန်း ဘုန်းကြီး၏ စတုပစ္စယ သာသနာမှု နဝကမ္မအလို့ငှာ လှူဒါန်းအပ်သော ထိုသုံးသိန်းကျော် နဝကမ္မ လှူဖွယ်ရာတို့ကို ဗုဒ္ဓ+ဓမ္မ+သံဃပူဇာ ဖြစ်ပါစိမ့်သောငှာ –

(၁) ရှေးဦးစွာ မဟာသကျသီဟ ရုပ်ရှင်တော်မြတ်၏ ဗုဒ္ဓဝေယျာဝစ္စ အလို့ငှာ ကျပ်တစ်သောင်းသော ဝတ္ထုလှူဒါန်းတို့ကို ဗုဒ္ဓပူဇာ မင်္ဂလာကောင်းမှုကုသိုလ်အဖြစ်ဖြင့် သဒ္ဓါပြဋ္ဌာန်းလှူဒါန်းပါ၏။

(၂) ဓမ္မပူဇာ ဖြစ်ပါစိမ့်သောငှာ သာသနာတော်၏ ဖခင်သဖွယ် ဖြစ်ပါပေသော မန္တလေးမြို့ ပရိယတ္တိသာသနဟိတ အသင်းကြီး၏ ဓမ္မဝေယျာဝစ္စ အလို့ငှာ ကျပ်ငွေ (၃၀၀၀၀) သုံးသောင်းသော အသပြာတို့ကို သဒ္ဓါပြဋ္ဌာန်း ဓမ္မပူဇာ လှူဒါန်းပါ၏။

(၃) သူတော်ကောင်းတို့၊ ထိုမှတစ်ပါး ရန်ကုန်မြို့ နိကာယ်သာသနာတော် ထွန်းကားရေး အသင်းကြီး၏ ဓမ္မဝေယျာဝစ္စ အလို့ငှာ ကျပ်ငွေ (၁၀၀၀၀) တစ်သောင်းသော နဝကမ္မ ဝတ္ထုလှူဒါန်းတို့ကိုလည်းကောင်း။

(၄) ရန်ကုန်မြို့ စေတိယင်္ဂဏ အသင်းကြီး၏ ဓမ္မဝေယျာဝစ္စ အလို့ငှာ ကျပ်ငွေ (၁၀၀၀၀) တစ်သောင်းသော နဝကမ္မ ဝတ္ထုလှူဒါန်းတို့ကိုလည်းကောင်း။

(၅) ထို့အတူ ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ ဓမ္မဝေယျာဝစ္စ ရန်ပုံငွေ ပဒေသာပင်မ အလို့ငှာ ကျပ်ငွေ (၁၀၀၀၀) တစ်သောင်းသော ဝတ္ထုလှူဒါန်းတို့ကိုလည်းကောင်း သဒ္ဓါပြဋ္ဌာန်း တရားတော် ရတနာအား ပူဇော်သောအားဖြင့် လှူဒါန်းပါ၏။

http://www.dhammadownload.com



(၆) သူတော်ကောင်းတို့၊ ထိုမှတစ်ပါး သံဃပူဇာ ထေရပူဇာ ဘုန်းကြီးသည် မိမိအတွက် သာသန ဝေယျာဝစ္စ လှူဒါန်းအပ်သော နဝကမ္မ ဝတ္ထုလှူဘွဲ့တို့မှ သံဃရာဇာ သက်တော်ရှည် မဟာဝိသုဒ္ဓါရုံ မထေရ်မြတ်ကြီး အမှူးပြုသော နှစ်ကျိပ်ငါးပါး သံဃထေရ်ကြီး၏ စတုပစ္စယနဝကမ္မ အလို့ငှာ ကျပ်ငွေ (၅ဝ) ငါးဆယ်စီသော ဝတ္ထုလှူဘွဲ့တို့ကိုလည်းကောင်း၊ သံဃပူဇာ ဖြစ်ပါစိမ့်သော ငှာ တိပိဋက စာသင်သား နိကာယ်စာသင်သား အရှင်မြတ်များနှင့်တကွ ဓမ္မနာဒစာသင်သား ရဟန်းတော် အရှင်မြတ်များ တစ်ပါးတစ်ပါး၏ စတုပစ္စယ နဝကမ္မ အလို့ငှာ ကျပ်ငွေ (၂၅)နှစ်ဆယ့်ငါးကျပ်စီသော ငွေအသပြာ ဝတ္ထုလှူဘွဲ့တို့ကိုလည်းကောင်း၊ ထိုမှတစ်ပါး မလွန်ဆန်လှူသော အသင်းကြီးမှ ဤတိပိဋက ငွေရတု ပူဇော်ပွဲသို့ ဖိတ်မန်သဖြင့် နှစ်သက်အာရမ်း ဝမ်းမြောက်ဝမ်းသာ လိုက်ပါကြည်ညို ပူဇော်ကြသော စစ်ကိုင်း+မင်းကွန်းတောင်ရိုး+မန္တလေးမြို့မှ သီလရှင် သူတော်စင် အပေါင်းအား တစ်ပါးတစ်ပါးလျှင် (၁၅)တစ်ဆယ့်ငါးကျပ်စီသော ငွေအသပြာ ဝတ္ထုလှူဘွဲ့တို့ကိုလည်းကောင်း သဒ္ဓါပြဋ္ဌာန်း လှူဒါန်းပါကုန်၏။

(၇) ထိုမှတစ်ပါး သံဃပူဇာ ဖြစ်ပါစိမ့်သောငှာ မင်းကွန်းတိုက်နယ် ဆေးရုံထောက်ပံ့ရေး ရန်ပုံငွေ ပဒေသာပင်မအတွက် ကျပ်(၁ဝဝဝဝ) တစ်သောင်းသော နဝကမ္မဝတ္ထုလှူဘွဲ့တို့ကိုလည်းကောင်း၊ ထို့အတူ မင်းကွန်းဓမ္မနာဒတိုက် သံဃဝေယျာဝစ္စ သာသနရန်ပုံငွေ ပဒေသာပင် ပင်မ အလို့ငှာ ကျပ်(၁ဝဝဝဝ)တစ်သောင်းသော ဝတ္ထုလှူဘွဲ့တို့ကိုလည်းကောင်း သဒ္ဓါပြဋ္ဌာန်း သံဃပူဇာ လှူဒါန်းပါ၏။

(၈) သူတော်ကောင်းတို့၊ ထိုမှတစ်ပါး သာသနာ၏မိခင်သဖွယ် ဖြစ်ပါပေသော မန္တလေးမြို့ မလွန်ဈေး ဆန်လှူအသင်းကြီး၏ ဝတ္ထုကံ သံဃဝေယျာဝစ္စ အလို့ငှာ ကျပ် (၆ဝဝဝဝ)ခြောက်သောင်းသော ဝတ္ထုလှူဘွဲ့တို့ကို သဒ္ဓါပြဋ္ဌာန်း လှူဒါန်းပါ၏။

ခဏလေးဆိုင်းပါဦး၊ အမေနဲ့အဖေပဲ ကိုယ်တော်၊ အဖေအားတော့ ကိုယ်တော့်ဟာ သုံးသောင်း၊ အမေအားတော့ ကိုယ်တော့်ဟာ ခြောက်သောင်း ဘာပြုလို့ ကိုယ်တော် မျက်နှာ လိုက်ရသလဲလို့ မေးရန်ရှိပါတယ်။ လူတိုင်းလူတိုင်း အမေကိုချစ်ကြတယ်နော်။ ဒါကို ပြောနေတာပါ။ ချစ်မှာပေါ့၊ အမေက သားသမီးကို ကျွေးပေးနေတာကိုး။ အဖေက သားသမီးကို ငေါက်တယ်၊ ဒါကို အားလုံးအသိပဲ မဟုတ်လား။ တစ်နည်းအားဖြင့် လောလောဆယ် လက်တွေ့ကို ပြောပြဦးမယ်။ တိပိဋကဓရ ငွေရတု ပူဇော်ပွဲ ကျင်းပဖို့ ဆွေးနွေးကြတဲ့အခါ အမေနဲ့တူတဲ့ မလွန်ဆန်လှူ အသင်းကြီးက လောလောဆယ်အားဖြင့် ငွေငါးသောင်း မတည်သုံးစွဲမယ်ဆိုတော့ အစည်းအဝေးပါ လူကြီးများက ဟာ မိခင်ကြီးကတော့ ငွေငါးသောင်း မတည်ပြီ၊ ဖခင်ကြီးက ဘယ့်နှယ်တုံးလို့ မေးကြတော့ ဖခင်ကြီးက ဖြေသတဲ့။ ဖခင်ကြီးကို ခေါကန်သွားလို့ ဖခင်ကြီးက ဘာမှမပြောနိုင်ဘူး လို့ ဖြေသတဲ့။ (ဆိုလိုတာကတော့ ဖခင်ကြီးရဲ့ ပရိယတ္တိဗိမာန်နဲ့ ဓမ္မသာလာမှာ ပူဇော်ပွဲ မကျင်းပ

http://www.dhammadownload.com



တဲ့အတွက် ဖခင်ကြီးကို ခြေကန်သွားတယ်လို့ ဆိုလိုပါတယ်။)

ဘယ်ဟုတ်မှာလဲ။ ဖခင်ကြီးကသာ ဖွားရာဇာတိကို ခြေကန်တာပါ။ ဘုန်းကြီးပြောလိုတာက ဟောဒီ ပရိယတ္တိ သာသနဟိတ အသင်းကြီးသည် ၁၂၆၀ ပြည့်နှစ်ကစ၍ ဟောဒီ ဝေဇယန္တာ ဓမ္မာရုံနေရာမှာ နဂိုက ရှိယင်းစွဲ တည်ရင်းစွဲဖြစ်တဲ့ ဦးချစ်လှိုင်၏ဖခင် ဦးသာညွှင်း ဆောက်လှူတဲ့ ဓမ္မာရုံကြီးထဲမှာ သကျသီဟ (စကြာသီဟ) စာမေးပွဲ စ, ရဒါပါ။ အေး၊ ဝေဇယန္တာဓမ္မာရုံကြီး နေရာသည် ပရိယတ္တိအသင်းကြီးရဲ့ ဖွားရာ မူလဇာတိမြေ ဖြစ်ပါတယ်၊ အဖေရဲ့ ဖွားရာ ဇာတိမြေမို့ လို့ ဘုန်းကြီးတို့က ဟောဒီ ဝေဇယန္တာဟာ အေး၊ သာသနာရဲ့အောင်မြေလည်း ဖြစ်တယ်။ ပရိယတ္တိ အသင်းတည်းဟူသော ဖခင်ကြီးရဲ့ ဖွားရာနေရာလည်း ဖြစ်တယ်ဆိုပြီးတော့ ယခုကျင်းပတဲ့ တိပိဋကဓရ ငွေရတုပူဇာသဘင်ကို ဒီဝေဇယန္တာဓမ္မာရုံကြီးမှာ ကျင်းပဖို့ အကြံပေး ပြောဆိုခြင်း ဖြစ်ပါတယ်။ ဖခင်ကြီးကို ပစ်ပယ်ခြင်း မဟုတ်ပါဘူး။

အဲဒီတော့ ဖခင်နဲ့ မိခင်မှာ မိခင်က သားသမီးကို မျှမျှယုယု ပြုစုလုပ်ကျွေးတယ်။ ဒီတော့ ယခုစည်းဝေးမိတဲ့ ပုဂ္ဂိုလ်တွေ (ဟုတ်လား) ကိုယ်စီကိုယ်ငှ ဝေဖန်ကြည့်ကြပါ။ မိမိမှာ ပစ္စည်းဝတ္ထု ပိုလာတယ်ဆိုလျှင် အမေနဲ့အဖေ ဘယ်သူ့ကို များများပေးမလဲ၊ အမေကို များများပေးမယ် မဟုတ်လား၊ ဘာပြုလို့တုန်း၊ အမေက တယ်ပြီးတော့ မှုယုပြုစုတာကိုး၊ အဖေက ငေါက်၍ဆုံးမတယ်။ အမေက သာသာယာယာ ဆုံးမတယ်။ အေး၊ ဒါကြောင့် ပရိယတ္တိအသင်းကြီးနဲ့ မလွန်ဆန်လှူ အသင်း နှစ်သင်းတို့ ရှိကြရာ မလွန်အသင်းကြီးဟာ ဘုန်းကြီးတို့ရဲ့ သာသနမိခင်အသင်းကြီးဖြစ် လို့ ဒီမိခင်ကြီးက စစ်ကိုင်းသာသနာ၊ မင်းဝံသာသနာ၊ မင်းကွန်းသာသနာတို့ကို ပြုစုယုယ ကျွေး မွေးတယ်။ အဲဒီလို သာသနမိခင်ကြီးဖြစ်လို့ ပိုပြီးတော့ လှူပါတယ်။ ဒကာ+ဒကာမအပေါင်း သူတော်ကောင်းတို့ ဆက်၍ ဆိုပေးကြပါအုံး။

ထိုမှတစ်ပါး ဘုန်းကြီးသည် မိမိ၏ စတုပစ္စယ သာသနဝေယျာဝစ္စ အလို့ငှာ အထက်အောက် မြို့ရွာ ဒကာ+ဒကာမ အသင်းအဖွဲ့ အပေါင်းတို့က လှူဒါန်းအပ်သော နဝကမ္မဝတ္ထုလှူတို့မှ မိခင် ဆန်လှူအသင်းကြီးက မိခင်ပီပီ ဦးစီးမတည်၍ (မလွန်ဆန်လှူအသင်းကြီးက လောလောဆယ် ငွေ ၅၀၀၀ဝိ/ မတည်သုံးစွဲ၍ လိုအပ်လျှင် ကျပ်တစ်သိန်းကုန်အထိ အကုန်ခံရန် ကျပ် ၅၀၀၀ဝိ/– ကို အရံအဖြစ် အသင့်ထားရှိကြောင်း သိရပါတယ်။) ငွေရတုသဘင် ဆင်ယင်ကျင်းပ ပြုလုပ်ရာဝယ် ဝေယျာဝစ္စအဝဝအတွက် ကုန်ကျသည်များကို (သားကပင် တာဝန်ယူသကဲ့သို့) အသင်းကြီးက နှုတ်ယူ၍ ကြွင်းကျန်သောငွေ ၁၀၀၀ဝိ/ ကျော် ဝတ္ထုလှူ နဝကမ္မတို့ကို မင်းကွန်းတောင်ရိုး မိုးမိတ် ကုန်းမြေ တိပိဋက နိကာယ သာသနာပြု ရန်ပုံငွေ ပဒေသာပင် ပင်မအဖြစ်ဖြင့် မူလရည်ရွယ်ရင်း အတိုင်း နိကာယ်ငါးရပ် ပိဋကတ်တော်တည်းဟူသော ပရိယတ္တိသာသနာတော်အား သဒ္ဒါကော်ရော် ပူဇော်ပါ၏၊ လှူဒါန်းပါ၏။

http://www.dhammadownload.com



(သူတော်ကောင်းတို့၊ မိမိတို့၏ ကောင်းမှုရော ဘုန်းကြီးများ၏ ကောင်းမှုကိုပါ ပေါင်းပြီးတော့ ဆုတောင်းကြရအောင်၊ အားလုံးလိုက်၍ဆိုကြပါ။)

ဗောဓိယာ ပစ္စယော ဟောတု၊ ဣဒံ နော ပုညမင်္ဂလံ။

သုမနေဟိ ပသန္နေဟိ၊ အတ္တမနေဟိ သဒ္ဓိတံ။

သုမနေဟိ=ပုဗ္ဗစေတနာဖြင့် လှုန်စွာဝမ်းမြောက်ကုန်လျက်။ ပသန္နေဟိ=မုဥ္စစေတနာဖြင့် သဒ္ဓါရွှန်းစို ကြည်ညိုကုန်လျက်။ အတ္တမနေဟိ=အပရစေတနာဖြင့် လွန်စွာအားရ စိတ်တိုင်းကျ ဖြစ်ကုန်လျက်။ နော အမှေဟိ=တပည့်တော်ဆရာ(နှင့်) ဒကာအပေါင်းတို့သည်။ သဒ္ဓိတံ=စေတနာ သုံးတန် ထက်သန်ကြည်နူး ဆည်းပူးအားထုတ်ရသော။ ဣဒံ ပုညမင်္ဂလံ=ဆိုအပ်ခဲ့သမျှ ဗုဒ္ဓပူဇာ ဓမ္မပူဇာ သံဃပူဇာ သာသနဒ္ဓပူဇာ မင်္ဂလာကောင်းမှု အစုစုသည်။ ဗောဓိယာ=ကိုယ်စီကိုယ်ငှ တောင့်တရင်းရှိသော သမ္မာသမ္ဗောဓိ ပစ္စေကဗောဓိ သာဝကဗောဓိ ခေါ်ဆိုအပ်သော မဂ်ဉာဏ် လေးပါး အသီးသီးသော ဗောဓိဉာဏ်များ၏။ ပစ္စယော=မချွတ်ရောက်အောင် ကျေးဇူးဆောင်သော ဥပနိဿယည်း အားအင်ကြီးသော အထောက်အပံ့ပစ္စည်းသည်။ ဟောတု=မြေလက်ခတ်နံ မလွဲပုံမှန် ဧကန်စင်စစ် ဖြစ်ပါစေသတည်း။

ပုညဿိ+မဿ ဘာဂဥ္စ၊ ဒဒါမ သဗ္ဗပါဏိနံ။

သမံ လာဘန္တု တေ သဗ္ဗေ၊ မဟီ+ယံ ဌာတု သက္ခိကေ။

ဣမဿ ပုညဿ=ညီညာဖြိုဖြိ ဆရာ+ဒကာ ဆည်းပူးပွားများ အားထုတ်ရသော ဤဗုဒ္ဓ ဓမ္မ သံဃပူဇာ သာသနပူဇာ မင်္ဂလာကောင်းမှုအစုစုတို့၏။ ဘာဂဥ္စ=အဖို့ဘာဂ ကုသိုလ်ကောင်းမှု သတ္တိကိုလည်း။ သဗ္ဗပါဏိနံ=မိ+ဖ+ဆရာသခင် ပြည့်ရှင်မင်းကို အစပြု၍ ဘုံသုံးပါး၌ ထင်ရှား ရှိသော သတ္တဝါတို့အား။ ဒဒါမ=သဒ္ဓါပြဋ္ဌာန်း လှူဒါန်းပေးဝေပါကုန်၏။ (ဒဒါမ)=အမျှ+အမျှ ပေးဝေငှပါကုန်၏။ တေ သဗ္ဗေ=မိဖဆရာသခင် ပြည့်ရှင်မင်းကို အစပြု၍ ခပ်သိမ်းဉသုံ အလုံးစုံ ကုန်သော ထိုသတ္တဝါတို့သည်။ အမှေဟိ=အကျွန်ုပ်တို့နှင့်။ သမံ=အညီအမျှ။ လာဘန္တု=ရကြသည် ဖြစ်ပါစေကုန်သတည်း။ အယံ မဟီ=ယူဇနာကိန်း နှစ်သိန်းလေးသောင်း ထုပေါင်းသချာ မဟာ ပထဝီ ဤမြေကြီးသည်။ (အမှေသု=အကျွန်ုပ်တို့သည်။ ဣစ္ဆန္တေသု=တစ်စုံတစ်ခု ပြုဖွယ်ကိစ္စကြောင့် သက်သေအရာတည်လာသည်ကို အလိုရှိကုန်လတ်သော်။ နော=အကျွန်ုပ်တို့၏)။ သက္ခိကေ= သက်သေအရာ၌။ ဌာတု=သူတစ်ဖက်သား သိသာလောက်သော အခြင်းအရာဖြင့် မြေရော+ရေပါ တည်လာသည် ခံလာသည်ဖြစ်ပါစေသတည်း။

အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့။

သာဓု ... သာဓု ... သာဓု။

(ဤနည်းသုံးခေါက် အမျှဝေ၍ သာဓုခေါ်ကြပါသည်။)

http://www.dhammadownload.com



ရန်ကုန်မြို့ ကုက္ကိုင်းသာသနာ့ရိပ်သာ ဖလ်ယဉ်ဓမ္မာရုံ၌
၁၃၄၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၅ ရက်နေ့တွင် ကျင်းပသော
တိပိဋကဓရဘွဲ့ရရှိသည့် (၂၅)နှစ်မြောက် ငွေရတုသဘင်ပူဇော်ပွဲ၌
မင်းကွန်းတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု

**ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ ဟောကြားတော်မူသည့်**

တိပိဋကဓရရွေးချယ်ပွဲတွင် ဝင်ရောက်ဖြေဆိုတော်မူရပုံအကြောင်းနှင့်

## ဩဝါဒကထာ

### အာသီသ အနုမောဒနာ တရားတော်

တိပိဋကဓရ ငွေရတုသဘင် ဆင်ယင်ကျင်းပပူဇော်ကြသည့် နာယကလူကြီးမင်းများ အမှူးပြုသော သပ္ပုရိသအပေါင်း သူတော်ကောင်းတို့ ...

တာဝန်သိသူသည်မှာ တာဝန်ရှိသည်ဟူသော ဆောင်ပုဒ်အတိုင်း တာဝန်သိသူသည် တာဝန်ဆောင်ရွက်ပါသည်။ တာဝန်သိ၍ တာဝန်ဆောင်ရွက်သူမှာ တာဝန်တိုးတက်ပါသည်။ ဤစကားကို ပြောရတာ ရည်ရွယ်ချက် ရှိပါသည်။ နိကာယ်သာသနာတော် ထွန်းကားရေး အသင်းဥက္ကဋ္ဌ ဒါယကာကြီး ဦးဉာဏ်ရှိစဉ်က ဝိနည်းပူဇော်ပွဲ ကျင်းပတဲ့အခါမှာ နိကာယ်သာသနာတော် ထွန်းကားရေးအဖွဲ့က ဘုန်းကြီးအား အဘိဓဇမဟာရဋ္ဌဂုရု ကျေးဇူးရှင်ဆရာတော်နှစ်ပါး၏ ဩဝါဒ မိန့်ခွန်းကို ဖတ်ကြားဖြေရှင်းပေးရမယ့် တာဝန်ကို ချထားပါတယ်။ ဤတာဝန်ကို ဆောင်ရွက်ရတဲ့ အတွက် ဝိနည်းဆောင်သော ပုဂ္ဂိုလ်များရဲ့ ခံယူချက် မိန့်မြွက်ရန်ဆိုတဲ့ အစီအစဉ်ထဲမှာ ဘုန်းကြီး မပါခဲ့ဘူး။

အဲဒီအစီအစဉ်အရ ဝိနည်းပူဇော်ခံ အရှင်သူမြတ်တွေသည် အပြည့်အစုံ ကိုယ်သဘောကျ ကိုယ့်ဆန္ဒရှိတဲ့အတိုင်း အသီးသီးပြောကြတော့၊ ဘုန်းကြီးသည် ငါလဲ ငါရဲ့ခံယူချက်ကို ပြောဦးမှ တော်မှာပဲ၊ အစီအစဉ်ထဲ မပါသော်လဲ ခံယူချက်ကလေးကို ပြောပါရစေဗျားလို့ တောင်းပန်ပြီးတော့ မိမိရဲ့ခံယူချက်ကို ဆောင်ပုဒ်နဲ့ ပြောခဲ့တယ်။ ဘုန်းကြီးရဲ့ ခံယူချက်သည် အရင်းကြီးကြီးနဲ့ အမြတ် အစွန်းနည်းနည်း လိုချင်တာ ဘုန်းကြီးရဲ့ ခံယူချက်ပါပဲလို့ အဲဒီလို ပြောတယ်။ ဒီဆောင်ပုဒ်ရဲ့ အဓိပ္ပာယ်က အရင်းကြီးကြီးနဲ့ အမြတ်နည်းနည်း လိုချင်တယ်ဆိုတာ မိမိရဲ့ ဆောင်ရွက်ချက်ကို ဘေးက တစ်ဦးတစ်ယောက်ကြည့်လျှင် သမ္မောဓိဆုကြီးများ ပန်ထားလားလို့ အောက်မေ့မှတ်ယူ ဖွယ်ပါပဲ။ သို့သော် ဘုန်းကြီးရဲ့ ဆုပန်ချက်သည် ...

ဒုတိယေ အတ္တဘာဝမှိ၊ လဒ္ဓါ သပ္ပုညနိဿယံ၊
ဓမ္မဓရောတိနာမေန၊ သောတာပန္နော မရူ ဘဝေ။

http://www.dhammadownload.com



ဒုတိယကိုယ်အဖြစ်၌ မိတ်ဆွေကောင်း ပညာရှိတို့၏ အမှီကိုရပြီး ဓမ္မရေပဟူသော အမည်ဖြင့် သောတာပန်နတ်သား ဖြစ်ရပါလို၏လို့ ဆုတောင်းပါတယ်။ ဤဘုရားသာသနာတော်မှာပင် ကျွတ်တမ်း ဝင်ရပါလို၏လို့ ဆုတောင်းပါတယ်။ ဆောင်ပုဒ်နဲ့ ပြန်စစ်ပြီးတော့ ပြောရလို့ရှိရင် အရင်းကြီးကြီးနဲ့ အမြတ်နည်းနည်းကို လိုချင်တဲ့ပုဂ္ဂိုလ်လို မိမိဆောင်ရွက်ချက်က သမ္မောဓိဆုကြီးပန်ပုဂ္ဂိုလ်ကြီးများလို ရွက်ဆောင်ပြီးတော့ လိုချင်တဲ့ ဆုဟာလဲ သာဝကဗောဓိမှ ပကတိ သာဝကဗောဓိဆုလောက်သာ လိုချင်ပါတယ်၊ ဒါဟာ ဘုန်းကြီးရဲ့ ခံယူချက်ပါပဲလို့ ဝိနည်းပူဇော်ပွဲမှာ ခံယူချက်အကျဉ်းကို ပြောခဲ့ပါတယ်။

အခုလဲပဲ မိမိအနည်းငယ် ပြောလိုသော အကြောင်းအရာ အချက်အလက်ကို ဆောင်ပုဒ်နဲ့ ပြောပါရစေ။ အသီးသီး ပြောသွားကြတယ်။ စာဖတ်ပြီး ပြောကြရတယ်ဆိုတာ စာလုံးမှားမှာကြောက်ရတယ်ဆိုတာရယ်၊ အဲ ... ပြီးတော့ စာလုံးကြည့်ရတာရယ်ဆိုတော့ အာရုံအင်မတန်များပါတယ်။ ဒီတော့ လွတ်လွတ်ကျွတ်ကျွတ် ပြောပြခြင်းပါတယ်။ တာဝန်သိသူမှာ တာဝန်ရှိတယ်ဆိုတဲ့အတိုင်း တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကို ကျင်းပဖို့ရန် ရဟန်းဒကာကြီးများ စီမံတာကစစ်အတွင်းကတည်းက ရှိပါတယ်။ ဘုန်းကြီးအား ရဟန်းဒကာကြီး (ဆာဦးသွင်)က အကြိမ်ကြိမ်ပြောခဲ့ပါတယ်။ နောက်ဆုံး အင်းမလူပ်၊ အဲမလူပ် အဲဒီလို နေခဲ့ရာက တိပိဋကဓရ စာပြန်ပွဲဖြစ်အောင် ပြည်ထောင်စုရဲ့ ဖွားဖက်တော်အနေနဲ့ ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ကြီးကို ဖွဲ့စည်းပြီးတော့ တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကို ၁၃၁၀ ပြည့်နှစ် တပို့တွဲလဆန်း ၆ ရက်နေ့ကစပြီး ကျင်းပပါတယ်။ ဤအချိန် ပထမအကြိမ်မှာ ဘုန်းကြီး လက်မှတ်မထိုးခဲ့ပါဘူး။

ရည်ရွယ်ချက်က ဘာလဲ။ ပွင့်ပွင့်လင်းလင်း ပြောရမယ်ဆိုရင် ထိုစဉ်က တိပိဋကဓရ စာမေးပွဲရဲ့ ဥပဒေဟာ စာပြန်ပုဂ္ဂိုလ်သည် ဝိနည်းငါးကျမ်းကို အရင်ဆုံးပြန်ရမယ်။ ဝိနည်းငါးကျမ်းပြီးမှ သုတ်သုံးကျမ်း၊ အဘိဓမ္မာခုနစ်ကျမ်း ကြိုက်ရာကို ပြန်ရမယ်လို့ ဥပဒေစာပိုဒ်ထဲမှာ ရှိပါတယ်။ ဝိနည်းငါးကျမ်းဆိုတာ ယနေ့ ဆဋ္ဌမူနဲ့ ကြည့်လိုက်ရင် စာမျက်နှာနံပါတ် ၂၀၀၀ ကျော် ၂၅၀၀ အတွင်းမှာ ရှိနေတယ်။ ဒီတော့ နှစ်စဉ်နှစ်စဉ် ဒီစာမျက်နှာ ၂၅၀၀ ဆောင်နိုင်တဲ့ စာသင်သားပေါ်ဖို့ မလွယ်ဘူး။ မိမိကိုယ်တိုင်ကတော့ အဲ ဝိနည်းကို ပြန်ပြီးယင် အဘိဓမ္မာပြန်၊ ပြီးယင်ဒီဃနိကာယ်ပြန်၊ ပြီးယင် တိပိဋကဓရ ဖြစ်မယ် သိတယ်။ သို့သော် ဥပဒေက ပြင်းထန်လွန်းလို့ နောက်ပိုင်းမှာ ဝိနည်းကျက်ဖို့ရန် သံဃာရှားလာတဲ့အတွက် တိပိဋကဓရ စာမေးပွဲကို ရပ်ဆိုင်းလိုက်ရမယ်ဆိုလျှင် ဒကာဘက်နဲ့ဆရာဘက်မှာ တို့ဆရာဘက်က ရှုံးတာပဲ၊ အဲဒါဒကာဘက်က နိုင်တာပဲ။ ဒီလိုပဲမြင်ပါတယ်။ အဲဒါကြောင့် ပထမအကြိမ်မှာ ဘုန်းကြီးစာမေးပွဲဝင်ဖို့ လက်မှတ်မထိုးပါဘူး။ ဘာကြောင့်လဲ ... ကိုယ်က ရှေ့ကသွား၊ နောက်က အဆက်ပြတ်ပြီး နေရစ်၊ ဒကာတွေက အနိုင်ယူပြီးတော့ ဘုန်းကြီးက အရှုံး၊ ဘုန်းကြီးများဘက်က ရှုံးမှာဖြစ်လို့ အဲဒီလို လက်မှတ်မထိုးပါဘူး။ သို့သော်လဲပဲ ရဟန်းဒကာကြီး (ဆာဦးသွင်)ကလဲ မလျှော့သော ဖွဲ့, လုံ့လ, ဝီရိယဖြင့် ၁၃၁၀ ပြည့်နှစ် တိပိဋကဓရ

http://www.dhammadownload.com



စာပြန်ပွဲကို မရောက်ရောက်အောင်ကြွပါ၊ မီးရထားနဲ့ လာမဖြစ်ရင် လေယာဉ်ပျံနဲ့ လာခဲ့ပါဆိုပြီး အပူတပြင်း ရဟန်းဒကာကြီးရဲ့ ဖိတ်ခေါ်ချက်အရ ပထမဆုံးအကြိမ် ကျင်းပတဲ့ တိပိဋကဓရ စာမေးပွဲ စာပြန်ပွဲသို့ လာခဲ့ပါတယ်။

ဒီလိုလာတဲ့နေရာမှာ ရည်ရွယ်ချက် ရှိခဲ့ပါတယ်။

၁။ တိပိဋကဓရ စာပြန်ပွဲကို လက်မှတ်ထိုးထားတဲ့ သံဃာ ၆ ပါးရှိပါတယ်။ ထိုအရှင်မြတ် ၆ ပါး ပြန်ဆိုပုံကို ကြည့်ပြီးတော့ သွက်လက်လျင်မြန် ဖျပ်လတ်ခဲ့ပုံ ဆွေးနွေးမယ်။ အရှင်တို့ ဘယ်လို ကျက်သလဲ၊ ကိုယ်သိတဲ့ နည်းအပြင် ထိုအရှင်မြတ်တို့ အထံက နည်းကိုပါ ငါခံယူမယ်။

၂။ ဤ တိပိဋကဓရ စာမေးပွဲကို အရည်အချင်း ဘယ်လောက်ရှိမှ ဂုဏ်ထူးနဲ့ အောင်မလဲ၊ စာမေးပွဲရဲ့ အရည်အချင်းကို ကောင်းကောင်းကြီးသိအောင် ငါ စုံစမ်းမယ်ဆိုတဲ့ ရည်ရွယ်ချက်လဲ ပါပါတယ်။ ဤရည်ရွယ်ချက် နှစ်ပါးဖြင့် ဒီမှာ ရောက်လာတယ်။

တစ်–ရည်ရွယ်ချက်အရ စာပြန်ပွဲ အရှင်မြတ်တို့ထံမှာ စာကျက်နည်း၊ စာအံနည်းကို ရဖို့ကိစ္စမှာ တစ်နည်းအားဖြင့် ပြောရရင်တော့ ရိုးရိုးပဲ ကျက်တယ်လို့ သိရတယ်၊ မမေးတော့ပါဘူး။ ရည်ရွယ်ချက် နှစ်–အနေနဲ့ ဒီစာပြန်ပွဲရဲ့ အရည်အချင်းတွေ ဘယ်လောက်များ ရှိသလဲလို့ ဆိုတာကိုတော့ အကဲခတ်မိပါပြီ။ တိပိဋကဓရ စာပြန်ပွဲ အာဂုံပြန်ပွဲ ပြီးတော့ ဩဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဘုရားများ၊ ဥက္ကဋ္ဌဆရာတော် (ဘုရားကြီးဆရာတော်)က တာဝန်လွှဲတယ်။ "မောင်ဝိစိတ္တ၊ မင်းပုစ္ဆက လုပ်ကွာ"တဲ့။ လက်အုပ်ချီပြီးလျှောက်တယ်–'တပည့်တော် မလုပ်ပါရစေနဲ့'လို့၊ 'ဘာဖြစ်လို့တုန်းကွာ'တဲ့။ တပည့်တော် တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့ ဖွင့်တဲ့နေ့တုန်းက နိုင်ငံတော်သမ္မတကြီး အမှူးပြုသော နိုင်ငံတော်အစိုးရအဖွဲ့ဝင် လူကြီးလူကောင်းတွေရဲ့ တိပိဋကဓရ ရှာပုံတော် လက်အုပ်ကြေးကို တပည့်တော် ဆပ်ချင်ပါတယ်၊ တပည့်တော် အဲဒီကြွေးကို ဆပ်ဖို့ တာဝန်ရှိပါတယ်၊ ဒါကြောင့် တပည့်တော်သည် ရှေ့နှစ်ခါတွင်ပင် လက်အုပ်ကြွေးကို ဆပ်ဖို့ တပည့်တော် တာဝန်သိလို့ ဒီတာဝန်ကို တပည့်တော်ခေါင်းပေါ်မှာ တက်နေပါတယ်၊ ရှိနေပါတယ်။ တာဝန်သိတဲ့ ပုဂ္ဂိုလ်မှာ တာဝန်ရှိတယ်။ အဲဒါကြောင့် ဆရာတော် ခိုင်းလိုလျှင် ပုစ္ဆက ကလွဲ၍ သည့်ပြင် အသွယ်သွယ် ကိစ္စအဝဝ၊ ထွေးခံဆေးတဲ့ကိစ္စအထိ တပည့်တော်ကို ခိုင်းပါလို့၊ တပည့်တော် ဝေယျာဝစ္စကို လုပ်ပါရစေ'လို့ ဘုန်းကြီးက လျှောက်တယ်။ ဒါဖြင့်ကွာတဲ့ ပုစ္ဆာထုတ်ဖို့ရန် ပုစ္ဆက ပုဂ္ဂိုလ်ကို ဘယ်လိုရွေးရမလဲတဲ့၊ အကြံပေးပါ'တဲ့။ အဲဒီတော့ ဘုန်းကြီးက ဗဟုသုတ စကား တစ်ခုရတယ်။ ဘာလဲ မင်းသားကြီး မလုပ်ရယင် ပတ်မကြီး ဖောက်မယ်ဆိုတဲ့ စကား–ဒါကို ထည့်သွင်းပြီးတော့ လျှောက်တယ်။ 'ဆရာတော် ပုစ္ဆက ပုစ္ဆာထုတ်တဲ့ ကိစ္စဟာ မင်းသားကြီး မလုပ်ရရင် ပတ်မကြီးကို ဖောက်မယ်ဆိုတဲ့ ပုဂ္ဂိုလ်များကို ဦးစားပေးပြီးတော့ ပုစ္ဆက ရွေးပါ' ဆိုတော့ ဘုရားကြီး ဆရာတော်ဘုရားက 'ဟေ့ ပတ်မကြီးဖောက်မှာကတော့ မင်းတို့ ဓမ္မာစရိယ

http://www.dhammadownload.com



တွေပဲကွ' လို့ အမိန့်ရှိတယ်။ 'တပည့်တော်ကလဲပဲ တပည့်တော်တို့ ဓမ္မာစရိယတွေပဲ ရည်စူးပြီး လျှောက်ထားပါပဲ ဘုရား' လို့ ဆိုပြီးတော့ လျှောက်တယ်။

ဒီတော့ ဆရာတော်ဘုရားက 'မင်း ... ဓမ္မာစရိယတွေ ပုစ္ဆာကထဲပါအောင် တာဝန်ယူမလား'တဲ့။ 'တာဝန်ယူအောင် တပည့်တော် ကောင်းပန်လျှောက်ထားပါမယ်'လို့ ဖြေတော့- 'ကဲ ဒါဖြင့် မင်းသွားလျှောက်ကွာ'တဲ့ တပည့်တော် ဓမ္မာစရိယဥက္ကဋ္ဌ ကျေးဇူးရှင် ဗားကရာ ဆရာတော်ဘုရားကို လျှောက်ပါမယ်၊ လျှောက်လို့ လက်ခံရင် ဘုရားကြီးဆရာတော်က အစုဆွေးနွေးဖို့ ကြွပါဆိုပြီးတော့ တောက်လျှောက် ပင့်ခဲ့ပါမယ်။ ရောက်လာတဲ့အခါမှာ ဆရာတော်ဘုရားက ပင့်ခေါ်လို့ ရောက်လာတယ်လို့ အသိအမှတ်ပြုပြီးတော့ ရင်းရင်းနှီးနှီး ဆွေးနွေးတော်မူပါဘုရား'။ အဲဒီလို လျှောက်တော့ 'အေး-ကောင်းပြီ၊ သွားလျှောက်တဲ့'။

အသီးတစ်ရာအညှာတစ်ခု ဓမ္မာစရိယ ဥက္ကဋ္ဌဖြစ်တဲ့ ဗားကရာဆရာတော်ဘုရားဟာ ရင်းလဲရင်းနှီးတယ်၊ မိမိလဲ အလေးပြုအပ်တဲ့ ဆရာတော်ဘုရားလဲ ဖြစ်တယ်၊ မိမိအပေါ်မှာလဲပဲ အင်မတန်မေတ္တာကရုဏာ ပြည့်တယ်၊ မစိုးရိမ်ဆရာတော်ဘုရားရဲ့ တပည့်ရင်းလဲ ဖြစ်တယ်။ ဒီတော့ ရောက်သွားတဲ့အခါ ဆရာတော်ကမေးတယ်။ "ဦးဝိစိတ္တ မင်းဘာလုပ်လာတာလဲ"တဲ့။ "ဆရာတော် မောင်မောင်ခေါ်တုန်းကို ဗျာထူးပါ၊ အောင်ကျော်ခေါ်မှ ခင်ဗျာ မထူးပါရစေနဲ့ဘုရား"။ "ဘာပြုလို့ တုန်းကွ"တဲ့။ တိပိဋကစရေ ရွေးချယ်ရေးအဖွဲ့က ဓမ္မာစရိယအရှင်မြတ်များကို ပုစ္ဆက ပြုလုပ်တော်မူပါလို့ အစု မောင်မောင်ခေါ်နေတယ်။ အဲဒီခေါ်တဲ့အခါမှာ ဗျာလို့ တပည့်တော်တို့ ဓမ္မာစရိယတွေက ထူးတော်မူပါ၊ ဓမ္မာစရိယ မင်းတို့အထဲ မပါဘူးလို့ လျစ်လျူရှုလိုက်လို့ရှိရင် တပည့်တော်တို့ ဓမ္မာစရိယတွေသည် နိုင်ငံတော်အစိုးရက ကြီးမှူးကျင်းပတဲ့ တိပိဋကစရေ စာမေးပွဲပြင်ဘက်ရောက်ပြီးတော့ အောင်ကျော်တွေ ဖြစ်ကုန်လိမ့်မယ်ဘုရား။ ဒါတော့၊ ဆရာတော်က တစ်ခွန်းထဲနဲ့ သဘောကျတယ်။ "ကဲ ... သဘောတူပြီကွာ"တဲ့။ ဒါဖြင့် ဘုရားကြီးဆရာတော်က ပင့်ပါတယ်ဆိုပြီးတော့ ရောက်တဲ့အခါမှာ ဆွေးနွေးကြတယ်။ ဘုရားကြီးဆရာတော်က ပုစ္ဆကကို ဘယ်လိုစီစဉ်မလဲမေးတော့ "ဆရာတော်၊ ပုစ္ဆာတစ်ရွက်မှာ ၁၂ ပုဒ်စာရှိတယ်။ ရှေ့ ၆ ပုဒ်စာ၊ နောက် ၆ ပုဒ်စာ၊ ဘွဲ့ရ ဓမ္မာစရိယနဲ့ သီးခြားဓမ္မာစရိယ နှစ်ပါး မဲချပြီးတော့ ရှေ့ ၆ ပုဒ်စာ၊ နောက် ၆ ပုဒ်စာ အသီးသီးမေးတာပေါ့။ ဝေယျာဝစ္စကို တပည့်တော် ထွေးခံဆေးသည်အထိ အကုန်လုပ်ပါ့မယ်ဘုရား"လို့လျှောက်တယ်။

"အေး ... ဒါဖြင့်ယင် အဲဒီပုစ္ဆကတွေ မင်းပင့်ကွာ"တဲ့။ ဘုန်းကြီးကလဲ အဲဒီပုစ္ဆကတွေ ပင့်တဲ့အလုပ်ကိုပဲ လုပ်ချင်တယ်။ လုပ်ချင်တဲ့အတိုင်းပဲ ဘုရားကြီးဆရာတော်က မူလဓမ္မာစရိယ ဘယ်ဆရာတော်-ဘယ်ဆရာတော် စာရင်းပေးလိုက်တယ်။ ပြီးတော့ ဓမ္မာစရိယအဖွဲ့ဥက္ကဋ္ဌ ဗားကရာဆရာတော်ဘုရားထံကို သွားတယ်။ သီးခြားဓမ္မာစရိယအတွက် ဆရာတော်နဲ့ လျှို့ဝှက်စွာ လျှောက်ထားပြီးတော့ ရွေးချယ်ထားတယ်။ ပြီးတော့ ဓမ္မာစရိယအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကိုယ်တိုင် ကြပ်မတ်၍ သီးခြားဓမ္မာစရိယနှစ်ပါး၊ မူလဓမ္မာစရိယနှစ်ပါး အားလုံးလေးပါးတို့ဖြင့် ဝိနည်းပိဋကတ်မှ ဝိနည်း

http://www.dhammadownload.com



ငါးကျမ်းပုစ္ဆာကို ဆင်မြန်းပြီး ထုတ်စေပါတယ်။ အဲဒီမှာ ဘုန်းကြီးသည် ဝေယျာဝစ္စကပ္ပိယကာရက၊ ပုစ္ဆကဆရာတော်များက "ဦးဝိစိတ္တကြီး-ဘယ်စာအုပ်ကို လိုချင်တယ်ဆိုရင်" လို့ ဝှက်သော နေရာမှ နေ၍ ဘုရားကြီးတိုက်ကို ပြေးပြီးတော့ လိုတဲ့စာအုပ်ကို ဦးဝါယမိန်တို့နဲ့ တိုင်ပင်ပြီး ချက်ချင်း ယူပြီးကပ်။ အင်မတန် ပျော်စရာကောင်းပါတယ်။ ဆရာတော်ဘုရားတွေ ပုစ္ဆာထုတ်တာကို အစအဆုံးကြည့်တဲ့အခါ ပုစ္ဆာထုတ်တဲ့နေရာမှာ "ဟာ ... ဒီနှစ်တော့ အစပိုင်းပဲမေးမယ်၊ အလယ် ပိုင်းပဲမေးမယ်၊ အဆုံးပိုင်းကိုမေးမယ်"၊ အဲဒီလို မဟုတ်ဘူး။ ရှေ့ပိုင်း နောက်ပိုင်း ကျမ်းကြီးကျမ်းခိုင် နှစ်ပိုင်းခွဲပြီး ခြောက်ပုဒ်စာ၊ သုံးပုဒ်စာလောက်ကို အဲ ... ရှေ့ပိုင်းက တာဝန်ကျတဲ့ ဆရာတော်တွေက အစပိုင်းက၊ အလယ်ပိုင်းက၊ ကျန်တဲ့သုံးပုဒ်စာကို အဲ့ဒီရှေ့ပိုင်းတစ်ဝက်မှာ ကံဆိုးကံကောင်းဆိုပြီး မဲချတယ်။ မဲချပုံက စာအုပ်ဒီလိုပိတ်ပြီး လှပ်ပြီးတော့ အဲဒီကျတဲ့ စာမျက်နှာကို မေးပါတယ်။ အဲဒီလိုပဲ နောက်ပိုင်းက ဆရာတော်တွေ သူတို့ရဲ့ ဝေယျာဝစ္စကို ခဲတံချွန်ပေးသည်ကစပြီးတော့ အကုန်လုံး ဖြည့်လိုက်ပါတယ်။ အေး ... ပါဠိတော် အဋ္ဌကထာ ဋီကာ အကုန်စုံအောင် မေးတယ် ဆိုတဲ့ စာမေးပွဲရဲ့ အရည်အချင်းကို သိရတယ်။

အားလုံး ကိစ္စပြီးတဲ့အခါမှာ ရဟန်းဒကာကြီးနဲ့ ရဟန်းအမတို့ဟာ ဘုန်းကြီးတည်းခိုတဲ့ အောင် မြေသုခကျောင်းကို ရောက်လာတယ်။ "ဒကာကြီး ဒီနှစ်တော့ ဒကာကြီးမျက်နှာ ညှိုးဦးတော့ဗျား" လို့ ဝမ်းနည်းစရာကောင်းတာကို ပြောတယ်။ ဂဇက်ကြေညာတဲ့နေ့မှာ သုည ကြေညာရတယ်။ ရဟန်း ဒကာကြီးက သူ့လုံ့လ ဝီရိယ အားထုတ်မှုဟာ အကျိုးမဲ့ပြီး အချည်းနှီး ဖြစ်သွားတာမို့ တစ်ခါတည်း ညှိုးကျသွားတယ်။ အဲဒါကို အလယ်တောရဆရာတော် ဦးသူရိယက လက်တို့ပြီးတော့ "ဆရာတော် ...ဆရာတော်၊ ဆရာတော့် ရဟန်းဒကာကြီး ကြည့်စမ်း"တဲ့၊ အင်း ပြတယ်။ အဲဒါမြင်ကတည်းက ဘာပဲပြောပြော၊ ငါသည် တိပိဋကဓရ အဖြစ်တော့ တက်မှဖြစ်မယ်၊ နိုင်ငံတော်သမ္မတကြီးနဲ့တကွ နိုင်ငံတော်အစိုးရ အမှူးပြုသော ဗုဒ္ဓဘာသာ သူတော်စင်တို့၏ တိပိဋကဓရ ရှာပုံတော်လက်အုပ်ကို အေး ... ကြွေးတင်နေတဲ့ လက်အုပ်ကို ဆပ်မယ်ဆိုပြီးတော့ ကြိုးစားဖို့ တိပိဋကဓရစာမေးပွဲဝင်ဖို့ ဆုံးဖြတ်လိုက်တယ်။ ရဟန်းဒကာကြီးကိုလဲ ကျုပ် ဘာပဲဖြစ်ဖြစ် တိပိဋကဓရဖြစ်အောင် ကြိုးစား ပါ့မယ်လို့ ပြောလိုက်တယ်။ အဲဒီမှာ မိမိရဲ့ ကာယဗလ၊ ဉာဏဗလကို နှိုင်းယှဉ်ကြည့်တယ်၊ ကာယဗလ လက်မောင်းတန်းကြည့်လိုက်တော့ တစ်ဆုပ်ပဲရှိတယ်။ တိပိဋကဓရစာမေးပွဲ ကျက်ရမှာ က အများကြီး။ အင်း ...တစ်နေ့ကို နှုတ်မဆိတ်စာပြန်ရတာက လေးနာရီရှိတယ်၊ နားတဲ့အချိန်တွေ ကို နှုတ်လိုက်၊ အဲဒီတော့ မင်းလက်မောင်းတစ်ဆုပ်နဲ့ တိပိဋကဓရစာပြန်ပွဲ အောင်မြင်နိုင်ပါ့မလား လို့ ကိုယ့်ကိုကိုယ် မေးတယ်။

တိပိဋကဓရ စာပြန်ပွဲအလုပ်သည် ကာယဗလနဲ့ ဉာဏဗလနှစ်ပါးမှာ ဉာဏဗလအလုပ် ဖြစ်ပါ တယ်။ ကာယဗလအလုပ် မဟုတ်ပါဘူး။ အေး ... ဆန်အိတ်ထမ်းတဲ့ အလုပ်မဟုတ်ဘူး။ ကာယ ဗလ အားကိုးရမယ့်အလုပ် မဟုတ်ဘူး။ မင့်မှာ သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ်၊ သတိဗိုလ်၊ သမာဓိဗိုလ်၊

http://www.dhammadownload.com



ပညာဗိုလ်–ဗိုလ် ငါးပါး အပြည့်အဝရှိတယ်။ အဲဒီတော့ ဗိုလ်ငါးပါး=အားကြီးငါးရပ် အပြည့်အဝ ရှိနေတဲ့ပုဂ္ဂိုလ် ဘာကြောက်စရာ ရှိသလဲ၊ ဝင်သာဝင်ဆိုပြီးတော့ ဟောဒီဗိုလ်ကြီးငါးပါး၊ အားကြီးငါးခုကို အားကိုးပြီးတော့ တိပိဋကဓရ စာပြန်ပွဲဝင်ဖို့လို့ ၁၃၁၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁–ရက် နေ့ကစပြီးတော့ ဝိနည်းကို ကျက်ခဲ့တယ်။ ထို ၁၁ ခုနှစ်မှာ မဝင်ဖြစ်ပါဘူး။ ဘာဖြစ်လို့ မဝင်ဖြစ်သလဲဆိုတော့ စာမေးပွဲဖြေရမယ့် အချိန်မှာ စာသည် ပါရိဝါပါဠိတော်မှာ လေးပုံတစ်ပုံလောက် လိုသေးတယ်။ လိုတာသိလျက်နဲ့ သွားဝင်ရင် စားမေးပွဲကျမှာ စိုးရိမ်လို့ပဲ။

ဘုန်းကြီးက ဗြိတိသျှခေတ်မှာ အစိုးရပဌမကျော်၊ အစိုးရဓမ္မာစရိယ၊ သကျသီဟမှာ ဓမ္မာစရိယ ဝဋံသကာဆိုတဲ့ ထိပ်ဖျားက ဂုဏ်တွေယူထားပြီးတော့ တိပိဋကဓရစာမေးပွဲမှာ ဗုန်းခနဲ ထိပ်ဖျားက လိမ့်အကျမခံနိုင်ဘူး။ ဒါကြောင့် ပထမနှစ် မဝင်ပါဘူး။ ဒုတိယနှစ်က စပြီးဝင်ခဲ့တယ်။ ဝင်တဲ့နှစ်မှာလဲပဲ ဝိုင်–အမ်–ဘီ–အေက ဘုန်းကြီးတို့ ဒကာကြီး ဒကာရင်း ဦးထိန်ဝင်းက ပြောရှာတယ်။ "ဆရာတော်၊ ဆရာတော့် ခန္ဓာကိုယ်က သေးပါတယ်"။ အေး ...ဒါကြောင့်မို့လို့ သူက တောင်းပန်တယ်။ ဆရာတော်တို့လို ပုဂ္ဂိုလ်စားများဟာ အသက်ရှည်သင့်တယ်ဆိုပြီးတော့ သပြေကန်ဆရာတော်ကို သူက သက်သေထားပြီးတော့ ပြောတယ်။ တိပိဋကဓရ မဝင်ဖို့ရာ ပြောတယ်။ ပြောတဲ့အခါမှာ အောင်မြေသုခကျောင်းမှာ ပြောတယ်။ ဒီတော့ ဘုန်းကြီးက ပြောတယ်။ "ဒကာကြီး ဦးထိန်ဝင်း၊ စိတ်တော့မဆိုးနဲ့နော်၊ လုပ်ငန်းတစ်ခုဟာ အောင်မြင်အောင် နှလုံးသွင်းတဲ့အထိရှိတယ်။ အဲ–အောင်မြင်အောင် နှလုံးသွင်းတဲ့နည်းမှာ အခုဒီတိပိဋကဓရ စာမေးပွဲကျင်းပတယ်ဆိုတာ ဒကာတွေနဲ့ဆရာ ပြိုင်တာမဟုတ်ဘူး။ သို့သော် နှလုံးသွင်းက ဒီလိုလာရမယ် အရှင်ဘုရားတို့ဘက်က ဒီတိပိဋကဓရကိုယ်တော် ဖော်ပေးနိုင်ရင်ပေးပါ၊ ပေးရင် တပည့်တော်တို့ ဒကာတွေဘက်က ထိုက်တန်တဲ့ အပူဇော်ကို ပူဇော်မယ်။ အဲဒီလို ဆရာနဲ့ဒကာ ပြိုင်ရတာ။ တိပိဋကဓရကိုယ်တော်တစ်ပါးမှ ကျုပ်တို့သာသနာတော်က ထုတ်မပေးနိုင်ရင် ကျုပ်တို့က ရှုံးတာလို့၊ အင်း–ဒကာကြီးတို့က နိုင်တာလို့။ ပြီးတော့ ဒီမှာက သာသနာ့သူရဲကောင်းစိတ်မွေးတဲ့ ဘုန်းကြီးမို့ အခုလိုစိတ်ဓာတ်ကျအောင်လာပြီး ပြောတဲ့နေရာမှာ ဒကာနဲ့ဆရာ ဓမ္မာနုဂ္ဂဟ၊ ပစ္စယာနုဂ္ဂဟတိုက်ပွဲ ပြိုင်နွှဲတဲ့ပွဲမှာ ဒကာကြီးက အခုလိုပြောတာဟာလို့ တစ်ဘက်ကို စိတ်ဓာတ်ကျအောင် လာပြီးတော့ ပြောတာနဲ့ တူနေတယ်လို့၊ နောက် မပြောပါနဲ့ ဒကာကြီး"လို့။

အဲဒီလိုပဲ တောင်းပန်ပြောဆိုပြီး ကြိုးစားလို့ သာသနာတော်ရဲ့ တန်ခိုးအရ ဆဋ္ဌသံဂါယနာပွဲ အမီ တိပိဋကဓရ စာမေးပွဲကို အောင်မြင်ခဲ့ပါတယ်။ ဆိုကြပါစို့။ အဲဒီ တိပိဋကဓရဖြစ်ပြီးတဲ့နောက် ဘုန်းကြီးများ စာမေးပွဲရဲ့ အခြေအနေကို သုံးသပ်တယ်။

တစ်–ပထမငယ်၊ အကြင်စာသင်သားတစ်ဦးသည် ဒီနှစ် ပထမငယ် စာမေးပွဲ ဝင်ပြီးပြီ။ နောက်နှစ် ပထမငယ်အောင်ရင် ဆက်ပြီးတော့ကြိုးစား၊ ဒုတိယနှစ် ပထမလတ် အောင်နိုင်တယ်။ ပထမလတ် အောင်ပြီးသော စာသင်သားသည် ဒုတိယနှစ် ပထမလတ်အတွက် ယမိုက်ငါးကျမ်းဆိုနေ

http://www.dhammadownload.com



တုန်း နေ့ဝါဖြစ်တဲ့ အဘိဓာန်၊ အလင်္ကာ၊ ဆန်းကို ကျက်ထားရင် ပထမလတ်အောင်ပြီးတဲ့အခါမှာ ပထမကြီးကို ၁ နှစ်နဲ့ ဝင်နိုင်တယ်။ ပထမကြီးအောင်ပြီးသော စာသင်သားသည် ဓမ္မာစရိယကို ဝင်လိုက်လို့ရှိရင် တစ်ကျမ်းနှစ်ကျမ်း စသည် ခွဲနိုင်တယ်။ ကံကောင်းရင် ကျမ်းအပြည့်ခွဲနိုင်တယ်။

အေး ... ဓမ္မာစရိယ ပြီးတဲ့နောက် တိပိဋကဓရ စာမေးပွဲဆိုတော့ ဓမ္မာစရိယအောင်ပြီးသော စာသင်သားကြီးများသည် တိပိဋကဓရစာမေးပွဲကို ဝင်ဖို့ရာ အထက်မှာ ရှိလေရဲ့။ အဲဒီရှိနေတဲ့ တိပိဋကဓရ စာမေးပွဲ ဝင်ဖို့ရာကလဲပဲ တိပိဋကဓရ ပထမစည်းမျဉ်းသည် ပထမဆုံးနှစ် ဝိနည်းငါးကျမ်းကို ပြန်ရမယ်။ မပြန်ရင် မဝင်ရ။ စည်းမျဉ်းက သိပ်ကြပ်ပါတယ်။ အဲဒီ စည်းမျဉ်းဟာ မသိမသာကလေး နောက်ပိုင်းမှာ ပျောက်သွားလို့ ဒီဃနိကာယ်သုတ်သုံးကျမ်းစာက စပြီးတော့ ဝင်ခွင့်ရတယ်။ အကယ်၍သာ ဝိနည်းက စပြန်ရမယ်ဆိုတဲ့ စည်းမျဉ်း မသိမသာ မပျောက်လို့ရှိရင် **ဒီတိပိဋကဓရ စာမေးပွဲဝင်မယ့်ပုဂ္ဂိုလ် အဆက်ပြတ်သွားနိုင်ပါတယ်။**

အေး ... ဘုန်းကြီးတို့ အခုပြောတဲ့စကားကို ဒကာများအနေနဲ့တော့ နားမလည်နိုင်ပါဘူး။ သီတင်းသုံးဖော် သံဃာတော်များအနေနဲ့တော့ ကောင်းကောင်းနားလည်ပါတယ်။ တိပိဋကဓရမှာ အခုဟာက ဒီဃနိကာယ်ကစပြီးတော့ ဝင်နိုင်လို့ အဆက်မပြတ် စာဖြေကိုယ်တော်တွေ ပေါ်ပေါက်နေလို့ သာသနာတော်ဟာ မျက်နှာမငယ်ရပါဘူး။ ဒကာ ဒကာမဘက်ကလဲပဲ ပစ္စယာနုဂ္ဂဟအတွက် မျက်နှာမငယ်ရဘူး။ ဆရာဒကာ ဒီလို သွားနေကြတဲ့အထဲမှာ ဓမ္မာစရိယကနေပြီး တိပိဋကဓရကို ဆက်ပြီးတော့ သွားနိုင်ဖို့ မလွယ်ဘူး။ ဒီကြားထဲမှာ တံတားတစ်ခု ပေါ်လာရင် ကောင်းမယ်လို့ စိတ်ထဲမှာ ဖြစ်မိတယ်။ အဲဒီလို ဆန္ဒရှိတဲ့အတိုင်း ကျေးဇူးရှင် မစိုးရိမ်ဆရာတော်ဘုရားကြီးအား 'ဆရာတော်–တံတားစာမေးပွဲတစ်ခု ဆရာတော်လုပ်ရင် ဖြစ်ပါမယ်၊ နိကာယ်စာမေးပွဲ တစ်ကျမ်း–တစ်ကျမ်း–တစ်ကျမ်း–နှစ်ကျမ်းစသည် ဖြေနိုင်တဲ့စာမေးပွဲ လုပ်ပေးပါဘုရား'ဆိုတော့ ကျေးဇူးရှင် မစိုးရိမ်ဆရာတော်က 'အေး–ဟုတ်တယ်၊ ပါဠိတော်ရောက်မှ စာသင်သားသည် တရားနဲ့ ကောင်းကောင်းတွေ့ရတယ်ကွ'တဲ့ ဆိုပြီးတော့ မစိုးရိမ်ဆရာတော်သည် မန္တလေးမြို့ရှိ ပရိယတ္တိသာသနာဟိတ အသင်းအား တာဝန်လွှဲအပ်ပြီးတော့ နိကာယ်စာမေးပွဲ ပြုလုပ်ပေးခဲ့ပါတယ်။ မန္တလေးမြို့မှာ နိကာယ်စာမေးပွဲ ပြုလုပ်လို့ အသားကျပြီးတဲ့အခါမှာ ရန်ကုန်သို့ ဆင်းလာပြီး ရန်ကုန်မြို့မှာ နိကာယ်သာသနာတော် ထွန်းကားရေးအသင်း ဖွဲ့ပေးတယ်။ နိကာယ်စာမေးပွဲလဲ ကျင်းပပေးပါတယ်။ ဒါဟာ မစိုးရိမ်ဆရာတော်ဘုရားကြီးအား ဘုန်းကြီးများ တောင်းပန်ချက်ပါပါတယ်။ တံတားစာမေးပွဲပေါ့၊ အေး–ဒီဃနိကာယ် ပထမအုပ် ၁ နှစ်ကျက်လျှင်ရ၏။ ဒုတိယအုပ် ၁–နှစ်ကျက်လျှင် ရ၏။ တတိယအုပ် ၁–နှစ်ကျက်လျှင်ရ၏။ သုံးနှစ်ကျက်လို့ ဒီဃနိကာယ် သုံးကျမ်းရတယ်ဆိုတဲ့ ဒီဃဘာဏက စာသင်သားဟာ တိပိဋကဓရ စာမေးပွဲမှာ ဒီဃဘာဏက တန်းကို တန်းပြီးတော့ ဝင်လိုက်ရုံပဲ။

http://www.dhammadownload.com



အဲဒီလို ဆရာတပည့် တိုင်ပင်ပြီးတော့ နိကာယ်စာမေးပွဲကို ရှက်ဆောင်ခြင်း လုပ်ကိုင်ခြင်း ဖြစ်ပါတယ်။ ဆိုကြပါစို့၊ ဤနည်းအရ သာသနာမှာ ဆရာနဲ့ဒကာ တစ်ခါတည်း ပထမငယ်၊ ပထမလတ်၊ ပထမကြီး၊ ဓမ္မာစရိယ၊ နိကာယ၊ တိပိဋကဓရအထိ ဒီလိုအဆင့်ဆင့် ဆင့်ကဲဆင့်ကဲ သွားလျှင်ရပြီ။ တာဝန်သိတဲ့ ပုဂ္ဂိုလ်မှာ တာဝန်ရှိတယ်ဆိုတာ အဲဒီလို တာဝန်သိတော့ တာဝန်ရှိတယ်။ ဒါဟာ တာဝန်ဆောင်ရွက်လျှင် ဆောင်ရွက်ရင်း သိတဲ့အတွက် တာဝန်ဟာ တက်လာတယ်။ နိကာယ်ဆိုတဲ့ စာက တကယ်မကျက်ရင် ဘယ်လိုနည်းနဲ့မှ ဝင်လို့မဖြစ်ဘူး။ အင်း-မရဘဲနဲ့သာဆိုရင် ဟောဒီတိပိဋကဓရ စာမေးပွဲဟာ သာပြီး ကြောက်စရာ ကောင်းပါတယ်။ ပလ္လင်ပေါ် ထီးဖြူတော်ကြီးအောက်မှာ ငုတ်တုတ် အရှက်ကွဲရမယ်။ အဲဒီတော့ ညီတော်သာသနာ့အာဇာနည် အလောင်းလျာလေးတွေဟာ စာကျက်ဖို့ အရေးကြီးတယ်။ နိကာယ်စာမေးပွဲ အောင်လာတယ်၊ တိပိဋကဓရစာမေးပွဲ အောင်လာတယ်ဆိုရင်တော့ ဒကာ ဒကာမများကရော၊ အေး-နိုင်ငံတော်အစိုးရကပါ အားလုံးက ချီးမြှောက်ပါတယ်၊ ပူဇော်ပွဲကိုး။ ဒါက တစ်ရက်ဆိုတော့ တစ်ရက် အလုပ်ပျက်ခံနိုင်တယ်။ သို့သော် ...

အဲဒီ ကိုယ်တော်လေးတွေ နေ့စဉ်နေ့စဉ် စာကျက်ချိန် ပိုရအောင် ချီးမြှောက်ဖို့ကျတော့ နေ့စဉ် တာဝန်ယူဖို့ မလွယ်တဲ့အတွက် တာဝန်ယူမယ့်အသင်းအဖွဲ့ မရှိခဲ့ပါဘူး။ ဘာပြောပြော ပထမငယ်မှ ပထမလတ်သို့၊ ပထမလတ်မှ ပထမကြီးသို့၊ ပထမကြီးမှ ဓမ္မာစရိယသို့ တက်၍ ဓမ္မာစရိယမှ နိကာယ် တိပိဋကဓရသို့အထိ ချီတက်တဲ့ သာသနာ့အာဇာနည် သိန္ဓောမြင်းအလျာဖြစ်တဲ့ အရှင်မြတ်တွေ ဆွမ်းကိစ္စ၊ နေရာကိစ္စအားလုံး သပ္ပာယ အကုန်မှုပြီးတော့ နိကာယဘာဏကဖြစ်အောင် ဝိနယဓရ အာဘိဓမ္မိက ဒီဃဘာဏက ဖြစ်နိုင်အောင် တစ်နေ့တစ်နေ့ စာကျက်ချိန် သုံးနာရီ ရအောင် ငါတို့ ဆောင်ရွက်ပေးရမယ်။ ငါတို့ရဲ့ ကိုယ်တော်ကလေးတွေကို တိပိဋက နိကာယ အလျာလေးတွေ၊ တိပိဋကဓရ ဖြစ်ဖို့ အင်မတန် နီးကပ်တယ်။ နိကာယဘာဏကဖြစ်ဖို့ အင်မတန် သေချာတယ်ဆိုပြီးတော့ မိမိအား နိုင်ငံတော်အစိုးရက ထောက်ပံ့လှူဒါန်းတဲ့ ဆွမ်းဆန်တော်ရတာကို တိပိဋကနိကာယ် သာသနာတော်အား တိပိဋကနိကာယ်ငါးတန် ပိဋကသာသနာတော်အား ၂၅ နှစ်မြောက် ရောက်သောနေ့တွင် အေး-မင်းကွန်းမှာရှိတဲ့ မိုးမိတ်စေတီတော်မြတ် ဂေါပကအဖွဲ့ တိပိဋက=နိကာယ သာသနာပြု အဖွဲ့ခွဲတစ်ခု ဖွဲ့ပြီးတော့ ဒကာကြီးတို့က တိပိဋကစာသင်သား နိကာယ်စာသင်သားလေးများ ဆွမ်းမခံရဘဲနဲ့ ဝိဝေကအရပ်ကို ကျောင်းကောင်းရပြီးတော့ စာများများ ကျက်နိုင်အောင် ကပ္ပိယကာရက တာဝန်ရှိတယ်။ တာဝန်ရှိလို့ တာဝန်ဆောင်ရွက်ရင် ဆောင်ရွက်ရင်း သိတဲ့ပုဂ္ဂိုလ်ဟာ တာဝန်တက်တယ်။ မသိတဲ့ပုဂ္ဂိုလ်တွေကတော့ ဘာမှတာဝန်မရှိဘူး။ ဒီကိုယ်တော်ကလေးတွေ စာအံ့ရတယ်၊ အင်း-ကိုယ်တော်ကလေးတွေ စာအံရမယ်၊ စာကျက်ရမယ်၊ ဆွမ်းကျွေးမယ်ဘုရား၊ နေရာကောင်းကောင်းပေးမယ် ဘုရားလို့ ဒါမပြီးသေးဘူး။ စာက အလွန်ရင်ပူအောင် အံကြရတာ။ ပြီးတော့ ကိုယ်တော်ကလေးတွေ အဖျော်ယမကာ လိုမယ်။ စာပြန်ပြီးတဲ့

http://www.dhammadownload.com



အခါမှာ လေထနေလို့ မကျိန်းနိုင်ဘူးဖြစ်မယ်။

အေး–လေငြိမ်အောင် စတုမဓုရဆေး လိုအပ်တယ်။ ကြေညာတာကတော့ ဘုန်းကြီးများ ဆွမ်းနဲ့ နေရာကျောင်းပဲ တာဝန်ယူကြေညာပါတယ်။ သို့သော် ထိုအရှင်မြတ်တွေသည် သာသနာမှာ အာဇာနည်အလောင်းတွေ၊ အာဇာနည်မြင်းကောင်း၊ သိန္ဓောအလျာတွေ၊ သိန္ဓောအလျာတွေကို သိန္ဓောရဲ့ အဆောင်အယောင်ပေးပြီး မွေးမြူရင် သိန္ဓောအလုပ် အောင်အောင်မြင်မြင် လုပ်မယ်ဆို တာကို မမိုတ်မသုန် ယုံကြည်တဲ့အတွက် ကြေညာတာဟာ ဆွမ်းနဲ့ကျောင်း ဖြစ်သော်လည်းပဲ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါး အကုန်လုံး အရှင်မြတ်တွေ လိုအပ်သလို ပြုစုမယ်၊ ဘာပဲပြောပြော တို့လှူသုံးမယ်ပေါ့။ အဲသလို ဆုံးဖြတ်ပြီးတော့ ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ပညာ အဓိပတိလေးပါး ဦးထားပြီးတော့ ရှက်ဆောင်တဲ့အတွက် ခုနက စာရွက်ဖတ်တာက ကဆုန်လဆန်း ၇ ရက်နေ့က ၈ ပါးဟာ အဲ–ကဆုန်လဆန်း ၇ ရက်နေ့ကစပြီးတော့ အာဇာနည်သိန္ဓောမြင်းကလေး ၈ စီးပေါ့။ မင်းကွန်းတောင်ရိုးမှာရှိတဲ့ မိုးမိတ်စေတီတော်မြတ်ဘုရားများရဲ့ကုန်းမှာ တိပိဋက နိကာယကျောင်းတိုက်ရောက်၍ တိပိဋကနိကာယကို နေ့ညမစဲ စာအံ၊ စာပြန်၊ စာအံပွဲ၊ စာပြန်ပွဲ၊ စာကျက်ပွဲ ဆင်နွှဲနေလို့ နိကာယ်ငါးတန် သာသနာရောင်ဝါ နေသို့လင်းခဲ့ပြီဆိုသော ကြေညာချက် ဖြင့် ဒကာ ဒကာမများကို အားတင်းစေခဲ့ပါတယ်။

ဘုန်းကြီး မနေ့က ရောက်တယ်၊ သည့်ပြင် ဘာမှမပြောနိုင်ဘူး။ တိုက်အုပ်ဘုန်းကြီးကို ဦးပဥ္စင်း –တပည့်တော်တို့ အဲဒီကို စာသင်သား ဘယ်နှစ်ပါး ရောက်ပြီလဲ။ ၁၆ ပါးရှိတယ်။ ဒီရန်ကုန်က ဆရာကြီးဦးသာလှက ပြောတယ်၊ ၂ ပါး၊ တပည့်တော် လက်မှတ်ထိုး လွှတ်လိုက်တယ်ဆိုတော့ အခုအကုန်လုံး တိုက်ကြပ်ဆရာတော်များနဲ့ ပြန်စိမ်ခဲ့တယ်။ ၁၈ ပါးရှိတယ်ဆိုကြပါစို့။ ၈ ပါး မကဘူး။ ၁၈ ပါးဆိုတဲ့ သာသနာ့အာဇာနည်တွေကို သာသနာတော်မှာ သိန္ဓောမြင်း ကလေးတွေ၊ သိန္ဓောရဲ့အဆောင်အယာင်ပေးပြီးတော့ ဘုန်းကြီးများ သိန္ဓောမှန်းသိပြီးတော့ မွေးမြူဖို့စိတ်ဟာ အမြဲအဓိပတိနဲ့ သန်နေပါတယ်။ သန်တဲ့အတိုင်းလဲပဲ ဒိဋ္ဌဓမ္မဝေဒနီယအနေနဲ့ တိပိဋကငွေရတု ပူဇော်ပွဲသဘင် ဆင်ယင်ကျင်းပတယ်ဆိုတာ အတိအလင်းပဲ ကြေညာပါတော့မယ် ဒကာ ဒကာမ အပေါင်း သူတော်ကောင်းတို့။

တိပိဋကရေ ၂၅ နှစ်မြောက် ဒီရန်ကုန်မြို့မှာရှိတဲ့ ဒကာ–ဒကာမများ စုပေါင်းကျင်းပ ပြုလုပ်အပ်ကြသော ငွေရတုပူဇော်ပွဲသဘင်က ဘုန်းကြီး၏ သာသနာမှု နဝကမ္မအတွက် လှူဒါန်းအပ်သမျှသော အနာမာသများကို ဒကာ–ဒကာမများက လှူပြီးတဲ့အချိန်မှာ ပိဋကတ်သုံးသွယ် နိကာယ်သာသနာ တော်အား လှူပါ့မယ်။ အေး–နိကာယ်စာသင်သား၊ တိပိဋကစာသင်သားဆိုတဲ့ သာသနာ့အာဇာနည် သိန္ဓောမြင်းကလေးတွေ ပစ္စည်းလေးပါး မငြိုမငြင် ချမ်းချမ်းသာသာနဲ့ အဆောင်အယောင် ပေးပြီး တော့ မွေးပါ့မယ်ဆိုတာ အတိအလင်း ကြေညာပါတယ်။

http://www.dhammadownload.com



ဒါသည် ဒကာ–ဒကာမတွေရော၊ ဆရာတော်တွေပါ တောင်းပန်ပြီးတော့ လိုအပ်ချက်ကို တင်ပြလျှောက်ထားခြင်း၊ ပြောကြားခြင်း ဖြစ်ပါတယ်။ ပြောဆိုချင်တဲ့ ဆောင်ပုဒ်ကတော့ 'တာဝန်သိလျှင် တာဝန်ရှိတယ်၊ တာဝန်သိလို့ တာဝန်ဆောင်ရွက်တဲ့ ပုဂ္ဂိုလ်မှာ တာဝန်တက်တယ်'။ ဒီကိုယ်တော်ကလေးတွေဟာ သာသနာ့အာဇာနည် အလျာလေးတွေလို့ သိလာတဲ့အတွက် သူတို့အဖို့ တာဝန်ရှိလာတယ်။ တာဝန်ရှိလို့ တာဝန်သိပြီး ဆောင်ရွက်တဲ့အတွက် ဒီကိုယ်တော်လေးတွေ စာအံရလိမ့်မယ်။ မိမိကိုယ်တိုင်လဲပဲ တိပိဋကဓရ အားထုတ်စဉ်က ပုံရိုင်းရိုင်း တာပတ်ကွင်းကိုပြေးမယ့်မြင်းဟာ ဒီစံချိန်ထက်ပိုပြီး လေ့ကျက်ထားတယ်။ ဟော ... ၆ နာရီ တစ်နေ့လုံး စာပြန်ချိန်၊ အင်း ...နေ့လည် ၂ နာရီလောက်ကျတော့ ရင်ထဲပူလာတယ်။ ဖျော်ရည်တစ်ခွက်လောက် သောက်ရတယ်။ ညနေ ၄ နာရီလောက်ကျရင် တစ်ခါစတုမဓု စားရတယ်။ ဒါမှဆက်ပြီးတော့ ညမှာပြန်နိုင်တယ်။ အဲဒီတော့ ကိုယ်ချင်းလဲစာတယ်။ ငါ ဒီဆိတ်ငြိမ်ရာအရပ်မှာ စာကျက်လို့လဲ ကောင်းကောင်းရတယ်။ ဒီလို အဖျော်ယမကာ စတုမဓုများ မှီဝဲရလို့ ဝေဒနာမစွဲဘဲ တိပိဋကဓရ ဖြစ်ရတယ်။ ဒီတော့ ငါ့ညီလေးတွေ ဒီအတိုင်း ဖြစ်ကြပါစေ ဆိုပြီးတော့ ဘုန်းကြီးများ အဲဒီ တိပိဋကဓရ အလျောက်၊ နိကာယဘာဏကအလျောက် တိပိဋကဓရနိကာယ် စာသင်သား သာသနာ့ သိန္ဓောမြင်းကလေးများကို ဘုန်းကြီးတို့ နံနက်မှာဆိုရင် ဆွမ်းနှစ်ထပ် ပြည့်ပြည့်စုံစုံ ဆက်ကပ်၍ နေ့လယ် ညနေ အဖျော်ယမကာနှင့်တကွ စတုမဓု ဘုရားပေးတဲ့ဆေးများကိုပါ အပြည့်အစုံဆက်ကပ်ပြီး ပြုစုနိုင်ရန်အတွက် တိပိဋကပူဇာဖြစ်အောင် ဓမ္မပူဇာနဝကမ္မ ဘုန်းကြီး၏ နဝကမ္မ သာသနာမှု နဂကမ္မအတွက် လှူဒါန်းကြမည့် တိပိဋကဓရ ဓမ္မပူဇာအရပ်ရပ် နိကာယ်ငါးရပ် ပိဋက သာသနာတော်အား ဒကာ ဒကာမများက လှူဒါန်းပြီးတဲ့အချိန်မှာ ရေစက်ချခြင်းပဲ။ ခေတ္တရပ်ပြီးတော့ လျှပ်ပါ့မယ်။ ဒုတိယအကြိမ် ထပ်ပြီးပြောမယ်။ ဘုန်းကြီးကို အနုမောဒနာတရား ထပ်ပြီး ဟောဖို့ ပြောတယ်။ ဒီကိုယ်တော်က နည်းနည်းရှည်တတ်တယ်။ အဲဒီတော့ ရှည်ရှည်ပြောရင် ပရိသတ်က နည်းနည်းပင်ပန်းလာတဲ့အပိုင်းတွေ၊ ဒီကိုယ်တော့အပေါ် ခေါင်းပေါ်မှာ အားလုံးတာဝန်ကျတယ်။ ဒီတော့ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့ ...။ ဆောင်ပုဒ်ကလေးတစ်ခု ဆောင်ထားပါ။

(၁) မမေ့မလျော့ကြပါနဲ့။

(၂) တို့မှာ သေခြင်းတရားနဲ့ အချိန်းအချက်မရှိဘူး။

(၃) ဒီတော့ မိမိလုပ်ဆောင်ရမယ့် ဓမ္မကိစ္စများ အဓိက၊ လောကကိစ္စကတော့ မဆောင်ရွက်ရင် မဖြစ်လို့ ထည့်ချင်လဲထည့်။ အေး ... ဒီတော့ မိမိတို့ ဆောင်ရွက်ရမယ့် ဓမ္မကိစ္စများကို နေ့ရက်တွေ ဆွဲမထားပါနဲ့၊ ခုကပဲ ကြိုးစားအားထုတ်ကြပါ။

ဒါ–အခု ဘုန်းကြီးပြောမယ့် တရားရဲ့ ဆောင်ပုဒ်ပါ။ မမေ့မလျော့ကြပါနဲ့။ တို့မှာသေခြင်းတရားနဲ့ အချိန်းအချက် မရှိဘူး။ ဒီတော့ တို့ဆောင်ရွက်ရမယ့် သာသနာ့မှု ဓမ္မကိစ္စကို မြန်မြန်

http://www.dhammadownload.com



အောင်မြင်အောင် ဆောင်ရွက်ပါဆိုတဲ့ သံဝေဂ စကားသုံးခွန်းကို အခု တိပိဋကရေ ငွေရတုပူဇော်ပွဲ သဘင် ဆင်ယင်ကျင်းပတဲ့ ဒကာ-ဒကာမများအား တရားလက်ဆောင်အဖြစ် ပေးပါရစေ။

ဤတွင် မမေ့မလျော့နဲ့ဆိုသော စကားသည်။

ပမာဒံ ဘယတော ဒိသွာ၊

အပ္ပမာဒဉ္စ ခေမတော။

ဘာဝေထ ဋ္ဌင်္ဂိကံ မဂ္ဂံ၊

ဧတံ ဗုဒ္ဓါနုသာသနီ။ ။

ဆိုတဲ့ စရိယာပိဋက ပါဠိတော်က လာတဲ့ ဘုရားအဆုံးအမကို ရှိုပြီးတော့ ပြောခြင်းဖြစ်ပါတယ်။ မမေ့မလျော့ကြပါနဲ့ ဆိုတဲ့စကားဟာ ....

ပမာဒံ ဘယတော ဒိသွာ၊

အပ္ပမာဒဉ္စ ခေမတော။

ဘိက္ခဝေါ=ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့။ ပမာဒံ=မေ့လျော့ခြင်းကို။ ပမာဒံ=အာရုံငါးပါး လိုက်စားမေ့လျော့ခြင်းကို။ ဘယတော=ကြောက်ဖွယ်မအေး ဘေးအနေအားဖြင့်။ ဒိသွာ=ပဿထ=မြင်အောင်ရှုကြကုန်လော့။ ဒိသွာ=မြင်ကြပြီးလျှင်။ အပ္ပမာဒဉ္စ=ကုသိုလ်ဆယ်ခု မြတ်ကောင်းမှု၌ ဂရုတစိုက် ကြိုးလုံ့လ၍ အပ္ပမာဒ တရားတို့ကိုကား။ ခေမတော=ဘာဝိတဖွ မှန်ပြေးတို့တတွေ ပွားရမယ့် ဘေးမဲ့တရား အနေအားဖြင့်။ ဒိသွာ=ပဿထ=မြင်အောင်ရှုကြပါကုန်လော့။ ဒိသွာ=မြင်ပြီးလျှင်။ အဋ္ဌင်္ဂိကံမဂ္ဂံ=သမ္မာဒိဋ္ဌိအစရှိသော မဂ္ဂင်ရှစ်ပါး ထိုတရားကို။ ဘာဝေထ=ပွားများကြကုန်။ ဧတံ=ဤသည်ကား။ (ဗုဒ္ဓါနံ=အဆူဆူသော ဘုရားရှင်တို့၏။) ဗုဒ္ဓါနုသာသနီ= အဆူဆူသော ဘုရားရှင်တို့ရဲ့ အဆုံးအမ ဩဝါဒပါတည်း။

အပ္ပမာဒဝါဒသည် ဘုရားတိုင်း ဘုရားတိုင်း ဆုံးမသည့် ဩဝါဒ၊ တစ်နည်းအားဖြင့် ပြောရလျှင် အပ္ပမာဒတရားခေါ်သော တရားသည် ဆင်ခြေရာနှင့် တူတယ်။ အားလုံးခြေရာတွေသည် ဆင်ခြင်ရာထဲမှာ အကုန်ရောက်တယ်။ အကုန်ဝင်ရတယ်။ ထို့အတူ အပ္ပမာဒဆိုသော ကောင်းမှုကုသိုလ်တရားထဲမှာ ဒါနကောင်းမှု၊ သီလကောင်းမှု၊ ဘာဝနာကောင်းမှုဆိုတဲ့ တရားတွေ အကုန်ဝင်လာတယ်။ ဒါကြောင့် အပ္ပမာဒတရားကို ဆင်ခြေရာနဲ့တူတဲ့ အကြီးဆုံးတရား အရေးကြီးဆုံးတရားဖြစ်လို့ 'အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ' ဟူသော နောက်ဆုံးသာသနာကြီးကို အကွပ်ကွပ်ပေးတဲ့ စကားဖြစ်တယ်။ အေး-အဲဒါကြောင့် မမေ့မလျော့ကြပါနဲ့ ဒီစကားကို ပြောတယ်။

(၂) တို့တတွေမှာ သေခြင်းတရားနဲ့ အချိန်းအချက်မရှိဘူးဆိုတာ ဒုတိယ ဩဝါဒ စကားကလဲပဲ ဘဒ္ဒေကရတ္တသုတ် -

http://www.dhammadownload.com



အဇ္ဇေဝ ကိစ္စမာတပ္ပံ၊
ကော ဇညာ မရဏံ သုဝေ။
န ဟိ နော သင်္ဂရံ တေန၊
မဟာသေနေန မစ္စုနာ။ ။

ဆိုသော ဒေသနာတော်အရ -

အဇ္ဇေဝ=နက်ဖြန်သဘက် ဖိန်းနွဲ့ဆက်၍ ရက်မဆိုင်းသော ယနေ့မှာပင်လျှင်။ အာတပ္ပံ=ကုသိုလ်ဆယ်ခု မြတ်ကောင်းမှု၌ ဂရုကတ ကြိုးလုံ့လမှုကို။ ကိစ္စံ=ပြုအပ်၏။ သုဝေ မရဏံ=နက်ဖြန်သဘက် သေမယ့်ရက်ကို ဆက်ဆက်ဧကန် သေလိမ့်မှန်ဟု။ ကော ဇညာ=မည်သူ တစ်ဦးတစ်ယောက် ဉာဏ်ထွင်းဖောက်၍ အသိဉာဏ် ပေါက်နိုင်အံ့နည်း။ န ဇညာဝေ=ဘယ်လိုနည်းနဲ့မှ မသိနိုင်သည်သာ။ ဟိ=မှန်၏။ နော=ငါတို့အဖို့။ မဟာသေနေန=ဇဝ ဇြာ များလှသော စစ်သည်ဗိုလ်ပါရှိသော။ တေနမစ္စုနာ=ထိုသေခြင်းဆိုသော တရားနှင့်။ သင်္ဂရံ=အချိန်းအချက်သည်။ နတ္ထိ=တစိုးတစိ မရှိဘူး ... ဆိုတဲ့ ဘဒ္ဒေကရတ္တသုတ်ကလာသော ဤတရားဂါထာသည် ခြုံပြီးတော့ ပြောခြင်း ဖြစ်ပါတယ်။

သို့သော် သေခြင်းတရားနဲ့ အချိန်းအချက် မရှိဘူး။ ဒါ-ဒုတိယစာပိုဒ်။ ဒီတော့ တို့ဆိုင်ရာ ကိစ္စ မြန်မြန်ပြီးအောင် ကြိုးစားကြဆိုတာက အဇ္ဇေဝ ကိစ္စမာတပ္ပံနဲ့လဲ ကိုက်ပါတယ်။ သည့်ထက် ပိုပြီးတော့၊ ဉာဏ်ဖြန့်ပြီးတော့ ကြည့်မယ်ဆိုရင် -

ဥဒယဗ္ဗယသင်္ခါရေ၊
နိဗ္ဗိန္ဒိတွာန ပဏ္ဍိတော၊
သကိစ္စမနုယုဉ္ဇေယျ၊
မောဃံ ကာလံ န ခေပယေ။ ။

ဆိုသော ဓမ္မပဒဩဝါဒ ဒေသနာနဲ့လဲ ကိုက်ပါတယ်။

ဥဒယဗ္ဗယသင်္ခါရေ=ဖြစ်လျှင်ပျက်ရ သင်္ခါရတရားတို့ကို။ နိဗ္ဗိန္ဒိတွာန=နိဗ္ဗိန္ဒဉာဏ်ရင့်သန်အောင် ကြိုးကုတ်အားထုတ်၍။ ပဏ္ဍိတော=ပညာရှိသည်။ သကိစ္စံ=မိမိ၏ကိစ္စကို။ အနုယုဉ္ဇေယျ=လုံ့လကြိုးကုတ် အားထုတ်ရာ၏။ မောဃံကာလံ=စားကာ သောက်ကာ ပျော်ရွှင်ကာနှင့် လိုရာမပြီး အချည်းနှီးသော ကာလကို။ န ခေပယေ=န ခေပေယျ=မကုန်မခန်း မကျွမ်းစေရာဟူသော ဩဝါဒ လိုရင်းအချုပ်အနေနဲ့ အင်း-သကိစ္စမနုယုဉ္ဇေယျ၊ ဒါကိုကြည့်ပြီးတော့ ပြောခြင်းဖြစ်ပါတယ်။ ဒါကြောင့် အခု တိပိဋကဓရ ပူဇော်ပွဲမှာ တိပိဋကဓရ ကိုယ်တော်က တို့ကိုပေးလိုက်တဲ့ ဩဝါဒတွေ သုံးခုရှိတယ်။

http://www.dhammadownload.com



(၁) မမေ့မလျော့ကြပါနဲ့ သူတော်ကောင်းတို့။

(၂) တို့မှာ သေခြင်းတရားနဲ့ အချိန်းအချက်မရှိဘူး။

(၃) ဒီတော့ မိမိတို့ ရည်သန်ထားတဲ့ ဓမ္မကိစ္စများကို မြန်မြန်ကြိုးကုတ် အားထုတ်ပါလို့ ဆောင်ပုဒ်သုံးခုပေးပါတယ်။ ထိုသုံးခုသော ဆောင်ပုဒ်ကို စာပေသမိုင်းတင်လိုက်တဲ့အခါ ဟောဒီလို ဂါထာဖြစ်လာတယ်။

အပ္ပမတ္တာ သဒါ ဟောထ၊
ဥ တွာ သန်္တါရဓမ္မတံ၊
သကိစ္စမနုယုဥ္ဇေထ၊
နတ္ထိ နော မစ္စု သင်္ဂရံ။

ဤဂါထာနဲ့ ဘုန်းကြီးရဲ့ အနုမောဒနာ ဩဝါဒကထာ နိဂုံးချုပ်ရအောင် ပြီးတော့ ရေစက်ချရအောင်၊ အေး ... ရေစက်ချရင် ဒကာကြီးတို့ တာဝန်အတိုင်း –

အပ္ပမတ္တာ သဒါ ဟောထ၊
ဥ တွာ သန်္တါရဓမ္မတံ၊
သကိစ္စမနုယုဥ္ဇေထ၊
နတ္ထိ နော မစ္စု သင်္ဂရံ။

သာဓဝေါ=ကိုယ်ကျိုး သူ့ကျိုး ဤနှစ်မျိုးကို ပြည့်ဖြိုးလေအောင် ရွက်ဆောင်ဘိတောင်း သူတော်ကောင်းတို့။ သန်္တါရဓမ္မတံ=ကိုယ်ကဤပုံ ဖြစ်လိုတုံလည်း တဖုံဆင်ကွဲ သူတနဲ့ဖြင့် ဖောက်လွဲတတ်စွာ ရုပ်နာမ်ဓမ္မ သန်္တါရတို့၏ ဓမ္မတာကို။ ဥ တွာ=ဇာနာထ=ယခုပင်လျှင် မအိုခင်က၊ ယခုပင်လျှင် မနာခင်က၊ ယခုပင်လျှင် မသေခင်က၊ ကြိုတင်ကာကြိုးကုတ် သိမြင်အောင် အားထုတ်ကြပါကုန်လော့။ ဥ တွာ=သိမြင်အောင် ကြိုးကုတ်အားထုတ်ကြပြီးလျှင် ရုပ်နာမ်ဓမ္မ သန်္တါရတို့ရဲ့ သဘောကို မအိုခင်က၊ မနာခင်က၊ မသေခင်က၊ အခုကသိအောင်လုပ်၊ အိုမှ၊ နာမှ၊ သေမှဆိုတာ ဘာမျှ မလုပ်နိုင်ဘူး။ ဥ တွာဇာနာထ=ယခုပင်လျှင် မအိုခင်က၊ ယခုပင်လျှင် မနာခင်က၊ ယခုပင်လျှင် မသေခင်က ကြိုတင်ကာ ကြိုးကုတ်သိမြင်အောင် အားထုတ်ကြပါကုန်လော့။ ဥ တွာ=သိမြင်အောင် ကြိုးကုတ်အားထုတ်ကြပြီးလျှင်။ သဒါ=နေ့နေ့ညည ခပ်သိမ်းသောကာလ၌။ အပ္ပမတ္တာ=အပ္ပမာဒတရား လက်ကိုင်ထားကြကုန်သည်။ အပ္ပမတ္တာ=ကုသိုလ်ဆယ်ခု မြတ်ကောင်းမှု၌ ဂရုကတ ကြိုးလုံ့လ၍ အပ္ပမာဒတရား လက်ကိုင်ထားကြကုန်သည်။

အပ္ပမတ္တာ =

မမျှော်လင့်ဘဲ ဖြုန်းကနဲ ရောက်စွဲနာဗျာခိ။

မည်သူမဆို ဘယ်နေ့ ဘယ်အနာရမယ် မရှိဘူး။ ဖြုန်းကနဲ ဖြုန်းကနဲ ရောက်မယ်။

http://www.dhammadownload.com



အပ္ပမတ္တာ =

မမျှော်လင့်ဘဲ ဖြုန်းကနဲ ရောက်စွဲ နာဗျာဓိ၊
မမျှော်လင့်ဘဲ သူ၏နဲ ကိုယ်လဲ အိုနိုင်၏၊
မမျှော်လင့်ဘဲ ဖြုန်းကနဲ ဖောက်လွဲ သေနိုင်၏။

ဟု သတိလိုက်လို့ စိတ်ဝယ်စွဲကြကုန်သည်။ ဟောထ=မြေလက်ခတ်နဲ မလွဲကေန် အမှန်စင်စစ် ဖြစ်ကြပါကုန်လော့။ မမေ့မလျော့ကြနှင့်ဟူသော စကားကို တရားနယ်ပယ်နဲ့ ချဲ့လိုက်လျှင် ဤကဲ့သို့ ပြန့်ကျယ်လာပါတယ်။

ကျန်တဲ့ စကားနှစ်ခွန်းကို ချဲ့ရမယ်။

နော=တဏှာမာရ်ဝဋ် ခန္ဓာဝဋ်၌ ထွက်ဆုရည်ခြွေ တို့တတွေအား။ နော=တဏှာတည်းဟူသော မာရ်မင်း၏ ညွှတ်ကွင်း၊ ခန္ဓာတည်းဟူသော သံသရာဝဋ်အတွင်းမှ လွတ်ကင်းရန် ရည်ခြွေ တို့တတွေအား။ မစ္စုသင်္ဂရံ=မစ္စုမည်လျှင်း ရှင်သေမင်းနှင့် အတွင်းကြိတ်ပူး မိတ်ရည်လူးလျက် နှစ်ဦးနှစ်ဘက် ချိတ်အဆက်ဖြင့် ...

ဤရက်ခါမှ သေအံ့ဟူ၍လည်းကောင်း၊
ဤလခါမှ သေအံ့ဟူ၍လည်းကောင်း၊
ဤနှစ်ခါမှ သေအံ့ဟူ၍လည်းကောင်း၊

သဘောတူ အချိန်းအချက် စာချုပ်စာတမ်း စာရွက်တို့နှင့်တကွ လက်ဆောင်တံစိုးထိုး၍ ထားခြင်းသည်။ နတ္ထိ=လူတိုင်းကေန် တို့တတွေ မရှိမှန်၏။ ဘယ်သူမှ တို့သေခြင်းတရားနှင့် အချိန်းအချက်ထားလို့ မရှိဘူး။ တသ္မာ=ထို့ကြောင့် (ဝါ) သို့ရကား။ သကိစ္စံ=ခုဝတ္တာမာန် ပစ္စုပ္ပန်နှင့် တမလွန် နောက်နှောင်း တောက်လျှောက်ကောင်းအောင် ရှယ်ချောင်းဆုပန် စိတ်ရည်သန်၍ နှစ်တန်သော လောကဓမ္မစီးပွား ကိုယ့်ကိစ္စများကို။ အနုယုဉ္ဇေထ=လုံ့လကြိုးကုတ်အားထုတ်ကြပါကုန်လော့။ အနုယုဉ္ဇေထ=လုံ့လကြိုးကုတ် အားထုတ်နိုင်ကြပါစေ။ သကိစ္စ မနုယုဉ္ဇေထ=ရုပ်နာမ်နှစ်ပြင် ကိုယ်ဖြစ်ချင်သလို မဖြစ်ဘဲ သူတို့ဖြစ်ချင်သလိုသာ ဖြစ်ကြ၏။ သဘာဝ သူ့ဉာဉ်ကို သမ္ဗဇဉ်နှိုင်းညှိ အမှန်အတိုင်း သိကြ၍ မိမိတို့ဆိုင်ရာ နှစ်ဖြာသော လောကဓမ္မစီးပွား ကိုယ့်ကိစ္စများကို ရှည်လျားကာလ အချိန်ကိုမဆွဲကြဘဲ ယခုကပင် အရေးဝင်အောင် ကြိုတင်ကာကြိုးကုတ် အားထုတ်တော်မူနိုင်ကြပါစေကုန်သတည်း။

သာဓု ... သာဓု ... သာဓု

(ပုံ) ဦးဝိစိတ္တသာရာဘိဝံသ
တိပိဋကဓရ ဆရာတော်

http://www.dhammadownload.com



ကျေးဇူးတော်ရှင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု

မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီးသည်

အင်္ဂုတ္တရနိကာယ်ပါဠိတော်၊ ပတ္တကမ္မသုတ်မှ

လောကဥ္စ်ရခဲသော တရားလေးပါးနှင့် ရကြောင်းတရားလေးပါး

## အနှစ်ချုပ်လင်္ကာ သြဝါဒကထာ

ဥစ္စာစီးပွား၊ ခြွေရံများ၊ ရှည်လျားသက်ဇီဝ။

သေလျှင်သော်ကား၊ နတ်ရွာလား၊ လေးပါးရခဲစွ။

(၁) ဥစ္စာစီးပွားပေါများပြည့်စုံခြင်း၊

(၂) အခြွေအရံများခြင်း၊

(၃) အသက်ရှည်စွာနေရခြင်း၊

(၄) သေသည်၏အခြားမဲ့၌ နတ်ရွာသုဂတိသို့ လားရောက်ရခြင်း ...

ဤတရားလေးပါးသည် လောကဥ္စ်ရခဲသော တရားလေးပါးဖြစ်သည်။

သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာ၊ သမ္ပဒါ

လေးဖြာရကြောင်းပြ။

(၁) သဒ္ဓါတရားနှင့်ပြည့်စုံခြင်း (သဒ္ဓါသမ္ပဒါ)

(၂) သီလတရားနှင့်ပြည့်စုံခြင်း (သီလသမ္ပဒါ)

(၃) စွန့်ကြဲပေးကမ်းလှူဒါန်းမှုနှင့် ပြည့်စုံခြင်း (စာဂသမ္ပဒါ)

(၄) ပညာအမြော်အမြင်နှင့် ပြည့်စုံခြင်း (ပညာသမ္ပဒါ)

ဤတရားလေးပါးသည် အထက်ဖော်ပြရာပါ ရခဲသော တရားလေးပါးကို ရနိုင် ကြောင်း တရားလေးပါး ဖြစ်သည်။ ဤတရားလေးပါးနှင့် ပြည့်စုံလျှင် ဖော်ပြရာပါ လောကဥ္စ် ရခဲသော တရားလေးပါးကို အလွယ်နှင့် ရနိုင်သည်ဟု ဆိုလိုသည်။

တိပိဋကဓရဆရာတော်

http://www.dhammadownload.com



၁၃၄၂ ခု၊ ပြာသိုလပြည့်ကျော် ၅ ရက်(၂၅-၁-၈၁)နေ့

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနမှ

မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်တည်ရာ သာသနာ(၂၅၀၀) ဓမ္မာရုံကြီး၌

ကျင်းပပြုလုပ်အပ်သော "မဟာဘွဲ့နှင်းသဘင်"၌

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ကိုယ်စား အကျိုးတော်ဆောင်

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အရှင်ဝိစိတ္တသာရာဘိဝံသ ရေးသားဖတ်ကြားအပ်သော

## အနုဗလပ္ပဒါန သမ္မောဒနီယ သာရဏီယကထာ စာတမ်း

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန သာသနာရေး ဦးစီးဌာနမှ ၁၉၈၀ ပြည့်နှစ်၊ ၁၃၄၁ ခုနှစ်အတွင်း ကျင်းပပြုလုပ်အပ်သော ဓမ္မာစရိယစာချတန်း စာမေးပွဲကြီး၌ အောင်ပန်းဆွတ်ချူ ပန်ဆင်တော်မူကြသော စာအောင် သံဃာတော်သခင် အရှင်သူမြတ်တို့ဘုရား ...။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ကိုယ်စား အရှင်မြတ်တို့အား ဤယခု မဟာဘွဲ့နှင်း သဘင် အခမ်းအနား၌ အားပေးစကား ဝမ်းမြောက်ဖွယ်၊ အောက်မေ့ဖွယ် "အနုဗလပ္ပဒါန သမ္မော ဒနီယ သာရဏီယကထာ" စကား လျှောက်ထားပြောကြားပါမည်ဘုရား ...

နိုင်ငံတော်အစိုးရ၏ သာသနာရေးဌာနမှ တေသကုဏဇာတ်လာ 'ပဂ္ဂဏှေ ပဂ္ဂဟာရဟံ' ဟူသော ဒေသနာတော်အရ နှစ်စဉ် နိဗဒ္ဓ ဓမ္မာစရိယစာမေးပွဲ ကျင်းပ၍ ထမြောက်အောင်မြင် အောင်ပန်းတော်ဆင်ကြသော အရှင်သူမြတ်များအား ခမ်းနားသိုက်မြိုက်စွာ ပူဇာစုံလင် မဟာဘွဲ့နှင်း သဘင် ပွဲကြီးယင်လျက် နှစ်စဉ်မပြတ် လေးမြတ်ကော်ရော် ပူဇော်ချီးမြှောက်နေကျအတိုင်း ဇတ- ရဟိ ခါကောင်းမိသည့် ဝိဇယရတု (၁၃၄၂)ခု ပြာသိုလပြည့်ကျော် ၅ ရက်၊ (၁၉၈၁ ခု၊ ဇန်နဝါရီလ ၂၅ ရက်) နေ့၌လည်း ရှေ့နှစ်များနည်းတူ ဓမ္မာစရိယ အောင်မြင်တော်မူကြသည့် ပူဇာရဟာ သာသနာ့အညွန့်အဖူး ပုဂ္ဂိုလ်ထူးတို့အား ချီးကျူးဝန္ဒနာ အခမ်းအနားကြီးစွာဖြင့် ဤ"သာသနာ ၂၅၀၀ အဆောက်အအုံကြီး"၌ စည်းဝေးညီညာ မဟာဘွဲ့နှင်းသဘင် ဆင်ယင်ကျင်းပ သာသနာရေး ဦးစီးဌာနမှ ပဓာန ရှေ့သွားပြု၍ လုလုသဒ္ဓါ ထက်သန်စွာဖြင့် ဓမ္မာစရိယ ဘွဲ့ပုံတော်မြတ်နှင့်တကွ ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် ပူဇော်မှု လှူဒါန်းမှု ဝမ်းပန်းတသာပြုကြ၍ မုနိမြတ်စွာ သာသနာနုဂ္ဂဟာ ကုသိုလ်ထူး ဆည်းပူးအားထုတ်ကြသည်မှာ လွန်စွာဝမ်းမြောက်ဖွယ် ဖြစ်ပါသည်ဘုရား ...။

http://www.dhammadownload.com



စာအောင်သံဃာတော်သခင် အရှင်သူမြတ်တို့ဘုရား ...၊ အရှင်မြတ်တို့အား အနုဗလပ္ပဒါန စကား အားတက်ဖွယ် လျှောက်ထားလိုပါသည်။ ယနေ့ ပစ္စက္ခသာသနာ့ အခြေအနေမှာ သာသနာတော် သန့်ရှင်း+တည်တံ့+ပြန့်ပွားရေးကို အလေးဂရု ပဓာနပြု၍ ပြည်သူ့ဆရာ အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ကြီးများ ရှေ့သွားပုဂ်ဝေါ် ရွက်ဆောင်တော်မူကြလျက် နိုင်ငံတော်အစိုးရနှင့်တကွ သာသနာ့ဒါယကာတို့ ညီညာအားတက် ဆောင်ရွက်နေဆဲဖြစ်ကြရာ စာအောင်သခင် အရှင်သူမြတ်တို့မှာ ပရိယတ္တိသူရဲကောင်းများ ဖြစ်ကြသဖြင့် ရှေ့တန်းက ပါဝင် သာသနာ့ရန်အလှေးကို ကင်းဝေးအောင် သုတ်သင်ရန် အမှန်ပင် တာဝန်ရှိကြောင်း ကောင်းစွာကြိုတင် သိမြင်ထားနှင့်တော် မူကြစေလိုပါသည် ဘုရား ...။

အရှင်ဘုရားတို့မှာ ဤ ယခု ဓမ္မာစရိယတန်း အောင်ပန်းဆင်တော်မူကြပြီးနောက် ထွန်းတောက်လျှံဝါ ပညာသတ္တိ ရဲရဲငြိဖို့ တိပိဋကဓရ ရွေးချယ်ပွဲသို့ ဆက်လက်ဆင်နွှဲဝင်ရောက်ရန် ထက်သန်သော ဓမ္မစ္ဆန္ဒ ပြင်းပြစွာ ဖြစ်ရှိကြသည်ကို သတိသမ္ပဇဉ် ဆင်ခြင်တော်မူမိကြသဖြင့် ... နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှ ပညာရေးစီမံကိန်းမူချလျက် "ဝိနယဓရ" သာသနာ့သူရဲကောင်းများ ထွန်းကားတိုးတက် အဆက်မပြတ် ပေါ်ပေါက်ရန် ရည်သန်စိတ်စောကြသဖြင့် -

(က) ဝိနည်းပါဠိတော် ရှေ့ပိုင်းနှစ်ကျမ်း ခွဲဝေပြဋ္ဌာန်းလျက် "ဥဘတောဝိဘင်္ဂဓရ" တတန်း။

(ခ) မဟာဝဂ္ဂ+စူဠဝဂ္ဂ+ပရိဝါရ နောက်သုံးကျမ်း ခွဲဝေပြဋ္ဌာန်းလျက် "ခန္ဓကဘာဏက" အတန်း(နှင့်)

(ဂ) အထက်ပါနှစ်တန်းကို ဆုံးခန်းတိုင် ရောက်သောအခါ "ဝိနယဓရ" ဘွဲ့ထူးကို ချီးကျူးအပ်နှင်းရန် -

စီမံစိုင်းပြင်းလျက် ရှိပါသည်။ ဤနည်းအားဖြင့် အရှင်မြတ်တို့သည် ဝိနယဓရအတန်းကို မပန်းမပင် အလွယ်တကူနှင့်ပင် အောင်မြင်တော်မူကြမည် ဖြစ်ပါသည်။

စာအောင် သံဃာတော်သခင် အရှင်သူမြတ်တို့ဘုရား ...၊ အရှင်မြတ်တို့အဖို့ရာ လွန်စွာပင် အဆင်သင့်သည်ကို ထပ်ဆင့်၍ လျှောက်ထား အကြံပေး အားပေးစကား ပြောကြားလိုပါသည်မှာ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု ပြည်သူ့ဆရာ နတ်ရွာစံ ကျေးဇူးတော်ရှင်သခင် မစိုးရိမ်ဆရာတော်ဘုရားကြီး၏ ဒီဃဒဿီ စီမံတော်မူချက်အရ မန္တလေးမြို့၊ ရန်ကုန်မြို့၊ ပဲခူးမြို့တို့၌ နိကာယ်စာလျှောက်စာမေးပွဲကြီးများ ခြိမ့်ခြိမ့်သဲသဲ ကျင်းပနေဆဲ ရှိပါသည်။ အရှင်မြတ်တို့သည် ဤ ဓမ္မာစရိယတန်း အောင်ပန်းဆွတ်ခူးတော်မူကြပြီးသောအခါ မပင်မပန်း ဉာဏ်စွမ်းအလျောက် နိကာယ်စာမေးပွဲတို့၌ တစ်ကျမ်း နှစ်ကျမ်း သုံးကျမ်း စသည် ဝင်ရောက်ဖြေဆိုတော်မူကြပြီးနောက် အထက်တန်းရောက် ဖြစ်ရှိသည့် တိပိဋကဓရ ရွေးချယ်ပွဲကြီးသို့ မပင်မပန်း ဝင်ရောက်ဖြေဆို

http://www.dhammadownload.com



အောင်မြင်တော်မူနိုင်ကြမည်ကို တပည့်တော်အလေးအနက် အရှင်ဘုရားတို့အတွက် အားတက်နှစ်လို ကြိုဆို၍ အကြံကောင်း ထပ်လောင်း၍ ပေးအပ်ပါသည်ဘုရား ...။

သို့ပါ၍ စာအောင်သံဃာတော်သခင် အရှင်သူမြတ်တို့သည် နိကာယ်စာမေးပွဲတည်းဟူသော ငြိမ်းချမ်းရေးတံတားမှ နှစ်မခြားဆက်လျှောက်၊ အထက်တန်း ရောက်ဖြစ်ရှိသည့် တိပိဋကစရ ရွေးချယ်ပွဲကြီးကို အပြီးတိုင်အောင်မြင်ကြ၍ သာသနာ့အောင်လံတံခွန်သဖွယ် အတင့်တယ်ကြီး တင့်တော်မူကြပါစေ-ဟု

သုသုခေ နေဝ ဘဒ္ဒန္တာ၊ ဂန္တွာ နိကာယ သေတုနာ။
တိပေဋကစရော ဟောထ၊ သာသနဿ ဓဇူပမာ။

ဘဒ္ဒန္တာ=သာကီယဇာတ် အရှင်မြတ်တို့ဘုရား ...။ ဘဒ္ဒန္တာ=သိက္ခာသုံးပုံကောင်းသိရ်ဂုဏ်တို့ ကုံလုံထင်ရှား စာအောင်အရှင်မြတ်တို့ဘုရား။ တုမှေ=သီတင်းသုံးဖော် ညီတော်မှန်ဌြား အရှင်ဘုရားတို့သည်။ နိကာယသေတုနာ=နိကာယ်စာမေး အမည်ပေးသည့် ငြိမ်းချမ်းရေးတံတားကြီးဖြင့်၊ ဝါ- ငြိမ်းချမ်းရေးတံတားကြီးမှ။ သုသုခေနေဝ ဂန္တွာ=မပင်မပန်းအစဉ်လန်းလျက် ချမ်းချမ်းသာသာ ကြွရောက် လျှောက်တော်မူကြပါ၍။ တိပေဋကစရော=တိပိဋကစရ ဘွဲ့ချည် အာဇာနည်သူရဲကောင်းတို့သည်။ ဟုတွာ=ဖြစ်တော်မူကြ၍။ သာသနဿ=အံ့ဖွယ်ရှစ်ဖြာ ဘုရားသာသနာ၏။ ဓဇူပမာ= ပညာရောင်လျှံ စွင့်စွင့်ပျံသည့် အောင်လံနှုန်းတု သာသနာပြု သူရဲကောင်း ပုဂ္ဂိုလ်မြတ် အပေါင်းတို့သည်။ ဟောထ=မြေလက်ခတ်နဲ့ မလွဲပုံသေ ဖြစ်ကြပါစေကုန်သတည်း။ (ဝါ) သာသနဿ ဓဇူပမာ ဟောထ= ဓမ္မာစရိယမှ-နိကာယ, ထိုမှ တိပိဋကစရ ဇေယျအောင်ပန်း အဆင့်ဆင့် အလွယ်တကူဆွတ်ချူလှမ်းကြ၍ မနှမ်းမလျှ သာသနာ့အောင်လံတံခွန် ပုဂ္ဂိုလ်အရှင်မြတ်တို့ မြေလက်ခတ်ပုံသေ ဖြစ်မြောက်တော်မူကြပါစေသတည်း ...။

ဟု ဝိဇည်းမင်္ဂလာ ပဋ္ဌာနာတရပ် အနုဗလပ္ပဒါန သမ္မောဒနီယ သာရဏီယ-ဟု နာမဘွဲ့တွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ချီးမွမ်းမြောက်စား စကားရပ် အစဉ်ကို ဤတွင် ကမ္ပတ်ဖုံး၍ နိဂုံးအုပ်အပ်ပါသည်။ စာအောင်သခင် သံဃာတော် အရှင်ကောင်းတို့ဘုရား ...။

သာဓု ... သာဓု ... သာဓု။

၁၃၄၂ ခု၊ ပြာသိုလပြည့်ကျော် ၅ ရက်၊
၁၉၈၁ ခု၊ ဇန်နဝါရီလ ၂၅ ရက်၊ ၁-နေ့၊

(ပုံ) ဦးဝိစိတ္တသာရာဘိဝံသ
အကျိုးဆောင်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ကိုယ်စား

http://www.dhammadownload.com



ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်

ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန

၁၃၄၂ ခု၊ ၁၉၈၀ ပြည့်နှစ် (၃၃)ကြိမ်မြောက် ကျင်းပအပ်သော

"တိပိဋကဓရရွေးချယ်ပွဲဖွင့်ပွဲ"၌ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်

တိပိဋကဓရ ဦးဝိစိတ္တသာရာဘိဝံသ မှ

တိပိဋကဓရအလျာ သာသနာ့အာဇာနည် အရှင်မြတ်တို့အား

အားပေးစကား လျှောက်ထား ပြောကြားအပ်သော

## အနုဗလပ္ပဒါန သာရဏီယကထာ

(၃၃)ကြိမ်မြောက် ကျင်းပအပ်သည့် "တိပိဋကဓရ ရွေးချယ်ပွဲ"သို့ ကြီးကဲသော ဆန္ဒ, ဝီရိယ, စိတ္တ, ပညာ လေးဖြာသော အဓိပတိ ဖွဲ့လုံ့လရှိရှိဖြင့် ဝိဇယအောင်ပန်းကို ဆွတ်လှမ်းရန် သမ္မာဆန္ဒဖြင့် ဝင်ရောက်ပြန်ဖြေကြမည့် သာသနာ့အာဇာနည်အလျာ သိက္ခာသုံးပါး လိုလားဘိတောင်း အရှင်ကောင်း အရှင်မြတ်တို့ဘုရား ...။

အရှင်မြတ်တို့သည် သဗ္ဗညုတမြတ်စွာ သာသနာတော်သုံးရပ်တို့တွင် ရေကန်ကြီး၌ ကန်ဘောင်ကန်ရိုးနှင့် ဥပမာတူသော သစ်ပင်ကြီး၌ ရေသောက်မြစ်နှင့် ဥပမာတူသော ပရိယတ္တိသာသနာကို အခါလေးမြင့် ရှည်ကြာတင့်အောင် မြောက်ပင့်အားပေးမည်ဟူသော မွန်မြတ်သော ရည်သန်ချက်ဖြင့် ဤ "တိပိဋကဓရ ရွေးချယ်ရေး" စာမေးပွဲကြီးသို့ ဝင်ရောက်ပြန်ဆို+ဖြေဆိုတော်မူကြရန် နှစ်တန်သော (အာဂုံ+သဘော) ပရိယတ္တိသာသနာတော်၏ အဆီအနှစ်များကို အားထုတ်ဆည်းပူးပြီး အသင့်ရှိနေကြပြီ ဖြစ်ပါသည်ဘုရား ...။

ဆန္ဒဝတော မေ ကိန္နာမ ကမ္မံ န သိဇ္ဈတိ။

(ဆန္ဒကဲမို့၊ ငါသို့သသူ၊ ပြုမူဆောင်ရာ၊ အဖြာဖြာသည်၊ ဘယ်မှာမပြီး ရှိအံ့နည်း)။

ဝီရိယဝတော မေ ကိန္နာမ ကမ္မံ န သိဇ္ဈတိ။

(ဝီရိယကဲမို့၊ ငါသို့သသူ၊ ပြုမူဆောင်ရာ၊ အဖြာဖြာသည်၊ ဘယ်မှာမပြီး ရှိအံ့နည်း)။

စိတ္တဝတော မေ ကိန္နာမ ကမ္မံ န သိဇ္ဈတိ။

(စိတ်ဓာတ်ကဲမို့၊ ငါသို့သသူ၊ ပြုမူဆောင်ရာ၊ အဖြာဖြာသည်၊ ဘယ်မှာမပြီး ရှိအံ့နည်း)

ဝီမံသဝတော မေ ကိန္နာမ ကမ္မံ န သိဇ္ဈတိ။

(ပညာကဲမို့၊ ငါသို့သသူ၊ ပြုမူဆောင်ရာ၊ အဖြာဖြာသည်၊ ဘယ်မှာမပြီး ရှိအံ့နည်း) ...

http://www.dhammadownload.com



ဟူသော အဓိပတိလေးပါး အရှင်ဘုရားတို့မှာ အထင်အရှား ရှိပြီးသား ဖြစ်ကြသဖြင့် ယခု တိပိဋက စာပြန်+ဖြေကိစ္စမှာ မုချဧကန်ပင် အောင်မြင်ပြီးမြောက်လိမ့်မည်ဟု ယုံကြည်ချက် သဒ္ဓါတရား ထက်သန်စွာထားကြဖို့ အားပေးစကား တပည့်တော် ပြောကြားအပ်ပါသည်။

တိပိဋကရေအလျာ စာတော်ပြန်ဝင် အရှင်မွန်အပေါင်းတို့ ...။ ၎င်းအပြင် အရှင်တို့အား သတိပေးစကား တပည့်တော် ပြောကြားလိုပါသည်။ အရှင်တို့မှာ လေးဖြာအဓိပတိ ဖွဲ့သတ္တိ ရှိကြ၍ ဝိဇယအောင်ပန်းကို ဆွတ်လှမ်းနိုင်ကြမည်ဧကန် မှန်ကြပါလျက် ပူပန်စိတ်ထန်သည်း ကျန်းမာရေး ထိခိုက်အောင် ဂရုစိုက်လွန်းအားကြီးက အချည်းနှီး နိရတ္ထက အကျိုးမရ ဖြစ်တတ်သည်ကို သတိ ချပ်ကြစေချင်ပါသည်။ စာပြန်လျှင် မျက်စိကိုမှိတ် ဗဟိဒ္ဓ အာရုံသဘော တဆိတ်မျှ စိတ်မစေကြဘဲ "အတရမာနော ဘာသေယျ၊ နော တရမာနော" ရှင်စောမိန့်ပြန် "အရဏဝိဘင်္ဂသုတ္တန်" ကို အဖန်ဖန် သတိရှေး၍ မနှေးလွန်း၊ မမြန်လွန်း၊ မကျယ်လွန်း၊ မတိုးလွန်း၊ အလယ်အလတ် ရည်မှန်း၍ မပန်းအောင်+မနွမ်းအောင် သတိဆောင်၍ ပြန်ဆိုကြပါ။ ဖြေဆိုသောအခါ၌လည်း ဗျာပါရအားသီး အရေးတကြီး မဖြေဆိုကြဘဲ ပုစ္ဆကထေရ်ကျော် ဆရာတော်တို့၏ အာဘော်ကို မိမိ ပါ+ဠ+ဋ္ဌိ စောင်းကြိုးညှိ၍ သတိကြီးစွာထား ဖြေကြားတော်မူကြပါရန် အပဟိတာပနယန+ဟိတူပသံဟာရ နှစ်ဝသော မေတ္တာတရား ထက်သန်စွာထား၍ သတိပေးစကား ပြောကြားညွှန်ပြအပ်ပါသည်။

ဝိနည်းဝိရိတ၀ အာဘိဓမ္မိကတခန်း နိကာယ်ဆောင် အောင်ပန်းကို ဆင်မြန်းတော်မူကြမည့် သာသနာ့အာဇာနည်အလျာ သဒ္ဓါကြီးကောင်း အရှင်ကောင်းတို့ ...။ ၎င်းထို့ပြင် အရှင်တို့ သတိ ထင်အောင် ကြိုတင်ရှေ့ပြေး အချိန်မီ အသိပေးလိုပါသည်။ မြန်မာနိုင်ငံတော်အစိုးရ သာသနာရေး ဌာနမှ ပစ္စက္ခအလေးထား သာသနာတော် တည်တံ့+သန့်ရှင်း+ပြန့်ပွားအောင် ဆရာတော်အများနှင့် မပြားစိတ်ညီ ဆောင်ရွက်လျက်ရှိသည်ကို အရှင်တို့ သိပြီဟု ယုံကြည်ပါသည်။ ငါးမည်နိကာယ် သုံးသွယ်ပိဋက ဓမ္မနှင့် ဝိနယတို့၌ အာဂမ+သဘာဝ နှစ်ဌာန အဓိပ္ပာယ် အသိဉာဏ်မကြွယ်ပါက အဘယ်မှာလျှင် သာသနာတော် သန့်ရှင်း+တည်တံ့+ပြန့်ပွားလေအောင် ရွက်ဆောင်နိုင်ချိမ့်မည် နည်း၊ မရွက်ဆောင်နိုင်သည် ဧကန်မှန်လှပါသည်။

အရှင်တို့မှာ ငါးဖြာနိကာယ် သုံးသွယ်ပိဋက ဓမ္မနှင့်ဝိနယတို့ကို နေ့ညမဆိတ်ည်း ကျက်+အံ+ ကြံ+ကြည့် အချိန်ပြည့်+နာရီပြည့် ပရိယတ္တိလုပ်ငန်းကို စွမ်းစွမ်းတမံ သုမတန်အောင် ထက်သန် သော ဇွဲလုံ့လဖြင့် နေ့+ညမစဲ ထမ်းဆောင်နေဆဲ ဖြစ်ရှိကြ၍ မိမိတို့၏ ပရိယတ္တိလုပ်ငန်းကိစ္စကို အလဂဒ္ဒူပမ ပရိယတ္တိမျိုး မဖြစ်အောင် သတိဆောင် သတိချပ်ကြလျက် နိတ္ထရဏတ္ထ ပရိယတ္တိမျိုး ဖြစ်အောင် ရွက်ဆောင်တော်မူကြပါ။ ထိုသို့ ရွက်ဆောင်တော်မူကြလျှင် သာသနာ့တံခွန် အောင်လံ ပမာ သာသနာတော် သန့်ရှင်းအောင်၊ သာသနာတော် တည်တံ့အောင်၊ သာသနာတော် ပြန့်ပွား အောင် ရွက်ဆောင်သည့် ထိုကိစ္စမှာ သာသနာ့စံတင် သာသနာ့ချိန်ခွင် ပုဂ္ဂိုလ်များ မမှားဧကန်

http://www.dhammadownload.com



ဖြစ်ကြမည်မှန်သောကြောင့် ...

တုမှံ ပရိယတ္တိ ဟောတု၊ ဘဝနိတ္ထရဏတ္ထိကာ။

ယာ ယ ဝေါ ဇိနစက္ကဿ၊ ဟောထ တုလာဓရူပမာ။

ဘဒ္ဒန္တာ=သာကီယဇာတ် အရှင်မြတ်တို့ဘုရား ...။ ဘဒ္ဒန္တာ=သိက္ခာသုံးပုံ ကောင်းသိရိဂုဏ်တို့ ပြည့်စုံထင်ရှား စာတော်ဝင် အရှင်မြတ်တို့ဘုရား ...။ တုမှံ=အရှင်ဘုရားတို့၏။ ပရိယတ္တိ၊ နေ့နေ့+ ညည ပိဋကကို လုံ့လမြဲမြဲ ဖွဲ့သန်သန်ဖြင့် ကျက်+အံ+ကြံ+ကြည့် အားတိုက်ဘိသည့် ပရိယတ္တိခေါ် ညွှန်လုပ်ငန်းမှန်သည်။ ဘဝနိတ္ထရဏတ္ထိကာ=ဘဝသုံးထောက် ဒုက္ခအောက်မှ လွတ်မြောက်ရခြင်း ကျိုးရှိလျှင်းသား သေဋ္ဌနင်းမာရဘင် ဖြစ်စေချင်သည့် သန့်စင်ဘိလျှင်း နိတ္ထရဏတ္ထ စာသင်ခြင်း သည်။ ဟောတု=စင်စစ်မသွေ ဖြစ်ပါစေသတည်း။

ယာ ယ=သေဋ္ဌနင်းမာရဘင် ဖြစ်စေချင်သည့် သန့်စင်ဘိလျှင်း ယင်းနိတ္ထရဏတ္ထ စာသင်ခြင်း ဖြင့်။ ဝေါ-တုမှေ="သာသနာသုံးခန်း တာဝန်ငန်းကို ရှေ့တန်းဦးတည် တို့ဆောင်မည်"ဟု ရွယ်ရည် မှန်းထား စာတော်ဝင် အရှင်ဘုရားတို့သည်။ ဇိနစက္ကဿ=ငါးမာရ်အောင်မြင် ရှင်ပင်ဘုရား ထားခဲ့ မှန်စွာ သာသနာတော်၏။ တုလာ+ဓရူပမာ=ရှေ့တန်းကစံတင် ချိန်ခွင်နှင့် အောင်လံအတူ အတုယူ လောက်သော ပုဂ္ဂိုလ်တို့သည်။ ဟောထ=ဧကန်စင်စစ် ဖြစ်ကြပါစေကုန်သတည်း။

(ဝါ) ဇိနစက္ကဿ တုလာ+ဓရူပမာ ဟောထ=ပြည်ထောင်စုမြန်မာ ဤယနေ့ ခေတ်အခါဝယ် သာသနာတော် သန့်ရှင်းအောင် သာသနာတော်တည်တံ့အောင် သာသနာတော် ပြန့်ပွားအောင် ရွက်ဆောင်သည့် ထိုကိစ္စဝယ် သာသနာ့ချိန်ခွင် ပုံသွင်မခြား သာသနာ့ အောင်လံတံခွန် ဂုဏ်ရည် ချွန် ပုဂ္ဂိုလ်များလျှင် ထူးခြားသည့် စံနမူဖြစ်မြောက်တော်မူကြပါစေကုန်သတည်းဟု ဝိဇည်းမင်္ဂလာ ပတ္တနာလေးနက် တောင်းဆိုမြွက်၍ အထက်ဖော်ပြရာပါ တိပိဋကဓရ အလျာစာတော်ပြန်ဝင် အရှင် မြတ်တို့အား အနုဗလပ္ပဒါန သာရဏီယကထာခေါ်တွင် အားပေး+သတိပေး+အသိပေးအပ်သော စကားအစဉ်ကို ဤတွင်ပင် ကမ္ပတ်ဖုံး၍ နိဂုံးချုပ်အပ်ပါသည်ဘုရား ....။

သာဓု ... သာဓု ... သာဓု ....။

ဦးဝိစိတ္တသာရာဘိဝံသ

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်

http://www.dhammadownload.com



တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု
မင်းကွန်းတိပိဋကရေ ဆရာတော်ဘုရားသည်
တိ=နိ စာဖြေ သံဃာတော် အရှင်မြတ်များအား
၁၃၄၃–ခု၊ တန်ဆောင်းမုန်းလပြည့်ကျော် ၈ ရက်နေ့တွင်
မြွက်ကြားတော်မူသော

# သဓမ္မာဒနိယ သာရဏီယ ဩဝါဒကထာ

နိကာယ ဘာဏက နိကာယ ဓမ္မာစရိယ တိပိဋကစရေ ရွေးချယ်ပွဲသို့ အသီးသီး ဝင်ရောက်ဖြေဆိုဖို့ရန် ရောက်ရှိလာကြသော အရှင်တို့ကို တပည့်တော်တို့က "စာသင်သား"လို့ ပြောရတာ ချစ်စနိုး ပြောတယ်လို့ အောက်မေ့ပါ။ အရှင်တို့ရဲ့ အရည်အချင်းသည် ဓမ္မာစရိယ အောင်ပြီးလို့ နိကာယ် တိပိဋက လေ့လာလိုက်ကတည်းက "ဆယ်ဝါပြည့်တင်း၊ ဝိဘင်းနှစ်ဖြာ၊ ကမ္မာကမ္မ၊ ခန္ဓကပုဒ်၊ နာမ်ရုပ်ပိုင်ပိုင်၊ ဟောစွမ်းနိုင်၊ ကျောင်းထိုင်ငါးအင်္ဂါ"ဆိုတဲ့ အင်္ဂါငါးချက် ပြည့်နှက်နေပြီးသား ဖြစ်ပါတယ်။ သို့သော် တပည့်တော်တို့က အရှင်တို့ကို သားသမီးသည် ဘယ်လောက်ပဲ ရာထူးကြီးပေမယ့် အဲဒီသားသမီးကို မိဘအနေနဲ့ ကြီးတယ်လို့ မထင်ဘူး။ ငယ်ငယ်ကလိုပဲ ချစ်စနိုးနဲ့ ခေါ်သလို အရှင်ဘုရားတို့ကို တပည့်တော်များက သုံးတဲ့ နှုန်းတဲ့ စာပေအရေးအသားမှာ "တိပိဋက စာသင်သား" "နိကာယ်စာသင်သား"လို့ သည်လိုနာမည်သုံးခြင်း ဖြစ်ပါတယ်။ ဒါအရှင်ဘုရားတို့ တပည့်တော်တို့ရဲ့ မေတ္တာ ကရုဏာ စေတနာကို နားလည်ပြီးတော့ ကျေနပ်ဖို့ ပထမဦးစွာ ပြောပါတယ်။

အဲသည်လို တိပိဋက နိကာယ် စာသင်သားဘဝ အရှင်တို့ ရောက်လာတော့ အရှင်တို့ မန္တလေးမှာရော အခုရန်ကုန်ဘုတာကြီးမှာရော ဆိုင်ရာ ဒကာ ဒကာမဘက်က နိုင်ငံတော်အစိုးရကပါ အရှင်ဘုရားတို့ကို အာရုံပြုတာ အရှင်ဘုရားတို့ ဂရုစိုက်ပြီးကြည့်ရင် အလွန်ထင်ရှားပါတယ်။ သဗ္ဗေသတ္တာအတန်းမှာ မထားဘူးဆိုတာ အရှင်ဘုရားတို့ ဂရုစိုက်ပြီး စဉ်းစားကြည့်ရှုရင် ကောင်းကောင်း တွေ့ရသိရပါမယ်။ မရသေးသောဂုဏ်ကို ရဖို့ထက် ရပြီးသော ဂုဏ်ကို မပျောက်မပျက်အောင် ထိန်းသိမ်းဖို့ရန်က ပိုပြီးတော့ ခဲယဉ်းပါတယ်။ ပထမငယ် မနအောင်ခင်ကတော့ ပထမငယ်အောင်ဖို့ မရသေးသောဂုဏ်ကို ရဖို့ကြိုးစားရပါတယ်။ အဲဒီရလာတဲ့အခါ ထိုပထမငယ်ရဲ့ အရည်အချင်းနဲ့တကွ ပထမငယ်အောင်တဲ့ ပုဂ္ဂိုလ်ရဲ့ ဣန္ဒြေဟာ ရောက်ဖို့ အရေးကြီးပါတယ်။ ပထမလတ်ကျတော့လည်း ပထမလတ် ပုဂ္ဂိုလ်ရဲ့ဣန္ဒြေ။ ပထမကြီးမှာလည်း ထိုနည်းလည်းကောင်း၊ ဓမ္မာစရိယမှာလည်း ထိုနည်းလည်းကောင်း။

http://www.dhammadownload.com



အရှင်ဘုရားတို့။ အခု တိပိဋကနိကာယဆိုတာ ယနေ့ သာသနာ့ စာမေးပွဲ လောကမှာ ဟို ...ထိပ်ဆုံးကို ရောက်နေတယ်။ ထိပ်ဆုံးရောက်တဲ့ပုဂ္ဂိုလ်ဟာ အကျရှုံး မခံကြပါနဲ့။ သစ်ပင်ထိပ်ဖျား မှ ကျတာဟာ အင်မတန် နစ်နာပါတယ်၊ အင်မတန်နာပါတယ်၊ တပည့်တော်များ ပုထုဇဉ်ဂတိ အတိုင်း ကိုရင်ဆယ့်နှစ်နှစ် ဆယ့်သုံးနှစ် ဆယ့်လေးနှစ်ဆိုတဲ့ ပထမငယ် မဝင်ရသေးသော အချိန် အခါတုန်းက တပည့်တော်တို့သည် ကလေးဘာသာဘာဝအရ ပျော်ပွဲရှင်ပွဲ မြင်းခြံမြို့မှာ သွားခဲ့ ရောက်ခဲ့ ဝင်ခဲ့ရပါတယ်။ ဒါပေမယ့် တပည့်တော်တို့က အဲဒီ ဆယ့်နှစ်နှစ်သား ဆယ့်သုံးနှစ်သား ဆယ့်လေးနှစ်သား ကိုရင်ပိန်ပိန်လေးဟာ တပည့်တော်တို့ ပျော်ပွဲရှင်ပွဲကိုကြည့်ရင် အမှတ်တရ တပည့်တော် သညာရအောင် ကြည့်တယ်။ မင်းသားလက်ကို ဘယ်လိုထားတာကြည့်တယ်။ မင်းသမီးလက်ချောင်းကလေးတွေ ဘယ်လိုထားတယ်။ သူတို့ရဲ့ ယဉ်ကျေးမှု-တဖန် သူတို့သည် ဤသီချင်းစာပိုဒ်ကို လေယူလေသိမ်း ဘယ်လိုသိမ်းတယ် ဆိုတာကိုပါ သညာရအောင် ကြည့်ခဲ့ ပါတယ်။

တပည့်တော် ပထမငယ်လည်း အောင်ပြီးရော ဒီပျော်ပွဲရှင်ပွဲကြည့်မှုဆိုတဲ့ လုပ်ငန်းဟာ တခါ တည်း ပြတ်သွားတယ်။ မကြည့်ဘူးဘုရား။ အဲဒါ ဘာဖြစ်လို့လဲ၊ မိမိရပြီးတဲ့ ပထမငယ်ဆိုတဲ့ ဂုဏ်ကို ထိန်းသိမ်းရပါတယ်။ ထို့အတူပဲ ပထမလတ် ပထမကြီး ဒီဘက်ကို တစ်ခါတည်း တပည့်တော် ပွဲလမ်းသဘင် ပျော်ရွှင်မှုကို တခါတည်း ပြတ်သွားပါတယ်။ အကယ်၍ မိမိအား ပူဇော်ပွဲတွေ ပြုလုပ်လျှင်လဲပဲ ထိန်းနိုင်သမျှ သိမ်းနိုင်သမျှ တစ်နည်းအားဖြင့် မိမိရဲ့မေတ္တာ ဘာဝနာ အလုပ်နဲ့ပဲ ဒီပူဇော်တဲ့ ပရိသတ်ရော လာရောက်တဲ့ ပရိသတ်ရော တပည့်တော်မေတ္တာ ဘာဝနာနဲ့ပဲ နေထိုင်ကျင့်သုံးခြင်းဖြင့် မိမိအားလည်းပဲ ပူဇာရဟ ပုဂ္ဂိုလ်ဖြစ်အောင် ကျင့်ဆောင်ပါတယ်။

## ရပြီးသောဂုဏ်ကို မပျက်စီးအောင်ထိန်းသိမ်း

အေး-ဒကာ ဒကာမတို့ရဲ့ ပူဇော်ခြင်းလဲပဲ အရှင်သုဘူတိ ရဟန္တာမထေရ်ကဲ့သို့ ဒက္ခိဏေယျ ဖြစ်အောင် မေတ္တာ ဘာဝနာပွား၍ ကျင့်သုံးပါတယ်။ ထို့အတူပဲ အရှင်မြတ်တို့ကိုလဲပဲ၊ တပည့်တော် ဒီလိုကျင့်သုံးဖို့ တပည့်တော် အခုလက်တွေ့ သဘောတွေကို ပြောနေတယ်။ တပည့်တော် ဒီနှစ် ဒီမှာ ဝါဆိုတယ် အရှင်ဘုရားတို့။ ဟောဒီအရှင်ဘုရားတို့ အခုနေရမယ့် တိပိဋကတိုက်ကျောင်း ဟာ နယုန်လပြည့်နေ့က ပန္နက်ချတာ၊ ဘယ်လောက် အောက်မှာ ပန္နက်နက်သလဲဆိုရင် အောက်မှာ ရှစ်ပေဘုရား-အနက်ကြီး။ အဲဒီ နယုန်လပြည့်ကနေပြီးတော့ ပြုလုပ်လာတဲ့ တိပိဋက တိုးချဲ့သုံးထပ် တိုက်ကျောင်းဟာ အခု ဦးဇင်းတို့ တက်သွားလို့ရှိရင်-ဟာ-ဘယ်လောက်တောင်ပဲ ဒီလောက် တောင်ပဲ ပြီးသွားတာ ဦးဇင်းတို့ တအံ့တသြ တွေ့ရမယ်။ နိုင်ငံတော်အစိုးရ အနေနဲ့လည်းပဲ ဤဥက္ကဋ္ဌကြီးဦးသာလှအပေါ်မှာ အင်မတန် ယုံကြည်မှု၊ ဥက္ကဋ္ဌကြီးဦးသာလှ ခေါင်းဆောင်တဲ့ "တိပိဋက နိကာယ သာသနာပြုအဖွဲ့"ဟာ အင်မတန် ယုံကြည်မှုရှိတဲ့အတွက် လိုအပ်သော

http://www.dhammadownload.com



ဆောက်လုပ်ရေးပစ္စည်းများကို မြန်မြန်ပဲ ပေးပါတယ်။ နိုင်ငံတော်အစိုးရရဲ့ ကျေးဇူးလည်းပဲ ပထမ တပည့်တော်တို့ သိရပါမယ်။ အဲဒါ နိုင်ငံတော်အစိုးရက ယခုလို အာရုံပြုလို့ အရှင်ဘုရားတို့ကို မီးရထားမှာ သီးခြားအပေါက်က ထွက်စေတယ်-အခွင့်အရေး ပေးတယ်ဆိုတာ အရှင်ဘုရားတို့ သန္တာန်မှာရှိတဲ့ နိကာယ်ငါးရပ် ပိဋကတ်တော်တွေကို ပူဇော်ခြင်း ဖြစ်ပါတယ်။

အဲဒါကြောင့် တပည့်တော် ပြောလိုတဲ့ ဆောင်ပုဒ်က မရသေးသောဂုဏ်ကို ရဖို့ထက် ရပြီးသော ဂုဏ်ကို မပျက်မစီးအောင် အရှင်ဘုရားတို့မှာ-ဟို ထိပ်တန်းကို ရောက်နေတဲ့ တိပိဋကရလောင်း လျာ နိကာယဘာဏကလောင်းလျာ နိကာယဓမ္မာစရိယလောင်းလျာ ဆိုတဲ့ မိမိတို့ရဲ့ဂုဏ်ကို ငဲ့ပြီးတော့ ဂုဏ်နဲ့ဒြပ် ဟပ်အောင် တပည့်တော် ပြောလိုပါတယ်။

သာဂါရာ အနဂါရာစ၊ ဥဘော အညောညနိဿိတာ၊
အာရာဓယန္တိ သဒ္ဓမ္မံ၊ ယောဂက္ခေမမနုတ္တရံ။

ဆိုတဲ့ ဣတိဝုတ်ပါဠိတော် (ခု၁၊၂၇၀။) ဘုရားဟော ဒေသနာအတိုင်း ဒကာဘက်က ပစ္စယာ နုဂ္ဂဟ အမှီကို အရှင်ဘုရားတို့ ကောင်းကောင်းကြီး ရတယ်ဆိုတာ အလေးအနက် စဉ်းစားလေ- အရှင်ဘုရားတို့ ပိုပြီးတော့ သိလေဆိုတာ ဖြစ်မယ်၊ တပည့်တော်တို့ ဆရာဘက်က ဓမ္မာနုဂ္ဂဟ။ နောက်ဆုံးစာပေကို လေ့လာခြင်း၊ ကိုယ်ကျင့်တရား ကောင်းမွန်အောင် ကျင့်သုံးခြင်းဖြင့် ထို ဒကာ ဒကာမတို့ရဲ့ ပစ္စယာနုဂ္ဂဟကို တန်ဖိုးရှိရှိ ခံယူထိုက်သော ပုဂ္ဂိုလ်ဖြစ်အောင် ကျင့်သုံးရမည် ဖြစ်ပါတယ်။ ဒီလိုကျင့်သုံးရင် ပထမဦးစွာ မိမိအဖို့ မိမိတို့က ဓမ္မာနုဂ္ဂဟနဲ့သာကျင့်ရင် မိမိမှာ အဲသည်အတွက် သိက္ခာသုံးပါး ဖြည့်ကျင့်ပြီးသား ဖြစ်သွားပြီ။ ဖြစ်သွားလို့ရှိရင် အရဟတ္တဖိုလ် တိုင်အောင်သော ပဋိဝေဓ အသိဉာဏ်တွေ တပည့်တော်တို့ရဖို့ သေချာတယ်။ ဒီတော့ ဒကာ ဒကာမများဟာ ငါတို့သိက္ခာသုံးရပ် ပဋိပတ်ကို ဖြည့်စွမ်းနိုင်ရေးအတွက် အမိမက အဖမက အကူ အညီ ပေးကြပါတကားလို့ သူတို့ကျေးဇူးကို ထောက်ထားပြီးတော့ မိမိတို့ရဲ့ လုပ်ငန်းစဉ်ဖြစ်သော ဒီဃနိကာယ, မဇ္ဈိမနိကာယ, သံယုတ္တ, အင်္ဂုတ္တရ, ခုဒ္ဒကနိကာယ=နိကာယ်ငါးရပ်၊ ဝိနယ, အဘိဓမ္မာ, သုတ္တန္တ ဆိုတဲ့=ပိဋကသုံးသွယ် ဓမ္မက္ခန္ဓာ ဒေသနာထဲမှာသာ မိမိတို့စိတ်ကိုထား၍ ဒကာ ဒကာမတို့ရဲ့ အကျိုးလည်းပြီးအောင် မိမိတို့ရဲ့ နိယာနိက အကျိုးလည်း ဖြစ်အောင် ကျင့်ဆောင်နိုင်ကြပါစေ သတည်းလို့ တပည့်တော် ယခင်ဂါထာကိုပင်လျှင် ကြိယာပုဒ်ကို အာသီသ ပြောင်းပြီးတော့ ပါဠိလိုပဲ အရှင်တို့အတွက် ဆုတောင်းပါ့မယ် -

သာဂါရာ၊ အနဂါရာစ၊ ဥဘော အညောညနိဿိတာ။
အာရာဓယန္တု၊ သဒ္ဓမ္မံ၊ ယောဂက္ခေမမနုတ္တရံ။

သာဂါရာစ=အိမ်ရာတည်ထောင် လူ့ဘောင်နေသူ ဒကာဟူသမျှတို့သည်လည်းကောင်း။ အန ဂါရာစ=အိမ်ရာမထောင် ရဟန်းဘောင်နေသူ ဆရာဟူသမျှတို့သည်လည်းကောင်း။ ဥဘော=ဆရာ

http://www.dhammadownload.com



ဒကာ နှစ်ဦးသားတို့သည်။ အညောသည နိဿိတာ=အချင်းချင်း ပစ္စယ ဓမ္မ အမှီရကြကုန်လျက်။ ယောဂက္ခေမံ=ယောဂလေးတန် ကုန်ရာကုန်ကြောင်း မှန်သော။ အနုတ္တရံ=အတုမရှိ လွန်မြတ်သော။ သဒ္ဓမ္မံ=ပရိယတ္တိသဒ္ဓမ္မ, ပရိပတ္တိသဒ္ဓမ္မ, ပဋိဝေဓသဒ္ဓမ္မ တည်းဟူသော သဒ္ဓမ္မသုံးဖြာ သာသနာတော်သုံးရပ်ကို။ အာရာဓယန္တု=အရဟတ္တဖိုလ်ပေါက် ပြီးမြောက်အောင်တစေ ချီးမြှောက်ရွက်ဆောင်တော်မူနိုင်ကြပါစေသတည်း။

နိကာယ ဘာဏက နိကာယဓမ္မာစရိယ ဝင်ရောက်ဖြေဆိုဖို့ရန် ကြွရောက်လာသော သာသနာ့အာဇာနည်အလျာ အရှင်ကောင်းတို့ ...။ အရှင်တို့သည် တပည့်တော်တို့ထက် အင်မတန် ကံကောင်းတယ်လို့ ဆိုရပါမယ်။ တပည့်တော်များ တိပိဋကဝင်စဉ် အခါတုန်းက အရှင်တို့လို အချီးအမြှောက်မခံခဲ့ရပါဘူး၊ တစ်နည်းအားဖြင့်ပြောရင် ဆင်းဆင်းရဲရဲနဲ့ တိပိဋကပန်းတိုင်ကို ချီတက်ခဲ့ရပါတယ်။ ဆင်းဆင်းရဲရဲဆိုတာ တပည့်တော်အနေနဲ့ ဟို ... အစားကောင်း မစားရလို့၊ အဝတ်ကောင်း မဝတ်ရလို့၊ ကျောင်းကောင်းမနေရလို့ သည်လို မဆိုလိုပါဘူး။ ခုနက သန္တောသဆိုတာလို သန္တုဿကောစ အရ မိမိရှိတာနဲ့ ရောင့်ရဲတင်းတိမ် ကျေနပ်တာ၊ ဒါ တပည့်တော်တို့ ဘုရားသားတော်များ မွေးမြူရမယ့် တရား-မွေးမြူရမယ့်စိတ် ဖြစ်ပါတယ်။

အဲဒီ မွေးမြူရမယ့်စိတ်နဲ့ တပည့်တော်တို့ လာခဲ့တော့ အဝတ်အတွက် အစားအတွက် တစ်စုံတစ်ရာ မကျေနပ်ချက် မရှိခဲ့ပါဘူး။ အဝတ်ဆိုပါစို့၊ အရှင်ဘုရားတို့အနေနဲ့ အင်မတန် ကံကောင်းပါတယ်။ တပည့်တော်တို့ ဟိုဘက်ခေတ်တုန်းက ဗြိတိသျှခေတ်မှာ ဆိုပါတော့။ တကယ်တည်းဝံသာနုနဲ့ ဟိုဗြိတိသျှနဲ့ အပြိုင်အဆိုင်ပေါ့လေ ချီတက်ကြတဲ့နေရာမှာ ဖျင်သင်္ကန်းကိုပဲ ဝတ်ရတယ်။ ယနေ့ အရှင်ဘုရားတို့မှာ သင်္ကန်းဆိုရင်လည်းပဲ တက်ထရွန်တို့ ဖော့တို့နဲ့ ဒကာ ဒကာမတွေကလည်း ဘယ်လောက်ဖြစ်ဖြစ် တစ်ခါတည်း ကိုယ့်ကိုယ်တော်တွေကို တစ်ခါတည်း သားအရှင်းတမျှအမြတ်တနိုး ပူဇော်ကြတယ်။ ဒါကြောင့် တပည့်တော်တို့အနေနဲ့ ကြည့်ရင် ယနေ့ ကိုယ်တော်တို့ဟာ တို့ထက် ကံကောင်းသဟ-အဝတ်လည်းကံကောင်း၊ အစားလည်းကံကောင်းတယ်။

အင်း-နေရတဲ့ကျောင်းဟာ ထို့အတူပဲ ကံကောင်းတယ်။ သရီရဝလဥ္ဇနကိစ္စ ခန္ဓာကိုယ် သန့်ရှင်းသုတ်သင်မှု ကိစ္စတွေ-တို့ကိုယ်တော်တွေ ဘယ်လိုချမ်းသာပါ့မလဲ၊ အလေးအနက် စဉ်းစားပြီးမှ ဒကာ ဒကာမတွေဟာ ပြုလုပ်တာဖြစ်တယ်။ ဦးပဥ္စင်းတို့ သေချာစဉ်းစားကြည့်၊ တပည့်တော်ကုန်ကုန်ပြောကြစို့- တပည့်တော်တို့ ဆရာသမားနဲ့ နေစဉ်အခါ ဆရာသမား မရှိပြီးတဲ့နောက်ပိုင်းမှာ အကြီးအကဲ လုပ်ပြီးတော့ နေခဲ့ရတဲ့ လေး ငါး ဆယ်နှစ်လောက်ဟာ သရီရဝလဥ္ဇန ကိစ္စအတွက် တော်တော်လှမ်းတယ်ဘုရား။ တော်တော်.... ညညမှာဆိုရင် အင်မတန် ဆင်းရဲပါတယ်။ အဲဒီလို အကြီးအကဲအနေနဲ့ နေခဲ့လို့ နှစ်ပေါင်း နှစ်ဆယ်ကျော်လောက်ရှိမှ ကျောင်းဒကာကြီး တပည့်တော့်ကျောင်း ဦးပဥ္စင်းတို့ ရောက်ဖူးသားပဲ၊ ကျောင်းပေါ်တင်ပဲ သရီရဝလဥ္ဇန ကိစ္စဖြစ်အောင် ပြုလုပ်

http://www.dhammadownload.com



ပေးတယ်။ အဲဒီလို ပြုလုပ်တဲ့အခါမှာ တပည့်တော်က ပြောတယ်၊ ဘာပြုလို့လဲဆိုတော့ ကိုယ်က ခပ်ဝေးဝေး သွားနေကျဆိုတော့ ဟိုတုန်းက ညဉ့်က မပျောက်ဘူး။ ကျောင်းဒကာကြီးကို ပြောတယ်၊ ခင်ဗျားဗျာ ဒီဥစ္စာ ဒါလောက်ကြီးမှ လုပ်တယ်။

သူဆောက်တဲ့ ဗုဒ္ဓဝင်ကျောင်းဆိုတာလဲ၊ သူဟာ ဘာရှိလဲ အရှေ့ဘက် အနောက်ဘက် ဆယ့်ရှစ်ပေဆိုတာ ရှိတယ်။ အရှေ့အနောက် တောင်မြောက် ပြေးထားတဲ့ ယက်မကြီးတွေက ရှစ်နှစ် (၈ လက်မ× ၂ လက်မ) ကြီးတွေဗျာ။ ရှစ်နှစ်ကြီးတွေက နှစ်သွယ်၊ ဆင့်ကလဲအပေါ့ဗျာ၊ နှစ်သွယ်ပြေးဖို့ မလွယ်ဘူး။ ဒါနဲ့ သူကိုပြောရတာ "ဒကာကြီး ဆောက်လိုက်တာ ခင်ဗျားကျောင်းပေါ် ဆင်တက်မှာကြလို့"။ တပည့်တော်က သည်လိုပြောလိုက်တယ်ဆိုတော့ ကျောင်းဒကာကြီးက ဘာပြောသလဲဆိုတော့ "ကိုယ်တော်တဲ့၊ တပည့်တော်တို့က နောက်က အဆက်အနွယ် အမွေခံ မရှိဘူး၊ ကိုယ်တော် တကတည်းကျောင်းကို တပည့်တော်တို့က ခိုင်သည်ထက်ခိုင်အောင် တပည့်တော်တို့ စဉ်းစားဆောက်တာပါ"လို့ ပြောတယ်။

အင်း ... တစ်ခါ ဦးပဋ္ဌင်းတို့တွေ ကျောင်းကို ဝင်သွားယင် မုန်ကျောင်းဆိုတာ၊ ဒုတိယ ကျောင်းပေါ့လေ။ ဝင်ဝင်ချင်း အနောက်ဘက်ကကျောင်း။ အဲဒီမုန်ကျောင်းလဲ သူ့ဝရန်တာဟာ (၃ လက်မ× ၃ လက်မ) သုံးပတ်လည်ကြီးတွေကို တစ်ခါတည်း ကြက်ခြေခတ်ပြီးတော့ တကတည်း ဝရန်တာထည့်တော့ ဒကာကြီးရာ လွန်လွန်း၊ တကတည်း (၃ လက်မ× ၂ လက်မ) သုံးနှစ်လောက်ဆို တော်ရောပေါ့ဗျ"။

"မဟုတ်ဘူး ကိုယ်တော်၊ စာသင်သားနေတယ်ဆိုတာ ဘုန်းကြီးကွယ်ရာကျတော့ ဟောဒီလို ဝရန်တာပေါ်မှာ ဒီလိုထိုင်တာကိုယ်တော်" ဒီသူက ထိုင်ပြတယ်။ "အဲဒီလို ထိုင်နိုင်အောင် လှုပ်နိုင်အောင် တပည့်တော်က လုပ်တာ" ကျောင်းဒကာကြီးက အဲဒီလို ပြောတယ်။

တစ်ခါ ကျောင်းပေါ်မှာ ရေချိုးခန်း ကုဋီလုပ်တော့ "ခင်ဗျားဘုန်းကြီးသည်လောက် မအိုသေးပါဘူးဗျ"ဆိုတော့ "ကိုယ်တော်အသက် ၆၀ ကျမှ သိမယ်"တဲ့ ကျောင်းဒကာကြီးက ပြောတယ်။ ဟုတ်လဲဟုတ်တယ်။ ကိုယ်တော်တို့ ၆၀ ဒီဘက်ကျတော့ ပိုပြီးတော့ ကျောင်းဒကာကြီး အမြင်သန်ပါပေတယ်လို့ အောက်မေ့တယ်။ တပည့်တော်တို့ကျတော့ အသက် ၅၀ လောက်ကျမှ ဟို ... သရီရဝလဥ္ဇနကိစ္စတို့ ဘာတို့ လွယ်တာ။

အခု ဦးပဋ္ဌင်းတို့မှာ အခုကတည်းက သရီရဝလဥ္ဇနကိစ္စတွေ ဘာတွေကို ချမ်းချမ်းသာသာ ဖြစ်သော အဖွဲ့နဲ့ အသင်းနဲ့ အများကြီးကံကောင်းတယ်လို့ တပည့်တော် ဦးပဋ္ဌင်းတို့ကို ပြောချင်တယ်။ ပြီးတော့ အခုနက ဥက္ကဋ္ဌကြီးဖြစ်တဲ့ ဦးပဋ္ဌင်းတို့ မိခင်ကြီးပေါ့၊ ဆရာဝန်ကြီးဦးသာလှက ပြောသွားတယ်။ အရှင်ဘုရားတို့ ဝိဝေကဖြစ်အောင် တပည့်တော်တို့ စီမံပါတယ်။ ဦးပဋ္ဌင်းတို့ သိပြီးသားပဲ။ ဝိဝေကသည် သုံးပါးရှိတယ်။

http://www.dhammadownload.com



(၁) ကာယဝိဝေက၊

(၂) စိတ္တဝိဝေက၊

(၃) ဥပဓိဝိဝေက၊

(၁) ကာယဝိဝေက=အာရုံငါးပါးတွေ မထွေမပြားဘဲနဲ့ ဝေးနိုင်သမျှဝေးအောင် ကင်းနိုင်သမျှ ကင်းအောင် တပည့်တော်တို့ စီမံထားပါတယ်ဆိုတာ ဥက္ကဋ္ဌကြီး-ဦးပဍ္ဍင်းတို့ မိခင်ကြီးပြောတဲ့ စကားဟာ ကာယဝိဝေကကို ပြောတာ မှန်တယ်။ ဒကာ ဒကာမက ကာယဝိဝေကဖြစ်အောင် ဆိတ်ငြိမ်သောအရပ်မှာ ကျောင်းဆောက်ပေးတယ်။ ဒါဟာ အတတ်နိုင်ဆုံး ဒကာဒကာမတို့ဘက် ကတော့ အပြုအစု အရှင်ဘုရားတို့ ရခဲ့တယ်။

(၂) စိတ္တဝိဝေက=ဒကာ ဒကာမတွေ ပြုလုပ်ပေးလို့ မရနိုင်ဘူး။ စိတ္တဝိဝေက ဖြစ်အောင်က မိမိရဲ့စိတ်ထဲမှာ လောဘ ဒေါသ မောဟ မာန်မာန အကုသိုလ်တွေ မဖြစ်အောင် အကုသိုလ်တွေ ဆိတ်သုဉ်းအောင် ဆိုတာက ဦးပဍ္ဍင်းတို့ ကိုယ်တိုင်ကို အတ္တသမ္မာပဏိဓိစက်ရှိမှ ပြည့်မှ ပြည့်စုံမှာ။ ဒကာ ဒကာမက ကာယဝိဝေက ဖြစ်အောင် စီမံပေးတယ်။ စီမံပေးတဲ့ကိစ္စမှာ ဦးပဍ္ဍင်းတို့ တချို့ နေရာမှာ သက်ဆိုင်ရာ ဒကာ ဒကာမက မကျေနပ်တဲ့ အခြေအနေကို ရောက်နိုင်တယ်။ အဲဒီလို မကျေနပ်လို့ သူမကျေနပ်တာ တခြား၊ မုန်းချင်မုန်းပါစေ တို့ကိုယ်တော်တွေမှာ ကာယဝိဝေက ဖြစ်အောင် စီမံမယ်၊ အမုန်းခံပြီးတော့ စီမံတာ ဦးပဍ္ဍင်းတို့။ ဆိုကြပါစို့၊ တစ်ပါးတည်း နှစ်ပါးတည်း နေတာလဲ မဟုတ်ဘူး။ အများနဲ့နေတော့ ဒီကျန်တဲ့ကိုယ်တော်က စာကြည့်ချင်တယ်၊ မိမိက ဒကာ ဒကာမနဲ့ စကားတွေ ဖောင်အောင်နေ၊ ဟိုစာကြည့်တဲ့ပုဂ္ဂိုလ်မှာ သမာဓိ ပျက်တယ်။

အဲဒီတော့ ဒီဥစ္စာတွေကို အကုန် အလေးအနက် စဉ်းစားပြီးတော့ အမုန်းခံ၍ ဒကာကြီးများက ကာယဝိဝေကကို ပြုလုပ်ပေးရင် ပခုံးထမ်းညီအောင် ဦးပဍ္ဍင်းတို့ တပည့်တော်တို့ စိတ္တဝိဝေက ဖြစ်အောင် ကျင့်ရမှာ။ ဒါ ...တပည့်တော် အလေးအနက် ဦးပဍ္ဍင်းတို့ကို သတိပေးတယ်။ စိတ္တဝိဝေကဆိုတာ မိမိစိတ်ထဲမှာ လောဘ ဒေါသ မောဟ မာန အစရှိတဲ့ အကုသိုလ်တွေ ဆိတ်သုဉ်းအောင် ကျင့်သုံးခြင်း=စိတ္တဝိဝေက ခေါ်တယ်။

အဲဒီလို ဒကာဘက်က ကာယဝိဝေက မိမိတို့ဘက်က စိတ္တဝိဝေကဖြစ်အောင် ကျင့်သုံးပါမှ သူရဲ့ အစွန်းအမြတ်သဘောရှိတဲ့ ဥပဓိဝိဝေကခေါ်သော သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ ဆိုတဲ့ ဥပဓိဝိဝေကနိဗ္ဗာန်ကို မျက်မှောက်ပြုဖို့ရန်ရယ်လို့ တပည့်တော်တို့ သာမဏေဘဝကတည်းက တက်ခဲ့တာ၊ တစ်ခါ ရဟန်းပြုပြန်တော့လဲပဲ ဥလ္လုမ္ပတု ဥဒ္ဒရတု=မည်းညစ်သော သံသရာအဖို့ထဲမှ နိဗ္ဗာန်အဖို့ရောက်အောင် ထုတ်ဆောင်ကယ်တင်ပါ၊ တပည့်တော် နိဗ္ဗာန်ရောက်အောင် သွားချင်လို့ပါ၊ ဒီရည်ရွယ်ချက်နဲ့ သာသနာမှာ ရှင်အဖြစ် တက်ခဲ့တယ်၊ ရဟန်းအဖြစ်တက်ခဲ့တယ်၊ အဲဒီ ရည်ရွယ်ချက်ရဲ့ ပန်းတိုင်ဟာ နိဗ္ဗာန်ပဲဗျ။ ဥပဓိဝိဝေကဆိုတာ နိဗ္ဗာန်ကိုပဲ ခေါ်တယ်။ အဲဒီတော့

http://www.dhammadownload.com



တို့ကို ဒကာကြီးတို့တွေဟာ မိမက ဘမက ငါတို့ကို ပြုတယ်။ တပည့်တော်တို့တော့ မှန်တာ ပြောမယ်။ တပည့်တော်ရဲ့ မိဘကလဲပဲ ဆင်းရဲသားပဲ၊ ဦးပဥ္စင်းတို့ မိဘကလဲပဲ ဆင်းရဲသားပဲ၊ ဘာပဲပြောပြော တပည့်တော်တို့ရဲ့ မိဘတွေ တပည့်တော်တို့ကို ဒီလောက်ချမ်းသာအောင် မထားနိုင်ဘူး၊ ချမ်းသာအောင် မပြုနိုင်ဘူး၊ ထို့အတူပဲ ဦးပဥ္စင်းတို့ မိဘတွေ ဘယ်လိုနည်းနဲ့မှ အခုလို ချမ်းသာအောင်မပြုနိုင်ဘူး။

အခု သူတို့ တကတည်း ဝမ်းပန်းတသာ မိမက ဘမက ငါတို့ကို သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေး ဘာမှ မငြိုငြင်ရအောင် ပြုတဲ့အပြင် ငါတို့အား နိဗ္ဗာန်ရောက်အောင် ကျေးဇူးဆောင်နိုင်တဲ့ ကာယဝိဝေကဖြစ်အောင် အမှန်းခံ၍ စီမံပေးတယ်။ စိတ္တဝိဝေက ရအောင်လုပ်ဖို့ဟာက ဒကာ ဒကာမတို့က လုပ်ပေးလို့ မရဘူး၊ စိတ္တဝိဝေက မိမိကိုယ်တိုင် ပြုလုပ်ယူရမယ့် တရားဖြစ်တယ်။ အဲဒီလို ကိုယ်ကာယဝိဝေကက ဒကာတွေရဲ့ ဆောင်ရွက်ချက်နဲ့ မိမိတို့ဘက်က စိတ္တဝိဝေကနဲ့ ပခုံးထမ်းညီအောင် ဆောင်ရွက်ဖို့ လိုအပ်တယ် ဦးဇင်းတို့ ...။

တပည့်တော် ပြောနေကျ ဒကာ ဒကာမတွေက ဒါန ဒါနမို့လို့ ဟာကတည်း သိပ်ပြီးတော့ နောက်မဆုတ်တမ်း ပြုလုပ်ကြတယ်။ တစ်ခါတလေ သူတို့က ပြောတယ်၊ ဆရာတော်ဘုရား ဟောတာ ပြုတာ ကြာတယ်။ တပည့်တော်က ကြာကြာတရားဟောတာ တခြားမဟုတ်ဘူး။ သူတို့ရဲ့ ပစ္စယာနုဂ္ဂဟနဲ့ လိုက်လျောညီထွေဖြစ်အောင် မိမိဘက်က ဓမ္မာနုဂ္ဂဟကလည်း လိုက်လျောမှ ကိုက်တာ။ ဒါမှမဟုတ်လို့ရှိရင် ပခုံးထမ်းခြင်း၊ သူတို့က ရှေ့ရောက် ကိုယ်က နောက်မှာ နေရစ်ခဲ့ရင် ဆရာဒကာ ရှေ့ကသွားရမယ့်ဆရာက နောက်ရောက်နေရင် မကောင်းဘူးဗျ။ အဲသည်တော့ ပြောရတယ်။ ဒကာကြီးတို့ဘက်ကလည်း လျှော့ဦးဗျာ၊ အင်း ကျုပ်တို့က တကတည်း နောက်ကျန် နေရစ်ခဲ့လိမ့်မယ်။ ဒါကြောင့်မို့ နောက်မကျန်အောင်လို့ ကြိုးစားရတာပါ။ အင်း အဲဒီလို ပြောရတယ်၊ ပြေလည်း ပြေပြစ်အောင်ပေါ့လေ။

ဦးဇင်းတို့ တပည့်တော်တို့ စိတ္တဝိဝေကကို ကိုယ်တိုင်လုပ်ယူရမယ့်တရား။ ဒကာ ဒကာမတို့ရဲ့ ကာယဝိဝေက၊ မိမိတို့ရဲ့ စိတ္တဝိဝေက သည်နှစ်ခုပေါင်းမိလို့ရှိရင် အကျိုးအမြတ်အနေနဲ့ ဥပဓိဝိဝေကဖြစ်သော နိဗ္ဗာန်ကို ဧကန်မုချ သာမဏေဘဝတက်တုန်းက ရဟန်းဘဝတက်ရောက်တုန်းက ရည်ရွယ်ချက် ပန်းတိုင်ဖြစ်တဲ့ နိဗ္ဗာန်တည်းဟူသော ဥပဓိဝိဝေကကို ရမှာ ဧကန်အမှန်ပဲ။ ဒီတော့ ဥပဓိဝိဝေက ရအောင် ငါတို့က စိတ္တဝိဝေက ဘယ်လိုလုပ်ရမလဲဆိုရင် တစ်ခုပဲပြောမယ်။ တပည့်တော်များစွာ ကျင့်ဖို့ မပြောဘူး၊ ဦးဇင်းတို့သည် တိပိဋကကျောင်းတိုက်ကို လာပြီးတော့ သီတင်းသုံးတာဟာ ရည်ရွယ်ချက်တစ်ခုတည်းရယ်။ ဘာလဲဆိုတော့ မိမိရည်သန်တဲ့ တိပိဋကနိကာယ စာပေများကို ကျက်ဖို့ ကြဲ့ဖို့ အံ့ဖို့ ကြည့်ဖို့ ဆိုပြီးတော့ ပရိယတ္တိအလုပ်ကို လုပ်ဖို့ဆိုပြီး ရည်သန်ချက် တစ်ခုနဲ့ လာတာ။ ဒါဦးဇင်းတို့ရဲ့ ရည်သန်ချက်။

http://www.dhammadownload.com



တစ်ခါ တပည့်တော်တို့ဘက်ကနေ နာယကအဖွဲ့နဲ့တကွ စီစဉ်ထားတာက ဦးပဥ္စင်းတို့ နေသမျှသော ကျောင်းတွေ အခုနေဆဲဖြစ်တဲ့ တိပိဋကကျောင်းဟာ တပည့်တော်ရဲ့ ပုဂ္ဂလိကကျောင်းလဲ မဟုတ်ဘူး။ နှစ်ပါး သုံးပါးရဲ့ ဂဏက ဂဏသန္တကကျောင်းလဲ မဟုတ်ဘူး။ သံဃာအားလို့ သမ္မုတိဒါန်ထားပြီးလှူတဲ့ သံဃိကကျောင်းလဲ မဟုတ်ဘူး။

နိကာယ်ငါးရပ် ပိဋကသုံးပုံတည်းဟူသော ပရိယတ်သာသနာအား လှူတဲ့ သာသနိကကျောင်း၊ ဦးပဥ္စင်းတို့ အခုနေရတဲ့ကျောင်းလဲ သာသနိကကျောင်းပဲ။ ဟို ... မင်းကွန်းမိုးမိတ်မှာနေတာလဲ သာသနိကကျောင်းပဲ၊ အကုန်လုံးဟာ သာသနိကရယ်။ ဒီတိပိဋက နိကာယ သာသနာပြုအဖွဲ့ရဲ့ ဆောင်ရွက်ချက်တွေဟာ သာသနိကပဲ၊ အကုန်လုံး သာသနာက ပိုင်တယ်။

အဲဒီ သာသနိကကျောင်း သာသနိကဖြစ်သော ပစ္စည်းလေးပါးကို မိမိတို့က ပရိယတ္တိ သာသနာ့ဝန်ကို ထမ်းဆောင်နေသည့်အတွက် သုံးဆောင်နိုင်ခွင့်၊ ဒီသာသနိကကျောင်းနဲ့တကွ ပစ္စည်းလေးပါး သုံးဆောင်နိုင်ခွင့် ရှိတယ်။ အကယ်၍ မိမိတို့သည် ပရိယတ္တိသာသနာ ပဋိပတ္တိ သို့သော် အဓိကက ပရိယတ္တိသာသနာနော်၊ ပရိယတ္တိ သာသနာအလုပ်ကိုမလုပ်၊ စိတ်ကို ပို့ဆောင်လို့ မရရင် သည်ကျောင်းတွေ နေကိုမနေထိုက်ဘူး။ ဒါတပည့်တော် သဘောအတိုင်း သဘာဝဓမ္မ ရပ်တည်ပြီးတော့ ပြောတာ။ ဒီမိမိတို့ ပရိယတ္တိသာသနာ့ဝန်ကို အားသွန်ကြိုးပမ်းထမ်းဆောင်လိုတဲ့ ရည်ရွယ်ချက်နဲ့လဲပဲလာတယ်။ ထမ်းဆောင်နိုင်တဲ့ ပစ္စည်းလေးပါးကိုလဲ အဆင်သင့်နဲ့ မိမိမှာ ကြုံတွေ့နေရပြီ။ ဤအချိန်မှာ မိမိတို့ရည်ရွယ်တဲ့ အလုပ်တစ်ခုတည်းပဲ လုပ်ပါ။ နိကာယ်ငါးရပ် ပိဋကသုံးပုံကို ကျက်-အံ-ကြံ-ကြည့်ဆိုတဲ့ ပရိယတ်အလုပ်ကို ကိုယ့်ရည်ရွယ်ချက်အတိုင်း ဒါ တစ်ခုတည်းပဲ လုပ်ပါ။

အခု တပည့်တော် ပြောရင်း ပြောရင်း ဦးပဥ္စင်းတို့ကို တပည့်တော် ကြားဖြတ်ပြောလိုတာက ဦးပဥ္စင်းတို့မှာ တချို့-တချို့-တချို့ စိတ်ဓာတ်ဟာ အင်မတန် သေးသိမ်ပါတယ်။ သေးသိမ်တယ်ဆိုတာ ရည်ရွယ်ချက်ကတခြား၊ အလုပ်အကိုင်ကတခြား၊ ကထောင်မြီးတခြား တင်တစ်ပါးဖြင့် မိမိတို့ ရည်ရွယ်ချက်က ငါတို့သည် နိကာယ်ငါးရပ် ပိဋကသုံးပုံကို နာရီပြည့် လုပ်ဆောင်နိုင်အောင် ကြိုးစားနိုင်အောင် ဆိုပြီးတော့ ရည်ရွယ်ချက်နဲ့ သွားတယ်။ ရည်ရွယ်ချက်နဲ့ တိပိဋကကျောင်းတိုက်မှာနေတာ။ အဲဒီကျောင်းတိုက်လဲပဲ အဲဒီတိပိဋကနိကာယ်တွေကို ကျင့်-ကြံ-အံ-ကျက်နေတဲ့ ကိုယ်တော်တွေအဖို့ သုံးဆောင်ကောင်းသော သုံးဆောင်ထိုက်သော ကျောင်းလဲဟုတ်တယ်။ အဲဒီမှာ ရောက်တော့မှ အလွဲလွဲအချော်ချော် စိတ်ကူးတွေ ချော်ကုန်တယ်။ ဒါဦးပဥ္စင်းတို့လဲပဲ ရည်ရွယ်ချက် မအောင်မြင် တစ်နည်းအားဖြင့် မထိုက်တန်သော ပုဂ္ဂိုလ်တွေ ဖြစ်ပြီးတော့ မိမိတို့မှာ အပြစ်ကြီးလေးတယ်။ ဒီလိုပဲ ပြောကြစို့၊ တိုက်ရိုက်တဲ့တိုး။

http://www.dhammadownload.com



အဲဒီတော့ အပြစ်ကြီးလေးတော့ မိမိတို့စိတ် ညံ့ဖျင်းနေတာကို ပြင်ရင်ရတယ်။ ဘယ်–စိတ်ဆိုတာ အမိမွေးကတည်းက ပကတိ ဘယ်ကောင်းမလဲ။ ပုထုဇဉ်စိတ်ဆိုတာ ဟိုတောင်ပေါ်က ရေသည် တောင်အောက်ကျ၊ ဘာမှ စက်တွေ ဘာတွေ မလိုဘူး။ သူ့အလိုလို လျှောကျသွားတယ်။ အဲဒီညံ့တဲ့အပိုင်းကို စိတ်ဟာ အင်မတန် ဆင်းလွယ်တယ်။ အဲဒီတော့ သတိပြု၊ မြင့်မားသော မြင့်မြတ်သောစိတ်ဓာတ် တကယ့်အမျိုးကောင်းသားပီပီ ဦးပဥ္ဇင်းတို့ကို ဒီတိပိဋက နိကာယ သာသနာပြုအဖွဲ့တင် မကဘူး။ တစ်တိုင်းတစ်ပြည်လုံးက တနည်းအားဖြင့် နိုင်ငံတော်အစိုးရနဲ့တကွ တိုင်းပြည်လူထုက မြင့်မြတ်တဲ့ စိတ်ဓာတ်ရှိတဲ့ ပုဂ္ဂိုလ်တွေပဲလို့ ဒီလို အသိအမှတ်ပြုတယ်။ သူတို့ ပြုတဲ့ အသိအမှတ်နဲ့ လိုက်လျောအောင် ကိုယ်ရည်ရွယ်တဲ့ ဥပမိဝိဝေကဖြစ်တဲ့ နိဗ္ဗာန်ကိုလဲပဲ မျက်မှောက်ပြုနိုင်အောင် ဦးပဥ္ဇင်းတို့ စိတ်ထဲမှာ မဟုတ်တရုတ် အကုသိုလ်စိတ်တွေ မဝင်အောင် ဝိဝေကမှာ စိတ္တဝိဝေကဖြစ်အောင် ကျင့်ဆောင်နေကြ၊ စိတ်ဓာတ်ကိုမြင့်၍ မြင့်၍ မြတ်အောင် တင်ကြပါ။

အဲဒါကတော့ ကိုယ့်စိတ်ဓာတ်ကို မြင့်မြတ်အောင် ပြုလုပ်ရတာက ဟို–အောက်မြေပြင်က ရေကို တောင်ပေါ်တင်ရတာနဲ့တူတယ် ကိုယ်တော်တို့ ...။ အောက်မြေပြင်က ရေကို တောင်ပေါ် တက်ချင်ရင် စက်အားကောင်းကောင်းနဲ့ တင်ပေးရတယ်။ အဲဒါလိုပဲ ဦးပဥ္ဇင်းတို့ နှလုံးသွင်းကောင်းအောင်၊ အင်း–ယောနိသော မနသိကာရ စက်အားကောင်းကောင်းနဲ့ တင်ပေးလိုက်ရင် တကတည်း အသက်မရှိတဲ့ရေကိုတောင်မှ အသက်မရှိတဲ့ စက်ကနေပြီးတော့ နည်းလမ်းမှန်ရင် တက်သေးတာပဲ။ အခု မိမိတို့မှာ အသက်ရှိတဲ့ ဥပါဒိန္နက ခန္ဓာအစဉ် ဘာဖြစ်လို့ ဒါမဖြစ်ဘဲ ရှိရမှာလဲ။ စိတ်ထဲမှာ ဦးပဥ္ဇင်းတို့ မြင့်ကြ မြတ်ကြ။ ဦးပဥ္ဇင်းတို့ စိတ်ထဲမှာ မြင့်အောင် မြတ်အောင် တပည့်တော် တိုက်တွန်းပြောနေတယ်၊ နည်းပေးနေတယ်။

အတိုချုပ် နောက်ဆုံး နိဂုံးပြောမယ်။ ဒကာဒကာမဘက်က ကာယဝိဝေကဖြစ်အောင် မိမကာ ဘမက ကူညီပြုစုတဲ့ ထိုလုပ်ငန်းစဉ်ကို အာရုံပြုတဲ့ မိမိတို့ဘက်က စိတ္တဝိဝေကဖြစ်အောင် မိမိတို့ စိတ်အစဉ်၌ လောဘ ဒေါသ မောဟ အကုသိုလ်တရားတွေ မဝင်အောင် ကျင့်ဆောင်နိုင်ကြပါစေ။ အဲဒီလို ကျင့်ဆောင်သဖြင့် ကာယဝိဝေက စိတ္တဝိဝေက အထောက်အပံ့အကြောင်းနှစ်ပါး ပြည့်စုံလုံလောက်ကြသဖြင့် အမြတ်ဆုံးသဖွယ်ဖြစ်သော ဥပဓိလေးတန် ဆိတ်ရာမှန်သည့် နိဗ္ဗာန်ရွှေပြည်မြတ်=နိဗ္ဗာန်ပရမတ်ကို အရဟတ္တဖိုလ်ပေါက် တို့တတွေ မျက်မှောက်ပြုရပါလိုကုန်၏ဟု ဆုတောင်းမျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

သာဓု ... သာဓု ... သာဓု

ဦးဝိစိတ္တသာရာဘိဝံသ
တိပိဋကဓရဆရာတော်

http://www.dhammadownload.com



ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေးအသင်း၏ ၁၃၄၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက် (၁၀-၃-၈၂) နေ့၌ ကျင်းပသော (၂၂) ကြိမ်မြောက် ဩဝါဒါစရိယပူဇော်ပွဲ အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု

# ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ မဟာထေရ် မြွက်ကြားသော

# ဩဝါဒကထာ

ရန်ကုန်မြို့၊ အဘိဓမ္မာ ပြန့်ပွားရေး အသင်းကြီး၏ ၁၃၄၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်နေ့၊ ဩဝါဒါစရိယပူဇော်ပွဲ အခမ်းအနားတွင် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ကိုယ်စား သံဝေဂ ဩဝါဒကထာ ပြောကြားလိုပါတယ်။

အပ္ပမတ္တာ သဒါ ဟောထ၊ ဥတ္တာ သခ်ါရဓမ္မတံ။
သကိစ္စ မနုယုဥ္ဇေထ၊ နတ္ထိ နော မစ္စုသင်္ဂရံ။

ဤ ဂါထာကို အခိပ္ပာယ် အတ္ထုပ္ပတ်နဲ့တကွ ဖော်ပြ၍ သံဝေဂ ဩဝါဒကထာစကား ပြောကြား လိုပါတယ်။ လွန်ခဲ့တဲ့ ၁၃၄၂ ခုနှစ်၊ နှစ်ဦးပိုင်းမှာ ဘုန်းကြီးအနေနဲ့ မမျှော်လင့်သော မကျန်းမာရေး ဖြစ်ခဲ့ပါတယ်။ ပွင့်ပွင့်လင်းလင်း ပြောရမယ်ဆိုရင် အနာတစ်ခု ပေါက်တဲ့အတွက် ထိုအနာကို ကျေးလက်ဆိုတော့ ကျန်းမာရေးမှူးနဲ့ပဲ ဆေးကုသ၊ အဲဒီကုတဲ့အခါ တာရာမိုင်စင်ကို အဖြေမပါဘဲ ကျန်းမာရေးမှူးလေးဆိုတော့ ကျန်းမာရေးမှူးနဲ့ပဲ ဆေးကုသ၊ အဲဒီကုတဲ့အခါ တာရာမိုင်စင်ဆေးပြား ကို အဖြေဆေးပြား အတွဲအဖက် မပါဘဲနဲ့ သူလည်း စေတနာနဲ့ပေးလို့ သုံးစွဲမိတဲ့အခါ ပေါက်သော အနာကား ပျောက်သွား၏။ သို့သော် ထိုတာရာမိုင်စင်ဆိုတဲ့ ဆေးပြားဟာ ကန့်တွေအများကြီးပါတဲ့ ဆေး ဖြစ်ပါတယ်။ ဘယ်လောက်ပဲ သိပ္ပံခေတ်ပညာနဲ့ ကန့်ကို သေအောင်လုပ်ထားပေမယ့် ကန့်ရဲ့ မူလအသွေးတွေဟာ ဒီတာရာမိုင်စင်ဆေးထဲမှာ မြင်ကိုနေရပါတယ်။

အင်္ဂလိပ်ပညာရှင်ကြီးများ ပြောကြတယ်၊ ဒုတ္တာတို့ ကန့်တို့ ဆေးဒန်းတို့ စိန်နီမြင်းသွားတို့ ဆိုတာဟာ ခတ်မင်းတွေတဲ့၊ သူတို့ကို မီးနဲ့မထိလို့ရှိရင် ကိစ္စမရှိဘူး၊ အစိမ်းလိုက် ဘယ်လိုစားစား ဘာမှအန္တရာယ် မရှိဘူးတဲ့၊ သူတို့ကို မီးနဲ့ တွေ့ပြီးမှတော့ မစားနဲ့၊ အဲဒီအချိန်မှာ သူတို့ဟာ ဒေါသထွက်နေပြီ၊ ဖောက်ပြန်နေပြီ၊ မှတ်လောက်သားလောက်ပါပဲ။ အဲဒီ တာရာမိုင်စင်ဆေးပြားဟာ ကန့်ပါတယ်၊ ထို ကန့်ဆိုတဲ့ ခတ်သတ္တိသည် အနာကို ပျောက်စေ ငြိမ်းစေတတ်တဲ့ သတ္တိရှိတာ အမှန်ပါပဲ၊ ရှိတဲ့အတိုင်း အနာတော့ ပျောက်၏။ သို့သော် သူကမီးနဲ့ တွေ့ထိထားတော့ အဆိပ်ဖြစ်

http://www.dhammadownload.com



ပြီးတော့ တစ်ခါတည်း အနာပျောက်ပြီးတဲ့အခါမှာ ညာဘက်တစ်ခြမ်း အထက်ပိုင်း ခေါင်းပိုင်း ကွက်ပြီးတော့ ထုံလာတယ်၊ ၂ ရက်၊ ၃ ရက်လောက်ကျတော့ အဆင်းဖော်က်ပြန်လာတယ်၊ ကြောက်ဖွယ်ပါတကားလို့ အောက်မေ့တယ်။

အဲဒီမှာ ကံအားလျော်စွာ ယနေ့ သမားတော်ကြီး ပါမောက္ခ ဆရာဝန်ကြီး ဒေါက်တာဦးသာလှနဲ့ နိုင်ငံတော်ဝန်ကြီးချုပ်ရယ်၊ နိုင်ငံတော် ကျန်းမာရေးဝန်ကြီးရယ်က တာဝန်ပေးချက်အရ ဆရာဝန်ကြီး ဦးသာလှ မန္တလေးမှာ ရှိနေစဉ် သူကိုယ်တိုင် တနင်္ဂနွေတစ်ပတ်မှာ သုံးကြိမ်လောက် လာပြီးတော့ ကြည့်ရှုပြုစု ကုသပေးခဲ့ပါတယ်၊ ပေးခဲ့တဲ့အတွက် တစ်နေ့ထက်တစ်နေ့၊ တစ်လထက်တစ်လ သက်သာပြီးတော့ လာခဲ့ပါတယ်။

ဆရာဝန်ကြီး အပြောကတော့ ဆရာတော် အမြစ်ပြတ်ပျောက်ဖို့ကတော့ နှစ်ပရိစ္ဆေဒကြာမယ် ဘုရား၊ ဒါပေမယ့် အားလုံးရဲ့မျက်စိအမြင်ထဲမှာ ၄ လအတွင်းမှာ ပကတိအခြေအနေကို ရောက်မယ်၊ အလွန်မှန်ပါတယ်။ ဒီထုံတဲ့သဘောက ကနေ့တိုင်အောင် ရာခိုင်နှုန်း နှစ်လောက် တစ်ခွဲလောက် ရှိသေးတယ်။ ဒို့ပြင်ပဟာတွေ အကုန်ပျောက်ကုန်ပါပြီ။

ထိုနှစ် ၁၃၂၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်နေ့ည သန်းခေါင်ကျော်အချိန်မှာ အိပ်မက် သဘော မက်ပါတယ်။ အိပ်မက်ထဲမှာ ဘာပြောလိုက်သလဲ။ ပုဂ္ဂိုလ်ရယ် မမြင်ပါဘူး၊ နားထဲမှာ ကြားသိသကဲ့သို့ ဇီဝိတသန္တတိ ၂ နာရီ ရှိတော့တယ်၊ တစ်ဦးတစ်ယောက်က ပြောသလို ဆတ်ဆတ် ကြားရတယ်။

အိပ်မက်၊ အိပ်မက်၊ ဒီတော့ ဇီဝိတသန္တတိ ၂ နာရီပဲ ရှိတော့တယ်ဆိုတော့ ရုပ်ဇီဝိတ နာမ်ဇီဝိတ သန္တာန်သည် အရှင်ဘုရားမှာ ၂ နာရီပဲ ဆက်တော့မယ်။ ၂ နာရီဆိုရင် ထိုရုပ်ဇီဝိတ နာမ်ဇီဝိတ သန္တာန်ပြတ်ပြီးတော့ ဘဝတဇာတ်သိမ်းရပါလိမ့်မယ်လို့ အဓိပ္ပာယ်ပေါ်ပါတယ်။ ဒီအခါမှာ စဉ်းစား ကြည့်တယ်။ ငါဟာ မဂ်ကိစ္စတစ်ပါးမှ မပြီးသေးတော့ ဘဝခရီးသွားရလျှင် ဘာကိုအားကိုးအားထား ပြုပြီး ငါသွားရပါ့မလဲလို့။ အဲဒီလို အိပ်မက်ထဲမှာ ဆက်ပြီးတော့ စဉ်းစားတယ်။

စဉ်းစားတဲ့အခါ ဒီ အိပ်မက်ထဲမှာပဲ တစ်ဦးတစ်ယောက်က ထပ်ပြီးတော့ ပြောလိုက်သလို ပညာ၊ ပညာ၊ ပညာလို့ သုံးခွန်းပြောတယ်။ တစ်ခါ အိပ်မက်ထဲမှာပဲ ဒီပညာက ဘာပညာပါလိမ့် ဆက်ပြီးတော့ စဉ်းစားတဲ့အခါကျတော့ မိမိနှလုံးသွင်းနေကျဖြစ်သော စူဠရာဟုလောဝါဒသုတ္တန်က လာတဲ့ -

စက္ခု၊ ရူပါရုံ၊ စက္ခုဝိညာဉ်၊ စက္ခုသမ္ဖဿ၊ စက္ခုသမ္ဖဿပစ္စယ၊ နာမ်ခန္ဓာလို့ အရှုခံ စက္ခုပဉ္စက၊ သောတသဒ္ဒါရုံ၊ သောတဝိညာဉ်၊ သောတ၊ သမ္ဖဿ၊ သောတသမ္ဖဿ ပစ္စယ၊ နာမ်ခန္ဓာလို့ သောတပဉ္စက။

http://www.dhammadownload.com



ထို့အတူ ဃာနပဉ္စက၊ ဇိဝှာပဉ္စက၊ မနော၊ ဓမ္မာရုံ၊ မနောဝိညာဉ်၊ မနောသမ္ဖဿ၊ မနောသမ္ဖဿ ပစ္စယ နာမ်ခန္ဓာလို့ မနောပဉ္စက။

ဤ ပဉ္စကခြောက်ပါးတရား တစ်ခုစီ တစ်ခုစီ အသေးစိတ်၊ စက္ခု အနိစ္စံ ဒုက္ခံ အနတ္တာ နေတံမမ, နေသောဟမသ္မိ, န မေသောအတ္တာ။

ရူပံ အနိစ္စာ ဒုက္ခာ အနတ္တာ, နေတံမမ, နေသောဟမသ္မိ, န မေသောအတ္တာ။

စက္ခုဝိညာဏံ အနိစ္စံ ဒုက္ခံ အနတ္တာ, နေတံမမ, နေသောဟမသ္မိ, န မေသောအတ္တာ။

စက္ခုသမ္ဖဿော အနိစ္စော ဒုက္ခော အနတ္တာ, နေတံမမ, နေသောဟမသ္မိ, န မေသောအတ္တာ။

ယမိဒံ စက္ခု သမ္ဖဿ ပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒနာဂတံ သညာဂတံ သင်္ခါရဂတံ ဝိညာဏဂတံ၊ တမ္ပိ အနိစ္စံ ဒုက္ခံ အနတ္တာ၊ နေတံမမ, နေသောဟမသ္မိ, န မေသောအတ္တာ။ စက္ခုပဉ္စကဓမ္မဝိပဿနာ။

ထို့အတူ သောတပဉ္စကဓမ္မဝိပဿနာ၊ ဃာနပဉ္စက၊ ဇိဝှာပဉ္စက၊ ကာယပဉ္စက၊ မနောပဉ္စက ဓမ္မဝိပဿနာ ပညာကို ဆိုလိုတယ်လို့ အိပ်မက်ထဲမှာ ဒီအတိုင်း၊ ညဏ်ထဲမှာ အောက်မေ့ပြီးတော့ ဖြုန်းခနဲ နိုးလာတယ်။

နိုးတယ်ဆိုရင်ပဲ နှုတ်က ဘာကို ရွတ်ဆိုမိသလဲ၊ ဥဒါန်းသဘော "သုညော ဝတ ဘော လောကော" အို လောကကြီးတစ်ခုလုံးဟာ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတစ်ပါး ယောကျ်ား မိန်းမ အတ္တလိပ်ပြာသဘောမှ ဆိတ်သုဉ်းစွတကားလို့ နှုတ်က ဥဒါန်းသဘော ကျူးရင့်မိပါတယ်။

အဲဒီလို ကျူးရင့်မိပြီးတော့ အိပ်မက်က နိုးပါတယ်။ အဲဒီလို ကျူးရင့်မိပြီးတဲ့အခါ (၁) မမေ့ မလျော့နဲ့ စကားတစ်ခွန်း၊ (၂) သေခြင်းတရားနဲ့ အချိန်းအချက်မရှိဘူး စကားတစ်ခွန်း၊ (၃) ဒီတော့ မိမိရည်သန်ထားသော ဓမ္မစီးပွားများကို အလုံးစုံပြီးဖို့ကတော့ အရဟတ္တဖိုလ်ရောက်မှ ပြီးမှာပဲ၊ သို့သော် ပြီးတန်သလောက် ပြီးအောင် အချိန်မဆွဲဘဲ ကြိုးစားအားထုတ်လို့ ဟောဒီလို သံဝေဂ စကားသုံးခွန်း အမြတ်ရလိုက်ပါတယ်။

အဲဒီ သံဝေဂကထာ စကားသုံးခွန်း အမြတ်ရလိုက်တဲ့ အချိန်ကစပြီးတော့ မိမိထံမှောက် ရောက် လာတဲ့ ဒကာ ဒကာမများအား ဥပနိသေနကထာ တရားစကား ပြောကြားတဲ့အခါ နောက်ဆုံးမှာ ဒီစကားသုံးခွန်း နိဂုံးအုပ်ပြီးတော့ ပြောလိုက်ရတယ်။ ငါသည် ဝတ္တရား ကျေပဟဲ့ စိတ်ထဲ အင်မတန် နှစ်သိမ့်ရပါတယ်။

ဤကဲ့သို့ လာရာက နောက်တစ်နှစ် ၁၃၂၅ ခုနှစ်ကျတော့ ဒကာလေးတစ်ယောက်က တန်ဆောင်မုန်းလဆန်း ၁၁ ရက်နေ့ ဆရာတော်မွေးနေ့မှာ တပည့်တော် ဓမ္မလက်ဆောင်အဖြစ်ဖြင့် ယပ်တောင်မှာ စာတမ်းကပ်ပြီးတော့ ကမ်းချင်လို့တဲ့၊ ယပ်တောင်မှာ ကပ်သင့်တဲ့ စာကလေးတစ်ခု ရေးပေးပါ၊ ဒီတော့ ဘုန်းကြီးများ နေကောင်းနေပြီ ပြောပါတော့၊ အသားအရေ ပကတိ ကောင်းလာ

http://www.dhammadownload.com



ပါပြီ၊ နေကောင်းပါပြီ။

အဲဒီအခါမှာ စိတ်ထဲက ဘာကို ဓမ္မလက်ဆောင် လူတွေအား ပေးသင့်တုန်းဆိုတော့ ခုတင်က သံဝေဂ စကားသုံးခွန်းကို ဓမ္မလက်ဆောင်အဖြစ်ဖြင့် လင်္ကာလေး ရေးပြီးတော့ ပေးရရင် ကောင်းမယ်လို့ စိတ်ထဲ အဲဒီလို အောက်မေ့တယ်။ အောက်မေ့ပြီးတော့ အကျဉ်းဖြစ်တဲ့ ဒီစကားသုံးခွန်းကို သံဝေဂ ဓမ္မလင်္ကာအနေနဲ့ ရေးသားလိုက်တဲ့အခါ –

ရုပ်နာမ်ဓမ္မ၊ သင်္ခါရတို့၊ ကိုယ်က ဤပုံ၊ ဖြစ်လိုတုံလဲ၊ တဖုံဆင်ကွဲ၊ သူတနဲဖြင့်၊ ဖောက်လွဲတတ်စွာ၊ ဓမ္မတာကို၊ ပညာစက္ခု၊ မျှော်ထောက်ရှုဉ်၊ ယခုပင်လျှင်၊ မအိုခင်က၊ ကြိုတင်ကောင်းမှု၊ ကြိုးစားပြုလော့၊ ယခုပင်လျှင်၊ မနာခင်က၊ ကြိုတင်ကောင်းမှု၊ ကြိုးစားပြုလော့၊ ယခုပင်လျှင်၊ မသေခင်က၊ ကြိုတင်ကောင်းမှု၊ ကြိုးစားပြုလော့၊ ရတုချိန်ထောက်၊ ဤခါရောက်မှ၊ ချုပ်ပျောက်ခန္ဓာ၊ သေစိမ့်ငါဟု၊ သတ္တဝါခပင်း၊ ရှင်သေမင်းနှင့်၊ မိတ်သင်းဖွဲ့လျက်၊ ချိန်းအချက်လျှင်၊ တစ်စက်ကမှ၊ မရှိကြဘူး၊ အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ၊ ဘုရားစကား၊ လိုက်နာပွားသည်၊ တရားလက်မလွတ်စေနှင့်။

လို့ သံဝေဂ လင်္ကာလေးဟာ အခုပြောတဲ့ စကားစဉ်အတိုင်း အလွယ်တကူ ပေါ်လာပါတယ်။ ထိုလင်္ကာလေးဟာ မင်းကွန်းတိပိဋကဓရဆရာတော်၏ သံဝေဂဓမ္မလက်ဆောင်ဆိုတဲ့ အမည်ဖြင့် ယပ်တောင်ကလေးများမှာ ရိုက်ပြီးတော့ ကမ်းကြတာ မန္တလေးလည်းပဲ တော်တော်များများ တွေ့တယ်။ ရန်ကုန်မှာလည်းပဲ တော်တော်များများ တွေ့ရပါတယ်။

ဒီ သံဝေဂလင်္ကာလေးကို တချို့ဆောင်၍လည်း ထားကြတာကို တွေ့ရပါတယ်။ ဆိုကြပါစို့၊ အဲ–စကားသုံးခွန်းက မိမိက စာပေထဲမှာ လေ့လာတော့ ပထမစကားက ဘယ်မှာသွားညီသလဲ ဆိုတော့ မမေ့မလျော့ကြနဲ့ဆိုတဲ့ ဤစကားက သာသနာရဲ့အကွပ် အပ္ပမာဒတရား၊ မြတ်စွာဘုရားရဲ့ ၄၅ ဝါ ဒေသနာအားလုံးကို မြတ်စွာဘုရားသည် နောက်ဆုံး အကွပ်တရားအနေနဲ့ ပစ္ဆိမဗုဒ္ဓဝစနမှာ–

ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊
ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ။

ဆိုတဲ့ နောက်ဆုံး ဘုရားစကားနဲ့ သွားပြီးတော့ ကိုက်ညီပါတယ်။ ဤအပ္ပမာဒ ဩဝါဒကို သာသနာတော်ရဲ့ အကွပ်တရားလို့ ခေါ်ဆိုပါတယ်။ အပ္ပမာဒ တရားသည် ဆင်ခြေရာနဲ့ တူတယ်။ အားလုံးတကာ ခြေရာအပေါင်းသည် ဆင်ခြေရာထဲမှာပဲ အကုန်လုံး ဝင်ရတယ်။

ဆင်ခြေရာသည် အားလုံးသော ခြေရာတို့ထက် အကြီးဆုံးဖြစ်သလို အားလုံးသော ကုသိုလ်တရား မှန်သမျှသည် အပ္ပမာဒထဲမှာ အကုန်လုံးဝင်တယ်။ အပ္ပမာဒတရားသည် ဆင်ခြေရာနဲ့ တူတယ်။ အားလုံး ကုသိုလ်တရားတွေကို အကုန်ငုံလျက်သား ရှိတယ်ဆိုတဲ့ တရားဒေသနာနဲ့

http://www.dhammadownload.com



လည်းပဲ ကိုက်ညီပါတယ်။ ၎င်းနောက် တို့မှာ သေခြင်းတရားနဲ့ အချိန်းအချက် မရှိဘူးဆိုတဲ့ ဒုတိယ သံဝေဂ၊ ဒါကြောင့် မိမိရည်သန်ထားတဲ့ လောကဓမ္မ စီးပွားများကို မြန်မြန်ကြိုးကုတ် အချိန်ကို ဆွဲမထားနဲ့ဆိုတော့ အဲဒီ ဒုတိယ၊ တတိယ သံဝေဂ စာ ၂ ပိုဒ်ဟာ –

အဇ္ဇေဝ ကိစ္စမာတပ္ပံ၊ ကော ဇညာ မရဏံ သုဝေ။

န ဟိ နော သင်္ဂရံ တေန၊ မဟာသေနေန မစ္စုနာ။

ဆိုတဲ့ ဘဒ္ဒေကရတ္တသုတ္တန်လာ ဘုရားအဆုံးအမနဲ့လည်းပဲ ကိုက်ညီနေတာကို တွေ့ရပါတယ်။ ဒါကြောင့် ဒီ သံဝေဂ သုံးခုသည် သာသနာအတွက် အင်မတန် ကျေးဇူးများတဲ့ သံဝေဂသုံးခုပဲလို့ စိတ်ထဲ အဲဒီလို မြတ်နိုးရတနာ ဖြစ်လွန်းလို့ ယခုလို သံဝေဂ ဓမ္မလင်္ကာလည်းပဲ ရေးပြီးတော့ ဖြန့်ဖြူးခဲ့ပါတယ်။

ဤ ဩဝါဒ ပေးရခြင်းက ကနေ့ ဘုန်းကြီးများကို ဒကာကြီး ဦးစံလွင်က ဆရာတော် ဩဝါဒ ပေးရလိမ့်မယ်လို့ ပြောတော့၊ နေပါဦး ဒကာကြီး၊ ဥက္ကဋ္ဌကြီးရဲ့ ကျန်းမာရေးအခြေအနေကို ပြောစမ်းပါဆိုတော့၊ ပြောပြ၊ 'ဩော် ... ပြောတော့ ဟောဒီ ဩဝါဒ သံဝေဂသုံးပါးကို ပေးပြီးတော့ အမှတ်ရပါတယ်။

အဲဒါကြောင့် သံဝေဂသုံးပါးကိုပဲ အဘိဓမ္မာအသင်းဝင် ဒကာ ဒကာမအပေါင်းတို့အား ဩဝါဒ သဘော သံဝေဂဓမ္မလင်္ကာဆောင် ငါပေးမှတော်မယ်လို့ စဉ်းစားမိလို့ ဒီအဖြစ်အပျက်ကို ပြန်ပြီး အထ္ထုပ္ပတ် ပြန်ပြော၍ အခု ဒီသံဝေဂ ဩဝါဒပေးဖို့ ဖြစ်ပါတယ်။

အဲဒါနဲ့ ဘုန်းကြီးများလာခဲ့တော့ (၁) စကားဝါကျသုံးခု၊ (၂) သံဝေဂဓမ္မလင်္ကာ၊ ဒါနဲ့လည်းပဲ ဒီဥစ္စာ စာပေသမိုင်း မဝင်သေးပေဘူး၊ ဒီတော့ စာပေသမိုင်း တင်လောက်အောင် ဒီအချက် ၃ ချက်ကို ဂါထာရေးသား ဖွဲ့ဆိုလိုက်တဲ့အခါ –

အပ္ပမတ္တာ သဒါ ဟောထ၊ ဥတ္တာ သင်္ခါရဓမ္မတံ။

သကိစ္စ မနုယုဉ္ဇေယျ၊ နတ္ထိနော မစ္စုသင်္ဂရံ။

ဤကဲ့သို့ ဂါထာအလွယ်တကူ ဖြစ်လာပါတယ်။ အနက်ပေးတဲ့အခါမှာလည်းပဲ၊ သာဓဝေါ= နှလုံးပျော့ပျောင်း သူတော်ကောင်းတို့။ သာဓဝေါ=ကိုယ့်ကျိုးသူ့ကျိုး ဤနှစ်မျိုးကို ပြည့်ဖြိုးလေ အောင် ရှက်ဆောင်ဘိတောင်း သူတော်ကောင်းတို့။ သင်္ခါရဓမ္မတံ–ကိုယ်က ဤပုံ၊ ဖြစ်လိုတုံလဲ၊ တဖုံဆင်ကွဲ၊ သူတနဲ့ဖြင့်၊ ဖောက်လွဲတတ်စွာ၊ ရုပ်နာမ်ဓမ္မ၊ သင်္ခါရတို့၏ ဓမ္မတာကို၊ ဥတ္တာဇာနာထ= ယခုပင်လျှင် မအိုခင်က၊ ယခုပင်လျှင် မနာခင်က၊ ယခုပင်လျှင် မသေခင်က၊ ကြိုတင်ကာ ကြိုးကုတ် သိမြင်အောင် အားထုတ် ကြကုန်လော့။ ဥတ္တာ=သိမြင်အောင် ကြိုးကုတ်အားထုတ်ကြပြီးလျှင်။ သဒါ=နေ့နေ့ညည၊ ခပ်သိမ်းသောကာလ၌။ အပ္ပမတ္တာ=အပ္ပမာဒတရား လက်ကိုင်ထားကြကုန်

http://www.dhammadownload.com



သည်။ အပ္ပမတ္တာ=ကုသိုလ်ဆယ်ခု၊ မြတ်ကောင်းမှု၌၊ ဂရုကတ ကြိုးလုံ့လသည်၊ အပ္ပမာဒတရား လက်ကိုင်ထားကြကုန်သည်။ အပ္ပမတ္တာ=မမျှော်လင့်ဘဲ ဖြုန်းခနဲ ရောက်စွဲနာဗျာဓိ။ ဒီဟာကတော့ မိမိစားရချက်ကို မြင်ပြီးတော့ ရေးခြင်း ဖြစ်ပါတယ်။ ဘုန်းကြီးအနေနဲ့ အင်မတန် အစားအသောက် အနေအထိုင် အစစ ဆင်ခြင်ပါတယ်။ ဒီဆင်ခြင်တဲ့အထဲက ဒီလိုဝေဒနာမျိုး ဖြစ်လိမ့်မယ်လို့ ဘယ်တော့မှ မမျှော်လင့်ပါဘူး။ အာဟာရလောဘ မဖြစ်အောင် အမြဲတမ်း သတိပြုလျက်နဲ့ ဒီလိုဖြစ်ရလေတယ်လို့ သံဝေဂဖြစ်ပြီးတော့ ဤလင်္ကာ ဖြစ်ပေါ်လာရခြင်း ဖြစ်ပါတယ်။ အပ္ပမတ္တာ–

မမျှော်လင့်ဘဲ၊ ဖြုန်းခနဲ၊ ရောက်စွဲနာဗျာဓိ။
မမျှော်လင့်ဘဲ၊ သူ့၏နဲ၊ အိုလဲအိုနိုင်၏။
မမျှော်လင့်ဘဲ၊ ဖြုန်းခနဲ၊ ဖောက်လွဲသေနိုင်၏။

ဟု သတိလိုက်လှဲ့၊ စိတ်ဝယ်စွဲကြကုန်သည်။ ဟောထ=မြေလက်ခတ်နဲ့ မလွဲဧကန် အမှန်စင်စစ် ဖြစ်ကြပါကုန်လော့။

ဒီဟာက မမေ့မလျော့ကြနဲ့ဆိုတဲ့ ပထမသံဝေဂအတွက် ဉာဏ်ထဲမှာ အကျယ်ထင်လာတဲ့ အနက်အဓိပ္ပာယ် ဖြစ်ပါတယ်။ ၎င်းနောက် တို့မှာ သေခြင်းတရားနဲ့ အချိန်းအချက် မရှိဘူး၊ ဒီစကား။ ဒီတော့ ရည်သန်ထားတဲ့ လောကမမ္မစီးပွားများ အချိန်မဆွဲနဲ့၊ မြန်မြန် ပြီးတန်သလောက် ပြီးအောင် ကြိုးစားပါဆိုတဲ့ တတိယ သံဝေဂအတွက် ဒီဒုတိယ သံဝေဂနှင့် တတိယ သံဝေဂ အကြောင်းအကျိုး ဆက်သွယ်နေပါတယ်။

အဲဒီ သံဝေဂနှစ်ပိုဒ်အတွက် ဟောဒီဂါထာနောက်ထက်ဝက်၊ နော=တဏှာမာရ်ညွှတ် ခန္ဓာဝဋ်မှ၊ ကျွတ်ဆုရည်ချွေ၊ တို့တတွေအား၊ နော=တဏှာတည်းဟူသော မာရ်မင်း၏ ညွှတ်ကွင်း၊ ခန္ဓာတည်း ဟူသော သံသရာဝဋ်အတွင်းမှ လွတ်ကင်းရန်ရည်ချွေ၊ တို့တတွေအား မစ္စုသင်္ဂံ=မစ္စုမည်လျှင်၊ ရှင်သေမင်းနှင့် အတွင်းကြိတ်ပူး၊ မိတ်ရည်လူး၍ နှစ်ဦးနှစ်ဘက်၊ ချိတ်အဆက်ဖြင့်၊

ဤ ရက်ခါမှ သေအံ့ဟူ၍ လည်းကောင်း၊
ဤ လခါမှ သေအံ့ဟူ၍ လည်းကောင်း၊
ဤ နှစ်ခါမှ သေအံ့ဟူ၍ လည်းကောင်း၊

သဘောတူ အချိန်းအချက်၊ စာချုပ်စာတမ်း၊ စာရွက်တို့နှင့်တကွ လက်ဆောင်တံစိုး၊ ထိုး၍ ထားခြင်းသည်။ နတ္ထိ=လူတိုင်းဧကန်၊ မရှိမှန်၏။

ခုတင်က ဘဒ္ဒေကရတ္တသုတ်မှာ –

န ဟိ နော သင်္ဂရံ တေန၊ မဟာသေနေန မစ္စုနာ။

http://www.dhammadownload.com



ဒီအဖွင့်ကို မှီပြီးတော့ အနက်ထွက်လာခြင်း ဖြစ်ပါတယ်။ တို့မှာ သေခြင်းတရားနဲ့ အချိန်းအချက် မရှိဘူးဆိုတဲ့ အကျဉ်းသံဝေဂအတွက် ထွက်ပေါ်လာတဲ့ ဓမ္မဂီတိ ဖြစ်ပါတယ်။ အဲဒါကြောင့် တို့မှာ ရည်သန်ထားတဲ့ လောကဓမ္မစီးပွား ကိုယ့်ကိစ္စများကို အချိန်မဆွဲဘဲ အခုက ကြိုးစားဆိုတဲ့ တတိယသံဝေဂအတွက်၊ တသ္မာ=ထို့ကြောင့်။ သကိစ္စံ=ခု ဝတ္တမာန် ပစ္စုပ္ပန်နှင့် တမလွန်နောက်နှောင်း တောက်လျှောက်ကောင်းအောင် ရှယ်ချောင်းဆုပန် စိတ်ရည်သန်သည့် နှစ်တန်သော လောကဓမ္မစီးပွား ကိုယ့်ကိစ္စများကို။ အနုယုဉ္ဇေထ=လုံ့လကြိုးကုတ် အားထုတ်ကြပါကုန်လော့။

သကိစ္စမနုယုဉ္ဇေထ=ရုပ်နာမ်နှစ်ပြင် ကိုယ်ဖြစ်ချင်သလို မဖြစ်ဘဲ သူတို့ဖြစ်ချင်သလိုသာ ဖြစ်ကြသည့် သဘာဝ သူ့ညဉ်ကို သမ္မဇဉ်နှိုင်းညို အမှန်အတိုင်း သိကြ၍ မိမိတို့ဆိုင်ရာ နှစ်ဖြာသော လောကဓမ္မစီးပွား ကိုယ့်ကိစ္စများကိုဖြင့် ရှည်လျားကာလ အချိန်ကိုမဆွဲကြဘဲ ယခုကပင် အရေးတွင်အောင် ကြိုတင်ကာ ကြိုးကုတ် သိမြင်အောင် အားထုတ်ကြပါကုန်လို့ ဟောဒီလို အနက်လည်းပဲ ကိုယ့်စိတ်ထဲမတော့ အင်မတန် အားရနှစ်ခြိုက် ရှိပါတယ်။ ဒီလိုအနက်လည်းပဲ အလွယ်တကူနဲ့ ပေါ်ထွက်လာခဲ့ပါတယ်။

အဲဒါကြောင့် အခု အဘိဓမ္မာအသင်းဝင် သူတော်စင်အပေါင်းအား မိမိရဲ့ကိုယ်တွေ့ သံဝေဂ ဩဝါဒကထာ ဂါထာပါဠိနိဿယကို ခုတင်က အဓိပ္ပာယ်ဝင်ရောက် နှောက်ပြီးတော့ ပြောခဲ့တယ်။ ယခု အဓိပ္ပာယ်တွေ ကြားညှပ်ခြင်း မနှောက်တော့ဘဲ ဂါထာနဲ့ ဂါထာအနက်ကို ရွတ်ဆို၍ အဘိဓမ္မာ အသင်းဝင် သူတော်စင်တို့အား ဓမ္မသံဝေဂဖြစ်ဖို့ရန် ဩဝါဒကထာစကား အခါအခွင့်သင့်သည့် အတိုင်း ပြောကြားပါ့မယ် သူတော်ကောင်းတို့။

> အပ္ပမတ္တာ သဒါ ဟောထ၊ ဥတွာ သင်္ခါရဓမ္မတံ။
> သကိစ္စမနုယုဉ္ဇေထ၊ နတ္ထိ နော မစ္စုသင်္ဂရံ။

သာဓဝေါ=နှလုံးပျော့ပျောင်း သူတော်ကောင်းတို့။ သာဓဝေါ=ကိုယ့်ကျိုးသူ့ကျိုး ဤနှစ်မျိုးကို ပြည့်ဖြိုးလေအောင် ရွက်ဆောင်ဘိတောင်း အို အဘိဓမ္မာအသင်းဝင် သူတော်စင်တို့။ သင်္ခါရဓမ္မတံ= ကိုယ်ကဤပုံ ဖြစ်လိုတုံလဲ တဖုံဆင်ကွဲ သူတနဲဖြင့် ဖောက်လွဲတတ်စွာ ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ ဓမ္မတာကို၊ ဥတွာဇာနာထ=ယခုပင်လျှင် မအိုခင်က၊ ယခုပင်လျှင် မနာခင်က၊ ယခုပင်လျှင် မသေခင်က၊ ကြိုတင်ကာ ကြိုးကုတ် သိမြင်အောင် အားထုတ်ကြပါကုန်။

ဥတွာ=သိမြင်အောင် ကြိုးကုတ်အားထုတ်ကြပြီးလျှင်။ သဒါ=နေ့နေ့ညည၊ ခပ်သိမ်းသော ကာလ၌။ အပ္ပမတ္တာ=အပ္ပမာဒတရား လက်ကိုင်ထားကြကုန်သည်။ အပ္ပမတ္တာ=ကုသိုလ်ဆယ်ခု မြတ်ကောင်းမှု၌ ဂရုကတ ကြိုးလုံ့လသည် အပ္ပမာဒတရား လက်ကိုင်ထားကြကုန်သည်။ အပ္ပမတ္တာ–

http://www.dhammadownload.com



မမျှော်လင့်ဘဲ၊ ဖြုန်းခနဲ၊ ရောက်စွဲ နာဗျာဓိ။

မမျှော်လင့်ဘဲ၊ သူ၏နဲ၊ အိုလဲ အိုနိုင်၏။

မမျှော်လင့်ဘဲ၊ ဖြုန်းခနဲ၊ ဖောက်လွဲ သေနိုင်၏။

ဟု သတိလိုက်လှဲ့၊ စိတ်ဝယ်စွဲကြကုန်သည်။ ဟောထ=မြေလက်ခတ်နဲ မလွဲဧကန် အမှန်စင်စစ် ဖြစ်ကြပါကုန်လော့။

နော=တဏှာမာရ်ညွှတ် ခန္ဓာဝဋ်မှ၊ ကျွတ်ဆုရည်ချွေ တို့တတွေအား။ နော=တဏှာတည်းဟူသော မာရ်မင်း၏ညွှတ်ကွင်း၊ ခန္ဓာတည်းဟူသော သံသရာဝဋ်အတွင်းမှ လွတ်ကင်းရန်ချွေ တို့တတွေအား၊ မစ္စုသင်္ဂရံ=မစ္စုမြည်လျှင်း ရှင်သေမင်းနှင့် အတွင်းကြိတ်ပူး မိတ်ရည်လူး၍ နှစ်ဦး နှစ်ဘက် ချိန်းအချက်ဖြင့် –

ဤရက်ခါမူ၊ သေအံ့ဟူ၍လည်းကောင်း၊

ဤလခါမူ၊ သေအံ့ဟူ၍လည်းကောင်း၊

ဤနှစ်ခါမူ၊ သေအံ့ဟူ၍လည်းကောင်း၊

သဘောတူ အချိန်းအချက်၊ စာချုပ်စာတမ်း၊ စာရွက်တို့နှင့်တကွ လက်ဆောင်တံစိုး၊ ထိုး၍ ထားခြင်းသည်။ နတ္ထိ=လူတိုင်းဧကန် တို့တတွေမရှိ မှန်လှပေ၏။

တသ္မာ=ထို့ကြောင့်။ သကိစ္စံ=ခုဝတ္တမာန် ပစ္စုပ္ပန်နှင့်၊ တမလွန် နောက်နှောင်း တောက်လျှောက်ကောင်းအောင်၊ ရွယ်ချောင်းဆုပန် စိတ်ရည်သန်သည့် နှစ်တန်သော လောကဓမ္မစီးပွား ကိုယ့်ကိစ္စများကို။ အနုယုဉ္ဇေ=လုံ့လကြိုးကုတ် အားထုတ်ကြပါကုန်လော့။ (ဝါ) သကိစ္စ မနုယုဉ္ဇေ= ရုပ်နာမ်နှစ်ပြင် ကိုယ်ဖြစ်ချင်သလို မဖြစ်ဘဲ သူတို့ ဖြစ်ချင်သလိုသာ ဖြစ်ကြတဲ့ သဘာဝ သူ့ညဉ်ကို သမ္မဇဉ်နှိုင်းညီ အမှန်အတိုင်းသိကြ၍ မိမိတို့ဆိုင်ရာ နှစ်ဖြာသော လောကဓမ္မစီးပွား ကိုယ့်ကိစ္စများကို ရှည်လျားကာလ အချိန်ကိုမဆွဲကြဘဲ ယခုကပင်အရေးတွင်အောင် ကြိုတင်ကာကြိုးကုတ် သိမြင်အောင် အားထုတ်ကြပါကုန်လော့။

သာဓု ... သာဓု ... သာဓု

ဦးဝိစိတ္တသာရာဘိဝံသ
တိပိဋကဓရဆရာတော်

http://www.dhammadownload.com



၁၃၄၃ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်၊ ၁၉၈၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်၊ တနင်္ဂနွေနေ့

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် သံဃမဟာနာယကအဖွဲ့မှ ဦးစီး၍

ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနမှ

(၃၄)ကြိမ်မြောက် ကျင်းပအပ်သော "တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲ"၌

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ကိုယ်စား အကျိုးတော်ဆောင်

## တိပိဋကဓရ ဦးဝိစိတ္တသာရာဘိဝံသ က

တိပိဋကဓရလောင်းလျာ သာသနာ့အာဇာနည် အရှင်မြတ်တို့အား

အားပေးစကား လျှောက်ထား ပြောကြားအပ်သော

# အနုဗလပ္ပဒါန သာရဏီယကထာ

(သိဒ္ဓမ်) (၃၄)ကြိမ်မြောက် ကျင်းပအပ်သည့် "တိပိဋကဓရ ရွေးချယ်ပွဲ"သို့ ကြီးကဲသော သဒ္ဓါ+ ဝီရိယ+သတိ+သမာဓိ+ပညာ ဗိုလ်ငါးဖြာတို့ဖြင့် စေတနာကဲမောက် ဝင်ရောက် ပြန်ဆို ဖြေဆိုတော်မူကြမည့် သာသနာ့အာဇာနည်အလျာ သိက္ခာသုံးပါး လိုလားဘိတောင်း အရှင်မြတ်အပေါင်းတို့ ...။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် အစိုးရသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့မှ ဦးစီးရှေ့ဆောင်၍ ...

၁။ နိုင်ငံတော်၌ ပရိယတ္တိသာသနာတော် အစွန့်ရှည်စွာ သန့်ရှင်းတည်တံ့ခိုင်မြဲထူးကဲ ပြန့်ပွားစည်ပင်စေရန်၊

၂။ ပိဋကသုံးပုံကို နှုတ်ငုံကိုဆောင်နိုင်သည့် သာသနာ့အာဇာနည် အရှင်မြတ်တို့ စဉ်ဆက်မပြတ် ပေါ်ထွက်စေရန်၊

၃။ ဗုဒ္ဓမြတ်စွာ သာသနာတော်အတွင်း၌ ဘုန်းကံပါရမီထူး ဉာဏ်ပညာထူးနှင့်ပြည့်စုံသော ပုဂ္ဂိုလ်ထူးတို့ကို ဖော်ထုတ်၍ သာသနာတော်ကို အားပေးချီးမြှောက်ရာတွင် အဆင့်အတန်းမြင့်မားစွာ အားပေးချီးမြှောက် ထောက်ပံ့နိုင်ရန် ...

ဤမွန်မြတ်လှစွာသော ရည်သန်ချက်သုံးရပ်တို့ဖြင့် နှစ်စဉ် နိဗဒ္ဓ ဤတိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီးကို ဝံ့ချီးကျင်းပ ပြုလုပ်ဆင်ယင်ခဲ့ကြသည်မှာ ယခုနှစ်အကြိမ်နှင့်ပါဆိုလျှင် အကြိမ်ပေါင်း (၃၄)ကြိမ်မြောက်သို့ ရောက်ရှိအောင်မြင်ခဲ့ပါသည် အရှင်တို့ဘုရား။

http://www.dhammadownload.com



တပည့်တော်များ တိပိဋကရေ ပြန်ဆို+ရေးဖြေခဲ့စဉ်က "ငါ့မှာ ... ကာယဗလ အားနည်းလှသော်လည်း ဤတိပိဋကရေ ဓမ္မကိစ္စ၌ သဒ္ဓါ+ဝီရိယ+သတိ+သမာဓိ+ပညာ=ဓမ္မအားကြီးငါးဖြာတို့သာ ပဓာနကျ၍ ထိုဗလငါးတန်တို့သည်လည်း လောက်ကော်လုံ အားထားလောက်အောင် ပြည့်စုံ၍ အာဂုံ+ရေးဖြေ=နှစ်ထွေလုံး အောင်မြင်နိုင်သည်"ဟု မိမိ၏စိတ်ကိုတင်း၍ ပြန်ဆို+ရေးဖြေခြင်းအမှုကို ပြုခဲ့ပါသည်။ အရှင်မြတ်တို့မှာလည်း (၁) သာသနာတော်၌ သက်ဝင်ယုံကြည်ခြင်း တည်းဟူသော=သဒ္ဓါအား၊ (၂)ဆိုင်ရာ ဆိုင်ရာ ပိဋကတ်ကို နေ့ညမယုတ် အားထုတ် ကျက်+အံ+ကြံ+ကြည့်ခြင်း တည်းဟူသော=ဝီရိယအား၊ (၃) ဆိုင်ရာဆိုင်ရာ ပိဋကတို့၌ နေ့ည၌မပြတ် သတိချပ်အောက်မေ့ခြင်း တည်းဟူသော=သတိအား၊ (၄) ဆိုင်ရာဆိုင်ရာ ပိဋကတို့၌ စိုက်စိုက်စူးစူး အထူးမြဲမြံ ရှုအားသန်ခြင်း တည်းဟူသော=သမာဓိအား၊ (၅) ဆိုင်ရာ ဓမ္မ+ဝိနယတို့ကို နေ့ည ထင်ထင် ဆင်ခြင်စဉ်းစားခြင်း တည်းဟူသော=ပညာအား၊ ဤစွမ်းအားထက်သန် ဗလငါးတန်တို့ လောက်ငကော်လုံ ပြည့်စုံခြင်းအဆင့် ရှိလင့်ကြသဖြင့် ဤယခု တိပိဋက စာပြန်ခြင်း+စာဖြေခြင်း ကိစ္စတို့မှာ မုချဧကန်ပင် အောင်မြင်ထမြောက်လိမ့်မည်ဟု ယုံကြည်ချက်=သဒ္ဓါတရား ထက်သန်စွာ ထားကြဖို့ အားပေးကူညီမှု အနုဗလပ္ပဒါနစကား လျှောက်ထားပြောကြားအပ်ပါသည် အရှင်ဘုရားတို့ ...။

တိပိဋကရေအလျာ အာဇာနည်လောင်း အရှင်ကောင်းတို့ ...။ ၎င်းပြင်တဝ အရှင်တို့ ဝမ်းမြောက်ကြရန် သံဃမဟာနာယကအဖွဲ့၏ကိုယ်စား အရှင်တို့အား တပည့်တော် အသိပေးစကား လျှောက်ထားလိုပါသည်မှာ ... အရှင်တို့၏ စိတ်သန္တာန်၌ "ဘုန်းလျှံမြတ်စွာ သာသနာတော်၏အသက်ကား ဝိနည်းတရားပင် ဖြစ်သည်"ဟု ယုံကြည်ခြင်း=သဒ္ဓါတရား ရှိကြသည့် အားလျော်စွာ ဝိနည်းတော်ဒေသနာကို ပဋ္ဌမာဒိက နှုတ်တက်ရ အာဂုံဆောင်ကြကာ ဂမ္ဘီရာဓိပ္ပါယ ဂုဠှတ္ထ အနက်သဘောတို့ကိုလည်း နစ်နေစွာဆင်ခြင် သိမြင်လေ့လာ အလိမ္မာစွမ်းရည် ဝသီဘာဝ နိုင်နင်းလိုသော ကုသိုလ်ဆန္ဒ ထက်သန်စွာ ဖြစ်ရှိကြမည်ကို သံဃမဟာနာယက ဆရာတော်များ အလေးအနက်စဉ်းစား သတိထားဆင်ခြင် သိမြင်ရင်း ရှိကြသဖြင့် တိပိဋကရေ ဝိနယဘာသာကို"ဥဘယာနိ ခေါ ပနဿ ပါတိမောက္ခာနိ ဝိတ္ထာရေန သွာဂတာနိ ဟောန္တိ" အစရှိသော ပါဠိတော်သဘော အစဉ်သဖြင့် လိုက်လျောအောင် ဥဘတောဝိဘင်းကို တစ်ပိုင်း၊ ခန္ဓက+ပရိဝါရကို တစ်ပိုင်း၊ နှစ်ပိုင်းပြင်ဆင်၍ အလျင်လက်ဦး အလွယ်တကူ အောင်ပန်းခူးနိုင်ကြရန် အထူးစဉ်းစားဆင့်ခြင်တော်မူကြကာ မေတ္တာရည်ဆွတ်ဖျန်း၍ ပြဋ္ဌာန်းသတ်မှတ်တော်မူကြပါသည်။

အရှင်မြတ်တို့အဖို့ရာ မကြာမီ အနာဂတ်ကာလ၌ သာသနာ့ရှေ့တန်းမှ စွမ်းစွမ်းတမံ သာသနာ့တာဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်ကြရမည် ဧကန်အမှန်ပင်ဖြစ်ကြ၍ ဝိနယရေ ဝိနယကောဝိဒ သာသနာ့သက်စောင့် ပုဂ္ဂိုလ်များပီပီ ဤသာသနာတော် အခွန့်ရှည်စွာ တည်တံ့ခိုင်ခံ့ရေး

http://www.dhammadownload.com



အတွက် ကျေးဇူးပြုကြမည့် ပုဂ္ဂိုလ်များ ထူးခြားစွာ ဧကန်အမှန်ပင် ဖြစ်ကြလိမ့်မည်ဟု ယုံကြည် မြော်ခေါ်၍ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ကြီး၏ ဝိနည်းကို အလေးထား အရှင်တို့လည်း ဆောင်အားရှိအောင် ပိုင်းခြားသတ်မှတ်ကာ ပြဋ္ဌာန်းသည့် စေတနာကို လေးနက်စွာ စဉ်းစား၍ အရှင်ဘုရားတို့သည် အားရဝမ်းမြောက်စွာ ဝိနည်းတော် ဒေသနာ သာသနာတော်၏အသက် ဆထက်ထမ်းပိုး တိုး၍ရှည်ပါစေ ... ဟု ရည်ထွေင့်စား နှလုံးသွင်းကောင်းထားကြလျက် ကြိုးစားကြ လိမ့်မည်ဟုလည်း နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးမှ အရှင်မြတ်တို့၏ ပါရမီကို ယုံကြည် ကိုးစား အားထားလျက် ရှိပါသည် အရှင်ဘုရားတို့ ....။

မှန်ပါသည် ...။ ဝိနည်းပိဋကတ်တော်သည် သီလသမ္ပဒါအား ကျေးဇူးများကြောင်း သုတ္တန် ပိဋကတ်တော်သည် သမာဓိသမ္ပဒါအား ကျေးဇူးများကြောင်း၊ အဘိဓမ္မာ ပိဋကတ်တော်သည် ပညာသမ္ပဒါအား ကျေးဇူးများကြောင်း၊ အဋ္ဌကထာ ဖွင့်ပြချက်တို့ကို ပြက်ပြက်ထင်ထင် အရှင်မြတ် တို့သည် အကြိမ်ကြိမ်အထပ်ထပ် လေ့လာမှတ်သားအပ်ပြီး ဖြစ်ပါသည်။ အရှင်မြတ်တို့သည် ဝိနည်းပိဋကတ်ကို အထပ်ထပ် ရွတ်အံကြဲစည်ပွားများ မှတ်သားကျင့်ကြံခြင်းဖြင့် သီလ သမ္ပဒါကို အလွယ်နှင့် ဖြည့်ကျင့်နိုင်ကြပြီးလျှင် သုတ္တန် ပိဋကတ် အဘိဓမ္မာ ပိဋကတ်တို့ကို အထပ်ထပ်ရွတ်အံ ကြံစည်ပွားများ မှတ်သားကျင့်ကြံခြင်းတို့ဖြင့် သမာဓိသမ္ပဒါ, ပညာသမ္ပဒါ နှစ်သွယ်တို့ကိုလည်း အလွယ်နှင့် ဖြည့်ကျင့်နိုင်ကြမည်ဧကန် အမှန်ပင်ဖြစ်ပါသည်။ ဤနည်းအားဖြင့် သီလ+သမာဓိ+ ပညာ သိက္ခာသုံးပါး ဘုရားသာသနာတော်သည် အရှင်မြတ်တို့၏ လုံ့လ ဝီရိယဖြင့် ဆဆထမ်းပိုး တိုးတက်လင်းပြောင် အရောင်ပဝင်း ထွန်းလင်းမည်ဧကန် အမှန်ပင် ဖြစ်ပါသည် အရှင်ဘုရားတို့။

သို့ဖြစ်လတ်၍ အရှင်မြတ်တို့သည် အလဂဒ္ဒူပမ စာသင်နည်းကို ရှောင်ရှား နိတ္ထရဏတ္ထ စာသင်နည်းကို လိုက်စားကြလျက် လေးပါးသော သမ္မပ္ပဓာန ဝီရိယ ခြေအစုံတို့ဖြင့် မြေခံဖယျာ သီလသမ္ပဒါ အကျင့်မြတ်၌ ရပ်တည်ကြကာ သမာဓိ+ပညာ သမ္ပဒါနှစ်ပါး နှစ်ဘက်သွား စိန် သန်လျက်ဖြင့် သုံးထောင်ဝက် ကိလေမာရ်နတ်၏ စစ်သည်တွေကို နှိမ်နင်းချေပယ်သတ်၍ အရဟတ္တ ဖိုလ် အောင်နန်းကို သိမ်းမြန်း စိုးစံနိုင်ကြောင်း နည်းကောင်းလမ်းမှန် ဧကန်ရကြပြီဖြစ်သောကြောင့်–

ဌာတွာ ဝီရိယပါဒေန၊ ဘဒ္ဒန္တာ သီလဘူမိယံ။
ဆိန္ဒန္တု၊ ဓိတိပညာဟိ၊ နိဿေသေ ကွေသဝေရိနော။

ဘဒ္ဒန္တာ=သာကိယဇာတ်အရှင်မြတ်တို့ဘုရား ...။ ဘဒ္ဒန္တာ=သိက္ခာသုံးပုံ ကောင်းသိရ်ဂုဏ်ကို ကုံလုံထင်ရှား သာသနာ့အာဇာနည် အရှင်မြတ်တို့ဘုရား ...။ ဘဒ္ဒန္တာ=သာသနာ တစ်ခေတ်ရောက် ဤယခု သုံးဆယ့်လေးကြိမ်မြောက် စာလျှောက်သဘင် တိပိဋကစရေ ပွဲကြီးယင်ဝယ် အောင်မြင်ရန် နိမိတ်ကောင်း အရှင်မြတ်အပေါင်းတို့သည်။ ဝီရိယ ပါဒေန=သမ္မပ္ပဓာန ဝီရိယလေးပုံ စက်အစုံဖြင့်။ သီလဘူမိယံ=ဝိနယပိဋက အထောက်အပံ့ရ၍ သီလမြေခံ ဖေယျာဘုံ၌။ ဌာတွာ=သတိခိုင်ကျည်

http://www.dhammadownload.com



ရပ်တည်တော်မူနိုင်ကြ၍။ ဓိတိပညာဟိ=သုတ္တန်ပိဋကတ်မှ သမာဓိ အဘိဓမ္မာပိဋကတ်မှ ပညာဘာဝနာ စိန်စက်ဒါး နှစ်ဘက်သောအသွားတို့ဖြင့်။ နိသေသေ=ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော။ တွေ့သဝေရိနော=ကိလေသာစက် သုံးထောင်ဝက်ဟု နှောင့်ယှက်မာန်မူ သံသရာ့ရန်သူ+သူ–တို့ကို။ ဆိန္နန္တု=အမြစ်မကျန် ပယ်လှန်ဖြတ်တောက်နိုင်ကြပါစေကုန်သတည်း။

(ဝါ) ဆိန္နန္တု=သုံးဆယ့်လေးထောက် အကြိမ်ရောက်သည့် စာလျှောက်သဘင် (တိပိဋက) ပွဲကြီးယင်ဝယ် ဝင်တော်မူငြား အရှင်များသည် လေးပါးမှန်လှ သမ္မပ္ပဓာနဟု ဝီရိယခြေ သီလမြေ၌ ခိုင်ထွေမတ်ကျည် တုံ့ရပ်တည်လျက် နှစ်မည်သမာ–ဓိပညာဖြင့် ကိလေသာစက် သုံးထောင်ဝက်ကို ခုတ်ဖျက် ချေမှုန်းစေကုန်သောဝ်–ဟု

မနောပဏိဓိ ရည်သန်ခြင်းရှိသည်ကို တိပိဋကဓရအလျာ သာသနာ့သူရဲကောင်း အရှင်မြတ်အပေါင်းတို့အား နှစ်ထောင်းရှင်ပျော် ထုတ်မြွက်ဖော်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ကိုယ်စား တပည့်တော် လျှောက်ထားအပ်သည့် အနုဗလပ္ပဒါန သာရဏီခေါ်တွင် အားပေး+သတိပေး+အသိပေး စကားအစဉ်ကို ဤတွင်ပင်ကမ္ပတ်ဖုံး၍ နိဂုံးချုပ်အပ်ပါသည်။ အရှင်ဘုရားတို့...။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ကိုယ်စား
အကျိုးတော်ဆောင်
(ပုံ) ဦးဝိစိတ္တသာရာဘိဝံသ
တိပိဋကဓရဆရာတော်



http://www.dhammadownload.com



ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန၊
သာသနာရေးဦးစီးဌာနမှ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏
ဩဝါဒကို ခံယူလျက် တာဝန်ယူကျင်းပအပ်သော
(က) ၁၃၄၃ ခုနှစ် (၃၄) ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲ ဘွဲ့နှင်းသဘင်
(ခ) ၁၃၄၂ ခုနှစ်၊ ဓမ္မာစရိယစာအောင် မဟာဘွဲ့နှင်းသဘင်
(ဂ) ဝိသုဒ္ဓိမဂ် ဆုနှင်းသဘင်နှင့် (ဃ) အဘိဓမ္မာစာမေးပွဲ ဆုနှင်းသဘင်တို့၌
နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ကိုယ်စား အကျိုးတော်ဆောင်

## ဦးဝိစိတ္တသာရာဘိဝံသ ရေးသားဖတ်ကြားအပ်သော

## အနုဗလပ္ပဒါန သာရဏီယ ဩဝါဒကထာစာတမ်း

နမော ဗုဒ္ဓါယ

(သိဒ္ဓမ်) ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၊ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနမှ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဩဝါဒကို ခံယူလျက် တာဝန်ယူကျင်းပအပ်သော ရွှေဖော်ပြရာပါ စာတော်သဘင်ပွဲ လေးခန်းတို့၌ အောင်ပန်းအသီးသီး အထူးထူးတို့ကို ဆွတ်ခူးပန်ဆင် အောင်ပွဲဝင်တော်မူကြသော (က) တိပိဋကဓရအလျာ သာသနာ့အာဇာနည် အရှင်မြတ်များ၊ (ခ) သာသနဓဇနှင့် သာသနဓဇသိရီပဝရဓမ္မာစရိယ ဘွဲ့နာမအဆူဆူ ပါရဂူဘွဲ့အထူးထူးတို့ကို ဆွတ်ခူးတော်မူကြသည့် သာသနာ့အောင်လံတံခွန် အရှင်မွန် အရှင်မြတ်များနှင့်၊ (ဂ) ဝိသုဒ္ဓိမဂ် စာမေးပွဲအောင်၊ (ဃ) အဘိဓမ္မာ စာမေးပွဲအောင် ပညာရောင် ကြည်ရွှင် ကလျာဏ ပုထုဇဉ် သူတော်စင်ပုဂ္ဂိုလ် အသီးသီးတို့အား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှ အားပေးချီးမြှောက် ဝမ်းမြောက်ဖွယ်စကား အသိပေးဩဝါဒစကား ရင့်ကျူးပြောကြားလိုပါသည်မှာ -

(၁) ဖော်ပြရာပါ လေးဌာန သာသနာပြု မဟာဓမ္မသဘဝတို့၌ ဥက္ကဋ္ဌ သဒ္ဓါ+ဝီရိယနှင့် သတိ+သမာဓိ+ပညာဟု ငါးဖြာသော ဗိုလ်တရားတို့ ကြီးမားဝှန်တောက် တံခွန်ဆောက်၍ ဝင်ရောက်ပြန်ဆို ဖြေဆိုအောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည်မွန် သာသနာ့အောင်လံတံခွန် အရှင်မွန် အရှင်မြတ်တို့နှင့်တကွ ကလျာဏပုထုဇဉ် အသင်သူတော်စင်ပုဂ္ဂိုလ်အသီးသီးတို့သည် စောထီးမြတ်စွာ သာသနာကို နေဝါလဝန်း ထွန်းလင်းသည့်အရောင် တောက်ပြောင်သည်ထက် တောက်ပြောင်အောင် ရှက်ဆောင်အားထုတ်ပြုလုပ်ကြရာ ရွှေစာတော်ဓမ္မသဘင်ဝယ် ထူးကဲသော

http://www.dhammadownload.com



ဆန္ဒ+ပြင်းထန်သောဝီရိယ+ထက်သန်သောစိတ္တ+တောက်ပသောပညာ လေးဖြာသောအဓိပတိတို့ အပြည့်အဝ ကိုယ်စီကိုယ်၌ ရှိကုန်ကြသဖြင့် "ဆန္ဒဝတော မေ ကိံ နာမကမ္မံ န သိဇ္ဈတိ" အစရှိသော ဇိနဝစနာ ဒေသနာတော်အရ မိမိတို့ ရွက်ဆောင်အပ်ကြသော ပရိယတ္တိသာသနကိစ္စ ဝိနယရေ ဒီဃဘာဏက မဇ္ဈိမဘာဏက ဥဘတောဝိဘင်္ဂရေ သာသနဓဇ ဓမ္မာစရိယ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ဝိသုဒ္ဓိမဂ္ဂ အဘိဓမ္မဆိုင်ရာ ဘွဲ့ပုံလွှာအပ်နှင်း ယခုလို အောင်ပွဲကျင်းပ၍ အောင်ခြင်း မင်္ဂလာ ဇေယျာသဘင် ပွဲကြီးယင်ထ အပူဇော်ခံကြရသည်ကို ဒိဋ္ဌထင်ထင် တွေ့မြင် ကြုံတွေ့ကြရ သဖြင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ထေရ်အရှင် ဆရာတော်မြတ်ကို အနာဂတ်သာသနာ ရေးအတွက် အားတက်ဝမ်းသာ ပီတိ+သောမနဿ အဖြာဖြာ ဖြစ်ရသည့် အကြောင်းအရာကို ရှေးဦးစွာ အထင်အရှား လျှောက်ထားပြောကြားအပ်ပါသည်။

(၂) ပုန စ ပရံ အာဝုသော=ထပ်လောဲ၍တဖန် ဝမ်းမြောက်ကြရပြန်သည်မှာ ... နိုင်ငံတော် အစိုးရအနေဖြင့် တေသကုဏဇာတ် စတ္တာလီသနိပါတ်အတွက် ဓမ္မစက်မိန့်ရွှေ "ပဂ္ဂဏှေ ပဂ္ဂဟာရဟံ=ချီးမြှောက်ရန် ထိုက်တန်သူကို ချီးမြှောက်ရမည်"ဟူသော ကျမ်းဂန်နှင့်အညီ ဤယခု ဓမ္မပူဇာ သာသနာအောင်ပွဲ ဆင်နွှဲကျင်းပ လူထုနှင့် အတူတကွ ပူဇနိယပူဇာ မင်္ဂလာ ကုသိုလ်ထူး ဆည်းပူးပွားများ အားသစ်ကြသည်ကိုလည်း ကြည်ညိုဖွယ်ဒိဋ္ဌ တွေ့မြင်ကြရသဖြင့် ပုန=တဖန် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အရှင်ဆရာတော်မြတ်တို့အဖို့ နှစ်မြို့ကြည်သာ ဆရာနှင့် ဒါယကာ ပစ္စယာဓမ္မ အပြန်အလှန် အမှီရကြသဖြင့် သဒ္ဓမ္မသုံးဖြာ သာသနာတော် စည်ပင်ကြောင်း ကောင်းမြတ်သောကိစ္စဖြစ်သဖြင့် နှစ်သက်အားရ ဒုတိယတဖန် ဝမ်းမြောက်ကြရပြန်ပါသည်။

(၃) တိပိဋကရေအလျှာ သာသနာ့အာဇာနည်မွန် သာသနာ့အောင်လံတံခွန် ဖြစ်ကြသည့် ဇေယျအောင်ပန်း ဆွတ်လှမ်းပန်းခူး ပုဂ္ဂိုလ်ထူး အရှင်မြတ်တို့အား အနာဂတ်သာသနာရေး မြော် ထောက်တွေး၍ အားပေးစကား ပြောကြားလိုပါသည်မှာ ... "အဘိဓမ္မာသဘောမိ ဝိနည်းတိုက်ရိုက်ရှိ သဒ္ဒါမှာယုတ္တိ" ကဝိရည်ချွန် ထေရ်မွန်တို့စကား ဆောင်ပုဒ်ထားခဲ့သည်နှင့်လျော်စွာ အရှင်မြတ်တို့ မှာ အစဦးစွာ ယခုနှစ် စနစ်သစ်စည်းကမ်းအရ ပါရာဇိကကဏ္ဍနှင့် ပါစိတ္တိယဟူသော ဥဘတော– ဝိဘင်းသညာ ဝိနည်းတော်ဒေသနာကို သဒ္ဒါရဲရဲ မလျှော့သော လုံ့လဖွဲ့တို့ဖြင့် နှုတ်ထဲဝယ် အခေါက် ခေါက် ပြန်ဆိုကာတောက်တောက် အားရလောက်အောင်ပင် အောင်မြင်တော်မူခဲ့ကြသည်ကို ကြည် ညိုဖွယ်ရာ တွေ့ရှိရပြန်ပါသောကြောင့် အာပတ္တိနှင့် အနာပတ္တိ ဝိနည်းတိုက်ရိုက်ရှိ သဘောသွားပိုင် ပိုင် သိကြသဖြင့် သိသည့်အတိုင်း ကျင့်ဆောင် ရှောင်သင့်သည်ကို ရှောင်ရှားပွားသင့်သည်ကို ပွားကြ၍ ဘုရားအလိုတော်ကျ လဇ္ဇီသူတော်စင်တွေ ဖြစ်ကြမည်မှာ မုချဧကန် မှန်လှပေ၍ "အနာဂတေ လဇ္ဇီ သာသနံ ရက္ခိဿတိ" ကျမ်းရှိအလာ အနာဂတ်သာသနာကို ငါတို့ ထိန်းစောင့် နိုင်လိမ့်မည်တကား–ဟု အားတက်ကြစေလိုကြောင်း ထပ်လောင်း၍ ပြောကြားအပ်ပါသည်။

http://www.dhammadownload.com



(၄) စာတော်အောင် အာဇာနည်ပေါင်း အရှင်ကောင်းတို့အား ထပ်လောင်းတဖြာ အသိပေးစကား ပြောကြားလိုပါသည်မှာ ... မဟာသာပရောပမသုတ္တန်၌ ဘုန်းလျှံမြတ်စွာ အစိန္တေယျာက "လေးဖြာပစ္စယ လာဘ်လာဘမှာ သာသနာ့သစ်ပင်ကြီး၏ အကိုင်းအခက်မျှသာဖြစ်၍ လောကုတ္တရာတရား ကိုးပါးတို့သာ သာသနာ့သစ်ပင်ကြီး၏ အနှစ်ဖြစ်ကြောင်း ဟောကြားတော်မူချက်ကို ထိပ်ထက်သံမှို စွဲနက်သို့သကဲ့သို့ ရှိသေစွာ သတိရှိကြ၍လည်းကောင်း၊ ဓမ္မဒါယာဒ သုတ္တန်၌ ဘုန်းသန်မိန့်ဟ ဟောညွှန်ပြသည့် "ငါဘုရား၏ ဓမ္မအမွေခံများဖြစ်ကြ၊ အာမိသအမွေခံများ မဖြစ်ကြလင့်" ဟူသော ဩဝါဒကို စိတ်ကအမြဲ နှလုံးစွဲကြ၍လည်းကောင်း၊ ထန်ကဲသော လုံ့လဖြင့် မိမိတို့လေ့လာခဲ့ကြသည့် ဓမ္မ+ဝိနယာ ဒေသနာတော်များသည် ငါတို့အတွက်သာ သံသရာနက်ဝှမ်း ဂယက်ကြမ်းကို ကူးသန်းနိုင်ကြောင်း ဖောင်ကောင်း လှေကောင်းပမာ ဖြစ်ပေစွ–ဟု ဂမ္ဘီရာဓိပ္ပါယ နှလုံးအလို စွဲမြဲကြလျက် –

> သံသာရသောတံ ဆေတွာန၊ ဓမ္မကုလ္လေန ယေ မယံ။
> နိဗ္ဗာနပုရံ ဂစ္ဆာမ၊ ဉတွာ သတ္ထုဝသံ ဝရံ။

ယေ မယံ=တိပိဋက ဓမ္မာစရိယနှင့် ဝိသုဒ္ဓိမဂ္ဂ+အဘိဓမ္မာ စာတော်သဘင် အောင်ပန်းဆင်ကြသည့် အကြင်ငါတို့သည်။ ဝရံ=တောင့်တပါအပ် လွန်မြတ်သော။ သတ္ထုဝသံ=ဘုရားရှင်မြတ်စိတ်တော်ဓာတ်မှ စွဲမှတ်မြော်ခေါ် အလိုတော်ကို။ ဉတွာ=မဟာသာရောပမ ဓမ္မဒါယာဒါ သုတ္တန်လာကို ပညာတွေးကြည့် အမှန်အတိုင်း သိကြ၍။ ဓမ္မကုလ္လေန=ငါတို့လေ့လာနှုတ်မှာ အရဆောင်တရားတည်းဟူသော လှေဖောင်ဖြင့်။ သံသာရသောတံ=ဩဃလေးခန်း ဂယက်ကြမ်းတို့၊ ကြောက်မခန်းများဖြင် သံသရာတည်းဟူသော ရေအလျဉ်ကို။ ဆေတွာန=အရဟတ္တမဂ် ဉာဏ်လှော်တက်ဖြင့် အချက်ပိုင်ပိုင် ဖြတ်တောက်နိုင်ကြ၍။ နိဗ္ဗာနပုရံ=နိဗ္ဗာန်ဟူသည့် ရွှေပြည်အောင်ခန်း ဘေးမဲ့ကမ်းသို့။ ဂစ္ဆာမ=ကိလေသာဟူ ရန်မြူမသမ်း အရောက်မြန်းကြပါကုန်အံ့ –

ဟူ၍ အလဂဒ္ဒူပမ စာသင်နည်းမှ လွတ်မြောက်ကြ၍ နိတ္ထရဏတ္ထ စာသင်နည်းဖြစ်အောင် ကျင့်ဆောင်တော်မူကြပါရန်အကြောင်း ကောင်းရန်မြော်ကို အကျိုးလိုလား မေတ္တာတရားဖြင့် အသိပေးစကား ကတိပေးစကား လျှောက်ထားပြောကြားအပ်ပါသည် စာတော်အောင်မြင် အရှင်အပေါင်း သူတော်ကောင်းတို့ ...။

သာဓု ... သာဓု ... သာဓု ...။

ဦးဝိစိတ္တသာရာဘိဝံသ
အကျိုးတော်ဆောင်
နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ကိုယ်စား

http://www.dhammadownload.com



မင်းကွန်း တိပိဋကဓရ+ဓမ္မဘဏ္ဍာဂါရိက+အဘိဓဇမဟာရဋ္ဌဂုရု

**ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ဖွဲ့သီအပ်သော**

မဇ္ဈိမနိကာယ်၊ ဥပရိပဏ္ဏာသပါဠိတော် စူဠကမ္မဝိဘင်္ဂသုတ္တန်မှ

**အနှစ်ချုပ်လင်္ကာ မှတ်ဖွယ်ရာ**

၁။ ပါဏာတိပါတ်၊ သူ့အသက်သတ်၊ တိုလတ်သက်ဇီဝါ။

၂။ ရိုက်ပုတ်ညှဉ်းဆဲ၊ ဒေါသကဲ၊ ထူထဲနာရောဂါ။

၃။ အမျက်ကောဓ၊ ခြောင်းခြောင်းထ၊ မလှရုပ်ဆင်းဝါ။

၄။ မနာလိုငြား၊ ဣဿာပွား၊ နည်းပါးခြွေရံမှာ။

၅။ မစွန့်ရပွား၊ မလှူငြား၊ နည်းပါးကိုယ့်ဥစ္စာ။

၆။ မနွံမကျိုး၊ မာနအိုး၊ အမျိုးယုတ်တတ်စွာ။

၇။ မေးဟပုံးလွှမ်း၊ မမေးမြန်း၊ ဉာဏ်ကန်းဖြစ်တတ်စွာ။

ထိုမှအပြန်၊ ကောင်းကျိုးမှန်၊ ဝေဖန်သိအပ်စွာ။

မင်းကွန်းတိပိဋကဓရ ဆရာတော်

၁၃၂၉ ခု၊ ဝါဆိုလပြည့်ကျော် ၁၅ ရက်

http://www.dhammadownload.com



၁၃၄၄ ခုနှစ်၊ နတ်တော်လဆန်း ၁၁ ရက်၊ (၂၆-၁၂-၈၂) နေ့မှစ၍

နိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက

ကပ္ပိယ ကာရကအဖြစ် ဆောင်ရွက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က

ဦးစီးကျင်းပအပ်သော (၃၅)ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေး စာပြန်စာမေးပွဲ၌

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ကိုယ်စား

## အရှင်ဝိစိတ္တသာရာဘိဝံသ ရေးသားဖတ်ကြားအပ်သော

# နိဗ္ဗာရဏာတ္တ ဩဝါဒကထာ စာတမ်း

**နမော တဿ ဗုဒ္ဓဝီရတ္ထု။**

(၁) ဧကပိဋက ဒွိပိဋက တိပိဋကဓရ-အလျာ သာသနာ့သူရဲကောင်း စာပြန် စာဖြေအရှင်မြတ်အပေါင်းတို့ ... အရှင်တို့သည် -

သာသနံ ပုညဝန္တဿ၊ ပုညဝန္တာဝ လဗ္ဘရေ။

န ပ္ပပုညာ ကရဟာစိ၊ ပဂ္ဂဏှိတု မဌာနတာ။

ဟူသော ဒေသနာတော်အရ မြတ်စွာဘုရား၏ ပရိယတ္တိသာသနာတော်ကို ကျက် အံ ကြဲ ကြည့် အချိန်ပြည့် အားထုတ်တော်မူကြကာ ဓမ္မာနုဂ္ဂဟဓမ္မပူဇာဖြင့် သဒ္ဓါဗလဝ ပူဇော်ချီးမြှောက်ခွင့် ရတော်မူကြသောကြောင့် ပုညဝန္တခေါ်ဆို ဘုန်းကံထူးရှိသော ပုဂ္ဂိုလ်တို့ဖြစ်ကြောင်း ကောင်းစွာ ထင်ရှားလှပါသည်။

(၂) ယနေ့ခေတ် သာသနာသည် လွန်ခဲ့သော ၁၃၄၁ ခုနှစ်ကစ၍ ရှေ့ပိုင်းကာလ သာသနာမျိုး မဟုတ်ပါ -

သာဂါရာ အနာဂါရာစ၊ ဥဘော အညောညနိဿိတာ။

အာရာဓယန္တိ သဒ္ဓမ္မံ၊ ယောဂက္ခေမ မနုတ္တရံ။

ဟူသော ဒေသနာတော်အရ ဆရာဒကာ ညီညာဖြဖြ အမှီရ လက်တွဲကြလျက် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးတို့ကို ရှေးရှုကြကာ ဝိနိစ္ဆယရေး+သာသနာရေး+ပညာရေး ဟူ၍ အပိုင်းကြီး ၃ ပိုင်း ခွဲခြားလျက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က ဓမ္မဝိနယနှင့်အညီ ကျင့်ကြံနိုင်ရေး+ထေရဝါဒ သာသနာစစ်စစ် ဖြစ်နိုင်ရေး+ခေတ်မှီ၍ အမြန်တတ်မြောက်နိုင်မည့် ပညာရေး တို့ကို ဦးစားပေး ဆောင်ရွက်လျက် ရှိနေသည်တို့ကို အရှင်တို့သည်လည်း သိတော်မူကြပြီး ဖြစ်ကြပါသည်။

http://www.dhammadownload.com



(၃) နိုင်ငံတော် ဗဟိုဝန်ဆောင်ဆရာတော်များ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်များ၊ နိုင်ငံတော် သံဃမဟာနာယကဆရာတော်များ ဤရှေ့ဆောင်ဆရာတော်များ အဖွဲ့ကြီး ၃ ဖွဲ့တို့က သာသနာ့အဖူးအညွန့် ဖြစ်ကြသော အရှင်မြတ်များ ပြည်တွင်းပြည်ပ နှစ်ဌာနတို့၌ ထေရဝါဒ သာသနာကို အောင်မြင်စွာ ပြုနိုင်ရေး ရှေးရှုတော်မူကြလျက် နိုင်ငံတော်အစိုးရ၏ သဒ္ဓါတရားကို ထောက်မြော်တော်မူကြကာ "နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီး" နှစ်ရပ် (ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌) မားမားမတ်မတ် ပေါ်ထွက်လာနိုင်ရန် အကြိမ်ကြိမ် စဉ်းစား ဆွေးနွေး ဆုံးဖြတ် ချက်ချ၍လည်းကောင်း၊ နိုင်ငံတော်အတွင်းရှိ သံဃနာယက ဆရာတော်များ စာချဆရာတော်များ၏ သဘောတူဆန္ဒကို အပြည့်အဝ ရယူ၍လည်းကောင်း၊ မကြာမီနှစ်ပိုင်းအတွင်း အကောင်အထည် ဖော်ရန် စီမံနေကြသည်ကိုလည်း အရှင်မြတ်တို့ ဝမ်းမြောက်ဖွယ်ရာ ကြားသိကြရပြီး ဖြစ်ပါသည်။

(၄) စာပြန် စာဖြေ အရှင်မြတ်အပေါင်းတို့ ... ရှေ့ဆောင်အဖွဲ့ကြီး ၃ ဖွဲ့ဝင် ဆရာတော်အရှင် သူမြတ်တို့သည် -

> ပမုဋ္ဌမှိ စ သုတ္တန္တေ၊ အဘိဓမ္မေ စ တာဝဒေ။
> ဝိနယေ အဝိနဋ္ဌမှိ၊ ပုန တိဋ္ဌတိ သာသနံ။

ဟူသော ဒေသနာတော်အရ ဝိနည်းပိဋကတ် မကွယ်မပ တည်တံ့နေသမျှ သာသနာတော် တည်တံ့ နေမည့်အရေး အလေးအနက် စဉ်းစားတော်မူကြ၍ ဤတိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲ၌ ဝိနည်း ကို ဦးစားပေးကြ၍ "ဝိနည်းပိဋကတ်ကို လက်ဦးအစ မပြေမနေရ ဘာသာ" အဖြစ် သတ်မှတ်၍ အရှင်မြတ်တို့လည်း လေ့လာနိုင် ဆောင်နိုင်လွယ်အောင် နှစ်ပိုင်းခွဲ၍ ပြဋ္ဌာန်းထားသည်ကို အလေး အနက်စဉ်းစား နှလုံးထား ဝမ်းမြောက်ကြစေလိုပါသည်။

(၅) စာပြန် စာဖြေ အရှင်မြတ်အပေါင်းတို့ ... အရှင်မြတ်တို့၏ ပရိယတ္တိသည် နိတ္ထရဏတ္ထ ပရိယတ္တိ ဖြစ်ရှိနိုင်ရေးအတွက်-

> သောတာနုဂတာနံ ဘိက္ခဝေ ဓမ္မာနံ ဝစသာ ပရိစိတာနံ မနသာနုပေက္ခိတာနံ ဒိဋ္ဌိယာ သုပ္ပဋိဝိဒ္ဓါနံ စတ္တာရော အာနိသံသာ ပါဋိကင်္ခါတဗ္ဗာ -

အစရှိသော စတုက္ကနိပါတ အင်္ဂုတ္တရပါဠိတော် သောတာနုဂတသုတ်တော်ကို အမြဲမပြတ် သတိချပ်ဖို့ လိုအပ်ပါသည်။

ဤသုတ္တန်အရ အရှင်မြတ်တို့မှာ ဗုဒ္ဓဘာသိတဖြစ်သော ပိဋကတ်တော် ပရိယတ်တရားများကို နေ့နေ့ညည ကြားနာရမှုတည်းဟူသော သောတာနုဂမန ပဌမအင်္ဂါနှင့်လည်း အားရဖွယ်ရာ ပြည့်စုံ လျက် ရှိကြပါပြီ ...။ နေ့စဉ်မပြတ် ရွတ်အံ ပြန်ဆိုခြင်းဖြင့် ဝစသာပရိစယ ဒုတိယအင်္ဂါနှင့်လည်း အားရဖွယ်ရာ ပြည့်စုံလျက် ရှိကြပါပြီ ...။ ဇာတိ အာစာရ ကုလပုတ္တများပီပီ မိမိတို့လေ့လာအပ်

http://www.dhammadownload.com



သော ပိဋကတ်တော်လာ တရားအချက်တို့ကို လက်တွေ့ကျင့်သုံး နှလုံးသွင်းကြခြင်းဖြင့် ပထမ ရှေ့ပိုင်း၌ မနသာနုပေက္ခနပဟူသော တတိယအင်္ဂါ၊ နောက်ပိုင်း၌ ပညာယသုပ္ပဋိဝေဓ ဟူသော စတုတ္ထအင်္ဂါတို့နှင့် ဧကန်မုချ ပြည့်စုံကြမည် ဖြစ်ပါသည်။

(၆) ဤနည်းအားဖြင့် အရှင်မြတ်တို့သည် ဒုတိယဘဝ၌ သဂ္ဂလောကသို့ ကပ်ရောက်ကြကာ (က) မိမိဘာသာ နှလုံးသွင်းအပ်သော တရားတို့ ပေါ်လာ၍ဖြစ်စေ၊ (ခ+ဂ) ဣဒ္ဓိမန္တ ဓမ္မကထိက ရဟန်း ဓမ္မကထိကနတ်သားတို့ ဟောကြားအပ်သည်ကို ကြားနာရ၍ မိမိနှလုံးသွင်းအပ်သော တရားတို့ ပေါ်လာ၍ဖြစ်စေ၊ (ဃ) မိမိတို့ နတ်သားအချင်းချင်း သတိပေးသဖြင့် မိမိနှလုံးသွင်းအပ် သော တရားတို့ ပေါ်လာ၍ဖြစ်စေ = ဤလေးချက်တို့တွင် တစ်ချက်ချက်ဖြင့် နှလုံးသွင်းအပ်သော တရားများ ပေါ်လာကာ မဂ်ဖိုလ်တရားထူးကို မုချဧကန် ရနိုင်ကြမည် မှန်သောကြောင့် –

ဓမ္မံ သုတွာ ပရိစိယ၊ အနုပေက္ခိယ စေတသာ။
ပညာ ပဋိဝိဇ္ဈိတွာ၊ ဟောထ ဝိသေသဂါမိနော။

ဘဒ္ဒန္တာ=သာကီယဇာတ် အရှင်မြတ်တို့ဘုရား။ (ဘဒ္ဒန္တာ=တိပိဋကဓရ ခေါ်တွင် စာသဘင်ဝယ် ပါဝင်ဘိတောင်း အရှင်ကောင်းတို့ ...) တုမှေ=ဇာတိ အာစာရ ကုလပုတ္တ မှန်ငြား အရှင်ဘုရား တို့သည်။ ဓမ္မံ=နေ့စဉ်မပြတ် လေ့လာအပ်သည် ပရိယတ်ဓမ္မက္ခန် နည်းလမ်းမှန်ကို။ သုတွာ=နေ့နေ့ ညည ကြားနာကြရသောကြောင့် လည်းကောင်း။ ပရိစိယ=နှုတ်ဖြင့်တွတ်ငွက် မပြတ်ရွက်ကာ လေ့လာကြရသောကြောင့် လည်းကောင်း။ စေတသာ=ရှေ့ပိုင်း၌ ဝိပဿနာ ဘာဝနာစိတ်ဖြင့်။ အနုပေက္ခိယ=အနိစ္စ ဒုက္ခ အနတ္တ ဧကန် သဘောမှန်ကို အဖန်ဖန် ရှုကြရ၍လည်းကောင်း။ ပညာယ ပဋိဝိဇ္ဈိတွာ=နောက်ပိုင်းရောက်လာ ဝိပဿနာ ဉာဏ်ပညာဖြင့် စိတ်ဖြာထိုးထွင်း လင်းလင်းထင်ထင် သိမြင်ကြရ၍လည်းကောင်း၊ ဝိသေသဂါမိနော=ဒုတိယဘဝ နတ်ဌာနဝယ် လေးဝဇန်တီး တနည်း နည်းဖြင့် မဂ်ထီးရှစ်ဆူ စွင့်စွင့်ထူနိုင်ကြကုန်သည်။ ဟောထ=နိတ္ထရဏတ္ထ ပရိယတ္တိအရဖြင့် မုချ ပုံသေ ဖြစ်တော်မူကြပါစေကုန်သတည်း ... ဟု –

ဝိဇည်းမင်္ဂလာ ပတ္ထနာအာသီသဖြင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ဩဝါဒကထာအစဉ်ကို ဤတွင်ပင် ကမ္ပတ်ဖုံး၍ နိဂုံးအုပ်အပ်ပါသတည်း ...။

သာဓု ... သာဓု ... သာဓု။

**ဦးဝိစိတ္တသာရာဘိဝံသ**
နိုင်ငံတော် သံဃမဟာနာယက အဖွဲ့၏ကိုယ်စား
ဓမ္မဒီပကျောင်းဆောင်၊ ကမ္ဘာအေး၊ ရန်ကုန်မြို့။

http://www.dhammadownload.com



ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်း၏ ၁၃၄၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်နေ့ (၁၂-၃-၈၃)နေ့၌ ကျင်းပသော (၂၃)ကြိမ်မြောက် ဩဝါဒါစရိယ ပူဇော်ပွဲအခမ်းအနားတွင်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု

## ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ မဟာထေရ် မြွက်ကြားသော

# ဩဝါဒကထာ

အစီအစဉ်အမှတ်(၆) အရ ဩဝါဒါစရိယ ဆရာတော်များ၏ ဩဝါဒကထာ မြွက်ကြားဖို့ရန် သံဃာ့မဟာထေရ် အရှင်သူမြတ်ရဲ့ ခွင့်ပေးချက်အရ အဘိဓမ္မာပြန့်ပွားရေးအသင်း ဒါယကာ ဒါယိကာမတို့အား ဘုန်းကြီး ရင်းရင်းနှီးနှီး ဩဝါဒကထာ စကား ပြောကြားပါ့မယ်။

ဥက္ကဋ္ဌကြီး၏ ဖတ်ကြားလျှောက်ထားသွားတဲ့ စကားတွေဟာ စိတ်ထဲမှာ အင်မတန် အားငယ်သကဲ့သို့ ဖြစ်ပြီးနေပါတယ်။ စိတ်ထဲမှာ အားငယ်မယ်ဆိုရင် ငယ်စရာပေါ့။

ပထမဥက္ကဋ္ဌကလည်းပဲ မကျန်းမာတဲ့ ဂီလာနအကြောင်း ရှိပါတယ်။ တစ်ခါ ဒုတိယဥက္ကဋ္ဌ ဖြစ်တဲ့ ဒါယကာကြီးများကလည်းပဲ အသက်အရွယ် နည်းနည်းကြီးလာတော့ နည်းနည်းလျော့ပါးလာတယ်။ သံဝေဂသံက "ဘင်္ဂေါနတာ သုဝေ သုဝေ"ဆိုတဲ့ ဝိသုဒ္ဓိမဂ်ဂါထာကို တော်တော် သဘောကျပုံရတယ်။

"အနုပ္ပန္နာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာစ နိရုဇ္ဈရေ။
နစ္စံ နဝါဝ သင်္ခါရာ၊ ဘင်္ဂေါနတာ သုဝေ သုဝေ"

သင်္ခါရာ=ရုပ်နာမ်ဓမ္မ သင်္ခါရတို့သည်။ အနုပ္ပန္နာ=နဂိုက မဖြစ်မရှိ ကြကုန်ဘဲ။ ဥပ္ပဇ္ဇန္တိ=ဥပါဒ်ထင်ရှား ဖြစ်ပွားလာကြကုန်၏။

မိမိတို့၏ တလံမျှလောက်သော ကိုယ်ခန္ဓာမှာ အမှန်တကယ် ပရမတ္ထအားဖြင့် ရှိတဲ့ ရုပ်နာမ် ဓမ္မ သင်္ခါရတရားတွေဟာ နဂိုက တစ်နေရာရာမှာ ဖြစ်ပြီးတော့ ဒီနေရာမှာ လာပြီးတော့ ဖြစ်ပေါ်တဲ့ သဘောမျိုး မဟုတ်ဘူး။ နဂိုက မဖြစ်မရှိသေးဘဲနဲ့ ဝတ္ထုအာရုံအစရှိတဲ့ ထိုထိုသော အကြောင်းတွေ ပေါင်းဆုံလာလို့ ဖြစ်ပေါ်လာကြခြင်း ဖြစ်တယ်။

ဥပ္ပန္နာစ နိရုဇ္ဈရေ=ဖြစ်ပြီးပြန်တော့လည်းပဲ အမြဲမတည်ဘဲနဲ့ အဘိဓမ္မာ အသင်းဝင် သူတော်စင်များပီပီ ရုပ်သက်နာမ်သက် ခဏာယေ်သုံးချက် သူ့အသက်နဲ့သူ ပြည့်သွားရင် ဘယ်သူမှဆွဲထားတားထားလို့လည်း မရပါဘူး။ ဥပ္ပန္နာစ=ဥပါဒ်ထင်ရှား ဖြစ်ပွားလာကြတဲ့ ရုပ်နာမ်တရားတို့သည်လည်း။ နိရုဇ္ဈရေ=ဘင်သို့ရောက်၍ ချုပ်ပျောက်ကြလေကုန်၏။ နိစ္စထာဝရ ဘယ်ရုပ်ဘယ်နာမ်မှ တည်တံ့တာရယ်လို့ သင်္ခါရနယ်ပယ်မှာ မရှိပါဘူး။

http://www.dhammadownload.com



"နိစ္စံ နဝါဝ သင်္ခါရာ"။ သင်္ခါရာ=ရုပ်နာမ်ဓမ္မ သင်္ခါရတို့သည်၊ နိစ္စံ=အမြဲ၊ နဝါဝ=အသစ်အသစ် ဖြစ်၍ဖြစ်၍သာ နေကြကုန်၏။ အလွန်ကောင်းတဲ့ သဘာဝ ဒေသနာဖြစ်ပါတယ်။ ရုပ်နာမ်ဓမ္မ သင်္ခါရတွေသည် အမြဲတမ်း အသစ်အသစ် ဖြစ်လျက်ဖြစ်လျက် ရှိတယ်။ ဆိုလိုရင်းကတော့ အသစ် အသစ် ဖြစ်ချုပ်ဖြစ်ချုပ် အဲဒီလို တည်နေတာ ဖြစ်ပါတယ်။

သုဝေ သုဝေ=နက်ဖြန်ခါ၌၊ နောက်နောက်နေ့သို့၊ ရှေ့ရှေ့သက်ပိုင်း၊ ရောက်လေတိုင်းမှာပင်။ သင်္ဂါနတာ=ပျက်ရန်ဖန်တီး၊ ဘင်ခရီးသို့၊ နီး၍နီး၍ လာကြလေကုန်ပြီလို့။ ဒါက တို့ သန္တာန် အနေနဲ့ ပြောလို့ရှိရင် နောက်နေ့ နောက်နေ့၊ ရောက်တိုင်းရောက်တိုင်း တစ်ရက်လွန်သွားရင် တို့သူငါဟာ သမ္မုတိမရဏာသို့ တစ်ရက်နီးသွားပြီ။ လောက ဥပမာအားဖြင့် နွားသတ်ရုံသို့ အဆွဲခံရ သောနွား ခြေတစ်လှမ်း လှမ်းလိုက်ရင် သေဖို့ရန်နဲ့ တစ်လှမ်းနီးသွားပြီလို့ ဆိုသလိုပဲ။ တို့မှာလည်းပဲ နက်ဖြန် ရောက်သွားပြီဆိုရင် နောက်နေ့ နောက်နေ့၊ တရွေ့ရွေ့ ရောက်သွားပြီ။ တစ်နေ့လွန်ရင် တစ်နေ့ သမ္မုတိမရဏာနဲ့ တို့တတွေ နီးသွားပြီ၊ နီးနီးသွားပြီလို့ သံဝေဂယူဖို့ ဂါထာဖြစ်ပါတယ်။

ဒီဂါထာကို ဥက္ကဋ္ဌကြီးက လျှောက်သွားတော့ ဤအပိုင်းက သံဝေဂအပိုင်း။

နီတိဆရာများက တရားနှလုံးကျင့်သုံးတဲ့အခါမှာ ကွေးတဲ့လက်က မဆန့်ခင်၊ ဆန့်တဲ့လက်က မကွေးခင် ငါသည် သေနိုင်တယ်။ အဲဒီသတိကို ထားပြီးတော့ တရားနှလုံးကျင့်သုံးပါ။ လူ့လောက မှာ ဥစ္စာစီးပွားရှာရင် မိမိကိုယ် သေခြင်းတရားကို မတွက်ပါနဲ့၊ မသေအံ့သကဲ့သို့ သဘောထားပြီး တော့ ဥစ္စာစီးပွားကိုရှာပါ။ ကိုယ့်ကိုယ်ကို သေမှာသိသော်လည်းပဲ အဲဒီသေတဲ့ မရဏာသတိကို ဘေးဖယ်ထားပြီးမှ ဥစ္စာစီးပွားရှာပါ။ ဒါမှ ဥစ္စာစီးပွားဟာ ဖြစ်တယ်လို့ နီတိဩဝါဒ ရှိတယ်။

အဲဒီနီတိဩဝါဒကို ဤနေရာမှာ ဘုန်းကြီးများ ဥစ္စာတကာထဲတွင် အမြတ်ဆုံးဖြစ်သော အဘိဓမ္မာ ပညာဥစ္စာကို ရှာဖွေပေးကြတဲ့အခါမှာ ခုတင်ကပြောတဲ့ "ဘင်္ဂါနတာ သုဝေ သုဝေ"ကို အသာကလေး မိမိအိပ်ရာဝင်မှ နှလုံးသွင်းဖို့ထား။ မိမိတို့ အဘိဓမ္မာစာပေကို လေ့လာသင်ကြား ပို့ချတဲ့အခါမှာ သင်ကြားပို့ချနေတုန်းပဲ သူ့သမ္မုတိမရဏာ အချိန်ကျလို့ သေချင်သေသွားပါစေ။ မိမိအနေနဲ့ကတော့ အဲဒီတရားကို မစဉ်းစားပါနဲ့။

ဆရာပြုလုပ်သူက ငါသည် ... တပည့်များကို ဒီကနေ့ ဘာသင်ပေးမယ်၊ နက်ဖြန် ဘာတိုးတက် သင်ပေးမယ်၊ နောက်ရက် ဘာတိုးတက် သင်ပေးမယ်၊ အဲဒီဓမ္မဝိတက်။ တပည့်ပြုလုပ်တဲ့ သင်ကြား တဲ့ သင်တန်းသားများကလည်းပဲ ယနေ့ ငါတို့သည် အဘိဓမ္မာစိတ်ပိုင်း ကောင်းကောင်းနိုင်ပြီး နောက်ရက် နောက်လ စေတသိက်ပိုင်း၊ နောက်ရက် နောက်လ ပကိဏ်းပိုင်း၊ ဒီဓမ္မဝိတက်နဲ့ပဲ ကြိုးစားပါတဲ့။ သေခြင်းတရားကို အသာလေး ဘေးဖယ်ထားပါ။

မိမိတို့ ပညာဥစ္စာရတနာကို ဆည်းပူးတာ ဖြစ်ပါတယ်။ ဒီပညာဥစ္စာလောက် မမြတ်တဲ့ လောက စီးပွား ရှာမှီးတာတောင် သေခြင်းတရား ဘေးချိတ်ထားပြီးတော့ မသေအံ့သော ယောကျ်ားကဲ့သို့ သဘောထားပြီးတော့ ရှာရမယ်၊ အဲဒီလို ပြောပါတယ်။

http://www.dhammadownload.com



အဲဒီအတွက် ဘုန်းကြီးများ "ဘဂ်ေါနတာ သုဝေ သုဝေ" ကနေပြီးတော့ အဘိဓမ္မာ အသင်းသူ အသင်းသားတို့အား မိမိတို့ရဲ့ အဘိဓမ္မာ ပညာဥစ္စာ ရှာတဲ့အခါမှာ သေခြင်းတရားကို အသာလေး ဘေးချိတ်ထားပါ။ အဘိဓမ္မာသင်တန်းပြတဲ့အခါ အဘိဓမ္မာသင်တန်း တက်တဲ့အခါ ဘာပဲပြောပြော အဲဒီသေခြင်းတရား ဘေးချိတ်ထားပါ။ အသိဉာဏ်တိုးပွားဖို့ ဦးတည်ပြီးတော့ ဆောင်ရွက်ပါ။ ဓမ္မမိဋ္ဌာန်အားဖြင့် ဘုန်းကြီးများ ပြောကြားအပ်ပါတယ်။ အဘိဓမ္မာအသင်းကြီးအား ဩဝါဒကထာ စကားတစ်ပိုင်း ပြောပြီးပါပြီ။

ဘုန်းကြီးများပြောလိုတဲ့ ဩဝါဒကထာ စကားဆက်၍ ပြောကြားလိုပါတယ်။ မိမိတို့သည် ညီညွတ်ခြင်းအားကို မွေးမြူဖို့ အဓိကအရေးကြီးပါတယ်။ ညီညွတ်ခြင်းအား ရဖို့ဆိုတာကလည်းပဲ ဒိပြင်ဒိပြင် အဖွဲ့အစည်းတွေသည် တရားနှလုံးမသွင်းတတ်လို့ ညီညွတ်ခြင်းအား မရရင် ရှိပါစေ၊ ဘုန်းကြီးတို့ ဒီအဘိဓမ္မာအသင်းကြီးအနေနဲ့က တရားနှလုံးကျင့်သုံးနိုင်တဲ့ အရည်အချင်းပြည့်ဝတဲ့ ပုဂ္ဂိုလ်တွေ စုဝေးပြီးတော့ နေတာဖြစ်ပါတယ်။ အဲဒါကြောင့် အရည်အချင်းရှိတဲ့ သူတော်စင်တွေပီပီ အချင်းချင်း မတော်တဆ ပြောမှား၊ ပြုမှား၊ ကြံမှားရှိခဲ့သော် ပြောမှား၊ ပြုမှား၊ ကြံမှားမိတဲ့ ပုဂ္ဂိုလ်ကလည်း တောင်းပန်။ အပြောမှား၊ အပြုမှား၊ အကြံမှားခံရတဲ့ ပုဂ္ဂိုလ်ကလည်းပဲ ငါမကျေနပ်ရင် အခု ဘယ်သူ့ကို မကျေနပ်ရမလဲ စဉ်းစား။

ဘုန်းကြီးတို့သည် သည်းခံနှလုံးသွင်းတဲ့နေရာမှာ နည်းတစ်ခုရှိတယ်။ ဒါက အဘိဓမ္မာသမားများမှာ တတ်နိုင်တဲ့ နည်းဖြစ်ပါတယ်။ ကဲ–မင်းတို့ ပြုမှားတဲ့ပုဂ္ဂိုလ်၊ ပြောမှားတဲ့ပုဂ္ဂိုလ်၊ ကြံမှားတဲ့ ပုဂ္ဂိုလ် စိတ်ဆိုးမယ်ဆိုပါစို့။ ထိုသူ့ရဲ့ ခန္ဓာငါးပါးက ပြုမှားတဲ့အချိန်၊ ပြောမှားတဲ့အချိန်၊ ကြံမှားတဲ့အချိန် ကတည်းက ချုပ်ပျောက်သွားပြီ၊ အခု သင်သည် သူရဲ့ပစ္စုပ္ပန်ခန္ဓာကို ကြည့်ပြီးတော့ ပြစ်မှားရင်၊ ပစ္စုပ္ပန်ခန္ဓာကိုကြည့် စိတ်ဆိုးရင်၊ ခါးတောင်းတခြား တင်တခြား ဖြစ်တော့မည်ပေါ့။

သင့်အပေါ်မှာ ပြုမှား၊ ပြောမှား၊ ကြံမှားတဲ့ ခန္ဓာကား မရှိတော့ပြီ၊ အခုထိုသူရဲ့ခန္ဓာအစဉ်မှာ သင့်အပေါ်မှာ ပြောမှား၊ ပြုမှား၊ ကြံမှား မရှိတဲ့ (ဝါ) ကြံမှားမှု မပြုတဲ့ အသစ်အသစ်ရုပ်နာမ်ခန္ဓာများသာ ရှိနေပါတယ်။ အသင်စိတ်ဆိုးရင် လွဲတော့မပေါ့။ ခါးတောင်းကြီးတခြား တင်တခြား ဖြစ်တော့မပေါ့လို့ အဲဒီလို နှလုံးသွင်းလိုက်ရင် အားလုံးသည်းခံနိုင်တယ်။ အားလုံး ခွင့်လွှတ်နိုင်တယ်။ အေး–အဲဒီနည်းကို ပြောပါရစေ။

အထူးအားဖြင့် ဘုန်းကြီးများ ပြောလိုတာက ဒကာကြီးတွေကို ကြည့်ရတာဟာ ကျန်းမာရေးအတွက် စိတ်ထဲမှာ "သြော် ... တို့အသက်လဲကြီးပြီဟ အိုပြီဟ" ကျန်းမာရေးအတွက် အားငယ်နေတဲ့ပုံကို တွေ့ရပါတယ်။

ဘုန်းကြီးများ ဒီအတွက် အားပေးစကား ပြောလိုပါတယ်။ ဘုန်းကြီးတို့ မြန်မာပြည်က အသက် ၇၀ ဆိုရင်ပဲ ဒီလူ အလုပ်မလုပ်နိုင်တော့ဘူး ဆိုပြီးတော့ ပင်စင်ကို ပို့ဆောင်တတ်တယ်။ တချို့ ကမ္ဘာ့နိုင်ငံက လူကြီးတွေကိုကြည့်ရင် အသက် ၇၀ အထက်မှာ လောကီရေးမှာ ကြိုးစားလုပ်ကိုင်

http://www.dhammadownload.com



နေတာကို သတင်းစာများ ဖတ်ကြည့်ရလို့ သိရပါတယ်။

အမှန်အားဖြင့် မိမိတို့သတိပြုဖို့က ပသေနဒီကောသလမင်းကြီးအား မြတ်စွာဘုရားက လောကီရေးနဲ့ ပတ်သက်လို့ ကျန်းမာရေးနှင့် ပတ်သက်လို့ ညွှန်ကြားတဲ့ ဩဝါဒကို သတိချပ်ရမယ်။ သတိပြုရမယ်။ ဘယ်လိုလဲဆိုတော့ ပသေနဒီကောသလမင်းတရားသည် မြတ်စွာဘုရားအပေါ် ကြည်ညိုတဲ့အပြင် မြတ်စွာဘုရားနဲ့ ကောသဟာ တိုင်းတူတယ်။ သက္ကတိုင်းသည် ကောသလတိုင်းရဲ့ တစ်စိတ်တစ်ဒေသ ဖြစ်ပါတယ်။ အမျိုးအားဖြင့်လည်း ချကရီးယားသာကီယမျိုးဖြစ်လို့ အမျိုးအားဖြင့်လည်းပဲ တူတယ်။ တစ်ခါ အသက်အနေအားဖြင့်လည်း မဟာသက္ကရာဇ် ၆၈ ခုနှစ်မှာ လူဖြစ်ကြတာဖြစ်လို့ အသက်ကလည်း တူသတဲ့။

အဲဒီလို တူခြင်းသုံးပါးကြောင့် ကောသလသည် မြတ်စွာဘုရားအား ကြည်ညိုရုံတင်မကဘူး၊ ဒီသုံးချက်တူနေသည့်အတွက် ချစ်လည်းအလွန်ချစ်၊ ရင်းလည်း အလွန်ရင်းနှီး၊ ဘုရားဆီကို တစ်နေ့ နှစ်ခေါက် သုံးခေါက် မသွားရရင် နေကိုမနေနိုင်ဘူး။

တစ်ချိန်မှာတော့ သူ မြတ်စွာဘုရားဆီကို အင်မတန့် အင်မတန် မသွားရမနေနိုင်၊ သွားချင်လွန်းလို့ ထမင်းစားပြီးတော့ ဘုရားဆီသွားခဲ့တယ်။ ကောသလ နေ့စဉ် စားတဲ့ထမင်း တစ်ကြိမ်တစ်ကြိမ် စားရင် ကောသလမင်းသည် "ဒေါဏပါကကုရ" တစ်စိတ်ချက် ထမင်းကို စားတယ်လို့ သံယုတ်အဋ္ဌကထာများမှာ တိုက်ရိုက်လာရှိပါတယ်။ ကောသလမင်းဟာ ထမင်းစားရင် ဆန်တစ်စိတ်ချက် တစ်စိတ်ချက် ကုန်သတဲ့ သူတော်ကောင်းတို့ ...။

ဒီတော့ စာထဲကတော့ ဆန်တစ်စိတ်ချက်ဆိုတာပါပဲ။ ဆန်တစ်စိတ်လို့ ဆိုလို့ရှိရင် ဒီအတွက် ဟင်းက ဆိတ်ကလေးငယ်ငယ် တစ်ကောင်တော့ ကုန်မှာပဲလို့ အဲဒီလို မှန်းဆပြီးတော့ မြန်မာ့ နယ်ပယ်မှာ ကောသလမင်း တစ်ခါထမင်းစားရင် ဆန်တစ်စိတ်နဲ့ ဆိတ်တစ်ကောင် ကုန်တယ်လို့ အဲဒီလို ဆိတ်တစ်ကောင်ပါ တိုးထည့်ပြီးတော့ မှတ်တမ်းပြုကြတယ်။

နီတိကျမ်းထဲမှာ "ဝပုရာချာတိဘောဇနံ" ဘောဇနံ=ထိုသူစားတဲ့ အစာထမင်းက။ ဝပုရံ=ထိုသူရဲ့ ကိုယ်ခန္ဓာအနေအစားကို။ အာချာတိ=အထင်အရှား ပြောကြားနေပါတယ်။ ကောသလမင်းကြီးကို ဘုန်းကြီးတို့လည်း မမြင်ဖူးဘူး။ ဟောဒီက တရားနာပရိသတ်လည်း မမြင်ဖူးဘူး။ သို့သော် ထိုသူစားတဲ့ထမင်းက ထိုသူရဲ့ ကိုယ်အနေပုံပန်းကို ပြောပြနေတယ်။ ဒီမူအရ ကြည့်လိုက်တော့ ဘုန်းကြီးများ ကောသလမင်းကို လူအထည်ဒြပ် မမြင်ဘူးပေမယ့် ဤနီတိညွှန်ကြားချက်အရ ဆန်တစ်စိတ်နဲ့ ဆိတ်တစ်ကောင်ချက် ကုန်တယ်ဆိုတော့ ဘာပဲပြောပြော ကောသလမင်းဟာ မွတ်တားကြီး၊ ဇရာမ မွတ်တားကြီး၊ ဘာဘူကြီး၊ အဝကြီးတွေ တိုက်ပေါ်က တိုက်အောက်ကိုတောင် မနည်းဆင်းရတဲ့ ဘာဘူကြီးတွေရဲ့ ကိုယ်ခန္ဓာလို နေမှာပဲလို့ မှန်းပြီးတော့ သိနိုင်တယ် သူတော်ကောင်းတို့။

အဲဒီတော့ သူက တစ်နေ့သဥ္ဓ ဆန်တစ်စိတ်ချက် ထမင်းစား၊ မြတ်စွာဘုရားနဲ့ မတွေ့ဘဲက မနေနိုင်လို့ ခုအချိန်လောက် နေမှာပေါ့။ မြတ်စွာဘုရားဆီသွား၊ မြတ်စွာဘုရားဆီ မနေနိုင်လို့သာ

http://www.dhammadownload.com



သွားရတယ်၊ သူရဲ့ ဆန်တစ်စိတ်ချက် ထမင်းက အဆိပ်တက်။ အဆိပ်တက်ဆိုတာ အိပ်ချင်လှပြီ။ ဘယ်လိုနည်းနဲ့မှ မထိန်းနိုင် မသိမ်းနိုင်၊ အဲဒီတော့ ဘာဖြစ်သလဲ။ မြတ်စွာဘုရား ရှေ့ရောက်လို့ ဘုရားရှိခိုးပြီး မြတ်စွာဘုရားပြောတာ ဘာမှ နားမထောင်နိုင်တော့ဘူး။ တဟားဟား တဟမ်းဟမ်းနဲ့ တသမ်းသမ်း တဝေဝေ ဖြစ်နေပြီ။ ဒီမှာ မြတ်စွာဘုရားက အစားကြီးခြင်းရဲ့အပြစ်၊ အစားကို မတ္တညုဖြစ်အောင် စားခြင်းရဲ့အကျိုး၊ ဒီနှစ်ခုခွဲပြီးတော့ ဟောတယ်။ ဤတွင် မတ္တညုစားတာရဲ့ အကျိုးကို နာယူမှတ်သားရင် ဒါက လိုရင်းဖြစ်ပါတယ်။

အဲဒီမှာ ကောသလမင်းအား မြတ်စွာဘုရားက မတ္တညုပုဂ္ဂိုလ်ပီပီစားဖို့ရန် ဟောကြားတဲ့ ဩဝါဒကို ဤအဘိဓမ္မာအသင်းဝင် ဒကာ-ဒကာမများအား ညွှန်ကြားပြောပြလိုပါတယ်။ မြတ်စွာဘုရားက ကောသလမင်းအား ဘာဟောသလဲဆိုတော့ -

"မနုဇဿသဒါ သတိမတော၊ မတ္တံဇာနတော လဒ္ဓဘောဇနံ။

တနုကဿ ဘဝန္တိ ဝေဒနာ၊ သဏိကံ ဇီရတိ အာယုပါလယံ"။

သဒါ=အခါခပ်သိမ်းသောအခါ၌။ သတိမတော=သတိရှိသော သပ္ပါယ အသပ္ပါယ ဆင်ခြင်အောက်မေ့တဲ့သတိကို အမြဲတမ်း လက်ရှိထားပါ။

လဒ္ဓဘောဇနံ လဒ္ဓဘောဇနေ=မိမိအတွက်ရအပ်သော အစာထမင်း၌။ အစာအာဟာရ၌။ မတ္တံဇာနတော=ခံယူတဲ့အခါ၊ စားသုံးတဲ့အခါ အတိုင်းအရှည်ကိုသိသော။ မနုဇဿ=လူအား(ဝါ)လူ၏အဖို့ -

၁။ ရောဂါဝေဒနာ အခံခက်တဲ့ ဒုက္ခဝေဒနာ ရောဂါတို့သည်။ တနုကံ=နည်းပါးကုန်သည်။ ဟောန္တိ=ဖြစ်ကုန်၏။

၂။ သနိကံ=ဖြည်းဖြည်းမှ။ ဇီရတိ=မျက်စိ၊ နား၊ နှာ၊ အင်္ဂါကြီးငယ် အိုမင်း၏။

၃။ အာယု=ရုပ်ဇီဝိတ၊ နာမ်ဇီဝိတနှစ်ပါးသည်။ ပါလယံ=ဤကိုယ်ကို အချိန်ကြာကြာ စောင့်ရှောက်၏။

မြတ်စွာဘုရား ဤဂါထာကို ဟောပါတယ်။ ပြီးတော့မှ အဓိပ္ပါယ်ပြောရအောင်။

ကောသလမင်းက အဲဒီဂါထာ အလွန့်ကို သူနှစ်သက်တယ်။ နှစ်သက်တော့ သူကလည်း ပြန်ချင်ပြီ။ အိပ်ချင်ပြီ။ သူ့နောက်ကပါတဲ့ သုဒဿနကို "ငါ့တူ-ဒီဂါထာကို မြတ်စွာဘုရားဆီက သင်ခဲ့"။ သူ့ဘို့ခေတ်တုန်းက စာရွက်ပေါ်ရေးတဲ့ခေတ် မဟုတ်ဘူး၊ နှုတ်တိုက်ချပေးတဲ့ခေတ်။ သုဒဿနကျန်ရစ်။ ကောသလမင်းပြန်သွား၊ မြတ်စွာဘုရားက အဲဒီဂါထာကို သုဒဿနအား နှုတ်တိုက်ချပေးတဲ့အခါ သူ့တို့ပင်ကိုကလည်းပဲ ပါဠိစကားပြောကြားကြလို့ မာဂဓဘာသာပြောကြားတဲ့ ပုဂ္ဂိုလ်တွေဖြစ်တော့၊ လေးငါးခြောက်ခေါက်လောက် မြတ်စွာဘုရားက ရှေ့ကဆိုပေးလိုက်တော့ သုဒဿန ရသွားပြီ။

"တပည့်တော်ရပြီဘုရား၊ တပည့်တော်ပြန်ပါရစေ"။ မြတ်စွာဘုရားက "သုဒဿန-ဤဂါထာကို

http://www.dhammadownload.com



သင်သည် မဟာရာဇာကြီး ထမင်းစားတဲ့ စားစ ပထမပိုင်းတွင် မရွတ်နဲ့၊ ထမင်းစားလို့ အလယ်ခေါင် ရောက်လာတဲ့ အလည်ပိုင်းမှာလည်းပဲ မရွတ်နဲ့ဦး၊ ဘာဖြစ်လို့တုန်း။ ဒီဂါထာကိုကြားရင် မဟာရာဇာကြီးဟာ ငါ့ကို ကြည်ညိုယုံကြည်ခြင်း အင်မတန် ပြင်းတယ်။ အဲဒီတော့ ယုံကြည်ခြင်း၊ ကြည်ညိုခြင်း ပြင်းတဲ့အတွက် ဒီဂါထာကြားတဲ့နေရာက ထမင်းလုတ်ကို ရပ်ပစ်လိုက်လိမ့်မယ်။ ရပ်ပစ်ရင် ကသိကအောက် ဖြစ်နိုင်တယ်။ အဲဒါကြောင့်မို့ မဟာရာဇာကြီး ထမင်းစားတဲ့အခါ နောက်ဆုံးထမင်းလုတ်ရဲ့ ရှေ့နားက ပြီးခါနီး ထမင်းလုတ်ပေါ့။

အဲဒီထမင်းလုတ်ကို ပါးစပ်ထဲရောက်မှ ဤဂါထာရွတ်ပေး၊ ရွတ်ရင် အဲဒီနောက်ဆုံး ထမင်းလုတ်ကို သူမစားတော့ဘူး။ နောက်တစ်ကြိမ်ချက်တော့ တစ်လုပ်စာလျှော့ချက်။ ဒီတစ်လုပ်စာလျှော့ချက်။ အဲ–နောက်တစ်ကြိမ်လည်းပဲ ရွတ်ပေး၊ နောက်ဆုံးထမင်းလုတ်ရဲ့ ရှေ့နားက ထမင်းလုတ် ပါးစပ်ထဲရောက်ရင် ဤဂါထာရွတ်ပေး၊ နောက်ဆုံးထမင်းလုတ်ကို သူမစားတော့ဘူး။

အဲ–နောက်တစ်ခါ ထမင်းချက်တော့ တစ်လုပ်စာလျှော့ချက်သွားလို့ တစ်ပြည်ချက်ရောက်တဲ့ အခါ ငါဘုရားထံ လာပြီးတော့ ပြောဦးနော်၊ "ကောင်းပါပြီ၊ အရှင်ဘုရား" ဆိုပြီးတော့ သုဒဿန နန်းတော်ပြန်သွားပြီး ကောသလ မဟာရာဇာကြီး ထမင်းပွဲတော် တည်တဲ့အခါ နောက်ဆုံးထမင်း လုတ်ရဲ့ ရှေ့ထမင်းလုတ်ကလေး ပါးစပ်ထဲလည်းရောက်ပြီးရော ဤဂါထာကို ရွတ်ပေး –

"မနုဇဿ သဒါ သတိမတော၊ မတ္တံဇာနတော လဒ္ဓ ဘောဇနံ။

တနုကဿ ဘဝန္တိ ဝေဒနာ၊ သဏိကံ ဇီရတိ အာယုပါလယံ"

"မဟာရာဇာကြီးဘုရား၊ ကိုယ်နဲ့သပ္ပါယဖြစ်မယ် မဖြစ်မယ်ဆိုတာ အမြဲတမ်း သတိထား၊ အတိုင်းအရှည်ကို သိပြီးစားတဲ့ ပုဂ္ဂိုလ်အဖို့ ရောဂါဝေဒနာ နည်းပါးခြင်း၊ ဖြည်းဖြည်းမှ ဣန္ဒြေများ ယိုယွင်းခြင်း၊ ရုပ်ဇီဝိတ နာမ်ဇီဝိတနှစ်ပါးက ဒီကိုယ်ခန္ဓာကို အချိန်ကြာကြာ စောင့်ရှောက်ခြင်း ခေါ်တဲ့ အသက်ရှည်ခြင်း၊ အကျိုးသုံးပါးရတယ်။

အဲဒီလို ဂါထာရွတ်ပေးလိုက်ရင် ကောသလမင်းသည် နောက်ထပ် နောက်ဆုံး ထမင်းလုတ် မထည့်တော့ဘူး၊ တစ်ခါတည်းနားလိုက်၊ နောက်တစ်ခါ ထမင်းချက်တော့ တစ်လုပ်စာလျှော့ချက်၊ အဲဒီလျှော့ချက်ပြီးတဲ့ ထမင်းပွဲတော် တည်ပြန်တော့လဲပဲ နောက်ဆုံးအလုတ်ရဲ့ ရှေ့အလုတ်ပါးစပ်ထဲ ရောက်ရင် ဤဂါထာကိုရွတ်ပြ၊ တစ်လုတ်မစားဘဲ လျှော့ပြန်တယ်၊ ဤနည်းနဲ့ တစ်လုတ်စာ တစ်လုတ်စာ လျှော့လျှော့ချက်ပြီးတော့ လာလိုက်တာ တစ်ပြည်ချက်ရောက်တော့ မြတ်စွာဘုရားဆီ ပြန်လျှောက်။ "တစ်ပြည်ချက်ရောက်ပါပြီဘုရား"၊ ဒီတော့ မြတ်စွာဘုရားက "သုဒဿန–တော်ပြီ၊ နောက်မရွတ်နဲ့တော့၊ နဂိုက တစ်စိတ်ချက်စားတဲ့ ခန္ဓာဟာ တစ်ပြည်ချက်ရောက်သွားရင်၊ အဲဒီ အောက် လျှော့ရင် မျှတဖို့ မလွယ်ဘူးတဲ့၊ ဒါကြောင့် တစ်ပြည်ချက်တော့ ဒီခန္ဓာပေးမှ တော်မှာ ဖြစ်လို့ နောက်ဒီဂါထာ မရွတ်နဲ့တော့"လို့ မြတ်စွာဘုရားက မိန့်ကြားတယ်။ ကောသလမင်းသည် အဲဒီ တစ်ပြည်ချက်ကတည်းက သူသည် ထမင်းစားပြီးလဲ စကားပြောနိုင်တယ်။

http://www.dhammadownload.com



ကျန်းကျန်းမာမာ အိုးတိုးအိုးတင့်တွေ ဘာတွေ ဘာမှ အိုးတိုးအိုးတင့် မရှိတော့ဘူး။ "ဩော် ...မြတ်စွာဘုရားဟာ ငါ့အပေါ် လောကစီးပွား ဓမ္မစီးပွား နှစ်ပါးကို လိုလားတော်မူပါပေတယ်။ မြတ်စွာဘုရားကို အင်မတန် သူ ကြည်လဲကြည်ညိုတယ်၊ အားလဲအားကိုးတယ်၊ အခု ဘုန်းကြီးတို့သည် "တပည့်တော်တို့ အသက်ကြီးပြီ" "သင်္ခါရတာ သုဝေ သုဝေ"ကို သဘောကျနေတဲ့ ဒကာ ဒကာမများ အားရှိအောင် အဲဒီကောသလသံယုတ်က ဤဂါထာအရ ဘုန်းကြီးများ နေ့စဉ်ကျင့်သုံးတဲ့မှုကို ပြောပါရစေ ...

(က) မိမိနဲ့ သင့်-မသင့် အစာအာဟာရကို အမြဲသတိထားပါ။
ဖြုန်းခနဲ မစားလိုက်ပါနဲ့။

(ခ) မိမိဖို့ရလာတဲ့ ထမင်းကို ခံယူတဲ့နေရာမှာ အတိုင်းအရှည်ကိုသိပါ။ စားသုံးတဲ့နေရာမှာ အတိုင်းအရှည်ကို သိပါ။

မတ္တညုလို့ခေါ်တယ်၊ နှစ်မျိုးရှိတယ်။

၁။ ပဋိဂ္ဂဟဏ မတ္တညု = ခံယူခြင်းအတိုင်းအရှည်ကို သိတဲ့သူ။

၂။ ပရိဘောဂ မတ္တညု = သုံးစွဲမှု၌ အတိုင်းအရှည်ကို သိတဲ့သူ။

အဲဒီစာအရ ဘုန်းကြီးများသည် ဒကာ-ဒကာမများက သဒ္ဓါတရား နိဗ္ဗာန်ပေါက်ကြီးမားလို့ ဆွမ်းပန်းကန်ပြားထဲမယ် ဆွမ်းတွေကို တမောက်ကြီး ထည့်ပေးပေမယ်လို့ မိမိမစားခင် မသောက်ခင်က မိမိအား မျှတရုံကို ချန်ထားပြီးတော့၊ ကျန်တာကို ဆွမ်းဇလုံထဲ ပြန်ပြီးတော့ အထည့်ခိုင်းလိုက်တယ်။ ကိုယ်တိုင်လဲထည့်တယ်။ ဒါကြောင့် မိမိနဲ့မျှတရုံပဲ ခံတယ်ပြောပါတို့၊ အဲဒီမျှတရုံ ခံပြီးတော့ ပရိဘောဂမတ္တညုဖြစ်အောင်က ဒီစားတဲ့အခါမှာ မူလခံကတည်းကိုက နှစ်လုတ် သုံးလုတ်စာ လျှော့ပြီးခံတယ်။ နှစ်လုတ် သုံးလုတ်စာ လျှော့၍စား။ ကိုယ်နဲ့ တည့်မတည့်ကိုလဲ သတိထား။ သင့်တာကို နှစ်လုတ်သုံးလုတ် လျှော့၍စား။

ဒီမှုအတိုင်း ကျင့်သုံးရင် ...

(၁) တနုကဿ ဘဝန္တိဝေဒနာ=ရောဂါဝေဒနာများ နည်းပါတယ် (တစ်နည်း) ကျန်းမာရေး ပြည့်စုံတယ်။

(၂) ဖြည်းဖြည်းမှ မျက်စိ၊ နား၊ နှာ အိုတယ်။

(၃) အသက်တမ်းပြည့် အသက်ရှည်တယ်။

မိမိတို့က ခုအရွယ်ကျမှ ပိုပြီးတော့ အလုပ်လုပ်၍ ဓမ္မစီးပွားကို ရွက်ဆောင်၍ ကောင်းတဲ့အရွယ်မှာ ဓမ္မစီးပွားကို အောင်အောင်မြင်မြင် ရွက်ဆောင်နိုင်ရေးအတွက် ဘုန်းကြီးများ ဩဝါဒ လောကီဖွယ်ရာလဲ ဆိုနိုင်ပါသည်။

(၁) မိမိနှင့်သင့်တော်သော အစာအာဟာရကို အမြဲတမ်း သတိထားပါ။

(၂) သင့်တော်သော အစာအာဟာရကို နှစ်လုတ်သုံးလုတ် လျှော့၍စားပါ။

http://www.dhammadownload.com



မြတ်စွာဘုရားကတော့ "စတ္တာရော ပဉ္စအာလောပေ အဘုတွာ ဥဒကံ ပိဝေ။"

စတ္တာရော ပဉ္စအာလောပေ=လေးလုတ်ငါးလုတ်တို့ကို။ အဘုတွာ=မစားမူ၍။ ဥဒကံ=ရေကို။ ပိဝေ=သောက်ရာ၏။

အရှင်သာရိပုတ္တရာဟောတဲ့ ဂါထာရင်း ဖြစ်ပါတယ်။ အရှင်သာရိပုတ္တရာဟောတဲ့ ဤဂါထာက လေးငါးလုတ်လျှော့စား၊ "အလံ ဖာသုဝိဟာရာယ ပဟိတတ္တဿ ဘိက္ခုနော။"

ပဟိတတ္တဿ=ကမ္မဋ္ဌာန်းအာရုံ၌ စေလွှတ်အပ်သော စိတ်ရှိသော။ ဘိက္ခုနော=ယောဂါဝစရ ရဟန်း၏အဖို့။ ဖာသုဝိဟာရာယ=ချမ်းသာစွာနေခြင်းငှာ။ အလံ=စွမ်းနိုင်ပြီ။

အဓိပ္ပာယ်က မိမိစားနိုင်သည့်အောက် လေးငါးလုတ်လျှော့စားပါ။ လျှော့စားပြီးတော့ ရေကို သောက်လိုက်ပါ။ အစာအိမ်ထဲမှာ လေးငါးလုတ်စာ ဟောက်ပြီးတော့ နေပါစေ။ ဒီကရေထည့်လိုက် ယင် အိုးတိုးအင့်တင့် မဖြစ်တော့ဘူး။ နဂိုက တဝကြီး အစာအိမ်ထဲမှာ ပြည့်အောင်စားရင် ဟောဒီ သောက်လိုက်တဲ့ရေဟာ ဝင်စရာ တော်တော်အကျဉ်းအကျပ်ကျပြီးတော့ အိုးတိုးအင့်တင့် ဖြစ်တတ် ပါတယ်။

(၁) သင့်-မသင့်ကို သတိထား၊

(၂) သင့်လျော်သည်ကို လေးငါးလုတ်လျှော့၍စား။

ဒါကို မိမိတို့ လိုက်နာကျင့်သုံးဖို့ပါပဲ။ အဋ္ဌကထာဆရာတော်ကြီးက "အဘုတွာ ဥဒကံ ပိဝေ" ဒီဟာကို ကြည့်ပြီး ဖွင့်ပြတဲ့စကားဖြစ်ပါတယ်။

မူလဋီကာဆရာတော်ကျတော့ ဒီထက်ပဲ သူက ဥက္ကဋ္ဌ ကျသေးတယ်။ မူလဋီကာဆရာတော်က အဲ့ဒီဂါထာကို 'စတ္တာရော ပဉ္စအာလောပေ အဘုတွာ ဥဒကံ ပိဝေ"။ အားလုံးပဲ သင်ရိုးပြုနေကြတယ်။ သူ့အကြိုက်ကတော့ "စတ္တာရော ပဉ္စအာလောပေ ဘုတွာ ဥဒကံ ပိဝေ"။

စတ္တာရော ပဉ္စအာလောပေ=လေးလုတ် ငါးလုတ်တို့ကိုသာ။ ဘုတွာန=စား၍။ ဥဒကံ=ရေကို။ ပိဝေ=သောက်ရမယ်။

ဆယ်လုတ် ဆယ့်နှစ်လုတ်စားရမှာ မဟုတ်ဘူးနော်။ မူလဋီကာဆရာ့အလိုဆိုရင် ဆယ်လုတ် ဆယ့်နှစ်လုတ်စားရမှာ မဟုတ်ဘူး။ စားတာကိုက လေးငါးလုတ်တည်းတင် စားရမယ်တဲ့။ စားပြီး တော့ ရေသောက်နေပါ။

"အလံ ဖာသုဝိဟာရာယ ပဟိတတ္တဿ ဘိက္ခုနော" ဤမျှလောက်ဆိုရင် ယောဂါဝစရ ရဟန်းအဖို့ ချမ်းသာစွာ နေနိုင်လောက်ပြီလို့ မူလဋီကာဆရာတော် အရှင်အာနန္ဒာမထေရ်ကတော့ ဤအတိုင်း နှစ်သက်တယ်။ ဒါဗဟုသုတဖြစ်အောင် ပြောနေပါတယ်။ ဒီတော့ အရှင်ဘုရားဥစ္စာ လွန်လွန်းတယ်။ ဥက္ကဋ္ဌဖြစ်လွန်းတယ်လို့ပြောမှာ အပြစ်တင်စရာရှိလို့ ကြည့်ဦးလေတဲ့။ ကျောင်း ပစ္စည်းအတွက် အရှင်သာရိပုတ္တရာက ဟောထားတယ်။

http://www.dhammadownload.com



“ပလ္လင်္ကေန နိသိန္နဿ၊ ဇဏ္ဏုကေ စေနာဘိဝဿတိ၊
အလံ ဖာသုဝိဟာရာယ၊ ပဟိတတ္တဿ ဘိက္ခုနော။”

သူနဲ့တွဲဖက် ကျောင်းပစ္စည်းအတွက် ယောဂါဝစရ ပုဂ္ဂိုလ်အဖို့ တော်လောက်ပြီဆိုတဲ့ ကျောင်းကို ပြတာ ကြည့်ပါ။

ပလ္လင်္ကေန=တင်ပလ္လင်ခွေသဖြင့်။ နိသိန္နဿ=ထိုင်နေသော ယောဂီပုဂ္ဂိုလ်အား။ ဇဏ္ဏုကေ=ဒူးခေါင်းတို့ကို။ စေနာဘိဝဿေ=အကယ်၍ မိုးမစွတ်ငြားအံ့။ ပဟိတတ္တဿ=ယောဂါဝစရဖြစ်သော။ ဘိက္ခုနော=ရဟန်းအား။ ဖာသုဝိဟာရာယ=ချမ်းသာစွာနေဖို့ရန်။ အလံ=ကျောင်းပစ္စည်းအတွက် တော်လောက်ပြီတဲ့။ ဒီဂါထာကလဲဆက်လျက် ထေရဂါထာမှာပါတယ် သူတော်ကောင်းတို့။

သာရိပုတ္တထေရဂါထာထဲမှာ အဲဒီကျောင်းပစ္စည်းအတွက် ဟောဒါကို ကြည့်ပါ။ ငါးတောင်၊ ခြောက်တောင်ကျောင်း မဟုတ်ဘူးနော်။ သူ့ဟာက ယောဂီပုဂ္ဂိုလ်သည် တင်ပလ္လင်ခွေ ထိုင်နေလို့ ဒူးခေါင်းကို ရေမစွတ်ရင် ကျောင်းပစ္စည်းအတွက် တော်လောက်ပြီ အိပ်နေလို့ ရေမစွတ်တာ မပြောဘူး။ ယောဂီဟာ အိပ်ရမှာ မဟုတ်ဘူး။ ဒီတော့ တင်ပလ္လင်ခွေထိုင်နေလို့ ဒူးခေါင်းကို ရေမစွတ်ရင် ကျောင်းပစ္စည်းအတွက် တော်လောက်ပြီဆိုတော့ လေးတောင်ပတ်လည်ကျောင်းကလေး နေမှာပေါ့။ အဲဒါထောက်ပါတဲ့။ ဒါကြောင့် လေးငါးလုတ်စာဆိုတာ မူလဋီကာဆရာတော်က အဲဒီအထောက်နဲ့ ပြောပါတယ်။ ဘုန်းကြီးတို့က ဗဟုသုတရှိဖို့ ပြောပါတယ်။

မိမိကိုယ်တိုင် မျှတအောင်စားရင် ရောဂါဝေဒနာ နည်းပါးပါတယ်။ အသက်လဲ ရှည်ပါတယ်။ ပြီးတော့ ဖြည်ဖြည်းမှလဲပဲ မျက်စိ၊ နား၊ နှာ အိုပါတယ်။

ဥက္ကဋ္ဌကြီးများ အမှူးပြုတဲ့ လူကြီးဖြစ်တဲ့ ပုဂ္ဂိုလ်များ မိမိတို့အချိန်ကြည့်လိုက်ရင် ဤအချိန်ကား အဘိဓမ္မာသာသနာကို ဆောက်ချပြီး ပြုလုပ်ရမယ့်အချိန် ဖြစ်ပါတယ်။ အလွန်တန်ဖိုးရှိတဲ့အချိန်ဖြစ်လို့ အဘိဓမ္မာသာသနာပြုအလုပ်ကို မြတ်စွာဘုရားအလိုတော်ကျအတိုင်း အသက်ရှည်ရှည် ကျန်းမာစွာနဲ့ ပြုနိုင်ဖို့ရန်အတွက် -

(၁) မိမိနဲ့ သင့်-မသင့်ကို စဉ်းစားပါ။

(၂) သင့်တင့်သော အစာအဟာရကို လျှော့စားပါ။

ဤနည်းဖြင့် အကျိုးသုံးပါးရ၍ အဘိဓမ္မာ သာသနာကြီးကို မိမိတို့ စိတ်ရှိသလောက် အောင်အောင်မြောက်မြောက် ပြုနိုင်ကြပါစေကြောင်း ဆုမွန်တောင်း၍ ဩဝါဒကထာစကား ဆရာတော်ကြီးများရဲ့ ကိုယ်စား မိန့်ကြားအပ်ပါသည် အဘိဓမ္မာအသင်းဝင် သူတော်စင် ဒါယကာ ဒါယိကာမ အပေါင်းတို့ ...။

သာဓု ... သာဓု ... သာဓု။

ဦးဝိစိတ္တသာရာဘိဝံသ
နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်

http://www.dhammadownload.com



သာသနာ ၂၅၂၆ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၄၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်

ခရစ်နှစ် ၁၉၈၃ ခုနှစ်၊ မေလ ၈ ရက်၊ တနင်္ဂနွေနေ့

ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူတော်ဝယ်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနမှ ကြီးမှူးကျင်းပအပ်သော

(၃၅)ကြိမ်မြောက် တိပိဋကဓရ ချီးကျူးပူဇော်ပွဲ၌

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ကိုယ်စား အကျိုးတော်ဆောင်

## တိပိဋကဓရ ဦးဝိစိတ္တသာရာဘိဝံသ ချီးကျူးမြွက်ကြားအပ်သော

# သမ္မောဒနီယ သာရဏီယ ဩဝါဒကထာစာတမ်း

(နမောဗုဒ္ဓါယ)။ ဗုဒ္ဓါယ=သဗ္ဗညုဗုဒ္ဓ အမည်ရသည့် လောကထွတ်ထား မြတ်စွာဘုရားအား။ နမော=ရိုသေမြတ်နိုး ရှိခိုးပါ၏။

(သိဒ္ဓမ်) သိဒ္ဓိမင်္ဂလာ ဖြစ်ပါစေသား ...။

တိပိဋက–ဓရအလျာ သာသနအာဇည ဖြစ်တော်မူကြသော ဝိနယဓရအောင်+ဝိနယကောဝိဒအောင်+ဥဘတောဝိဘင်္ဂဓရအောင်(နှင့်) ဒီဃနိကာယ ကောဝိဒအောင် သာသနာ့အာဇာနည် အရှင်မြတ် (၃၆)ပါးတို့အား နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ကိုယ်စား အကျိုးတော်ဆောင်ဖြစ်သူ တပည့်တော် ဝမ်းမြောက်ဖွယ်ရာ အောက်မေ့ဖွယ်ရာ=သာရဏီယ+သမ္မောဒနီယ ကထာစကား လျှောက်ထားပြောကြားလိုပါသည်ဘုရား ...။

(၁) နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် –

ပမုဋ္ဌမှိ စ သုတ္တန္တေ၊ အဘိဓမ္မေ စ တာဝဒေ။
ဝိနယေ အဝိနဋ္ဌမှိ၊ ပုန တိဋ္ဌတိ သာသနံ။ –

"သုတ္တန်နှင့် အဘိဓမ္မာ နှစ်ဖြာသော ပိဋကတို့ ကွယ်ပကြစေကာမူ ဝိနည်းပိဋက မကွယ်မပ တည်ထွန်းနေလျှင် အစိန္တေယျမြတ်စွာ သာသနာသည် အခါမြင့်ရှည် တစ်ဖန် တည်တံ့နိုင်သည်" ဟူသော ပကိဏ္ဏကဒေသနာ အဋ္ဌကထာစကားအရ သာသနာတော် သန့်ရှင်း+တည်တံ့+ပြန့်ပွားရေးကို အလေးပြု၍ "ဝိနည်းတရားတော် တည်တံ့မှ သာသနာတော် သန့်ရှင်း+တည်တံ့+ပြန့်ပွားနိုင်မည်"ကို မမိုတ်မသုန် ယုံကြည်သဖြင့် တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲ၌ "ဝိနည်းပိဋကကို

http://www.dhammadownload.com



ရှေးဦးစွာ ပြန်ဆို+ဖြေဆိုရန်”(နှင့်) ဝိနည်းပိဋကကို ပြန်ဆို+ဖြေဆို အောင်မြင်ပြီးမှသာ စာပြန်+စာဖြေ ပုဂ္ဂိုလ်တို့ နှစ်သက်ရာ သုတ္တန်ပိဋက+အဘိဓမ္မာပိဋကကို ပြန်ဆို+ဖြေဆိုရန်”ဥပဒေပြဋ္ဌာန်း သတ်မျတ်ခြင်း ဖြစ်ပေသည်။

(၂) ထိုသို့ ဥပဒေပြဋ္ဌာန်း သတ်မှတ်ရာ၌လည်း “တိပိဋကဓရ စာမေးပွဲ ဝင်ရောက်ပြန်ဆို+ဖြေဆိုကြသော သာသနာ့ အာဇာနည်အရှင်မြတ်များမှာ သာသနာတော်အတွက် သဒ္ဓါတရားကြီးမားသူများ ဖြစ်ကြ၍ ဝိနည်းပိဋကကို ရှေးဦးစွာ ပြန်ဆို+ဖြေဆိုလိုကြသော်လည်း နှုတ်တိုက်ဆောင်ရမည့် ပါဠိတော် စာပေကများခြင်း+သဘောဆုံးဖြတ် မှတ်သားရမည့် အဋ္ဌကထာ+ဋီကာတို့က များခြင်းတို့ကြောင့် စာပြန်+စာဖြေ အရှင်မြတ်တို့မှာ မိမိတို့၏ သဒ္ဓါတရားကို အကောင်အထည်မဖော်နိုင်အောင် ရှိနေကြသည်ကို ဆင်ခြင်စဉ်းစား ယုံကြည်သောကြောင့် အာဇာနည်အလျာ စာပြန်+စာဖြေ အရှင်မြတ်များလည်း မိမိတို့၏ သဒ္ဓါတရားကို အကောင်အထည်ဖော်နိုင်ရန် (နှင့်) သာသနာတော် သန့်ရှင်း+တည်တံ့+ပြန့်ပွားရေး အတွက်လည်း အားကြီးသော အထောက်အပံ့ဖြစ်စေရန် ရည်သန်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က ဝိနည်းပိဋကတော်အတွက် ဥဘတောဝိဘင်္ဂကောဝိဒ (တစ်ပိုင်း) ခန္ဓကဘာဏက+ခန္ဓကကောဝိဒ (တစ်ပိုင်း)အားဖြင့် နှစ်ပိုင်းခွဲခြားသတ်မှတ်ပြင်ဆင်ပေးခဲ့ခြင်း ဖြစ်သည်ကို စာပြန်+စာဖြေ အရှင်မြတ်တို့ အကဲခတ် သိမြင်နိုင်ကြပါသည် ဘုရား။

(၃) မှန်ပါသည်။ ဝိနည်းပိဋကတော်သည် သီလသမ္ပတ္တိ၏ အားကြီးသော အထောက်အပံ့အကြောင်း ဖြစ်သည်။ ဝိနည်းပိဋကကို မသိလျှင် ရှောင်ရန်+ကျင့်ရန်တို့ကို မသိနိုင်၊ ဝိနည်းပိဋကကို သိမှသာလျှင် ရှောင်ရန်+ကျင့်ရန်တို့ကို သိနိုင်သည်။ ရှောင်ရန်+ကျင့်ရန်တို့ကို သိမှသာလျှင် ရှောင်သင့်သည်ကိုရှောင်+ကျင့်သင့်သည်ကိုကျင့်၍ သီလသမ္ပတ္တိ ဖြစ်နိုင်သည်။ သီလသမ္ပတ္တိ ဖြစ်ရှိလျှင် သာသနာတော် သန့်ရှင်း+တည်တံ့+ပြန့်ပွားမည် ဧကန်အမှန်ပင် ဖြစ်ပေသည်။ ထို့ကြောင့်ပင်လျှင် နိုင်ငံတော် သံဃာမဟာနာယကအဖွဲ့က တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲ၌ ဝိနည်းပိဋကတော်ကို ရှေးဦးစွာ မပြန်+မဖြေမနေရ၊ ပြန်ရ+ဖြေရမည့် ဘာသာအဖြစ်ဖြင့် စာပြန်+စာဖြေ အရှင်မြတ်များသည် သဒ္ဓါတရား အကောင်အထည်ဖော် စွမ်းနိုင်ရန် ရည်သန် သတ်မှတ်ပြဋ္ဌာန်းခြင်း ဖြစ်သည်ကို ထင်ရှားစွာ သိမြင်နိုင်ကြပါသည်ဘုရား။

(၄) စာပြန်+စာဖြေ အရှင်မြတ်အပေါင်းတို့ ...။ အရှင်တို့သည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ယုံကြည်ချက်+မျှော်မှန်းချက်အတိုင်း သဒ္ဓါတရားရှိကြသည့် သဒ္ဓါပဗ္ဗဇိတ အမျိုးကောင်းသား များပီပီ ဝိနည်းပိဋကတော်ကို သဒ္ဓါဆန္ဒ ပြင်းပြထက်သန်စွာဖြင့် သီလသမ္ပတ္တိ ဖြစ်စေရန် ပြန်ဆို+ဖြေဆိုတော်မူကြသဖြင့် ယခုနှစ် ဝိနယဓရအောင် သာသနာ့ အာဇာနည် ၂ ပါး၊ ဝိနယကောဝိဒအောင် သာသနာ့အာဇာနည် ၁ ပါး၊ ဥဘတောဝိဘင်္ဂဓရအောင် သာသနာ့အာဇာနည် ၃၀ ပါး ထွန်းကားပေါ်ထွက်လာခြင်းသည် သာသနာတော် သန့်ရှင်း+တည်တံ့+ပြန့်ပွားရေးအတွက်

http://www.dhammadownload.com



အလွန်တရာ အားတက်ဖွယ် ကောင်းလှပါသည် အရှင်ဘုရားတို့ ...။

(၅) ထင်ရှားစေရပါလျှင် ... နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ မျှော်မှန်းတောင့်တချက်ကို ထင်ရှားစွာ ဖော်ပြရပါလျှင် ... အရှင်တို့သည် သဒ္ဓါပဗ္ဗဇိတ အမျိုးကောင်းသားများပီပီ မိမိတို့ ကျက်+အံ+ကြဲ+ကြည့် လေ့လာရင်းရှိကြသည့် ဝိနည်းပိဋကတော်၌ ရိုသေစွာ လိုက်နာကျင့်ကြံကြ ပေလိမ့်မည်။ ထိုသို့ ရိုသေစွာ လိုက်နာကျင့်ကြံလျှင် သီလသမ္ပတ္တိဂုဏ်နှင့် ကိုယ်စီကိုယ်ငှ ပြည့်စုံကြ၍ ပု+ဒိ+အာ=ဝိဇ္ဇာသုံးပါးသို့ မပင်မပန်း ချမ်းသာစွာ ရောက်နိုင်ကြပေလိမ့်မည်။ ဤနည်းအားဖြင့် အရှင်ဘုရားတို့၏ ဝိနည်းတရား ဓမ္မစက်ကို ကျက်+အံ+ကြဲ+ကြည့်ခြင်း တည်းဟူသော သဒ္ဓမ္မပရိယတ္တိသည် တြိဝိဓ ဝဋ္ဋဘဝမှ လွတ်မြောက်ရခြင်း အကျိုးရသည့် နိတ္ထရဏတ္ထ ပရိယတ္တိ ဖြစ်ရှိကာ သာသနာတော် သန့်ရှင်း+တည်တံ့+ပြန့်ပွားရေးကို ရှေ့တန်းက အားပေးရွက်ဆောင်ကြသည့် သာသနာ့စံပြ အရှင်ကောင်း အရှင်မြတ်များ ဖြစ်ရှိကြပါစေရန် –

> တုမှံ ပရိယတ္တိ ဟောတု၊ ဘဝနိတ္ထရဏတ္ထိကာ။
> ယာယ ဝေါ ဇိနစက္ကဿ၊ ဟောထ သုဒ္ဓိကရာ သဒါ။

ဘဒ္ဒန္တာ=သာကီယဇာတ် အရှင်မြတ်တို့ဘုရား ...။ ဘဒ္ဒန္တာ=သိက္ခာသုံးပုံ ကောင်းသိရ်ဂုဏ်တို့ ကုံလုံထင်ရှား စာအောင်အရှင်မြတ်တို့ဘုရား ...။ တုမှံ=အရှင်ဘုရားတို့၏။ ပရိယတ္တိ=ဘုရားနှုတ်ထွက် ဓမ္မစက်ကို ကျက်+အံ+ကြဲ+ကြည့် နေ့နေ့တိုင်း အားသစ်ကြသည့် သဒ္ဓမ္မပရိယတ္တိသည်၊ ဘဝနိတ္ထရဏတ္ထိကာ=ဘဝသုံးထောက် ကရွတ်ကင်းရှောက်မှ လွတ်မြောက်ရခြင်းအကျိုးရသည့် နိတ္ထရဏတ္ထ စာသင်ခြင်းသည်။ ဟောတု=စင်စစ်ပုံသေ ဖြစ်ပါစေသတည်း။ ဝေါတုမှေ=သာသနာ့ အာဇာနည် ဘွဲ့မည်ထင်ရှား အရှင်ဘုရားတို့သည်။ ယာယ=ယင်း နိတ္ထရဏတ္ထ ပရိယတ္တိဖြင့်။ ဇိနစက္ကဿ=ငါးမာရ်အောင်မြင် ရှင်ပင်မြတ်စွာ ထားခဲ့ပါသား သာသနာသုံးရပ် စက်တော်မြတ်၏။ သုဒ္ဓိကရာ=သန့်ရှင်း+တည်တံ့+ပွားပြန့်လေအောင် ရွက်ဆောင်ပေထ သာသနာတော်၏–စံပြမည်တွင် ထေရ်အရှင်တို့သည်။ သဒါဟောထ=ခပ်သိမ်းကာလ မြဲနိစ္စလျှင် မုချပုံသေ ဖြစ်ကြပါစေကုန်သတည်း ...။

ဟု ဝိဇည်းမင်္ဂလာ ပတ္တနာအာသီသ နိုင်ငံတော်သံဃမဟာနာယက၏ ဆန္ဒကို ညွှန်းဖော်သော တပည့်တော်၏ သမ္မောဒနီယ+သာရဏီယ=ဝမ်းမြောက်ဖွယ်+အောက်မေ့ဖွယ် ကထာအစဉ်ကို ဤတွင်ပင် ကမ္ပတ်ဖုံး၍ နိဂုံးအုပ်အပ်ပါသတည်း ...။

သာဓု ... သာဓု ... သာဓု ...။

ဦးဝိစိတ္တသာရာဘိဝံသ
အကျိုးတော်ဆောင်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

http://www.dhammadownload.com



၁၃၄၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်၊ ၁၉၈၃ ခု၊ ဇွန်လ ၂၆ ရက်၊ တနင်္ဂနွေနေ့၊ ရန်ကုန်မြို့၊ မြို့တော်ခန်းမ၌၊ ရန်ကုန်မြို့၊ ဆူးလေဘုရားလမ်း၊ အမှတ် ၁၉၉၊ ပဲခူးအသင်းမှ ကြီးမှူးကျင်းပအပ်သော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ပဲခူးမြို့မ သက်တော်ရှည် ဆရာတော်ဘုရားကြီးအား အဘိဓဇမဟာရဋ္ဌဂုရု ပြည်သူ့ဆရာ ပူဇာသဘင် ပွဲကြီးယင်၌ စိစဉ်ရေးသား ဖတ်ကြား ပူဇော်အပ်သော

## အဘိဓဇမဟာရဋ္ဌဂုရု ဂုဏပူဇာ ၅ ဂါထာ ပါဋ္ဌ်အနက်

**နမော ဗုဒ္ဓါယ။ (သိဒ္ဓမ်)**

၁။ သမာဓိပစ္စယော ယဿ၊ ပရိသုဒ္ဓံ သုသောဓိတံ။
သီလံ ပသတ္ထံ ဝိညူဟိ၊ ထေရော ပါသာဒိကော အဟော။

ယဿ ထေရဿ=မင်းနှင့်ပြည်သူ ရှင်ရှင်လူတို့ ကြည်ဖြူလေးမြတ် ပူဇော်အပ်သား ရဋ္ဌဂုရု ကျောက်ထီးနှယ် အလေးပြုအပ်သည့် ပြည်သူ့ဆရာ သံဃာတော်တို့ဥက္ကဋ္ဌ အကြင် ပဲခူးမြို့မ အဘိဓဇ မဟာထေရ်မြတ်၏။ သုသောဓိတံ=ကိုယ်နှင့်အသက် မငဲ့ကွက်ဘဲ စွန်းလျက်ညစ်ပေ ဖြစ်ပစေမည့် အနေသန+မိစ္ဆာဇီဝ စသော အပြစ်အလေးတို့ ယုက်မြေးမထင် အသန့်ကြီးသန့်စင် အောင် ကောင်းစွာသုတ်သင်အပ်သည်ဖြစ်၍။ ပရိသုဒ္ဓံ=ပွတ်သစ်စ—ခရုသင်းကဲ့သို့ ဖြူဝင်းကြည် လင် ထက်ဝန်းကျင်မှ အလွန်ပင် စင်ကြယ်လှပသော။ ဝိညူဟိ=ပရိယတ်နှင့် ပဋိပတ်ကျင့်စဉ် လွန်ကျွမ်းကျင်သည့် သူတော်စင်ဖြစ်ငြား ပညာရှိအများတို့သည်။ ပသတ္ထံ=ကြည်ညိုလေးမြတ် ချီးမွမ်းအပ်ပါထသော။ သီလံ=စတုပါရိ သုဒ္ဓိခေါ်မှတ် သီလတော်မြတ်သည်။ သမာဓိပစ္စယော= ဥပစာရ+အပ္ပနာ နှစ်ဖြာသော သမာဓိတို့ အားရှိတိုးပွားကြောင်း၊ ကောင်းမြတ်သော ဥပနိဿရည်း ပစ္စည်းစင်စစ် ဖြစ်ပါပေ၏။ သောထေရော=ဒုက္ခဝပ်သိမ်း အေးငြိမ်းရာမှန် ပြည်နိဗ္ဗာန်သို့ ဝင်ရန် အသင့် သီလတည်းဟူသော တံခါးပွင့်ပြီးသော ထိုပဲခူးမြို့မ အဘိဓဇမဟာထေရ်မြတ်သည်။ အဟော ပါသာဒိကော=ဩ ... ကြည်ညိုဖွယ် ကောင်းလှပါပေ၏။

အဟော ပါသာဒိကော=ကိုယ်တော့်အတွက်လည်း စိတ်ကြည်လင်+ကိုးကွယ်သူ ဒကာ+ဒကာမ တို့မှာလည်း ကြီးမြတ်တဲ့ အကျိုးထင် နှစ်မျိုးပင် ကျေးဇူးကြီးလှသဖြင့် မုချမသွေ ဩ ... ကြည်ညို

http://www.dhammadownload.com



ဖွယ် ကောင်းလှပါပေသည်တကား ...။

၂။ ဝိသေသဘာဂိယော ယဿ၊ သမာဓိ ပရိဘာဝိတော။
ပညာယ ပစ္စယော ဟောတိ၊ ထေရော ပါသာဒိကော အဟော။

ယဿ ထေရဿ=ဒုက္ခခပ်သိမ်း အေးငြိမ်းရာမှန် ပြည်နိဗ္ဗာန်သို့ ဝင်ရန်အသင့် သီလတံခါး ပွင့်ပြီးသော အကြင် ပဲခူးမြို့မ အဘိဓဇမဟာထေရ်မြတ်၏။ ပရိဘာဝိတော=တရားအာရုံ စိတ်ဝယ် ထုံလျက် တလုံလဲလဲ စဉ်အမြဲလျှင် အားခဲတုံလတ် ပွားများအပ်သည်ဖြစ်၍။ ဝိသေသဘာဂိယော= မရစဖူး တရားထူးသို့ ကြည်နူးဝမ်းမြောက် အလွယ်တကူ သက်ဝင်ဆိုက်ရောက်နိုင်သော။ သမာဓိ= တစ်ဆင့်ထက်တစ်ဆင့် ရင့်ထက်ရင့်လျက် မြင့်တက်စွမ်းအင် ထာဝစဉ် လေ့ကျက်အပ်သော သမာဓိ တော်သည်။ ပညာယ=သဘောနက်နဲ ခက်အခဲကို ဖျက်ခွဲထင်ထင် သိမြင်နိုင်သော ပညာတော်၏။ ပစ္စယော=ဥပနိဿရည်း လွန်ခိုင်ဖြိုးသည့် အားကြီးသောအကြောင်း အထောက်အပံ့သည်။ ဟောတိ =မုချမသွေ ဖြစ်ပါပေ၏။ သော ထေရော=သမာဓိဟုန် တန်ခိုးဂုဏ်ကို လောက်လုံအောင် ဖြည့်ဆည်း သံဃာ့ထီးဖြစ်တော်မူသော ထိုပဲခူးမြို့မ အဘိဓဇ မဟာထေရ်မြတ်သည်။ အဟော ပါသာဒိကော=ဩ ... ကြည်ညိုဖွယ် ကောင်းလှပါပေ၏။

အဟော ပါသာဒိကော = သမာဓိဟုန် တန်ခိုးဂုဏ်တို့ လွှမ်းခြုံသပွာယ် + အတင့်တယ်ကြီး တင့်တယ် ဩ ... ကြည်ညိုဖွယ် ကောင်းလှပါပေသည်တကား ...။

၃။ ပညာ ဘူရိပမာ ယဿ၊ သမာဓိနာ+နုဂ္ဂဟိတာ။
သုဝိသဒါ+တိတိက္ခာ စ၊ နာထဿာ+ရာဓကော ဟိ သော။

ယဿ ထေရဿ=သမာဓိဟုန် တန်ခိုးဂုဏ်ကို လုံလောက်အောင်ဖြည့်ဆည်း သံဃာ့ထီး ဖြစ်တော်မူသော အကြင်ပဲခူးမြို့မ အဘိဓဇဆရာတော် မထေရ်မြတ်၏ (အဖို့ရာ)။ သမာဓိနာ= ဝိသေသဘာဂိ ဂုဏ်ထူးရှိသည့် သမာဓိတရားသည်။ အနုဂ္ဂဟိတာ=မီးကိုလေပင့် အရှိန်မြင့်သို့ ရင့်ကျက်ကြီးမား အစွမ်းကုန် တိုးပွားအောင် အားပေးပံ့ထောက် ကောင်းစွာချီးမြှောက်အပ်သည် ဖြစ်၍။ သုဝိသဒါစ=ညစ်ညူးရန်အကြောင်း တရားပေါင်းမှ ကောင်းစွာလွတ်ကင်း အလွန်ပင် သန့်ရှင်းသည်လည်းဖြစ်သော။ အတိတိက္ခာ စ=သဘောနက်နဲ ခက်အခဲကို ဖျက်ခွဲထင်ထင် အမှန် အတိုင်းသိမြင် အလွန်ပင် ထက်မြက်သည်လည်းဖြစ်သော။ ဘူရိသမာ=သိလာ+ပံသု မြေအထုနှင့် တူသော။ ပညာ=ပြန့်ကျယ်ကြီးမား အားထားလောက်သော ပညာတော်သည်။ အတ္ထိ=ထင်ရှားမသွေ ရှိပါပေ၏။ သော ထေရာ=သိလာ+ပံသု မြေအထုနှင့် ဥပမာစံတင် ကြီးမားပြန့်ကျယ်သည့် ဉာဏ် တော်ရှင် ဖြစ်တော်မူသော ထိုပဲခူးမြို့မ အဘိဓဇဆရာတော် မထေရ်မြတ်သည်။ ဟိ=စင်စစ်ဧကန် အမှန်ပင်လျှင်။ နာထဿ=သုံးလောကမကိုဋ် သုံးတိုက်လုံးမှန်ကူ သယမ္ဘူထွတ်ထား တို့ဘုရားကို။

http://www.dhammadownload.com



အာရာမကော=နှစ်သိမ့်စေနိုင်တော်မူပါပေ၏။

အာရာမကော="ဒါမှစင်စစ် ငါ့သားချစ်"ဟု နှစ်သိမ့်အားရမ်း ဥဒါန်းတော် ခြွေညွှန်းအောင် ဝမ်းမြောက်တော်မူစေ နှစ်သက်တော်မူစေ အားရကျေနပ်တော်မူစေနိုင်ပါပေသတည်း။

၄။ ဓဝမာဒိဂုဏူပေတော၊ ထေရော သော ဇိနသာသနေ။

စန္ဒော ပဘာယ သမ္ပန္နော၊ ဂဂနေ ဝိယ သောဘတေ။

ပဘာယ=ကမ္ဘာနေသူ ဟူဟူသမျှ ရှုမြင်ရက ချမ်းမြအေးကြည် ဝင်းပပလင်းရောင်ခြည်နှင့်။ သမ္ပန္နော=ပြည့်စုံသော။ စန္ဒော=နက္ခတ်တာရာ ကြယ်တကာတို့ ရံကာဝန်းပတ် လေးကျွန်းရပ်သို့ မပြတ်လှည့်လည် ရောင်ခြည်ဖြန့်လွှမ်း စန်းယုန်နန်းသည်။ ဂဂနေ=ဆီးနှင်း+မြူ+တိမ်+သူရိန်+ မီးခိုး ညစ်မျိုးသန့်စင် ထက်ကောင်းကင်၌။ သောဘတေ ဝိယ=မိုက်မှောင်ပယ်ရှင်း ရောင်အလင်း ဖြင့် တဝင်းဝင်းခန့်ထယ် ရှုလိုက်တိုင်း တင့်တယ်သကဲ့သို့။ ဓဝံ=ထက်ရဝေဘုံရပ် ကျက်သရေ စုံလတ်သည့် စန်းယုန်နတ်ပမာ အတူသာလျှင်။ ဓဝမာဒိဂုဏူပေတော=သီလ+သမာဓိ+ပညာက စစွာများတောင်း ဂုဏ်အပေါင်းတို့နှင့် ကောင်းမြတ်ကုံလုံ ပြည့်စုံတော်မူပေသော။ သော ထေရော= တိုင်းသားပြည်သူ ရှင်ရှင်လူတို့ ကြည်ဖြူလေးမြတ် ပူဇော်အပ်သည့် ရဋ္ဌဂုရု ပြည်သူ့ဆရာ သံဃာ့တို့ ရှေ့သွား ထိုပဲခူးမြို့မ အဘိဓဇ ဆရာတော်မထေရ်မြတ်ဘုရားသည်။ ဇိနသာသနေ=နိဗ္ဗာန်လမ်းရှုပ် ခလုတ်တံသင်း မာရ်ခပင်းကို နှိမ်နင်းအောင်မြင် ဘုရားရှင်၏ သုံးအင်သိက္ခာ ဤယနေ့သာသနာ၌၊ သောဘတေ=ကြည်ညိုစဖွယ် တင့်တော်မူပါပေ၏။

သောဘတေ=သီလဂုဏ်ရောင်, သမာဓိဂုဏ်ရောင်, ပညာဂုဏ်ရောင် ကိလေမှောင်နှိမ်နင်း တရားတော်ရောင်အလင်းတို့ဖြင့် တဝင်းဝင်းခန့်ထယ် ဩ ... အတင့်တယ်ကြီး တင့်တယ်တော်မူပါ ပေသတည်း။

၅။ ထေရာသဘော သာခဝေါ ဝေါ၊ ကတာကာရာ မဟပ္ဖလာ။

သုလဒ္ဓံ ဝတ တုမှေဟိ၊ မနုဿတ္တံ+တိဒုလ္လဘံ။

သာခဝေါ=နှလုံးပျော့ပျောင်း အို သူတော်ကောင်းတို့ ...။ ဝေါ=သရဏဂုံသုံးရပ် မြဲဆည်းကပ် လျက် ခါးဝတ်ပဉ္စသီ အင်္ဂါလည်း ယှဉ်မှီကျင့်သုံး သီလဘုန်းကြောင့် နှလုံးပျော့ပျောင်း သင် သူတော်ကောင်းတို့၏။ ထေရာသဘော=သီလ+သမာဓိ+ပညာ သိက္ခာတော်သုံးရပ် ပညာရှိတို့ ချီးမွမ်းအပ်သည့် အကျင့်မြတ် ကျေးဇူးဂုဏ်တို့နှင့် ပြည့်စုံတော်မူလတ် ပဲခူးမြို့မ အဘိဓဇမထေရ် မြတ်၌။ ကတာကာရာ=သဒ္ဓါကြည်နူး နိဗ္ဗာန်ကို ရည်စူး၍ ဆည်းပူးအားထုတ် ပြုလုပ်အပ်သမျှ ကောင်းမှုကုသိုလ် အဝဝတို့သည်။ မဟပ္ဖလာ=ထက်သန်ဖွံ့ဖြိုး ကြီးမားသော အကျိုးရှိကုန်၏။

http://www.dhammadownload.com



သာဓဝေါ=ပြဟ္မစိုရ်လေးပါး နေ့စဉ်ပွားလျက် တရားနှင့်မွေ့လျော် ရှင်ပျော်ဘိတောင်း အို သူတော်ကောင်းတို့ ...။ တုမှေဟိ=အသင်သူတော်ကောင်းတို့သည်။ အတိဒုလ္လဘံ=အောက်မြေပထဗျာက အပ်တစ်စင်း+အထက်ပြဟ္မာက အပ်တစ်စင်း အပ်သွားချင်းထိရန်ထက် ဆဆတက်လွန်သော တစ်ကြိမ်တစ်ခါမျှ ရဖို့ရန် အလွန်ခက်ခဲလှပေသော။ မနုဿတ္တံ=ပညာ+သတိ စွယ်စုံပြည့်သည့် လူ၏အဖြစ်ကို။ သုလဒ္ဓံ ဝတ=ကောင်းစွာရအပ်ပါပေစွ။

မနုဿတ္တံ သုလဒ္ဓံ ဝတ=သံသရာနောက်ရေး မြော်ထောက်တွေးက စိတ်အေးရသည့်အပြင်ပြည်နိဗ္ဗာန်ဝင်ဖို့အကြောင်း ကောင်းမှုအသီးသီး ဆည်းပူးစုဆောင်းပြီး ဖြစ်ကြသဖြင့် မုချမသွေ လူဖြစ်ကျိုးနပ်လှပါပေသည် တကား ...။

သာဓု ... သာဓု ... သာဓု။

| | |
|---|---|
| တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက | ချီးကျူးပွဲကြွလာ |
| အဂ္ဂမဟာပဏ္ဍိတ | သံဃာတော်တို့၏ကိုယ်စား |
| မ+ဟ+န အကျိုးတော်ဆောင် | နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် |
| ဦးဝိစိတ္တသာရာဘိဝံသ | ပဲခူးရွှေတောင်ဆရာတော်ဘုရား |
| ရေးစပ်ပူဇော်သည်။ | ဖတ်ကြားပူဇော်သည်။ |

၁၃၄၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်၊
၁၉၈၃ ခုနှစ်၊ ဇွန်လ ၂၆ ရက်၊ တနင်္ဂနွေနေ့။

http://www.dhammadownload.com



ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်း၏ ၁၃၄၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက် (၂၄-၃-၈၄) နေ့၌ ကျင်းပသော (၂၄)ကြိမ်မြောက် ဩဝါဒါစရိယပူဇော်ပွဲ အခမ်းအနားတွင်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု
ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသမဟာထေရ် မြွက်ကြားသော

# ဩဝါဒကထာ

ကောဇာသက္ကရာဇ် ၁၃၄၅ ခု၊ သာသနာ ၂၅၂၇ ခု၊ တပေါင်းလပြည့်ကျော် ၈ ရက်နေ့၊ နေ့မွန်းလွဲအချိန် ရန်ကုန်မြို့ ဆူးလေစေတီတော် ရင်ပြင်ရှိ အဘိဓမ္မာပြန့်ပွားရေးအသင်းတိုက်၌ ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ (၂၄)ကြိမ်မြောက် ဩဝါဒါစရိယပူဇော်ပွဲ အခမ်းအနား၌ ညွှန်ကြားအပ်သော "သမ္မောဒနိယ အနုဗလပ္ပဒါနကထာ" စကားအစဉ် ဖြစ်ပါတယ်။

မြတ်စွာဘုရားက ဓမ္မပဒကျမ်းမှာ ရှောင်ရန်နှင့် ကျင့်ရန် ရှင်းရှင်းကလေး ဟောထားတယ်။ "နတံ ကမ္မံ ကတံ သာဓု၊ ယံကတွာ အနုတပ္ပတိ။ ယဿ အဿုမုခေါ ရောဒံ၊ ဝိပါကံ ပဋိသေဝတိ"။ ရှောင်ဖို့အပိုင်းက -

၁။ အကြင်အမှုကို ပြုပြီးတဲ့နောက် နောင်တ တဖန် ပူပန်ရမယ်ဆိုရင်၊ အကြင်အမှုရဲ့ အကျိုးကို တမလွန်ဘဝတို့၌ မျက်ရည်ရွှဲစို ငိုပြီးတော့ ဆင်းရဲဒုက္ခအကျိုးကို ခံစားရမယ်ဆိုရင် ဒီလိုအမှုမျိုးဟာ ပြုဖို့မကောင်းဘူးတဲ့(ဝါ) မပြုမှကောင်းမယ်၊ ပြုရင်မကောင်းဘူး၊ မပြုမှ ကောင်းမယ်။

၂။ တဉ္စကမ္မံ ကတံ သာဓု၊ ယံ ကတွာ နာနုတပ္ပတိ။ ယဿ ပတီတော သုမနော၊ ဝိပါကံ ပဋိသေဝတိ။

အကြင်အမှုကို ပြုပြီးတဲ့နောက် ပြန်စဉ်းစားရင် နောင်တတဖန် မပူပန်ရဘဲ ဝမ်းမြောက်ရတယ်၊ အကြင်အမှုရဲ့ အကျိုးဝိပါက်ကို ခံစားရတဲ့အခါ နှစ်သက်ဝမ်းမြောက်စွာ အကျိုးဝိပါက်ကို ခံစားရမယ်ဆိုရင် ထိုအမှုမျိုးကို ပြုမှကောင်းမယ်၊ အဲဒီလို ပြုအပ်တဲ့ ထိုအမှုမျိုးသည် ကောင်းတယ်။ မြတ်စွာဘုရားက အကျိုးနဲ့ကိုင်ပြီးတော့ ပြုရ၊ မပြုရမဲ့ အမှုနှစ်ပါး ညွှန်ကြားထားခဲ့ပါတယ်။

မိမိတို့နှစ်စဉ်နှစ်စဉ် နှစ်ပေါင်းများစွာ ဆောင်ရွက်လာတဲ့ အဘိဓမ္မာ သာသနာပြုကိစ္စ စဉ်းစားကြည့်ပါ။ ကြည့်ရင် ဒုတိယဂါထာနဲ့ အင်မတန်ကိုက်တာ။ "တဉ္စကမ္မံ ကတံ သာဓု၊ ယံ ကတွာ နာနုတပ္ပတိ" အကြင်မိမိတို့ အဘိဓမ္မာသင်ကြား လေ့လာဟောပြ၊ အဘိဓမ္မာ စာပြန်ပွဲကျင်းပ၊ အဘိဓမ္မာ အခါတော်နေ့ ပူဇော်မှုပြု၊ အဲဒါတွေ စဉ်းစားလိုက်တိုင်း စဉ်းစားလိုက်တိုင်း နောင်တ တဖန် ပူပန်ရမှု လုံးဝမရှိတဲ့အပြင်၊ နောင်ဝာစ်ချိန်မှာလည်း အကျိုးဝိပါက်ကို ပြုံးပြီးတော့ နှစ်သက်

http://www.dhammadownload.com



ဝမ်းမြောက်စွာ အကျိုးကိုရဖို့ ထင်ရှားပါတယ်။ ဒါကြောင့် ထိုအမှုမျိုးကိုပြုရင် ကောင်းတယ်ဆိုတဲ့ ဘုရားအလိုကျ၊ ငါတို့ လိုက်နာကျင့်သုံးရပြီလို့ ဝမ်းမြောက်ကြပါ သူတော်ကောင်းတို့ ...။ ဒီထက် မကျဉ်းမကျယ် ဩဝါဒကထာသဘော ညွှန်ပြပြောလိုပါတယ်။

တစ်ချိန်က မြတ်စွာဘုရား ရာဇဂြိုဟ် ဝေဠုဝန်ကျောင်း သီတင်းသုံးခိုက်၊ ဝေဠုဝန်ကျောင်းတိုက် အထဲမှာ ရှင်ရာဟုလာသာမဏေ ၇ နှစ်အရွယ် သာမဏေငယ်သည် ကမ္ဗဋ္ဌာန်းကျောင်းရဲ့ရှေ့မှာ သရက်ပင်ပျိုလေးရှိ၊ အဲဒီသရက်ပင်ပျိုလေးအောက်မှာ ညနေချမ်း တရားနှလုံး ကျင့်သုံးပြီးနေတော့၊ မြတ်စွာဘုရား ဂန္ဓကုဋိတိုက်တော်က ကျောင်းတိုက်ထဲ လှည့်ကြည့်သလို ကြွလာတော့ ဘုရား ရဲ့ခြေလှမ်းကို မြင်သဖြင့် ခြေလှမ်းထဲမှာ ကာယဝိညတ်ပါတယ်။ ထိုကာယဝိညတ်က ဝိညတ်ရှင်ရဲ့ အလိုကို မြင်တဲ့ပုဂ္ဂိုလ်များ သိစေတယ်။ ဒီသဘောအတိုင်း မြတ်စွာဘုရား လှမ်းလာတဲ့ ခြေလှမ်းကို ကြည့်သဖြင့် ရှင်ရာဟုလာအနေနဲ့ ဘုရားရဲ့ ကာယဝိညတ်က ဖော်ပြတယ်။

မြတ်စွာဘုရားဟာ ငါ့ဆီတိုက်ရိုက်လာတာပဲလို့ အဲဒီလို သူသိတယ်။ မပြောဘဲနဲ့ သိပြီးတော့ တစ်ခါတည်း ဘုရားဖို့နေရာခင်း၊ တစ်ခါ ခြေဆေးရေ ခြေဆေးအင်းပြင် အဲဒီလို အသင့်ပြင်ထား။ မြတ်စွာဘုရားသည် ကြွလာ၊ ခြေတော်ဆေး၊ ပြီးတော့ ရှင်ရာဟုလာ ခင်းထားတဲ့ ဗုဒ္ဓနေရာထိုင် ပေါ်မှာ ထိုင်ပြီးတော့ မြတ်စွာဘုရားသည် ခြေဆေးအင်တုံထဲက ခြေဆေးတဲ့ခွက်ကလေးကို နမူနာ ပြုပြီးတော့ မုသားမပြောဖို့ ဩဝါဒလေးချက် ပေးပါတယ်။ ဘယ်လိုလဲဆိုတော့ အဲဒီခြေဆေးတဲ့ ခွက်ကလေးထဲ ရေလေးနည်းနည်း ချန်ပြီးတော့ –

၁။ ပဿသိနော တွံ ရာဟုလ ဣမသ္မိံ ပရိတ္တံ ဥဒကာဝသေသံ ဥဒကာဓာနေ ဌပိတံ၊

ချစ်သား–ဟောဒီ ခြေဆေးတဲ့ ခွက်ကလေးထဲမှာ ခြေဆေးရေ နည်းနည်းချန်ထားတာ မြင်ရဲ့ လားတဲ့၊ ပြပြီးတော့ မေးတယ်။

"ဧဝံ ဘန္တေ=မြင်ပါတယ် မြတ်စွာဘုရား"

"ဧဝံ ပရိတ္တကံ ခေါ ရာဟုလ တေသံ သာမညံ၊ ယေသံ နတ္ထိ သမ္ပဇာနမုသာဝါဒေလဇ္ဇာ"

"ချစ်သား–ရာဟုလာ၊ မုသားပြောရမှာ မရှက်တဲ့ ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ကိလေသာ ငြိမ်းကြောင်း ရဟန်းတရားကောင်းဟာ ဟောဒီရေခွက်ထဲ ရေကလေး နည်းနည်းကလေး ရှိသလို အဲ–ရဟန်း တရားဟာ နည်းနည်းပဲ ရှိတော့တယ်။ ပြုတ်လုပြီ၊ ကုန်လုပြီ" ဒါက ဩဝါဒ တစ်ခု။

၂။ တစ်ခါ ဒီရေနည်းနည်းကလေးကိုပဲ တစ်ခါသွန်ပစ်လိုက်၊ ရှင်ရာဟုလာ မြင်အောင်ပြပြီး– ရာဟုလာ ကြည့်၊ ဒီရေလေးသွန်ပစ်လိုက်၊ သွန်ပစ်တဲ့ ရေလေးကို အကြောင်းပြုပြီးတော့ –

"ပဿသိ နော တွံ ရာဟုလ ပရိတ္တံ ဥဒကာဝသေသံ ဆဍ္ဍိတံ"

"ချစ်သား ရာဟုလာ၊ ခုနက ကျန်နေတဲ့ရေကလေးကို ငါဘုရား စွန့်ပစ်လိုက်တာ မြင်ရဲ့လား ရာဟုလာ"

http://www.dhammadownload.com



"ဧဝံ ဘန္တေ=မြင်ပါတယ် မြတ်စွာဘုရား"

"ဧဝံ ဆဍ္ဍိတံခေါ ရာဟုလ တေသံ သာမညံ၊ ယေသံ နတ္ထိသမ္ပဇာန မုသာဝါဒေလဇ္ဇာ"

"ချစ်သား၊ မုသားပြောရမှာ မရှက်တဲ့ ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ကိလေသာ ငြိမ်းကြောင်း ရဟန်းရဲ့ တရားကောင်းဟာ စွန့်ပစ်ပြီးသား ဖြစ်နေတယ်၊ အေး ... မုသားမပြောနဲ့လို့ ဆိုလိုတယ်ပေါ့။"

၃။ တစ်ခါမြတ်စွာဘုရားက အဲဒီရေခွက်ကလေး မှောက်လိုက်။ ဒီရေခွက်ကလေး တစ်ခွက်တည်းနဲ့ ဩဝါဒလေးချက် ပေးတာနော်။ တတိယအကြိမ်ကျတော့ ဒီရေခွက်ကလေးကို မှောက်လိုက်၊ မှောက်ပြီးတော့ ဒီရေခွက်ကလေးကို လက်ညှိုးထိုးပြပြီးတော့ –

"ပဿသိ နော တွံ ရာဟုလ ဣမံ ဥဒကာဓာနံ နိက္ကုဇ္ဇိတံ"

"ချစ်သားရာဟုလာ၊ ဒီခြေဆေးရေခွက်ကလေးကို မှောက်ထားတာ မြင်ရဲ့လား"

"ဧဝံ ဘန္တေ=မြင်ပါတယ် မြတ်စွာဘုရား"

"ဧဝံ နိက္ကုဇ္ဇိတံခေါ ရာဟုလ တေသံ သာမညံ၊ ယေသံ နတ္ထိ သမ္ပဇာနမုသာဝါဒေလဇ္ဇာ"

"ချစ်သား ရာဟုလာ၊ မုသားပြောရမှာ မရှက်တဲ့ ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ကိလေသာငြိမ်းကြောင်း တရားကောင်းတွေဟာ အကုန်လုံး မှောက်နေတယ်။ သပိတ်မှောက်ခံနေရတယ်ပေါ့။ အဲဒီလို ဆိုလိုတယ်။

၄။ တစ်ခါ အဲဒီရေခွက်ကလေးကို တစ်ခါ လှန်လိုက်တယ်။ လှန်လိုက်တော့ ရေဘာမှ မရှိတော့ဘူး။ ဟို စောစောကတော့ နည်းနည်းရှိတယ်။ အဲ–အခုမှောက်ထားလိုက်တာပြ၊ မှောက်ပြီးတော့ လှန်လိုက်တော့ ဘာမှ မရှိဘူး။ အဲဒီမရှိတဲ့ ရေခွက်ကလေး ပြပြီးတော့ –

"ပဿသိ နော တွံ ရာဟုလ ဣမံ ဥဒကာဓာနံ ရိတ္တံ တုစ္ဆံ"

"ချစ်သားရာဟုလာ၊ ဒီရေခွက်ကလေးထဲမှာ လုံးလုံးရေတစ်စက်မှ မရှိတာ ချစ်သား မြင်ရဲ့လား၊ မရှိတဲ့ရေခွက်ကို မြင်ရဲ့လား။"

"ဧဝံ ဘန္တေ=မြင်ပါတယ် မြတ်စွာဘုရား"

မြတ်စွာဘုရားက စတုတ္ထဩဝါဒ –

"ဧဝံရိတ္တံ တုစ္ဆံ ခေါ ရာဟုလ တေသံ သာမညံ၊ ယေသံ နတ္ထိ သမ္ပဇာနမုသာဝါဒေလဇ္ဇာ"

"ချစ်သား ရာဟုလာ၊ မုသားပြောရမှာ မရှက်တဲ့ ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာဆိုရင် ကိလေသာငြိမ်းကြောင်း တရားကောင်းတွေဟာ အကုန်လုံးဆိတ်သုဉ်းနေတယ်တဲ့၊ ဘာမှ မရှိဘူး။ ဟောဒီလို ခြေဆေးရေခွက်ကလေးနဲ့ မုသားမပြောဖို့ ဩဝါဒ ပေးပြီးတဲ့နောက်။

ချစ်သား ... စစ်မြေပြင် စစ်တိုက်တဲ့ ဆင်ကြီးဆိုပါစို့။ အဲ့ဒီဆင်ကြီးသည် ဦးခေါင်းနဲ့လည်းပဲ ဟိုရန်သူတပ်ထဲ ဝင်ပြီးတော့ ထိုးတယ်၊ အစွယ်နဲ့လည်းထိုးတယ်၊ နားရွက်နဲ့လည်းပဲ ဟိုဘက်က လာတဲ့ လေးတွေ မြားတွေကို ဖတ်ခနဲ ဖတ်ခနဲ ရိုက်ပစ်တယ်၊ ရှေ့လက်နှစ်ချောင်း၊ နောက်ခြေ

http://www.dhammadownload.com



နှစ်ချောင်းနဲ့လည်းပဲ ဒီရန်သူစစ်တပ်ထုရာကို ဝင်ပြီးနင်းတယ်။ ဒီအမြီးမှာလည်းပဲ တင်းပုတ်ချည်ထားပြီး ဒီတင်းပုတ်နဲ့ ဒီစစ်မြေပြင် ရန်သူတပ်ထဲ ဝင်ပြီးတော့ ဘယ်ပြန်ညာပြန် ရိုက်တယ်။

သို့သော် ဒီစစ်ဆင်ကြီးသည် နှာမောင်းကလေးကိုတော့ သူ့ပါးစပ်ထဲမှာ အသာကလေး ထည့်တယ်ဆိုပါစို့။ အဲဒီလို ထည့်ထားတဲ့အခါ ဆင်းထိန်းဆင်တပ်က လူတွေက ဘာပြောသလဲ။ တို့စစ်ဆင်ကြီးဟာ အလုပ်တော့ လုပ်၏။ သို့သော် သူ့အသက်မစွန့်သေးဘူးကွယ့်၊ ပြောကြတယ်။

အကြင်အခါ၌ စစ်ဆင်ကြီးသည် နှာမောင်းကိုပါ ပါးစပ်ထဲ မထည့်တော့ဘဲ နှာမောင်းနဲ့ တင်းပုတ်ခိုင်ခိုင်ကို ပွေ့ပြီးတော့၊ ဘယ်ပြန်ညာပြန် ဒီတစ်ဘက် စစ်တပ်ထဲ ဝင်ပြီးတော့ ရိုက်ပြီ၊ နှာမောင်းကရော၊ အစွယ်ကရော၊ နားရွက်ကရော၊ လက်နှစ်ဘက်၊ ခြေနှစ်ဘက်၊ အမြီး၊ တစ်ကိုယ်လုံးနဲ့ တစ်ခါတည်း အသုံးပြုပြီးတော့ စစ်မြေပြင်မှာ စစ်ဆင်ကြီး ဆောင်ရွက်ပြီဆိုတော့၊ အားလုံးစစ်တပ်က လူတွေက တို့စစ်ဆင်ကြီးဟာ ဟော့-အသက်စွန့်ပြီဟလို့-အဲဒီလို ပြောကြတယ်။ ချစ်သားရာဟုလာ၊ ဒီဥပမာအတိုင်းပဲ၊ မုသားကိုပြောဖို့ရန် မရှက်တဲ့ ပုဂ္ဂိုလ်အဖို့ဆိုရင် ရဟန်းတရားတည်းဟူသော အသက်ကို စွန့်ပြီးသား ဖြစ်နေတယ်။ ဒါကြောင့် -

"တသ္မာ တိဟ တေ ရာဟုလ၊ ဟသာပိ န မုသာ ဘဏိဿာမီတိ၊ ဧဝံ ဟိ တေ ရာဟုလ သိက္ခိတဗ္ဗံ"

သို့ရကား ချစ်သားရာဟုလာ၊ ငါသည် ပျော်ရွှင်မြူးထူးလိုလို့တောင်မှ မုသားစကား မပြောဘူး။ အဲဒီလို ချစ်သားကျင့်ပါ။ အဲဒီလို ဟောပြီးတဲ့ နောက်တစ်ဆင့် ကြေးမုံနဲ့ ဥပမာပြုပြီးတော့ ပစ္စဝေက္ခဏာဉာဏ်ကို အသုံးချဖို့ ဟောပြန်တယ်။ အနုသန္ဓေတစ်မျိုးပေါ့။

"တံ ကိံ မညသိ ရာဟုလ"

ချစ်သားရာဟုလာ၊ အခု ငါဘုရားမေးမယ့်စကား ဘယ်လိုသဘောကျသလဲ၊ သဘောကျတဲ့အတိုင်း ဖြေပါ။

ကိမတ္ထိယော အာဒါသော=အိမ်တိုင်း အိမ်တိုင်းမှာ မှန်ရှိတယ်၊ ကြေးမုံမှန် ရှိတယ်။ အဲဒီ ကြေးမုံမှန်သည် ဘာအသုံးကျသလဲ၊ ဘာအကျိုးရှိသလဲ။

ရှင်ရာဟုလာက လျှောက်တယ်၊ ပစ္စဝေက္ခဏတ္ထော ဘန္တေ=မြတ်စွာဘုရား၊ အိမ်တိုင်း အိမ်တိုင်းမှာ ရှိတဲ့မှန်သည် အိမ်မှာရှိတဲ့လူများ မိမိမျက်နှာကိုယ်မှာ အပြစ်များကို ပယ်ရှားနိုင်ဖို့ ဆင်ခြင်ကြည့်ရှုရန် အကျိုးရှိပါတယ်။ မှန်ကိုကြည့်ပြီးတော့ မိမိကိုယ်မှာ ပကတိ မမြင်တဲ့နေရာမှာရှိတဲ့ အညစ်အကြေး ချေးညော်သုတ်သင် ရှင်းလင်းပြီးတော့ မိမိကိုယ်ကို သန့်စင်စေပါတယ်။ အဲဒီလို လျှောက်တော့ -

မြတ်စွာဘုရားက - "ဧဝမေဝ ခေါ ရာဟုလ

http://www.dhammadownload.com



ပစ္စဝေက္ခိတွာ ပစ္စဝေက္ခိတွာ ကာယေန ကမ္မံ ကတ္တဗ္ဗံ၊

ပစ္စဝေက္ခိတွာ ပစ္စဝေက္ခိတွာ ဝစသာ ကမ္မံ ကတ္တဗ္ဗံ၊

ပစ္စဝေက္ခိတွာ ပစ္စဝေက္ခိတွာ မနသာ ကမ္မံ ကတ္တဗ္ဗံ" ... လို့

ဒီမှာ တရားတော်တော် ကျယ်ကျယ်ဟောတယ်၊ ချစ်သား-ဒီ ကြေးမုံ ဥပမာအတူတူပဲ။

ပစ္စဝေက္ခဏာတင် ဆင်ခြင်၊ ဆင်ခြင်ပြီးတော့ ကာယကံကို စင်ကြယ်အောင်၊ ဝစီကံကို စင်ကြယ်အောင်၊ မနောကံကို စင်ကြယ်အောင် သုတ်သင်ပေးရမယ် ချစ်သားလို့-အဲဒီလို အမိန့်ရှိပြီးတော့ ကာယကံအတွက် သုံးချက်၊ ဝစီကံအတွက်သုံးချက်၊ မနောကံအတွက်သုံးချက် (ကိုးချက်) မြတ်စွာဘုရား အကျယ်ဟောတယ်။ အဲဒီ (ကိုးချက်)မှာ ကာယကံ၊ ဝစီကံ၊ မနောကံ သုံးပါးစလုံး ပေါင်းပြီးတော့ ဘုန်းကြီး ကျဉ်းကျဉ်းနဲ့ ပြီးအောင်ပြောပါရစေ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့ ...။

၁။ မြတ်စွာဘုရားက ချစ်သားရာဟုလာ-တဲ့။ ကာယကံမှု ပြုမယ်ဆိုရင်၊ ဝစီကံမှု ပြောမယ်ဆိုရင်၊ မနောကံမှု ကြံမယ်ဆိုရင်၊ မပြုခင်၊ မပြောခင်၊ မကြံခင် ကြိုတင်ပြီးတော့ ဆင်ခြင်စဉ်းစားပါဦး။ ကြိုတင်ဆင်ခြင်စဉ်းစားပုံက ငါယခုပြုမယ့် ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုများသည် မိမိဆင်းရဲဖို့ (သို့မဟုတ်) သူတစ်ပါးဆင်းရဲဖို့ (သို့မဟုတ်) မိမိသူတစ်ပါး နှစ်ဦးသား ဆင်းရဲဖို့များ ဖြစ်လိမ့်မလား။ ဒီလိုဆင်းရဲဖို့ ဖြစ်တဲ့အတွက် ဒုက္ခပွားကြောင်း မကောင်းသော အကုသိုလ်မှုများ ဖြစ်လေမည်လားလို့ ပထမ စဉ်းစားတဲ့။ မပြုခင်၊ မပြောခင်၊ မကြံခင်ကို စဉ်းစားရမယ် ရာဟုလာ။ အဲဒီလို စဉ်းစားလို့ ငါယခုပြုမယ့်၊ ပြောမယ့်၊ ကြံမယ့်၊ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုများသည် မိမိဆင်းရဲဖို့ (သို့မဟုတ်) သူတစ်ပါးဆင်းရဲဖို့ (သို့မဟုတ်) မိမိသူတစ်ပါး နှစ်ဦးသားဆင်းရဲဖို့ ဖြစ်ပြီးတော့ ဆင်းရဲပွားကြောင်း၊ မကောင်းတဲ့ အကုသိုလ်မှုများ ဖြစ်လိမ့်မယ်လို့ စဉ်းစားမိရင်၊ ချစ်သားရာဟုလာ အဲ့ဒီကာယကံမှုမျိုး၊ အဲဒီဝစီကံမှုမျိုး၊ အဲဒီမနောကံမှုမျိုးကို ချစ်သား ဘယ်လို နည်းနဲ့မှ မပြုလုပ်နဲ့၊ မပြောဆိုနဲ့၊ မကြံစည်နဲ့ ချစ်သား။

အကယ်၍ ချစ်သားဆင်ခြင်ကြည့်တဲ့အခါ သြော်-ငါယခုပြုလုပ်မယ့် ကာယကံ၊ ဝစီကံ၊ မနောကံမှုဟာ မိမိဆင်းရဲဖို့လည်း ဖြစ်လိမ့်မည်မဟုတ်၊ သူတစ်ပါး ဆင်းရဲဖို့လည်း ဖြစ်လိမ့်မည် မဟုတ်၊ နှစ်ဦးသား ဆင်းရဲဖို့လည်း ဖြစ်လိမ့်မည် မဟုတ်ဘဲ၊ ချမ်းသာပွားကြောင်း ကောင်းသော ကုသိုလ်မှုသာ ဖြစ်လိမ့်မယ်လို့ ချစ်သား စဉ်းစားဆင်ခြင်၍ရလျှင် အဲဒီကာယကံမှုမျိုး၊ အဲဒီဝစီကံမှုမျိုး၊ အဲဒီမနောကံမှုမျိုးကို ချစ်သား ပြုဖြစ်အောင် ပြုပါလေ၊ ပြောဖြစ်အောင် ပြောပါလေ၊ ကြံစည်ဖြစ်အောင် ကြံစည်ပါလေ-တစ်ချက်။

၂။ ချစ်သား ရာဟုလာ။ ကာယကံမှု ပြုနေတုန်း၊ ဝစီကံမှုပြောနေတုန်း၊ မနောကံမှုကြံနေတုန်း မှာလည်းပဲ ပြီးအောင် မပြု၊ မပြော၊ မကြံသေးဘဲနဲ့၊ ကြားမှာ စဉ်းစားခန်း ဝင်ပါဦး။ ဘယ်လို စဉ်းစားဆင်ခြင်ရမလဲဆိုတော့ ငါယခုပြုလုပ်နေဆဲ၊ ပြောဆိုနေဆဲ၊ ကြံစည်နေဆဲ ဖြစ်တဲ့ ကာယကံ

http://www.dhammadownload.com



မှု၊ ဝစီကံမှု၊ မနောကံမှုဟာ မိမိဆင်းရဲဖို့များ ဖြစ်သလား၊ သူတပါးဆင်းရဲဖို့များ ဖြစ်သလား၊ မိမိသူတပါး နှစ်ဦးသား ဆင်းရဲဖို့များ ဖြစ်သလား၊ ဆင်းရဲဖို့ ဖြစ်တဲ့အတွက် ဒုက္ခပွားကြောင်း မကောင်းသော အကုသိုလ်မှုများ ဖြစ်နေသလားလို့ စဉ်းစားပါ။

အဲဒီလို စဉ်းစားလို့ ချစ်သားရဲ့ စိတ်ထဲမှာ ငါယခုပြုနေတဲ့ ကာယကံမှု၊ ပြောနေတဲ့ ဝစီကံမှု၊ ကြံစည်နေတဲ့ မနောကံမှုဟာ မိမိဆင်းရဲဖို့ သူတစ်ပါးဆင်းရဲဖို့ (သို့မဟုတ်) နှစ်ဦးသားဆင်းရဲဖို့ ဖြစ်ပြီး၊ ဆင်းရဲပွားကြောင်း မကောင်းတဲ့အကုသိုလ်မှု ဖြစ်တယ်လို့ ချစ်သားစိတ်ထဲမှာ ဆင်ခြင်စဉ်းစားမိရင် ချစ်သားရှေ့ဆက်မပြုနဲ့၊ မပြောနဲ့၊ မကြံနဲ့၊ နောက်ပြန်ဆုတ်။ အကယ်၍ ဆင်ခြင်စဉ်းစားလို့ ငါယခုပြုနေတဲ့ ကာယကံမှု၊ ပြောနေတဲ့ ဝစီကံမှု၊ ကြံစည်နေတဲ့ မနောကံမှုဟာ မိမိဆင်းရဲဖို့လဲ မဖြစ်၊ သူတစ်ပါး ဆင်းရဲဖို့လဲမဖြစ်၊ နှစ်ဦးသား ဆင်းရဲဖို့လဲ မဖြစ်ဘဲနဲ့ ချမ်းသာပွားကြောင်း ကောင်းမှုကုသိုလ်ကံမျိုး ဖြစ်တယ်လို့ ချစ်သားစဉ်းစားမိရင် အဲ့ဒီပြုနေ၊ ပြောနေ၊ ကြံနေဆဲဖြစ်တဲ့ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုကို အားအဆင့်ပေးကာ ပြီးမြောက်အောင် ဆက်လက်ပြုလုပ်လေ၊ ပြောဆိုလေ၊ ကြံစည်လေ ချစ်သား ...။

၃။ ချစ်သား ရာဟုလာ။ ကာယကံမှုပြုပြီး၊ ဝစီကံမှုပြောဆိုပြီး၊ မနောကံမှုကြံစည်ပြီးတော့လဲပဲ အမှုမဲ့ အမှတ်မဲ့မနေနဲ့။ ဆင်ခြင်စဉ်းစားရမယ်။ ဆင်ခြင်ပုံက ငါ ယခုပြုခဲ့၊ ပြောခဲ့၊ ကြံခဲ့တဲ့ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုဟာ မိမိဆင်းရဲဖို့ (သို့မဟုတ်) သူတစ်ပါးဆင်းရဲဖို့ (သို့မဟုတ်) နှစ်ဦးသား ဆင်းရဲဖို့များ ဖြစ်ခဲ့လေသလားလို့ ပြန်ပြီးစဉ်းစား။

အဲဒီလို ဆင်းရဲဖို့ဖြစ်တဲ့အတွက် ဒီဆင်းရဲပွားကြောင်း မကောင်းတဲ့ အကုသိုလ်များ ဖြစ်ခဲ့လေသလားလို့ ပြန်စဉ်းစားပါ။ စဉ်းစားလို့ အခုစဉ်းစားတဲ့အတိုင်း ငါယခုပြုခဲ့ပြီး၊ ပြောခဲ့ပြီး၊ ကြံခဲ့ပြီးတဲ့ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုဟာ မိမိသူတစ်ပါး နှစ်ဦးသား ဆင်းရဲဖို့ ဖြစ်ပြီးတော့ ဆင်းရဲပွားကြောင်း မကောင်းတဲ့ အကုသိုလ်မှုတွေ ဖြစ်ခဲ့ပြီလို့ ချစ်သားစဉ်းစားရရင် ဟောဒီဆရာ့အထံမှာပဲ ဖြစ်ဖြစ်၊ သိကြားလိမ္မာတဲ့ သီတင်းသုံးဖော်၊ သံဃာတော်တို့အထံမှာဖြစ်ဖြစ်၊ ဒီအမှုမျိုးကို ဖုံးကွယ်မထားနဲ့။ ဆရာ့အထံ (သို့မဟုတ်) သိကြားလိမ္မာတဲ့ သီတင်းသုံးဖော် သံဃာတော်တစ်ပါးပါးအထံမှာ ဒီအမှုကို ပွင့်ပွင့်လင်းလင်း တပည့်တော် ဒီလိုပြစ်မှားခဲ့ပါတယ်။ တပည့်တော် ပြောမှားခဲ့ပါတယ်ဆိုတဲ့စကား ပွင့်ပွင့်လင်းလင်း လျှောက်ထားပါ။ နောက်ကို ဒီအမှုမျိုး မပြုလုပ်ပါဘူး၊ ဒီအပြောမျိုး မပြောပါဘူးလို့ နှုတ်ကမြွက်ပြီးတော့ နောက်တစ်ချိန်အတွက် စောင့်စည်းတဲ့ သံဝရ စိတ်ထားကို မွေးမြူပါ။

အကယ်၍ မိမိကြံစည်ပြီးတဲ့ အကုသိုလ် မနောကံ၊ မနောကံသည် အကုသိုလ်မနောကံ ဖြစ်ပြီးခဲ့တယ်ဆိုလျှင် ဆရာ့အထံ သီတင်းသုံးဖော်အထံ ပြောဖို့မလိုပါဘူး။ အဲဒါကျတော့ မိမိတစ်ယောက်တည်းပဲ "နပုနေဝံ ကရိဿမိ" ငါ နောက်တဖန် ဒီလိုအမှုမျိုးကို မကြံတော့ဘူးလို့ တစ်ခါတည်းစိတ်ထဲမှာ နောင်တစ်ချိန်အတွက် စောင့်ရှောက်တဲ့ စောင့်စည်းတဲ့ "အာယတိ" သံဝရစိတ်"ကို

http://www.dhammadownload.com



အောင်အောင်မြင်မြင် မွေးမြူလိုက်ပါ–ချစ်သား ရာဟုလာ။

ချစ်သားရာဟုလာ။ အဲဒီပြုခဲ့တဲ့ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုအတွက် ပြန်လည်ဆင်ခြင်စဉ်းစားတဲ့အခါ ငါပြုခဲ့ပြီး၊ ပြောခဲ့ပြီး၊ ကြံခဲ့ပြီးဖြစ်တဲ့ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုသည် မိမိဆင်းရဲဖို့လဲမဖြစ်၊ သူတစ်ပါးဆင်းရဲဖို့လည်း ဖြစ်ခဲ့သည်မဟုတ်၊ နှစ်ဦးသားဆင်းရဲဖို့လဲ ဖြစ်ခဲ့သည်မဟုတ်ဘဲ နှစ်ဦးသား ချမ်းသာတရား တိုးပွားကြောင်း ကောင်းမှုကုသိုလ်သာ ဖြစ်ခဲ့တယ်လို့ ဆင်ခြင်စဉ်းစားလို့ရရင် ချစ်သားရဲ့ ဟဒယနှလုံးအိမ်ပေါ်မှာ အရတော်လေခြင်း၊ ပထမ နုသောပီတိ ဝမ်းမြောက်ခြင်း၊ အဲဒီပီတိက အားအဆင့်ရပြီးတော့ ရင့်သော "ပီတိ" အလွန့်အလွန် နှစ်သက်ခြင်းဆိုတဲ့ "ပါမောဇ္ဇ"တရား၊ ချစ်သားရဲ့ ဟဒယနှလုံးအိမ်မှာ တရိပ်ရိပ် တဖွားဖွား ဖြစ်ပွားလာလိမ့်မယ်။ အဲဒီဖြစ်ပွားတဲ့ "ပီတိ" "ပါမောဇ္ဇ"တရားနဲ့ နေ့နေ့ညည မိမိကျင့်သုံးနေကြ အပြစ်ကင်းသော ကုသိုလ်တရားတို့ကို ပွားများကြိုးကုတ် အားထုတ်ပြီး ချစ်သား နေလေ။

အဲဒီလို အချက်သုံးချက်၊ မြတ်စွာဘုရား ရှင်ရာဟုလာကို ဩဝါဒ ပေးပါတယ်။ အခု ဘုန်းကြီးများ အဘိဓမ္မာပြန့်ပွားရေးအသင်းဝင် သူတော်စင်တို့အားလဲ အဲဒီသုတ္တန်ကို ညွှန်ပြလိုပါတယ်။ မြတ်စွာဘုရား၏ တရားတော်သည် "ဩပနေယျိကတရား" မိမိကိုယ်သို့ ကပ်၍ရောက်အောင် ဆောင်ထိုက်တဲ့ ဂုဏ်ကျေးဇူး ရှိပါတယ်။ ရှိတဲ့အတိုင်း မိမိကိုယ်မှာ မရောက်သေးရင် ရောက်အောင် ရောက်ပြီးရင်လဲ ဝမ်းမြောက်ရအောင် ဆောင်ပြီး စဉ်းစားကြည့်ပါ ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတို့။

၁။ မိမိတို့သည် အဘိဓမ္မာပြန့်ပွားရေး အသင်းကြီးရဲ့ဆိုင်ရာ သာသနာပြု ကိစ္စအဝဝတို့ကို မိမိတို့ ဆောင်ရွက်နေတဲ့အခါမှာ ကဲ–ဆိုပါစို့။ အဘိဓမ္မာစာမေးပွဲ ပြုလုပ်တော့မယ်၊ ကြိုတင်ပြီးတော့ မိမိတို့ ဆောင်ရွက်ဖို့ ကာယကံမှုတွေ၊ ဝစီကံမှုတွေ၊ မနောကံမှုတွေရှိတယ်။ အဲဒါတွေ မဆောင်ရွက်ခင် ကြိုတင်ပြီးတော့ ငါယခု ပြုလုပ်ပြောဆို ကြံစည်မဲ့ သာသနာပြု၊ အဘိဓမ္မာသာသနာပြု၊ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုများဟာ မိမိဆင်းရဲဖို့ (သို့မဟုတ်) သူတစ်ပါးဆင်းရဲဖို့ (သို့မဟုတ်) မိမိသူတစ်ပါး နှစ်ဦးသား ဆင်းရဲဖို့ဖြစ်မလား စဉ်းစား။ ဘယ်လိုနည်းနဲ့မှ မဖြစ်ဘူး။ စဉ်းစားကြည့်လိုက်ရင် ငါတို့ ယခုဆောင်ရွက်မယ့် အဘိဓမ္မာစာပြန်ပွဲကိစ္စနှင့် ပတ်သက်၍ ပြုလုပ်ဆောင်ရွက်မယ့် ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတွေဟာ မိမိချမ်းသာဖို့၊ သူတစ်ပါးလဲ ချမ်းသာဖို့၊ နှစ်ဦးသားလဲ ကိုယ်စိတ်ချမ်းသာဖို့ ဖြစ်တယ်ဆိုတာ ကောင်းကောင်းကြီး မြင်လာမယ်။

ဒီလိုဖြစ်တဲ့အတွက် အခုဆောင်ရွက်ရမယ့် အဘိဓမ္မာ သာသနာပြုကိစ္စသည် အပြစ်ကင်းသော ချမ်းသာပွားကြောင်း ကောင်းမှုကိစ္စ ကောင်းမှုကုသိုလ်ကိစ္စဆိုတာ ကောင်းကောင်းကြီး မြင်လာမယ်။ အဲဒီလို မြင်လာတဲ့အတိုင်း၊ အဲဒီလို မြင်လာမည်ဖြစ်သောကြောင့် ဒီအဘိဓမ္မာသာသနာပြုကိစ္စ မဆောင်ရွက်မီ ကြိုတင်၍ စဉ်းစားပြီးတော့ ငါတို့သည် မိမိသူတစ်ပါး နှစ်ဦးသား ချမ်းသာပွားကြောင်း ကောင်းသောအဘိဓမ္မာ သာသနာပြုကိစ္စ ရွက်ဆောင်ဖြစ်အောင် ရွက်ဆောင်ကြပါလေ၊

http://www.dhammadownload.com



ပြုလုပ်ဖြစ်အောင် ပြုကြပါလေ၊ ပြောဆိုဖြစ်အောင် ပြောဆိုကြပါလေ၊ ကြံစည်ဖြစ်အောင် ကြံစည်ကြပါလေလို့ မြတ်စွာဘုရားရဲ့ အဆုံးအမဩဝါဒ "ဓမ္မလက်ဆောင်"ကို အသင် ဒကာ–ဒကာမ အပေါင်း သူတော်ကောင်းတို့အား ဘုန်းကြီးအပ်နှင်းပါ၏။ ပေးပါ၏၊နှင်းပါ၏ သူတော်ကောင်းတို့။

၂။ မိမိတို့ နှစ်စဉ် နှစ်စဉ် အဘိဓမ္မာ သာသနာပြုကိစ္စ၊ ပစ္စုပ္ပန်အနေနဲ့ ဆောင်ရွက်နေကြတဲ့ အခါမှာလဲပဲ ဆင်ခြင်ကြည့်ပါ။ ငါတို့ ယခုပြုလုပ်ဆောင်ရွက်နေသော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု သာသနာပြုကိစ္စတွေဟာ စဉ်းစားကြည့်ယင် မိမိဆင်းရဲဖို့လဲမဖြစ်၊ သူတစ်ပါး ဆင်းရဲဖို့လဲမဖြစ်၊ မိမိသူတစ်ပါး နှစ်ဦးသား ဆင်းရဲဖို့ မဖြစ်တဲ့အတွက် အပြစ်ကင်းကွာ ချမ်းသာပွားကြောင်း ကောင်းသောကုသိုလ် ကာယကံကုသိုလ်၊ ဝစီကံကုသိုလ်၊ မနောကံကုသိုလ်မှု ဖြစ်တယ်ဆိုတာ ကောင်းစွာထင်ထင် မြင်ကြမည် ဖြစ်ပါတယ်။

အဲဒီ သိမြင်တဲ့အတိုင်း မိမိတို့သည် ဆောင်ရွက်ရင်းဖြစ်သော အဘိဓမ္မာသာသနာပြု ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုများကို အောင်မြင်ထမြောက်သည်ထိအောင်၊ အားဆင့်ပေးပြီးတော့ ဆောင်ရွက်ကြပါလို့ မြတ်စွာဘုရားရဲ့ အလိုတော်ကျ ဩဝါဒဓမ္မလက်ဆောင်မွန်ကို အသင် ဒကာ ဒကာမ အပေါင်းသူတော်ကောင်းတို့အား ဘုန်းကြီးလက်ဆောင်ကောင်း ပါးအပ်ပါသည်။ လက်ဆောင်ကောင်းကို ပေးအပ်ပါတယ်။ လက်ဆောင်ကောင်းကို နှင်းအပ်ပါတယ်။ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့ ...။

၃။ မိမိတို့ အဘိဓမ္မာသာသနာပြုကိစ္စကြီး အောင်မြင်အောင် ဆောင်ရွက်ပြီးတဲ့နောက်မှာလဲပဲ အမှုမဲ့ အမှတ်မဲ့ မနေကြဘဲ၊ ငါတို့ ယခု ရွက်ဆောင်ပြီးသော အဘိဓမ္မာ သာသနာပြု ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတွေဟာ စဉ်းစားကြည့်ရင် မိမိချမ်းသာဖို့၊ သူတစ်ပါးချမ်းသာဖို့၊ နှစ်ဦးသားချမ်းသာဖို့ဖြစ်တဲ့အတွက် အပြစ်ကင်းကွာ ချမ်းသာပွားကြောင်း ကောင်းမှုကုသိုလ်သာ ဖြစ်ခဲ့တယ်ဆိုတာ ပြန်စဉ်းစားလိုက်ရင် ဉာဏ်ထဲမှာ လင်းလင်းသိမြင် ဆင်ခြင်မိပါလိမ့်မည်။

အဲဒါကြောင့် ဒီအဘိဓမ္မာ သာသနာပြုကိစ္စကြီး ရွက်ဆောင်ပြီးလျှင်လဲပဲ၊ မိမိတို့ပြုပြီး၊ ပြောပြီး၊ ကြံပြီးဖြစ်တဲ့ အဘိဓမ္မာသာသနာပြု ဓမ္မကိစ္စကို အာရုံပြုပြီးတော့လဲ ဝမ်းမြောက်ကြပါ။ နုသော နှစ်သက်ခြင်းဆိုတဲ့ "ပီတိ"တရား၊ ရင့်သောနှစ်သက်ခြင်းဆိုတဲ့ "ပါမောဇ္ဇ"တရား၊ အသင်သူတော်ကောင်းတို့ သန္တာန်မှာ ဖြစ်ပွားပါလိမ့်မယ်။ အဲဒီဖြစ်ပွားတဲ့ "ပီတိ+ပါမောဇ္ဇ"တရားနှစ်ပါး လက်ကိုင်ထားပြီးတော့ နေ့နေ့ညည မိမိတို့အားထုတ်နေကြ အပြစ်ကင်းသော ကုသိုလ်တရားများကို ပွားများကြိုးကုတ် အားထုတ်နေထိုင်ကြပါရန် မြတ်စွာဘုရား၏ ဩဝါဒ လက်ဆောင်မွန်ကို အသင် သူတော်ကောင်းတို့အား ဘုန်းကြီးပေးအပ်ပါ၏၊ နှင်းအပ်ပါ၏၊ ပါးအပ်ပါ၏၊ ပေးနှင်းပါးအပ်ပါသည် ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့ ...။

သာဓု ... သာဓု ... သာဓု။

တိပိဋကဓရဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ

http://www.dhammadownload.com



၁၃၄၅ ခု၊ နတ်တော်လပြည့်ကျော် ၆ ရက် (၂၅-၁၂-၈၃)

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှ ကြီးမှူး၍ နိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာနမှ ဦးစီးကျင်းပအပ်သော (၃၆)ကြိမ်မြောက် "တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲ" ဖွင့်လှစ်ပွဲ အခမ်းအနားဌ်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ကိုယ်စား အကျိုးတော်ဆောင်

**တိပိဋကဓရ ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ**

ရေးသားဖတ်ကြားအပ်သော

## သမ္မောဒနီယ ဩဝါဒကထာ စာတမ်း

(သိဒ္ဓမ်) (၃၆) ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲသို့ ဝင်ရောက်ပြန်ဆို+ဖြေဆိုတော်မူကြမည့် တိပိဋကဓရအလျာ သာသနာ့အာဇာနည် အရှင်မြတ်တို့အား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ကိုယ်စား တပည့်တော် သမ္မောဒနီယ ဩဝါဒကထာစကားလျှောက်ထား သိစေအပ်ပါသည်ဘုရား။

၁။ စာပြန်+စာဖြေ အာဇာနေယျအလောင်း အရှင်ကောင်းတို့ ...။ ယနေ့ ပြည်ထောင်စုမြန်မာနိုင်ငံ၏ သာသနာတော်ကား လွန်ခဲ့သော လေးနှစ်၏အထက်က သာသနာတော်နှင့်မတူ၊ နိုင်ငံတော်တစ်ဝန်းလုံးရှိ ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့ကြီး တစ်လုံးတစ်စည်းတည်း ဖွဲ့စည်းကာ သာသနာတော်သုံးရပ် ရှေးကထက် တိုးတက်သန့်ရှင်း တည်တံ့ပြန့်ပွားစေရန် နာယကအဖွဲ့အစည်း အသီးသီးဖွဲ့စည်းကြ၍ အင်တိုက်အားတိုက် ဆောင်ရွက်နေကြဆဲဖြစ်သည်ကို အရှင်မြတ်တို့ သိရှိပြီးဖြစ်ကြပါသည်။

၂။ ထိုသို့ သာသနာတော် တိုးတက်သန့်ရှင်း တည်တံ့ပြန့်ပွားအောင် ဆောင်ရွက်ကြရာ၌ ပရိယတ္တိသာသနာတော်သည် အခြေခံအရင်းမူလ အကျဆုံးဖြစ်သည်ကို သိရှိတော်မူကြ၍လည်းကောင်း၊ ထိုပရိယတ္တိသာသနာတွင်လည်း ဝိနည်းသာသနာတော်သည် သာလွန်၍ အခြေခံ အရင်းမူလကျသည်ကို ဆင်ခြင်သိမြင်တော်မူကြ၍လည်းကောင်း၊ "တိပိဋကဓရအလျာ စာတော်ပြန်ဝင်အရှင်ကောင်းမှန်သမျှ အရည်အချင်းစုံပြည့်ဝသည့် ဝိနယဓရ ပုဂ္ဂိုလ်တွေ စင်စစ်ဖြစ်စေရမည်" ဟူသော မြော်မြင်ချက်ကြီးစွာဖြင့် တိပိဋကဓရ ရွေးချယ်ရေး ဤစာမေးပွဲကြီး၌ "ဝိနည်းကို ပထမ

http://www.dhammadownload.com



ဖြေဆိုရမည့်ဘာသာ၊ မဖြေမနေရဘာသာ"အဖြစ် သတ်မှတ်ပြင်ဆင် ပြဋ္ဌာန်းကြောင်းကို အရှင်မြတ်တို့ ကောင်းစွာသိရှိပြီး ဖြစ်ကြပါသည်ဘုရား။

၃။ ထို့ပြင်လည်း ဝိနည်းဘာသာကို အရှင်မြတ်တို့ မပင်မပန်း ချမ်းသာလွယ်ကူစွာ ဆောင်နိုင်ရန်အတွက် (က)ဥဘတောဝိဘင်္ဂရေ (ခ) ခန္ဓကဘာဏက-ဟု နှစ်ပိုင်းခွဲခြားသတ်မှတ်ပြဋ္ဌာန်းထားသည့်အတွက် စာပြန်စာဖြေ အရှင်မြတ်တို့လည်း အားတက်ဝမ်းမြောက်စွာ သဒ္ဓါတရားကြီးမားသူများပီပီ တစ်နှစ်ထက်တစ်နှစ် ဝိနည်းပြန်+ဖြေ အရှင်မြတ်များ တိုးပွား၍ လာကြသည်ကို ဒိဋ္ဌထင်ထင် တွေ့မြင်နေကြရ၍ သံဃမဟာနာယက ဆရာတော်များအနေဖြင့်လည်း "အရည်အချင်းပြည့်ဝသည့် ဝိနယဓရ ပုဂ္ဂိုလ်များ နိုင်ငံတော်တလွှား၌ ထင်ရှားပေါ်ပေါက်လာကြတော့မည်"ဟု ယုံကြည်အားရမ်း ဝမ်းမြောက်လျက်ရှိကြပါသည် ဘုရား။

၄။ "လိုက်နာရမည့် စည်းမျဉ်းဥပဒေကို ကျွမ်းကျင်သိမြင်မှသာလျှင် အတိအကျ ရိုသေစွာ လိုက်နာကျင့်သုံးနိုင်ခြင်း"သည် ဓမ္မတာဖြစ်သည်အားလျော်စွာ အရှင်မြတ်တို့သည် သာသနာတော်၏ စည်းမျဉ်းဥပဒေကို အတိအကျ အပြည့်အဝ ညွှန်းဖော်ပြသည့် ဝိနယပိဋကကို ရှုရှုနှုတ်တက် ဆောင်ရွက်တော်မူကြခြင်း+အဖွင့် သံဝဏ္ဏနာ အဋ္ဌကထာဋီကာတို့ကို လေ့လာခြင်းဖြင့် လျှို့ဝှက်ခဲကပ် ဒုန္နယတ်ကို ပြတ်ပြတ်သားသား ပိုင်းခြားသိမြင်ကြ၍ ဘုရားဥပဒေကို ရိုသေစွာ လိုက်နာကျင့်သုံးကြသဖြင့် ပု+ဒိ+အာ=ဝိဇ္ဇာသုံးချက်ကို ပြတ်ပြတ်ထင်ထင် သိမြင်ရရှိကြပါမည် ဘုရား။

၅။ ထို့အတူပင် သုတ္တန်ပိဋကကို ရှုရှုနှုတ်တက် ဆောင်ရွက်တော်မူကြခြင်း+အဘိဓမ္မာ ပိဋကကို ရှုရှုနှုတ်တက် ဆောင်ရွက်တော်မူကြခြင်း+အဖွင့်သံဝဏ္ဏနာ အဋ္ဌကထာ ဋီကာတို့ကို လေ့လာခြင်းတို့ဖြင့် လျှို့ဝှက်ခဲကပ် ဒုန္နယတ်ကို ပြတ်ပြတ်သားသား ပိုင်းခြားသိမြင်ကြ၍ နိဿရဏတ္ထ စာသင်နည်းကို လက်ကိုင်ထားရှိသူများပီပီ "သီလကိုဟောသောအရာ၊ သမာဓိကို ဟောသောအရာ၊ ပညာကို ဟောသောအရာတို့၌ ထိုစာပေလာ သိက္ခာသုံးတန် ငါ့သန္တာန်၌ ဖြစ်ပွားအောင် ကြိုးစားလေ့လာမည်"ဟူသော ယောနိသောမနသိကာရ လက်ကိုင်ထားရှိသူများ ဖြစ်ကြ၍ သုပ္ပဋိပန္နတာဂုဏ် လောက်လုံထက်သန် ပြည့်ကုံကြသဖြင့် အဘိညာဉ်ခြောက်ပါး ပဋိသမ္ဘိဒါဉာဏ်လေးပါးတို့ကို ပိုင်းခြားထင်ထင် သိမြင်ရရှိသူများ ဖြစ်ကြပါမည်ဘုရား။

၆။ စာပြန်+စာဖြေ နှစ်တွေစုပေါင်း အရှင်ကောင်းတို့ ...။ ယနေ့ သာသနာ့ဝယ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှလည်း အရှင်မြတ်တို့အတွက် တစ်ဆင့်တက်ကာ ပညာသံဝဏ္ဏနက ကုသိုလ်ထူးကို ဆည်းပူးလေ့လာနိုင်ကြရန် "နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် ကျောင်းတိုက်ကြီးနှစ်တိုက်" ရန်ကုန်နှင့် မန္တလေးမြို့တို့၌ ဖွင့်လှစ်သင်ကြားပေးရန် အသင့်စီမံနေပါပြီ။ သို့ရကား အရှင်မြတ်တို့သည် "မာ ဝေါ ခဏံ ဝီရာဓေထ=အခွင့်ကောင်းကို လက်မလွတ်ကြစေနှင့်"

http://www.dhammadownload.com



ဟူသော ဒေသနာတော်အရ သာသနာ့အခွင့်ကောင်းကြီးကို လက်မလွှတ်စတမ်း ကြိုးပမ်းတော်မူကြလျက် ...

တိဿေဝ သုပ္ပဋိပန္နာ၊ တိဿော ပတ္တာန သမ္ပဒါ။
ဝိဇ္ဇာဒိဂုဏသမ္ပန္နာ၊ ဟောထ ဝိသေသဂါမိနော။

ဘဒ္ဒန္တာ=စာတော်ပြန်ဝင် အာဇာနည်အလောင်း အရှင်ကောင်းတို့ ...။ တုမှေ=နိဿရဏတ္ထ ပရိယတ္တိ လက်ရှိမှန်တောင်း အရှင်ကောင်းတို့သည်။ တိဿေဝ=ဝိနယ+သုတ္တ+အဘိဓမ္မဟု ပိဋကသုံးဖော် ဘုရားစကားတော်တို့၌သာလျှင်။ သုပ္ပဋိပန္နာ="စာဝယ်ညွှန်ကြား သိက္ခာသုံးပါးကို ငါကားလက်လွှတ်မခံ ဇောက်မျက်မှောက် ငါ့ထံသို့ ရောက်စေမည်" ရွယ်ရည်နှလုံး ကောင်းမြတ်စွာ ကျင့်သုံးကြကုန်လျက်။ တိဿော သမ္ပဒါ=သီလ+သမာဓိ+ပညာ=သမ္ပဒါသုံးပါး ကောင်းမြတ်သော အကျင့်တရားတို့သို့။ ပတ္တာန=နိဿရဏတ္ထပရိယတ္တိ၏ သန္နိဋ္ဌာန မျက်မှောက်အကျိုးကိုရောက်ကြ ရကြကုန်၍။ ဝိဇ္ဇာဒိဂုဏသမ္ပန္နာ=သုံးပါးဝိဇ္ဇာ ဆဠဘိညာ ပဋိသမ္ဘိဒါဉာဏ်လေးဝတို့နှင့် လောက်ငုံလုံပြည့်စုံတော်မူကြကုန်လျက်။ ဝိသေသဂါမိနော=မဂ်ဖိုလ်တရားထူး လောကုတ္တရာ ပန်းအညွန့်အဖူးတို့ကို ဆွတ်ခူးပိုင်ပိုင် ရောက်ရှိနိုင်ကြကုန်သည်။ ဟောထ=ဧကန်စင်စစ် ဖြစ်ကြပါစေကုန်သတည်း။ (ဝါ) ဝိသေသဂါမိနော ဟောထ=တေဝိဇ္ဇက ဆဠဘိညာ ပဋိသမ္ဘိဒါပတ္တ ဂုဏ်ထူးရသည့် ပဋိဝေဓဉာဏ်ရှင် သူတော်စင် စစ်စစ်ဖြစ်တော်မူကြပါစေသတည်း ...ဟု ဝိဇည်းမင်္ဂလာ ပတ္ထနာဆုတောင်းနှင့်တကွ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ "သမ္မောဒနီယ ဩဝါဒကထာအစဉ်"ကို ဤတွင်ပင် ကမ္ပတ်ဖုံး၍ နိဂုံးအုပ်အပ်ပါသတည်း ...။

သာဓု ... သာဓု ... သာဓု။

ဦးဝိစိတ္တသာရာဘိဝံသ
နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ကိုယ်စား

(၆-၉-၄၅)၊ (၂၅-၁၂-၈၃)

❀❀❀❀❀

http://www.dhammadownload.com



၁၃၄၅ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်၊ ၁၉၈၃ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့
ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ (၁၇)ကြိမ်မြောက်
"အဘိဓမ္မာစာလျှောက်မေးပွဲ" ဓမ္မသဘင်၌ အသင်းကြီး၏
ဩဝါဒါစရိယ အရှင်ဝိစိတ္တသာရာဘိဝံသ
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘုရားကြီး မိန့်ကြားအပ်သော

## သမ္မောဒနီယ သာရဏီယကထာ
## ဓမ္မလက်ဆောင်ပဏ္ဏာစာတမ်း

နမော ဗုဒ္ဓါယ။

(သိဒ္ဓမ်) အဘိဓမ္မာအသင်းဝင် သူတော်စင် ဒကာ ဒကာမအပေါင်းတို့ ...။ ယနေ့ ၁၃၄၅ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်၊ ၁၉၈၃ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့တွင် (၁၇)ကြိမ်မြောက် အဘိဓမ္မာပြန့်ပွားရေးအသင်းကြီးမှ ကျင်းပပြုလုပ်သော "အဘိဓမ္မာ စာလျှောက်မေးပွဲ" ဓမ္မသဘင်ဝယ် အသင်သူတော်စင် ဒကာ ဒကာမအပေါင်းတို့ နှစ်ထောင်းအားရ ဝမ်းမြောက်ဖွယ်ရာ သမ္မောဒနီယကထာ(နှင့်)မကွာစဉ်ဆက် အသက်ထက်ဆုံး ကျင့်သုံးလိုက်နာ အောက်မေ့ဖွယ်ရာ သာရဏီယ ဓမ္မကထာစကား တရားလက်ဆောင်ပါးလိုပါသည်မှာ -

(၁) မြတ်စွာဘုရား၏ အဆုံးအမ ပရိယတ္တိသာသနာတော် ကွယ်ပလျှင် ရှေးဦးပထမ အဘိဓမ္မာပိဋကမှစ၍ ကွယ်ပလိမ့်မည် ဖြစ်ပါသည်။ အဘိဓမ္မာအသင်းဝင် အသင်သူတော်စင် ဒကာ ဒကာမတို့သည် နှစ်စဉ် လစဉ် နေ့စဉ်မပြတ် အဘိဓမ္မာပိဋကတ်ကို ရွတ်ဖတ်-သင်-အံ-ကျက်-ကြံ့-ပို့ချ အချိန်ရှိသမျှ ရသမျှကို အလဟဿ အချည်းနှီး ယီးတီးယောင်တောင် တောင်မကျ မြောက်မကျ အချိန်ကို မဖြုန်းကြဘဲ ဓမ္မရတိဖြင့် ရွှမ်းအိမွေ့လျော် ပျော်ပိုက်ကြခြင်းသည် သေဌ်နင်းမြတ်စွာ ပရိယတ္တိသာသနာကို (ဝါ) အဘိဓမ္မာသာသနာကို ရောင်ဝါဝေရွှန်း သရေထွန်းအောင် ရှက်ဆောင်ကြခြင်း ဖြစ်သဖြင့်၊ စင်စစ်မှန်စွာ သာသနာ့ဓမ္မ မကွယ်ပအောင် ရှေ့တန်းက ထမ်းဆောင်ကြခြင်း ဖြစ်သည့်အပြင်၊ ထိုသို့ အဘိဓမ္မာပိဋကကို လေ့လာပြုစုကြရာ၌လည်း မည်ကာမတ္တ သာမညမဟုတ်ဘဲ ၁၂ အုပ်=ခုနှစ်ကျမ်း ပဋ္ဌာန်းဒေသနာတော်ကြီး ပြီးဆုံးသည်တိုင်အောင် ပိုင်နိုင်စွာလေ့ကျက် ကိုယ်တိုင်လည်း နှုတ်တက် သူတစ်ပါးတို့ကိုလည်း နှုတ်တက်ရောက်အောင် စာလျှောက်

http://www.dhammadownload.com



မေးပွဲသဘင် ဆင်ယင်ကျင်းပ ချီးမြှောက်ပြုစုကြခြင်းမှာ ဥဘယဟိတပဋိပန် ပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်မြတ် ဖြစ်ကုန်လတ်ကြသဖြင့် အားရဝမ်းမြောက်ဖွယ်ရာ အခါဒုလ္လဘ လူ့ဘဝကို ရကျိုးနပ်ကြပါသည်ဟု ရှင်ကြည်အားရမ်း ဝမ်းမြောက်ဖွယ် သမ္မောဒနီယစကား ပြောကြားသိစေအပ်ပါသည်။

(၂) ထို့ပြင် တစ်မျိုးတို့၏ ဝမ်းမြောက်ဖွယ်ရာ ပြောကြားလိုပါသည်မှာ ဒကာ ဒကာမအပေါင်း အဘိဓမ္မာအသင်းဝင် သူတော်ကောင်းတို့ ...။ မဂ်ဖိုလ်ရကြောင်း လမ်းကောင်းမှန်စွာ ဝိပဿနာ တရား ပွားများခြင်းကိစ္စ၌ "အနုပဒဝိပဿနာ"ဟု လွန်စွာနက်နဲ ခက်ခဲသော ဓမ္မလုပ်ငန်းကြီးတစ်ရပ် မဇ္ဈိမနိကာယ်ကျမ်းမြတ်ဝယ် အကျယ်ဟောကြား အထင်အရှား ရှိပါသည်။ "အနုပဒဝိပဿနာ"ဟူသည်မှာ မိမိရသော မိမိသန္တာန်၌ ဖြစ်နိုင်သော နာမ်တရား-ရုပ်တရားတို့ကို တရားလုံးတစ်ပါးစီ တစ်ပါးစီ အသေးစိတ် ဆင်ခြင်၍ လက္ခဏာယာဉ်သုံးချက်တင်လျက် ရှုကြည့်ခြင်းကို ခေါ်ဆိုပါသည်။

(၃) ဥပမာ-(ချာန်မရသော) မိမိတို့သန္တာန်မှာ အမှန်တကယ် ဖြစ်နိုင်သည့် နာမ်တရားကို အသေးစိတ် စဉ်းစားဆင်ခြင်လျှင် အကုသိုလ်စိတ် ၁၂ ပါး+(ဟသိတုပ္ပါဒ်ကြဉ်၍) အဟိတ်စိတ် ၁၇ ပါး+မဟာကုသိုလ်စိတ် ၈ ပါး+မဟာဝိပါက်စိတ် ၈ ပါး=ဤသို့အားဖြင့် ၄၅ ပါးသော စိတ်တို့ သည်သာလျှင် ဆိုင်ရာဆိုင်ရာယှဉ်ဘက် စေတသိက်တို့နှင့် တွဲယှက်လျက် အဆက်မပြတ် အာရုံ အလိုက် ပြောင်းလဲကာ ပြောင်းလဲကာ ဖြစ်ပွား၍နေကြသည်ကို ကိုယ်စီကိုယ်င မြင်ကြသိနိုင်ကြပါသည်။

ထို့ပြင်လည်း မိမိတို့သန္တာန်မှာ အမှန်တကယ် ဖြစ်ပွားနေသော ရုပ်တရားတို့ကို အဘိဓမ္မာ ဉာဏ်ပညာစိန်သွားဖြင့် ပိုင်းခြားထင်ထင် ဆင်ခြင်ကြည့်ရှုပါလျှင် (အမျိုးသမီးများအဖို့ရာ) ပုမ္ဘာဝ ရုပ်ကို ကြဉ်၍ ရုပ်တရား ၂၇ ပါး၊ (အမျိုးသားများအဖို့ရာ) ဣတ္ထိဘာဝရုပ်ကိုကြဉ်၍ ရုပ်တရား ၂၇ ပါးစီသော အလွန်ဆုံးဖြစ်ပွားနေသည်ကို အစီအရီ ဆင်ခြင်သိမြင်လာကြပါလိမ့်မည်။ ထိုကဲ့သို့ အမှန်ရှိနေသော ရုပ်တရား+နာမ်တရားတို့ကို ပိုင်းခြားထင်ထင် အချက်ကျကျ အစေ့အင သိမြင်နိုင် ကြခြင်းမှာ မိမိတို့အဖို့ရာ အဘိဓမ္မတရားကို လိုက်စားလေ့လာခြင်းကြောင့်ဖြစ်ကြောင်း ကောင်းစွာ ရိပ်မိ သိရှိလာကြပါလိမ့်မည်။

(၄) တဖန်ဆက်၍ ဝိပဿနာတက်လိုကြပါလျှင် မိမိသန္တာန်၌ ဖြစ်ပွားနိုင်သော ဖြစ်ပွားနေသော ခက်မာမှု-ပထဝီဓာတ် သဘောတရားတစ်ခုကို ဉာဏ်ဖြင့် ဆင်ခြင်ကြည့်ရှုပြီးလျှင် "ပထဝီ ဓာတု အနိစ္စာ-ဒုက္ခာ-အနတ္တာ၊ နေတံမမ၊ နေသောဟမသ္မိ၊ နမေသောအတ္တာ=ခက်မာမှု ပထဝီဓာတ် သဘောသည် ဖြစ်ပြီးလျှင် ခဏအတွင်း ချုပ်ပျောက်သောကြောင့် အနိစ္စကေန်မှန်စွာတကား၊ အဖြစ် အပျက်တို့ဖြင့် အနှိပ်စက်ခံရသောကြောင့် ဒုက္ခကေန် မှန်စွာတကား၊ ငါ-ဟူ၍ အားထားဖွယ်ရာ

http://www.dhammadownload.com



အခိုင်အမာ အနှစ်သာရ ရှာမရသောကြောင့် အနတ္တဇောက်န် မှန်စွာ့တကား၊ ငါ့ဥစ္စာမဟုတ်-ငါမဟုတ် -ငါ၏အတ္တလိပ်ပြာ မဟုတ်ပါတကား"ဟူ၍ ပထဝီဓာတ်တရားလုံး တစ်ခုတည်းကိုပင် ဉာဏ်ဖြင့် ဆင်ခြင်၍ လက္ခဏာယာဉ် သုံးချက်တင်၍ မြင်အောင် ကြည့်ရှုနိုင်ကြပါသည်။ ကြည့်ရှုကြပါလေ။ ထို့အတူပင် မိမိ မိမိတို့ရအပ်သော မိမိ မိမိတို့သန္တာန်၌ ဖြစ်ရှိနေသော ကျန်သောရုပ်များကိုလည်း တစ်ပါးစီတစ်ပါးစီ လက္ခဏာယာဉ် သုံးချက်တင်၍ ဆင်ခြင်ကြည့်ရှုနိုင်ကြပါသည်။ ကြည့်ရှုကြပါလေ။

(၅) တဖန်ဆက်၍ နာမ်တရားဘက်၌လည်း စက္ခုဝိညာဏ်စိတ် တစ်ပါးတည်းကိုသာ ဉာဏ်ဖြင့် ရှုးစိုက်ဆင်ခြင် ကြည့်ရှုပြီးလျှင် ... "စက္ခုဝိညာဏ် အနိစ္စံ-ဒုက္ခံ-အနတ္တာ၊ နေတံမမ၊ နေသောဟမသ္မိ၊ နမေသောအတ္တာ=စက္ခုဝိညာဏ် အမြင်စိတ်သည် ဖြစ်ပြီးလျှင် ခဏအတွင်း ချုပ်ပျောက်သောကြောင့် အနိစ္စဇောက်န် မှန်စွာ့တကား၊ အဖြစ်အပျက်တို့ဖြင့် အနှိပ်စက်ခံရသောကြောင့် ဒုက္ခဇောက်န် မှန်စွာ့တကား၊ ငါဟူ၍အားတက်ဖွယ်ရာ အခိုင်အမာ အနှစ်သာရ ရှာမရသောကြောင့် အနတ္တဇောက်န် မှန်စွာ့တကား၊ ငါ့ဥစ္စာမဟုတ် ငါမဟုတ် ငါ၏အတ္တလိပ်ပြာ မဟုတ်ပါတကား"ဟူ၍ စက္ခုဝိညာဏ်စိတ် တရားလုံးတစ်ခုတည်းကိုပင် ဉာဏ်ဖြင့်ဆင်ခြင်၍ လက္ခဏာယာဉ်သုံးချက်တင်၍ မြင်အောင်ကြည့်ရှုနိုင်ကြပါသည်။ ကြည့်ရှုကြပါလေ။ ထို့အတူပင် မိမိ မိမိတို့ရအပ်သော မိမိ မိမိတို့ သန္တာန်၌ ဖြစ်နိုင်သော ကျန်သောစိတ် ၄၄ ပါးတို့ကိုလည်း တစ်ပါးစီ တစ်ပါးစီ ထိုစိတ်တို့နှင့်ယှဉ်သော စေတသိက်တို့ကိုလည်း တစ်ပါးစီ တစ်ပါးစီ ဉာဏ်ဖြင့်ဆင်ခြင်၍ လက္ခဏာယာဉ် သုံးချက်တင်၍ ဆင်ခြင်နိုင်ကြပါသည်။ ဆင်ခြင်ကြပါလေ။

အဘိဓမ္မာအသင်းဝင် သူတော်စင် ဒကာ ဒကာမအပေါင်းတို့ ...။ "အနုပဒဝိပဿနာ" သဘောယခု ဘုန်းကြီးပြောခဲ့သော စကားများသည် အကယ်၍သာ အသင်သူတော်ကောင်းတို့ အာရုံငါးပါးလိုက်စားမေ့လျော့နေသူများ ဖြစ်ကြပါမူ လွန်စွာငြီးငွေ့ ပျင်းမှန်းစရာစကားများသာ ဖြစ်ကြပါမည်။ ယခုသော်မူ မိမိတို့မှာ အဘိဓမ္မာသဘောကို နှစ်နှစ်နော့နော့ သဘောပေါက်စွာ လေ့လာထားကြသူများ ဖြစ်သောကြောင့် မဂ်ဖိုလ်အား ကျေးဇူးပြုနိုင်သည့် စကားများဖြစ်ကြောင်း ကောင်းစွာသဘောပေါက်ကြ၍ အဘိဓမ္မာ လေ့လာရခြင်းအတွက် ဝမ်းအမြောက်ကြီး မြောက်နိုင်ကြခြင်း ဖြစ်ပါသည်။

(၆) ထိုကဲ့သို့ မိမိသန္တာန်၌ အမှန်တကယ် ဖြစ်ပွားနေသော ရုပ်တရား၊ စိတ်-စေတသိက် နာမ်တရားတို့ကို တစ်ပါးစီ တစ်ပါးစီ အသေးစိတ်၍ လက္ခဏာယာဉ် သုံးချက်တင်ပြီး ဆင်ခြင်ပွားများခြင်းကို "အနုပဒဝိပဿနာ"ဟူ၍ ခေါ်ဆိုပါသည် ဒကာ ဒကာမအပေါင်း အဘိဓမ္မာအသင်းဝင် သူတော်ကောင်းတို့ ...။ ပညာဇေတဒဂ်ဘွဲ့ရ လကျ်ာရံ အဂ္ဂသာဝက အရှင်သာရိပုတြာမထေရ်သည် ဤ "အနုပဒဝိပဿနာ"နည်းဖြင့် ဝိပဿနာပွား၍ အရဟတ္တဖိုလ်ပေါက် ရဟန္တာအဖြစ်သို့

http://www.dhammadownload.com



ရောက်တော်မူခဲ့ပါသည်။ ဤနည်းကို လိုက်နာပွားများလျှင် ဉာဏ်ပညာတရား ကြီးမားနိုင်ပါသည်။ ထိုသို့ဉာဏ်ပညာတရား ကြီးမားလေအောင် "အနုပဒဝိပဿနာ"နည်းကို အသင်အဘိဓမ္မာအသင်းဝင် သူတော်စင်ဒကာ ဒကာမအပေါင်းတို့သည် ကောင်းစွာနားလည် သဘောပေါက်ကြ၍ ဝမ်းမြောက်စွာ ပွားများနိုင်ကြပါပြီ။ ထိုသို့ ပွားများနိုင်ကြခြင်းမှာ မိမိတို့ကိုယ်နှိုက်က အဘိဓမ္မာတရားတော်ကို လေ့လာ–သင်–အံ–ကျက်–ကြံ–ပို့ ချခြင်းကြောင့် ဖြစ်သည်ကို နစ်နှစ်ကာကာဝမ်းသာအားရ အသက်ထက်ဆုံး ပွားများအောက်မေ့နိုင်ကြ၍ အရဟတ္တမဂ် အရဟတ္တဖိုလ်ပေါက်နိဗ္ဗာန်ကွန်းတောက် ဆောက်နိုင်ကြပါစေရန် ရည်သန်စိတ်ညွှတ်နှလုံးခတ်ဖြင့် ...

ဝိပဿိတွာန နုပဒံ၊ ဓမ္မံ ဝေါ အာဘိဓမ္မိကာ။
ဝိသေသ မဓိဂစ္ဆဝေါ၊ အနာယာသေန သာဓဝေါ။

သာဓဝေါ အာဘိဓမ္မိကာ=ကိုယ်ကျိုး+သူ့ကျိုး ဤနှစ်မျိုးကို ပြည့်ဖြိုးလေအောင် ရွက်ဆောင်ဘိတောင်း အို ... အဘိဓမ္မာအသင်းဝင် သူတော်စင်အပေါင်းတို့။ ဝေါ၊ တုမှေ=အဘိဓမ္မာအသင်းဝင်အသင်သူတော်စင်အပေါင်း ဗောဓိလောင်းတို့သည်။ ဓမ္မံ=မိမိတို့အဖို့ရာ မခြာနေ့ည လေ့လာကြသည့် ဓမ္မရုပ်နာမ် တရားမှန်ကို။ အနုပဒံ=လေ့လာနိဗဒ် အကျိုးနပ်အောင် သတိချပ်ရှေ့သွားဘရားလုံးတစ်ခုစီ တစ်ခုစီကို။ ဝိပဿိတွာန–ဝိပဿထ၀ေါ=အနုပဒဝိပဿနာ ပညာဝုန်တောက်တံခွန်ဆောက်နိုင်ကြပါစေကုန်သတည်း။ ဝိပဿိတွာန=အနုပဒဝိပဿနာ ပညာဝုန်တောက် တံခွန်ဆောက်နိုင်ကြကုန်၍။ အနာယာသေန=သုခပဋိပဒါ ခိပ္ပါဘိညာဉ် ကိုယ်စီယှဉ်လျက် မပင်မပန်းချမ်းသာသာဖြင့်။ ဝိသေသံ=မဂ်လေးဆင့်+ဖိုလ်လေးဆိုင် အပြိုင်ပွင့်ဖူး လောကုတ္တရာ တရားအထူးကို။ အဓိဂစ္ဆဝေါ=အဘိဓမ္မာ ဉာဏ်ပညာနှင့် သဒ္ဓါနှစ်ရပ် ပေါင်းယှဉ်စပ်လျက် အရဟတ္တဖိုလ်ပေါက်မြန်ကုတ်ချောက်လျှင် ရရောက်နိုင်ကြပါစေကုန်သတည်း ... ဟု –

ဝိဇည်းမင်္ဂလာ ပတ္ထနာအာသီသ ညွှန်းဖော်ပြလျက် ဘုန်းကြီး၏ သမ္မောဒနီယ သာရဏီယကထာအစဉ်ကို ဤတွင်ပင် ကမ္ပတ်ဖုံး၍ နိဂုံးအုပ်အပ်ပါသတည်း။

သာဓု ... သာဓု ... သာဓု။

ဦးဝိစိတ္တသာရာဘိဝံသ
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက

http://www.dhammadownload.com



၁၃၄၆ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်၊ (၅-၅-၈၄) နေ့

ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏ
လိုဏ်ဂူတော်ကြီးအတွင်း၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကို အမှူးပြု၍
ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပြည်ထဲရေးနှင့်
သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနမှ ရှေ့ဆောင်လျက်
သာသနာရေးအဖွဲ့များ စုပေါင်းကျင်းပ ပူဇော်အပ်ကြသည့်
(၃၆)ကြိမ်မြောက် "တိပိဋကဓရပူဇော်ပွဲ" အခမ်းအနား၌
သံဃမဟာနာယကအဖွဲ့၏ကိုယ်စား တိပိဋကဓရဆရာတော်

## ဦးဝိစိတ္တသာရာဘိဝံသ ရေးသားဖတ်ကြားအပ်သော

# သမ္မောဒနီယ ဩဝါဒကထာစာတမ်း

**(သိဒ္ဓမ်)** တိပိဋကဓရအလျာ အာစည်ဂိုဏ်းဝင် စာတော်အောင် အရှင်တို့ ...။ အရှင်တို့အား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ကိုယ်စား အားပေးစကား အသက်ထက်ဆုံး အောက်မေ့သင့်သောစကား, ဩဝါဒကထာစကား တပည့်တော် ပြောကြားလိုသည်မှာ-

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်အစိုးရမင်းတို့သည် -

(၁) နိုင်ငံတော်၌ ပရိယတ္တိသာသနာတော် အစွန့်ရှည်စွာ သန့်ရှင်းတည်တံ့ ခိုင်မြဲထူးကဲ ပြန့်ပွား စည်ကားစေရန် အကျိုးငှာလည်းကောင်း၊

(၂) ပိဋကတ်သုံးပုံကို နှုတ်ငုံဆောင်နိုင်ကြသည့် သာသနာ့အာဇာနည် အရှင်မြတ်တို့ မပြတ် စဉ်ဆက် ပေါ်ထွက်စေရန် အလို့ငှာလည်းကောင်း၊

(၃) ဗုဒ္ဓမြတ်စွာ သာသနာတော်တွင်း၌ ဘုန်းကံပါရမီထူး ဉာဏ်ပညာထူးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ထူးတို့ကို ဖော်ထုတ်၍ သာသနာတော်ကို အားပေးချီးမြှောက်ရာတွင် အဆင့်အတန်း မြင့်မားစွာ အားပေးချီးမြှောက် ထောက်ပံ့နိုင်ရန် အလို့ငှာလည်းကောင်း၊

http://www.dhammadownload.com



ဤအဓိက ရည်ရွယ်ချက်ကြီး သုံးရပ်တို့ဖြင့် (၁) ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့၊ (၂) နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့၊ (၃) ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်အစိုးရ ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနတို့က ၁၃၁၀ ပြည့်နှစ်မှစ၍ နှစ်စဉ်နိဗဒ် အဆက်မပြတ်စေရဘဲ "တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီး"ကို ဆင်နွှဲကျင်းပ၍ ထမြောက်အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်မြတ်တို့အား သဒ္ဓမ္မပူဇာ စေတနာကြီးစွာဖြင့် မင်းနှင့်တကွ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ ကြည်ရွှင်ခြိမ့်သဲ နှစ်စဉ်နှစ်စဉ် ပူဇော်ပွဲကျင်းပ ပူဇော်ခဲ့ကြသည်မှာ ဤယခုအကြိမ်သည် (၃၆)ကြိမ်မြောက် ရောက်ရှိဆဲဆဲ ပူဇော်ပွဲကြီး ဖြစ်ပါသည်။

ဤ ယခု(၃၆)ကြိမ်မြောက် ရောက်ရှိဆဲဆဲ ပူဇော်ချီးမြှောက်ပွဲကြီး၌ ဦးစီးအုပ်ချုပ်တော်မူကြသည့် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ စာမေးပွဲဆိုင်ရာ ဩဝါဒါစရိယ နာယကဥပတ္ထမ္ဘက ဆရာတော်ကြီးများ၊ မင်းနှင့်တကွ ဗုဒ္ဓဘာသာ ကလျာဏနွယ်ဝင် သူတော်စင် ဒကာဒကာမများတို့သည် အားရဝမ်းမြောက်စွာ သာသနာတော် ထွန်းပရေး အားပေးလိုသော ကုသိုလ်စေတနာ အပြည့်အဝဖြင့် ဓမ္မာနုဂ္ဂဟ အာမိသာနုဂ္ဂဟ စုံပြည့်ဝအောင် ကာလခုခါ ခြိမ့်သဲဩလျက်စာတော်အောင်မြင် အရှင်မြတ်တို့အား လျောက်ပတ်ထိုက်တန်စွာ ပူဇာသဘင် ဆင်ယင်ကျင်းပပြုလုပ်နေဆဲ ဖြစ်ကြပါသည်။

စာတော်အောင်မြင် အာဇာနည်ဂုဏ်ဝင် အရှင်မွန် အရှင်မြတ် အပေါင်းတို့ ...။ အရှင်မြတ်တို့အဖို့ရာ ဤယခု ပူဇာသဘင်၌ ရှင်ဘက်+လူဘက်=ဤနှစ်ဘက်တို့မှ နှစ်သက်အားရမ်း ဝမ်းပန်းရွှင်ပျော် အာမိသ+ဓမ္မ နှစ်ဌာနတို့ဖြင့် အနုဂ္ဂဟ ပူဇော်ကြခြင်းတို့သည် အရှင်မြတ်တို့အား ဘုရားမြတ်စွာ မဟာကရုဏာ ပြဋ္ဌာန်း၍ ပေးကမ်းရရှိအပ်သော အာမိသ+ဓမ္မ အမွေနှစ်ရပ်တို့ဟူ၍ သတိချပ်ကာ သိမှတ်ကြစေလိုပါသည်။

ဤသို့ "ငါတို့အား မြတ်စွာဘုရား ပေးအပ်သည့် အမွေနှစ်ရပ်တို့ပါတကား"ဟု ကြီးမားသောသတိတရား လက်ကိုင်ထားကြ၍ ဘုရားဘုန်းကြွယ် မဇ္ဈိမနိကာယ်၌ အရှင်မြတ်တို့ သတိပြုဖွယ်အချက် အလေးအနက် ဟောပြသည့် "ဓမ္မဒါယာဒ"သုတ္တန်လာ ဒေသနာဂမ္ဘီရကို ဓမ္မလက်ဆောင်အဖြစ် နှစ်နှစ်ကာကာ မေတ္တာရှေ့ထား ညွှန်ကြားဖော်ပြ၍ ဩဝါဒနက်လေးပေးလိုပါသည်မှာ–

ရဟန်းတို့ ...။ သင်တို့သည် ငါဘုရား၏ ပစ္စည်းလေးဝ အာမိသအမွေခံတို့ မဖြစ်ကြဘဲ တရားဓမ္မ အမွေခံသာ ဖြစ်ကြပါကုန်လော့။

"ငါ၏တပည့်သာဝကတို့သည် အဘယ်သို့သော အကြောင်းဖြင့် (=ဘယ်လိုနည်းနှင့်များ) ပစ္စည်းလေးဝ အာမိသ အမွေခံတို့ မဖြစ်ကြဘဲ တရားဓမ္မ အမွေခံတို့သာ ဖြစ်ကြပါမည်နည်း"ဟူ၍ သင်ချစ်သားတို့ (အပေါ်)၌ ငါဘုရား၏ သနားငဲ့ညှာခြင်းသည်အခါမပြတ် ဖြစ်လျက်ရှိလတ်သည်။

http://www.dhammadownload.com



ရဟန်းတို့ ...။ သင်တို့သည် ငါဘုရား၏ ပစ္စည်းလေးဝ အာမိသ အမွေခံတို့သာ ဖြစ်ကြ၍ တရားဓမ္မ အမွေခံတို့ မဖြစ်ကြကုန်လျှင် ထိုအတွက် "မြတ်စွာဘုရား၏ တပည့်သာဝကတို့သည် ပစ္စည်းလေးဝ အာမိသ အမွေခံတို့သာ ဖြစ်ကြ၍ တရားဓမ္မ အမွေခံတို့ မဖြစ်ကြဘဲ နေထိုင်ကြကုန်၏"ဟု "သင်တို့လည်း အကဲ့ရဲ့ခံရသူများ ဖြစ်ကြလိမ့်မည်။ ထိုအတွက် "မြတ်စွာဘုရား၏ တပည့်သာဝကတို့သည် ပစ္စည်းလေးဝ အာမိသ အမွေခံတို့သာ ဖြစ်ကြ၍ တရားဓမ္မ အမွေခံတို့ မဖြစ်ကြဘဲ နေထိုင်ကြကုန်၏"ဟု ငါဘုရားလည်း အကဲ့ရဲ့ခံရသူ ဖြစ်ရလိမ့်မည်။

ရဟန်းတို့ သင်တို့သည် ...။ ငါဘုရား၏ တရားဓမ္မ အမွေခံတို့သာဖြစ်ကြ၍ ပစ္စည်းလေးဝ အာမိသ အမွေခံတို့ မဖြစ်ကြကုန်လျှင် ထိုအတွက် "မြတ်စွာဘုရား၏ တပည့်သာဝကတို့သည် တရားဓမ္မအမွေခံတို့သာ ဖြစ်ကြ၍ ပစ္စည်းလေးဝ အာမိသအမွေခံတို့ မဖြစ်ကြဘဲ နေထိုင်ကြကုန်၏"ဟု သင်တို့လည်း အကဲ့ရဲ့မခံရသူများ, အချီးမွမ်းခံရသူများ ဖြစ်ကြလိမ့်မည်။ ထိုအတွက် မြတ်စွာဘုရား၏ တပည့်သာဝကတို့သည် တရားဓမ္မ အမွေခံတို့သာ ဖြစ်ကြ၍ ပစ္စည်းလေးဝ အာမိသအမွေခံတို့ မဖြစ်ကြဘဲ နေထိုင်ကြကုန်၏"ဟု ငါဘုရားလည်း အကဲ့ရဲ့မခံရသူ, အချီးမွမ်းခံရသူ ဖြစ်ပေလိမ့်မည်။

ရဟန်းတို့ ...။ ထို့ကြောင့် သင်တို့သည် ငါဘုရား၏ ပစ္စည်းလေးဝ အာမိသ အမွေခံတို့ မဖြစ်ကြဘဲ တရားဓမ္မ အမွေခံတို့သာ ဖြစ်ကြကုန်လော့။

မူလပဏ္ဏာသ၊ ၃-ဓမ္မဒါယာဒသုတ်မှ

စာတော်အောင်မြင် အာဇာနည်ဂိုဏ်းဝင် အရှင်မွန် အရှင်ကောင်းတို့ ...။ ဖော်ပြရာပါ ဓမ္မဒါယာဒ သုတ္တန်ဒေသနာကို လေးနက်စွာ စဉ်းစားက မြတ်စွာဘုရား၏ သနားကရုဏာတပည့်တော်တို့, အရှင်တို့အပေါ်၌ ထားရှိတော်မူချက်သည် အလွန်ပင် လေးနက်လှပါသည်၊ မှန်၏။ ပစ္စည်းလေးဝ အာမိသသည် "မဟာသာရောပမသုတ္တန်"အရ သာသနာတော်၏ အကိုင်းအခက်တို့မျှသာ ဖြစ်ကြပါကုန်သည်။ အရှင်တို့သည် ရှင်ပြုစဉ်, ရဟန်းခံစဉ်ကပင် သာသနာတော်၏ အနှစ်သာရ မဂ်ဖိုလ်နိဗ္ဗာန်တည်းဟူသော ဓမ္မအမွေကို ရယူလိုကြောင်း ဦးတည်၍ ရှင်, ရဟန်းပြုခဲ့ကြသူများ ဖြစ်ကြပါသည်။ ထို့ကြောင့် အရှင်မြတ်တို့သည် မူလရည်ရွယ်ချက်အတိုင်း မြတ်စွာဘုရား၏ တရားဓမ္မ အမွေခံပုဂ္ဂိုလ်များ ဖြစ်ကြလျက် အကဲ့ရဲ့မခံရဘဲ အချီးမွမ်းခံရသည့် ပုဂ္ဂိုလ်များသာ ဖြစ်ရှိကြစေရန် –

ဟောထ ဝေါ ဓမ္မဒါယာဒါ၊ သတ္ထု လောကပဟိတေသိနော။
အနာဒိယာ ဘဝေယျာထ၊ ဧသာ အသ္မာက+ပတ္ထနာ။

http://www.dhammadownload.com



ဘဒ္ဒန္တာ=စာတော်အောင်မြင် အာဇာညအလောင်း အရှင်မွန် အရှင်မြတ်အပေါင်းတို့ ...။ ဘဒ္ဒန္တာ= သုံးဆယ့်ခြောက်ကြိမ်မြောက် တိပိဋကရေ စာလျှောက်သဘင်ဝယ် ထမြောက်အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် သဒ္ဓါရည်ပြည့်တောင်း အရှင်ကောင်းတို့ ...။ ဝေါ=စာတော်အောင်မြင် အရှင်မြတ်တို့သည်။ လောကဟိတေသိနော=သတ္တလောက၏ အစီးအပွားကို လိုလားတော်မူ ရှာတော်မူလေ့ရှိပါသော။ သတ္တူ=လူနတ်တို့ဆရာ မြတ်စွာဘုရား၏။ ဓမ္မဒါယာဒါ=ဓမ္မဒါယာဒ သုတ္တန်အလာ ဒေသနာတော်အရ အာမိသအမွေကိုမခံ ဓမ္မအမွေကိုသာ ခံသူတို့သည်။ ဟောထ=မြေ လက်ခတ်နဲ့ မလွဲပုံမှန် ဧကန်စင်စစ် ဖြစ်ကြပါစေကုန်သတည်း။ (ဟုတွာ=ဓမ္မအမွေခံ ဧကန်စင်စစ် ဖြစ်ကြကုန်၍)။ အနာဒိယာ=လူသူလေးပါး တစ်ဖက်သားတို့က "ဘုရားတပည့်သာဝကတို့သည် အာမိသ အမွေကိုပယ်လှန် ဓမ္မအမွေကိုသာ ခံလျက် လေးတန်ယာပထ မျှတရွှင်ပြုံး သီတင်းသုံး နေထိုင်ကြကုန်၏"-ဟု ထုတိမင်္ဂလာ နှုတ်လျှာမြွက်ညွှန်း ဂုဏ်ရည်ရွှမ်းအောင် အချီးမွမ်းခံကြရကုန် သည်။ ဘဝေယျာထ=ဧကန်စင်စစ် ဖြစ်ကြပါစေကုန်သတည်း။ ဧသာ=ဤသည်ကား။ အသ္မာကံ= သံဃမဟာနာယက သာသနာရေ့သွား ငါတို့မထေရ်များ၏။ ပတ္ထနာ=အကျိုးလိုလား ကျိုးမဲ့ရှားဟု နှစ်ပါးမေတ္တာ အဒေါသစေတနာဖြင့် ဂါထာသံပျောင်း ရွတ်ဆိုညောင်း၍ ဆုတောင်းမင်္ဂလာ ပတ္ထနာ စကားပါပေတည်း ... ဟု -

ဝိဇည်းမင်္ဂလာ ပတ္ထနာ ဩဝါဒ ညွှန်းဖော်ပြလျက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ သမ္မောဒနီယ ဩဝါဒကထာစဉ်ကို ဤတွင်ပင် ကမ္ပတ်ဖုံး၍ နိဂုံးအုပ်အပ်ပါသတည်း ...။

သာဓု ... သာဓု ... သာဓု။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ကိုယ်စား
အကျိုးတော်ဆောင်
ဦးဝိစိတ္တသာရာဘိဝံသ
တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ
အဘိဓဇမဟာရဋ္ဌဂုရု
(၆-၂-၄၆)၊ (၅-၅-၈၄)

http://www.dhammadownload.com



ရန်ကုန်မြို့၊ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ အပရဂေါယာနကျောင်းဆောင်၌
၁၃၄၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်၊ (၂၉-၅-၈၄)နေ့တွင် ကျင်းပပြုလုပ်အပ်သော
နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌
နာယက+ကထိက ဆရာတော်များအဖြစ် ဆောင်ရွက်တော်မူကြမည့် အရှင်မြတ်များ၏
"မွမ်းမံအခြေခံဆရာဖြစ်သင်တန်း" ဆင်းပွဲနှင့် ဆွမ်းသိမ်းပွဲ၌
နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ အကျိုးတော်ဆောင်
မင်းကွန်းတိပိဋကဓရဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ၏

## သနေ္ဒသကထာ

(သိဒ္ဓမ်) အခြေခံဆရာဖြစ်သင်တန်းသို့ တက်ရောက်သင်ကြား အောင်မြင်တော်မူပြီးကြသော အရှင်တို့ဘုရား။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့မှ ပရိယတ္တိပညာရေး မူ ၄ ချက် ချမှတ်၍ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ "နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် ကျောင်းတိုက်ကြီး" တစ်တိုက်စီ ဖွင့်လှစ်ရန် ဆုံးဖြတ်တော်မူခဲ့ပြီး ဖြစ်သည်ကို အရှင်မြတ်တို့ အသိပင် ဖြစ်ပါသည်ဘုရား။

ထိုတက္ကသိုလ်ကျောင်းတိုက်ကြီး နှစ်တိုက်တို့အတွက် ခေတ်မီစံပြ ကမ္ဘာ့အဆင့်မီ သာသနိက အဆောက်အဦများ၏ အနေအထားနှင့်တကွ တက္ကသိုလ်အုပ်ချုပ်ရေး သင်ကြားရေး စည်းမျဉ်းများကိုပါ မူချ၍ ရေးဆွဲပြီး ဖြစ်ပါသည်ဘုရား။

တက္ကသိုလ်ကြီးများ၏ မြေနေရာနှင့်တကွ အဆောက်အဦ အပြည့်အစုံတို့ကို ဆောက်လုပ်လှူဒါန်းနိုင်ရန်အတွက် တပည့်တော် ဦးဆောင်ပဓာန နာယကအဖြစ် ဆောင်ရွက်လျက်ရှိသော "မင်းကွန်းတိပိဋက=နိကာယ သာသနာပြုအဖွဲ့"အား နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ မေတ္တာရပ်ခံ တာဝန်ပေးချက်အရ စီမံဆောင်ရွက်လျက်ရှိရာ အဆောက်အဦးပေါင်းဆယ်ခု မြေညီသို့ ရောက်ရှိပြီး၊ နောက်ထပ်ဆယ်ခုကို ယခုလာမည့် ဝါဆိုလဆန်း ၄ ရက်နေ့တွင် (မန္တလေးမြို့) မြေညီသို့ ရောက်ရှိပြီး အုတ်မြစ်ချရန် စီစဉ်လျက် ရှိနေပါသည်။ သာသနသော ဘိဏ်သိမ်တော်ကြီးမှာ ယခုအခါ ပထမထပ်သို့ ရောက်ရှိနေပြီဖြစ်ပြီး ငွေကျပ်သိန်း ၅၀၀ အတွင်း အသုံးပြုရမည်ဟု ခန့်မှန်းထားသော မန္တလေးတက္ကသိုလ်ကြီးအတွက် သိန်း ၃၀၀ ခန့် ကတိဝန်ခံချက်ရရှိပြီး လှူဒါန်းနေကြဆဲ ဖြစ်ပါသောကြောင့် မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီးမှာ မကြာမီနှစ်ပိုင်းအတွင်း ကွင်းကွင်းကွက်ကွက် ပေါ်ထွက်ဖြစ်မြောက်လာပါတော့မည်ဘုရား။

http://www.dhammadownload.com



နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ကြီး၏ ၄၅ ပါးစုံညီ စုဒ္ဒသမ အစည်းအဝေးတွင် ဝဏ္ဏကျော်ထင် အထူးကုဆရာဝန်ကြီး ပါမောက္ခဦးသာလှအား ဥက္ကဋ္ဌအဖြစ်ထား၍ တိပိဋက=နိကာယ သာသနာပြုအဖွဲ့ကို ပင်တိုင်ထားလျက် ရန်ကုန်မြို့မှ သာသနာရေးအဖွဲ့ကြီးများ+ဈေးကြီးများနှင့် တက္ကသိုလ်ကြီးများ စာသင်ကျောင်းကြီးများမှ ကိုယ်စားလှယ် ဥပါသကာကြီးများ ပါဝင်သော အဖွဲ့ကို ဖွဲ့စည်းပြီး တာဝန်ပေးအပ်ခဲ့ပါသည်ဘုရား။ ထိုအဖွဲ့ကြီးက ယခုအခါ ၆ လခန့်ကာလ အတွင်း ဆောင်ရွက်ခဲ့ရာတွင် ကျပ်ငွေသိန်းခြောက်ဆယ်ကျော် ဒါယကာ ပေါ်ပြီဟု သိရှိရပါသည် ဘုရား။ မကြာမီပင် ကမ္ဘာအေးသိမ်တော်ကြီးကို မူလအခြေမပျက်စေဘဲ မြန်မာ့ရိုးရာ ပိုမိုတင့်တယ်စွာဖြင့် ပြင်ဆင်ရန်အတွက် စိုင်းပြင်းစီစဉ်လျက် ရှိကြပါသည်ဘုရား။

ယခုကဲ့သို့ တက္ကသိုလ်ကြီးနှစ်ခုအတွက် ဒါယကာများဘက်က ဆောင်ရွက်လျက် ရှိကြသည်ကို တွေ့မြင်ရသောအခါ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့နှင့် အဖွဲ့၏ဥပထမ္ဘကအဖြစ် ဆောင်ရွက်လျက်ရှိသော သာသနာရေးဦးစီးဌာနမှ တက္ကသိုလ်ကြီးများကို သတ်မှတ်ထားသောအချိန်တွင် ဖွင့်လှစ်နိုင်ရန် ကထိကနည်းပြ စသည်ဖြင့် ဆောင်ရွက်တော်မူကြမည့် သံဃာတော်များအား ရွေးချယ်၍ ဤမွမ်းမံ အခြေခံသင်တန်းကို ဖွင့်လှစ်ပို့ချကြခြင်း ဖြစ်ပါသည် ဘုရား။

ဤမွမ်းမံသင်တန်းအတွက် သာသနာရေးဦးစီးဌာနက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ဥပထမ္ဘက ဖြစ်သည်အားလျော်စွာ စီစဉ်အုပ်ချုပ်ရေးစသည့် ကိစ္စရပ်များကို ဆောင်ရွက်ကြပြီး တိပိဋက=နိကာယ သာသနာပြုအဖွဲ့က ဆွမ်းကွမ်း ဝေယျာဝစ္စ ပစ္စယာနုဂ္ဂဟကို ဆောင်ရွက်ကြပါသည် ဘုရား။

ဗုဒ္ဓမြတ်စွာ ဒေသနာ ကမ္ဘာအနှံ့ပြန့်စေလိုသောဆန္ဒဖြင့် ဖွင့်လှစ်မည့် တက္ကသိုလ်ကြီးများအတွက် သံဃာတော်များမှလည်း အားသွန်ခွန်စိုက် ဆောင်ရွက်တော်မူကြမှသာလျှင် အောင်မြင်မှုရရှိမည်ဖြစ်ပါသောကြောင့် အရှင်ဘုရားတို့ကလည်း ဆရာ+ဒကာ လက်တွဲလျက် ဘာသာရပ်ငါးမျိုးဖြင့် သင်ကြားပို့ချပြီး ပြည်တွင်း+ပြည်ပ သာသနာပြုကြမည့် မဟာမဓ္ဈာစရိယ ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည်များ ပေါ်ထွန်းရေးကို ရှေးရှု၍ ဆောင်ရွက်တော်မူကြပါရန် အလေးအနက် မေတ္တာရပ်ခံအပ်ပါသည် အရှင်တို့ဘုရား။

သာသနာရေးဦးစီးဌာနနှင့် တိပိဋက=နိကာယ သာသနာပြုအဖွဲ့တို့ကလည်း နောင်+ညီချင်းချင်း ညီညွှတ်ိုင်းတိုင်ပင်ကြ၍ တက္ကသိုလ်ကြီး အခွန့်ရှည်စွာ တည်တံ့၍ ကမ္ဘာ့စံပြဗုဒ္ဓတက္ကသိုလ်ကြီး အဖြစ် သာသနာငါးထောင် မကတည်အောင် ဆောင်ရွက်ကြမည်ဟု အဓိဋ္ဌာန်ပြုကြပါရန် မေတ္တာရပ်ခံ၍ ဘုန်းကြီး၏ သန္ဒေသကထာကို ဤတွင်ပင် ကမ္ပတ်ဖုံး၍ နိဂုံးအုပ်အပ်ပါသတည်း။

သာဓု ... သာဓု ... သာဓု။

ဦးဝိစိတ္တသာရာဘိဝံသ

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်

http://www.dhammadownload.com



တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု

ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ဆရာတော်ဘုရား

ရန်ကုန်မြို့ ဟံသာဝတီသီလရှင် စာသင်တိုက် အထိမ်းအမှတ်စာစောင်သို့

ချီးမြှင့်တော်မူသော အားပေးဆုတောင်းလွှာ

## ဩဝါဒကထာ

သာသနာ့အနွယ်ဝင် (မြန်အောင်) သီလရှင်စာသင်တိုက်၌ ယာပိုက်လေးထွေ မျှနေကြသော သီလရှင်ဆရာကြီး+ဆရာကလေးတို့ ...။ စရိယာပိဋကပါဠိတော်၌ မြတ်စွာဘုရား ဟောကြားခဲ့သော ဩဝါဒကို ညွှန်ပြလိုပါသည်။ ၎င်းမှာ –

ဝိဝါဒံ ဘယတော ဒိသွာ၊
အဝိဝါဒဉ္စ ခေမတော။
သမဂ္ဂါ သခိလာ ဟောထ၊
ဧသာ ဗုဒ္ဓါနုသာသနီ။ ။

(ဘိက္ခဝေါ=ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့ ...)။ ဝိဝါဒံ=သူမတရား+ငါတရားနှင့် သူကားလွဲစင် ငါမှန်ထင်၍ ဆန့်ကျင်စကား အငြင်းပွားခြင်းကို။ ဘယတော=ကြောက်ဖွယ် မဟေား ဘေးအနေအားဖြင့်။ ဒိသွာစ=ယထာဘူတ သဘာဝဉာဏ်ဝင် အမှန်အတိုင်းမြင်၍လည်း ကောင်း။ အဝိဝါဒံ=မေတ္တာရှေ့ထား အငြင်းမပွားခြင်းကို။ ခေမတော=ဘဝိတဗ္ဗမှန်ငြား တို့တတွေ ပွားရမည့် ဘေးမဲ့တရား အနေအားဖြင့်။ ဒိသွာစ=ယထာဘူတ သဘာဝဉာဏ်ဝင် အမှန်အတိုင်း မြင်၍လည်းကောင်း။ သမဂ္ဂါ=ကိုယ်+စိတ်နှစ်ရပ် ညီညွတ်ကြကုန်သည်လည်း ကောင်း။ သခိလာ=မေတ္တာရေစစ် အခြေအမြစ်ဖြင့် ပြေပြစ်သောစကား ပြောကြားကြကုန်သည် လည်းကောင်း။ ဟောထ=ဧကန်စင်စစ် ဖြစ်ကြပါကုန်လော။ ဧသာ=ဤသည်ကား။ ဗုဒ္ဓါနု သာသနီ=ဂင်္ဂါဝါဠူ သဲစုမက ပွင့်တော်မူကြသည့် ဗုဒ္ဓမြတ်စွာ အစိန္တေယျာတို့၏ ကရုဏာနှလုံး ဖြင့် ဆုံးမတော်မူချက်ပါပေတည်း ... (ဟူ၍) ဖြစ်ပါသည်။ ဆရာကြီး+ဆရာကလေးအပေါင်း တို့အား ထိုဒေသနာကို ထောက်ထား၍ ပထမဓမ္မနာဒ ဆရာတော်ဘုရား ပေးသနားသော အားပေးဆုတောင်းလွှာကို မေတ္တာရှေ့ပြေး ပေးလိုပါသည်မှာ–

http://www.dhammadownload.com



သမဂ္ဂါ သန္တု သဗ္ဗေ၊ ပေ ဟောထ၊
မာ တုမှေ ဝဂ္ဂ ဘေဒကာ။
မေတ္တံ ကရောထ အညောညံ၊
ကရုဏံ မုဒိတံ သဒါ။

သန္ဒုနာ=နှလုံးပျော့ပျောင်း သာသနာ့နွယ်ဝင် သူတော်စင်အပေါင်းတို့ ...။ တုမှေ=နှလုံးပျော့ပျောင်း အသင်သူတော်ကောင်းတို့သည်။ သမဂ္ဂါ=ကိုယ်စိတ်နှစ်ရပ် အချင်းချင်း ညီညွတ်ကြကုန်သည်။ ဟောထ=ကေန်စင်စစ် ဖြစ်ကြပါကုန်လော၊ (ဝါ) ကေန်စင်စစ် ဖြစ်ကြပါစေကုန်သတည်း။ တုမှေ=သင် သူတော်ကောင်း ဘုရားသမီးတော် အပေါင်းတို့သည်။ ဝဂ္ဂဘေဒကာ=သူတစ်စု+ငါ တစ်စု မညီမှုကြောင့် အစုစုအစားစား ကွဲပြားကုန်သည်။ မာဟောထ=ကေန်စင်စစ် မဖြစ်ကြပါကုန်လင့်၊ (ဝါ) ကေန်စင်စစ် မဖြစ်ကြပါစေကုန်သတည်း။ အညောညံ=ဘုရားရှင်၏သမီးများ ပီသသော သဘောထား၍ တစ်ပါးက တစ်ပါးကို။ သဒါ=နေ့နေ့ညည ခပ်သိမ်းသောကာလ၌။ မေတ္တံ=ကျိုးမဲ့ပယ်ရှား+ကျိုးလိုလား–ဟု နှစ်ပါးသော မေတ္တာဘာဝနာတရားကို လည်းကောင်း။ ကရုဏံ=ဒုက္ခတွေ့က မမွေ့နိုင်ပါ ကရုဏာတရားကို လည်းကောင်း။ မုဒိတံ=ချမ်းသာတွေ့က မွေ့မွေ့ရွှင်လန်း ဝမ်းမြောက်ခြင်း မုဒိတာ အပ္ပမညာတရားကို လည်းကောင်း။ ကရောထ=ဘုရားရှင်၏ သမီးတော်များ ပီပီ ရှင်ကြည်အားရ ပြုနိုင်ကြပါစေကုန်သတည်း ... ဟု –

ဝိဇည်းမင်္ဂလာ ပဋ္ဌာနာဆုတောင်း နှစ်ထောင်းကြိုးကုတ် ပြုလုပ်အပ်ပါသတည်း ...။

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

**ဦးဝိစိတ္တသာရာဘိဝံသ**

(တိပိဋကဓရမထေရ်)

တိပိဋကကျောင်းတော်၊ အမှတ် ၁၂၊

စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

http://www.dhammadownload.com



ရန်ကုန်မြို့၊ ရွှေဂုံတိုင်လမ်း၊ အမှတ် ၂၂၂၊ မြန်မာနိုင်ငံလုံးဆိုင်ရာ

ဗုဒ္ဓဘာသာအဖွဲ့ချုပ်၏ (၂၅)နှစ်မြောက် ငွေရတုစာစောင်၌

**မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီး**

ချီးမြှင့်တော်မူအပ်သော

## သမ္မောဒနီယ သာရဏီယ ဩဝါဒကထာ

(သိဒ္ဓမ်) ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ရန်ကုန်မြို့၊ ရွှေဂုံတိုင်လမ်း၊ အမှတ် ၂၂၂၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓသာသနာပြုအဖွဲ့ချုပ်က ထုတ်ဝေသော ၂၅ နှစ်မြောက် ငွေရတုစာစောင်၌ အဖွဲ့ချုပ်ကြီးနှင့်တကွ ဤစာစောင်ကို ဖတ်ရှုကြရသော ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့ နှစ်ထောင်းအားရမ်း ဝမ်းမြောက်ဖွယ်ရာ သာရဏီယ သမ္မောဒနီယကထာစကား "သုခလေးပါး" ချမ်းသာတရားကို အသိပေး ဟောကြားလိုပါသည်။

ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့ ...။

ဝိနည်းပါဠိတော် စူဠဝဂ္ဂဒေသနာ၌ ...

> သုခေါ ဗုဒ္ဓါန+မုပ္ပါဒေါ၊
> သုခါ သဒ္ဓမ္မဒေသနာ။
> သုခါ သံဃဿ သာမဂ္ဂီ၊
> သမဂ္ဂါနံ တပေါ သုခေါ။

ဗုဒ္ဓါနံ=သုံးလောကထွတ်တင် သဗ္ဗညုတဘုရားရှင်၏။ ဥပ္ပါဒေါ=ဖြစ်ထွန်းပွင့်ပေါ်တော်မူခြင်းသည်။ သုခေါ=ရှေးဦးပဌမ သုခမင်္ဂလာ ချမ်းသာသိုက်ကြီးတစ်ခုပါပေ။ ဗုဒ္ဓါနံ=သုံးလောကထွတ်တင် သဗ္ဗညုဘုရားရှင်တို့၏။ သဒ္ဓမ္မဒေသနာ=သဒ္ဓမ္မသုံးဖြာ သာသနာတော်သုံးရပ် တရားမြတ်ကို လူနတ်တို့အား ဟောကြားတော်မူခြင်းသည်။ သုခါ=နှစ်ခုမြောက် သုခမင်္ဂလာ ချမ်းသာသိုက်ကြီးပါပေ။ သံဃဿ=ရှင်အပေါင်း+လူအပေါင်း+ရှင်လူအပေါင်း၏။ သာမဂ္ဂီ=ကိုယ်စိတ်နှစ်ရပ် ညီညွတ်ခြင်းသည်။ သုခါ=သုံးခုမြောက် တတိယ သုခမင်္ဂလာ ချမ်းသာသိုက်ကြီးပါပေ။ သမဂ္ဂါနံ-

http://www.dhammadownload.com



စိတ်တူ+ကိုယ်မျှ ညီညွတ်ကြသည့် သမဂ္ဂသံဃာ ဒါယကာတို့၏။ တပေါ=သမ္မပ္ပဓာန် လုံ့လ ဝီရိယလေးပါးတို့ကို ပွားများကြိုးကုတ် အားထုတ်ခြင်းသည်။ သုခေါ=လေးခုမြောက် စတုတ္ထ သုခမင်္ဂလာ ချမ်းသာသိုက်ကြီးပါပေ–ဤကဲ့သို့ မြတ်စွာဘုရား သုခလေးပါး ချမ်းသာတရားကို ဟောကြားတော်မူခဲ့ပါသည်။

အနည်းငယ်မျှ ရှင်းပြလိုသည်မှာ ...

သုခလေးပါး ချမ်းသာတရားတို့ကို မှတ်သားရပါမည် ...။ (၁) သဗ္ဗညုဘုရားရှင် ပွင့်ထွန်းတော်မူလာခြင်းကို ဗုဒ္ဓုပ္ပါဒသုခ–ဟု ခေါ်ဆိုအပ်ပါသည်။ (၂) သဗ္ဗညုဘုရားရှင် ပွင့်ထွန်းတော်မူပြီး ပရိယတ်+ပဋိပတ်+ပဋိဝေဓ တည်းဟူသော သဒ္ဓမ္မသုံးဖြာ သာသနာတော် သုံးပါးကို လူနတ်တို့အား ဟောကြားသိစေတော်မူခြင်းကို သဒ္ဓမ္မဒေသနာသုခ–ဟု ခေါ်ဆိုအပ်ပါသည်။ (၃) ရှင်အပေါင်း+လူအပေါင်း+ရှင်လူအပေါင်းတို့၏ ကိုယ်+စိတ်နှစ်ရပ် ညီညွတ်ခြင်းကို သာမဂ္ဂီသုခ–ဟု ခေါ်ဆိုအပ်ပါသည်။ (၄) ကိုယ်+စိတ်နှစ်ရပ် ညီညွတ်ကြသည့် ရှင်လူအပေါင်းတို့ (က) မဖြစ်သေးသော အကုသိုလ်များ မဖြစ်ပွားအောင်+(ခ) ဖြစ်ပြီးသော အကုသိုလ်များကို ပယ်ရှားရအောင်+(ဂ) မဖြစ်သေးသော ကုသိုလ်တရားတို့ ဖြစ်ပွားလာအောင်+(ဃ) ဖြစ်ပြီးသော ကုသိုလ်တရားတို့ အတိုင်းထက်အလွန် ပွားများအောင်–ဟူ၍ သမ္မပ္ပဓာန်လုံ့လ ဝီရိယလေးပါး ပွားများခြင်းကို တပေါသုခ–ဟု ခေါ်ဆိုအပ်ပါသည်။

တဖန်ထပ်၍ မကျဉ်းမကျယ် အဓိပ္ပာယ်ကို သိလွယ်အောင် ရှင်းကြပါဦးမည် ...။

၁။ ယနေ့ လောကကြီးထဲ၌ အကယ်၍သာ မြတ်စွာဘုရား (လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်အချိန်က) ပွင့်ထွန်းတော်မမူခဲ့လျှင် လူနတ်ဗြဟ္မာ ယနေ့သတ္တဝါတို့အား တရားညွှန်ပြဆိုဆုံးမ၍ ဤကား ကုသိုလ်တရား ပွားများရမည်၊ ဤကား အကုသိုလ်တရား ရှောင်ရှားရမည် စသည်ဖြင့် တရားဟောပေးမည့်သူ မရှိကြသဖြင့် ကုသိုလ်မှန်း+အကုသိုလ်မှန်း မသိကြဘဲ (ပါပသ္မိံ ရမတေ မနော=ပုထုဇဉ်တို့၏စိတ်သည် မကောင်းမှု၌ မွေ့လျော်၏–ဟူသော ဒေသနာနှင့်အညီ) အပြစ်ရှိမှန်း မသိကြသည့်အတွက် အကုသိုလ် မကောင်းမှု၌ မွေ့လျော်ပျော်ပိုက်ကြပြီး အပါယ်ဘုမိဒုဂ္ဂတိသို့ ရောက်ကြ၍ ဒုက္ခတရားသာ အဖိုဝေစု ရှိကြပေလိမ့်မည်။ ယခုမူ မြတ်စွာဘုရား ပွင့်ထွန်းတော်မူခဲ့ခြင်းကြောင့် တရားနာရ၍ ကုသိုလ်တရား+အကုသိုလ်တရား+ပွားရမည့်တရား+ရှောင်ရမည့်တရားတို့ကို ခွဲခြားသိမြင်ကြ၍ ကုသိုလ်ကိုပွား+အကုသိုလ်ကို ရှောင်ရှားနိုင်ကြလျက် ဒုက္ခမှ လွတ်မြောက် ချမ်းသာခြင်းသို့ ရောက်ကြရလေသည်။ ထို့ကြောင့် သဗ္ဗညုဘုရားရှင် ပွင့်ထွန်းတော်မူလာခြင်းကို ဗုဒ္ဓုပ္ပါဒသုခ–ဟု ခေါ်ဆိုအပ်ပါသည်။

http://www.dhammadownload.com



၂။ အကယ်၍သာ လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင့်ငါးရာကျော် အချိန်က ပွင့်တော်မူသော မြတ်စွာဘုရား ကိုယ်တော်တစ်ဦးတည်း ချမ်းသာရန်အတွက် တရားတော်ကို မဟောဘဲ အရဟတ္တဖိုလ် သမာပတ်ကိုသာ ဝင်စား၍ လေးဆယ့်ငါးဝါ နေတော်မူကာ ပရိနိဗ္ဗာန် စံတော်မူသွားခဲ့လျှင် လူနတ်ဗြဟ္မာ သတ္တဝါတို့ ကုသိုလ်တရား+အကုသိုလ်တရား+ပွားရမည့်တရား+ရှောင်ရှားရမည့် တရားတို့ကို မသိကြသဖြင့် ပွားမည့်တရားကို ရှောင်+ရှောင်ရမည့် တရားကို ပွား အမှားကြီး မှားကြ၍ ဒုက္ခအတိ ရောက်ကြရပေမည်။ ယခုမူ မြတ်စွာဘုရား လေးဆယ့်ငါးဝါ ကာလကြာအောင် တရားတော်ကို ဟောတော်မူခဲ့သဖြင့် ပွားရမည့် ကုသိုလ်တရား၊ ရှောင်ရှားရမည့် အကုသိုလ်တရားတို့ကို ခွဲခြားသိမြင်ကြ၍ ကုသိုလ်ကိုပွား၊ အကုသိုလ်ကို ရှောင်ရှားနိုင်ကြသဖြင့် ဒုက္ခမှ လွတ်မြောက်ချမ်းသာခြင်းသို့ ရောက်ကြရလေသည်။ ထို့ကြောင့် သဗ္ဗညုမြတ်စွာဘုရား တရားဟောတော်မူခြင်းကို သဒ္ဓမ္မဒေသနာသုခ–ဟု ခေါ်ဆိုအပ်ပါသည်။

(ဤဆိုအပ်ပြီးသော သုခနှစ်ပါးတို့သည် မြတ်စွာဘုရားတို့နှင့်သာ သက်ဆိုင်သော သုခနှစ်ပါးတို့ဖြစ်ကြသည်။ အကျွန်ုပ်တို့၏ဆရာ မြတ်စွာဘုရားသည် ကိုယ်တော်နှင့်ဆိုင်ရာ သုခနှစ်ပါးကို အပြည့်အဝ ပေးထားရပြီဖြစ်၍ ကိုယ်တော့်၏တာဝန်ကျေပွန်ပြီ ဖြစ်ရကား ပရိနိဗ္ဗာန်စံတော်မူခဲ့လေပြီ။)

၃။ ရှင်အပေါင်း+လူအပေါင်း+ရှင်လူအပေါင်းတို့သည် အကယ်၍ ကိုယ်+စိတ်နှစ်ရပ် မညီညွတ်ကြလျှင် ခိုက်ရန်ဒေါသ အကြီးအကျယ် ဖြစ်ရှိကြ၍ ဒုက္ခကြီးစွာ ရောက်ရှိကြရမည်သာ ဖြစ်ပေသည်။ ကိုယ်စိတ်နှစ်ရပ် ညီညွတ်ကြမှသာ ခိုက်ရန်ဒေါသငြိမ်း၍ ကိုယ်+စိတ်နှစ်ပါး ချမ်းသာကြရမည် ဖြစ်ပါသည်။ ထို့ကြောင့် ကိုယ်+စိတ်နှစ်ရပ် ညီညွတ်ခြင်းကို သာမဂ္ဂီသုခ–ဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူအပ်သည်။

၄။ ရှင်လူအပေါင်းတို့ ...။ ကိုယ်+စိတ်နှစ်ရပ် ညီရုံသာ ညီညွတ်ကြ၍ သမ္မပ္ပဓာန်လုံ့လအားမထုတ်ကြဘဲ ပေါ့ပေါ့ဆဆ အမှတ်တမဲ့သာ နေကြလျှင် ချမ်းသာသုခကို မရနိုင်ချေ။ ကိုယ်+စိတ်နှစ်ရပ် ညီညွတ်ကြ၍ သမ္မပ္ပဓာန် လုံ့လလေးပါး ပွားများအားထုတ်မှသာ သုခဧကန် ရလိမ့်မည်မှန်သောကြောင့် ဝီရိယလေးပါး ပွားများခြင်းကို တပေါသုခ–ဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည်။ ။ (ဤသာမဂ္ဂီသုခနှင့် တပေါသုခတို့ကား တပည့်သာဝကတို့နှင့်သာ ဆက်ဆံသောသုခများ ဖြစ်ကြပါသည်။)

ဒကာ+ဒကာမအပေါင်း သူတော်ကောင်းတို့ ...။ အသင်သူတော်ကောင်းတို့သည် ဤဆိုအပ်ပြီးသောအတိုင်း သုခလေးပါး ချမ်းသာတရားတို့ကို ပိုင်းပိုင်းခြားခြား သိရှိကြပြီးလျှင် မိမိတို့ဆိုင်ရာ သုခတရားကို ပွားများရယူနိုင်ကြပါစေရန် ရည်သန်တောင့်တ၍ ...

http://www.dhammadownload.com



ဗုဒ္ဓုပ္ပါဒံ လဘိတွာန၊ သဒ္ဓမ္မဒေသနာသုခံ။
သာမဂ္ဂီ အဓိဂစ္ဆေဝေါ၊ တပေါသုခဥ္စ သာဓဝေါ။

သာဓဝေါ=နှလုံးပျော့ပျောင်း သူတော်ကောင်းတို့။ သာဓဝေါ=ကိုယ့်ကျိုး+သူ့ကျိုး ဤနှစ်မျိုးကို ပြည့်ဖြိုးလေအောင် ရွက်ဆောင်ဘိတောင်း အို–သူတော်ကောင်း။ တုမှေ=သင်သူတော်ကောင်း ဖောမိလောင်းတို့သည်။ ဗုဒ္ဓုပ္ပါဒံ=ဘုရားမြတ်စွာ ပွင့်ထွန်းရာ ကာလတည်းဟူသော ရှေးဦးပဌမာ သုခမင်္ဂလာ ချမ်းသာသိုက်ကြီးကိုလည်းကောင်း။ သဒ္ဓမ္မဒေသနာသုခံ=နှစ်ခုမြောက် ဒုတိယ သဒ္ဓမ္မဒေသနာ ချမ်းသာသိုက်ကြီးကိုလည်းကောင်း။ လဘိတွာန=ရှေးကံထောက်မ လက်ရောက်ရကြကုန်၍၊ (ဝါ) ရကြကုန်ရကား။ သာမဂ္ဂီ=ကိုယ်စိတ်နှစ်ရပ် ညီညွတ်ခြင်း တည်းဟူသော သုံးခုမြောက် တတိယ သာမဂ္ဂီသုခကို လည်းကောင်း။ တပေါသုခဥ္စ=လေးခုမြောက် စတုတ္ထတပေါသုခ မင်္ဂလာ ချမ်းသာသိုက်ကြီးကိုလည်းကောင်း။ အဓိဂစ္ဆေဝေါ=အခွင့်ပိုင်ပိုင် ရယူနိုင်ကြပါစေကုန်သတည်းဟု–

ဝိဇည်းမင်္ဂလာ သာရဏီယ သမ္မောဒနီယ ကထာစကား ဆုပန်ကြား၍ အားလုံးချမ်းသာစေကြောင်း နိမိတ်ကောင်းသုခလေးအင် မော်ကွန်းတင်လျက် ဤတွင်ပင် ကမ္ပတ်ဖုံးပြီး နိဂုံးအုပ်အပ်ပါသတည်း။

သာဓု ... သာဓု ... သာဓု။

ဦးဝိစိတ္တသာရာဘိဝံသ
မင်းကွန်းတိပိဋကဓရဆရာတော်
ဓမ္မနာဒကျောင်းတိုက်
(၁၅–၆–၄၇)ခု

❋ ❋ ❋ ❋ ❋

http://www.dhammadownload.com



တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု

မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး ၏

၁၃၄၈ ခုနှစ်၊ ဝါဆိုဦး၌ တိပိဋက=နိကာယ စာသင်သံဃာတော်များအား

## မြွက်ကြားတော်မူသော ဩဝါဒကထာ

ဒီ တိပိဋက=နိကာယ ကျောင်းတိုက်ဖွင့်တာ ၁၃၄၀၊ ၄၀ ပြည့်နှစ်က စဖွင့်တယ်။ ယခု ၄၉ နှစ်ဆိုတော့ ၁၀ နှစ်ရှိပြီ။ ဒီ တိပိဋက=နိကာယ ကျောင်းတိုက်ဖွင့်တာ မစိုးရိမ်ဆရာတော်ဘုရားကြီး အမိန့်ရှိတယ်။ "ရဟန်းတော်ဟာ ပါဠိတော်နှင့် တွေ့ရခြင်းသည် ဘုရားနှင့် တွေ့ရတာ"။ အဲဒါကြောင့် မစိုးရိမ်ဆရာတော်က "နိကာယ်သာသနာ ထွန်းကားအောင် ပြုလုပ်ပေးပါ၊ နိကာယ်သာသနာ ထွန်းကားလာလို့ နိကာယ်စားမေးပွဲဝင်မယ့် ကိုယ်တော်ဟာ နေ့စဉ်နေ့စဉ် ဘုရားနဲ့ တွေ့နေတယ် "အဲဒါကြောင့် မစိုးရိမ်ဆရာတော်က နိကာယ်စာမေးပွဲဖြစ်အောင် မန္တလေးမှာ ပထမ စလုပ်တယ်။ မန္တလေးမှာ ပထမ စလုပ်တော့ ဆရာတော်က ပရိယတ္တိအသင်းကြီးကို ပြောတယ်။ "ဒကာတို့ ... မင်းတို့အသင်းကနေပြီးတော့ နိကာယ်စာမေးပွဲ လုပ်ပေးပါ"။ ဒီတော့ မန္တလေး ပရိယတ္တိအသင်းကြီးက သူတို့မှာ လုပ်ပေးဖို့ စရိတ်ငွေ မရှိဘူးတဲ့။ ဒီလိုပြောပါတယ်။ အမှန်တော့ လည်းပဲ ပရိယတ္တိအသင်းကြီးက ဒီလောက်မမွဲပါဘူး။ ရှိတဲ့ငွေကို သူတို့က ဖူးဖူးမှုတ်ပြီးတော့ ထားချင်တဲ့လူတွေ။

အဲဒီတော့ "တပည့်တော်တို့ နိကာယ်စာမေးပွဲ လုပ်ပြီးတော့ ပေးဖို့ရန် ရန်ပုံငွေ မရှိဘူး ဘုရား" လျှောက်တော့ ပြောတော့၊ မစိုးရိမ်ဆရာတော်ဟာ အံ့သြစရာပါဘုရား၊ မစိုးရိမ်ဆရာတော်က တပည့်တော်တို့ ဟောဒီစက်ပိုင် ဦးသာဌေး တွေ့တဲ့အခါ ဦးသာဌေးကို ဆရာတော်က ဘာပြောသလဲ ဆိုတော့ "မောင်သာဌေး ... မရဘူးသော ကုသိုလ်ကို မင်း မရယူချင်ဘူးလား"၊ (ယူချင်ပါတယ် ဘုရား)၊ "ကိုင်း ... ယူချင်ရင်ကွာ ဟောဒီ မန္တလေး ပရိယတ္တိအသင်းတိုက်ကြီးမှာ ဓာတ်လှေကား လုပ်လိုက်၊ ဓာတ်လှေကား မင်းက ဒကာခံပါ" အဲဒီ ဓာတ်လှေကားကရတဲ့ လှေကားခ၊ အဲဒါကို နိကာယ်စာမေးပွဲ လုပ်နိုင်အောင် မစိုးရိမ်ဆရာတော်က ခိုင်းတာ။

အဲဒါကြောင့် ဒီမန္တလေး ပရိယတ္တိရဲ့ သုံးထပ်တိုက်ကြီးမှာ တပည့်တော်တို့ ဓာတ်လှေကား ဒကာက ဦးသာဌေး၊ ဆရာတော်ကြီးက "ကိုင်း ... မင်းတို့ ဓာတ်လှေကား တစ်နေ့တစ်နေ့ ရသမျှ

http://www.dhammadownload.com



အကုန်စုထားတဲ့၊ စုပြီးတော့ ဟောဒီ နိကာယ်စားမေးပွဲလုပ်။ ကိုယ်တော်တွေဟာ နိကာယ်နဲ့ တွေ့နေရလျှင် ဘုရားကို တွေ့ရတာတဲ့။ ဘုရားနဲ့တွေ့ရရင် ကိုယ်တော်တွေဟာ မရိုင်းဘူးတဲ့။ တစ်ခါတည်း ယဉ်ကျေးနေမယ်။ "အဲဒါကြောင့် နိကာယ်စာမေးပွဲဖြစ်အောင် မစိုးရိမ်ဆရာတော်က အခု မန္တလေး ပရိယတ္တိအသင်းကြီးနဲ့ လုပ်တယ်။

မန္တလေးမှာ လုပ်ပြီးတော့ တစ်ခါ ရန်ကုန်ကျတော့ ဦးမောင်မောင်က ငယ်စဉ်က မစိုးရိမ်တိုက်မှာ နေခဲ့ဖူးတဲ့တပည့်။ အဲဒီ ဦးမောင်မောင်နဲ့ တွေ့ပြန်တော့လည်း "မင်းက ... နိကာယ်သာသနာထွန်းကားရေးအသင်း လုပ်ကွာ"တဲ့။ "နိကာယ်စာမေးပွဲ လုပ်နိုင်အောင် မင်းက နိကာယ်သာသနာထွန်းကားရေးအသင်း လုပ်ပြီးတော့ နိကာယ်ကို အကောင်အထည်ဖော်ပါ"။ ဆိုလို့ ပတ္တမြားဦးမောင်မောင်က နိကာယုဒ္ဓောတကသမိတိ–နိကာယ်သာသနာ ထွန်းကားရေးအသင်းကြီးဖွဲ့ပြီးလိုအပ်တာကို ဦးမောင်မောင်တို့က တာဝန်ယူတယ်။

ဆိုကြပါစို့ – မစိုးရိမ်ဆရာတော်သည် ရန်ကုန်က နိကာယ်သာသနာ ထွန်းကားရေးအသင်းဖွဲ့ပြီး နိကာယ်စာမေးပွဲ ပြုလုပ်ပေးလို့ အားမရသေးဘူး။ တစ်ချိန်မှာ ပဲခူးက မြို့မဆရာတော်ဘုရားကြီးငယ်စဉ်က မစိုးရိမ်တိုက်မှာ နေခဲ့တာ၊ အဲဒါကြောင့် မစိုးရိမ်ဆရာတော် ရန်ကုန်မှာ သီတင်းသုံးတယ်ဆိုတော့ မြို့မဆရာတော်က မစိုးရိမ်ဆရာတော်ကို သွားပင့်တယ်။ တပည့်တော်ရဲ့ ပဲခူးမြို့ကို ဆရာတော် အပူဇော်ခံကြွပါ ဆိုတော့ မစိုးရိမ်ဆရာတော်က ဘာပြောသလဲ – သူ့မစိုးရိမ်တိုက်မှာ နေသွားတော့ "ဦးဇင်း"လို့ပဲ ခေါ်တယ်။ "ဦးဇင်း အသက် ၉၀ ကျော်မှ ပဲခူးသွား မတော်တဆ တစ်စုံတစ်ခုဖြစ်လျှင် "ခြေရှည်တယ်"လို့ အဆိုခံရမယ်။ အဲဒါကြောင့် တပည့်တော်ကို ပဲခူးကို လိုက်စေချင်လျှင် ဦးဇင်းက ပဲခူးမှာ နိကာယ်သာသနာ ထွန်းကားအောင် တည်နိုင်လို့ရှိရင် လမ်းဘေးသေသေ ဦးဇင်းတဲ့၊ ငါလိုက်မယ်" နိကာယ်သာသနာ ထွန်းကားရေးအတွက် ဩဝါဒခံချင်လို့ဆိုရင် လိုက်မယ်တဲ့၊ လမ်းပဲသေသေ။ အဲဒီတော့ ပဲခူးဆရာတော်ကြီး အခု ဘုန်းကြီးဦးဣန္ဒာစာရက "ဆရာတော်အလိုရှိတဲ့ နိကာယ်စာမေးပွဲ တပည့်တော်ဖြစ်အောင် လုပ်ပါ့မယ်၊ နိကာယ်ဩဝါဒပေးဖို့ လိုက်တဲ့အနေနဲ့ ကြွပါ" ဆိုတော့ မစိုးရိမ်ဆရာတော်က လိုက်သွားတယ်။

အဲဒီလိုက်သွားတဲ့အတိုင်း နိကာယဝေပုလ္လအသင်းတို့၊ အဲဒီနိကာယဝေပုလ္လအသင်းကို ဖွဲ့ပြီးတော့ နှစ်စဉ်နှစ်စဉ် နိကာယ်စာမေးပွဲကို ဝင်တယ်။ မစိုးရိမ်ဆရာတော်ကြီးက နိကာယ်သာသနာပြုတော့ တပည့်တော်ကို ပြောတယ်။ "ဦးဇင်း ... ဦးဇင်းက ဝိဒေဟရာဇ်မင်းကြီးကို မဟော်သဓာလိုအပ်သလို ကူညီစောင့်ရှောက်သလို ဦးဇင်းကလဲ ငါရဲ့နိကာယ်သာသနာပြုတဲ့နေရာမှာ မဟော်လိုကူညီပါ စောင့်ရှောက်ပါ" အဲဒီလို ပြောတယ်။ အဲဒီတော့ တပည့်တော်များက "ဘာကြောင့် မလုပ်နိုင်ပါဘူး ဘုရား"တို့ ဘာတို့ဆိုရင် အင်မတန်ရိုင်းသွားမယ်။ "တင်ပါပဲ" လျှောက်ရတယ်။ လျှောက်ရတဲ့အတိုင်း တပည့်တော်တို့ ဒီမင်းကွန်းမှာ နိကာယ်သာသနာ ထွန်းကားအောင် တပည့်တော်တို့

http://www.dhammadownload.com



လုပ်ပေးတယ်။

အရှင်ဘုရားတို့လည်းပဲ နေ့စဉ်နေ့စဉ် နိကာယ်စာပေတွေနဲ့ တွေ့နေတော့ အရှင်ဘုရားတို့ ဘုရားနဲ့ တွေ့နေတာပဲ။ ဘယ်လိုလဲဆိုတော့ ငါတို့က နိကာယ်နဲ့ အမြဲနေတဲ့ ပုဂ္ဂိုလ်တွေ။ ဘုရားနဲ့ နေ့စဉ်တွေ့နေတဲ့ ပုဂ္ဂိုလ်တွေ။ နိကာယ်စာပေကို ကျက်-အံ-ကြဲ-ကြည့်-ဆိုတဲ့ ဒိပရိယတ္တိအလုပ်ကို လုပ်နေရင် ဘယ်တော့မှ ဝင်ပြီးတော့ မလာပါဘူး။ တပည့်တော် အယုတ်သဖြင့် ပြောရမယ်ဆိုရင် ယခုအခါမှာ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် မန္တလေးမှာ ဖွင့်ပြီ။ နောက် ရန်ကုန်မှာ။ နိုင်ငံတော်အစိုးရရဲ့ နိုင်ငံတော် သံဃမဟာနာယက-က "တက္ကသိုလ်ကျောင်းတိုက်တွေကို မင်းကွန်း တိပိဋက=နိကာယ သာသနာပြုအဖွဲ့နဲ့ တိုင်းပြည်ရဲ့ရှေ့က မားမားမတ်မတ် ရပ်ပြီးတော့ အကောင် အထည်ဖော်ပေးပါ"ဆိုလို့ တပည့်တော်တို့ အဖွဲ့ကြီးရဲ့ ခေါင်းပေါ်မှာ ရေအိုးကြီး ၂ လုံးတင်ထား သလို အောက်မေ့ပါ။ ဆရာဝန်ကြီးဦးသာလှတို့ရဲ့ နိကာယ်သာသနာပြုအဖွဲ့က ရေအိုးကြီး ၂ လုံး တို့ခေါင်းပေါ် ရွက်ထားရသလို အောက်မေ့ပါ။ စိတ်မပူပါနဲ့ဆိုပြီးတော့ ရန်ကုန်တက္ကသိုလ်+ မန္တလေးတက္ကသိုလ် ဖွင့်ပြီးပြီ။

အဲဒီဖွင့်ပြီးတဲ့ တက္ကသိုလ်ထဲမှာ တပည့်တော် ... ဆောက်လုပ်လှူဒါန်းရေးအဖွဲ့ ဒကာတွေကို ပေးတဲ့ ဩဝါဒက "ဒကာကြီးတို့ ပန်းဥယျာဉ်လုပ်မယ်ဆိုတာ လုပ်ပါ၊ သို့သော် အသီးစားရတဲ့ အပင်ကို များများစိုက်ပါ၊ ပန်းတွေသိပ်ပြီးတော့ မများချင်ပါနဲ့၊ သို့သော် အနည်းငယ်ပါတဲ့ ပန်းပေါ့ လေ၊ ပြိုးပြိုးပြောက်ပြောက် စက္ကူပန်းမျိုးလောက် ဘာလောက် တော်ရောပေါ့၊ ပန်းတွေသိပ်ပြီးတော့ ဖူး၊ သိပ်များတော့ ပန်းနှစ်ခြိုက်ကြတဲ့ ပုဂ္ဂိုလ်တွေက လာခူးမှာ၊ အဲဒီဝိသဘာဂ အာရုံတွေဟာ အင်မတန် တွေ့ရဆုံရလိမ့်မယ်၊ ဆုံရရင် ဦးဇင်းတို့-ဒီတက္ကသိုလ်က အရှင်တွေ အာရုံစိတ်မပြား အောင်လို့ တပည့်တော် ပန်းတွေကို သိပ်မစိုက်နဲ့၊ မန္တလေးတက္ကသိုလ်မှာလည်းပဲ ပန်းပင်တွေ သိပ်မစိုက်နဲ့၊ လေအေး မျက်စိအေးအောင် ရေပန်းကလေးတွေ တပ်ပေး၊ အောက်က မြက်ပင်ကလေး တွေ မွေးပေး၊ ပန်းအနေနဲ့တော့ စက္ကူပန်းလောက်ပဲ တော်ရောပေါ့လို့" အဲဒီလို ပြောပါတယ်။

ဒါ့ကြောင့် တပည့်တော်များ ဆိုလိုရင်းက ဦးဇင်းတို့သည် နေ့စဉ်နေ့စဉ် နေ့စဉ်ဘုရားနဲ့ တွေ့ နေတယ်။ ဦးဇင်းတို့ ကိုယ့်ကိုကိုယ် ဒီအတိုင်း အောက်မေ့ပါ။ ဘုရားနဲ့ တွေ့နေတဲ့ ပုဂ္ဂိုလ်ပီပီ ကာမ+ဗျာပါ+ဝိဟိံသာ ဆိုတဲ့ ဒီမိစ္ဆာဝိတက်တွေကို လက်မခံပါနဲ့။ နေက္ခမ္မဝိတက်+အဗျာပါဒ ဝိတက်+အဝိဟိံသာဝိတက်ဆိုတဲ့ သမ္မာဝိတက် ၃ ပါး ဦးဇင်းတို့ ဂေါစရဂါမ် ဖြစ်ပါစေ။ အေး ကာမဝိတက်+ဗျာပါဒဝိတက်+ဝိဟိံသာဝိတက်ဆိုတဲ့ မိစ္ဆာဝိတက်တွေ မပေါ်အောင်သာ အမြဲတမ်း သတိပြုပါ။ ဒီအပြင်ကတော့ ဦးဇင်းတို့ သတိပြုနိုင်ဖို့ရန် တပည့်တော် အခုပြောပြီ။ နေ့စဉ် ဘုရားနဲ့ ငါတို့ တွေ့နေတယ်၊ ဘုရားနဲ့တွေ့နေတဲ့ တပည့်ပဲ၊ ဒီတော့ ဒီအပြင် ဝိတက်တွေ မဝင်အောင် ငါတို့နေမယ်။ အဲဒီနေတဲ့အခါမှာ "သုခါ သံဃဿ သာမဂ္ဂီ-" အရ သာမဂ္ဂီဖြစ်ဖို့ စိတ်ကို

http://www.dhammadownload.com



မွေးမြူကြပါ။ တပည့်တော်တို့ ဥပဇ္ဈာယ်ဆရာ အမြဲတမ်း သုံးမရင် ...

သမဂ္ဂါ ဟောထ ဘဒ္ဒန္တာ၊ မာ တုမှေ ဝဂ္ဂဘေဒကာ။
မေတ္တံ ကရောထ အညောညံ၊ ကရုဏံ မုဒိတံ သဒါ။

လို့–ဒီဟာကို အမြဲသုံးမလေ့ရှိတယ်ဘုရား။

ဘဒ္ဒန္တာ=သာကီယဇာတ် အရှင်မြတ်တို့ဘုရား။ သမဂ္ဂါ=ကိုယ်+စိတ်နှစ်ရပ် ညီညွတ်ကြကုန်သည်။ ဟောထ=ကောန်စင်စစ် ဖြစ်ကြပါ။ တုမှေ=အရှင်ဘုရားတို့သည်။ ဝဂ္ဂဘေဒကာ=၂ ပါးတစ်တွဲ၊ ၃ ပါးတစ်တွဲ၊ အစုစု ကွဲပြားကုန်သည်။ မာဟောထ=မဖြစ်ကြပါနဲ့။ အညောညံ=တစ်ပါးကတစ်ပါးကို။ သဒါ=အခါခပ်သိမ်း။ မေတ္တံ=စီးပွားလိုလားတဲ့ မေတ္တာ+အစီးအပွားမဲ့ ပယ်ရှားလိုတဲ့ မေတ္တာ၊ ၂ မျိုးကိုလည်းကောင်း။ ကရုဏံ=ဒုက္ခိတသတ္တဝါတွေရင် သနားတဲ့ ကရုဏာစစ်စစ်ကိုလည်းကောင်း။ မုဒိတံ=သုခနဲ့တွေ့တဲ့အခါ သြော် ... ဒီသုခမှ မကင်းကြပါစေနဲ့၊ မကွဲမကွာ ဖြစ်ကြပါစေ။

ယထာလဒ္ဓ သမ္ပတ္တိတော မာဝိဂစ္ဆန္တု=အရ စည်းစိမ်ဥစ္စာနဲ့ သမ္ပတ္တိပြည့်စုံတဲ့ ပုဂ္ဂိုလ်များတွေ့ရင် သူတို့စည်းစိမ်နဲ့သူတို့ မကွဲမကွာ ရှိကြပါစေလို့ မုဒိတာဗြဟ္မစိုရ်ပွားပါ။ အဲဒီလိုပဲ တပည့်တော်တို့ ဆရာတော်ဟာ ဆုံးမခြင်း ဖြစ်ပါတယ်။ ဒီဆုံးမချက်အရ အရှင်ဘုရားတို့သည် (၁) ညီညွတ်တော်မူကြပါ။ (၂) ၂ ပါးတစ်တွဲ– ၃ ပါးတစ်တွဲ တိုးတိုးတိုးတိုးနဲ့ စိတ်ဝမ်းမကွဲကြပါနဲ့။ (၃) တစ်ပါးနဲ့ တစ်ပါး မေတ္တာတရား၊ ကရုဏာတရား၊ မုဒိတာတရား ထားပါ။ ဒါ အရှင်ဘုရားတို့အား တပည့်တော်ပေးတဲ့ ဩဝါဒ ဓမ္မလက်ဆောင် ဖြစ်ပါတယ်။

ဒီလောက်ပြောရင် အရှင်ဘုရားတို့လည်း နှလုံးသွင်းတတ်ပါပြီ။ အရှင်ဘုရားတို့လည်း သိနိုင်တဲ့ အရည်အချင်း ရှိကြပါတယ်။ လူက အသက်က သိပ်ပြီးမကြီးသေးတော့ စိတ်ဟာ စိတ်အလိုကို လိုက်ပြီးသွားတတ်တယ်။

အဲဒါ သတိပြုပြီးတော့ ...

နိကာယော အာသယော မယှံ၊ နိကာယော ဌာနစက်မံ။
ကပ္ပေမိ နိကာယေ ဝါသံ၊ နိကာယော မမ ဂေါစရော။ ။

အဲဒီ ဂါထာကို မပြတ်မပြတ် ရွတ်ပေးပါ။

ပိဋကတ်နဲ့လည်းပဲ ...

ဝိနယော အာသယော မယှံ၊ ဝိနယော ဌာန စက်မံ။
ကပ္ပေမိ ဝိနယေ ဝါသံ၊ ဝိနယော မမ ဂေါစရော။

http://www.dhammadownload.com



လို့ ဝိနည်းကျက်တဲ့ ကိုယ်တော်က ဝိနည်းကို ဒီလို နေ့စဉ်နေ့စဉ် ဒီအားပေးဂါထာကို မပြတ်မပြတ် ရွတ်ပေးပါ။

ဦးဇင်းတို့ ... မဇ္ဈိမနိကာယ်သမားကလည်းပဲ ...

မဇ္ဈိမော အာသယော မယှံ၊ မဇ္ဈိမော ဌာနစက္ကမံ။

ကပ္ပေမိ မဇ္ဈိမေ ဝါသံ၊ မဇ္ဈိမော မမ ဂေါစရော။ ။

ဒီဃနိကာယ်သမား ကျတော့လည်းပဲ သုတ္တန္တ ...

သုတ္တန္တေ အာသယော မယှံ၊ သုတ္တန္တော ဌာနစက္ကမံ။

ကပ္ပေမိ သုတ္တန္တေ ဝါသံ၊ သုတ္တန္တော မမ ဂေါစရော။

ဒီဂါထာကို ကိုယ့်စာနဲ့ကိုယ် လိုက်အောင်ပေါ့လေ၊ ကိုယ်လေ့လာတဲ့ နိကာယ်နဲ့လိုက်အောင် အဲဒီဂါထာတွေ ရွတ်ပေး၊ ရေးထားပါ။ ရွတ်–နော် ...။ နေ့စဉ်ရွတ်ရင် ဦးဇင်းတို့ ... မိစ္ဆာဝိတက်တွေ မဝင်ပါဘူး။ သမ္မာဝိတက်ပဲ ဝင်မယ်။ တပည့်တော်တော့ ညတိုင်းညတိုင်း အိပ်မက်မက်တာ စာပေပဲ အိပ်မက်မက်တယ်။ တပည့်တော်အနေနဲ့ကတော့လည်း ဒီတက္ကသိုလ်အတွက် အရှင်မြတ်တွေ ပစ္စည်းလေးပါး မငြိုငြင်ကြပါစေနဲ့။ မပင်မပန်းကြပါစေနဲ့။ အဲဒီလို–ပြီးတော့ ဒီ တိပိဋက=နိကာယ အတွက်လည်းပဲ မငြိုငြင် မပင်ပန်းကြပါစေနဲ့။ ရန်ကုန်တက္ကသိုလ်ရော ထို့အတူပဲဗျာ။ အခုလောက် တပည့်တော်ပြောရင် ဦးဇင်းတို့ ဩဝါဒ ပြည့်စုံလောက်ပါပြီ။ စာလုံး ပိုချင်ပိုပစေပေါ့။

အင်္ဂုတ္တရနိကာယကို လေ့လာတဲ့ ကိုယ်တော်က ...

အင်္ဂုတ္တရော အာသယော မယှံ ... ဆိုပြီးတော့ ကိုယ့်ဂါထာကို ကိုယ်စီပြီးတော့ နေ့စဉ်နေ့စဉ် ရွတ်ပေးကြပါ။

ဦးဇင်းတို့ အင်မတန် ကံကောင်းပါတယ်။ ဘာပြုလို့ အင်မတန် ကံကောင်းသလဲဆိုတော့ တက္ကသိုလ်က အရှင်တွေရော၊ အရှင်ဘုရားတို့ နိကာယ်က ကိုယ်တော်တွေရော အင်မတန် ကံကောင်းပါတယ်။ ကနေ့အစိုးရ ထိုထိုဌာနက ဆန်သယ်ခွင့် မပြုဘူးဘုရား။ ဆန်ကို သယ်ခွင့် မပေးဘူး။ အဲဒီမပေးတဲ့အထဲက တပည့်တော်တို့ ဒီတိပိဋက+နိကာယကျတော့ လှူတဲ့ဆန်ကို အစိုးရ အနေနဲ့ သယ်ခွင့်ကို မပိတ်ပင်ဘူး။ ရှောရှောရှူရှူပဲပေးတယ်။ ဒါ ... ဦးဇင်းတို့ကံ၊ ဒါ့ကြောင့် သံဃာ့ကံဟာ တကယ်ကြီးပါလားလို့။

အခု–ဟောဒီနားမှာ ချထားတာ မဲဇာက ဆန်ဘုရား။ မဲဇာကဆန် စစ်ကိုင်းတိုင်းက မဲဇာက ဆန်။ ပြီးတော့ ဟောဒီဒကာကြီးတွေ ကိုယ်တိုင်ပဲ လာပြီးတော့ လိုက်ပြီးတော့ ပို့တယ်ပေါ့လေ။

တပည့်တော် ဆန်တောင်းရတာ၊ ဒီမရောက်ခင် သယ်ခွင့်ရအောင် တောင်းရတာဟာ (၁) ပထမ တပည့်တော် မင်းကွန်းဆိုတော့ မင်းကွန်းတိုက်နယ် သံဃာအဖွဲ့ရဲ့ ထောက်ခံချက် ယူရ

http://www.dhammadownload.com



တယ်။ ပြီးတော့ (၂) မင်းကွန်းတိုက်နယ် မင်းကွန်းကျေးရွာကောင်စီ ထောက်ခံချက် ယူရတယ်။ (၃)က စစ်ကိုင်းမြို့က မြို့နယ်ကောင်စီ ထောက်ခံချက် ယူရတယ်။ (၄)က စစ်ကိုင်းက သာသနာရေး အရာရှိရဲ့ထောက်ခံချက် ယူရတယ်။ ပြီးတော့မှ (၅) စစ်ကိုင်းတိုင်းရဲ့ ထောက်ခံချက်။

အဲဒီလို ယူပြီးတော့ - ဒီထောက်ခံချက်တွေစုံမှ သက်ဆိုင်ရာ၊ ဥပမာ-ဘုရား ... အခု မဲဇာ ဆန်ဆိုတော့ မဲဇာကို အုပ်ချုပ်တဲ့ မြို့နယ်ကောင်စီထောက်ခံချက် ယူရတယ်ဘုရား။ ပြီးတော့မှ အဲဒီမဲဇာထောက်ခံချက်၊ မြို့နယ်ထောက်ခံချက်၊ အဲဒီမဲဇာနယ်က သံဃနာယက ထောက်ခံချက်၊ အဲဒါယူပြီးမှ ဟောဒီစစ်ကိုင်းကို ပြန်ပြီးတော့ တိုင်းထောက်ခံချက် ယူရတယ်။ အနည်းဆုံး ဒီ ထောက်ခံချက်ယူရတာ (၉)ဌာနလောက် ရှိတယ်။

သို့သော် ဦးဇင်းတို့ အင်မတန် ကံကောင်းပါတယ်။ ဦးဇင်းတို့ တိပိဋက=နိကာယ ကိုယ်တော် တွေလည်း ကံကောင်းတာပဲ။ ဓမ္မနာဒက ကိုယ်တော်တွေလည်း ကံကောင်းတာပဲ။ မန္တလေး တက္ကသိုလ်က ကိုယ်တော်တွေလည်း ကံကောင်းတာပဲ။ တပည့်တော်တို့ တစ်နည်းအားဖြင့် တပည့် တော်က ထောက်ခံချက်တောင်းလိုက်ရင် နေရာတိုင်း နေရာတိုင်းက ဝမ်းမြောက်ဝမ်းသာ ထောက်ခံ တယ်။ ဝမ်းမြောက်ဝမ်းသာ သယ်ယူခွင့် ပြုတယ် ကိုယ်တော်တို့။ အဲ့ဒါ အရှင်ဘုရားတို့ရဲ့ ကုသိုလ် ကံပဲလို့ အောက်မေ့ပြီးတော့ ဝမ်းမြောက်ကြ။

တပည့်တော် ဦးဇင်းတို့ပေးဖို့ ဩဝါဒ ...

ညီညီညွတ်ညွတ် နေကြပါ။

စိတ်ဝမ်းမကွဲကြပါနဲ့။

မေတ္တာ-ကရုဏာ-မုဒိတာ ဗြဟ္မစိုရ်တရား ပွားများကြပါလို့ အတိုချုပ် တပည့်တော် ဩဝါဒ ပေးပြီးပါပြီ။ ။

ဦးဇင်းတို့ ဝါဆိုစည်းကလည်းပဲ အရှေ့ဘက်မှာ တံတိုင်းရှိပြီး၊ တောင်ဘက်ကလည်း တံတိုင်း၊ အနောက်ဘက်ကလည်း တံတိုင်းအပြည့်ရှိပြီးတော့၊ မြောက်ဘက်ကတော့ မင်းတေဇကုန်းရဲ့ မြောက်ဘက်စည်းရိုးဟာ တို့ရဲ့ တိပိဋက=နိကာယကျောင်းရဲ့ ဥပစာပဲလို့။ ဤအတွင်းဟာ ဒီကျောင်းပဲလို့ အောက်မေ့ပြီးတော့ "ဣမသ္မိံ ဝိဟာရေ ဣမံ တေ မာသံ ဝဿံ ဥပေမိ" ဝါကပ်တယ် ဆိုတာ အဓိဋ္ဌာန်တာပါပဲ။ ဤကျောင်း၌ ဤဝါတွင်း ၃ လပတ်လုံး ဝါကပ်ပါအံ့။ နေထိုင်ပါအံ့- ဆိုတဲ့ နှလုံးသွင်းနဲ့ ဦးဇင်းတို့ ဝါကပ်ပါ-ဝါဆိုပါ။

သာဓု ... သာဓု ... သာဓု။

http://www.dhammadownload.com



မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ တိပိဋက=နိကာယကျောင်းတိုက်ကြီးအတွင်း၌
ဝါဆိုဝါကပ်တော်မူကြမည့် တိပိဋက=နိကာယအလျာ သံဃာတော်အရှင်မြတ်တို့အား
ကျေးဇူးရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး

## ချီးမြှင့်အပ်သော ဩဝါဒကထာ

သမ္မာအာဇီဝမဂ္ဂင်တည်းဟူသော သီလက္ခန္ဓကျေးဇူး၊ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိ မဂ္ဂင်တည်းဟူသော သမာဓိက္ခန္ဓကျေးဇူး၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပမဂ္ဂင်တည်းဟူသော ပညာက္ခန္ဓ ကျေးဇူး၊ တဒင်္ဂဝိမုတ္တိ ဝိက္ခမ္ဘနဝိမုတ္တိ သမုစ္ဆေဒဝိမုတ္တိ ပဋိပ္ပဿဒ္ဓိဝိမုတ္တိ နိဿရဏဝိမုတ္တိ တည်းဟူသော ဝိမုတ္တိက္ခန္ဓကျေးဇူး၊ ပစ္စဝေက္ခဏာဉာဏ် ၁၉ တန် တည်းဟူသော ဝိမုတ္တိဉာဏဒဿန ဂုဏ် ကျေးဇူးတို့ကြောင့် အထူးသဖြင့် မြတ်နိုးခြင်း ရှိခိုးခြင်း ပူဇော်ခြင်း အရိုအသေပြုခြင်းငှာထိုက်သော ဘုရား တရား သံဃာ ရတနာမြတ်သုံးပါးတို့ကို သဒ္ဓါကြည်ညို ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမျှော်မာန်လျှော့ ကန်တော့ရသော ပဏာမကောင်းမှုကုသိုလ်ကံ စေတနာတို့ကြောင့် ပစ္စက္ခဘဝ ယနေ့မှစ၍ နိဗ္ဗာန်မျက်မှောက်ပြုရသော အရိယမဂ် စိတ္တက္ခဏ ကာလတိုင်အောင် အပါယ်လေးပါး ကပ်သုံးပါး ရပ်ပြစ်ရှစ်ပါး ရန်သူမျိုးငါးပါး ဝိပတ္တိတရားလေးပါး ဗျသနတရား ငါးပါး တည်းဟူသော အနိဋ္ဌဘေးဒဏ် ရန်မာန်ခပ်သိမ်း ဘဝတိုင်း ကင်းလွတ်ငြိမ်းကြ၍ သီလ သိက္ခာ သီလသာသနာ, သမာဓိသိက္ခာ သမာဓိသာသနာ, ပညာသိက္ခာ ပညာသာသနာ တည်းဟူ သော သုံးပါးသိက္ခာ သာသနာ-သုံးရပ် ပဋိပတ်ကို အရဟတ္တမဂ် အရဟတ္တဖိုလ်ပေါက် ကျင့် ဆောက်ကျိုးကုတ် အားထုတ်တော်မူနိုင်ကြသည် ဖြစ်ပါစေကုန်သတည်း။

မိုးမိတ်ကုန်းမြေ တိပိဋက=နိကာယကျောင်း၌ ဝါဆိုဝါကပ်တော်မူကြမယ့် တိပိဋက=နိကာယ အလျာ သံဃာတော်အရှင်မြတ်တို့။ တိပိဋက=နိကာယကျောင်းတိုက်ရဲ့ ဝါဆိုစည်းစာရင်း ဝါဆို စည်းကမ်းကို သတ်မှတ်ရင် အရှေ့ဘက်ကလည်းပဲ တံတိုင်းရှိနေတယ်-တံတိုင်းအထိ။ တောင် ဘက်ကလည်းပဲ တံတိုင်းရှိပါတယ်-တံတိုင်းအထိ။ အနောက်ဘက်ကလည်းပဲ တံတိုင်းရှိပါတယ်- တံတိုင်းအထိ။ မြောက်ဘက်ကတော့-ဓမ္မစေတီတော် မင်းတေဇတောင်ရဲ့ မြောက်ဘက်မှာ တပည့် တော်တို့ တိပိဋက=နိကာယအဖွဲ့က ထိန်းသိမ်းထားတဲ့ စည်းရိုးတန်း အရှေ့အနောက် ရှိပါတယ်။ ဆိုကြပါစို့ သမင်ခြံဇရပ်ကလေး အဝင်အပါ အဲဒီဇရပ်ကလေးရဲ့ မြောက်ဘက်က စပြီးတော့နေတဲ့ စည်းရိုးတန်းအထိ ...။ ဒါသည် ငါတို့ရဲ့ မိုးမိတ်ကုန်းမြေ၊ ငါတို့ရဲ့ ဝါဆိုစည်းလို့ စိတ်ထဲက အောက်မေ့ပြီးတော့ ဣမသ္မိံဝိဟာရေ ... ဆိုတဲ့အခါ အရှေ့, အနောက်, တောင် တံတိုင်းသုံးထပ်နှင့် မြောက်ကစည်းရိုးရဲ့အတွင်း ... ဒီအရပ်ကို အာရုံပြုပြီးတော့ "ဣမသ္မိံ ဝိဟာရေ ဣမံ တေ မာသံ ဝသံ ဥပေမိ" လို့ ဝါဆိုဝါကပ်ဖို့ ဖြစ်ပါတယ်။

http://www.dhammadownload.com



တပည့်တော်များ အရှင်ဘုရားတို့ ဝါဆိုဝါကပ်ခါနီး ဩဝါဒပေးပါလို့ ဆိုတဲ့အတိုင်း ဩဝါဒပေးလိုပါတယ်။ မိမိကိုယ်ကို မိမိစစ်ကြည့်ရင် မိမိသည် ကနေ့ ပရိယတ္တိ သာသနာ့ဝန်ကို ထမ်းဆောင်နေဆဲ ရှိပါတယ်။ ဒီပရိယတ္တိသာသနာဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်တဲ့ ကိစ္စမှာ–စာကျက် စာအံ စာကြံ စာကြည့်ဆိုတဲ့ ကိစ္စလေးပါးသည် ပရိယတ္တိအလုပ် ဖြစ်ပါတယ်။ စာကျက် စာအံ စာကြံ ပရိယတ္တိအလုပ် – အဲဒီအထဲမှာ ဘဏ္ဍာဂါရိက ပရိယတ္တိဆိုတာ တပည့်တော်တို့ အရှင်ဘုရားတို့နဲ့ မဆိုင်ဘူး။ ရဟန္တာပုဂ္ဂိုလ်များ အရှင်ဥပါလိတို့ အရှင်အနုရုဒ္ဓါတို့ အရှင်မဟာကဿပတို့ စာပေလေ့လာတာဟာ ဘဏ္ဍာဂါရိက ပရိယတ္တိ ဖြစ်ပါတယ်။ ဘာလဲဆိုတော့ ... တိုင်းပြည်ရဲ့ ဘဏ္ဍာမပျောက်မပျက်ရဲ ဘဏ္ဍာရေးဝန်ကြီး ထိန်းသိမ်းသလို ... ဘဏ္ဍာရေးဝန်ကြီး ထိန်းသိမ်းတဲ့ နိုင်ငံတော်ရဲ့ဘဏ္ဍာဟာ သူတို့ဖို့မဟုတ်ပါဘူး။ အဆက်ဆက်နိုင်ငံတော်ရဲ့မင်းများ တိုင်းပြည်အတွက် အဆက်ဆက်သုံးဖို့ မပျောက်မပျက်အောင် ထိန်းသိမ်းသလို အရှင်မဟာကဿပ အရှင်ဥပါလိ သံဂါယနာတင်ပြီးတဲ့အခါ အရှင်အာနန္ဒာ အရှင်အနုရုဒ္ဓါ အစရှိတဲ့ ရဟန္တာအရှင်မြတ်တွေ ထိန်းသိမ်းတဲ့ စာကျက် စာအံ စာကြံ စာကြည့် ပရိယတ္တိအလုပ်သည် သူတို့သုံးဖို့ မဟုတ်ပါဘူး။ အဆက်ဆက် သာသနာ (၂၅၀၀–၅၀၀၀) တိုင်အောင် မပျောက်မပျက်အောင် ပရိယတ္တိတရားရတနာတွေကို ထိန်းသိမ်းသော အနေနဲ့ စာသင်ခြင်းဖြစ်လို့ ဘဏ္ဍာဂါရိကပရိယတ္တိ= ဘဏ္ဍာရေးဝန်ကြီး၏ တိုင်းပြည်ဥစ္စာကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနဲ့တူသော စာသင်နည်းမျိုးပဲ။ ဒါကတော့ မိမိတို့နဲ့မဆိုင်ဘူးနော်။

တပည့်တော်တို့ ပုထုဇဉ်တွေနဲ့ဆိုင်တဲ့ စာသင်နည်းက ၂ နည်းပါ။ နှစ်နည်းတွင် အလဂဒ္ဒူပမာပရိယတ္တိ–ဒါက ရှောင်ရမှာကို အရင်ပြောရတယ်။ မြတ်စွာဘုရားကလည်းပဲ သူ့ကို အရင် ဟောတယ်။ အလဂဒ္ဒူပမပရိယတ္တိ=မြွေဖမ်းမလိမ်မာသော သူရဲမြွေဖမ်းခြင်းနှင့် ဥပမာတူသော ပရိယတ္တိ။ မြွေဖမ်းမလိမ်မာသူရဲ့ မြွေဖမ်းခြင်းကို ပြောစမ်းပါဆိုတော့ ... မြွေဖမ်းမလိမ်မာတော့ မြွေကို အမြီးကသော်လည်း သွားဆွဲတယ်။ ဒါမှမဟုတ် ခါးသော်လည်း သွားဆွဲတယ်။ အဲဒီလိုဆွဲတော့ အဖမ်းမလိမ်မာတော့ မြွေကပြန်ပြီး ပေါက်တဲ့အတွက် ထိုသူသည် သေသော်လည်းသေမယ်၊ မသေသော်လည်း မလှမပ ဒီလို ဒုက္ခရောက်မယ်။

အဲဒါနဲ့အလားတူ စာသင်တဲ့နေရာမှာလည်းပဲ သင်ပုံနေရာမကျ နှလုံးသွင်းပုံ နေရာမကျ ဆိုကြပါစို့။ လာဘ်လာဘ ပေါများအောင် ပစ္စည်းလေးပါး ပြည့်စုံအောင် ထင်ပေါ်ကျော်ကြားအောင်ဆိုတဲ့ ဒီလိုရည်ရွယ်ချက်နဲ့ စာကျက် စာအံ စာကြည့်ဆိုတဲ့ ဒီလို ပရိယတ္တိမျိုးကတော့ အလဂဒ္ဒူပမပရိယတ္တိ မြွေဖမ်းမလိမ်မာသူရဲ့ မြွေဖမ်းခြင်းနှင့် ဥပမာတူသော စာသင်နည်းမျိုး ဖြစ်ပါတယ်။ ဒီလို စာသင်တဲ့အတွက် မိမိတတ်သိလာတဲ့အခါ အင်မတန်ရိုးသားဖြောင့်မတ်တဲ့ သီလဝန္တပုထုဇဉ်အရှင်မြတ်ကြီးတွေ၊ ဒါတွေကို အထင်သေး အမြင်သေးဖြစ်ပြီးတော့ သူတို့ကို ဘာမှ ဒါကြီးတွေသိတာမဟုတ်ဘူး–ဘာညာ–အဲဒီလိုစိတ်ဟာ ဖြစ်သွားရင် ဒီစာသင်နည်းမျိုးကို အလဂဒ္ဒူပမ

http://www.dhammadownload.com



ပရိယတ္တိ=မြွေဖမ်းခြင်းနှင့် ဥပမာတူတဲ့ စာသင်နည်းလို့ ဖြစ်ပါတယ်။ ဒါကို ရှောင်ရမယ်။

ဒီအလဂဒ္ဒူပမပရိယတ္တိကို တချို့နေရာကျတော့ အလဂ္ဂဒ္ဒူပမလို့ အဲဒီလို သုံးတယ်။ ရဟန်းတော် နယ်ပယ်တွင် မဟုတ်ဘူး၊ လူတွေရဲ့ စကားဝိုင်းနယ်ပယ်မှာတောင် အလဂ္ဂဒ္ဒူပ အလဂ္ဂဒ္ဒူပနဲ့ သုံးတာ ကြားရတာ တွေ့ရတယ်။ တပည့်တော် ပဲခူးတိုင်း ကဝမြို့နယ်ထဲက အသင်းနဲ့ အဲ့ဒီရွာတွေ တပည့်တော် ဟိုဆွမ်းဆန်တော်အတွက် တရားဟောသွားတော့ ဒကာကြီးတွေ ပြောကြတယ်။ သူတို့ချင်း ဘာပြောလဲဆိုတော့ လူတစ်ယောက်က ပြောပုံ အဆင်မပြေတော့ တကတည်း ဒကာကြီး တစ်ယောက်က ဘာပြောလဲ "မင်းပြောတာကွာ အလဂ္ဂဒ္ဒူပ ကျလိုက်လေ"တဲ့။ ဒကာကြီးက ပြောတယ်။ အလဂ္ဂဒ္ဒူပ ကျလိုက်လေတဲ့။ တပည့်တော်က ဒကာကြီးပြောတာကို သူပြောတဲ့ စကား သူအဓိပ္ပာယ် သိအောင်တော့ ငါပြောပေးဦးမှပဲ – "ဒကာကြီး အလဂ္ဂဒ္ဒူပဆိုတာ ဘာတုန်းဗျ၊ ပြောစမ်းပါ"။ မသိဘူးကိုယ်တော်တဲ့။ ဒီလို ဟန်မကျ ပန်မကျ ကိုးလိုးကန့်လန့် ပြောတတ်တဲ့လူကို ရှေးကလူကြီးတွေဟာ မင်းဟာ အလဂ္ဂဒ္ဒူပ ကျတယ်လို့ ပြောကြလို့ တပည့်တော်လဲ ပြောတာပဲတဲ့။ အဲ့ဒီမှာ တပည့်တော်က အလဂ္ဂဒ္ဒူပမပရိယတ္တိ အကြောင်းကို အဲဒီဒကာကြီးကို ပြောရတယ်။ ဒါက တပည့်တော်တို့ အရှင်ဘုရားတို့ ရှောင်ရမယ့်လမ်း၊ ရှောင်ရမယ့် စာသင်နည်း။

နိဿရဏတ္ထပရိယတ္တိ=သံသရာဝဋ်မှ ကျွတ်လွတ်ခြင်း အကျိုးရသော စာသင်နည်းမျိုး၊ အရှင် ဘုရားတို့ အခုဟာက ပရိယတ္တိကို ဦးတည်ပြီးတော့နေတဲ့အတွက် မိမိတို့ရဲ့ ပရိယတ္တိသည် သံသရာ ဝဋ်မှ ကျွတ်လွတ်ခြင်းအကျိုးရတဲ့ စာကျက် စာအံ စာကြံ စာကြည့် ဖြစ်ပါစေ။ ဘာပြုလို့တုန်းဆို တော့ မိမိတို့ ကျက်၊ အံ၊ ကြံ၊ ကြည့်တာ မြတ်စွာဘုရားရဲ့ စကားတော်တွေကို ကျက်တဲ့ အံတဲ့ ကြံတဲ့ ကြည့်တဲ့အခါမှာ ကိုယ့်စိတ်ထဲက တစ်ခုနှလုံးသွင်းထားပါ။ စာထဲမှာ သီလဟောတဲ့နေရာ ဆိုရင် ဒီသီလမျိုး ငါ့သန္တာန်မှာ ဖြစ်အောင်ကြိုးစားမယ်။ စာထဲက သမာဓိဟောတာ စာထဲကလာရင် ဒီစာထဲ ကလာတဲ့သမာဓိ ငါ့သန္တာန်မှာ ဖြစ်အောင်ကြိုးစားမယ်။ စာက ပညာဟောတဲ့အပိုင်းရောက် ရင် ထိုစာထဲကလာတဲ့ ပညာမျိုး ငါ့သန္တာန်မှာ ရောက်အောင်ကြိုးစားမယ်ဆိုတဲ့ အဲဒီရည်ရွယ်ချက် သုံးခုနဲ့ စာကျက် စာအံ စာကြည့်ရင် ဒီပရိယတ္တိကို နိဿရဏတ္ထပရိယတ္တိ သံသရာဝဋ်မှ ကျွတ်လွတ် ခြင်း အကျိုးရတဲ့ စာကျက် စာအံ စာကြည့် ပရိယတ္တိ ဖြစ်ပါတယ်။ ဘုရားချီးမွမ်းအပ်သော ပရိယတ္တိ ဖြစ်ပါတယ်။

ဒါကြောင့် မိမိတို့ရဲ့ စာကျက် စာအံ စာကြည့်ဆိုတဲ့ ပရိယတ္တိ လုပ်ငန်းဟာ သံသရာဝဋ်မှ ကျွတ်လွတ်ခြင်းအကျိုးရတဲ့ နိဿရဏတ္ထပရိယတ္တိ ဖြစ်အောင် အရှင်တို့ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း သတိပြုပြီးတော့ ကျက်ကြပါ။ ဘာပြုလို့တုန်းဆိုတော့ နိဿရဏတ္ထ ပရိယတ္တိ မဟုတ်ရင် ပုထုဇဉ်တို့ ရဲ့ ပရိယတ္တိသည် အလဂ္ဂဒ္ဒူပမ ပရိယတ္တိ ဖြစ်တတ်တယ်။ အဲဒီလို မဖြစ်အောင် အရှင်ဘုရားတို့ သတိပြုပြီးတော့ စာထဲကလာတဲ့ သီလ သမာဓိ ပညာ၊ ငါ့ကိုယ်မှာ ရောက်စေမဟဲ့။ အဲဒီ ရည်ရွယ် ချက်နဲ့ စာပေကို ကျက်ပါ အံပါ ကြံပါ ကြည့်ပါ။ စာပေကို ကျက်တဲ့ အံတဲ့ ကြည့်တဲ့

http://www.dhammadownload.com



နေရာမှာလည်းပဲ မပင်ပန်းဘဲနဲ့ ဒီအဆင်ပြေအောင် ကျက်ပုံ အံ့ပုံ ကြံပုံ ကြည့်ပုံကို တပည့်တော် ပြောလိုတယ်။

တပည့်တော် တိပိဋကစာမေးပွဲဝင်ခဲ့တဲ့ ရက်ပိုင်း လပိုင်း နှစ်ပိုင်းမှာ သုတ္တန်တစ်ခု ကျက်တော့ မယ်ဆိုရင် ချက်ချင်းမကျက်သေးဘူး။ ပထမ ကြည့်တယ်။ ဒီသုတ္တန်တစ်ခုကို ကြည့်လိုက်တယ်။ ပထမ နိဒါန်းပါတယ်၊ နိဒါန်းပြီးရင် ဘာပါတယ်၊ အဲဒါပြီးရင် အနုသန္ဓေ ဘယ်နှစ်ချက်ပါတယ်၊ ပြီးတော့ နိဂုံးဘယ်လိုဆိုတာ ပထမ ဒီသုတ္တန်တစ်ခုကို လျှောက်ပြီးတော့မှ အပိုင်းပိုင်း ဉာဏ်ထဲမှာ ခွဲကြည့်တယ်။ ဥပမာ နာရီပြင်ချင်တော့ နာရီရဲ့ အစိတ်အပိုင်းတစ်ခုစီ တစ်ခုစီ ဝေဖန်ကြည့်သလို ဒီသုတ္တန်ရဲ့ အစိတ်အပိုင်းတစ်ခုစီ တစ်ခုစီ အစဉ်အတိုင်း နှုတ်ကမြွက်ပြီး မကျက်သေးဘဲနဲ့ ဉာဏ်နဲ့ သွားပြီးတော့ ဖြုတ်ကြည့်တာပဲ။ အဲဒီလို ဖြုတ်ကြည့်တော့ ဟိုနာရီ ဖြုတ်ထားသလိုပေါ့။ အဲဒီလို ဖြုတ်ပြီးဆိုတော့မှ တစ်ပိုင်းစီတစ်ပိုင်းစီ တစ်ပိုင်းကို ကျက်ပြီးတော့မှ နောက်တစ်ပိုင်းကို တိုးတက် ကျက်။ နောက်တစ်ပိုင်းရပြီးမှ နောက်တစ်ပိုင်းကို တိုးတက်ကျက်။ အဲဒီလိုကျက်လိုက်တော့ ရလွယ် တယ်။ သုတ္တန်တစ်ခု လွယ်လွယ်နဲ့ရလွယ်တယ်။ အချို့သုတ္တန် ခက်တော့ မာတိကာသဘောများရင် လင်္ကာလေးပေမယ်လို့ အချုပ်ရေးပြီးတော့ မှတ်ပြီးမှ ကျက်ပါ။

အဲဒီလို ကျက်လို့ရှိရင် ဒီပထမ မိမိစာအုပ်ထဲကို ကြည့်ပြီးတော့ မာတိကာတစ်ခုတစ်ခု အစိတ် အပိုင်း တစ်ခုပြီးမှတစ်ခု တစ်ခုပြီးမှတစ်ခု အဲဒီလို ကျက်သွားပြီးပြီလို့ဆိုရင် သုတ္တန်ကုန်သည်နှင့် တပြိုင်နက် ငါးခေါက်လောက် ရွတ်ကြည့်ပါ။ ငါးခေါက်လောက် ရွတ်ကြည့်ပြီးတော့ မိမိရပြီဆိုမှ မိမိရဲ့သီတင်းသုံးဖော် အရင်းမြတ်ကို ကိုင်စမ်းပါ၊ တပည့်တော် ပြန်ပါရစေ ပြန်ပါရစေ ဆိုပြီးတော့ ကိုယ့်ဉာဏ်နဲ့ကိုယ် ပြန်လိုက်ရင် ဒါအလွယ်တကူ သုတ္တန်တစ်ခု လျှာပေါ်မှာရောက်လာတယ်။ သို့သော် တစ်ခု သတိပြုဖို့က မိမိကျက်တဲ့၊ အံ့တဲ့၊ ကြံတဲ့၊ ကြည့်တဲ့စာကို တစ်ဘက်သား မိမိနှင့် အတူတကွ လေ့လာတဲ့ အရင်းမြတ်ကို အကြည့်ခိုင်း။ အကြည့်ခိုင်းပြီးမှပြန်။ ဘာပြုလို့တုန်းဆိုတော့ ပုထုဇဉ်ဂတိအတိုင်း ကိုယ့်ဘာသာကိုယ် ပြန်လို့ရှိရင် ဟုတ်နေတာပဲ။ ကိုယ်တော်တို့ တပည့်တော် ကစ္စည်းသဒ္ဒါကြီး ကျက်တော့ နာမ်ပထမပိုင်းသုတ်က မကုန်သေးဘူး။ ဘယ်နေရာမှာ လွဲသွားတယ် မသိဘူး။ ဟို ဒုတိယပိုင်းရောက်ပြီးတော့ နောက်ဆုံး ဣတိနာမကပ္ပေ ဒုတိယော ကဏ္ဍောကျမှ ငါ-ပထမော ကဏ္ဍော ဘယ်နေရာ ရောက်ခဲ့ပါလိမ့် အဲဒီလို ဖြစ်တတ်တယ်။ ကိုယ့်ဟာနဲ့ကိုယ်တော့ ဟုတ်နေတတ်တယ်နော်။

အဲဒါကြောင့် ဒီအတူတကွ လေ့လာဘက် ကိုယ်တော်နဲ့ အရင်ဘုရား ကြည့်စမ်းပါ။ တပည့် တော် မှားရင် ထောက်ပါ။ ပြောပါ။ အဲဒီလို ပြောပြီးတော့ ကျက်ပါ။ မပင်ပန်းဘဲနဲ့ ထိုထိုသုတ္တန် တစ်ခုရမယ်။ အဲဒီလို ကျက်ပြီးပြီ၊ ပမာပုံ နာရီဝက်ကျက်။ နာရီဝက် သုတ္တန်တစ်ခုကျက်၊ ပြီးပြီ ဆိုရင် နောက်တစ်နာရီဝက် ဒီသုတ္တန်ရဲ့ အဖွင့်အဋ္ဌကထာ ဋီကာကို ကြည့်ပါ။ ကြည့်ပြီးတော့ ...

ဒီအဋ္ဌကထာ ဋီကာထဲက နုတ်ထုတ်သင့်သော အချက်အလက်များ ပါလာရင် ကြည့်ရင်းက

http://www.dhammadownload.com



နေပြီးတော့ ဘေးမှာနုတ်ထုတ်ပါ။ အေး ... တစ်နာရီမတ်တင်းလောက် စာကြည့်လိုက်ခြင်းသည် မိမိအဖို့ နားတာပဲ၊ နားပြီးတော့ နောက်တစ်ခါ စာကျက်ပါ။ အဲဒီလို နောက်တစ်ခါစာကို နာရီဝက်လောက် ... အေး အဲဒီလို ကျက်ပြီးတော့ နာရီသုံးမတ်လောက် အဋ္ဌကထာ ဋီကာကိုကြည့်ပြီးတော့ နုတ်ထုတ်သင့်တာကို ထုတ်ပြီးတော့ လေ့လာလို့ရှိရင်၊ အရှင်ဘုရားတို့ ဒီ ...ဒီသုတ္တန်တွေဟာ ဝိနည်းရော အဘိဓမ္မာရောပါပဲ၊ ဒီအလွယ်တကူရမယ်။ အဲဒီလို လေ့လာရင်း အပိုင်းသုံးပိုင်း တပည့်တော်တော့ ဒီတိပိဋကကျက်တုန်းက တွေ့ရတဲ့ အပိုင်းသုံးပိုင်း တွေ့တယ် ကိုယ်တော်တို့။

ဘယ်လိုလဲဆိုတော့ ပထမအပိုင်းဟာ သညာက အုပ်စိုးတဲ့အပိုင်း။ သုတ္တန်တစ်ခု။ ဥပမာ ဝိဘင်းဆိုပါစို့ရဲ့။ ဝိဘင်းတစ်ခု ပြန်တယ်ဆိုလို့ရှိရင် ပထမ သညာပိုင်း၊ သညာကြီးစိုးတဲ့အပိုင်းမှာ မျက်စိမှိတ်ပြီး စဉ်းစားလိုက်ရင် ငါယခုပြန်တဲ့စာဟာ လက်ယာဘက်က မျက်နှာမှာရှိတယ်။ လက်ဝဲဘက်က မျက်နှာမှာ ရှိတယ်။ အထက်ပိုင်းမှာ အလယ်ပိုင်းမှာ အောက်ပိုင်းမှာ အဲဒီလို ဒီသညာနဲ့ သွားပြီးတော့ နေသေးတယ်ဘုရား။

အဲဒီ သညာနဲ့သွားလို့ တော်တော် သညာသိနယ်ပယ် ဆုံးသွားတဲ့အခါကျတော့ ဝိညာဉ်သိအနေနဲ့ ခုနင်ကလို စာမျက်နှာကို အဓိက ဟိုအာရမ္မဏာဓိပတိ မတပ်တော့ဘဲနဲ့ သဘောကို ဉာဏ်နဲ့စဉ်းစားတဲ့ စိတ်တွေ ပါလာတယ်။ ပထမပိုင်းမှာ စိတ်နဲ့ကြံစည်တဲ့အပိုင်း ဝိညာဉ်သိပေါ့၊ အဲဒီလို ဝိညာဉ်သိ သိပြီးတဲ့နောက် ပညာသိပိုင်းကြတော့ ပိုပြီးတော့ စာမျက်နှာတွေ ပျောက်သွားတယ်။ အကြောင်းဝတ္ထုကိုပဲ စိတ်ထဲက အာရုံပြုပြီးတော့ သူနဲ့ထိုက်တန်တဲ့ ပါဠိသဘာဝနိရုတ္တိကို အံ့ပါများတော့ ပညာနဲ့ လေ့လာတဲ့အခါကျတော့ ပညာနဲ့ပြန်လာတဲ့အခါကျတော့ မိမိတစ်မျိုးပဲ ဖြစ်တယ်နော်။ ဥပမာဆိုကြပါစို့၊ အကြောင်းအရာဝတ္ထုတစ်ခု ...

တေန ခေါ ပန သမယေန အာယသ္မာ အာနန္ဒော အတိရေကစီဝရံ ဥပ္ပန္နံ ဟောတိ၊ ဒါတစ်ပိုဒ်။

အာယသ္မာ စ အာနန္ဒော တံ စီဝရံ အာယသ္မတော သာရိပုတ္တဿ ဒါတုကာမော ဟောတိ၊ တစ်ပိုဒ်။

အာယသ္မာ စ သာရိပုတ္တော သာကေတေ ဝိဟရတိ–ဒါအကြောင်းဝတ္ထုကို ခင်းလိုက်တာနော်။ ဝတ္ထုကိုခင်းတဲ့ သံဂါယနာတင် မထေရ်မြတ်တို့ရဲ့စကား။ အဲဒီနောက်မှ ...

အထခေါ အာယသ္မတော အာနန္ဒဿ ဧတဒဟောသိ၊ ခုနင်တုန်းက ခင်းလိုက်တာ အကြောင်းဝတ္ထုခင်းပြီးတော့ အခု အရှင်အာနန္ဒာက အကြံဖြစ်တဲ့အကြောင်း ပြောတော့မယ်။ ပြောတော့ ရှင်အာနန္ဒာ စိတ်ထဲဖြစ်တော့ ဒီခုနင်က အကြောင်းအရာသုံးခု၊ အရှင်အာနန္ဒာက မိမိအတွက်ဆိုတော့ ဣဒံ ခေါ မေ အတိရေကစီဝရံ ဥပ္ပန္နံ – ဟောတိ မပါဘူး။ ရှင်အာနန္ဒာကိုယ်တိုင် စဉ်းစားတာနော်။ အာယသ္မတော အာနန္ဒဿ အတိရေက စီဝရံ ဥပ္ပန္နံဟောတိ ဆိုတာက သံဂါယနာတင် မထေရ်တွေက အနုသန္ဓိ စကားဆက်အတွက် ထည့်ပေးတာ။ ရှင်အာနန္ဒာကိုယ်တိုင် ဆင်ခြင်တော့ ဟောတိ

http://www.dhammadownload.com



မပါဘူး၊ ကြံဒံ ခေါ် မေ အတိရေကစိဝရံ ဉပ္ပန္နံ – ပြီးတော့ အဟာဠိမံ စိဝရံ အာယသ္မတော သာရိပုတ္တဿ ဒါတုကာမောတဲ့၊ အမှိတောင် မပါဘူးနော်။ မိမိကိုယ်တိုင်ကျတော့ အဲဒီ ဒီကြိယာတွေဟာ ပျောက်သွားတယ်။

အာယသ္မာစ သာရိပုတ္တော သာကေတေ ဝိဟရတိ – ဒါကတော့ ရှိတဲ့အတိုင်း ကြံစည်ပြီးတော့၊ ကထံ နုခေါ မယာ ပဋိပဇ္ဇိတဗ္ဗံ။

ဟောဒီလို ဒီဝါကျမှာ သံဂါယနာတင် မထေရ်မြတ်တွေ စကားအနုသန္ဓေ ဆက်စပ်တုန်းက ဟောတိ ပါပေမယ့် ကာယကံရှင် အရှင်အာနန္ဒာကိုယ်တိုင် စိတ်ထဲကြံတော့ ဒီ 'ဟောတိ'မပါတာဟာ သဘာဝ နိရုတ္တိအရ အဲဒီဉာဏ်ရှိလာတော့ ဘာဖြစ်သလဲဆိုတော့ စာထဲက ဟောတိကို ဘာတို့ လွဲပြီးတော့ ရှိစေကာမူ မိမိအနေနဲ့ အဲဒီဟာ မပါတော့ဘူး။ အဓိပ္ပာယ်သိပြီးတော့ စာကိုပြန်လာတဲ့ အခါကျတော့ ဒါပညာသိနဲ့သိပြီး ပြန်လာတာ တပည့်တော်လက်တွေ့။ ဝိနည်းမဟာဝါနော်၊ ကောသမ္ဗကက္ခန္ဓကမှာ ဒီအတိုင်း ဝတ္ထုတစ်ကြောင်း၊ ဝတ္ထုတစ်ကြောင်းမှာ တပည့်တော်ရဲ့ စာထောက် စာမလုပ်တဲ့ ကိုယ်တော်က ... တပည့်တော်က စာကျက်တုန်းက ကတည်းကိုက စာထောက်စာမနဲ့ ဦးကောဏ္ဍညကို "ဦးဇင်း တပည့်တော် တိပိဋကပြီးမှ ဦးဇင်းဓမ္မာစရိယကို ဝင်ပါ၊ မပြီးခင် ဦးဇင်း တပည့်တော်ရဲ့ စာထောက်စာမ လုပ်ပါ"။

တပည့်တော် စာကျက်ကတည်းကိုက စာထောက်စာမ ကိုယ်တော်နဲ့ ကျက်တာ။ အဲဒီလို ကျက်တော့ အစုပြောသလိုပဲ ပထမပိုင်းသညာ၊ ဒုတိယပိုင်းဝိညာဉ်၊ တတိယပိုင်းပညာနဲ့ ပြန်တဲ့ အပိုင်းတွေ ရောက်လာတော့ ဒီဝိနည်းမဟာဝါ–ကောသမ္ဗကက္ခန္ဓကဝတ္ထုပေါ့လေ။ အဲဒီဝတ္ထုမှာ တပည့်တော်က ဟောတိ မပါဘူး။ ဒါတပည့်တော် ဟောတိမပါတာက သဘာဝနိရုတ္တိ အသိဉာဏ်နဲ့ ပြန်တော့ ဟောတိ မပါဘူး။ မပါတော့ ဦးကောဏ္ဍညက ဦးဇင်းမဟုတ်သေးဘူး ပြန်ဦး။ တစ်ခါ ပြန်တယ် မဟုတ်သေးဘူး။ သုံးခါလောက်ပြန်တော့လည်း မဟုတ်သေးဘူးတဲ့။ ဒီတော့မှ ဦးဇင်း တပည့်တော်ကို အားမနာပါနဲ့ ပြောစမ်းပါ။ ဟောဒီထဲမှာ ဟောတိ ပါတယ်။ စာအုပ်ထဲမှာ ဦးဇင်း ပြန်တဲ့အထဲ ဟောတိ မပါဘူး။ အဲဒီကျတော့မှ ဟောတိ စာအုပ်ထဲမှာ မှားပြီးပါတာကို တပည့်တော် သိရတယ် ဘုရား။

ပထမသညာတို့ ဝိညာဉ်တို့တုန်းက ဒီ "ဟောတိ"ဟာ နှုတ်ဖျားမှာ ရှိနေတာပဲနော်။ အဲဒီ ပညာနဲ့ သိတဲ့အပိုင်း၊ သဘာဝနိရုတ္တိကို သိတဲ့အပိုင်းကျတော့ ဒီ"ဟောတိ" ပိုတာကို အဲဒီကျမှပဲ ကောင်းကောင်းကြီး သိရတယ်နော်။ ဆိုလိုတာက အရှင်ဘုရားတို့ စာပြန်ဖို့ရန်ကို ဝန်မလေးကြနဲ့။ တိုးတိုးဖြစ်ဖြစ်ပြန်။

တပည့်တော်တို့တော့ ဒီစာပြန်ပွဲ မဝင်ခင်ကတည်းကိုက တိပိဋကဝင်မယ်ဆိုတော့ တိပိဋက စာမေးပွဲ ကျင်းပတာကို သွားကြည့်တယ်။ သွားကြည့်တော့ တိပိဋကစာမေးပွဲမှာ စာပြန်ရတာဟာ တစ်နေ့လုံး မနက်နဲ့နေ့ နားတဲ့အချိန်တွေကို နုတ်လိုက်ရင် နာရီပေါင်း ငါးနာရီလောက် ပြန်ရတယ်။

http://www.dhammadownload.com



ငါးနာရီလောက် ပြန်ရတော့ တပည့်တော်က နေ့စဉ်ကျင့်တာက ၆ နာရီ၊ ၇ နာရီ။ နှုတ်ကပြန်တာက ၆ နာရီ၊ ၇ နာရီ။ အဲဒီလို နေ့စဉ်ကျင့်ထားတော့ ဟို တိပိဋကပြန်တဲ့အခါ ငါးနာရီကို အလွယ်တကူနဲ့ ပြန်နိုင်တယ်ဘုရား။ စာပြန်နေတုန်း မောတယ် မပတုတ်လား။ ဆက်ပြီး မပြန်နိုင်လို့ ဆိုတာတွေ မရှိဘူး။ ဘာပဲပြောပြော စာပဲပြန်ပြန် တရားပဲဟောဟော ပထမဦးဆုံး အကျယ်ကြီး မပြန်ရ၊ မဟောရဘူး။ ပထမဦးဆုံးက လေက သိပ်မြှင့်ထားရင် နာရီဝက်လောက်ကျပြီဆိုရင် အဲဒီလေ ပြတ်သွားတတ်တယ်။ အဲဒီလို ဖြစ်တတ်တော့ ပထမဦးဆုံး ဖြည်းဖြည်းနဲ့တိုးတိုးက စတည်ပြီး တော့ တော်တော်လေးကြာတော့ အသံဟာ သူ့ဘာသာသူ ပူပြီးတော့ ပြန်ကျယ်လာမယ်။ ဒါ ဦးဇင်းတို့ကို တပည့်တော် စာကျက်ပုံနမူနာကို ပြောပြပါတယ်။ ဒါသည် ဦးဇင်းတို့အား တပည့် တော်ပေးတဲ့ စာပေနဲ့ ပတ်သက်တဲ့ ဩဝါဒ ဖြစ်ပါတယ်။

ပစ္စည်းလေးပါးနဲ့ ပတ်သက်တဲ့ဩဝါဒ တပည့်တော်ပေးလိုတယ်။ တပည့်တော်သည် ပစ္စည်း လေးပါးကို နေ့စဉ်နေ့စဉ် အလှူခံနေရတယ်။ ဒီ အလွန်ကြီးကျယ်တဲ့ ပစ္စည်းလေးပါး အလှူခံရပုံ အနီးကပ်ဆုံး တပည့်တော်ပြောမယ်။ ပြီးခဲ့တဲ့ နယုန်လပြည့်နေ့က ရန်ကုန်မြို့ ကမ္ဘာအေးလိုဏ်ဂူမှာ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့ရတဲ့ မြင်းခြံကိုးဆောင်ဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ခုနစ်ပါး အဲဒီဘွဲ့တံဆိပ်ဆက်ကပ်တဲ့ပွဲမှာ ရန်ကုန်တိုင်းကောင်စီက အုပ်ချုပ်ပြီး နိုင်ငံတော် ဗဟိုသံဃာ ဝန်ဆောင်ဆရာတော် အပါး (၃၀၀) နှင့်တကွ ခုပြောတဲ့ နိုင်ငံတော် ဩဝါဒါစရိယဆရာတော်တွေပါ ဆွမ်းဆန်စိမ်းလောင်းတယ်။ ကြီးကျယ်လိုက်တာ ကိုယ်တော်တို့။ တပည့်တော်တို့ သွားရတာ လိုဏ်ဂူကြီးထဲကကို တော်တော်နဲ့ မထွက်နိုင်ဘူး။ ဘာပြုလို့တုန်းဆိုတော့ ဒီမှာ ဒကာ ဒကာမတွေ က တစ်ခါတည်း လှူလိုက်တာ လက်ဝဲလက်ယာ။ တစ်ခါလိုဏ်ဂူက ထွက်ပြန်တော့လည်း တောင် ဘက်ထွက်လို့ ကမ္ဘာ့အေးဘုရားရောက်၊ လက်ဝဲလက်ယာ တကတည်းအလှူတွေက ရန်ကုန်တိုင်း တစ်ခုလုံးဆိုတော့ မြို့နယ်တွေ အကုန်လုံး။ ပြီးတော့ ရန်ကုန်မြို့မှာရှိတဲ့ အစိုးရဌာနတွေအကုန်လုံးက လောင်းတဲ့ ဆွမ်းလောင်းပွဲ တကတည်း ဘယ်ရော ညာရော၊ တကတည်း လောင်းလိုက်တဲ့ မဏ္ဍပ် တွေ ဖိတ်ဖိတ်တောက်။ ကမ္ဘာအေးရောက်ခါ ကမ္ဘာအေးစေတီတော်ကို လက်ယာရစ်လှည့်ပြီးတော့ အရှေ့ဘက်က လှည့်ပြီး တောင်ဘက်၊ တောင်ဘက်ကအနောက်၊ အနောက်ဘက်ထိအောင် အဲဒီမှာ ဒီလက်ဝဲဘက်ကပေါ့လေ၊ ဘုရားဘက်ကမဟုတ်ဘဲနဲ့ အဲဒီလက်ဝဲဘက်ကမဏ္ဍပ်တွေ။ အနောက် ဘက် ရောက်ပြန်တော့လည်း အနောက်ဘက်က၊ အနောက်က ဆင်းပြန်တော့လည်း လက်ဝဲ လက်ယာက မဏ္ဍပ်တွေကိုပြည့်လို့၊ လောင်းလိုက်တာ။ အဲဒီကနေပြီးတော့ မြောက်ကိုသွားလိုက် တော့ တပည့်တော်တို့ ဇမ္ဗူဒီပကျောင်းနဲ့ ပုဗ္ဗဝိဒေဟကျောင်းနားရောက်အောင် လောင်းလိုက်တဲ့ လှူဖွယ်ဝတ္ထုတွေ၊ ဒကာ ဒကာမတွေကလည်း အပြည့်ပဲ။

စိတ်ထဲမှာ ဘာလုပ်ရသလဲဆိုတော့ ငါဒီအချိန် ခံစစ်ဆင်ရတာ။ သူတို့လှူတဲ့ပစ္စည်းကို ဒီအချိန် ခံစစ်ဆင်ရတာ။ လိမ်လိမ်မာမာ ခံစစ်ဆင်မှပဲ။ အရဏဝိဘင်္ဂသုတ် အဋ္ဌကထာမှာ ပါတယ်။ အရှင်

http://www.dhammadownload.com



သုဘူတိရဲ့ ခံစစ်ဆင်ပုံ။ ဒကာ–ဒကာမတို့ရဲ့ အလှူဒါနအကျိုးကြီးအောင် ခံစစ်ဆင်ပုံဟာ အရှင်ဘုဘူတိသည် မေတ္တာဘာဝနာကို ပွားတယ်။ အဲဒီလို ပွားပြီးမှ အလှူခံတယ်။ အဲဒီမှုအတိုင်း တပည့်တော်များ ဒီမျက်စိဖွင့်ပြီးတော့ ကြည့်လိုက်တယ်။ ဒကာမကြီးတွေတစ်စု၊ ဒကာကြီးတွေတစ်စု။ ဒကာမကြီးတွေ အပိုင်းကျတော့ ငါ့မိခင်ဟောင်း ညီမဟောင်းအပေါင်း ကိုယ်စိတ်ချမ်းသာစေ၊ ဥပါဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။ အဲဒီလို မေတ္တာပို့တယ်။ မေတ္တာပို့တာ ဒီဒကာမကြီးတွေအပေါ်မှာ အမိဟောင်း နှမဟောင်း အစ်မဟောင်းစိတ်ဟာ တစ်ခါတည်း ဖြစ်ပြီးတော့ ဂေဟဿိတနေဝ်၊ ဟို မေတ္တာတစ်မျိုးပေါ့။ လောဘမဖြစ်ဘူးဘုရား။ အဲဒီလိုဖြစ်သလိုပဲ ဒကာကြီးတွေဘက် ကြည့်လိုက်။ ငါ့ဖခင်ဟောင်း နောင်ညီဟောင်းအပေါင်း ကိုယ်စိတ်ချမ်းသာစေ။

ဒီလူတွေဟာ ငါရဲ့ဖခင်ဟောင်းတွေ၊ နောင်တော်ညီတော်အဟောင်းတွေပဲ ကိုယ်စိတ်နှစ်ပါး ချမ်းသာပါစေဆိုတော့ ကိုယ့်ဖခင်တွေလို ကိုယ်ရဲ့နောင်တော်တွေ ကိုယ်ရဲ့ညီတော်တွေလို အောက်မေ့တယ် ဘုရား။ အဲဒီလိုဖြစ်တော့ သူတို့ကိုလည်းပဲ ဒေါသတို့ လောဘတို့ မဖြစ်ဘူး။ မေတ္တာဖြစ်ရတယ်။ အဲဒီမေတ္တာနဲ့ ခံစစ်ဆင်ပြီးတော့ သူတို့လောင်းတာကို ခံသွားပြီးတဲ့အခါကျတော့ နည်းတာ မဟုတ်ဘူးဘုရား။ လှူလိုက်ကြတာ တကတည်း သူတစ်လှည့် ငါတစ်လှည့် သူက သုံးကျပ် ငါက ငါးကျပ် အများဆုံး တစ်ဆယ်ဆိုပြီးတော့ လှူလိုက်တဲ့ အလှူတွေကို ကျောင်းရောက်တော့ သူတို့အရေခိုင်းတယ်။ ၁၀၈၀၀/ (တစ်သောင်းနဲ့ရှစ်ရာ) ကျော်တယ်။ လှူရန်ပစ္စည်းတွေကတော့ မပြောနဲ့တော့။ တောင်တစ်လုံးလုံးအပြည့်၊ တောင်းပေါင်း ၁၀ လုံးလောက်ရှိမယ်။ စုံလို့စုံလို့။ ရေဗူးရော ခတ်ဗူးရော စုံလို့ပဲ။ တကတည်း သုံးဆင့်ချိုင့် လေးဆင့်ချိုင့် သကၤန်းစသည် တစ်ခါ မော်တော်ကားတစ်စီး တော်တော်အနင့် တိုက်ယူရတယ်။

တိုက်ပြီးပြီး။ ငါခံစစ်ကို ငါ အောင်အောင်မြင်မြင် ဆင်ပြီးပြီ။

ယခု သူတို့ကို ငါတိုက်စစ်ဆင်ရမယ်။ ဒီတော့ စိတ်ထဲ ဘယ်လိုအောက်မေ့တုန်းဆိုတော့ တပည့်တော်တို့ ဒီ–၁၃၄၀ ပြည့်နှစ်၊ တိပိဋက=နိကာယ သာသနာပြုအဖွဲ့က ဖွဲ့စည်းထားသော ရန်ကုန်မြို့၏ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကျောင်းတိုက်အတွက် မွန်ပြည်နယ်ကျောင်းဆောင်နှင့် ကရင်ပြည်နယ်ကျောင်းဆောင်ကို ဒီ ၁၃၄၈ ခု၊ နယုန်လဆန်း ၁၄ ရက်နေ့မှာ အုတ်မြစ်တက်တယ်။ ဟို မြေပန္နက်ကတော့ စောစောစီးစီးက ဆရာတော်တွေ မြေကြီးထဲ မဆင်းရအောင် စောစောစီးစီး မြေပန္နက်ချပြီးတော့ မြေကြီးထဲက တက်ပြီးတော့လာလို့ ကုန်းပေါ်မှာ မြေပေါ်မှာ နှစ်တောင်လောက်ရှိတော့မှ အုတ်ပန္နက်တင်တဲ့ပွဲ ကျင်းပတယ်။ ဒီလိုတင်တဲ့ ကျောင်းနှစ်ဆောင် အတွက် အုတ်ပန္နက်တင်တဲ့ပွဲမှာ ဘုန်းကြီးတို့ ဒီနိုင်ငံတော် ဩဝါဒါစရိယ၊ ပြီးတော့ နိုင်ငံတော် သံဃမဟာနာယကတွေ။ မွန်ပြည်နယ်နဲ့ ကရင်ပြည်နယ်က နိုင်ငံတော်ဩဝါဒါစရိယ၊ ပြီးတော့ နိုင်ငံတော်သံဃမဟာနာယက၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်မှာရှိတဲ့ သမုတိရသံဃာ့ ကိုယ်စားလှယ် ဆရာတော်တွေ၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်က ဆရာတော်တွေကျတော့

http://www.dhammadownload.com



အစိုးရက တာဝန်ယူပြီးတော့ ပင့်တယ်။ နေရာပေးတယ်။ ဆွမ်းပန်းကိစ္စပေါ့လေ။ သူတို့က တာဝန်ယူတယ်။

အဲဒီ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်က ပြည်နယ်သံဃနာယကနှင့် မြို့နယ်သံဃနာယက အဲဒါတော့ အစိုးရက မပင့်ဘူး။ မပင့်တော့ တပည့်တော်တို့အဖွဲ့က အဲဒီပြည်နယ်သံဃနာယကနှင့် မြို့နယ်သံဃနာယကဥက္ကဋ္ဌနှင့် အတွင်းရေးမှူး ကြွတော်မူကြပါ။ အရှင်ဘုရားတို့ရဲ့ မွန်ပြည်နယ်ကျောင်း၊ ကရင်ပြည်နယ်ကျောင်းကို အရှင်ဘုရားတို့ကိုယ်တိုင် အုတ်မြစ်တက်တော်မူကြပါ။ တာဝန်အားလုံးကို တပည့်တော်တို့အဖွဲ့က ယူပါ့မယ်ဆိုလို့ ဆရာတော်တွေသည် ဝမ်းပန်းတသာ ဂိုဏ်းမှလေ မွန်ပြည်နယ်မှာရှိတဲ့ သံဃာ့ဂိုဏ်းကြီး ကိုးဂိုဏ်းစလုံး ပါတယ်ဘုရား။ မြို့နယ်သံဃနာယကတွေ တပည့်တော်တို့-သုဓမ္မာကများတယ်။ ရွှေကျင်ပြီးတော့ မဟာဒွါရ၊ အနောက်ချောင်းဒွါရ၊ ဝေဠုဝန်ဒွါရ။ အဲဒီမွန်ပြည်နယ်မှာ အစုံရှိတယ်။ ပြီးသတိပဋ္ဌာန်၊ ပြီးပြန်တော့ ဓမ္မယောတ္တိ မဟာရင်၊ မဟာရင်ဂိုဏ်းက များတယ်။ နည်းတာ မဟုတ်ဘူး။

မွန်ပြည်နယ်မှာ မဟာရင်ဂိုဏ်းဆိုတာက သူတို့မွန်ပြည်နယ်သား ချောင်းဆုံမြို့က နေပါလိမ့်မယ်။ ဦးရင်ဆိုတဲ့ ရဟန်းတော်တစ်ပါး၊ သူကမန္တလေးတက်ပြီး ပညာမသင်ဘူး၊ မွန်ပြည်နယ်က နေပြီးတော့ ထိုင်းနိုင်ငံသွား ပညာသင်တယ်။ ထိုင်းနိုင်ငံရောက်တော့ သူက ဓမ္မယွတ်ဂိုဏ်းမှာ သွားဝင်တယ်။ ဓမ္မယွတ်ဂိုဏ်းဆိုတာ ဓမ္မယောတ္တိကကို ဓမ္မယောက်လို့ သူတို့ထိုင်းက ခေါ်တယ်။ ထိုင်းနိုင်ငံရဲ့ စာပေအဆင့် သူတို့အလိုကတော့ အဆင့်ကို ပယုတ်လို့ ခေါ်တယ်၊ ကိုးပယုတ်–အဆင့်ကိုးဆင့်စလုံးအောင်လို့ ဦးရင်ကို သူတို့ဓမ္မယောက်ဂိုဏ်းကနေပြီး မဟာဘွဲ့ပေးလိုက်တယ်။ မဟာဘွဲ့ရပြီး ပြန်လာတဲ့ ဦးရင်က တည်တဲ့ဂိုဏ်းမို့လို့ ဓမ္မယောတ္တိကမဟာရင်ဂိုဏ်းတဲ့။ တကယ့်သူတော်ကောင်းဆရာတော်ကြီးတွေပါ။ အင်မတန် ကြည်ညိုစရာ ကောင်းတယ်။ တပည့်တော် ဒီချောင်းဆုံမြို့နယ်ထဲမှာ အဲဒီ မဟာရင်ဂိုဏ်းရဲ့ ဗဟိုဌာနကို ရောက်ခဲ့တယ်။ သဒ္ဓါတရားလည်းပဲ လူတွေကောင်းသလို၊ ဆရာတော်တွေလဲပဲ တကယ့်စေတနာ ကောင်းပါတယ်။ ဓမ္မယောတ္တိက မဟာရင်ဂိုဏ်း။ ပြီးတော့ ဂဏဝိမုတ်ကူးတို့ဂိုဏ်းတို့၊ ရှားရှားပါးပါးနော်။

အကုန်လုံး ကြွလာတယ်ဘုရား။ တပည့်တော်တို့ရဲ့ စေတနာ ရိုသေဝမ်းမြောက်သောအနေနဲ့ အကုန်လုံးလာတယ်။ မွန်ပြည်နယ်ကကိုက သံဃာ (၉၀)ကျော်လောက် တပည့်တော်တို့ အဲဒါ အလှုတ်နော်။ ခုနင်က နိုင်ငံတော်သံဃမဟာနာယက နိုင်ငံတော်ဩဝါဒါစရိယ နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင်ဆိုတာက ကမ္ဘာအေးမှာ။ အခုပြောတဲ့ပြည်နယ် သံဃနာယက တိုင်းသံဃနာယက ဆိုတာက အဲဒီကိုယ်တော်တွေက တပည့်တော်တို့ တိပိဋကကျောင်းမှာ။ အားလုံးသုံးထပ်တိုက်မှာ။ အပေါ်တချို့၊ အလယ်တချို့ အောက်ထပ်တချို့။ ပြီးတော့ သူတို့ဆိုင်ရာ ဒကာတွေကလည်း ဝမ်းမြောက်ဝမ်းသာ ပါလာလိုက်တာဘုရား။ တပည့်တော်တို့ ကျေးရွာမွေးရ ဒကာဒကာမတွေလည်း အင်မတန်ဝမ်းမြောက်ဝမ်းသာ ဖြစ်ပါတယ်။ သူတို့ ကိုယ်တိုင်ပဲ အုတ်မြစ်ကို ဆရာတော်တွေ

http://www.dhammadownload.com



ကိုယ်တိုင် ချစေပါတယ်။ မွန်ပြည်နယ်က ဒကာတွေ အုတ်မြစ်ချပေး။ ဒီလိုဆောင်ရွက်ခဲ့ပါတယ် ဆိုကြပါစို့။ အဲဒီလို ဆောင်ရွက်ခဲ့ရတော့ မွန်ပြည်နယ်တစ်ခုလုံးက ဒီသံဃနာယကဥက္ကဋ္ဌနှင့် ဆရာတော်တွေဟာ စုံပြီးတော့နေတယ်။ ဒီကိုယ်တော်တွေကို အစုံအညီ ငါလှူချင်ရင် ပကတိအခါ လှူချင်ရင် ခက်တယ်။ အခု အင်မတန် လွယ်တယ်။ ဒီပိဋကကျောင်းတော်မှာ အားလုံးစုပေါင်းပြီး သား ဖြစ်နေတယ်။ အဲဒါသိပြီးတော့ တပည့်တော် ဒကာတွေရော တပည့်တော်နဲ့ပါတဲ့ ဦးဇင်းတွေ ရော အကုန်လုံးကို ပြောတယ်။

ဟောဒီ တိပိဋကကျောင်းမှာ ကနေ့ လောလောဆယ်ရှိနေတဲ့ မွန်ပြည်နယ်+ကရင်ပြည်နယ် သံဃနာယကဆရာတော်များနဲ့တကွ တိပိဋကကျောင်းမှာရှိနေတဲ့ သံဃာရှစ်ပါး အားလုံးအတွက် ဒီဟာတွေကို ပုံလိုက်ပါ ဆိုလိုက်တော့ ၁၁၆ ပုံလောက်ရှိတယ်။ အဲဒီအထဲမှာ ခုနက ဝတ္ထု ၁၀၈၀၀ိ/ ကျပ် (တစ်သောင်းရှစ်ရာ)ဆိုတဲ့ ဥစ္စာမှာ ဝတ္ထုတစ်သောင်းကတော့ ဒီအတိုင်းထားဦး။ ဒါက ဘာပြုလို့ တိပိဋက=နိကာယ ဆန်က သယ်ရမယ်။ ဒီနှစ် ဆန်သယ်ရမယ့်ကိစ္စက ရန်ကုန်က နေပြီးတော့ မန္တလေးကို ဆန်ဟာ အခေါက်ပေါင်း တပည့်တော် ထင်တယ်။ အနည်းဆုံး ခုနစ်ခေါက် လောက် မော်တော်ကားနဲ့ သယ်ရမယ်။ ခုနစ်ခေါက်လောက် သယ်နိုင်ဖို့ရန်အတွက် ဝတ္ထု တစ်သောင်းကို ဒီအတိုင်းထား မလောက်ရင် ငါနောက်ထပ် ငါ့နဝကမ္မက ဒါသယ်ခလုပ်ရ ပေးရ မယ်လို့ ဆိုပြီးတော့ ပိုတဲ့ရှစ်ရာကို ခုနင်ကတုန်းက ၁၁၆ ပါး၊ မဲ ၅၀ တစ်မဲ၊ ၅၀ တစ်မဲ လုပ်ပြီး ထည့်လိုက်ပါဆိုပြီးတော့ "တပည့်တော် အရှင်ဘုရားကို တန်ဖိုးတော့ ကြီးလှလို့ မဟုတ်ဘူး၊ တပည့်တော်ရဲ့ စေတနာ လက်ခံသောအားဖြင့် အရှင်ဘုရားတို့ အလှူခံတော်မူပါ" တပည့်တော် ဒီလိုလျှောက်ပြီးတော့ လှူပါတယ်။

အဲဒါဘာလဲဆိုတော့ ကိုယ့်ဆီရောက်တဲ့ လာဘ်လာဘကို တိုက်စစ်ဆင်ပြီးတော့ ထုတ်တာ နော်။ အရှင်ဘုရားတို့ စဉ်းစားကြည့်။ ပဓာနသုတ်မှာ မြတ်စွာဘုရားက ...

"ကာမာ တေ ပထမာ သေနာ"။ မာရ=မာရ်နတ်။ ကာမာ=ဝတ္ထုကာမတို့သည်။ တေ=သင်၏။ ပထမသေနာ=ရှေးဦးစွာလွှတ်လိုက်တဲ့-တပ်ကြီး။ ဒကာ ဒကာမက လှူတာကတော့ ဆွမ်း+သင်္ကန်း +ကျောင်း+ဆေး=ပစ္စည်းလေးပါး လှူတာပါပဲ။ သူတို့က မဂ်ဖိုလ်နိဗ္ဗာန် ရည်သန်ပြီးလှူတာ။ ဒါပေမယ့်လို့ အလှူခံတဲ့ ရဟန်းတော်အနေနဲ့ မြင်ဖို့က ဒီပစ္စည်းတွေဟာ မာရ်နတ်မင်းလွှတ်လိုက်တဲ့ ပထမတပ်ပဲ။ ငါမသုံးတတ်လို့ ဒီဟာတွေကို တွယ်တာတပ်မက်ရင် ငါသည်မာရ်နတ်ရဲ့ ပထမ တပ်ထဲမှာ မြုပ်ပြီးတော့ ဆုံးရှုံးနစ်နာသွားစေနိုင်တယ်။ အဲဒီတော့ ဒီဟာတွေကို မတပ်မက်အောင် ဘာလုပ်ရမတုန်း။ တစ်ခါတည်း လှူပစ်၊ လှူလိုက်ခြင်းသည် မိမိတို့အဖို့ ပိုင်ပိုင်နိုင်နိုင် သိမ်းလိုက် ခြင်းပဲနော်။ သံသရာနိဗ္ဗာန်ရောက်အောင် သိမ်းခြင်း။

ဒါ့ကြောင့် လှူပါ။ ပစ္စည်းဥစ္စာနဲ့ ပတ်သက်ရင် နှစ်ပိုင်းရှိတယ်။ ခံယူတဲ့အပိုင်းမှာ ခံစစ်မေတ္တာ ဘာဝနာနဲ့ အောင်အောင်မြင်မြင်ဆင်ကြ။ တိုက်စစ်အပိုင်းမှာ အေး-အခုပြောသလိုနော်၊ မာရ်နတ်ရဲ့

http://www.dhammadownload.com



စစ်တပ်ကြီး၊ ပထမတပ်ကြီး ငါတိုက်ထုတ်တော့မယ်ဆိုတဲ့ စေတနာနဲ့ လုပ်ဆောင်ရှက်ကြ။ တပည့်တော် ဆောင်ရွက်တာကို အရှင်ဘုရားတို့အား နည်းပေးသောအားဖြင့် ဩဝါဒလည်း ဖြစ်ပစေ၊ နည်းပေးတာလည်းဖြစ်ပစေ၊ အထူးတပည့်တော် ပြောရမယ်ဆိုသော် ဟောဒီ မလွန်ဆန် လှူအသင်းကြီးမှာ လွန်ခဲ့တဲ့ လေးငါးနှစ်ကစပြီးတော့ မန္တလေးမြို့ပေါ်က သံဃာကို ဆန်လှူတယ်။ ဒါနဲ့စတာပဲ။

အစကတော့ ပထမဆုံးနှစ်က မန္တလေးမြို့ အနောက်မြောက်မြို့နယ်က မီးလောင်တယ်။ မီးလောင်တော့ ဒီအနောက်မြောက်မြို့နယ်က ဆင်းရဲသားတွေ အနေများတယ်။ ဒီအရှေ့တောင်မြို့နယ်ဖြစ်တဲ့ ဘုရားကြီးတိုက်တို့ အသောကာရာမတို့ကတောင်မှ ဒီအနောက်မြောက်မြို့နယ်ကို လာပြီးတော့ ဆွမ်းခံရတယ်။ ဒီက ဆင်းရဲသားတွေများတော့ ဆင်းရဲသားတွေက ဆွမ်းလောင်းတဲ့ ကောင်းမှုကို သူတို့အဓိကဖြစ်တော့ အဲဒီအနောက်မြောက်မြို့နယ် မီးလောင်လိုက်တော့ သံဃာတော်တွေဟာ ဂေါစရဂါမ် အားနည်းသွားတယ်။ တပည့်တော် အဲဒီ အားနည်းတဲ့အခါ မလွန်ဆန်လှူအသင်းကို "ဒကာကြီးတို့၊ မြို့ပေါ်က သံဃာ ဂေါစရဂါမ် အားနည်းသွားပြီ။ အဲဒါဆန်လှူဖို့ မလွန်ဆန်လှူအသင်းက လှူပါ"ဆိုလို့ ဒါ ဟိုအကျပ်အတည်းတွေ၊ စကားတွေ၊ ဘာတွေ ကြားထဲမှာ ရှိတယ်။ အဆင်မပြေမှု ရှိသေးတယ်ပြောပါစို့။ ရှိ-ဆိုတာ မလွန်ဆန်လှူအသင်းက လူကြီးတွေက သူတို့အသင်းရဲ့ မူလရည်ရွယ်ချက်က စစ်ကိုင်း+မင်းကွန်း+မင်းဝံတောင်ရိုး=သုံးဌာနလှူဖို့ကို။ အဲဒီလိုဆိုတော့ သူတို့က တောင်ရိုးသုံးဌာနကိုသာ အချို့က လှူချင်တာ။ မြို့ပေါ်က သံဃာကို သိပ်ပြီး လှူချင်တာ မဟုတ်ဘူး။ တပည့်တော်တို့က ပြောလို့မို့လည်း တစ်ကြောင်း၊ ဒီသူတို့မြို့ပေါ်မှာ ချမ်းသာကြီး ဆန်လှူအသင်းနဲ့ သူတို့က မပေါင်းချင်ဘူး။ ပေါင်းပြီး မလှူချင်ဘူး။ အဲဒီလို တစ်ကြောင်းကြောင့် ပေါင်းပြီး မလှူချင်ရင် ခင်ဗျားတို့ ခွဲပြီးလှူ၊ မလွန်က မလွန်တခြား လှူဆိုတော့၊ သူတို့အသံက ဘယ်လိုထွက်သွားသလဲ။ ပိုတဲ့ဆန်ကို မြို့ပေါ်သံဃာလှူမယ် ဆိုတဲ့အသံ ဖြစ်သွားတယ်။

အဲဒီလိုဖြစ်သွားတော့ မြို့ပေါ်ကသံဃာကို ပိုလို့ လှွင့်ပစ်ရမယ့်ဟာကို လှူမလို့။ ဒါကတော့ ဒီ အထအန ကောက်တတ်တဲ့ စိတ်ဓာတ်ပေါ့လေ။ တစ်နည်းပြောလို့ရှိရင် တပည့်တော်တို့ သူငယ်ချင်းပါပဲ။ ရဟန်းပျို ဦးကုသလတို့ဟာ ဒီအတိုင်း အဓိပ္ပာယ်ကောက်တယ်။ "ဘာလဲတဲ့ မလွန်ဆန်လှူအသင်းက လှူတာဟာ သွန်ပစ်ရမယ့်ဥစ္စာကို ပေးသလိုလှူတာ၊ တပည့်တော်တို့ မြို့ပေါ် သံဃာက အလှူမခံစတမ်း" - တကတည်း စည်းဝေးပြီးတော့ ဆုံးဖြတ်လို့ဘုရား။ အဲဒါနဲ့ တပည့်တော် ကြားတယ်၊ ကြားတော့ တပည့်တော် တိုင်းသံဃနာယကဆရာတော် ဦးဇာဂရထံကို တပည့်တော်ကိုယ်တိုင်လည်း သွားတယ်။ "ဆရာတော် ... အကျန်ကိုလှူတာ မဟုတ်ပါဘူး၊ အမှန်က သူတို့ဒကာကြီးတွေ အပြော မှားသွားတာပါ၊ အဲဒီတော့ တပည့်တော်ကိုယ်တိုင် မြို့ပေါ် သံဃာအားလည်း ထိုက်သလောက်လှူဒါန်းဖို့ ရေစက်ချပြီးတော့မှ ရောက်တဲ့ဆန်ပါ။ အစကတည်းကိုက မြို့သံဃာကို လှူဖို့ ဆုံးဖြတ်ချက် ရှိပါတယ်။ အလှူခံတော်မူပါ။ တပည့်တော် ဆရာတော်တို့ကို

http://www.dhammadownload.com



မလွန်ဆန်လှူအသင်းက ဒကာကြီးတွေကိုလည်းပဲ အပြောမှားတာ တောင်းပန်ကန်တော့ပါမယ်” ဆိုပြီးတော့ ဒကာကြီးတို့ တောင်းပန်ဦး ကန်တော့ဦး။ အဲ ... သူတို့လည်း တောင်းပန်ကန်တော့ပါတယ်။ အဲ ... တပည့်တော်လည်း တောင်းပန်တယ်။ တောင်းပန်တော့ တိုင်းသံဃနာယက ကနေပြီးတော့ အားလုံး မြို့နယ်သံဃနာယကတွေကို ပင့်ပြီး အလှူခံကြပါဆိုတာ တိုင်းသံဃနာယက က ညွှန်ပြလို့ အလှူခံမယ်ဆိုတာ ဖြစ်ပါတယ်။

အဲဒီလို အလှူခံမယ်ဆိုတာဖြစ်တော့ ရဟန်းပျိုဆရာတော်ဦးကုသလက “ကိုယ်တော်တို့ အလှူခံချင်ရင် ခံတဲ့ဗျာ၊ တပည့်တော်တော့ မခံဘူးတဲ့။ မူလဆုံးဖြတ်ချက်အတိုင်းပဲတဲ့”။ အဲဒီလို ဖြစ်ပါတယ်ဘုရား။ ဒီတော့ တပည့်တော်များကြားတော့ တပည့်တော်က ပြောတယ်။ “ဆရာတော်ဦးကုသလက မခံတာတော့ ဝမ်းမနည်းဘူးလို့။ ဘာပြုလို့တုန်းဆိုတော့ သူက ဘယ်ခံမှာလဲလို့။ သူ့ကို ဘုန်းကြီးက အမြဲတမ်း ကောင်းတဲ့ဆန်ကို မပြတ်ပို့နေတာ၊ ကျုပ်က ပို့နေတော့ ဆရာတော်ဦးကုသလအဖို့က မလိုဘူးလို့၊ ဒါကြောင့် သူအလှူမခံတာ”လို့။ ကျန်တဲ့သံဃာ အလှူခံရင်ပြီးတာပဲ။ ဒီလိုပြောပြီးတော့ ပထမနှစ် လှူတယ်ဘုရား။

လှူဖို့ရန် ၁၁ ရက်နေ့ည ရေစက်ချပြီးတော့၊ ၁၂ ရက်နေ့ မနက်လှူဖို့၊ ဒါလဲပဲ အသင်းက လူကြီးတွေက ရိုးတယ်ဘုရား။ ပထမ တပည့်တော်တို့ ၁၂ ရက်နေ့ မလှူနိုင်ဘူး”တဲ့။ “ဘယ်တော့လှူမှာတုန်း”ဆိုတော့၊ တောင်ရိုးလှူပြီးမှ လှူမှာတဲ့။ တောင်ရိုးလှူပြီးမှ လှူရင် ခုနင်က စောစောက ပြောသလို အကျန်တွေ သွန်ပစ်ရမှာမို့လို့ လှူတယ်လို့ အဓိပ္ပာယ်သက်သွားမှာပေါ့၊ မဖြစ်ဘူး။ ဒီတော့ မန္တလေးရွှေမြို့တော်က သံဃာကို အရင်လှူပါ ဆိုပြီးတော့ ၁၂ ရက်နေ့ တပည့်တော် အလှူခိုင်းတယ်။ “တပည့်တော်တို့ ၁၂ ရက်နေ့မှာ ဆန်ကို သဘော်ဆိပ်ချရတယ်။ ဒီတာဝန်ရှိတယ် ဘုရား၊ လူကြီးတွေ မအားဘူး”တဲ့။ သူတို့က ဒီလိုပြောတယ်။ “ဒီတာဝန်က ဒကာကြီးတို့ လူကြီးတွေမှ ရှိတာမဟုတ်ပါဘူး၊ မော်တော်ကားသမားနဲ့ အလုပ်သမားကို ဟောဒီဟောဒီဆန်ကို တင်ဆိုရင် ပြီးတာပဲလို့ လူကြီးတစ်ယောက် အဲဒီနားရပ်နေတာ ဘာမှ ဝန်မလေးဘူး။ ဒကာကြီးတို့ အားနေတယ်။ အဲဒီ ၁၂ ရက်နေ့လှူ” ဆိုတော့မှ လှူပါ့မယ်ဆိုတော့ တပည့်တော် အဲဒီ ၁၂ ရက်နေ့ မပြန်ဘူး၊ ကြည့်တယ်။ အစောကြီး သွားထိုင်ပြီးတော့ ကြည့်တယ်။

ကိုယ်တော်များ အင်မတန် တော်ပါတယ်။ မြို့ပေါ်မှ ဓမ္မာစရိယတို့ အဂ္ဂမဟာပဏ္ဍိတတို့ ဘွဲ့ရတဲ့ ဆရာတော်တွေ အားလုံးပေါင်း အပါး ၅၀၀ ကျော် အပါး ၅၅၀ လောက်ရှိတယ် ဘုရား။ အဲဒီ ဆရာတော်တွေကို လှူတာ။ သို့သော် များသောအားဖြင့် ကိုယ်စားလှယ်တွေများတယ်။ ဆရာတော်တွေများတော့ ဒီကိုယ်စားလှယ်တွေက ဒီဆန်က ချက်ချင်းရတာ မဟုတ်ဘူး။ ပင့်စာကို အဖွဲ့စားပွဲကို တင်၊ အဖွဲ့စားပွဲကမှတစ်ခါ ပြန်ပြီးတော့ အလှူခံဖို့လက်မှတ်ပေး။ ဖြုန်းခနဲကလည်း မလှူသေးတော့ သူတို့ မတ်တတ်မတ်တတ် ဒီလိုဖြစ်နေကြရတော့ တပည့်တော်စိတ်ထဲ မချမ်းသာဘူးဘုရား။

http://www.dhammadownload.com



အဲဒါနဲ့ မဏ္ဍပ်ကြီးတစ်ခုလုံးလည်း ဘာမှမရှိတော့ဘူး။ သံဃာစင်ဆိုရှိ တရားဟောတဲ့ စင်ကလေးပဲ ရှိတယ်။ အဲဒီစင်ကလေးကို "ဥက္ကဋ္ဌဒကာကြီး–ဒီအပေါ် သင်ဖြူခင်းခိုင်းစမ်းပါ"။ ခင်းပြီးပြီ။ "ဒကာကြီးတို့အိမ်က လက်ဖက်ရည်ကြမ်းကလေး တစ်ပွဲလောက် ဒီမှာ ချပေးစမ်းပါ" ဆိုပြီးတော့ တပည့်တော် ပင့်ရတယ်ဘုရား။ တပည့်တော်ကိုယ်တိုင်ပဲ လိုက်ပြီးတော့ မတ်တတ်မတ်တတ် ကိုယ်တော်တွေကို "လာကြ–ကြွကြဦးဖင်းတို့၊ ဟိုဖြုန်းခနဲ လှူမှာ မဟုတ်သေးဘူး။ တော်တော်စုံပြီးမှ ပေးပြီးမှ လက်မှတ်ပေးပြီးမှ လှူမှာ၊ ညောင်းနေလိမ့်မယ်၊ ဒီမှာ ရေနွေးလေး ဘာလေးသောက်ကြ" အဲဒီလိုပြောပြီးတော့။ ဩော် ဘာမှလည်းပဲ အသင်းက မနက် ဘာမှကျွေးတာ မဟုတ်ဘူး။ မနက်လှူတာ သံဃာသုံးရာလောက်ရှိတယ်။ နေ့လယ်ဖို့ သံဃာ ၂၀၀ လောက် ကျန်တယ်တဲ့။ "အဲဒီ နေ့လယ်ကျန်တဲ့ သံဃာတော်ဗျာလို့–ခင်ဗျားတို့ စပါကလင်ဆိုတဲ့ ဘိလပ်ရည် အကောင်းဆုံး တိုက်ပါ၊ ကျုပ်ပဲ တာဝန်ယူပြီးတော့ လှူပါရစေ၊ မနက်က ကိုယ်တော်တွေ ဘာမှမကပ်ရလို့"

အဲဒါနဲ့ တပည့်တော် ဒါကိုကြည့်တော့ ဩော် ... မြို့ပေါ်သံဃာ၊ ဒါဆိုရင် ဟောဒီ မလွန်ဆန်လှူအသင်းက စုပြီးသား ဒီတော့ အဲဒီမှာကျွေးရင် လှူရင် ဟန်ကျတယ် ဆိုပြီးတော့၊ ဒုတိယနစ် တပည့်တော် အသင်းကိုပြောတယ်။ "ဒကာကြီးတို့၊ ဒကာကြီးတို့အသင်းက စားပွဲကုလားထိုင် (၂၀၀)ကျော် (၃၀၀)လောက် လုပ်ပါ။ မြို့ပေါ်က ဘွဲ့ရ သံဃာတော်တွေကို ကျုပ်ပလာတာဆွမ်း ဆက်ကပ်မယ်ဗျာ"လို့ ပြောတော့။ "ကော်ဖီလဲကပ်မယ်၊ မုန့်လဲကပ်မယ် မနက်ခင်း။ နေ့လည် သံဃာဖို့ စပါကလင်ဆိုတဲ့ ဘိလပ်ရည်အကောင်းစား ကပ်မယ်။ ခင်ဗျားတို့က ကပ်ပေး။ ကျသမျှ ကျုပ်ဒကာခံ ကျုပ်လှူမယ်"လို့ ပြောတယ်။

စားပွဲနဲ့ ကုလားထိုင်နဲ့ဆိုတော့ အရှင်မြတ်တွေ နစ်ရာသုံးရာမှာ တစ်ခါတည်း ဣန္ဒြေရရ မုန့်လည်းပဲ တကယ့် ၇ နာရီ ၈ နာရီဆိုတော့ စားကောင်းတဲ့အချိန် တစ်ပါးတစ်ပါးလျှင် ပလာတာ နစ်ချပ်သုံးချပ် မြိန်မြိန်ရှက်ရှက်ဘုဉ်းပေးကြတယ်။ အဲ ... အဲဒီလို ကောင်းမှုလုပ်။ နောက်နစ်ကျတော့ မလွန်ဆန်လှူအသင်းက "ဆရာတော် ကပ်ဦးမှာလား"တဲ့။ အမယ်လေး လုပ်မှာတော့ မပြောနဲ့၊ ကျုပ်တစ်သက်၊ ခင်ဗျားတို့အသင်းကို ဒီအလှူမပေးဘူး"လို့။ "ဒါမြို့ပေါ်က ဘွဲ့ရဆရာတော်တွေကို လှူရတာဆိုပြီး ကျုပ်ဘာသာကျုပ် လှူချင်ရင် ဒီဆရာတော်တွေစုလို့ အင်မတန်ခက်တယ်"။ အဲသလို ပြောလိုက်တော့ မြို့ပေါ်က ဆရာတော်တွေကလည်း "ဟာ ဦးဝိစိတ္တက ကျွေးတယ်ဆိုရင် ငါတို့ သွားမယ်ကွာ၊ ငါတို့ကိုယ်တိုင်ပဲ သွားမယ်"ဆိုပြီး ဆရာတော်တွေ ကြွပြီးတော့ ဘုဉ်းပေးကြပါတယ်။

အရှင်ဘုရားတို့ ...။ တပည့်တော် ဒါတွေကို ပြောတာ တပည့်တော်ရဲ့ တိုက်စစ်ဆင်ပုံသည် ဤကဲ့သို့ တိုက်စစ်ဆင်ပုံပါလားလို့ သိပြီးတော့ အရှင်ဘုရားတို့ ခံစစ်ကိုလဲပဲ အရှင်သုဘူတိလို မေတ္တာဘာဝနာနဲ့ ဆင်နိုင်ပါစေ။ တိုက်စစ်ကိုလဲပဲ အရှင်အာနန္ဒာလို တပည့်တော်များတော့ အရှင်အာနန္ဒာကို အားကျတယ်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလို့ ပထမသံဂါယနာတင်ဖို့ရန် အစည်းအဝေး

http://www.dhammadownload.com



ပြီးတော့ အရှင်မဟာကဿပ "အားလုံးအရွေးအချယ်ခံရတဲ့ သံဃာတော် ၅၀၀ ရာဇဂြိုဟ်မှာ ဝါဆို ပါ၊ ဝါမဆိုခင် မိမိတို့ သွားလိုတဲ့ခရီး ပလိဗောဓပြီးအောင် သွားကြပါ"ဆိုတော့ အရှင်အာနန္ဒာက ကောသမ္ဗီကြွတယ်။

ကောသမ္ဗီပြည်ကျတော့ အဲဒီဥယျာဉ်ထဲမှာ အရှင်အာနန္ဒာသည် သစ်ပင်ရင်းတစ်ခုမှာ နေ့သန့် နေတယ်။ အဲဒီနေ့သန့်နေတဲ့အချိန်မှာ အဲဒီနေ့က သွားတိုက်ဆိုင်လိုက်တာက ဥတေနမင်းက ဥယျာဉ်ကစား ထွက်တဲ့နေ့ဆိုတော့ ဥတေနမင်းက ဥယျာဉ်ထဲမှာ မူးယစ်သောက်စား ပျော်ပါးကစား၊ မောတော့ကျောက်ဖျာပေါ်မှာ သူကအိပ်ပျော်နေတယ်။ သူ့ရဲ့ မောင်းမမိဿံ ၅၀၀ က "ဩော် ... ရှင်ဘုရင်လဲ အိပ်ပျော်နေတယ်၊ ငါတို့ သွားကြည့်ဦးမှပဲ"ဆိုပြီးတော့ ဥယျာဉ်ထဲ လျှောက်ကြည့်တော့ တစ်နေရာမှာ အရှင်အာနန္ဒာ နေ့သန့်နေတော်မူတာကို သွားတွေ့တယ်။ ဒီအချိန်မှာ အရှင်အာနန္ဒာ ဟာ သောတာပန်ပဲ ရှိသေးတယ်နော်။ သောတာပတ္တိဖိုလ်ကို ဝင်စားပြီးတော့ နေ့သန့်နေတော်မူတာ ကို သွားတွေ့တယ်။

သာမာဝတီတို့ လက်ထက်ကတည်းကိုက ဥတေနမင်းရဲ့နန်းတော်မှာ အရှင်အာနန္ဒာက နေ့စဉ် ကြွပြီးတော့ စာပေပရိယတ္တိ ပို့ချပေးရလို့ နန်းတော်သူတွေက အရှင်အာနန္ဒာကို ကောင်းကောင်း သိတယ်။ ကောင်းကောင်းကြည်ညိုတယ်။

အရှင်အာနန္ဒာကို တွေ့တော့ သူတို့က ရိုသေမြတ်နိုး လက်အုပ်မိုး ရှိခိုးထိုင်ကြ။ အရှင်အာနန္ဒာ က ဥပနိသေနကထာအနေနှင့် တရားစကားပြော၊ ပြီးတော့ လွှတ်လိုက်တဲ့အခါကျတော့ တရား ပူဇော်တယ်ဆိုပြီး ဒီဥတေနမင်းရဲ့ မောင်းမမိဿံငါးရာ သူတို့ခြုံလာတဲ့ ဆာဒီကိုယ်ရုံကလေးတွေကို ခေါက်ပြီး "သင်္ကန်းပါဘုရား"၊ "ဓမ္မပူဇာသင်္ကန်းပါဘုရား"ဆိုပြီး တစ်ယောက်တစ်ထည်စီ လှူသွားတယ်။

ဟို ကျောက်ဖျာရောက်တော့ ဥတေနမင်းက နိုးနေပြီ။ ဥတေနမင်းက နိုးတော့ "နင်တို့ဘယ်သွား တုန်း"။ "ဒီဥယျာဉ်ထဲ အရှင်မင်းကြီး ကျိန်းစက်တော်မူနေလို့ ခဏလျှောက်ကြည့်ပါတယ်"။ "အေး၊ နေပါဦး။ နင်တို့ကိုယ်မှာ ဆာဒီတွေ ဘယ်ရောက်သလဲ"။ "ဥယျာဉ်ထဲမှာ ဟောဟို အရှေ့တောင် ထောင့် အင်ကြင်းပင်ကြီးအောက်မှာ အရှင်အာနန္ဒာ နေ့သန့်နေတာတွေ့ခဲ့လို့ ဝင်ပြီး ရှိခိုး+တရားနာ ပြီးတော့ အပေါ်ရုံဆာဒီအဝတ်တွေကို သင်္ကန်းလျာအဖြစ်နဲ့ ဓမ္မပူဇာလှူခဲ့ပါတယ်"။ ဥတေနမင်းက "နင်တို့ အရှင်အာနန္ဒာက အဲဒီအထည်ငါးရာစလုံး အလှူခံလိုက်သလား"တဲ့။ "အလှူခံပါတယ်၊ အကျွန်ုပ်တို့ကမှ လှူတော့ အလှူခံမှာပေါ့" ဒီတော့ ဥတေနမင်းက အင်မတန် ရှီးသားပါတယ်။ ဘာပြောသလဲ "နင်တို့ အရှင်အာနန္ဒာကလဲ အထည်သည် လုပ်မလို့လား"တဲ့ ဒီလိုပြောတယ်။

အဲဒီလို ပြောပြီးတော့ မကျေနပ်တာနဲ့ ဥတေနက သူကိုယ်တိုင် နောက်က မင်းချင်း လေး ငါးခြောက်ယောက်လောက်နဲ့ အရှင်အာနန္ဒာရှိရာသွား။ တွေ့တော့လဲ "အရှင်ဘုရားထံ တပည့်တော် ရဲ့ မောင်းမမိဿံတွေ လာသလား"။ "လာပါတယ်"။ "တရားများဟောလိုက်သေးသလား"။ "ဟောပါ

http://www.dhammadownload.com



တယ်"။ "တရားများ ပူဇော်သွားသေးလား"။ "ပူဇော်ပါတယ်"။ "ဘာတွေပူဇော်သလဲ"။ "အေး ... သူတို့ခြံတဲ့ ဆာဒီများကို သင်္ကန်းလျာအဖြစ်နဲ့ လှူသွားပါတယ်"။ ဒါတွေ ကိုယ်တော် အထည်ငါးရာစလုံး အလှူခံသလား"။ "အလှူခံပါတယ်"။ အလှူခံတယ်ဆိုတော့ ရိုးရိုးကြီးပဲ ပြောတယ်နော်။ ဥတေနမင်းက တိုက်ရိုက်ပဲ "အရှင်ဘုရား အထည်သည်သည်လုပ်မလို့ ဒီလောက်များတဲ့ အထည်တွေ အလှူခံတာလား"တဲ့ မေးတယ်။

အရှင်အာနန္ဒာက စိတ်မဆိုးပါဘူး။ "အထည်သည် မလုပ်ပါဘူး"။ "မလုပ်ရင် ကိုယ်တော် ဒီလောက်များတဲ့ သင်္ကန်းတွေ ကိုယ်တော် ဘာလုပ်မလဲ"

ဆိုတော့ အရှင်အာနန္ဒာက "သာသနာတော်မှာ ပင်ပန်းနွမ်းနယ်တဲ့ အရှင်မြတ်တွေ ရှိတယ်"တဲ့။ "အဲဒီအရှင်မြတ်တွေမှာ သင်္ကန်းဟောင်းနွမ်းတဲ့ ကိုယ်တော်များကို သင်္ကန်းပေးရပါတယ်"။ "ကောင်းပြီ-အဲဒီကိုယ်တော်တွေက နဂိုရှိရင်းစွဲ သင်္ကန်းဟောင်းတွေ ဘာလုပ်မလဲ"၊ "နဂိုရှိရင်းစွဲ သင်္ကန်းဟောင်းတော့ ဒီကိုယ်တော်တွေက ဖွပ်လျှော်ပြီးတော့ အိပ်ရာခင်းလုပ်တယ်"။

တပည့်တော်ပြောလိုတာက တပည့်တော်တို့ ကနေ့ ဒကာ ဒကာမတွေရဲ့နော် စေတနာကြောင့် သင်္ကန်းဟောင်းများ အိပ်ရာခင်း လုပ်ရတာ မရှိပါဘူး အရှင်ဘုရားတို့။ ဒကာ ဒကာမတွေဟာ အင်မတန် ကျေးဇူးများပါတယ်။ ဘုရားလက်ထက်တော်တုန်းက အများအားဖြင့် အဲဒီလို သင်္ကန်းဟောင်းကို အိပ်ရာခင်း လုပ်ရတယ်။ သင်္ကန်းဟောင်း သူတို့ရဲ့ရှိရင်းစွဲသင်္ကန်း။ ဒီက သင်္ကန်းအသစ်ရတော့ ဘာလုပ်တုန်းဆိုတော့ နဂိုရှိရင်းစွဲ သင်္ကန်းဟောင်းကို အိပ်ရာခင်း လုပ်တယ်တဲ့။ "အဲဒီကိုယ်တော်တွေမှာ နဂိုရှိရင်းစွဲ အိပ်ရာခင်းဟောင်းတွေ ဘာလုပ်တုန်း"။ "နဂိုရှိရင်းစွဲ အိပ်ရာခင်းဟောင်းတွေ မြေအခင်းလုပ်တယ်"။

(ဘူမတ္ထရဏ=မြေအခင်း)

သူတို့ ခေတ်တုန်းကတော့ ကျောင်းကလေးတွေက လေးတိုင်စင် ကျောင်းကလေးတွေ၊ မြေကျောင်းကလေးတွေနော်။ ပုဏ္ဏားအိမ်လိုဟာ။ အဲဒီတော့ မြေကြီးပေါ်မှာ ခင်းပါတယ်။ "ဒါဖြင့် အဲဒီကိုယ်တော်တွေ နဂိုရှိရင်းစွဲ ဘူမတ္ထရဏ မြေအခင်းကို ဘာလုပ်တုန်း"။ "နဂို ရှိရင်းစွဲ မြေအခင်းကို ကြိုးကျစ်ပြီးတော့ ခြေသုတ်ကြိုးဝန်း လုပ်ပါတယ်။" "အဲဒီကိုယ်တော်တွေ နဂိုရှိတဲ့ ခြေသုတ်ကြိုးဝန်းအဟောင်းကို ဘာလုပ်တုန်း၊ အဲဒီခြေသုတ်ကြိုးဝန်းအဟောင်းကို ကောင်းကောင်း သိမ်းထားပြီးနောက် ကမ္မဋ္ဌာန်းကျောင်း ဆောက်တဲ့အခါ ဘိတ္တိကျံတော့ ဒီဘိတ္တိကျံတဲ့အထဲမှာ ဒီခြေသုတ်ကြိုးဝန်း အဟောင်းများကို နုတ်နုတ်စဉ်းပြီးတော့ ထည့်ပါတယ်။

အိန္ဒိယက အမှန်အားဖြင့် ဗမာပြည်လို သွပ်ဝါးမပေါဘူး။ မပေါတော့ ကျောင်းကြီးတွေ ဇေတဝန်ကျောင်းတို့ ပုဗ္ဗာရုံကျောင်းတို့ ခမ်းလည်းခမ်းနားပါတယ်။ သံဃာငါးရာနော်။ အထက်ထပ်ငါးရာ အောက်ထပ်ငါးရာ၊ တစ်ထောင်နေနိုင်တယ်ထား။ ကျန်တဲ့သံဃာတွေက သိန်းချီပြီးတော့

http://www.dhammadownload.com



များတော့ ကျောင်းက အားလုံး မပြည့်စုံပါဘူး။ မပြည့်စုံတော့ သညာစိကကုဋ္ဌိတို့ ဘ၀တို့ ဒါတွေဟာ ဆောက်လုပ်ရပါတယ်။ အဲဒီလို ဆောက်လုပ်တဲ့အခါမှာ တစ်ခန်းကျောင်းလေးတွေ များတယ်နော်။ ဒီတစ်ခန်းကျောင်းလေးတွေလည်းပဲ သစ်ဝါးကရှားတဲ့အတွက် ဝါးကိုမြက်ကွက်ရက်ပြီးတော့ ထရံကပ်တယ်။ ထရံချည်တယ်။ အဲဒီမြက်ကွက်ကိုမှ ထရံဖြစ်အောင် ဘာလုပ်တုံးဆိုတော့ နွားချေးရယ် ရွှံ့ရယ် စပါးခွံရယ် အဲဒီသုံးမျိုးကို ရေနဲ့ပနော်နယ်ပြီးတော့ ဒီနံရံကို ကျံရတယ်။

အဲဒီလို နံရံဘိတ္တိကျံတဲ့အခါမှာ အတွဲကောင်းအောင် ခုနင်က ခြေသုတ်ကြိုးဝန်း အဟောင်းများ နုတ်နုတ်စဉ်းပြီးတော့ ဒီအထဲ ထည့်မွှေပြီးတော့ အတွဲကောင်းအောင် သုံးပါတယ်။ ဘိတ္တိကျံတဲ့အထဲ ထည့်သုံးပါတယ်။ မှန်ပါတယ်။ အဲဒီလို ဘိတ္တိကို စိတ်ရှည်လက်ရှည်ကျံပြီးလို့ ခြောက်ပြီး ဒီနည်းနည်းလေးခံတယ်ဆိုရင် သစ်လက်ကလေးနဲ့နော်–သံလက်မဟုတ်ဘူး၊ သစ်လက်ကလေးနဲ့ ရေနဲ့ဆွတ်ဆွတ်ပြီးတော့ ချောပေးရတယ်။ အားလုံး ချောပြီးပြီဆိုတော့မှ ခြောက်သွားတဲ့အခါ ထုံးကလေး သုတ်လိုက်တော့ အဝေးကကြည့်ရင် ဒါ–အုတ်နံရံကျောင်းကလေးတွေနဲ့တူတယ်။

အဲဒီလို ဘိတ္တိကျံတဲ့အထဲ အသုံးပြုပါတယ်ဆိုလိုက်တော့၊ ဥတေနမင်းဟာ စောစောက တော်တော်သဒ္ဓါတရားပျက်နေတာ။ သူလူကို လူချင်လာတာ။ ဩော် ... တို့တွေ လွှင့်ပစ်ရမယ့် ဥစ္စာကို အရှင်မြတ်တွေသည် လူရဲ့အသုံးအဆောင်ဖြစ်အောင် ပြန်ပြီးတော့ သုံးပါပေတယ်။ ဘာမှ အဟောသိကံ မဖြစ်အောင် သုံးတော်မူပါပေတယ်လို့ အဲဒီမှာ စေတနာပေါက်ပြီးတော့ "ဒီလိုဆို တပည့်တော်က အထည် ၅၀၀ လှူဦးမယ်ဘုရား" ဆိုပြီးတော့ မင်းချင်းတစ်ယောက် နန်းတော်လွှတ်၊ ဆာဒီအုပ်ငါးရာ ယူခဲ့ပြီးတော့ "သင်္ကန်းအစုံ ငါးရာပါဘုရား"ဆိုပြီး လှူတယ်။

အရှင်အာနန္ဒာဟာ အဲဒီနေ့က သင်္ကန်းတစ်ထောင်ရတဲ့နေ့လို့ အရှင်ဘုရားတို့ ဝိနည်းမှာ တိုက်ရိုက် လာရှိပါတယ်နော်။ အဲဒီရှင်အာနန္ဒာရဲ့ မူအတိုင်း မိမိတို့မှာ အတိရေကဖြစ်လာရင် သီတင်းသုံးဖော် သံဃာတော်တို့နှင့် ဝေဖန်ပြီးတော့ သုံးစွဲရင် မိမိတို့ တိုက်စစ်ကို အောင်အောင်မြင်မြင် ဆင်ခြင်း ဖြစ်ပါတယ်။

တပည့်တော် ဆင်တဲ့နည်းအတိုင်း အရှင်မြတ်တို့လဲပဲ ခံစစ်ကိုလည်းကောင်း မေတ္တာဘာဝနာနဲ့နော်။ တိုက်စစ်ကိုလည်းကောင်း မာရ်နတ်ရဲ့စစ်တပ်တွေ တော်တော်ကြာ ငါ–မာရ်နတ်ရဲ့ ပထမတပ်ထဲ မြုပ်သွားလိမ့်မယ်။ အမြုပ်မခံဘူး–ဆိုတဲ့ စိတ်နဲ့ ခံစစ်ကိုလည်းကောင်း၊ တိုက်စစ်ကိုလည်းကောင်း အောင်အောင်မြင်မြင် ဆင်နွှဲနိုင်အောင် ကျင့်သုံးတော်မူကြပါလို့ တပည့်တော် ဩဝါဒသဘော ကိုယ်တိုင်ကျင့်သုံးတဲ့မှုကို အရှင်ဘုရားတို့အား ပြောကြားလျှောက်ထားပါတယ်။ ဒါ တပည့်တော်ရဲ့ ဩဝါဒ ပြီးပါပြီ အရှင်ဘုရားတို့။ ဝါဆိုရအောင်နော်။

သာဓု ... သာဓု ... သာဓု။

http://www.dhammadownload.com



တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု

ကျေးဇူးရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး

မင်းကွန်းတောင်ရိုး ဓမ္မနာဒကျောင်းတိုက်မှ သံဃာတော်အရှင်မြတ်များအား

## ချီးမြှင့်တော်မူသော ဩဝါဒကထာ

အဘိဝါဒန သီလိဿ၊ နိစ္စံ ဝုဍ္ဎာပစာယိနော။
စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊ အာယု ဝဏ္ဏော သုခံ ဗလံ။

အာဋ္ဌာနာဋိယသုတ်ကလာတဲ့အတိုင်း မိမိတို့သည် ဝုဍ္ဎာပစာယန ကောင်းမှုကုသိုလ်ကြောင့် အသက်ရှည်ခြင်း+အဆင်းလှခြင်း+ချမ်းသာကြီးခြင်း+ခွန်အားကြီးခြင်းဆိုတဲ့=အကျိုးလေးပါးနဲ့ မုချ ဧကန် အမှန်ပြည့်စုံကြမယ့် ဝုဍ္ဎာပစာယနကောင်းမှုကို ယခုပြုရပြီ။

ရဟန်းတော်များဟာ အင်မတန် ချမ်းသာကြပါတယ်။ ယနေ့ လူတွေမှာ ရောက်တဲ့ အန္တရာယ် ပြဿနာတွေဟာ တပည့်တော်တို့ ရဟန်းတရားနဲ့ကြည့်ရင် တပည့်တော်တို့ဘာသာ တပည့်တော် တို့ ကိုယ့်သီလ+ကိုယ့်သမာဓိ+ကိုယ့်ပညာ ဒါနဲ့နေရင် ဘာပြဿနာမှ ဒီနေ့ မရောက်နိုင်ဘူး။ အခု သူတို့ ဒီနေ့ရောက်တယ်ဆိုတဲ့ ပြဿနာက အာမိသနဲ့ အကြောင်းပြုပြီးတော့ ရောက်ကြတာ။ တပည့်တော်တို့ နှလုံးသွင်းကောင်းဖို့ ယောနိသောမနသိကာရ ထားဖို့ဆိုတာ နိုင်ငံတော်မှာ အစိုးရ သည် တိုင်းပြည်ရဲ့မိဘပဲ။ တကယ့် အမိအဖက သားသမီးကို မိမိမှာတွေ့ကြုံတဲ့ အခက်အခဲ အကြောင်းအရာကို သားတွေ သမီးတွေ စိတ်ဆိုးကုန်မှာ စိတ်ဆင်းရဲကုန်မှာစိုးလို့ မပြောသလို၊ သူ့မှာတွေ့ရတဲ့ ပြဿနာဟာ တိုင်းသူပြည်သား လူအများသိရင် အင်မတန့် အင်မတန် စိတ်ဆင်းရဲ မှာ သူတို့ မြင်တယ်ဘုရား။

ဒါကြောင့် ဒီငွေစက္ကူပြဿနာ ဘာ့ကြောင့် လုပ်ရပါတယ်ဆိုတာ အစိုးရ မပြောတာက မိဘစိတ် နဲ့ မပြောတာ၊ ဒီတော့ သားသမီးများကလည်း မသိတော့ (မသိတာလည်းပါပေါ့လေ၊ သိပြီးတော့ လည်းပဲ ဒီအထဲမှာ အစိတ်အဝက်ပါတာရှိတယ်။) အဲဒါကြောင့် ဆူတယ်၊ ပြုတယ်၊ ခဲနဲ့ပစ်တယ်၊ ဘာနဲ့ပစ်တယ်ဆိုတာ။ တစ်ခါအစိုးရက နိုင်ငံရေးကျောင်းသားနဲ့ ရိုးသားတဲ့ကျောင်းသား ခွဲသော အနေနဲ့ ဒါစာရင်းခွဲလိုက်တာပဲ။ အဲဒီတော့ သူတို့လုပ်တဲ့အထဲမှာ တပည့်တော်တို့ ဘာမှ အကောင်း အဆိုး တပည့်တော်တို့ သာသနာကတော့ မဝေဖန်မှ၊ မဝေဖန်ရင် မိမိတို့ စိတ်ချမ်းသာတယ်။ အကယ်၍ သူတို့ဟာကို သွားဝေဖန်ရင် တပည့်တော်တို့ စိတ်မချမ်းသာဘူး။

ဒါကြောင့် တပည့်တော်တော့ သူတို့ဥစ္စာကို မဝေဖန်ဘူး။ ဒါဖြင့်ရင် "အရှင်ဘုရားကော ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ မကြုံရဘူးလား"ဆိုတော့ တပည့်တော်နဲ့တကွ ဓမ္မနာဒတိုက်သံဃာဟာ ဒီကိစ္စနဲ့

http://www.dhammadownload.com



ပတ်သက်ပြီး တော်တော်တွေ့ရကြုံရပါတယ်။ ကြုံရဆို ဒီကျောင်းတိုက်ရဲ့ ဓမ္မနာဒ သံဃာ့ဝေယျာဝစ္စ ပဒေသာပင်ရှိတဲ့ ဥစ္စာကို ငွေစုလက်မှတ် ကိုး(၉)သိန်း၊ ငွေစုဘဏ်စာအုပ် သုံး(၃)သိန်းကျော်ရှိတာ။ တပည့်တော်က ဩော်–ကျောင်းက ကိုရင်လေးတွေ၊ ကျောင်းကဦးဇင်းတွေ နဝကမ္မတို့ သုံးကြပါစေ၊ တက်ထရွန်သက်န်းတို့ ဘာတို့ ဝတ်ရပါစေ၊ တကယ့်စေတနာနဲ့ တပည့်တော် တိုက်အုပ်ဘုန်းကြီးနဲ့ တကွ ကပ္ပိယအဖွဲ့ကို တပည့်တော် ပြောတယ်။

လောကစံ ပြောချင်လို့ပါ။ အဲ့ဒီ ၉ သိန်း၊ သံဃာ့ဝေယျာဝစ္စ ငွေစုလက်မှတ်က အရင်းရော အတိုးပါ ထုတ်ပါ။ အဲဒီထုတ်တော့ အဲဒီကိုးသိန်းအရင်းနဲ့ ငွေစုဘဏ်စာအုပ်က သုံးသိန်းထုတ်ပြီး တော့ ၁၂ သိန်းဘိုး ငွေစုလက်မှတ် ဝယ်လိုက်ပါ။ ကိုးသိန်းက တစ်နှစ်ရတဲ့အတိုး ကိုးသောင်းကျော် ထုတ်ခဲ့ပါ။ တပည့်တော် ရည်ရွယ်တာက ဒီကိုးသောင်းကျော်က ကျောင်းက သာမဏေလေးတွေ များအားလည်း တက်ထရွန်သက်န်း တစ်ပါးတစ်စုံကျစီ လှူရအောင် တိုက်အုပ်ဘုန်းကြီးနဲ့ တပည့် တော် တိုင်ပင်တယ်။ ကျန်တဲ့ ရဟန်းတော်များကိုလည်းပဲ တစ်ပါးကို တစ်ရာငါးဆယ်–နှစ်ရာ ငါးဆယ် (၁၅ဝ–၂၅ဝ)စသည် နဝကမ္မလှူရအောင်၊ သူတို့တစ်နှစ်လည်လို့ နဝကမ္မဒီလောက် မရနိုင် ဘူး။ အဲဒီအားလုံး အကုန်ပြီးမှ ပိုတဲ့ဟာကို ပြန်ပြီးတော့ ငွေစုဘဏ်စာအုပ်ထဲ ထည့်တာပေါ့လို့ တပည့်တော် ဒီလို စီမံတယ်။

ဒီကနေ့ ထုတ်လိုက်တယ်ဆိုရင်ပဲ နက်ဖြန်သန်ဘက်ခါကျတော့ ဒီပြဿနာပေါ်တာပဲ။ အဲဒီ ဥစ္စာ တပည့်တော်တို့ကျောင်းမှာ ကိုးသောင်းကျော်လောက် တစ်သိန်းလောက် ပြဿနာ ဖြစ်မယ် ပြောပါစို့။ ဒါအမှန်ကတော့ ဒီဥစ္စာ တွေ့တတ်ကြုံတတ်တဲ့ အာမိသကိစ္စဟာ ဒီလိုပဲ တွေ့တတ်တယ် ဆိုပြီး တပည့်တော်စိတ်ထဲမှာ ဒီအတွက် ဘာမှ စိတ်ဆင်းရဲမှု မရှိစေဘူး။ အမှန်ရှိလည်း မရှိပါဘူး။

တပည့်တော်စိတ်ထဲမှာ ဒါ သူ့အစိုးရမှာက ဒီပေးလိုက်တဲ့ ထုတ်လိုက်တဲ့ ပစ္စည်းတွေကလည်းပဲ တပည့်တော်ကြည့်တယ်။ သူတို့ဘဏ်ကတော့ သူတို့သိပြီးတော့ လုပ်တာ။ လုပ်တာဆို တဲ့တိုး ပြောရရင်တော့လည်း ဘဏ်မှာက ရှေးတုန်းက တပည့်တော်တို့ ဗုဒ္ဓဘာသာတွေ မန္တလေးဘဏ်မှာ ကြီးစိုးတယ်။ ဒါတွေပြောတော့ နည်းနည်း စိတ်ဆင်းရဲကြတယ်။ ဘာပဲပြောပြော ဒီတွေ့တဲ့ ပြဿနာ ကတော့ ဘယ်လိုပဲတွေ့တွေ့ သူထိုက်သလို နောက်ဆုံး သုံးပုံတစ်ပုံတော့ အစိုးရက ပေးချင်ပေးမယ် ပေါ့။ သုံးပုံတစ်ပုံ ပေးပေး–မပေးပေး ဒီဥစ္စာ ဒါအာမိသကိစ္စတွေ။ ဒီအထဲ တို့မပါနဲ့။ စိတ်မဆင်းရဲ နဲ့။ တပည့်တော် ဒီလိုပဲ အောက်မေ့ပါတယ်။

ဒါ့ကြောင့် အရှင်ဘုရားတို့လည်းပဲ ရှာက မလျှောက်ဘူးလား။ ဒီ ၂၅ ကျပ်တို့ ၃၅ ကျပ်တို့ ၇၅ ကျပ်တို့ အကယ်၍ရှိရင် စုပြီးတော့ အားလုံးဘယ်လောက်ရှိတယ်။ စာရင်းလုပ်ထားကြပါ။ အစိုးရက နောက်ဒုတိယတစ်ရစ်ကျတော့ သူတို့ဘယ်လို ကြေညာမယ် မသိဘူးပေါ့လေ။ ပေးရင် ဒီသူတို့ ကြေညာမယ့်အရစ်ကျတော့ ကိုယ်က အသင့်ရှိအောင် ဦးဇင်းတို့ ဥပနာယက အရှင်မြတ် များက အားလုံးရဲ့ သူတို့ဝတ္ထုကို စာရင်းနဲ့ အသင့်လုပ်ထားကြပါ။ ကိုယ်တော်တို့ ဒီလောကစံ

http://www.dhammadownload.com



ကြောင့် ဦးဇင်းတို့ရဲ့ စာပေပရိယတ္တိအားထုတ်မှု လျှော့မသွားကြပါနဲ့။

တပည့်တော် ဟိုကဥပဋ္ဌာကအဖွဲ့ စာကိုကြည့်ရတော့ သူတို့မှာ ဦးဇင်းတို့ ပူရမှာကို သူတို့ ပူနေတယ်။ အခက်အခဲ တော်တော်ရှိတယ်ဘုရား။ "အခုရက်ပိုင်းအတွင်းမှာ ဘဏ်ကလည်း ငွေထုတ်-ငွေသွင်း လက်မခံသေးတဲ့အချိန်မှာ ခေတ္တခဏ ဟိုအရေဟင်းနဲ့ စားကြပါ"ဆိုတာ တပည့်တော် စာဖတ်ပြီးတော့ တပည့်တော် ရှိင်းရှိင်းစိုင်းစိုင်း ပြောတယ်လို့ အောက်မေ့ချင် အောက်မေ့မှာ။ တပည့်တော်က အစကတည်းကိုက ဦးဇင်းတို့ အရေဟင်း ဘုဉ်းပေးကြပါ ဒီလို တပည့်တော် ပြောထားတယ်။

တပည့်တော် မန္တလေး ရန်ကုန် ထိုထိုမြို့ရွာမှာ အင်မတန် ကျန်းမာရေးလိုက်စားတဲ့ ဆရာဝန်ကြီးတွေ၊ ဒီပြင်ဆရာဝန် မပြောနဲ့၊ ဆရာဝန်ကြီး ဦးသာလှပဲပြောပါ။ တပည့်တော် သူ့အိမ်သွားရင် ဘယ်တော့မှ သူ့အိမ်က ဝက်သားကပ်တာ တစ်ခါမှ မတွေ့ရဘူး။

သူ့အိမ်က ဆွမ်းကျွေးဆို ဝက်သားဟင်း တစ်ခါမှ မပါဘူး။ တစ်ခါကြက်သားတို့ ဘာတို့ကော ဆိုတော့ အခုပြောသလိုပဲ အားလူးလေးနဲ့ရောပြီးတော့ ပြုံးပြွမ်းပေါ့လေ။ ဆီပေါ် ရေပေါ် ကပ်တာ ဘုရား၊ ကြက်သားဆီပြန် မကပ်ဘူး။ တစ်ခါတလေ သူတို့ဆိတ်သားကပ်တဲ့အခါကျတော့လည်း ဒီဆိတ်သားဟင်းလေးကို ကုလားပဲနဲ့ရောပြီးတော့မှ နည်းနည်း ဆီပေါ်ရေပေါ် ဆီလည်ရေလည် ခေါ်သပေါ့။ အဲဒါလေးကို ကပ်တာ။

တပည့်တော်က ဆရာဦးသာလှနဲ့ မတွေ့ခင်ကတည်းကိုက တပည့်တော် ၁၇ နှစ်သားက သာမဏေဘဝ ဥပဇ္ဈာယ်ဆရာ ပက္ခဃာတ=ကိုယ်တစ်ခြမ်းသေတဲ့ရောဂါ လေရောဂါနှိပ်စက်လို့ တပည့်တော်က အစစအကုန်လုံး ပြုစုရတယ်။ ပြုစုတော့ တပည့်တော် ပက္ခဃာတလေ နှိပ်စက်ရင် (ဝါ) သွက်ချာပါဒလို့ခေါ်တဲ့ ဒီလေနှိပ်စက်ရင် သူတစ်ပါးနဲ့စပ်ပြီးတော့၊ အားလုံး သူတစ်ပါးနဲ့ စပ်ပြီးတော့ နေရတယ်။ အကယ်၍ အနှံ့အနှာခံပြီး ပြုမယ့် တပည့်မရှိရင် အဲဒီပက္ခဃာတလေ နှိပ်စက်တဲ့ ပုဂ္ဂိုလ်ဟာ မိမိရဲ့ ကျင်ကြီးကျင်ငယ်ထဲမှာ "သကေမုတ္တကရီသေ ပလိပန္နော"ဆိုတဲ့ ဒီတရားအရ မိမိရဲ့ ကျင်ကြီးကျင်ငယ်ထဲမှာ နစ်မျောမှာပဲ။ ဒါအသေအချာတွေ့တယ်။ ဒီတော့ တပည့်တော်က စဉ်းစားတယ်။ ကိုရင် ၁၇ နှစ်သား၊ ငါ့ဆရာမှာတော့ကို ငါကတော့ သူသေသည် တိုင်အောင် ပြုရမှာပဲ၊ သူ့ကျင်ကြီးကျင်ငယ်ထဲ မနစ်မျောဘူးထား၊ မတော်လို့ ငါ့များ ဒီရောဂါမျိုး ဖြစ်လို့၊ ငါ့လို တပည့်မရှိရင် ...။

အေး "သကေမုတ္တကရီသေ ပလိပန္နော"ဆိုတဲ့အတိုင်း မိမိရဲ့ ကျင်ကြီးကျင်ငယ်ထဲ နစ်မျောမှာ သေချာတယ်။ ဒီတော့ တပည့်တော် အဲဒီရောဂါဖြစ်မှာ သိပ်ကြောက်တယ်။ အဲဒီလို သိပ်ကြောက်တော့ ဒီဆရာတော်အား ကုတဲ့ ဆေးဆရာကြီးတွေ ဗမာဗိန္ဒော ဆေးဆရာကြီးတွေ သူတို့ကို မေးတယ်။ ဆရာကြီးတို့ ဒီရောဂါမျိုး ဖြစ်စေတတ်တာ ဘယ်ဟာက ဖြစ်စေတတ်တုံး"ဆိုတော့၊ အဲဒီဆရာကြီးတွေက "ကိုရင် ဝက်သားက ဖြစ်စေတာ၊ ဝက်သားက ဖြစ်စေတာ"တဲ့။

http://www.dhammadownload.com



အဲဒါ ဗမာဗိန္ဓောဘုရား။ တပည့်တော်ဆရာရဲ့ရောဂါဟာ အလွန်ကြာရင် ဆရာတစ်ယောက် နှစ်လပဲ။ နှစ်လဆိုရင် မစားတော့ဘူး။ ဒီဘုန်းကြီးက "မထူးဘူးကွာ"ဆိုပြီးတော့ အဲဒီ ဆရာဖြတ် ပြန်။ နောက်ဆရာတစ်ယောက် ရှာပြန်။ ရောက်ပြန်။ တပည့်တော်ကတော့ မေးပြန်။ မေး–ဝက်သား ပဲ ပြောတာ။ ဝက်သားစားရင် ဒီရောဂါမျိုး ဖြစ်တတ်တယ်ဆိုတာ ဗမာဗိန္ဓောတွေကလည်း တစ်သံ တည်း ထွက်တယ်။

တစ်ခါနောက် တပည့်တော် ဒီဘက် ရဟန်းဖြစ်ပြီးလို့ ဆရာဦးသာလှတို့၊ မန္တလေးက ဒေါက်တာဟန်စောတို့နဲ့ တပည့်တော် ဆရာဒကာ ရင်းရင်းနှီးနှီးတော်စပ်တဲ့ အခါကျတော့ "ဆရာ တို့" သူတို့ကတော့ ဒါ သွေးတိုးရောဂါရဲ့ အဆွယ်အပွားပေါ့လေ။ ကိုယ်တစ်ခြမ်းသေတယ်တို့ ဘာတို့ဆိုတာ သွေးတိုးရောဂါရဲ့ အဆွယ်အပွား။ "အဲဒီသွေးတိုးရောဂါကို ဖြစ်စေတတ်တာ ဘယ်သူလဲ"။ သူတို့ကလည်းပဲ ဝက်သားပဲ ပြောတယ်။" "ပြောစမ်းပါဗျာ"လို့။ ဝက်သားမှာပါတဲ့ အဆီက တပည့်တော်တို့ အကြောတွေထဲမှာ သူကကျဉ်းစေတတ်တယ်။ အကြောကို ကျဉ်းစေတတ် တယ်တဲ့။ နှလုံးကနေပြီးတော့ သွေးကို မှန်မှန်ဆိုက်ပြီး ခပ်ပြီး ပေးလိုက်တဲ့အခါ အကြောကျဉ်းတော့ ဆောင့်ဆောင့်တိုးရလို့ သွေးတိုးရောဂါ ပေါ်တာတဲ့။ ကိုယ်တစ်ခြမ်းသေတယ်။ တစ်ကိုယ်လုံး သေတယ်ဆိုတာ အဲဒါသွေးတိုးရောဂါရဲ့ အဆွယ်အပွား။

တစ်ခါ သူတို့ကိုမေးတယ်။ "သည်ဥစ္စာကို ငြိမ်းစေတတ်တာ မရှိဘူးလား"ဆိုတော့၊ သူတို့ ပြောတယ်။ သူတို့သိပ္ပံက စဉ်းစားတယ်။ သွေးတိုးရောဂါ ဖြစ်စေတတ်တာ ဝက်သားက အဆီ၊ ဝက်သားက အဆီသည် ဖြစ်စေတတ်ရင် ထောပတ်လည်းပဲ အသက်ရှိသော သတ္တဝါကဖြစ်တဲ့ အဆီပဲတဲ့။ ဘာဘူကြီးတွေကျတော့ ထောပတ်စားတယ်။ သူတို့တော့ အခုလို သွေးတိုးရောဂါ အဖြစ်မများဘူး နည်းတယ်။

သူတို့ ဘာကြောင့် မဖြစ်သလဲဆိုတော့ ဘာဘူကြီးတွေက နေ့တိုင်းနေ့တိုင်း သူတို့က ကုလားပဲ စားတယ်တဲ့။ အဲဒီကုလားပဲဟင်းက အကြောထဲမှာရှိနေတဲ့ အကြောကို ကျဉ်းစေတတ်တဲ့ ဒီသက်ရှိ သတ္တဝါရဲ့အဆီက အကြောကို ကျဉ်းစေတတ်တဲ့ ဒီအမြှေးလေးတွေကို ကုလားပဲက အကုန်စုပ် သွားတာပဲ ဘုရား။ ဒါကြောင့် သူတို့မှာ သွေးတိုးရောဂါ အဖြစ်နည်းတာတဲ့။ ဒါကြောင့် သူတို့ များသောအားဖြင့် ဆရာတွေဟာ ဆရာဝန်တွေဟာ ကုလားပဲ၊ အာလူး၊ ကြက်သားချက်ရင် အားလူး၊ ပြီးတော့ ဆိတ်သားချက်ရင် ကုလားပဲ၊ သူတို့ဟင်းမှာ အဲသလို ရောစားတာတဲ့။ တပည့်တော်များ တွေ့ရတယ်။

အဲသလို တွေ့ရလို့ တပည့်တော်တော့ မစားဘူး။ ၁၇ နှစ်က စပြီးတော့ ကြောက်လို့ သွေးတိုး ရောဂါကို ကြောက်လို့ မစားတာ။ ဒီလိုနေရာက တပည့်တော် သူတို့ ဥပဋ္ဌာကအဖွဲ့ကိုလည်း ပြောတယ်။ "ကျုပ်ကိုယ်တော်လေးတွေကို ရောဂါအန္တရာယ် မဖြစ်ပါစေနဲ့၊ ဟောဒီ မိုးမိတ်ထဲမှာ

http://www.dhammadownload.com



ဝက်သားမဝင်ခဲ့ပါနဲ့"လို့ တပည့်တော် ပြောတယ်။ ဒါပေမယ့် သူတို့လူကတော့ ဝက်သားကို သူက အင်မတန်ကောင်းတဲ့အနေနဲ့ သမုတ်ပြီး တပည့်တော် မသိအောင် ဦးဇင်းတို့ကို တိတ်တိတ်ပုန်း ဝက်သားကျွေးတယ်။ တပည့်တော်က ဦးဇင်းတို့ ကောင်းကောင်း မစားစေချင်လို့ မဟုတ်ဘူး။ ဒီရောဂါရောက်မှာ ကြောက်လို့။ တစ်နေ့က တပည့်တော်တို့ မန္တလေးမှာရောက်တော့ အစည်းအဝေးပေါ့လေ။ အစည်းအဝေးနေ့မှာ တပည့်တော်တို့ ပုသိမ်ကြီးကပြန်၊ မန္တလေးတက္ကသိုလ်ရောက်၊ တက္ကသိုလ်ရောက်လို့ လက်ဖက်ရည်တော့ သောက်ဖို့ မီသေးတယ်။

အဲဒါနဲ့ နာယကချုပ်ကျောင်းမှာ လက်ဖက်ရည်ကပ်တော့ ဆွမ်းစားပြီးတော့ ပြန်လာတဲ့ ဦးဇင်းများ၊ "ဦးဇင်းတို့ ဒီနေ့ ဘာဟင်းနဲ့ ဆွမ်းကပ်တုံး ဦးဇင်းတို့"ဆို။ "ဝက်သားဟင်းတဲ့ဗျာ။" ရော-ဂွပဲလို့၊ တပည့်တော်စိတ်ထဲမှာ သိပ်ကို စိုးရိမ်သွားတယ်။ အဲဒါနဲ့ အဲဒါနဲ့ အဲဒီနေ့ည တပည့်တော်ကို ဩဝါဒပေးဖို့ဆိုတဲ့ အပိုင်းရောက်တော့ တပည့်တော် ဒါကို ပြောတယ်။ "မထည့်ကြပါနဲ့"။ ဟောဒီမှာ ဆရာဝန်ကြီးဦးသာလှကိုပဲ ရှေ့ကသက်သေထားပြီးတော့ ကျုပ်ပြောပါတယ်။ "ဝက်သားသည် သွေးတိုးရောဂါ ဖြစ်စေတတ်တယ်ဆိုတာ ဟောဒီ ဆရာဝန်ကြီးဦးသာလှ ပိုသိပါတယ်။ အဲဒါကြောင့်မို့ နောက်ကို တက္ကသိုလ်ထဲမှာရော တိပိဋကနိကာယကျောင်းထဲမှာရော ဝက်သားကို မလာပါစေနဲ့-မဝင်ပါစေနဲ့"လို့ တပည့်တော်ပြောတယ်။

အခု ဦးဇင်းတို့ကို တပည့်တော် ပြောတာဟာ ဦးဇင်းတို့အနေနဲ့ ဝက်သားကို မစားချင်အောင် မတောင့်တအောင်၊ ဘာပြုလို့တုံး။ သွေးတိုးရောဂါဖြစ်မှာ ကြောက်လို့။ ငါ့ဖြစ်တာမှ မဟုတ်ဘဲ၊ ဘာဖြစ်လို့တုံးဆိုတဲ့စိတ်မျိုး တပည့်တော် ယောနိသော အဲသလို တပည့်တော် နလုံးမသွင်းနိုင်ဘူး။ တပည့်တော်ညီလေးတွေ ဒီအန္တရာယ်မျိုး မရောက်ပါစေနဲ့ ဆိုတဲ့အနေနဲ့ တပည့်တော် ဦးဇင်းတို့ကို အခုပေါ့လေ-တစ်နည်း ဩဝါဒပေးတယ်ပဲ ပြောပြော၊ သတိပေးတယ်ပဲ ပြောပြော။ ဒကာ ဒကာမကတော့ သူတို့ကောင်းတယ်ထင်တာကို သူတို့လုပ်တာပဲ။ အခုနက ပြောတဲ့အတိုင်း ဝက်သားသည် သွေးတိုးရောဂါ-ပက္ခဃာတ=ကိုယ်တစ်ခြမ်းသေတဲ့လေကို ဖြစ်စေတယ်ဆိုတာ ဟုတ်တယ်ဘုရား။ တပည့်တော် အဲဒီကိုရင် ၁၇ နှစ်သား ၁၈ နှစ်သား၊ တပည့်တော်ရဲ့ ဥပဇ္ဈာယ်ဆရာ ဘုန်းကြီး ဦးသောဘိတ "ဝက်သားမပါရင် ဆွမ်းမစားဘူး"။ ထို့အတူပဲ သူနဲ့သူငယ်ချင်း ဘုန်းကြီး ဦးကုဏ္ဍစာရတဲ့ "ဝက်သားမပါရင် ဆွမ်းစားဘူး"။ အဲဒီဘုန်းကြီးနှစ်ပါးပြီးတော့ လူ့ဘောင်လောကက "ဝက်သားမပါရင် ထမင်းမစားဘူး"ဆိုတဲ့ တပည့်တော်တို့ မင်းကျောင်းတိုက်နား အနီးမှာ ဦးဘိုးညွန့်ဆိုတဲ့ လူချမ်းသာကြီးတစ်ယောက်။ ပြီးတော့ စွန်းလွန်းသူကြီး ဦးထွားကြီးဆိုတဲ့ လူချမ်းသာကြီးတစ်ယောက်။ တပည့်တော် သိရသလောက်ပေါ့လေ။ ဝက်သားမပါရင် ထမင်းမစားဘူးဆိုတဲ့ ရဟန်းတော်နှစ်ပါး၊ လူဝတ်ကြောင်နှစ်ယောက်။ သူတို့ အကုန်လုံးပဲ ကိုယ်တစ်ခြမ်းသေတဲ့ ပက္ခဃာတ=လေရောဂါနဲ့ နှိပ်စက်ပြီးတော့ ဘဝနိဂုံး အဆုံးသတ်ကြရတယ်။

http://www.dhammadownload.com



အဲဒါကြောင့် တပည့်တော် ဝက်သားကို သိပ်ပွဲကရော ဗိန္ဓောကရော မတည့်ဘူးဆိုတာ သိပ်မှန်တာပဲ။ အဲဒါကြောင့် ဦးဇင်းတို့ မစားကြနဲ့လို့ တပည့်တော် ထပ်၍လည်း ပြောတယ်။ သူတို့ လူတွေကျတော့ကော လူတွေကျတော့ သူတို့လူတွေရဲ့အလုပ်က တစ်မျိုးဘုရား မတူဘူး။ တပည့်တော်တို့ သာသနာနဲ့ မတူဘူး။ အထူးသဖြင့် တရုတ်က ပိုပြီးတော့ ဝက်သားစားတယ်။ အထူးသဖြင့် တရုတ်ကပိုပြီးတော့ ဟောဒီသွေးတိုးရောဂါ ဖြစ်တယ်။ ပိုစားတဲ့ ပုဂ္ဂိုလ်တွေက ပိုပြီးတော့ သွေးတိုးရောဂါ ဖြစ်တတ်တယ်။ ဒီဝက်သား မစားတဲ့ ဘာသာကြီးတွေက အဖြစ်နည်းတယ်။

အဲဒါကြောင့် ဦးဇင်းတို့ အစားမှာပေါ့လေ၊ ဝက်သားမစားကြနဲ့။ ကိုယ် အနေမတတ်။ "သင်္ဂဟအနေမတတ် ရေပက်ခံရတယ်"ဆိုတာလို အခုရက်အတွင်းမှာ မန္တလေးကို မသွားကြနဲ့ ဘုရား။ မသွားကြနဲ့။ ဦးဇင်းတို့ အမေကြီးနဲ့တူတဲ့ ဒေါ်ရွှေညွန့်က တမင်ကို ဟိုကလျှောက်လိုက်တာ။ အဘွားကြီးက အင်မတန် အမြော်အမြင်ကြီးတယ် ဘုရား။ ပြီးတော့ သူတို့ဆီမှာတော့ သတင်းလဲ အမျိုးမျိုးရောက်တယ်။ အဲဒါကြောင့် ဦးဇင်းတို့ကို သူ့အမေက သားတွေကို ပြောသလို မကြွခဲ့ကြပါနဲ့ဆိုတာ တပည့်တော်ကောင်မှ သန်ဘက်ခါ ရန်ကုန်သွားဖို့တဲ့။ နဂိုက အစီအစဉ်ရှိတယ်ဘုရား။ ဒီနေ့ မြို့က သွားပြီးတော့ ရန်ကုန်သွားဖို့ရန်ကို တပည့်တော် ပိတ်လိုက်တယ်။ အခုရက်မှာ စုပေါင်းရေစက်ချပွဲလုပ်ဖို့ မတော်သေးဘူး။ ဒါကြောင့် မလာဘူးဆိုတာ တပည့်တော် သွားပြီး အကြောင်းကြားခိုင်းတယ်။ ဦးဇင်းတို့လည်း အဲဒီဥစ္စာသိပြီးတော့ မြို့ကိုအသွား ဆင်ခြင်ကြ။ အကယ်၍ မိမိတို့ မသွားမဖြစ်ဘူး၊ သွားမှဖြစ်မယ်ဆိုတဲ့ ကိစ္စရှိရင်လည်းပဲ တစ်ပါးတည်း မသွားကြနဲ့။ နှစ်ပါး သုံးပါးသွား။ မြို့ပေါ်တက်ပေါ့ဆိုကတည်း သင်္ကန်းရုံ၊ ကိုယ့်ယပ်တောင်ကလေးတွေနဲ့ ရဟန်းကောင်းဆိုတာ ထင်စွာပြပြီးတော့ ကြွကြ။ ကြွပြီးမှ ဌာနခွဲကိုမေး။ သွားလို့တော်မယ်– မတော်ဘူးဆိုတာ အစိုးရမှာ အင်မတန်ကြီးစွာသော ပြဿနာ ဖြစ်နေတဲ့အချိန် တပည့်တော်တို့က အလိုက်သိကြမှ ကောင်းပါတယ်။ တပည့်တော်တို့ ပြောစရာ ဒီလောက်ပါပဲ။ ဦးဇင်းတို့ ကိုယ့်ကိုယ်ကို ကောင်းကောင်းပေါ့လေ။ အားလုံး ကန်တော့ကြ။ တပည့်တော်တို့ မန်လည်ကတော့ နောက်ဆုံး ကန်တော့ရင် သဗ္ဗီတိယောဂါထာရယ်၊ အဘိဝါဒနသီလိဿဂါထာရယ် ဒါကို ရွတ်ပြီးတော့ နိဂုံးအုပ်တယ်။

သဗ္ဗီတိယောနဲ့ ဆုပေးတော်မူပါဘုရား။

သဗ္ဗီတိယော ဝိဝဇ္ဇန္တု၊ သောကော ရောဂေါ ဝိနဿတု၊
မာ တေ ဘဝန္တ္ဝန္တရာယာ၊ သုခီ ဒီဃာယုကော ဘဝ။
အဘိဝါဒန သီလိဿ၊ နိစ္စံ ဝုဍ္ဎာပစာယိနော။
စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊ အာယု ဝဏ္ဏော သုခံ ဗလံ။

သာဓု ... သာဓု ... သာဓု။

http://www.dhammadownload.com



၁၃၅၀ ပြည့်နှစ်၊ မင်းကွန်းတောင်ရိုး မိုးမိတ်စေတီတော်ကြီးမျှားကုန်းမြေ
တိပိဋက=နိကာယကျောင်းတိုက်၌ သီတင်းသုံးတော်မူကြသော
နိကာယအလျာ စာအောင်သံဃာတော် အရှင်မြတ်တို့အား
မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး

## ချီးမြှင့်အပ်သော ဩဝါဒကထာ

ဘုရား တရား သံဃာအားဖြင့် သုံးပါးရတနာ မြတ်မွန်စွာကို သဒ္ဓါရိုကျိုး လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ကြရသော ပဏာမကောင်းမှု ကုသိုလ်ကံ စေတနာတို့ကြောင့် အနိဋ္ဌဘေးဒဏ် ရန်မာန်ခပ်သိမ်း ဘဝတိုင်း ကင်းလွတ်ငြိမ်းကြ၍ သီလသိက္ခာ=သီလသာသနာ+ သမာဓိသိက္ခာ=သမာဓိသာသနာ+ပညာသိက္ခာ=ပညာသာသနာတည်းဟူသော သုံးပါးသိက္ခာ သာသနာသုံးရပ် ပဋိပတ်ကို အရဟတ္တမဂ် အရဟတ္တဖိုလ်ပေါက် ကျင့်ဆောက်ကြိုးကုတ် အားထုတ် တော်မူနိုင်ကြသည် ဖြစ်ပါစေကုန်သတည်း။

(အာမဘန္တေပါ အရှင်ဘုရား)

အင်္ဂုတ္တိုရ်မှာ သောတာနုဂတသုတ်လို့ စတုက္ကနိပါတ် မဟာဝဂ်မှာ လာတယ်။

သောတာနုဂတာနံ ဘိက္ခဝေ ဓမ္မာနံ ဝစသာ ပရိစိတာနံ မနသာနုပေက္ခိတာနံ ဒိဋ္ဌိယာ သုပ္ပဋိဝိဒ္ဓါနံ စတ္တာရော အာနိသံသာ ပါဋိကင်္ခါ ... စသည်ဖြင့် –

ရဟန်းတို့ –

၁။ သောတာနုဂတ

၂။ ဝစသာပရိစိတ

၃။ မနသာနုပေက္ခိတ

၄။ ဒိဋ္ဌိယာသုပ္ပဋိဝိဒ္ဓ –

အင်္ဂါလေးချက် ပြည့်စုံတဲ့ ပရိယတ္တိတရားတော်များရဲ့ အကျိုးအာနိသင်ဟာ လေးမျိုးရ ဖြစ် တယ်။ သောတာနုဂတဆိုတာ မိမိတို့ သုတမယဉာဏ်နဲ့ ဆရာသမားဆီမှာ နာယူ၍ပဲဖြစ်ဖြစ်၊ မိမိကိုယ်တိုင်ပဲ ကျက်၍ အံ၍ ကြံ၍ပဲဖြစ်ဖြစ်၊ ဒီအခါမှာ ဖြစ်တဲ့အသိဉာဏ်ကို သုတမယဉာဏ် သူ့ကို သောတာနုဂတ။

တစ်ခါ သုတမယဉာဏ်နဲ့ ကျက်မှတ်ပြီးတော့ ရပြီဆိုတော့ ဝစသာပရိစိတ=မိမိရတဲ့ စာပေ ပရိယတ္တိကို နှုတ်ဖြင့်လေ့လာတယ်။ ဒါ ပရိစယဉာဏ်နဲ့ ကျက်မှတ်ပြီးတော့ ရပြီဆိုတော့ ဝစသာ

http://www.dhammadownload.com



ပရိစိတ။ မိမိရတဲ့ စာပေပရိယတ္တိကို နှုတ်ဖြင့်လေ့လာတယ်။ ဒါ ပရိစယဉာဏ်လို့ ခေါ်ရပါတယ်။ ဒီလိုနှုတ်ဖြင့် လေ့လာတဲ့ ပရိစယဉာဏ်နဲ့ လေ့လာပါ။

တစ်ခါ ပရိစယဉာဏ်နဲ့ လေ့လာပြီးတဲ့နောက် မနသာနုပေက္ခိတ=စိန္တာမယဉာဏ်နဲ့ ဒီစာထဲက လာတဲ့ တရားသဘောကို ကြံစည်ပါ။ စိန္တာမယပညာနဲ့ အဲဒီလို ကြံစည်တဲ့ စိန္တာမယပညာ၊ အဲဒီမှာ ဝိညာဉ်ပြဋ္ဌာန်းလာပါတယ်။

အဲဒီက တစ်ဆင့်တက်တော့ ဒိဋ္ဌိယာသုပ္ပဋိဝိဒ္ဓဆိုတဲ့ ပညာဖြင့် ထိုးထိုးထွင်းထွင်း သိလာရင် အကျိုးလေးပါး။

ဤတွင် အင်္ဂါလေးချက်မှာ မိမိတို့အဖို့ ၁။ သုတမယဉာဏ်လဲ ရှိကြပြီ။ ၂။ ဝစသာပရိစယဉာဏ် လဲရှိကြပြီ။ ၃။ မနသာနုပေက္ခိတလို့ဆိုတဲ့ စိတ်နဲ့လဲပဲ ကြံစည်ပြီးတော့ စာသဘော တရားသဘော ကို သိကြပြီ။ ၄။ ဒိဋ္ဌိယာသုပ္ပဋိဝိဒ္ဓဆိုတဲ့ ပဋိဝေဓ စတုတ္ထဉာဏ်အဆင့်ကိုလဲပဲ မိမိတို့ရောက်တယ်လို့ ပဲ ဆိုရမည် ဖြစ်ပါတယ်။ ဘာပြုလို့တုန်းဆိုတော့ တပည့်တော်တို့ စာပေမှာ တကယ်လေ့လာပြီဆို ရင် အဆင့်သုံးဆင့် တွေ့ရတယ်။

၁။ ဟောဒီ သညာဖြင့် သိရတဲ့ ပထမအပိုင်း၊ ပိဋကတ်တော် လေ့လာရင် ပထမပိုင်းမှာ သညာနဲ့ သိတဲ့နေရာ။ သညာက အမှတ်ပြုပြီးတော့ သိတယ်လို့ အဋ္ဌကထာများ ဖွင့်တယ်။ ဒီသညာ ပိုင်းနဲ့ စာပေကို ပြန်လာတဲ့အခါကျတော့ မိမိမျက်စိနဲ့ မှိတ်ပြီးပြန်ရင် ငါယခု ပြန်နေတာ စာပေမှာ အထက်ပိုင်းရောက်ပြီ၊ အလယ်ပိုင်းရောက်ပြီ၊ အောက်ပိုင်းရောက်ပြီ၊ လက်ဝဲမျက်နှာ၊ တစ်ခါ လက်ယာမျက်နှာ ကူးသွားပြီ။ အထက်ပိုင်းရောက်ပြီ၊ အလယ်ပိုင်းရောက်ပြီ၊ အောက်ပိုင်းရောက်ပြီ။ အဲဒီလို အသိဉာဏ်နဲ့ ပြန်တာဟာ ဒါ ပထမပိုင်း။

၂။ တပည့်တော်တို့ ဒီသညာသိ ဝိညာဉ်သိ ပညာသိ အသိအပိုင်းသုံးပိုင်းမှာ ဒီပထမပိုင်းဟာ သညာက ခေါင်းဆောင်ပြီး သိတဲ့အပိုင်း။ အဲဒီသညာက သိပြီးတဲ့နောက် ဝိညာဉ်နဲ့သိတဲ့အပိုင်းကျ တော့ စာပြန်ပါများလာတော့ သညာသိပိုင်းက ဟိုဘက်ကူးသွားရင် ဝိညာဉ်သိပိုင်းကျတော့ နည်းနည်း၊ အသိနည်းနည်း တက်လာတယ်။ ဘာတွေလျော့သွားတုန်းဆိုတော့ ငါယခု လက်ဝဲ မျက်နှာ ရောက်ပြီ။ အထက်မှာ၊ အလယ်မှာ၊ အောက်မှာ၊ လက်ယာမျက်နှာ ရောက်ပြီ၊ အထက်မှာ၊ အလယ်မှာ၊ အောက်မှာဆိုတဲ့ အဲဒီသညာအသိ နည်းနည်းလျော့သွားပြီ။ သညာတော့ မပါဘူးလား၊ ပါ၏။ သို့သော် သူ့မှာ ဝိညာဉ်သိကျတော့ အကြောင်းအရာကို နည်းနည်းစဉ်းစားလာတယ်။ အကြောင်းအရာ စဉ်းစားပြီးတော့ ပြန်လာတဲ့အပိုင်း ရောက်လာတယ်။ အဲဒီဝိညာဉ်သိက တော်တော် လေး ရင့်လာပြီ ဆိုလို့ရှိရင် သညာသိအနေနဲ့ အကြောင်းအရာကို ကြည့်ပြီးတော့ ဟောဒီပါဠိကို မိမိတို့ ရွတ်ပွားလာတယ်။

တစ်ခါတလေ အဲဒီ ပညာသိပိုင်းကျမှ တပည့်တော်တို့ ဒီသညာ+ဝိညာဉ်ပိုင်းတုန်းက ချွတ်ယွင်း ခဲ့တာတွေ ဘာတွေကို သွားပြီးတော့ စာမှာတွေ့ရတယ်။ တွေ့ရတော့။ ဥပမာပုံ – မြတ်စွာဘုရား

http://www.dhammadownload.com



ဟို ရှင်အာနန္ဒာ သက်န်းရတဲ့ ဝတ္ထု။

"တေန ခေါ ပန သမယေန အာယသ္မတော အာနန္ဒဿ အတိရေကစီဝရံ ဥပ္ပန္နံ ဟောတိ"။ ဟောဒါ ရှင်အာနန္ဒာမှာ တိစီဝရိက် အဓိဋ္ဌာန်တင်ထားတဲ့ သင်္ကန်းထက် ပိုလျှံသော သင်္ကန်းဖြစ်ပေါ်လာပါတယ်။

"အာယသ္မာ စ အာနန္ဒော တံ စီဝရံ အာယသ္မတော သာရိပုတ္တဿ ဒါတုကာမော ဟောတိ"။ ဒါက အနုသန္ဓေစကားပဲ။ ရှင်အာနန္ဒာကလည်းပဲ ထိုထိုမိမိရတဲ့ သင်္ကန်းကို ရှင်သာရိပုတ္တရာအား လှူလိုတယ်။

"အာယသ္မာ စ သာရိပုတ္တော သာကေတေ ဝိဟရတိ"=အရှင်သာရိပုတ္တရာကလည်း သာကေတမှာ နေတယ်။ ဟောဒီစကား။ ဒါပထမခင်းတာ။ ဖြစ်ရပ်ကို ပြောတဲ့ ပထမနေရာ။ ပြီးတော့မှ "အထ ခေါ အာယသ္မတော၊ အာနန္ဒဿ ဧတဒဟောသိ=ရှင်အာနန္ဒာစိတ်ထဲမှာ ဤကဲ့သို့ ကြံတယ်"။ "ဣဒံ ခေါ မေ အတိရေကစီဝရံ ဥပ္ပန္နံ"။ ဟောတိ–မပါတော့ဘူး။ ရှင်အာနန္ဒာကိုယ်တိုင် ကြံတဲ့အခါကျတော့ "ဟောတိ" မပါတော့ဘူး။ အဲဒီကြံတဲ့အကြောင်းကို ပြောတဲ့ စကားခင်းတဲ့ သဘာဝနိရုတ္တိတုန်းက "အတိရေက စီဝရံဥပ္ပန္နံ ဟောတိ" လို့ ပါတယ်ဗျ။ အခု ဒီရှင်အာနန္ဒာက ဖြစ်ရပ်ကို ပြန်ပြီးကြံလာတဲ့အခါကျတော့ "ဣဒံ ခေါ မေ အတိရေကစီဝရံ ဥပ္ပန္နံ" ဟော ဒါတစ်ခု။ ပြီးတော့ ဟိုမှာက "အာယသ္မာ စ အာနန္ဒော တံ စီဝရံ အာယသ္မတော သာရိပုတ္တဿ ဒါတုကာမော ဟောတိ"။ ဝတ္ထုကြောင်း ခင်းတုန်းက "ဟောတိ" ပါတယ်။ အခု ရှင်အာနန္ဒာ စဉ်းစားတဲ့အခါကျတော့ "အဟဉ္စ ဣမံ စီဝရံ အာယသ္မတော သာရိပုတ္တဿ ဒါတုကာမော"၊ ဟောတိ–လည်း မပါဘူး။ အနက်လည်း မပါဘူး။ ဟို–"ဟောတိ"က သူ့နေရာနဲ့သူ ထည့်ပြီးတော့ သုံးရတာပါလား။ "အာယသ္မာ သာရိပုတ္တော သာကေတေ ဝိဟရတိ"၊ ဒါကတော့ "ဝိဟရတိ" မပါရင်မပြီးလို့ ထည့်ရတာ။ "ကထံ နု ခေါ မယာ ပဋိပဇ္ဇိတဗ္ဗံ"လို့။ အဲဒီ ဝတ္ထုများမှာကြည့်ရင် မူလခင်းတဲ့ဝါကျမှာ "ဟောတိ"။ နောက်ဝါကျ ကျတော့ ကိုယ်တိုင်သက်ဆိုင်ရာ ပုဂ္ဂိုလ်ရဲ့ ကိုယ်တိုင်ကြံစည်တာတို့၊ ကိုယ်တိုင်စဉ်းစားတာတို့ကျတော့ "ဟောတိ" မပါဘူး။ အဲဒီဥစ္စာတွေပါ သိလာတယ် ကိုယ်တော်တို့။

အေး–ပညာနဲ့ သိလာတဲ့အပိုင်းကျတော့ ခုနတုန်းက ဒီစာမျက်နှာ အထက်ပိုင်း အောက်ပိုင်း ဒီအသိနည်းပြီးတော့ အကြောင်းအရာဝတ္ထုနဲ့ သဘာဝနိရုတ္တိကို စဉ်းစားတဲ့ အသိဉာဏ်ဝင်ပြီးတော့ လာတယ်။ အဲသည် လက်တွေ့ဟာ တပည့်တော်တို့ ဝိနည်းပါဠိတော်မှာ ပညာနဲ့သိတဲ့အပိုင်းကျမှ တချို့ "ဟောတိ" ပိုတာဟာ အဲဒီကျမှ သိတယ်ဗျ။

အေး–အဲသလို ရှိခဲ့ဖူးတယ်။ ဒါကြောင့် ဒါက ဘာနဲ့ သွားညီတုန်းဆိုတော့ ခုနင်က သောတာနုဂတသုတ်ကလာတဲ့ ပထမသုတမယဉာဏ်၊ အဲသည်တုန်းကတော့ နှုတ်က တက်အောင် ဆိုကြပါစို့၊ နှုတ်နဲ့ရအောင် ကြည့်တယ်။ ရအောင်ကျက်တယ်။ တစ်ခါ ဝစသာပရိစိတကျတော့ ပရိစယဉာဏ်ကျတော့ နှုတ်နဲ့ထပ်ကာ ထပ်ကာ ထပ်ကာပြန်လာတယ်။ တစ်ခါ မနသာနုပေက္ခိတဆိုတော့

http://www.dhammadownload.com



အဲဒီသုတမယနဲ့ ဝစသာပရိစိတအပိုင်းဟာ သညာပိုင်းနဲ့ သွားညီမျှတယ်။ မနသာနုပေက္ခိတအပိုင်းက စိတ်နဲ့ဦးတည်ပြီးတော့ သိတဲ့အပိုင်းနဲ့ သွားညီမျှတယ်။ ဒိဋ္ဌိယာသုပ္ပဋိဝိဒ္ဓသညာနဲ့ ဒီစာပေပေါ်မှာ အသိဉာဏ်ဝင်လာတဲ့အတိုင်း ဒါဦးဇင်းတို့လဲပဲ ဒီပါဠိတော်တစ်ခုခု နိကာယ်တစ်ခုခုကို ဒီလိုပြန်လို့+အံလို့ ပြန်ဖန်အံဖန်များလာရင် ဒီအဆင့် ငါတို့ရောက်လိမ့်မယ်လို့ ဒီလိုကြည့်ပါ။ ရောက်လိမ့်မယ်ကြည့်လို့ ဒိဋ္ဌိယာသုပ္ပဋိဝိဒ္ဓ ဆိုတဲ့ ပညာသိပိုင်းရောက်လာရင် မိမိဟာ မမေ့မလျော့တော့ဘူး။

နည်းနည်းတရားသဘောကို ဆင်ခြင်စဉ်းစားလာတယ်။ အဲဒီလို စဉ်းစားလာရင် "စတ္တာရော အာနိသံသာပါဋိကင်္ခါ" ဆိုပြီးတော့ အကျိုးလေးပါး။ ဒီဘဝမှာတင် မဂ်ဖိုလ်ရရင်ရ မရလို့ရှိရင် ဒုတိယဘဝမှာဖြစ်ပြီး ဒီတရားတွေကို အလိုလို ဉာဏ်ထဲလည်း ထင်လာတတ်တယ်။ အဲဒီထင်တဲ့အခါမှာ "ဒန္ဓော ဘိက္ခဝေ သတုပ္ပါဒေါ အထ သော သတ္တော ခိပ္ပမေဝ ဝိသေသ ဂါမီဟောတိ"။

ဒါ ပထမအချက်။ မိမိလေ့လာသင်ကြား နှုတ်ထားတဲ့ စာပေပရိယတ္တိ တရားတွေ ဉာဏ်ထဲထင်လာတာက နှေးသေးတယ်တဲ့။ အဲဒီအခါကျတော့ အသိဉာဏ်က ထက်ပြီးသွားတဲ့အတွက် မဂ်ဖိုလ်တရားထူးကို ရောက်တယ်တဲ့။ ဒါ-ပထမအဆင့်။

ဒုတိယအဆင့်က မိမိဘာသာမိမိ မဂ်ဖိုလ်ကို မိမိကသာ မိမိတရားတွေ မထင်သော်လည်းပဲ အဲဒီမှာ ဓမ္မကထိကဣဒ္ဓိမန္တ ရဟန်းတော်တစ်ပါးပါး တရားဟော၍လည်းပဲ မိမိလေ့လာခဲ့တဲ့ စာပေပရိယတ္တိတွေကို ပြန်ပြီးသတိရပြီးတော့ အဲဒီမှာ တရားတွေ ဉာဏ်ထဲမှာ ထင်လာတယ်တဲ့။ အဲဒီလို သတိပေါ်လာတာက နှေးပါသေးတယ်။ ထိုအခါမှာ ထိုပုဂ္ဂိုလ်သည် လျှင်လျှင်မြန်မြန် မဂ်ဖိုလ်တရားထူးကို ရောက်တယ်။

သုံး-က ဣဒ္ဓိမန္တရဟန်းတော် ဓမ္မကထိက ဣဒ္ဓိမန္တရဟန်းတော်တစ်ပါး တရားဟောတာ မနာရဘူးပဲ ထားပါ။ သုံးနံပါတ်က အဲဒီမှာ သဟမ္ဗတီတို့လို ဒီလိုဓမ္မကထိကဗြဟ္မာတွေ ဓမ္မကထိကနတ်သားတွေ သူတို့ တရားဟောကြတဲ့အခါမှာ မိမိအားထုတ်ထားတဲ့ လေ့လာထားတဲ့ စာပေတွေ ပြန်ပြီးတော့ သတိရတယ်။ သတိရတဲ့အခါ သတိရတာက နှေးပါသေးတယ်။ ထိုအခါမှာ "အထ ခေါ သော သတ္တော ခိပ္ပမေဝ ဝိသေသဂါမီ ဟောတိ" မြန်မြန်ကြီး မဂ်ဖိုလ်တရားထူးကို ရောက်တယ်။ ပြီးတော့တစ်ခါ ဒီသုံးချက်နဲ့ မဂ်ဖိုလ်တရားကို မရောက်ရင်ထားတဲ့။

လေး-စတုတ္ထအချက်ကျတော့ ဘာဖြစ်သလဲဆိုတော့ အတူတကွ စာပေကျက်ကြဲကြည့်ဘက်ဖြစ်တဲ့ နတ်သားအချင်းချင်း ပြောတဲ့အတွက် မိမိတို့ လေ့လာထားတဲ့ စာပေပရိယတ္တိကို ပြန်ပြီး သတိရတယ်။ အဲဒီ သတိရတဲ့အခါမှာ "ဒန္ဓော ဘိက္ခဝေ သတုပ္ပါဒေါ" ဘိက္ခဝေ=ရဟန်းတော်များ အို ချစ်သားတို့၊ သတုပ္ပါဒေါ=အမှတ်ရတဲ့ သတိဖြစ်ခြင်းက။ ဒန္ဓော=နှံ့နှေးပါသေးတယ်။ အမှတ်ရတာက နှေးပါသေးတယ်ပေါ့။

http://www.dhammadownload.com



"အထ သော သတ္တော ခိပ္ပမေဝ ဝိသေသဂါမီ ဟောတိ" = အဲဒီ သတိရတဲ့အခါ ထိုပုဂ္ဂိုလ်သည် မြန်မြန်ကြီး မဂ်ဖိုလ်တရားထူးကို ရတယ်။ ဒီတော့ ဒါက ဒီသတိရတာက နှေးပါသေးတယ်။ အေး ... အဲဒီအခါမှာ သူသည် မဂ်ဖိုလ်ကို မြန်မြန်ကြီး ရောက်တယ်ဆိုတာ အရောက်မြန်ပုံကို ပြောတာ။ သတိရပြီးမှ မဂ်ဖိုလ်ရတာပဲ။

သတိရတာက နှေးသေးတယ်။ ထိုပုဂ္ဂိုလ်ဟာ မဂ်ဖိုလ် မြန်မြန်ကြီး ရောက်တယ်ဆိုတော့ မဂ်ဖိုလ်တရားထူး ရောက်တာကအရင်၊ ပြီးတော့ သတိရတာဟာ နောက်လို့ အဲသလို ထင်ရတယ်။ မဟုတ်ပါဘူး။ အမှန်ကတော့ သံတွေခဲ မီးရဲရဲပေါ်မှာ ရေပေါက်ကလေးချလိုက်။ ချလိုက်ရင် အဲဒီ ရေပေါက်ကလေး ကျတယ်ဆို ရှဲဆို တစ်ခါတည်း ခန်းသွားတယ်။ အဲဒီဥစ္စာကိုကြည့်ပြီးတော့ လောကဝေါဟာရ ဘာပြောတယ်။ ဟာ–ရေပေါက်က သံတွေခဲပေါ်ကျတာက နှေးပါသေးတယ်။ ခန်းတာက အရင်လို့ ပြောတယ်နော်။

အမှန်ကတော့ ကျပြီးမှ ခန်းတာ။ သို့သော် ကျတာက နှေးပါသေးတယ်ကွာ၊ ခန်းတာက တယ်မြန်တာပဲ။ အဲဒီလို ပြောသလိုပဲ အခုလဲ သတိရတာက နှေးပါသေးတယ်။ မဂ်ဖိုလ်တရားထူးကို မြန်မြန်ကြီးရတယ်ဆိုတာ သတိရပြီးမှ မဂ်ဖိုလ်တရားထူးကို ရတာလို့ ဒီလို သိရပါမယ်။

အဲဒီတော့ မိမိတို့ရဲ့ စာပေပရိယတ္တိသည် –

၁။ ဘဏ္ဍာဂါရိကပရိယတ္တိ

၂။ အလဂဒ္ဒူပမပရိယတ္တိ

၃။ နိတ္ထရဏတ္ထပရိယတ္တိ

သုံးမျိုးရှိတဲ့အနက်က မိမိတို့ ရပိုင်ခွင့်ရှိတဲ့ အလဂဒ္ဒူပမပရိယတ္တိ + နိတ္ထရဏတ္ထပရိယတ္တိ နှစ်မျိုးမှာ အလဂဒ္ဒူပမပရိယတ္တိ မဖြစ်ဘဲနဲ့ နိတ္ထရဏတ္ထပရိယတ္တိ ဖြစ်အောင် ဒီဟာတစ်ခုတော့ မိမိတို့ဟာ သတိပြုဖို့၊ ဦးဇင်းတို့ ဒါကို တပည့်တော်များက သတိပေးရပါတယ်။

ဘဏ္ဍာဂါရိကပရိယတ္တိဆိုတာ ရှင်အာနန္ဒာတို့ ရှင်ဥပါလိတို့ ရှင်မဟာကဿပတို့ ရှင်အနုရုဒ္ဓါတို့ စာပေပရိယတ္တိကို သင်ကြားတယ်၊ ပို့ချတယ်။ ဒီပရိယတ္တိဟာ သက်သက် သူတို့ သုံးဖို့မဟုတ်ဘူး။ နိုင်ငံတော်ရဲ့ ဘဏ္ဍာရေးဝန်ကြီးဟာ နိုင်ငံတော်ရဲ့ဘဏ္ဍာကို အစဉ်အဆက် သုံးစွဲနိုင်အောင် မပျောက်ပျက်အောင် ထိန်းသိမ်းတာနဲ့ အလားတူတဲ့ စာသင်နည်း။ ဒီရဟန္တာပုဂ္ဂိုလ် ဖြစ်ကြတဲ့ ရှင်အာနန္ဒာတို့ ရှင်ဥပါလိတို့ ရှင်အနုရုဒ္ဓါတို့ ရှင်မဟာကဿပတို့ စာပေပရိယတ္တိ သင်တယ်ဆိုတာ ဘဏ္ဍာဂါရိက ပရိယတ္တိမျိုး ဖြစ်ပါတယ်။ မိမိတို့အဖို့က သုံးစွဲဖို့ မဟုတ်ပါဘူး။ သူတို့မှာ အရဟတ္တဖိုလ်ပေါက် နိဗ္ဗာန်ကို မျက်မှောက်ပြုရပြီးတော့ သုံးစွဲဖို့ မဟုတ်ပါဘူး။ နောက်အစဉ်အဆက် သာသနာမှာ သုံးစွဲဖို့။ စာပေပရိယတ္တိ ရွတ်တယ် + အံတယ် + ပြန်တယ် + သင်ကြားပို့ချပေးတယ်။ သူတို့ရဲ့ ပရိယတ္တိသည် ဘဏ္ဍာဂါရိကပရိယတ္တိ။

http://www.dhammadownload.com



တစ်ခါ တပည့်တော်တို့ ပုထုဇဉ်များနဲ့ သက်ဆိုင်တဲ့ ပရိယတ္တိက နှစ်မျိုးရှိပါတယ်။ "အလဂဒ္ဒူပမပရိယတ္တိ" အလဂဒ္ဒ=မြွေဖမ်းမလိမ်မာတဲ့သူရဲ့ မြွေဖမ်းတာနဲ့ ဉပမာတူသော စာသင်နည်း။ မြွေဖမ်းမလိမ်မာတဲ့သူရဲ့ မြွေဖမ်းတယ်ဆိုတာ မြွေဖမ်းမလိမ်မာတဲ့လူဟာ မြွေကိုအမြီးက သွားဆွဲတော့ မြွေပြန်ပေါက်လို့မို့ ထိုသူသေသော်လဲသေမယ်၊ မသေရင်လဲပဲ သေကောင်ပေါင်းလဲ ဆင်းရဲဒုက္ခရောက်ရမယ်။

ထို့အတူပဲ ကဿပမြတ်စွာသာသနာတုန်းက ကပိလရဟန်း စာပေပရိယတ္တိ သင်ကြားတတ်မြောက်တဲ့ အတတ်မျိုးကတော့ မကောင်းဘူး။ အလဂဒ္ဒူပမပရိယတ္တိ ဖြစ်ပါတယ်။ ကဿပမြတ်စွာလက်ထက်က ကပိလရဟန်း စာပေပရိယတ္တိ ပိဋကသုံးပုံ တစ်ဘက်ကမ်းခတ် တတ်မြောက်တယ်။ တတ်မြောက်တော့ သူက သူတတ်တာက ဒီသီလရှိတဲ့ ပုဂ္ဂိုလ်ကြီးတွေ ဘာတွေ မထေမဲ့မြင်ပြု၊ မထေမဲ့မြင်ပြောဆို၊ အဲသလို ပြုလုပ်တယ်။ အဲသည်လို ပြုလုပ်တော့ သူ့ရဲ့နောင်တော်ကိုယ်တော်က "မပြောပါနဲ့" သည်လိုဆိုတာ ပြောတယ်။ ပြောလဲမရဘူး။ မရတဲ့နောက်ဆုံးကျတော့ နောင်တော်ဖြစ်တဲ့ ကိုယ်တော်က -

ဧကဝါစမ္ပိ ဒွိဝါစံ၊ ဘဏေယျ၊ အနုကမ္ပကော။

တတုတ္တိရံ န ဘာသေယျ၊ ဒါသောဝယျာသ သန္တိကေ။

ဆိုပြီးတော့ "ကိုင်း အကျိုးလိုလားတဲ့ ပုဂ္ဂိုလ်ဟာ တစ်ခွန်းပြော ရတယ်။ ပြောလို့မရ ဒုတိယက တစ်ခွန်း။ နှစ်ခွန်းပြောလို့မှ မရလို့ရှိရင် "အေး ...မပြောရဘူးကွာ"တဲ့ဆိုပြီး "ကိုင်း ...မင်းကို ငါပြောလို့မှမရရင် မင်းထိုက်နဲ့ မင်းကံပေါ့"ဆိုပြီးတော့ သူ့ရဲ့ နောင်တော်ကတော့ တကယ့် သူတော်ကောင်းတရား နှလုံးကျင့်သုံးလို့ အဲဒီ ဘဝမှာပဲ ကဿပမြတ်စွာဘုရားသာသနာမှာပဲ ရဟန္တာဖြစ်ပြီး ဘဝနိဂုံး အဆုံးသတ်တယ်။ အဲဒီ ကပိလကိုယ်တော်ကျတော့ ခုပြောသလိုပဲ စာပေပရိယတ္တိကို ကိုင်ပြီးတော့ အဲဒီက မာန်မာနတက်ပြီး သီလဝန္တပုဂ္ဂိုလ်ကြီးတွေကို မထေမဲ့မြင်ပြောဆို ပုတ်ခတ် အဲသလိုလုပ်တော့ သူ့သီလတော့ သူကောင်းကောင်းစောင့်ထိန်းတယ်။ အဲသလိုလုပ်တော့ သူ အဲဒီဘဝကစုတေ၊ အပါယ်ကျ။ အဲဒီကပိလရဲ့ အပါယ်ကျတဲ့ စာသင်ပုံမျိုးကတော့ အလဂဒ္ဒူပမ စာသင်နည်းမျိုး ဖြစ်ပါတယ်။

ဒီကပိလဟာ ကဿပမြတ်စွာသာသနာခေတ်ကတည်းကိုက ဟိုအောက်အပါယ်မှာ သွားလိုက်တာ ဒီဘုရားခေတ်ကျတော့ ကပိလငါးကြီး ဖြစ်လာတယ်။ အသွေးအရောင်က ရွှေရောင်။ သို့သော် သူ့ပါးစပ်က ဟ,လိုက်တယ်ဆိုရင်ပဲ အနီးနားပတ်ဝန်းကျင် ဘယ်သူမှ မနေနိုင်အောင် တစ်ခါတည်း မကောင်းတဲ့ အပုပ်နံ့တွေ လှိုင်လာတယ်။

ဒါနဲ့ ရေလုပ်သားတွေက ငါးကလဲ လှလိုက်တာ ရွှေရောင်၊ သို့သော် သူ့ပါးစပ်က ဟလိုက်တယ်ဆိုရင်ပဲ မကောင်းတဲ့ရနံ့တွေ ထွက်တာ။ ဒါတော့ ဘုရားမှ သိမှာပဲဆိုပြီးတော့ အဲဒီ

http://www.dhammadownload.com



ငါးကြီးကို ပိန်းကောကြီးထဲထည့်။ ရေနဲ့ထည့်ပြီးတော့ ယူလာ။ ဘုရားရှေ့ချ။ အဲဒီမှာ မြတ်စွာဘုရားက သူဟာကပိလရဟန်းဘဝက လာခဲ့တဲ့အကြောင်းပြော။ မြတ်စွာဘုရားက အဲသည်လို ပြောတော့ ကပိလငါးက မော့ပြီးကြည့်ပြီးတော့ သူ့ဘဝကို သူရှက်လွန်းလို့ ခေါင်းနဲ့ပိန်းကောနဲ့ ရိုက်ပြီးတော့ အဲဒီဘဝက စုတေသွားတယ်။

အဲဒီကပိလဝတ္ထုမှာလာတဲ့ ကပိလရဟန်းရဲ့ စာသင်နည်းမျိုးဟာ အလဂဒ္ဒူပမပရိယတ္တိ၊ အလဂဒ္ဒူပမစာသင်နည်း ဖြစ်ပါတယ်။ အလဂဒ္ဒူပမစာသင်နည်းကိုပဲ အချို့အချို့အရပ်ထဲမှာ လူတွေပြောကြတယ်။ မင်းစကားပြောတာကွာ၊ အလဂ္ဂဒ္ဒူပတဲ့။ တပည့်တော် ဟောဟို ကဝနယ်ပယ်ထဲမှာ ရွာတစ်ရွာမှာ ဒကာကြီးတစ်ယောက်က တစ်ယောက်ကို သူက လှမ်းပြောနေတယ်။ သူက "မင်းကွာ မင်းပြောလိုက်တာ အလဂဒ္ဒူပ ကျလိုက်တာ" ဒကာကြီးက ပြောတော့ပြောတာပဲလို့၊ အလဂ္ဂဒ္ဒူပတော့ သူနားလည်အောင် ငါတော့ ပြောဦးမှပဲလို့၊ "ဒကာကြီး ...အလဂ္ဂဒ္ဒူပဆိုတာ ဘာတုန်းဗျလို့"။ "မသိပါဘူးကိုယ်တော်"တဲ့။ "လူကြီးတွေပြောလို့ တပည့်တော်ပြောရတာပဲတဲ့၊ ဟိုလူက လုပ်နေတာ နေရာမကျတော့ တစ်ဘက်သားက လုပ်ပုံနေရာမကျရင် ဒီလူကြီး လူကောင်းတွေက ပြောတတ်တယ်။ အလဂ္ဂဒ္ဒူပကျတယ်"။ အလဂဒ္ဒူပမကို အလဂ္ဂဒ္ဒူပလို့ ဒီလို သုံးကြတယ်။ အဲဒီလို အဲဒီလို ဝေါဟာရအသုံးဖြစ်လာပါတယ်။

နိတ္ထရဏပရိယတ္တိဆိုတော့ စာပေက လာတဲ့သီလ ... သီလပိုင်းဆိုင်ရာ ရွတ်အံ့သရဇ္ဈာယ်တဲ့ အခါ စာထဲကလာတဲ့ သီလ ငါ့ခန္ဓာရောက်အောင်။ သမာဓိပိုင်းဆိုင်ရာ စာပေရွတ်အံ သရဇ္ဈာယ်ရင် စာထဲက သမာဓိ၊ ငါ့သန္တာန် ရောက်စေမယ်။ ပညာပိုင်းဆိုင်ရာကျတော့လည်း စာထဲကပညာ ငါ့သန္တာန်ရောက်စေမယ်။ အဲဒီစိတ်မျိုးနဲ့ နှလုံးသွင်းပြီးတော့ စာပေပရိယတ္တိသင်ကြားလေ့လာရင် အဲဒီစာသင်နည်းဟာ နိတ္ထရဏတ္ထပရိယတ္တိ=သံသရာဝဋ်မှ ကျွတ်လွတ်ရခြင်းအကျိုးရတဲ့ ပရိယတ္တိ ဖြစ်ပါတယ်တဲ့။ ဒါကြောင့် အရှင်တို့ရဲ့ ပရိယတ္တိသည် အလဂဒ္ဒူပမပရိယတ္တိ မဟုတ်ဘဲ နိတ္ထရဏတ္ထပရိယတ္တိ ဖြစ်ပါစေကြောင်း၊ နိတ္ထရဏတ္ထပရိယတ္တိဖြစ်ရင် သာသနာမှာ ရှေ့သွားခေါင်းဆောင် ပုဂ္ဂိုလ်ကောင်း ပုဂ္ဂိုလ်မွန် ဖြစ်နိုင်တဲ့အကြောင်း ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်း၍ –

> တုမှံ ပရိယတ္တိ ဟောတု၊ ဘဝနိဿရဏတ္ထိကာ။
>
> ယာဝ ဝေါ ဟောထစက္ကဿ၊ ပုဗ္ဗင်္ဂမာ ဓုဝူပမာ။

လို့ ဆုတောင်းဂါထာကို ရွတ်ဆိုပြီး တပည့်တော်ရဲ့ ဩဝါဒကထာ ဒေသနာနိဂုံး ဤမှာပင် ကမ္ပတ်ဖုံးအပ်ပါသည်။ သီတင်းသုံးဖော် သံဃာတော် အရှင်မြတ်တို့ဘုရား။

သာဓု ... သာဓု ... သာဓု။

http://www.dhammadownload.com



၁၃၅၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်နေ့၊ မင်းကွန်းတောင်ရိုး
မိုးမိတ်စေတီတော်ကြီးများကုန်းမြေ၊ တိပိဋက=နိကာယကျောင်းတိုက်၌
သီတင်းသုံးတော်မူကြသော နိကာယ်ဆောင် သံဃာတော်အရှင်မြတ်တို့အား

မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး

# ချီးမြှင့်တော်မူသော ဩဝါဒကထာ

## သွားလာတိုင်း တွေ့မြင်ရာကို မေတ္တာပို့ပါ

တိပိဋက=နိကာယ သဟဓမ္မိက သံဃာတော်အရှင်မြတ်တို့ ...။ ယနေ့ကား နှစ်တိုင်းနှစ်တိုင်းထက် အရှင်မြတ်တို့ မေတ္တာဘာဝနာ အထူးသဖြင့် ပွားရမယ့်အချိန်မှာ ရောက်နေပါတယ်။ ဘာပြုလို့တုန်းဆိုတော့ တစ်နေ့တစ်မျိုး တစ်နေ့တစ်မျိုး နိုင်ငံတော်မှာ အလိုမရှိအပ်တဲ့ ဆူပူမှုတွေ လှုပ်ရှားမှုတွေ ဖြစ်တယ်။ အဲဒီလိုဖြစ်တော့ အရှင်ဘုရားတို့ တပည့်တော်ပြောလိုတာက ...။

၁။ မြို့ကို အသွားနည်းနိုင်သလောက် နည်းပါ။

၂။ မသွားမဖြစ်ရင်လည်းပဲ တစ်ပါးတည်း မသွားပါနဲ့။ အဖော်နဲ့ နှစ်ပါးသုံးပါး သွားပါ။

၃။ အဲသလို သွားတဲ့အခါမှာလည်းပဲ မိမိတို့သည် လဇ္ဇီသူတော်မွန်ဆိုတာ သိသာအောင် မြတ်စွာဘုရားရဲ့ အလိုလည်းကျ တပည့်တော်တို့ သင်္ကန်းရုံပြီးတော့ သွားကြပါ။ ကိစ္စပြီးရင် ချက်ချင်း မိမိကျောင်းကို မိမိပြန်ကြပါ။

အရှင်မြတ်တို့ရဲ့ ဒီတိပိဋက=နိကာယကျောင်းတိုက်၊ တပည့်တော်တို့ ဓမ္မာနာဒကျောင်းတိုက်ဆိုတာ အမှန်အားဖြင့် နိုင်ငံတော်အစိုးရကရော ပြီးတော့ကျေးရွာကရော အန္တရာယ်ကင်းဖို့ရန် အမြဲမပြတ် ဒကာဒကာမတွေ စောင့်ရှောက်လျက်ရှိတယ်။ အဲဒီတော့ ကိုယ့်ကျောင်းမှာပဲ ကိုယ်နေကြပါ။ မဖြစ်လို့ သွားရမယ်ဆိုရင်လည်းပဲ တစ်ပါးတည်းများ မသွားပါနဲ့။ အနည်းဆုံး နှစ်ပါးသို့မဟုတ် သုံးပါးသွားပါ။ သွားတဲ့အခါမှာ သင်္ကန်းရုံသွားပါ။ စက္ခုန္ဒြေမျက်လွှာချပြီးတော့ မြို့ဝင်ပေါ့ဆိုကတည်းက "မြို့စောင့်နတ်များ အမှူးထား၍ မြို့သားမြို့သူ ခပ်သိမ်းလူ ကြည်ဖြူကိုယ်စိတ်ချမ်းသာစေ၊ ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ"လို့ အဲဒီလို မေတ္တာပို့ပါ။ တွေ့တွေ့သမျှ အမျိုးသား၊ တွေ့တွေ့သမျှ အမျိုးသမီးတွေကို အမျိုးသမီးဆိုရင်လည်းပဲ သံသရာက ငါ့ရဲ့အမိဟောင်း နှမဟောင်းတွေ၊ အမျိုးသားတွေဆိုလည်း သံသရာက ငါ့ရဲ့အဖဟောင်း နောင်ညီဟောင်းတွေပဲလို့ စိတ်ထဲအာရုံရောက်အောင် "ငါ့မိခင်ဟောင်း ငါ့ရဲ့အဖေဟောင်း နောင်ညီဟောင်းတွေပဲလို့ စိတ်ထဲအာရုံရောက်အောင် "ငါ့မိခင်ဟောင်း ညီမဟောင်းအပေါင်း ကိုယ်စိတ်ချမ်းသာစေ၊ ငါ့ဖခင်

http://www.dhammadownload.com



ဟောင်း နောင်ညီဟောင်းအပေါင်း ကိုယ်စိတ်ချမ်းသာစေ။ အဲဒီနောက်ကနေပြီးတော့ "ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ" အဲဒီလို မေတ္တာကို အထူးသဖြင့် ပို့ပြီးကြွပါ။

ကလေးလေးတွေ တွေ့ရင်လည်းပဲ ဒီကလေးတွေဟာ ငါ့ရဲ့သားဟောင်းကလေးတွေ မြေးဟောင်းကလေးတွေ အဲဒီလို အောက်မေ့ပြီးတော့ "ငါ့သားသမီးဟောင်း မြေးအဟောင်းအပေါင်း ကိုယ်စိတ်ချမ်းသာစေ၊ ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ"လို့ စိတ်ထဲမှာ မေတ္တာရောက်ရောက် ပို့ပြီးတော့ သွားကြပါ။ ဒီနည်းနဲ့သွားရင် အရှင်ဘုရားတို့လည်း အန္တရာယ် မရှိဘူး။ အေး သူတို့လည်းပဲ စိတ်နှလုံးတွေဟာ နူးညံ့ပြီးတော့ အင်မတန်ကောင်းတဲ့နည်း ဖြစ်ပါတယ်။ ဒါကြောင့် တပည့်တော်ဦးဇင်းတို့ကို ယခုနှစ်ပေးတဲ့ ဩဝါဒဟာ ခါတိုင်းနှစ်နဲ့ မတူဘူးလို့ ဒီလို အောက်မေ့ကြပါ။

ပြီးတော့ ဦးဇင်းတို့ စာကျက် စာအံ စာကြည့် ပရိယတ္တိအလုပ်ကို အောင်အောင်မြင်မြင် လုပ်နေတော့ တစ်နိုင်ငံလုံး အထက်ရောအောက်ရော အားလုံးက ဒိတိ=နိ ကျောင်းတိုက်ကို အင်မတန်အာရုံပြုတယ်။ ဦးဇင်းတို့ ...တပည့်တော်တို့ တိ=နိ သာသနာပြုအဖွဲ့ကလည်းပဲ ထိုထိုမြို့ရွာတွေမှာ တိပိဋက=နိကာယ သာသနာပြု အကျိုးတော်ဆောင်အဖွဲ့လို့ ဖွဲ့ပြီးထားလိုက်တာ ကိုယ်တော်တို့ မနည်းဘူးဟုတ်လား။ အဲဒီအဖွဲ့တွေက အခုတော့ ကျယ်ဝန်းလာတယ်။ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ မင်းကွန်းက တိပိဋက=နိကာယကျောင်းတိုက်၊ မင်းကွန်းဓမ္မနာဒကျောင်းတိုက်၊ အဲဒီကျောင်းတိုက်ကြီးတွေက သံဃာတော်တွေကို သင်္ကန်း+ဆွမ်း+ကျောင်း+ဆေး=ပစ္စည်းလေးပါး မငြိုမငြင် မဆင်းရဲရအောင် အားလုံးအထက်အောက် ထိုထိုမြို့ ထိုထိုရွာတွေမှာ တိပိဋက=နိကာယ သာသနာပြု အကျိုးတော်ဆောင်အဖွဲ့တွေ ဖွဲ့ပြီးတော့ မိမိတို့ဒေသထွက် ပစ္စည်းများကို လှူဖို့၊ ဒီအဖွဲ့က နှိုးဆော်တော့ လှူတွေဟာ နိုးနိုးကြားကြားပဲ။

တပည့်တော် အခု ရန်ကုန်က လာခါနီးမှာ ဒကာကြီးဦးလှမောင်က ပြောတယ်။ ဆရာတော်–တဲ့။ ငပုတောက ပို့လိုက်တာတဲ့။ ငါးပိတွေက အကောင် ငါးပိ၊ မျှင်ငါးပိ၊ သူပြောတာ တော်တော်များပါတယ်။ အများကြီး။ ပြီးတော့ ထိုထိုဤဤ သူတို့အရပ်တွေမှာ ပေါ်တဲ့ဒေသထွက်ပစ္စည်းများ လှူဖို့၊ လှူလည်းလှူလိုက်တယ်။ အနည်းဆုံး တပည့်တော်ပြောမယ်။ တပည့်တော်ရဲ့ညီလေး မောင်ဝင်းရွှေဆိုတာ တပည့်တော်တို့ သပြေကုန်းရွာမှာ၊ အဲဒီကနေပြီးတော့ ဗဟိုထားပြီး တိပိဋက= နိကာယ သာသနာပြု အကျိုးဆောင်အဖွဲ့ဆိုပြီး တပည့်တော်တို့မြို့နယ်၊ မြို့ပေါ်က မဟုတ်ဘူး။ ဒါကမြို့နယ်။ အဲဒီလို အဖွဲ့ဖွဲ့ပြီးတော့ သူတို့ဒေသထွက်ပစ္စည်းကို လှူချင်လို့ မကြာခင် လှူလိမ့်မယ်။ မင်းတို့ဆီက ဘာတွေထွက်တာတုန်းကွလို့ ဆိုတော့ – ငရုတ်သီး ထွက်တယ်တဲ့။ တပည့်တော်တို့ဆီက ငရုတ်သီး လှူရမှာပဲတဲ့။ နနွင်းတက်လည်း ထွက်တယ်တဲ့၊ သူတို့က နနွင်းတက်လည်း သူတို့ လှူလိမ့်မယ်။

http://www.dhammadownload.com



ဆိုကြပါစို့၊ ဒီပြင်ဒီပြင်လဲပဲ သူတို့ဒေသထွက်မဲ့ လှူစရာရှိတဲ့ဥစ္စာကို လှူဖို့။ သူတို့က ညတရားပွဲ တောင် လုပ်ပြီးတော့ ရေစက်ချဖို့။ တပည့်တော်တို့ ဟိုကျောက်ဆည်မြို့နယ် ပါတီဒကာတွေကပါ ညတရားပွဲလုပ်ဖို့။ တပည့်တော်တို့ ကျောက်ဆည်မှာ အင်မတန် အေးချမ်းပါတယ်တဲ့။ အဲဒါကြောင့် ညတရားပွဲ မဖျက်ပါနဲ့လို့ လာပြီးတော့ လျှောက်တယ်။ သို့သော် တပည့်တော်က ပြောပါတယ်။ နိုင်ငံတော်ရဲ့အလိုကို ကြည့်ပြီးတော့ လုပ်ရတာပါကွယ်။ နိုင်ငံတော်က ပိုပြီးတော့ သိပါတယ်။ ပြီးတော့ ငါတို့က နိုင်ငံတော်က ရန်ကုန်မြို့ပေါ်မှာကို ညတရားပွဲ ခွင့်မပြုဘူး။ အဲဒီလို မပြုတဲ့ အခါကြီးမှာ ငါတို့က ညတရားပွဲကြီးလုပ်လို့ မတော်ပါဘူး။ နိုင်ငံတော် စိတ်ဆင်းရဲစရာ မဖြစ်စေနဲ့။ ဒီလိုပဲ သူတို့ကို ပြောရပါတယ်။

ဦးဇင်းတို့ကို ခါတိုင်း ကိုယ့်အလုပ် ပရိယတ္တိကို လုပ်ပါ။ စာအံတယ်၊ စာကြဲတယ်၊ စာကြည့်တယ်။ ဒါဟာ မိမိတို့ရဲ့ ပရိယတ္တိ။ အဲဒီလို ကြည့်ပြီးတော့ စိတ်ထဲမှာ သံသယရှိရင် တပည့်တော်ကို မေးပါ။ တပည့်တော်ကို ပြောပါ။ အားမနာပါနဲ့။ တပည့်တော် ဦးဇင်းတို့ကို စာချပေးဖို့ စာချဘုန်းကြီးတစ်ပါးစသည် မထားတာဟာ အဓိပ္ပာယ် ရှိပါတယ်။ ဘာပြုလို့တုန်းဆိုတော့ အရှင်ဘုရားတို့ဟာ ဓမ္မာစရိယအောင်ပြီး။ အရှင်ဘုရားတို့ကိုယ်တိုင်က ဓမ္မာစရိယစာချဘုန်းကြီးတွေ ဖြစ်တယ်။ အဲဒီတော့ တစ်ပါးပါး တခြားက ဓမ္မာစရိယတစ်ပါးပါး ဒီလိုထားပြီးတော့ "ဦးဇင်းတို့၊ အဲဒီကိုယ်တော်ဆီ စာတက်ကြ"ဆို ဒီစာချတဲ့ကိုယ်တော်က သူကြိုက်တဲ့ဥစ္စာ ချလိမ့်မယ်။ ဦးဇင်းတို့ အနေနဲ့ ဒီကိုယ်တော်ချတာလေးနဲ့ စိတ်ထဲမှာ အားမရဘူးဆိုတာမျိုး ဖြစ်နိုင်တယ်။ ဖြစ်ရင် တပည့်တော်တို့ အဖို့ရာ ဖယ်ဖို့ရှားဖို့ ခက်တယ်ဘုရား။

အဲဒီတော့ တပည့်တော် လျှောက်လိုတာက ဦးဇင်းတို့ စာကျက် စာအံ စာကြဲ စာကြည့်။ အဲဒီအထဲက သံသယရှိတာကို တပည့်တော်ကိုပြော၊ တပည့်တော် တတ်နိုင်သလောက်ပေါ့လေ။ အားလုံးဖြေမယ်ဆိုတဲ့ သဗ္ဗညုပဝါရဏာတော့ တပည့်တော်မဖိတ်ဝံ့ပါဘူး။ သာဝကပဝါရဏာနဲ့ တပည့်တော် သိသလောက် ဖြေရှင်းလျှောက်ထားပေးပါ့မယ်။ ဦးဇင်းတို့ရဲ့ လုပ်ငန်းစဉ်ဖြစ်တဲ့ စာကျက် စာအံ စာကြည့် တိပိဋက=နိကာယ ပရိယတ္တိအလုပ်ကို ခါတိုင်းကဲ့သို့ပဲ ကြိုးစားပြီး လုပ်ပါ။

အဲဒီလုပ်တဲ့အထဲမှာ တပည့်တော်တို့နဲ့ဆိုင်တဲ့ နိဿရဏတ္ထပရိယတ္တိ၊ အလဂဒ္ဒူပမပရိယတ္တိ နှစ်မျိုးများမှာ နိဿရဏတ္ထပရိယတ္တိဖြစ်အောင် ငါတို့သည် စာကျက် စာအံ စာကြဲ စာကြည့် ပရိယတ္တိအလုပ်ကိုလုပ်ရင် စာထဲက ရောက်တဲ့ရောက်တဲ့၊ ရောက်တဲ့နေရာမှာ စာထဲကလာတဲ့ သီလ၊ စာထဲကလာတဲ့ သမာဓိ၊ စာထဲကလာတဲ့ ပညာ ငါ့သန္တာန်ရောက်အောင် ငါကျင့်သုံးမယ် ဆိုပြီး အတတ်နိုင်ဆုံး ငါကျင့်သုံးမယ်ဆိုပြီးတော့ ကျက်ကြ ကြဲကြ ကြည့်ကြပါ။ အဲဒီလို ကျက်ကြ

http://www.dhammadownload.com



အံကြ ကံကြ ကြည့်ကြလို့ရှိရင် အရှင်တို့ စာကျက် စာအံ စာကြံ စာကြည့် ပရိယတ္တိအလုပ်သည် နိဿရဏတ္ထပရိယတ္တိ ဖြစ်ပါလိမ့်မယ်။ နိဿရဏတ္ထပရိယတ္တိ ဖြစ်ပြီးတော့ အရှင်တို့သည် သာသနာမှာ ရှေ့တန်းခေါင်းဆောင်တွေ ဖြစ်တော်မူကြပါလိမ့်မယ်။ အဲဒီလို ဖြစ်နိုင်ကြပါစေလို့ တပည့်တော် ... (ခါတိုင်းလည်း တပည့်တော်ပြောနေကျ)

တုမှံ ပရိယတ္တိ ဟောတု၊ ဘဝနိဿရဏတ္ထိကာ။
ယာယ ဝေါ ဟောထစက္ကသာ၊ ပုဗ္ဗင်္ဂမာ ဓဇူပမာ။

ဘဒ္ဒန္တာ=သာကီယဇာတ် အရှင်မြတ်တို့။ တုမှံ=အရှင်မြတ်တို့၏ ပရိယတ္တိ စာကျက် စာအံ စာကြည့် ပရိယတ္တိအလုပ်သည်။ ဘဝနိဿရဏတ္ထိကာ=ဘဝသုံးပါးမှလွတ်မြောက်ရခြင်း အကျိုးရသည့် နိဿရဏတ္ထပရိယတ္တိသည်။ ဟောတု=ဧကန်စင်စစ် ဖြစ်ပါစေသတည်း။ ဝေါ=အရှင်ဘုရားတို့သည်။ ယာယ နိဿရဏတ္ထပရိယတ္တိယာ=ယင်းနိဿရဏတ္ထပရိယတ္တိဖြင့်။ စက္ကသာ=အဲ့ဖွယ် ရှစ်ဖြာ သာသနာစက် မြမြထက်၏။ ဓဇူပမာ=အောင်လံတံခွန်သဖွယ် နှိုင်းယှဉ်ဖွယ် ဥပမာရှိကြကုန်သည်ဖြစ်၍။ ပုဗ္ဗင်္ဂမာ=ရှေ့သွားခေါင်းဆောင်တို့သည်။ ဟောထ=ဧကန်စင်စစ် ဖြစ်ကြပါစေ။

လို့ တပည့်တော် ဆုလဲတောင်းတယ်။ ဆုတောင်းတဲ့အတိုင်းလဲပဲ ပြည့်စုံမယ်လို့ တပည့်တော် ဝမ်းမြောက်လျက် ရှိပါတယ်။ ဘာကြောင့်လဲ၊ ဥပမာ–မန္တလေးတက္ကသိုလ်မှာကြည့်ရင် တပည့်တော်တို့ ဒီတိပိဋကာ=နိကာယက အရှင်မြတ်တွေ ဘာအပြစ်မှမရှိ ဘာပြဿနာမှမရှိဘဲနဲ့ တက္ကသိုလ်မှာ ပေါ့လေ၊ ပုဗ္ဗင်္ဂမာဆိုတဲ့အတိုင်း ရှေ့သွားခေါင်းဆောင်တွေ ဖြစ်ကြတယ်။ ပြီးတော့ သာသနာ့ အောင်လံတံခွန်သဖွယ် ဖြစ်ပါစေဆိုတဲ့အတိုင်း သာသနာတော်ရဲ့ တံခွန်သဖွယ် ဖြစ်တာကိုလဲ တွေ့ရ၊ ရှေ့သွားခေါင်းဆောင် ဖြစ်တာကိုလဲ တွေ့ရတော့ တပည့်တော်အဖို့ ဝမ်းသာလွန်းလို့ ဤဂါထာဖြင့် အရှင်မြတ်တို့အား ဆုတောင်းပြီးတော့ ဩဝါဒကထာ ဒေသနာနိဂုံး ဤမှာပင် ကမ္ပတ်ဖုံးကြပါစို့ သီတင်းသုံးဖော် သံဃာတော် အရှင်သူမြတ်တို့ဘုရား။

သာဓု ... သာဓု ... သာဓု။

❀ ❀ ❀ ❀ ❀

http://www.dhammadownload.com



မင်းကွန်းတောင်ရိုး မိုးမိတ်စေတီတော်ကြီးများကုန်းမြေ
တိပိဋက=နိကာယကျောင်းတိုက် နိကာယ်စာသင်သံဃာတော်များအား
၁၃၅၀ ပြည့်နှစ်၊ ဝါကျွတ်အာစရိယပူဇာ ဓမ္မသဘင်၌
မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး

# မြွက်ကြားအပ်သော ဩဝါဒကထာ

ဆရာတော်ဘုရားကြီးများ စိတ်ထဲက မေတ္တာဘာဝနာ ပွားပြီးတော့ နေတော်မူကြပါ။ တပည့်တော်များ နာယကဆရာတော်များကိုယ်စား တပည့်တော်ပြောရလျှင် တိပိဋက=နိကာယ အရှင်များကို ဩဝါဒကထာ တပည့်တော်နာယကအဖွဲ့ရဲ့ကိုယ်စား လျှောက်ထားပြောကြားပါမယ်။

တိပိဋက=နိကာယ သံဃာတော်အရှင်သူမြတ်တို့ ...။ အရှင်တို့သည် ရှေးကဘုန်းကံ အင်မတန်ကြီးပါတယ်။ ဘာပြုလို့တုန်းဆိုတော့ ယခုအရှင်တို့နေတဲ့ ဤတိပိဋက=နိကာယ ကျောင်းတိုက်ဟာ စ,တာကိုပြောရင် သက္ကရာဇ် ၁၁၅၀ ပြည့် ဘိုးတော်မင်းတရားက ဟောဒီမင်းကွန်းပုထိုးတော်ကြီးကို တည်တယ်။ ဘိုးတော်ဘုရား မင်းကွန်းပုထိုးတော်ကြီး တည်တာဟာ သက္ကရာဇ် ၁၁၅၀ ပြည့်နှစ်မှာ ရှိတာ။ ဘိုးတော်နေရာ နန်းတော်ကျွန်း၊ သူတို့ခေတ်တုန်းကတော့ အလယ်ကျွန်း ခေါ်ပါတယ်။ အဲဒီမှာ ယာယီတဲနန်းဆောက်ပြီးတော့ ရာဇနေရာ=မင်းတို့ရဲ့ တင့်တယ်စံပယ်ခြင်းဖြင့် နန်းတော်ကျွန်းလို့ အခုခေါ်တဲ့ ရေလယ်ကျွန်းမှာ ယာယီနန်းတော် ဆောက်ပြီးနေတယ်။ တိုင်းပြည်ကလဲ သာယာတော့ မင်းတို့ရဲ့ တင့်တယ်ခြင်းဖြင့် တကယ့်စံတဲ့နန်းတော်က အမရပူရမှာ ရှိတယ်။ အဲဒီ အမရပူရ စံနန်းတော်ကို ထားခဲ့ပြီးတော့ ဟောဒီရေလယ်ကျွန်းမှာ နန်းတော်ကျွန်းနေရာမှာ ယာယီတဲနန်းနဲ့ စံတော်မူပြီးတော့ ပုထိုးကြီးတည်တာ။

ဒီတုန်းက မင်းရဲ့ဘုန်းကို ဖော်ပြရင် အင်မတန် ထင်ရှားပါတယ်။ အဲဒီမှာ မင်းကွန်းပုထိုးတော်ကြီးမှာ အခုရှိတဲ့ ခေါင်းလောင်းတော်ကြီး၊ ဒီခေါင်းလောင်းတော်ကြီးကို ဒီဘက်မှာ သွန်းတာမဟုတ်ဘူး၊ ဟိုအရှေ့ဘက်က နန်းတော်ကျွန်းနားမှာ အခု စွန်းလွန်းလို့ ခေါ်တဲ့အရပ်က ခေါ်တဲ့နေရာမှာ– ခေါင်းလောင်းသွန်းတာ။ မူလနာမည်က သွန်းလွန်းလွန်း၊ သွန်းသွန်းလွန်းကွာဆိုတဲ့ သဘောမျိုး။

အဲဒီမှာ ဘိုးတော်ဘုရားသည် အလယ်ကျွန်းနန်းတော်မှာစံတော့ ဒီအနောက်ဘက်ကမ်းက တပည့်တော်တို့ ဟောဒီကစပြီးတော့ မြောက်ကို မင်းညီမင်းသားတွေ ကိုယ့်တပ်မတော်နဲ့ကိုယ် နေတယ်။

http://www.dhammadownload.com



ဒီဘက်ကမ်းက အခုဒီကုန်းမြေက မိုးမိတ်မင်းသား သူ့ရဲ့တပ်မတော်နဲ့နေတယ်။ ဒီမိုးမိတ်ကုန်းမြေလို့ တွင်တာက သူ့ကြောင့် တွင်တာ။ တစ်ခါ သူ့ရဲ့မြောက်ဘက်က ဟောဒီ ဆရာတော်ဦးအာစယတို့ ကျောင်းနေရာက မင်းညီမင်းသား၊ တစ်နည်းအားဖြင့်ပြောရင် ထနောင်းနိုင်မင်းသားလို့ အဲဒီမှာ ဒီလိုနေကြတယ်။ မြောက်ဘက်မှာက မင်းကွန်း၊ အခု "အောင်မြေမှန်ကူ"ဆိုတဲ့ ဘုရားနေရာက အိမ်ရှေ့မင်းသားနေတယ်။ အဲဒီကနေ မြောက်ဘက် အောင်မြေမှန်ကူဘုရားရဲ့ တောင်ဘက် မြောက်ဘက် အဲဒီမှာ ပေမဇေယျ ဥယျာဉ်ဆိုပြီးတော့ ဒီ ၁၁၅၀ ပြည့်နှစ်က ဒီဘက်မှာ အင်မတန် သာယာပါတယ်။

ပထမတုန်းက ဒီနေရာက ရွာနာမည် မင်းခေါင်ရွာ။ မင်းခေါင်ရွာဆိုတဲ့ နာမည်က တိုင်းပြည်အုပ်ချုပ် မင်းလုပ်တဲ့ပုဂ္ဂိုလ်က အင်းဝမှာရှိတော့ မင်းနှင့်ဝေးတယ်။ အဲဒါကြောင့် ဝေးလို့ ခေါင်လို့မို့ မင်းခေါင်ရွာလို့ ဒီနာမည်ရှိတယ်။ အဲဒီနာမည်ရှိနေရာက အင်းဝမှာ မင်းခေါင်မင်းတရား ထီးနန်းအုပ်တော့ သူ့ရဲ့မင်းခေါင်ဆိုတဲ့ နာမည်ကို ရွာနာမည် ဖြစ်နေလို့ မင်းရွာလို့ နာမည်တွင်တယ်။ အဲဒီတင် မင်းရွာလို့ နာမည်တွင်ပြီးတော့၊ ဒါနဲ့ ဘိုးတော်ဘုရား လက်ထက်ကျတော့ အဲဒီမှာ မင်းညီမင်းသားတွေ နေကြတော့ မင်းကွန်းဆိုတဲ့နာမည် ဒီကစတွင်ပါတယ်။ အဲဒီမှာ အရှေ့ဘက်က ပုဂံမင်းသားကလဲပဲ သူ့ရဲ့တပ်မတော်ကြီး ငါးတပ် ငါးဌာနချပြီးတော့ နေတယ်။

ပြည်မင်းသားကလဲပဲ အဲဒီမြောက်ဘက်က သူ့ရဲ့တပ်မတော်ကြီး ငါးတပ်နဲ့ ငါးနေရာချထားပြီးတော့ ဘိုးတော်ရဲ့ လုံခြုံရေးကို တာဝန်ယူပြီးတော့ စောင့်ရှောက်ကြတယ်။ အဲဒီလိုနေရာက အိမ်ရှေ့မင်းဘုရား ရုတ်တရက် ဥာဟဖျား ဖျားပြီးတော့ အိမ်ရှေ့ဘုရားဆိုတာ တပည့်တော်တို့ သကျသီဟဘုရား ပင့်လာသလိုပဲ မဟာမြတ်မုနိကြီး ပင့်လာတဲ့ မင်းသားကြီး။ အဲဒီ အိမ်ရှေ့မင်းသား။ နတ်ရွာစံသွားတော့ ခမည်းတော် ဘိုးတော်မင်းတရားက စိတ်ထိခိုက်ပြီး နန်းတော်ပြန်သွားတယ်။ အဲဒီအခါမှာ မင်းညီမင်းသားတွေ သူတို့နေရာတွေမှာ ဘုရားတည်ပြီးတော့ ပြန်ကြတယ်။

ယခု ဒီနေရာမှာက မိုးမိတ်မင်းသားက တည်တဲ့ဘုရား။ မိုးမိတ်မင်းသားက နှလုံးရည်လဲရှိတယ်။ လက်ရုံးရည်လဲရှိတယ်။ မင်းရဲရွှေတောင်ဆိုတာက လက်ရုံးရည်နာမည်၊ နှလုံးရည်က မဟာဓမ္မရာဇာ။ မဟာဓမ္မရာဇာဆိုတဲ့ဘွဲ့က အိမ်ရှေ့အလျာ လျာထားတဲ့ မင်းသားများကို ပေးတဲ့ဘွဲ့။ ဒီမြန်မာဘုရင်များမှာ ၁။ အိမ်ရှေ့မင်းသား၊ ၂။ အိမ်ရှေ့လျာ အရည်အချင်းပြည့်တဲ့မင်းသားသုံးယောက်။ အားလုံး မင်းသားလေးယောက်။ အဲဒီမင်းသားသုံးယောက်ကို မဟာဓမ္မရာဇာ၊ မဟာဓမ္မရာဇာ အဲဒီလို နာမည်ပေးပြီးတော့ အိမ်ရှေ့မင်းသားနဲ့အတူ လွှတ်တော်မှာ မှူးမတ်တွေနဲ့ တိုင်းပြည်ရေးရာ လှည့်ပြီးတော့ စီမံရတယ်။ အုပ်ချုပ်တတ်အောင် တိုင်းရေးပြည်ရာ နားလည်အောင် လွှတ်တက်ရတဲ့မင်းသားတွေမို့ ဟောဒီမိုးမိတ်မင်းသားကို လွှတ်တက်မဟာဓမ္မရာဇာဆိုတဲ့နာမည်နဲ့ လွှတ်ကိုတက်ရတယ်။ အိမ်ရှေ့လျာပေါ့။ သူ့ရဲ့နာမည်ကတော့ မင်းရဲရွှေတောင်။ သူက အင်မတန်

http://www.dhammadownload.com



တော်တဲ့ အရည်အချင်းရှိတဲ့ မင်းသားလို့ ပြောပါတယ်။

ဘိုးတော်ဘုရား အမရပူရကိုပြန်တော့ မင်းသားတွေက ကိုယ့်နေရာမှာ ဘုရားတည်ကြတော့ အိမ်ရှေ့မဟာဓမ္မရာဇာ၊ လွှတ်တက်မဟာဓမ္မရာဇမင်းသား မင်းရဲရွှေတောင် – အဲဒီမင်းသားက သူ့နေရာမှာ ဟောဒီစေတီကြီး တည်ခဲ့တယ်။ ပြီးတော့ အင်းကမော်ထိပ်ခေါင်တင်လို့ခေါ်တဲ့ အင်းကမော်မြို့စား မင်းသမီးက မင်းရဲရွှေတောင်ရဲ့မိဖုရား မိဖုရားခေါင်။ အင်းကမော်ထိပ်ခေါင်တင် အတွက် ဟောဒီတောင်ဘက်က စက်တော်ရာကို တည်ပါတယ်။ ဒီစက်တော်ရာဟာ ဒီမဟာဓမ္မ ရာဇာ မိုးမိတ်မင်းသားရဲ့ မိဖုရားကြီး အင်းကမော်ထိပ်ခေါင်တင်အတွက် တည်တဲ့ဘုရား။ အဲဒီလို အသီးသီးတည်ပြီးတော့ ပြန်ကြတော့မှာ ထနောင်းနိုင်မြို့စားမင်းသားက ဟောဒီမြောက်ဘက်နားမှာ ထနောင်းနိုင်ဘုရား၊ ပြီးတော့ အိမ်ရှေ့မင်းသားကတော့ အဲဒီအချိန်မှာ သားတော် သမီးတော်များ အရွယ်မရောက်သေးဘူး၊ ငယ်ကြသေးတော့ မတည်နိုင်သေးဘူး။ နောက်ပြီး အဲဒီဘိုးတော်နောက် မှာ ဖလ်နန်းရှင်၊ အဲဒီနောက်မှာ သာယာဝတီမင်းတို့ အဲဒီလို မင်းဆက်ရောက်လာကြတော့မှ ပုဂံမင်းတရားရဲ့မယ်တော် မိဖုရား ဖြစ်ပါတယ်။

ဆိုကြပါစို့ သူက အဲဒီမှာ တိုင်းပြည်အုပ်ချုပ် မင်းလုပ်သွားတဲ့အခါကျတော့မှ ဒီအိမ်ရှေ့ မင်းသားရဲ့ သမီးတော်ကြီးဟာ မိဖုရားကြီးဖြစ်ပြီး အဲဒီမိဖုရားကြီးက သူ့ရဲ့နေရာ၊ ခမည်းတော်ရဲ့ နေရာ အိမ်နေရာမှာတည်လို့မို့ အဲဒီဘုရားကို အိမ်တော်ရာဘုရား၊ ဘွဲ့အမည်က အောင်မြေမှန်ကူ ဘုရားလို့ အဲဒီလို အမည်ရှိပါတယ်။ အဲဒီကမြောက်ဘက်သွားတော့ မင်းညီမင်းသားတွေ စုပေါင်း တည်တဲ့ဘုရား၊ အခု ဂါတ်ကုန်းပေါ့။ အဲဒါကို မင်းပေါင်းဘုရား။ မင်းညီမင်းသားတွေ စုပေါင်းပြီး နေလို့ အဲဒီမှာ မင်းပေါင်းဘုရား။ အဲဒီလို ဒီဘက်မှာ တည်သလိုပဲ အရှေ့ဘက်ကလဲပဲ ပုဂံမင်းသား ကလဲပဲ မိမိရဲ့တပ်မတော်ကြီး ငါးတပ်တည်နေတဲ့နေရာမှာ ရှာငါးရွာတည်လို့ ပုဂံတပ်ငါးရွာတဲ့။ အရှေ့ဘက်မှာတစ်ခါ ပြည်မင်းသားကလဲ သူ့ရဲ့တပ်မတော်ကြီး ငါးတပ်နေတဲ့နေရာမှာ ရွာတည်လို့ အရှေ့ဘက်မှာ ပြည်တပ်ငါးရွာ၊ အဲဒီလို အရှေ့ဘက်မှာ တန်းပြီးရှိတယ်။

အရှင်ဘုရားတို့ အခုနေတဲ့ ဒီနေရာက မိုးမိတ်မင်းသား တည်သွားတဲ့ဘုရား၊ တပည့်တော်တို့ ဒီဘုရားနဲ့တွေ့ရတာ မိုးမိတ်မင်းသားများ တည်ပြီးတဲ့နောက် သက္ကရာဇ် ၁၂၉၉ ခုနှစ်၊ အဲဒီမှာမှ တပည့်တော်တို့ မိုးမိတ်ဘုရားနဲ့ တပည့်တော်တို့နဲ့ စပ်မိကယ် ပြောပါစို့။ ၁၁၅၀ ဆိုတော့ ၁၂၅၀ ကျတော့ နှစ်တစ်ရာရှိပြီ၊ တပည့်တော်တို့နဲ့ တွေ့တဲ့အချိန်ကျတော့ ၁၂၉၉ ခုနှစ်ဆိုတော့ မိုးမိတ် ဘုရားတည်တာဟာ နှစ်ပေါင်း ၁၅၀ လောက်ရှိပြီ။ အဲဒီလောက်ဆိုတော့ ဒီမှာဆက်ပြီးတော့ ပြင်မယ့်ပုဂ္ဂိုလ်က နည်းတော့ ဘေးပတ်ဝန်းကျင်မှာလဲပဲ တောကြီးမျက်မဲ၊ ဒီစေတီတွေ မရှိဘူးလား ဆိုတော့ ဘယ်သူမှပြင်မယ်လူမရှိဘူး။ ၁၅၀ ဆိုတော့ တော်တော့ကို စေတီတွေ အိုမင်းဟောင်းနွမ်း ပြီးတော့ အနားမှာက ခြံပိတ်ပေါင်းတွေဟာ တခါတည်း အုံ့ဆိုင်းမှိုင်းပြီးနေတော့ နှစ်ပေါင်း ၁၅၀

http://www.dhammadownload.com



လောက်မှာ တပည့်တော်တို့ရဲ့ ဥပဇ္ဈာယ်ဆရာ ဓမ္မနာဒဆရာတော်က၊ ပျံတော်မူသော တပည့်တော်တို့ ဆရာက ဘုရားကို ကြည်ညိုတယ်ဘုရား။ အင်မတန် ကြည်ညိုတယ်။ သူဘုရားရှိခိုးရင် နှစ်နာရီ သုံးနာရီ အဲသလိုရှိခိုးတာ၊ ရပ်ရှိခိုးလိုက်၊ စင်္ကြံလျှောက်ရှိခိုးလိုက် အဲသလို ဘုရားကို ကြည်ညိုတော့ အခု ဒီတပည့်တော်တို့ ဓမ္မနာဒတိုက်ကို တည်ပေးတဲ့ အနန္တမိခင်ဆရာကြီး ဒေါ်ဓမ္မစာရီ၊ ဆရာကြီး ဒေါ်ဓမ္မစာရီက ဦးဇင်း ...တဲ့။

မတ္တကဉ္စိ မတသာာပိ၊ ရဇောဘာဝံ ဝဇန္တု မေ။

ယတော ပုညေန တေ သေန္တု၊ ဇေနပါဒမ္ဗုဇဒွယေ။

ဆိုတဲ့ အလင်္ကာဂါထာအတိုင်း ဆရာတော်ဟာ ဘုရားကို အင်မတန် ကြည်ညိုတယ်။ ဒါကြောင့် ဆရာတော်ရဲ့အရိုးမှုန့်ကို မြတ်စွာဘုရားရဲ့ ခြေတော်အစုံမှာ ဆည်းကပ်ရစ်ပါစေလို့ ဆုတောင်း။ အဲဒီဂါထာနှင့်အညီ ဆရာတော်ရဲ့အရိုးကို ဘုရားရဲ့စက်တော်ရာ ပါဒစေတီတော်အောက်မှာ ထားပြီးတော့ တပည့်တော်တို့ ပူဇော်ရအောင်။ တပည့်တော်ဒကာမကြီး ဆရာကြီးဒေါ်ဓမ္မစာရီက လေးနက်တယ်ဘုရား။ အဲဒီလို သိလရှင်တော့ သိလရှင်ပဲ။ ဒါပေမယ့် နေတ္တိတို့ မူလဋီကာတို့ အနုဋီကာတို့ ကောင်းကောင်းကြီးတက်ခဲ့ ကောင်းကောင်းကြီးကြည့်ခဲ့ ကောင်းကောင်းကြီးလေ့လာခဲ့တော့ မူလဋီကာကို ကောင်းကောင်းကြီး လေ့လာနိုင်တဲ့ ဆရာကြီး ဖြစ်ပါတယ်။

အဲဒီတော့ သူဟာ အင်မတန်လေးနက်ပါတယ်။ နေ့လဲ တစ်နေ့လုံး စာကြည့်တယ်။ ပြီးပြီဆိုရင် ညကျရင် အဲဒီနေ့လယ်က သူကြည့်တဲ့စာအတိုင်း တရားနှလုံး ကျင့်သုံးတယ်ဘုရား။ အဲဒီလို အဲဒီလို။ ဒီတော့ ဆရာကြီးနဲ့ တပည့်တော်တို့ ပါဒစေတီတော်ကို တပည့်တော်လေ့လာတယ်။ နီးရာကမ်းမှာ လျှောက်ရှာတယ်ပေါ့။ လျှောက်ရှာတော့ ဟောဘိ မင်းကွန်းပုထိုးတော်ကြီးနားက စက်တော်ရာကို ပထမသွားတွေ့တယ်။ တစ်ခါ စက်တော်ရာရဲ့ ရာဇဝင်ကို ကြည့်လိုက်တော့ ပထမကမ္ဘာစစ်တုန်းက အင်္ဂလိပ်က ဒီမှာတပည့်တော်တို့ အိန္ဒိယသားတွေ တပည့်တော်တို့ တိုက်ပွဲ လေ့ကျင့်ပေးတာ၊ မင်းကွန်းဘုရားကြီးနားလာပြီးတော့ လေ့ကျင့်ပေးတယ်။ အဲဒီလို လေ့ကျင့်ပေး တော့ အဲဒီ မင်းကွန်းဘုရားကြီးမှာ တပည့်တော်တို့ မြသိန်းတန်ပေါ့၊ မြသိန်းတန်ဘုရား တံတိုင်းက လုံတော့ သူတို့စစ်တပ်ကြီး အဲဒီမှာထားပြီးတော့ အဲဒီနား စစ်တပ်ပဲရှိတယ်။ ဘယ်သူမှ မသွားဝံ့ဘူး။

အဲဒါဖြင့် ဒီမြသိန်းတန်ဘုရား ပတ်ဝန်းကျင်ကရှိတဲ့ နဂါးရုပ်တွေ ဂဠုန်ရုပ်တွေ ဘီလူးရုပ်တွေ စတုမဟာရာဇ်နတ်ရုပ်တွေ အဲဒီမြသိန်းတန်ဘုရားကလဲပဲ မြင်းမိုရ်တောင်ပုံတည်တာ၊ မြင်းမိုရ် တောင်ရဲ့ခါးပန်းမှာ အာလိန်ငါးဆင့် ဟိုဟာပေါ့လေ၊ အောက်ခြေကနဂါး၊ အဲဒီအထက်ကဂဠုန်၊ ၎င်းအထက်ကကုမ္ဘဏ်၊ ၎င်းအထက်ကယက္ခ၊ ၎င်းအထက်ကဂန္ဓဗ္ဗ၊ စတုမဟာရာဇ်နတ်တွေပေါ့။

အဲဒီလို နတ်ရုပ်ပတ်ဝန်းကျင်၊ အဲဒီဥစ္စာတွေ ပထမကမ္ဘာစစ်တုန်းက အင်္ဂလိပ်က ဟောဘိမှာ လာပြီးတော့ တောင်ကြားတိုက်ပွဲ လေ့လာတယ်။ အဲဒီမှာ စခန်းချတယ်။ သူတို့အဖို့က ကစားစရာ

http://www.dhammadownload.com



အရုပ်တွေ ဖြစ်နေတော့ အဲဒီအရုပ်တွေ တစ်ခါထဲ သူတို့ရိုက်ကြ ချိုးကြ ကစားကြ။ ဘာမှ အကောင်း မရှိဘူး။ ဘေးနားက ဟို ခြုံထဲဘာထဲရောက်၊ နဲနဲမှ အကောင်းမရှိတာ။ တစ်ခါဒီတင်ဘယ်ကမလဲ တပည့်တော်တို့ စက်တော်ရာ ဘိုးတော်လက်ထက်က တည်တဲ့စက်တော်ရာကိုလဲ သူတို့ လက်ပစ် ဗုံးနဲ့ ပစ်ပြီးတော့ ကစားကြတယ်။ အဲဒီစက်တော်ရာ ကွဲပျက်သွားတယ်။

အဲဒါပျက်သွားလို့မို့ အင်္ဂလိပ်အစိုးရဟာ အစားထိုးပြီးတော့ တပည့်တော်တို့ အခုမင်းကွန်းက စက်တော်ရာကို ထားတယ်။ (အစား အစား)။ ဘိုးတော်လက်ထက်က လက်ရာမဟုတ်ဘူး။ တစ်ခါ အဲဒီတုန်းက နီးနီးပဲ၊ တစ်ခါ စက်တော်ရာတွေ အလယ်တောရနားမှာ အဲဒါကတော့ တကယ့် စက်တော်ရာရဲ့ ပုံပဲဘုရား။ မန်းစက်တော်ရာရဲ့ပုံပဲ။ ဟောဒီဥစ္စာက မန်းချောင်း၊ ဟောဒါက အောက် စက်တော်ရာ၊ ဟောဒါက အောက်စက်တော်ရာ၊ ဒီလိုဆိုလောက်အောင်ပဲ။ မြေအနေအထားနဲ့ အဲဒီ စက်တော်ရာကို သွားကြည့်ညိုကြ။

အဲဒီလို တပည့်တော်တို့ စက်တော်ရာကို လေ့လာနေတုန်း ဟောဒီ ထန်းမြင့်ရွာက ဒကာကိုစ ဆိုတာ၊ ကိုစ+မတင် ထန်းမြင့်တောင်ရွာ။ ကိုစက တပည့်တော်တို့ ဒကာမကြီးအိမ်မှာ သူက အလုပ်လုပ်တယ်။ အဲဒီတော့ ဆရာကြီးတဲ့၊ ကျွန်တော်တို့ ထန်းမြင့်ရွာနားမှာ စက်တော်ရာကြီးတစ်ခု ရှိတယ်၊ ဟုတ်လားတဲ့၊ ရှိတယ်ခင်ဗျား။

ဒါနဲ့ တပည့်တော်တို့ ကိုစရဲ့ ပြောပြချက်အရ ဒီကို တပည့်တော်တို့လာတယ်။ လာတော့ ဒီအထဲကို ဝင်လို့မရဘူး။ ခြုံတွေမှ ဆူးရစ်ပင်တွေ ဘာတွေ အကုန်အုံလို့၊ ဘယ်သူမှ မဝင်ဖြစ်ဘူး။ အဲဒီလို မဝင်ဖြစ်လို့လဲပဲ ဒီစက်တော်ရာကြီးက မပျက်မစီး ကျန်နေတာ။ ဒီအနားရောက်တယ်ဆိုရင် လဲပဲ ဒီလူတွေဟာ တစ္ဆေခြောက်မှာ ကြောက်ပြီးတော့ ဒီဘက်ကို မကြည့်ဝံ့ဘူး။ တစ်ခါထဲ ခပ်သုတ် သုတ် သွားတာပဲ။ အဲဒီမှာ တပည့်တော်တို့ လာပြီးတော့ လူငှားနဲ့တောရှင်းပြီး တက်ကြည့်တယ်။ စက်တော်ရာ မမြင်ရဘူးဘုရား။ ဟောဒီစက်တော်ရာကြီးတစ်ခုလုံးဟာ တပည့်တော်တို့ လင်းနို့ချေး ဖုံးနေတယ်။ အဲဒီလင်းနို့ချေးတွေကိုကျုံး။ ယခုလို ရေတိုးတဲ့အခါ ဟောဒီဧရာဝတီမြစ်ကရေခပ်၊ ဆေးကြော။ တပည့်တော်တို့ အဲဒီလိုပဲ သုတ်သင်ပြီးတော့ လာခဲ့တယ်။ နဂိုကတော့ ဒီစက်တော်ရာ ကြီးကို တပည့်တော်တို့ မင်းကွန်းဓမ္မနာဒ ရွှေတန်ရွှေမယ်ပေါ့။ ဒီအကြံနဲ့ လာကြည့်တာ။ ဒီရှိတဲ့ စက်တော်ရာကြီးက ရွှေရင် ပျက်မယ့်ပုံပေါ်တယ်။ ကြည့် ဒီစက်တော်ရာဟာ ဘိုးတော်ဘုရား လက်ထက်တုန်းက အိမ်ရှေ့လျာ မဟာဓမ္မရာဇာ မိုးမိတ်မင်းသားက သူ့ရဲ့အင်းကမော်မိဖုရားခေါင် အတွက် တည်ရှိတဲ့ စေတီဘုရာ။

စက်တော်ရာစေတီ။ အဲဒီစေတီတည်တဲ့ ဂန္ဓကုဋီတိုက်ကိုတော့ တပည့်တော်တို့ မိဖုရားများ နေတဲ့ ပြာသာဒ်မျိုး၊ ဒါမျိုးတည်တာ။ အဲဒီလို အဲသလို။ မိဖုရားများနေတဲ့ ပြာသာဒ်မျိုး။ အဲဒါနဲ့ ဒီဟာကြီးကိုကြည့်တော့ တပည့်တော်တို့ပြုပြင်' ရွှေလဲမရွှေနိုင်၊ မရွှေရက်၊ ရွှေရင်လဲ ပျက်သွား

http://www.dhammadownload.com



နိုင်တဲ့ အခြေရှိတယ်။ အဲဒါနဲ့ တပည့်တော်တို့ တစ်ခြားပဲ စက်တော်ရာ သီးသန့်လုပ်ပြီးတော့ ဒီမင်းကွန်းမှာပေါ့လေ၊ ဓမ္မနာဒတိုက်မှာ ဆရာတော့်အရိုးကို စက်တော်ရာအောက်မှာ ဌာပနာပါတယ်။ ဟို တပည့်တော်တို့ ဓမ္မနာဒတိုက်မှာ အနောက်ဘက်ကစေတီဟာ အရိုးအိုးစေတီ=စက်တော်ရာ စေတီ။

အဲဒီမှာ တပည့်တော်တို့ စက်တော်ရာကို ပြုပြင်၊ ဒီက မိုးမိတ်ဘုရားကိုတောရှင်း၊ အဲသလို လုပ်ကိုင်နေတုန်း ဆရာဝန်ကြီးဦးသာလှနဲ့ တပည့်တော်နဲ့ သွားတွေ့တာပါပဲ။ သွားတွေ့ဆို ဆရာဦးသာလှက မန္တလေးမှာ တာဝန်ကျနေတော့ တပည့်တော် နေမကောင်းလို့ ဆရာဦးသာလှကို ကျန်းမာရေးဌာနက တပည့်တော်ကို ကြည့်ရှုဖို့လွှတ်တော့ ဆရာဦးသာလှကလဲ တကယ့်စေတနာ အင်မတန်ကောင်းတယ်။ ဒီမှာလာရင်း ဒီစက်တော်ရာစေတီတို့ မိုးမိတ်စေတီတို့ တပည့်တော်တို့ အားလုံး တောတွေရှင်း၊ တံတိုင်းတွေ အသစ်လုပ်၊ ဘာလုပ်၊ ဒါတွေလုပ်တော့ သူကလဲပဲ စိတ်အင်မတန်ပါတယ်။ တပည့်တော်ကို ကျန်းမာရေးကြည့်ရင်းလာရင်း ဒီမှာ ဆရာတော်တဲ့၊ တပည့်တော်တို့ ဒီမှာသေသေချာချာ လုပ်ရအောင်၊ အဖွဲ့တစ်ခု ဖွဲ့ရအောင်၊ မိုးမိတ်စေတီများ ပြုပြင်စောင့်ရှောက်ရေးအဖွဲ့ဆိုပြီးတော့ အဲဒီလိုဖွဲ့ပါတယ်။ အဲဒီအဖွဲ့မှာ ဗန္ဓုလဒကာကြီးဦးဆိုင်က နာယက၊ ဦးသာလှကဥက္ကဋ္ဌ၊ မိုးမိတ်စေတီများ ပြုပြင်စောင့်ရှောက်ရေးအဖွဲ့ဆိုပြီးတော့ တပည့်တော်တို့ အဲဒါ တည်ပြီးတော့ ဒီနေရာမှာ ဦးသာလှက ဇရပ်တည်တာ။ အဲဒီတုန်းကတော့ သိပ်မကြီးသေးဘူး ဘုရား။ တစ်ထပ်ပဲ ရှိသေးတယ်။ အဲသလို ဟိုဘက်ကတော့ ဦးကိုလေးက တဖြည်းဖြည်း တည်လာပြီးတော့ တစ်နှစ် တစ်နှစ်မှာ တပည့်တော်တို့ တော်သလင်းလ တော်သလင်းလမှာမှ ဘုရားပွဲလုပ်တယ်။ အဲသလိုလုပ်တော့ ဒီမှာ အဆောက်အဦတွေ ဖြစ်လာတယ်။ အဆောက်အဦဇရပ်တွေ ဖြစ်လာတော့ တံတိုင်းတွေ ဘုရားတွေ တပည့်တော်တို့ပြင်တော့ ဟိုနားက လေးမျက်နှာဘုရားက တပည့်တော်တို့ မြို့ဝန်ဘုရားတို့ ဘာတို့။

ဟောဟို တောင်ဘက်ကဘုရားက ဂိတ်မှူးရဲ့ ဘုရားဆိုပါစို့။ အဲ အဲဒီဘုရားလေးကို တောင်ဘက်က ဘုရားလေးကို အခုဒီဘက်မှာ ဦးပေါက်ကပြင်လို့ အရပ်ကလူတွေက ဦးပေါက်ဘုရားလို့ ဒီလိုနာမည်မှည့်တာပဲ။ အမှန်ကတော့ တောင်ဘက်ကဂိတ်မှူးဘုရားပဲ၊ ဂိတ်မှူးတည်သွားတဲ့ဘုရား။ တစ်ခါ ဟိုမြောက်ဘက်က ကုန်းပေါ်က ဘုရားက မင်းတေဇဘုရား၊ မင်းတေဇဆိုတာ မိုးမိတ်မင်းသားရဲ့ ဗိုလ်မှူး၊ မင်းတေဇဆိုတော့ ဗိုလ်တေဇပေါ့၊ သူတည်သွားတဲ့ဘုရား၊ မင်းတေဇဆိုတဲ့ နာမည်တပည့်တော်တို့လက်ထက်ထိအောင် မပျောက်ဘူးဘုရား။ အဲဒီနာမည်က အခုထက်ထိ ရှိတယ်။ အခုလဲပဲ မင်းတေဇပဲ၊ အဲဒီလိုတည်ခဲ့တာ တပည့်တော်တို့ ဒီလိုတည်လာရာက ဆရာဦးသာလှနဲ့ တပည့်တော် ဗန္ဓုလဒကာကြီး အားလုံး တိုင်ပင်ကြတယ်။

http://www.dhammadownload.com



"ဒကာတို့၊ ကျုပ်တို့ ဒီမှာ ဘုရားစေတီတွေလဲ ပြင်နေပြီ။ တစ်နှစ်ထက် တစ်နှစ်လဲပဲ အဆောက်အဦတွေ ဖြစ်လာပြီ။ တစ်နှစ်မှာ ဘုရားပွဲလေး လေးရက်လုပ်ပြီးတော့ ဒါ ဒါနဲ့ပြီးရတယ်ဆိုတာ မကောင်းဘူး၊ ဒီတော့ ဒီနေရာမှာ အမြဲတန်း သာသနာအား ကျေးဇူးများတဲ့ ကျောင်းတိုက်တစ်ခု တည်ရအောင်"ဆိုတော့ အားလုံး သဘောတူကြတယ်။

အဲဒီလို သဘောတူတယ်ဆိုရင်ပဲ တပည့်တော် ၁၃၃၉ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်နေ့သည် တပည့်တော်တို့အဖို့ တိပိဋကဖြစ်လို့ ၂၄ နှစ်ပြည့်ပြီးတော့ ၂၅ နှစ်ကိုရောက်တဲ့နေ့။ တပို့တွဲလဆန်း ၁၁ ရက်နေ့၊ အဲဒီမှာ ၂၅ နှစ်မြောက် ရောက်လာပြီ။ တိပိဋကစရေ လစဉ်လစဉ် ၃၁၁ ကျပ် (သုံးရာ တစ်ဆယ့်တစ်ကျပ်) နိုင်ငံတော်က ထောက်ပံ့တဲ့ဟာ ငါ အမောအပန်းပြေပြီ။ ငါ့တစ်သက်လုံး ဒီတိပိဋက ၃၁၁ ကျပ်က ရတာနဲ့ ထောက်ပံ့မယ်။

အဲဒီလို ထောက်ပံ့မှာဖြစ်တော့ ကိုင်း–ဒီတိပိဋကစရေလစာ ၃၁၁ ကျပ်ကို ၁၃၃၉ ခုနှစ် တပို့တွဲလ ကစပြီးတော့ "နိကာယ်ငါးရပ် ပိဋကတ်သာသနာအား လှူပါ၏"လို့ ဆိုပြီးတော့ တပည့်တော် တိပိဋက=နိကာယ ရည်စူးပြီးတော့ လှူပါတယ်။ ကနေ့လဲ လှူလျက်ပဲ။ အစိုးရကလဲပဲ တပည့်တော် အား တစ်သက်လုံးပေးမှာပါ။

နောက်–အဂ္ဂမဟာပဏ္ဍိတ ရပြန်တော့ အဂ္ဂမဟာပဏ္ဍိတက တစ်နှစ်ကို တစ်ထောင်။ အဲဒီ တစ်ထောင်လဲပဲ ဒီလိုပဲ တပည့်တော် နိကာယ်ငါးရပ် ပိဋကတ်သာသနာအား လှူတယ်။

အဘိဇကျတော့ တစ်ထောင့်ငါးရာ၊ ဒီအဘိဇလဲပဲ တပည့်တော် မသုံးဘူး။ နိကာယ်ငါးရပ် ပိဋကတ်သာသနာအား လှူတယ်။

အဲဒါကြောင့် တပည့်တော် ဟောဒီ တိပိဋက=နိကာယကျောင်းတိုက်မှာ တပည့်တော် တစ်နှစ် ကို ငါးထောင်ကျော်ကျော် ရှိပါတယ်။ တစ်နှစ်တစ်နှစ် အဲဒီလို မှန်မှန် လှူရတယ်။ အဲဒီအချိန်က စပြီးတော့ အရှင်ဘုရားတို့ တိပိဋက=နိကာယ ကျောင်းတိုက်ဟာ ၁၃၄၀ ပြည့်နှစ်၊ ဝါဆိုလဆန်း ၅ ရက်နေ့မှာ စပြီးတော့ ကျောင်းတိုက်ဖွင့်တယ်ဘုရား။

ဒါဖြင့် တိပိဋက=နိကာယ ကျောင်းတိုက် စတည်တဲ့နေ့ဆိုတာ ၁၃၄၀ ပြည့်နှစ် ဝါဆိုလဆန်း ၅ ရက်နေ့ ဖြစ်ပါတယ်။ အဲဒီက ပထမနှစ်မှာ ၄၇ ပါး၊ ဒုတိယနှစ်မှာ ၈၂ ပါး၊ တတိယနှစ်မှာ ၁၁၃ ပါး၊ အဲဒီကနောက်မှာ ၁၅၀ တို့၊ အဲဒီကလျော့ရင်နည်းနည်း၊ အဲဒီလို တစ်ရာကျော်လာခဲ့တာ ဒီနှစ် ဦးပဥ္စင်းတို့ တိပိဋကဟာ ၁၀ နှစ်ရှိသွားပြီ။ ၁၃၄၀ ကစလို့ ၁၀ နှစ်ပေါ့။ အဲဒီ ၁၁ နှစ်မှာ တပည့်တော်နဲ့ ဆရာဝန်ကြီးဦးသာလှ ခေါင်းဆောင်ပြီးတော့ နှစ်စဉ် နှစ်စဉ် အရှင်ဘုရားတို့အား ပူဇော်တဲ့ပွဲ+ဘုရားဗုဒ္ဓပူဇနီယပွဲ "ဗုဒ္ဓပူဇာ+ဓမ္မပူဇာ+သံဃပူဇာ"ဆိုပြီးတော့ အေး ... ပူဇော်ပွဲသုံးပွဲ လုပ်ခဲ့တာ ဒီနှစ်ဟာ ၁၁ နှစ်မြောက်ပဲ။

http://www.dhammadownload.com



အခုလာမယ့် တန်ဆောင်မုန်းလဆန်း ၁၀ ရက်နေ့မှာ အရှင်ဘုရားတို့ ဗောဓိမိုးမိတ်ကုန်းမြေ၌ တိပိဋက=နိကာယ သာသနာပြုအဖွဲ့ဟာ ၁၁ နှစ်မြောက် ဗုဒ္ဓ ဓမ္မ သံဃပူဇော်ပွဲ ကျင်းပမယ်။ ၁၀ ရက်နေ့ ဦးပဥ္စင်းတို့ ဒီမှာက နံနက်ခင်း တောင်ရိုးက သာမဏေတွေကို စာရေးတန် ဆွမ်းလောင်းမယ်။ နေ့လယ်မှာ ဒီကမိုးမိတ်က သံဃာတော်များကို ပူဇော်တဲ့ပွဲ လုပ်မယ်။ တောင်ရိုးက သီလရှင်များကို ပိတ်လှူတဲ့ပွဲ လုပ်မယ်။ ဒီနှစ် ၁၁ မြောက်ပဲ။ ဦးပဥ္စင်းတို့ စိတ်ထဲမှာပေါ့လေ ကြိုတင်ပြီး သိကြပါ။ ဒါတပည့်တော် ဘာပြုလို့ ပြောရတုန်းဆိုတော့ အခုအရှင်ဘုရားတို့အထဲမှာ ရာဇဝင်နဲ့ မသိတဲ့ အရှင်မြတ်များက ပါပြီးတော့ နေပါလိမ့်မယ်။ ဒါကြောင့် အရှင်မြတ်တို့သိအောင် တပည့်တော်များ ပြောကြားရခြင်း ဖြစ်ပါတယ်ဘုရား။

အရှင်ဘုရားတို့ ဝမ်းသာစရာ တပည့်တော်ပြောမယ်။ ဗောဓိဒကာကြီး ဘယ်သူတဲ့၊ ဟိုဒကာကြီး ဦးကွန်း-ဦးကွန်း။ ကိုဘကွန်းဟာ ဗောဓိတိပိဋကကုန်းမြေ စကတည်းကိုက ဝေယျာဝစ္စ ဆောင်ရွက်လာတဲ့ဒကာ ဘုရား။ အဲဒါ သူ့ကို အမှတ်တရ ရှိရမယ် အရှင်ဘုရား။ အရှင်ဘုရားတို့လည်းပဲ သူ့ကိုတော့ ဘယ်သူမဆို ချစ်တာပဲ။ ချစ်လည်းချစ်လောက်တယ်နော်။ အေး ဒီလို ဦးဇင်းတို့ သိကြပါ။ သိပြီးတော့ ...

တပည့်တော်ဦးပဥ္စင်းတို့ကို ပေးရမယ့်ဩဝါဒက သောတာနုဂတသုတ်ကို အာရုံပြုစေချင်ပါတယ်။

"သောတာနုဂတာနံ ဘိက္ခဝေ ဓမ္မာနံ ဝစသာ ပရိစိတာနံ မနသာနုပေက္ခိတာနံ ဒိဋ္ဌိယာ သုပ္ပဋိဝိဒ္ဓါနံ စတ္တာရော အာနိသံသာ ပါဋိကင်္ခါ" (အံ၊ ၁၊ ၅၀၄)

ရဟန်းတို့ ... စာပေပရိယတ်မှာ -

၁။ သောတာနုဂတ=သုတမယဉာဏ်ဖြင့် ပထမ နာပါ။ ဦးဇင်းတို့ကျတော့ ကိုယ်တိုင်က စာတို့ ဘာတို့ ကြည့်နိုင်တဲ့အတွက် ဦးဇင်းတို့ ကြည့်တာဟာ သောတာနုဂတ-သုတမယဉာဏ်ရဲ့အလုပ်။

၂။ ဝစသာပရိစိတာနံ-အဲဒီလို နာပြီးတော့ ဒီစာပေကို နှုတ်တက်ရအောင်ကျက်၊ ဦးပဥ္စင်းတို့ဟာ စာကြည့်၊ စာအံ၊ စာကြံ၊ စာကျက် ပရိယတ္တိလုပ်နေတာဟာ ဝစသာပရိစိတာနံ-က စတဲ့ အလုပ်၊ ပရိစယဉာဏ်ဖြင့် စာကိုလေ့လာ။

၃။ မနသာနုပေက္ခိတာနံ-စိန္တာမယဉာဏ်နှင့် မိမိလေ့လာတဲ့ "သုတ္တ, ဂေယျ, ဝေယျာကရဏ, ဂါထာ, ဥဒါန, ဣတိဝုတ္တက, ဇာတက, အဗ္ဘုတဓမ္မ, ဝေဒလ္လ"ဆိုတဲ့ အင်္ဂါကိုးတန် ဓမ္မက္ခန်ကို မနသာနုပေက္ခိတာနံဆိုတာ စိန္တာမယဉာဏ်နဲ့ မိမိတို့ ကြံရတယ်၊ စာကိုကြံပြီးတော့။

၄။ ဒိဋ္ဌိယာသုပ္ပဋိဝိဒ္ဓါ-အဲဒီ စိန္တာမယဉာဏ်ပြီးရင် ပဋိဝေဓဉာဏ်နှင့် ဒီစာကလာတဲ့ အနက် အဓိပ္ပာယ် အနိစ္စသဘော ဒုက္ခသဘော အနတ္တသဘော ကောင်းကောင်းကြီး ဦးဇင်းတို့ ထိုးထိုးထွင်းထွင်း သိတယ်။ ဒါအင်္ဂါလေးချက်။

http://www.dhammadownload.com



စာပေပရိယတ်ကို ဒီအင်္ဂါလေးချက်နဲ့ လေ့လာရင်–တဲ့။ အကျိုးလေးပါး မြေကြီးလက်ခတ်မလွဲရတယ်။ ဟောဒါနော်–တပည့်တော်တို့ မစိုးရိမ်ဆရာတော်ဘုရားကြီး တပည့်တော် လျှောက်လိုတယ်။ မစိုးရိမ်ဆရာတော်ဘုရားကြီးဆိုတာ ဟောဒီအရှေ့ဘက်က ပေါက်ဝဲကဇာတိ။ ဆရာတော်ဘုရားကြီးက ကလေးတုန်းက အဲဒီပေါက်ဝဲကလူတွေ ယခုလိုရေကြီးတဲ့အခါ ဒီဘက်ကို နွားတွေကို ရွှေ့လာပြီးတော့ နွားကို ဒီဘက်ကူးတဲ့အခါ မစိုးရိမ်ဆရာတော်ဘုရားကြီးက ကလေးဘဝထဲကိုက ဟောဒီစက်တော်ရာဘုရားတို့ မိုးမိတ်ဘုရားတို့ ဒါတွေထဲမှာ ကလေးဘဝ ကစားပြီး လာခဲ့တာပဲ။ တပည့်တော်တို့နဲ့တွေ့တော့ ဆရာတော်ကြီးက သူကပြောတယ်။

အဲဒီတော့ သူက ဒီဘုရားတွေ သူက ကလေးတုန်းက ကစားခဲ့တဲ့ဘုရားတွေ၊ အဲဒီမှာ ဆရာတော်ဘုရားသည် အဘိဓဇဘွဲ့တော်ရတော့ မစိုးရိမ်ဆရာတော်က နိကာယ်ဆိုတာ မစိုးရိမ်က စတာ၊ မစိုးရိမ်နိကာယ်။ မန္တလေးနိကာယ်က စတယ်၊ မန္တလေးနိကာယ်စချင်တော့ မန္တလေးက ပရိယတ္တိအသင်းကို "ဒကာတို့ မင်းတို့နိကာယ်စာမေးပွဲလုပ်ပါကွာ" အဲဒီလိုပြောတယ်။ ပရိယတ္တိအသင်းဆိုတာ အင်မတန် ချွေတာတဲ့အသင်း။ မစိုးရိမ်ဆရာတော်ကို သူတို့က ဘယ့်နှယ်ပြောတုန်းဆိုတော့–

"တပည့်တော်တို့အသင်းမှာ ယခုပရိယတ္တိစာမေးပွဲအပြင် နိကာယ်စာမေးပွဲလုပ်နိုင်အောင် ရန်ပုံငွေ မရှိဘူးဘုရား၊ တပည့်တော်တို့ လုပ်ချင်ပါတယ်"

"ကဲ–မင်းတို့မရှိဘူးဆိုရင် ငါရှိအောင်လုပ်ပေးမယ်"ဆိုပြီးတော့ မစိုးရိမ်ဆရာတော်က တပည့်တော်တို့ ပိုက်ကျုံးက ဒကာကြီး၊ စက်ပိုင်ဒကာကြီး ဦးသာငွေး။

"မောင်သာငွေး–မင်းမလုပ်ဘူးတဲ့ကုသိုလ် လုပ်ရအောင်ကွာ"

"ဘာတုန်းဆရာတော်"

"ဒီနိကာယ်စာမေးပွဲ ဒကာခံရအောင်။ ဒကာခံတော့ ဘယ်လိုခံရမှာတုန်း။ မင်းကဓာတ်လှေကားလုပ်ကွာ။ အဲဒီဓာတ်လှေကားနဲ့ ပရိယတ္တိအသင်း ဓာတ်လှေကားတစ်ခုလုပ်ပေး။ ဓာတ်လှေကားတစ်ခေါက်တက်ရင် တစ်မတ်ပေါ့။ တက်တဲ့လူ အဲဒီတစ်မတ် တစ်မတ်က ရတဲ့ဥစ္စာ တို့နိကာယ်စာမေးပွဲ လုပ်ရအောင်" ဆိုပြီးတော့ မစိုးရိမ်ဆရာတော်က လုပ်ပေးလို့ မန္တလေးနိကာယ်စာမေးပွဲ စဖြစ်တာ။

တစ်ခါ မန္တလေးနိကာယ်ပြီးတော့ ရန်ကုန်မှာ နိကာယ်ဖြစ်အောင် ထို့အတူပဲ သူ့တပည့် ပတ္တမြားဦးမောင်မောင်ကို မင်းမလုပ်ဘူးတဲ့ကုသိုလ် နိကာယ်စာမေးပွဲလုပ်ရအောင် ဆိုပြီးတော့ ရန်ကုန်နိကာယ်စာမေးပွဲ မဖြစ်ဖြစ်အောင် လုပ်တယ်။ ဖြစ်အောင်လုပ်တာ ဘာပြုလို့တုန်းဆိုတော့ တို့နိကာယ်ကို နေ့စဉ်လေ့လာရင် နေ့စဉ်ဘုရားနဲ့ တွေ့နေတယ်တဲ့။ ဘုရားနဲ့ နေ့စဉ်နေ့စဉ် တွေ့ရတဲ့ အရှင်တွေဟာ ဆိုးမဖြစ်ဘူးတဲ့။ ဒါတို့နဲ့ပိုဆိုင်တယ်။ တို့နေ့စဉ်နေ့စဉ် နိကာယ်ကို ကျက်ကြ

http://www.dhammadownload.com



အံကြ ကြည့်ကြတော့ နေ့စဉ်နေ့စဉ် မြတ်စွာဘုရားနဲ့ တွေ့နေတယ်။

အဲဒါဖြင့် မစိုးရိမ်ဆရာတော်ကြီးက စာသင်သားတွေ နေ့စဉ်နေ့စဉ် ဘုရားနဲ့တွေ့အောင် ဆိုတဲ့ ရည်ရွယ်ချက်နဲ့ မန္တလေးနိကာယ် စာမေးပွဲပြီးတော့ ရန်ကုန်မှာ နိကာယ်စာမေးပွဲ။ ဒါနဲ့ အားမရသေးဘူးဗျာ၊ ပဲခူးနိကာယ်စာမေးပွဲဖြစ်အောင် လုပ်ပေးတယ်။ ဘယ်လောက်အံ့ဩစရာ ကောင်းသလဲဘုရား။ ပဲခူးကနေ မြို့မဆရာတော်ကြီး သံဃနာယကဥက္ကဋ္ဌ မြို့မဆရာတော်ကြီးက မစိုးရိမ်တိုက်မှာ ငယ်စဉ်က နေဖူးတယ်။ မန္တလေးမှာနေတုန်းက အဲဒီမစိုးရိမ်တိုက်မှာနေတော့ မစိုးရိမ်ဆရာတော်ကြီး ရန်ကုန်မှာ သီတင်းသုံးတော့ သက်တော်ကိုးဆယ်ကစပြီးတော့ မစိုးရိမ်ဆရာတော်က ရန်ကုန်မှာပဲ နေတယ်၊ ပတ္တမြားခြံမှာ။ အဲဒီမှာ လာပင့်တော့ မစိုးရိမ်ဆရာတော်က ဦးပဥ္စင်းရာ အသက်ကိုးဆယ်ကျော်မှ ခရီးသွားလို့ တစ်စုံတစ်ခုဖြစ်ရင် သူတကာပြောစရာ ဖြစ်ပါလိမ့်မယ်။ အဲဒီတော့ ပဲခူးကို တပည့်တော် လာစေချင်ရင် ပဲခူးနိကာယ်စာမေးပွဲဖြစ်အောင်လုပ်ဖို့ ဦးပဥ္စင်းတို့ တာဝန်ယူမလား၊ ကနေ့ဆရာတော် ဦးဣန္ဒာစာရကိုနော်။

ဒီတော့ ဆရာတော်ဦးဣန္ဒာစာရက ယူပါ့မယ်ဘုရား။ တပည့်တော် ယူပါ့မယ်။ ဟာ-ဒါဖြင့်ရင် ဟိုတပည့်တော် လမ်းမှာပဲ သေပါစေ၊ နိကာယ်စာမေးပွဲ တရားဟောမလို့ သွားတယ်ဆိုတဲ့အနေနဲ့ ပဲခူးသွား။ အဲဒီမှာ နိကာယဝေပုလ္လအသင်းဖွဲ့ပြီး ပဲခူးမှာ နိကာယ်စာမေးပွဲ လုပ်ပေးတယ်။ ဒါကြောင့် တို့ကနေ့ခေတ်မှာ နိကာယ်စာမေးပွဲတွေနော်၊ မန္တလေး ပရိယတ္တိနိကာယ် မစိုးရိမ်ဆရာတော် လုပ်တယ်။ ရန်ကုန်နိကာယ် မစိုးရိမ်ဆရာတော်၊ ပဲခူးကနိကာယ် မစိုးရိမ်ဆရာတော်။

အဲဒီလို ဘာပြုလို့တုန်းဆိုတော့ ဦးဇင်းတို့ကို ဘုရားနဲ့တော့ နေ့တိုင်းနေ့တိုင်း တွေ့အောင်တဲ့ဗျာ၊ အဲဒီလို နိကာယ်ကို ကျက် အံ ကြံ ကြည့်နေရင် နေ့စဉ်နေ့စဉ် ဘုရားနဲ့တွေ့ပြီးတော့ ဒီကိုယ်တော်တွေ သူတော်ကောင်းတွေ လဇ္ဇီသူမွန်တွေ ဖြစ်မယ်လို့ ဒီရည်ရွယ်ချက်နဲ့ ဒီနိကာယ်သာသနာကို တည်ထောင်တာ ကိုယ်တော်တို့။ တပည့်တော်များကလဲပဲ တစ်ခါ မစိုးရိမ်ဆရာတော်ရဲ့အထံမှာ တပည့်တော်တို့ ပဋ္ဌာန်းသင်ဖူးတယ်ဘုရား။ ပဋ္ဌာန်းညဝါ မင်းကွန်းမှာ စစ်အတွင်းတုန်းက မစိုးရိမ်ဆရာတော် ကြွလာပြီး မင်းကွန်းမှာနေတော့ တပည့်တော်တို့ ဆရာတော်ဆီမှာသွားပြီး ညဝါပဋ္ဌာန်းသင်ယူတယ်။

အဲဒါကြောင့် တပည့်တော် ပဋ္ဌာန်းဆရာ၊ တပည့်တော်တို့ ဆရာတော်။ ဟို ဆရာလဲဖြစ်သွားတယ်။ အဲဒါကြောင့် ဆရာတော်က ဘာငပြောသလဲဆိုတော့ ဦးပဥ္စင်းရာတဲ့၊ မဟောသဓာက သိဋ္ဌည်းမင်းကြီးကို ကူညီသလို ဦးဇင်းက ငါ့ရဲ့နိကာယ်သာသနာပြုအလုပ်ကို ကူညီပါ။ ဒါတပည့်တော် မဟော်သဓာနဲ့ နှိုင်းပြီးတော့ ခိုင်းတယ်။ တပည့်တော် စဉ်းစားပါရစေဦးဘုရား ဗျာလို့ မလျှောက်နိုင်ဘူး။ 'တင်ပါ'အပြင် ဘာမှမလျှောက်နိုင်ဘူး။ အဲဒါကြောင့် မစိုးရိမ်ဆရာတော်က နိကာယ်သာသနာပြုတဲ့ ဆရာတော်ဖြစ်လို့ တပည့်တော်များလဲ နိကာယ်သာသနာကို မစိုးရိမ်ဆရာတော်

http://www.dhammadownload.com



တို့ရဲ့ အလိုကျ တပည့်တော်တို့ ပြနေတာ။ ဟောဒီ အရှင်ဘုရားတို့ အခုမြင်တဲ့ စက်တော်ရာတွေ၊ ဒါ မစိုးရိမ်ဆရာတော်ကြီး ကလေးဘဝတုန်းက ကစားသွားတဲ့နေရာ။

စက်တော်ရာဘုရားကြီးကို တပည့်တော်တို့ အောက်မြေထိအောင် အုတ်မြစ်ထိအောင်ဖြိုပြီးတော့မှ အသစ်တည်ထားတာဘုရား၊ အဲဒါအုတ်မြစ်ချတော့ မစိုးရိမ်ဆရာတော်ကြီးနဲ့။ ဒီတိပိဋကနိကာယကျောင်းကို အုတ်မြစ်ချလို့ ဦးပဋ္ဌင်းတို့ အောက်မေ့ထား။ ဒီနိကာယ်ငါးရပ် ပိဋကတ်တော်ကို ...။

၁။ သောတာနုဂတ သုတမယဉာဏ်နဲ့ ဒီသုတမယဉာဏ်နဲ့ ကြည့်ပေါ့ဘုရား၊ စာကြည့်ဦးဇင်းတို့။

၂။ ဒါပြီးတော့ ဝစသာပရိစယဉာဏ်နဲ့ ကျက်ပါ၊ အံပါ၊ စာအံ။

၃။ မနသာနုပေက္ခိတဆိုတဲ့ စိန္တာမယဉာဏ်နှင့် စာကိုကြံပါ။

၄။ ဒိဋ္ဌိယာသုပ္ပဋိဝိဒ္ဓါစာရ ပဋိဝေဓဉာဏ်ပညာ ပြဋ္ဌာန်းပြီးတော့ အနိစ္စ ဒုက္ခ အနတ္တ အနက်အဓိပ္ပာယ်ကို သိအောင်လေ့လာရင် အကျိုးလေးပါး ရဖြစ်တယ်။ အဲဒီပုဂ္ဂိုလ်ဟာ ဒီဘဝမှာသော်လဲပဲ အရဟတ္တမဂ် အရဟတ္တဖိုလ်ပေါက် ကျွတ်တန်းဝင်ရင်ဝင်၊ မဝင်ရင်လဲ အနာဂါမိဖိုလ်အရောက်။ ဒါမှမဖြစ်ဘူး အနာဂါမိဖိုလ်လဲ မရောက်ဘူးဆိုလို့ရှိရင် (၁) ဒီဘဝက စုတေ နတ်ပြည်သွားဖြစ်၊ အဲဒီနတ်ပြည်သွားဖြစ်တဲ့အခါ လူ့ပြည်တုန်းက ကိုယ်စဉ်းစားတဲ့စာတွေ အလိုလိုဉာဏ်ထဲ ထင်တယ်၊ ဉာဏ်ထဲထင်လာတယ်။

တဿ တတ္ထ သုခိနော ဓမ္မပဒါ ပ္လ ဝန္တိ။

မပင်မပန်း ချမ်းချမ်းသာသာနဲ့ သူ့အလိုကို ကိုယ်တော်တို့ စာတွေဟာ ဉာဏ်ထဲထင်လာတယ်။

ဒန္ဓော ဘိက္ခဝေ သတုပ္ပါဒေါ၊ အထ သော သတ္တော ခိပ္ပမေဝ ဝိသေသဂါမီ ဟောတိ။

၁။ အဲဒီလူ့ပြည်တုန်းက တရားစာပေတွေ အမှတ်ရတာဟာ နှေးဦးမယ်၊ အဲဒီလို တရားတွေ ဉာဏ်ထဲမှာ သတိရလာရင်လဲ မြန်မြန်မဂ်ဖိုလ် တရားထူးကို ရဖြစ်တယ်တဲ့။ ဒါတစ်ခု။

၂။ အကယ်လို့ သူ့အလိုလို တရားတွေက မထင်ရင်လဲပဲ အဲဒီနတ်ပြည်မှာ တပည့်တော်တို့ ဓမ္မကထိက ဣဒ္ဓိမန္တရဟန်းတော်များ တရားဟောလို့လဲပဲ မိမိရှေးဘဝက လေ့လာခဲ့တဲ့ စာပေပရိယတ်ကို အမှတ်ရတယ်။ အမှတ်ရရင်လဲပဲ အမှတ်ရတာက နှေးပါသေးတယ်။ ဒီအခါ မဂ်ဖိုလ်ဆိုတဲ့ တရားထူးကို မြန်မြန်ရောက်တယ်တဲ့။ ဒါနှစ်။

၃။ တစ်အချက် + နှစ်အချက် မမိဘူးဘဲထား။ သုံးအချက်ကျတော့ ဒီနတ်ပြည်မှာ သဟမ္ပတိဟို့လို ဓမ္မကထိက နတ်သားတွေ ဘာတွေ ရှိတယ်တဲ့။ သူတို့ တရားဟောကြတယ်။ အဲဒီသူတို့ တရားဟောလို့လဲပဲ ဟိုလူ့ပြည်တုန်းက လေ့လာတဲ့ စာပေတွေ ပြန်အမှတ်ရတတ်တယ်။ အဲဒီလို

http://www.dhammadownload.com



အမှတ်ရရင် –

ဒန္တော ဘိက္ခဝေ သတုပ္ပါဒေါ၊ အထ သော သတ္တော ခိပ္ပမေဝ ဝိသေသဂါမီဟောတိ။

ရဟန်းတို့ သတိရတာက နှေးသေးတယ်။ အဲဒီလို သတိရရင်လဲပဲ ဒီပုဂ္ဂိုလ်ဟာ မြန်မြန်ကြီး မဂ်ဖိုလ်တရားထူးကို ရောက်တယ်။

၄။ အဲဒီ တစ်+နှစ်+သုံး အချက်မမိဘူးလား။ မိမိတို့အချင်းချင်း၊ သမဏနတ်သား အချင်းချင်း သတိပေးလိမ့်မယ်။ "ဗျို့ ... ခင်ဗျားနဲ့ ကျွန်ုပ်နဲ့ လူ့ပြည်တုန်းက ဤနေရာ ဤနေရာမှာ ဤသို့ ဤသို့ စာကျက် စာအံ စာကြဲ စာကြည့် လုပ်ခဲ့တယ်။ ပြန်ပြီးတော့ စဉ်းစားစမ်းပါ"လို့ ပြောလိမ့်မယ်။ "ဣဒမ္ပိ သမ္မ သရသိ၊ ဣဒမ္ပိ သမ္မ သရသိ"လို့ ပြောလိမ့်မယ်။ အဲဒီလို ပြောတဲ့အခါ အချင်းချင်း ပြောလို့လဲပဲ လူ့ပြည်တုန်းက ကိုယ်လေ့လာတဲ့ စာပေကို သတိရလာလိမ့်မယ်တဲ့။ အဲဒီလို သတိရရင် သတိအမှတ်ရတာက နှေးပါသေးတယ်။ အဲဒီသတိရလာရင် မြန်မြန်ကြီး မဂ်ဖိုလ် တရားထူးရမယ်၊ ဟောဒါ သောတာနုဂတသုတ်လို့ ခေါ်တယ်။ မဂ်ဖိုလ်တရားထူး ဒုတိဘဝမှာ ရပုံ လေးချက်ရှိတယ်။

အရှင်ဘုရားတို့ ဘာပဲပြောပြော ယခုလို စာပေပရိယတ်ကို နိဿရဏတ္ထပရိယတ္တိ ဖြစ်အောင် လေ့လာကျင့်သုံးခြင်းဖြင့် ဒီလေးချက်နဲ့မိပြီးတော့ မဂ်ဖိုလ်တရားထူးကို မုချဧကန် ရနိုင်တယ်ဆိုတဲ့ အတိုင်း ရနိုင်ပါစေလို့ တပည့်တော် ဆုမွန်ကောင်းတောင်းပြီးတော့ နိဂုံးချုပ်မယ်။

ဓမ္မံ သုတွာ ပရိက္ခိယ၊ မနသာ စာနုပေက္ခိယ။
ဒိဋ္ဌိယာ သုပ္ပဋိဝိဒ္ဓါ၊ ဟောထ ဝိသေသဂါမိနော။

ဘဒ္ဒန္တာ = သာကိယဇာတ် အရှင်မြတ်တို့။ တုမှေ = အရှင်တို့သည်။ ဓမ္မံ = နိကာယ်ငါးရပ် ပိဋကတ်သုံးဖြာ ဓမ္မက္ခန္ဓာကို။ သုတွာ=သုတမယဉာဏ်ဖြင့် နေ့စဉ်နေ့စဉ် ရွတ်အံ၍လည်းကောင်း။ မနသာစာနုပေက္ခိယ=စိန္တာမယဉာဏ်ဖြင့် စိတ်ခေါင်းဆောင်ပြီး တရားသဘော အနက်သဘောကို ကြံစည်၍လည်းကောင်း။ ဒိဋ္ဌိယာသုပ္ပဋိဝိဒ္ဓါ=စတုတ္ထအဆင့် ပညာခေါင်းဆောင်ပြီးတော့ စာပေမှာ လာတဲ့ အနိစ္စ ဒုက္ခ အနတ္တသဘောကို ထိုးထိုးထွင်းထွင်း သိတော်မူကြကုန်သည်ဖြစ်၍လည်း ကောင်း။ ဝိသေသဂါမိနော=သောတာနုဂတသုတ္တန်၌ လာသောအတိုင်း မဂ်ဖိုလ်တရားထူးလေးမျိုး လေးဌာနတို့ဖြင့် မဂ်ဖိုလ်တရားသို့ ဆောင်ဆောင်မြောက်မြောက် ရောက်ရှိကြကုန်သည်။ ဟောထ= ဧကန်စင်စစ် ဖြစ်ကြပါစေ ... လို့ တပည့်တော် ဆုမွန်ကောင်းတောင်း၍ အရှင်ဘုရားတို့အား ဩဝါဒကထာ ဒေသနာနိဂုံး ဤမှာပင် ကမ္ပတ်ဖုံးအပ်ပါသည် သီတင်းသုံးဘော် နိကာယ်သံဃာ တော် အရှင်သူမြတ်တို့ဘုရား။

သာဓု ... သာဓု ... သာဓု။

http://www.dhammadownload.com



မင်းကွန်းတောင်ရိုး မိုးမိတ်စေတီတော်ကြီးများကုန်းမြေ
တိပိဋက=နိကာယ ကျောင်းတိုက်ကြီးအတွင်း၌
နိကာယ်ဆောင် သံဃာတော်အရှင်မြတ်တို့အား

## မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီး
## မြွက်ကြားချီးမြှင့်သော ဩဝါဒကထာ

သို့

အေးချမ်းသာယာရေးအဖွဲ့
မင်းကွန်းတောင်ရိုး

၁၀-၉-၈၈ ခုနှစ်။

အကြောင်းအရာ။ ။ ဆန်ကိစ္စနှင့် ပတ်သက်၍ တိ=နိ သံဃာတော်များ၏ ဆန္ဒသဘောထား။

အေးချမ်းသာယာရေးအဖွဲ့ မင်းကွန်းတောင်ရိုးမှ တိ=နိ သံဃာတော်များ ရပိုင်ခွင့်ဆန်မှ အလှူခံထားသော ဆန် ၅၈ တင်းခွဲကို တိ=နိ သံဃာတော်များကိုယ်တိုင် ထန်းမြင့်တောင်ရွာ, ထန်းမြင့်မြောက်ရွာ, ဆင်ရွာလူထုအား အခမဲ့ ပေးလှူဒါန်းမည် ဖြစ်ကြောင်း သိစေအပ်လျှောက်ထားအပ်ပါသည်။

ဆန္ဒတူလက်မှတ်ထိုးတဲ့ သံဃာတော်အားလုံးပေါင်း ၉၈ ပါး။

ဒီအေးချမ်းသာယာရေးအဖွဲ့ဆိုတာ ပေါ်လာတာက ကနေ့လူတွေမှာ ဆန်အခက်အခဲ လူတိုင်းလူတိုင်းလို ရှိနေတယ်။ ရှိနေတော့ တိုက်ရိုက်တဲ့တိုးပြောရလျှင် တပည့်တော်တို့ သံဃာကနေပြီး ၁၀ ရွာပေါ့။ မြောက်ကို ချောင်းမကြီးအရောက်၊ တောင်ကို ဆင်ရွာအရောက်၊ ဒီ ၁၀ ရွာက ဒကာဒကာမများအား အိမ်ထောင်စုအလိုက် မင်းကွန်းတောင်ရိုး သံဃာတော်များက အခါအားလျော်စွာဆွမ်းဆန်လှူတယ်။ ရွာကို အစဉ်းပဌင်းတို့ သတ်မှတ်တဲ့ဥစ္စာက ထန်းမြင့်တောင်ရွာ, မြောက်ရွာ, ဆင်ရွာ လူထုအား အခမဲ့ပေးဝေ လှူဒါန်းမည်ဖြစ်ကြောင်း” လှူဒါန်းခွင့်ပြုပါရန်အကြောင်းဆိုလျှင် ပိုကောင်းတာပေါ့၊ သံဃာ့အဖွဲ့ပေါ့၊ မေတ္တာရပ်ခံတယ်။

အခမဲ့လှူဒါန်းမည်ဖြစ်ကြောင်းဆိုတော့ ဒီအဖွဲ့ရဲ့ဆန္ဒကို ဦးဇင်းတို့ မသိလို့ပြောတာ။ အဖွဲ့က အခုပေးမယ်ဆိုတာ အခမဲ့မဟုတ်ဘူးဘုရား။ ဒီအဖွဲ့က အခုပေးမယ်ဆိုတာ အခမဲ့ပဲပေးမှာပဲ။ ဦးဇင်းတို့ပြောတဲ့ အခမဲ့ပဲပေးမှာ။ ဒီလိုပေးတဲ့နေရာမှာ ဆန် အကယ်၍ အတောင်းခံရလို့ရှိလျှင် မိုးမိတ်နဲ့ ဓမ္မနာဒကို အတောင်းခံရမယ်၊ တကယ်ကြပ်လာရင်။ ဘာပြုလို့တုန်းဆိုတော့ ဦးဇင်းတို့ မိုးမိတ်မှာ ဆန်ရှိတယ်။ ဓမ္မနာဒမှာ ဆန်ရှိတယ်။ အဲဒါကြောင့် အပြီးအပြတ် လှူလိုက်ရင် အဲဒီလှူလိုက်တဲ့

http://www.dhammadownload.com



ဆန်ကုန်သွားရင် မြန်မြန်တောင်းလာမယ်။ အခု ဒီအဖွဲ့က ကြံစည်တာက ရော့ဟောဒီဆန်၊ ခု လှူတာပဲ၊ အခမဲ့လှူတာပဲ၊ အခနဲ့တောင်းတာမဟုတ်ဘူး။ အခမဲ့လှူတာလဲပဲ အပြီးအပြတ် ဘာမှ မပြောဘဲ လှူတဲ့အလှူတစ်မျိုး၊ ဆန်အတောင်း နည်းနည်းလေး အချိန်ဆိုင်းသွားအောင် လုပ်တဲ့ အလှူဟာ တစ်မျိုး။

အခုဟာက အချိန်ဆိုင်းသွားအောင်လုပ်တာ။ ဒီဆန်ကုန်သွားရင်တောင်းမှာပဲ၊ တောင်းရင် ဘယ်တောင်းမလဲ။ ဓမ္မနာဒကိုတောင်းမယ်၊ ဦးဇင်းတို့မိုးမိတ်ကို တောင်းမယ်၊ လုတော့မလုဘူး။ ဒီကျောင်းတိုက်နှစ်တိုက်ကို လုတော့မလုဘူး။ တပည့်တော်တို့ စားစရာမရှိလို့ ပေးပါဘုရား၊ ဒါ လာမယ်မုချ။ အဲဒီတော့ အဲဒီလာတဲ့ ရက်ကလေးဟာ ဝေးသွားအောင် ရော့ ဟောဒီမြောက်ကို ချောင်းမကြီး, တောင်ကိုဆင်ရွာအထိ အိမ်ထောင်စု ဘယ်လောက်ရှိသလဲ-ဘယ်လောက်ရှိတယ်၊ အခုဆန်စလို့ ဘယ်နှစ်တင်းရတယ်၊ အဲဒီရတဲ့ဆန်ကို အိမ်ထောင်စုအလိုက် ပေးမယ်၊ အပြီးအပြတ် ဘာမှမပြောဘဲ ပေးလိုက်ရင်လဲပဲ ဒီအခမဲ့ပေးတာပါပဲ။ အခုပေးတာလဲပဲ အခမဲ့ပေးတာဖြစ်ပါတယ်။ ဒီလိုပေးတာက ဒါလဲပဲ ဒီအခမဲ့ပေးမှာ ဦးဇင်းတို့စာမှာပါတဲ့အတိုင်း ဦးဇင်းတို့ တိပိဋက=နိကာယ သံဃာတော်များက ထန်းမြင့်တောင်ရွာ, မြောက်ရွာ, ဆင်ရွာ ဒီသုံးရွာက လူထုအားလှူမယ်ဆိုတော့ ဦးဇင်းတို့က ဒီတောင်ရိုးသံဃာမှ ခွဲပြီးထွက်ရာကို အဓိပ္ပာယ်ရောက်တယ်။ တောင်ရိုးသံဃာရဲ့ အထဲမဝင်ဘူး။

တပည့်တော်တို့ ခွဲပြီးတော့ ထွက်မယ်လို့ အဓိပ္ပာယ်ရောက်တော့ သံဃရာဇိ ဖြစ်နိုင်တယ်။ အဲဒါကြောင့် အဲဒီလို မသုံးကြနဲ့။ ဘာပြုလို့တုန်းဆိုတော့ ဦးဇင်းတို့ရည်ရွယ်တဲ့ ထန်းမြင့်တောင် ရွာ မြောက်ရွာ ဆင်ရွာ အားလုံးပါတယ်။ ဦးဇင်းတို့စာထဲမှာ အိမ်ထောင်စုအလိုက်ပေးမယ်။ လူဦးရေ အလိုက် ပေးမယ်လဲ မပါဘူး။ အခုသူတို့ အေးချမ်းသာယာရေးအဖွဲ့ဆိုတာက ဆိုကြပါစို့။ ဒီခေတ် ကာလအလျှောက် ဖွဲ့စည်းထားတဲ့အဖွဲ့က တောင်ရိုးတစ်ခုလုံးနဲ့ဆိုင်တဲ့အဖွဲ့၊ အေးချမ်းသာယာရေး အဖွဲ့၊ ဒီအဖွဲ့ဟာ တောင်ရိုးတစ်ခုလုံးအတွက်ကို ဒီကအဖွဲ့လဲဖြစ်တယ်။ ဦးဇင်းတို့လောက်တောင် နားမလည်ဘူး။ တချို့တဝမ်းပူကြီးတွေ အများကြီးရှိတယ်။ တချို့တချို့ကျောင်းတွေဖွဲ့၊ ဒီအဖွဲ့က ဘုန်းကြီးတွေက လိုက်ပြီးတော့ ပြောနေမှာ မဟုတ်ဘူး။

ဒီကနေ့ သူတို့အားလုံး လာတဲ့ဆန်ကို ခြင်ထားမယ်။ ဆန်ဘယ်လောက်ရတယ်၊ ရေဦးမှာ ခြင်မယ်ပြောတယ်။ တပည့်တော်ကတော့ ဦးဇင်းတို့သက်သာအောင် အမြဲတမ်း ကြံစည်တယ်။ သက်သာအောင်ဆိုတာ ဘယ်လောက်ထိအောင်လဲတဲ့၊ ဦးဇင်းတို့ဆန်ကို ရေဦးမပို့ပါဘူး။ ဘယ်နှစ် တင်းရတယ်ဆိုတာ ဒီကတင်းနဲ့ အတိအကျခြင်မှာ။ ခြင်ပြီးတော့ ဟောဒီသုံးရွာအတွက် ဘယ်နှစ် တင်း ရသင့်တယ်ဆိုတာကို သိပြီးတော့မှ လိုရင်လဲပဲ ဟိုက ရေဦးမှာစုထည့်တဲ့အထဲက ထည့်ပေး မှာ။ အခုဦးဇင်းတို့ ဦးဇင်းတို့ချည်းထဲ ခွဲထွက်ပြီးတော့ ထန်းမြင့်တောင်ရွာ, မြောက်ရွာ, ဆင်ရွာကို

http://www.dhammadownload.com



ပေးမယ်ဆိုတော့ ဒီသံဃာ့အေးချမ်းသာယာရေးအဖွဲ့ အဲဒီထဲက ဦးဇင်းတို့ ခွဲထွက်ရာရောက်တယ်။ မရောက်ပေဘူးလား။ အဓိပ္ပာယ် ဦးဇင်းတို့ စဉ်းစားပါ။ ဦးဇင်းတို့လူငယ်တွေမို့ စိတ်ကလွယ်လွယ် ပေါ့ပေါ့ ပြောချင်လဲ ပြောမယ်။

အဲဒီတော့ ခွဲထွက်ရာရောက်မယ်၊ စိတ်ကူးမလွဲကြနဲ့။ အဲဒီဟာ ဦးဇင်းတို့ ဆန္ဒအတိုင်း ပြည့်စုံတယ်-ပြည့်စုံမယ်။ ဒါတပည့်တော်က အပေါ်က အုပ်စီးတဲ့အနေနဲ့ တပည့်တော် ကြည့်နေတယ်။ နာယက ဥပနာယကဆရာတော်တွေဟာ ဦးဇင်းတို့အတွက် အင်မတန် အကျိုးလိုလားတယ်။ ယခု ရက်ပိုင်းအတွင်း ဆိုကြပါစို့။ မနေ့က တမြန်မနေ့က ဒီမှာ ကျေညာတဲ့အသံတွေ ဘာတွေ တပည့်တော် ကြားရ။ သြော်နာယက ဥပနာယက ဆရာတော်တွေဟာ သောတုဇနတွေအတွက် အကျိုးမယုတ်အောင် ကိုယ့်ကို ဒကာဒကာမက မုန်းနိုင်တယ်ဘုရား။ ဒီကနာယက ဥပနာယကတို့က ဦးဇင်းတို့ကို ကြေညာထားတဲ့ အလုပ်ဟာ ဒကာဒကာမတွေအနေနဲ့ ဒီနာယက ဥပနာယကကို မုန်းနိုင်တယ်။ သို့သော် ဒီနာယက ဥပနာယကတွေသည် အခုဦးဇင်းတို့ အခုကြေညာတဲ့စာရင်း ဘွဲ့စာရင်းတွေထဲမှာ တပည့်တော်မပါဘူးနော်။ ဆိုကြစို့ အဲဒီဥစ္စာမှာ တပည့်တော်ဘေးက နားထောင်ကြည့်တယ်။ သြော် ဥပနာယကဆရာတော်တွေ နာယကဆရာတော်တွေဟာ သောတုဇန အရှင်တို့ရဲ့ အကျိုးကို ဒကာဒကာမများ မငဲ့ဘဲနဲ့ သောတုဇနကို ငဲ့တာကတော့ ဓမ္မဂရုစိတ်ပါ။ ဓမ္မဂရုစိတ် ပြင်းထန်လှချည့်လို့ အောက်မေ့တယ်။

အခု ဒီမှာ တော်တော်ကြာတော့ ဟိုကလာ ဒီကလာ၊ တော်တော်ကြာ ဦးဇင်းတို့မှာ ဝိဝေကပျက်ပြီး စာကျက် စာအံ စာကြံ စာကြည့် ပရိယတ္တိအလုပ်ကို ပျက်မှာစိုးလို့။ ဟောဒီ နာယက ဥပနာယကတွေက နာယက ဥပနာယကရဲ့ ဆုံးဖြတ်ချက်ဆိုပြီးတော့ လာတယ်။ ဧည့်သည်ဟုတ်လား။ ဒီအမြဲတည်းခိုနေခွင့် မပြုဘူး။ ကိုယ့်စရိတ်နဲ့ပဲ ကိုယ်လာတာ ဟုတ်လား၊ တည်းခွင့်မပြုဘူးဆိုတာ၊ တစ်နည်းအားဖြင့် ဒီနာယက ဥပနာယကတွေကို ခုတင်က ပုဂ္ဂိုလ်တွေက နည်းနည်းမုန်းနိုင်တယ်၊ မုန်းနိုင်တယ်။ အမုန်းခံပြီးတော့ ဦးဇင်းတို့ သောတုဇနအတွက် ဆောင်ရွက်တော်မူကြပါပေတယ်လို့ တပည့်တော် ဘေးနားကနေပြီး အလိုလို ဝမ်းမြောက်ပါတယ်။

အဲဒါကြောင့် အခုဟာကလဲပဲ ဦးဇင်းတို့ အကယ်၍ ခွဲထုတ်ရင် ဒီသံဃအဖွဲ့အထဲက ခွဲထွက်ရင် သံဃရာဇိ သံဃာရဲ့အရေးအသား ဖြစ်နိုင်တယ်။ အဲဒါကြောင့် ဒီလို မလုပ်ကြနဲ့။ မလုပ်ကြနဲ့ဆိုတာ ဦဇင်းတို့ အလိုမပြည့်အောင် ပြောတာမဟုတ်ဘူး။ ဦးဇင်းတို့ပေးလိုတဲ့ ဒကာ ဒကာမတွေအတွက် တစ်ခုတည်းပေးရမှာ။ အခုအဖွဲ့က လုပ်ပေးတဲ့အတိုင်း ပေးလိုက်တော့ ၁၀ ရွာစလုံးကိုတောင် ဒီကျောင်းတိုင်းကျောင်းတိုင်းက ဝေပေးတယ်ဆိုတာ ဖြစ်တယ်။ ဒီလိုမဟုတ်ဘဲနဲ့ ဦးဇင်းတို့ ဒီစာမှာ ပါတဲ့အတိုင်းသာလုပ်ရင် တိ=နိ အဖွဲ့က ၃ ရွာတင်ပေးရာကျတယ်။ ကျန်တဲ့ ၇ ရွာကို ပေးမှာ မရောက်ဘူး။ အခု တပည့်တော်တို့ သူတို့အေးချမ်းသာယာရေးအဖွဲ့ဆိုတဲ့ သံဃာအဖွဲ့က လုပ်တာက

http://www.dhammadownload.com



ဒီတစ်တင်းတစ်ခွဲလှူတဲ့ သံဃာနည်းတဲ့ ကျောင်းကလဲပဲ ၁၀ ရွာကို ပေးတယ်ဆိုရအောင် အမြော် အမြင်ကြီးကြီးနဲ့ လုပ်ထားတာ ဖြစ်တယ်နော်။ ဦးဇင်းတို့ အခုလောက်ပြောရင် ဦးဇင်းတို့ နားလည် ပါပြီ၊ မလည်သေးဘူးလားဘုရား။

ဦးဇင်းတို့ နာယကတွေကတော့ နားလည်တယ်။ ဦးဇင်းတို့ ဟိုသောတုဇနတွေဘက်က ပြော ပါ။ ဒီတော့ ခွဲမထွက်နဲ့သိလား။ ဦးဇင်းတို့ စေတနာအတိုင်း ဦးဇင်းတို့ မျှော်လင့်တဲ့ ထန်းမြင့် တောင်ရွာ၊ မြောက်ရွာ၊ ဆင်ရွာက ပိုတောင်ရဦးမှာ။ ဒီ ၅၈ တင်းအပြင် ပိုရအုံးမှာ၊ ဟုတ်လား။ ရအုံးမှာပါ။ ဦးဇင်းတို့ရဲ့ အလှူလဲပဲ ၃ ရွာတင်မဟုတ်ဘဲ ၁၀ ရွာကို လှူရာဖြစ်မယ်၊ ဟုတ်လား။ ဒီအကျိုးကြောင့် တပည့်တော်က ဦးဇင်းတို့မှာလဲပဲ သံဃရာဇိဖြစ်အောင်မလုပ်၊ မလုပ်ရာရောက် အောင် ဝါ သံဃရာဇိဖြစ်အောင် မလုပ်ဖို့ တပည့်တော်က အခုလာပြီးတော့ ဦးဇင်းတို့ကို ပြောတာ နော်။ သို့သော် ဒီအလှူသည် ဦးဇင်းတို့ ပြောတဲ့အတိုင်း အခမဲ့သက်သက် ဖြစ်ချင်လဲ ဖြစ်မယ်။ ဘာပြုလို့တုန်းဆိုတော့ သူတို့ ကနေ့ ဆန်ကို စုမယ်။ ဆန်ကို စုပြီးတော့ နက်ဖြန်ခါ စည်းဝေးမယ်။ စည်းဝေးပြီးတော့ ခုတင်ကပြောသလို အခမဲ့ အပြီးအပြတ် လှူချင်လဲလှူမယ်။

သို့မဟုတ် ခုတင်ကပြောသလို ဆင်းရဲနွမ်းပါးတဲ့ အိမ်ထောင်စုကို ပေါက်ဈေးရဲ့ တစ်ဝက်နဲ့ အဲသလို ကျေးရွာ ဒကာဒကာမများက ရောင်းပေးပါ။ ပေါက်ဈေးရဲ့ တစ်ဝက်နဲ့ ဆင်းရဲနွမ်းပါးတဲ့ အိမ်ထောင်စုကို ရောင်းပါ။ ပြီးပြီဆိုရင် အဲဒီငွေရတဲ့ပိုက်ဆံနဲ့ နောက်ထပ် မင်းတို့ဝယ်ပါ။ ဝယ်ပြီး တော့ သည်လိုပဲ သက်သာအောင် ရောင်းကြပါ။ တပည့်တော်တို့ သံဃာဘက်ကတော့ အပြတ် ပေးလိုက်တာပဲ ဟုတ်လား။ သို့သော် သူတို့လူတွေမှာ နည်းနည်း ထောက်ရာတည်ရာ ရသည်ထက် ရအောင် စီမံတာနော်။

အခုတပည့်တော်ပြောတာ ဦးဇင်းတို့ မိုးမိတ်သံဃာတွေ ဒီတောင်ရိုးသံဃာအဖွဲ့မှ ခွဲထုတ်တာ မမည်အောင်လို့ တပည့်တော်ပြောနေတယ်။ သိလား။ တပည့်တော်က အဲဒါလိုပဲ မလိုအပ်ဘူး။ ဘာပြုလို့တုန်း၊ ဘာမှတော့ မပြောဘူးဘုရာ့။ ဟောဒီအေးချမ်းသာယာရေးအဖွဲ့ ဆိုတာက ဘာမှ မပြောဘူး၊ ပြောမှာတော့ မဟုတ်ဘူး။ လုပ်ကြရအောင်။ တောင်ရိုးသံဃာတွေ တညီတညွတ် ဒီလို လုပ်ကြရအောင် ဆိုပြီးတော့ စာပေးတယ်။ သူတို့ကလဲ စေတနာတော့ တော်တော်ပြင်းထန် တယ်ဘုရား။ လှူတာက လပြည့်ကျော် ၂ ရက်နေ့မှ လှူတာ။ သူတို့က ၁ ရက်နေ့တည်းက ဟိုက နက်ဖြန်လာတော့မယ်ဆိုတော့ ကနေ့ သူတို့အဖွဲ့က ဒီပြီးတော့ သတ်မှတ်ထားတယ်။ သူတို့က သတ်မှတ်တာက တစ်ပါး ၅ တင်း၊ ၄ တင်း၊ ၃ တင်း ဒီလို လှူလိမ့်မယ်လို့ ထင်တာ။ အဲဒီလို ထင်တဲ့အတွက် ရဟန်းက တစ်ပါး ၁ တင်း၊ သာမဏေက ၁ ခွဲ၊ သီလရှင်က ၁ စိတ်၊ စုကြပါ။ လှူကြပါ။ ဒီဆင်းရဲနွမ်းပါးတဲ့ အိမ်ထောင်စုကို ၁၀ ရွာက အိမ်ထောင်စုကို ပေးရအောင် ဒီလို ခေါ်တာ။ အဲဒီတော့ တပည့်တော်က အဲဒီစာရင်းတွေ့တယ်။

http://www.dhammadownload.com



မလွန်က ဒကာကြီးတွေ တကယ်လှူတော့ ၅ တင်းဟာ ၂ တင်းခွဲ၊ ၄ တင်းကလဲ ၂ တင်းခွဲ၊ ကိုရင်များ။ ပြီးတော့ သီလရှင် ၃ တင်းကလဲ ၃ တင်း မရရှာကြပါဘူး။ သူတို့လဲ ၅ အိပ်စီလောက် ရကြတဲ့သဘောရှိတယ်။ အဲဒါနဲ့ သူတို့ကို တပည့်တော်တို့ သူတို့အဖွဲ့ကို တောင်းပန်တယ်။ ကိုယ်တော်တို့ ဟို တစ်တင်း၊ တစ်ခွဲ၊ တစ်စိတ်၊ ကိုယ်တော်တွေ ရတာက ၂ တင်းခွဲ၊ ၁ တင်း နုတ်တော့ ၁ တင်းခွဲတင် ကျန်တယ်။ ဒါမဟုတ်သေးဘူး၊ များလွန်းတယ်။ ဒါကြောင့် ၁ တင်း မလုပ်ပါနဲ့၊ ၁ ခွဲလှူကြပါ။ သာမဏေ ၁ ခွဲမလုပ်ပါနဲ့၊ သာမဏေက ၁ စိတ်ပဲ လှူပါစေ။ သီလရှင်များ ၁ စိတ်မလုပ်ပါနဲ့၊ သီလရှင်များ ၂ ပြည်ပဲ လှူပါစေ၊ သီလရှင် ၁ ပါးပေါ့လေ။

အဲဒီလို ပြောရတယ်။ ပြောတော့လဲ တပည့်တော်များအားလုံး ကျေနပ်ကြပါတယ်။ ပြီးတော့ သူတို့ အဲဒီလို လုပ်ပြီးတော့ ဒုတိယအကြိမ်က အတောင်းသက်သာအောင် (ဝါ) အတောင်းနှေးသွားအောင် လုပ်တဲ့နည်း၊ ဟုတ်လား။ တပည့်တော်တို့က သူတို့ဒကာတွေ ခေါ်ပြီးတော့ ကျေးရွာသမဝါယမကို အပ်မယ်ပေါ့၊ ကျေးရွာလူကြီးတွေ အပ်မယ်ပေါ့။ သမဝါယမပဲဖြစ်ဖြစ်၊ အဲ–လူကြီးတွေက ခင်ဗျားတို့ ကျေးရွာက လူတွေအားလုံးကို ဒီလိုလုပ်ပါဆိုတော့ အဲဒီလူတွေက ၁ လနဲ့ တောင်းမှာကို နောက်နှစ်လသုံးလလောက် ဒီဥစ္စာမပြတ်မခြင်း သူတို့တောင်းမလားတဲ့။ တပည့်တော်တို့ အတောင်းသက်သာအောင် လုပ်တဲ့နည်းလို့ ဦးဇင်းတို့ သောတဇနများ နားလည်ပါနော်၊ နားလည်ပြီးတော့ ပြီးပြီးပြီထားပါတော့။ ဦးဇင်းတို့ ဒီလောက်ပြောရင် သဘောကျပါတယ်။ ဟို–သဘောမကျရင် ထပြောဆိုတဲ့ဥစ္စာက တစ်မျိုး။ သဘောကျရင် ဩဘာပေးပါဆိုတာ၊ ဩဘာဆိုတာ လက်ခုပ်လက်ဝါးတီးတာ၊ လှောင်တာ။ ဩဘာသတိဆိုတာ ဦးဇင်း တပည့်တော်တို့ ပါဠိအနေနဲ့ ပြောရင် ဒါ လှောင်တာဗျသိလား။ ဒီလက်ခုပ်လက်ဝါးတီးတာ တပည့်တော်တို့ သာသနာက ဒါ မဟုတ်ဘူး။ ဦးဇင်းတို့ သဘောတူရင် ဆိတ်ဆိတ်နေတော်မူကြပါ။ သဘောတူရင် ဆိတ်ဆိတ်နေတော်မူကြပါ။

အားလုံးဦးဇင်းတို့ ဆိတ်ဆိတ်နေသဖြင့် တပည့်တော်ပေးတဲ့စကားကို သဘောတူတယ်ဆိုတာ ဝန်ခံပြီးသား ဖြစ်သွားပါပြီ။

တပည့်တော်အနေနဲ့ ဦးဇင်းတို့ကို ဒီစာရွက်ကို ကြည့်လိုက်တော့ ပြောစရာအကွက် ပေါ်လာတယ်။ ဦးဇင်းတို့ လက်မှတ်ထိုးတာတွေ တပည့်တော် ကြည့်တယ်။ ဟောဒီအထဲဗျာ ဦးဝိသုဒ္ဓတဲ့။ သူ့ဟာသူ မထင်တဲ့အတွက် နောက်ကနေပြီး သူ့ဟာကို ကွင်းစကွင်းပိတ်နဲ့ ဦးဝိသုဒ္ဓလို့ ရေးပေးပါတယ်။ ထိုးလိုက်တဲ့လက်မှတ်က ဟုတ်တယ်။ အပြင်ဘက်မှာ ဒီအတိုင်း စာလုံးတွေလို့ကတော့ တပည့်တော်ကို မဖတ်တတ်ဘူး။ တပည့်တော်က မဖတ်တတ်တာ မအောက်မေ့နဲ့၊ ဦးဇင်းတို့လည်း မဖတ်တတ်ဘူး။ ဒါဦးဝိသုဒ္ဓလို့ မဖတ်တတ်ဘူး သိလား။ ပြီးတော့ တပည့်တော်ကြည့်တယ်၊ ဒီဖတ်လို့မရတဲ့ လက်မှတ်တွေဟာ ဒီအထဲမှာ အများချည်းပါတယ်။ ဦးဇင်းတို့ ဟုတ်လား၊ အများ

http://www.dhammadownload.com



ကြီးပါတယ်။ ဟို ကိုယ့်ကိုယ်ကို လက်မှတ်ကို ကိုယ်ပြန်ပြီးတော့ကြည့်ပါ။

စဉ်းစားရင် ငါ့လက်မှတ်ဟာ သူတကာ ဖတ်တတ်ကဲ့လား၊ မဖတ်တတ်ဘူးလား။ တပည့်တော် ရဟန်းဒကာကြီး ဆာဦးသွင်ပြောတယ်။ ဦးဇင်းလဲ လက်မှတ်ထိုးရင် သူတစ်ပါး ဖတ်တတ်အောင် လက်မှတ်ထိုးတဲ့၊ မဖတ်တတ်အောင် လက်မှတ်မထိုးနဲ့တဲ့။ ဘာပြုလို့တုန်း ဒကာကြီး။ မဖတ်တတ်အောင် လက်မှတ်ထိုးရင်လဲ ကိုယ်လက်မှတ်ထိုးပြီး ပို့လိုက်တဲ့ ပုဂ္ဂိုလ်ဟာ အမျိုးမျိုးရှိတယ်တဲ့။ ဒီအပို့ခံရတဲ့ ပုဂ္ဂိုလ်က ကိုယ့်ထက်မြတ်တဲ့ ပုဂ္ဂိုလ်ဆိုရင် အားနာစရာ ကောင်းတယ်တဲ့၊ သိလား။ အဲဒါကြောင့် သူ့စကားအရ တပည့်တော် ကြည့်တယ်။ သူ့လက်မှတ်ကိုဆိုရင် တပည့်တော်တို့ ကလေးလေးတောင် ဖတ်တတ်တယ်။ ဆာဦးသွင်ရဲ့ လက်မှတ်ထိုးရင် ကလေးတောင် ဖတ်တတ်တယ်။ ဒါဆာဦးသွင်ပဲလား၊ ဒီလိုအောက်မေ့တယ်။ မဟုတ်ဘူးဘုရား။ ဦးဇင်းတို့ ဒီဦးနုလဲ မောင်နု လို့ဆိုတဲ့ လက်မှတ်ထိုးတာ မတွေ့ဖူးဘူးလား။

တွေ့ဖူးတယ် မဟုတ်လား၊ မဖတ်တတ်ဘူးလားဘုရား။ အဲဒါလက်မှတ်ထိုးတာပဲဘုရား၊ ဟုတ်လား။ သူရေးတဲ့ မောင်နုဆိုတဲ့ ဒီလက်မှတ်ကို ကလေးလဲ ဖတ်တတ်တယ်၊ မဖတ်တတ်ဘူး လား ဘုရား။ မောင်နုဆိုတဲ့ လက်မှတ် မဟုတ်ဘူးလား။ ကိုယ်တော် ဒါတင်ပဲလားတဲ့ မဟုတ်ဘူး ဘုရား။ တပည့်တော် ဟောဒီစပ်ရွှေသိုက် သိလား၊ စပ်ရွှေသိုက်ရဲ့ ဒီလက်မှတ် အတိုချုပ်က အက်စ်သိုက် ဟုတ်ရဲ့လား၊ အက်စ်သိုက်။ အက်စ်က စောပေါ့ဘုရား ဟုတ်လား။ စောကို သူက သူတို့ရှမ်းအဖတ်နဲ့ကတော့ ရိုင်းတယ်၊ စောမဟုတ်ဘူးဘုရား၊ စောက်ရွှေသိုက်၊ ဟုတ်လား။ အဲဒီမှ စပ်ရွှေသိုက်ဆိုတဲ့ ဥစ္စာကို နားထောင်ကောင်းအောင် စောရွှေသိုက်ခေါ်တာ ဟုတ်လား၊ အဲဒီ စောရွှေသိုက်ကို သူတို့ရေးတော့ စပ်ရွှေသိုက် ဒီလိုရေးတယ်။

အဲဒီ သူ့ရဲ့စပ်ရွှေသိုက်လဲပဲ တပည့်တော် ဖတ်ကြည့်တယ်၊ ကလေးလေးတောင် ဖတ်တတ် တယ်ဘုရား၊ သိလား။ သို့သော် သူက စပ်ရွှေသိုက် ဒီလောက်ထိအောင် မရေးဘူးဘုရား။ (S) အက်စ်သိုက်၊ စောအတွက်(S)လို့ အင်္ဂလိပ်စာလုံးသံနဲ့ရေးတာ။ ရွှေကိုဖျောက်ပြီးတော့ သိုက်၊ (S)သိုက်။ သူ့စာလုံးလေးဟာ ကလေးတောင် ဖတ်တတ်တယ်။ ဟာ ကိုယ်တော် ဒါလက်မှတ်ထိုး တာပါလို့ ပြောမယ်၊ ဟုတ်လား။ လက်မှတ်ထိုးလဲပဲ ဒီလူတိုင်း ဖတ်တတ်အောင် ထိုးရတယ်။ ဆိုလိုရင်းက လူတိုင်းဖတ်တတ်အောင်ထိုးမှ ပိုကောင်းတယ်။

ဟောဒီ ဦးနန္ဒိယလဲ ထိုးထားတာဗျာ။ တကတည်း မသိပါဘူး။ ဦးဇင်းတို့ မသိဘူး၊ ကိုရင်လေး တွေဆို မသိဘူး။ နငယ်နောက်က နငယ်နဲ့ဒွေးဆင့်တဲ့ဥစ္စာကလဲ အက္ခရာဦးကို ရေးချထားသလို ပြီးတော့ နောက်က ယကလဲပဲ ပစောက်ခပ်စွေစွေရေးသလို ရေးထားတာ မဟန်ပါဘူး။ ဦးဇင်းတို့ သိလား။ အဲဒီထဲ တပည့်တော်ကြည့်တယ်။ ဝိသုဒ္ဓရဲ့ လက်ရေးက သာဆိုးတယ်။ ဘယ်သူမှ မဖတ်တတ်ဘူး။ အဲဒါကြောင့် သူ့ဟာသူ သိပြီးတော့ နောက်က ဦးဝိသုဒ္ဓလို့ သူ့နောက်က ကွင်းစ

http://www.dhammadownload.com



ကွင်းပိတ်ကလေးနဲ့ ထည့်ပေးတယ်။

အဲဒီလို မထိုးနဲ့ ဦးဇင်းတို့။ လူကြီးလူကောင်းရဲ့ လက်မှတ်ကို ဦးဇင်းတို့ကြည့်ပါ။ ကနေ့ သံဃနာယကဥက္ကဋ္ဌ ဆရာတော်ဦးဣန္ဒာစာရ သူ့ဥစ္စာပေါ့ပေါ့ပဲ၊ ဘဒ္ဒန္တဣန္ဒာစာရဆိုတာ ပြီးတော့ စာသင်သားတိုင်း ဖတ်နိုင်တယ်။ ဒါ သူလက်မှတ်ထိုးတာဘုရား။ အဲဒီလို လိုရင်းကတော့ ဖတ်တတ်အောင် လက်မှတ်ထိုးကြပါ။ ဒါပြောလိုတာပါ။

ဒါ ဦးဇင်းတို့ကို နည်းပေးတာပါ၊ ဟုတ်လား။ ဗဟုသုတပေးတာ၊ နည်းပေးတာဘုရား။ တပည့်တော်တို့ကတော့ ဘယ်တော့မှ မဖတ်တတ်အောင် လက်မှတ်မထိုးဘူး။ တပည့်တော်တို့ အက်စ်သိုက်ဆိုသလိုပဲ။ ဆာဦးသွင်ကလဲပဲ သူ့အတိုရေးတာ၊ သ ဝဆွဲသတ်သွင်ပဲ။ ဆာလဲမပါဘူး။ ဦးလဲမပါဘူး။ သ ဝဆွဲသတ်သွင်၊ အဲဒီလိုပဲ ရေးတယ်။ အဲဒါကြောင့် တပည့်တော်က တပည့်တော်ဘွဲ့ကို အတိုရေးရင် ဝိနောက်က တုံးဆွဲ တန်းဆွဲ နောက်က သ၊ ဝိစိတ္တသာရာဘိဝံသ ဆိုတာ ဝိနဲ့သပဲ အစအဆုံးတင် ဖော်ထားတာ။ အဲဒီတော့ ဟိုအမေရိကန်ကလဲပဲ ဦးဝိ–သလို့ လက်မှတ်ထိုးတာ တပည့်တော် နောက်တော့ မဖြစ်ဘူးကွာလို့ ဦးဝိ–သတော့ လက်မှတ်ထိုးလို့ မဖြစ်တော့ဘူးလို့၊ သိလား။ တပည့်တော်ဘွဲ့ကို အဲဒီအမေရိကန်ကလူက ထင်လိမ့်မယ်၊ ဦးဝိ–သပဲ ဦးဝိ–သလို့ ထင်ပါတယ်၊ သိလား။

အဲဒီလို အဲဒီလို ကောင်းတယ်ထင်လို့ တပည့်တော် အလယ်စာလုံး ဖျောက်ပြီး ထိုးတာဘုရား၊ ဟုတ်လား။ မကောင်းဘူးဘုရား၊ ဟုတ်လား။ ဒါကြောင့် အဲဒီအချိန်ကစပြီး တပည့်တော်တော့ ကိုယ့်ဘွဲ့ကို အပြည့်အစုံပေါ့လေ။ ကိုရင်ကလေးကစ ဖတ်တတ်အောင်ရေးပေးတယ်။ ဒါဦးဇင်းတို့ကို တပည့်တော်ရဲ့ လက်တွေ့နည်းပညာပေးတာနော်၊ သဘောတူကြရဲ့လား ဦးဇင်းတို့ သဘောတူစနတို့၊ ကြရင်ပြီးရောပေါ့နော်။

မပို့ပါနဲ့ဦးဇင်းတို့။ ဒီကစာကို မြောက်မပို့ပါနဲ့။ မြောက်ကို စာရင်းသာပို့ပါ။ ဦးဇင်းတို့ မှန်တဲ့ အတိုင်း ဟောဒီ ထန်းမြင့်တောင်ရွာ ဆင်ရွာပဲ ရောက်မယ်။ အခုလို ပြောသလိုလုပ်ခြင်းဖြင့် ဦးဇင်းတို့ ဒီသံဃာနဲ့ ခွဲမထွက်ရာ ရောက်တယ်။ သံဃရာဇိ မဖြစ်အောင် လုပ်တာနော်၊ ဒီအဖွဲ့က ဒီလိုပါဘုရား။ ဝတ္တရားအရသာ စာရေးတယ်၊ မထည့်ဘူး၊ မပေးဘူးဆိုရင်လဲပဲ၊ အဲဒီကျောင်း ဘာမှ မလုပ်ဘူး၊ ကနေ့ထိအောင် ဟိုကျောင်းတစ်ကျောင်းဟာ စာရင်းမပေးဘူး၊ ပစ္စည်းလဲ လာမပို့ ဘူး ပြောတယ်။ သတ်မှတ်ထားတာက ၁ နာရီပို့ရမယ် သတ်မှတ်ထားတာ၊ အဲဒါပေမယ်လို့ သူတို့အဖွဲ့အနေနဲ့ ဘယ်သူမှ အပြစ်မတင်ပါဘူးနော်။ တပည့်တော် မနက်က တိုက်အုပ်ဘုန်းကြီး ပြောမှကြားတယ်။ ဘယ်ချောင်က ခုတက်ထိ မရောက်သေးဘူးတဲ့။ အဲဒီလို နာမည်ထုတ်မပြောရ ဘူး။ ကျောင်းတိုက်တစ်တိုက်ဆို ပြီးရောပေါ့ဟုတ်လား။ သန့်တယ်ဦးဇင်းတို့၊ သူကဦးဇင်း တပည့် တော် ထုတ်မပြောတာက ဟုတ်လား၊ အမိပ္ပာယ်နဲ့ မပြောတာ။ ဒါပါပဲ ဦးဇင်းတို့ သိလား။ ဦးဇင်းတို့

http://www.dhammadownload.com



စေတနာ ရောက်သွားမှာပါ။

စေတနာအတိုင်း ရောက်သွားမှာ။ ရောက်တာက အားလုံး ၁၀ ရွာအား တိ=နိ သံဃာက လှူတယ်လို့ ဂုဏ်တက်သွားပါပြီ။ သို့သော် ဦးဇင်းတို့ လှူတဲ့ဆန်ဟာ ဦးဇင်းတို့ သုံးရွာရောက်မှာ သေချာပါတယ်။ သုံးရွာရောက်အောင်လဲပဲ တပည့်တော် လိမ်လိမ်မာမာ ဒီဆန်ကို ကနေ့ ဟိုပို့ရမည့် ဥစ္စာ မပို့နဲ့၊ လှည်းခပိုကုန်နေမယ်၊ ဟုတ်လား။ ဟိုကနေ ဆန်စာရင်းအရ တွက်ရမယ်။ ဆန် ဘယ်လောက်ရပြီ၊ ပြီးတော့ ညနေကျတော့ သူတို့လူကြီးတွေနဲ့ အိမ်ခြေဘယ်လောက်ရှိတယ်၊ ဘယ်ရွာက ဘယ်လောက်ရှိတယ်၊ အဲဒီအိမ်ခြေစာရင်း အိမ်ထောင်စုစာရင်းအတိုင်း ပေးမယ်ဘုရား။

ဦးဇင်းတို့ ဒီလောက်ပြောရင် တိပိဋက=နိကာယ စာသင်သားတွေပဲ နားလည်ပါတယ်နော်။ ဦးဇင်းတို့စာက သုံးရွာလူထုအား လူဦးရေအလိုက်လဲ မပါ။ အိမ်ထောင်စုအလိုက်လဲ မပါ၊ သာမညဖြစ်နေတယ်။ ဦးဇင်းတို့ ဘယ်လိုပေးချင်တာတုန်း။ ဦးဇင်းတို့ဆန်ကို လူဦးရေနဲ့ပေးချင်တာလားဘုရား။ လူဦးရေနဲ့ပေးရင် ဦးဇင်းတို့ ဆင်ပါးစပ် နှမ်းပက်သလို ဖြစ်မှာပဲ၊ ဟုတ်လား။ အိမ်ထောင်စုအလိုက် ပေးရမယ်။ ဦးဇင်းတို့ ပြောလို့သာပြောတာ၊ သဘောကျတယ်။ တပည့်တော်များ ဒီလိုလှူတာ။ ဒီတော့ ဦးဇင်းတို့ဆန်မှာ ခါတိုင်းခါတိုင်းတော့ မိမိတို့အကြောင်းပြု၍ အာဂန္တု ဧည့်သည်လာရင် အာဂန္တုဧည့်သည်ကို တပည့်တော်ရှာတဲ့ဆန်နဲ့ ကျွေးတာတော့ ဦးဇင်းတို့ဟာ တပည့်တော် အပေါ် အားနာလိမ့်မည်။

အဲဒီလို အားမနာရအောင် ဦးဇင်းတို့ ရတဲ့ဆန်ကို တင်း ၁၀၀ မိမိတို့အား အကြောင်းပြုပြီး ရောက်လာတဲ့ ဧည့်သည်အာဂန္တု ကျွေးနိုင်အောင် နှုတ်ထားပြီးမှ ကျန်တဲ့ဟာကိုထုခွဲ။ ထုခွဲပြီးမှ ဦးဇင်းတို့ နဝကမ္မဖြစ်စေ ယူကြ။ တပည့်တော် ခါတိုင်း ဒီလိုလုပ်တယ် ဟုတ်လား။ ဦးဇင်းတို့ စားဖို့ကို တပည့်တော်ရှာတဲ့ ဆန်အသန့်ကိုစားကြ၊ တပည့်တော်ရှာတာကတော့ ဆန်အသန့်ရှာတာပဲ။ တပည့်တော်လဲပဲ တစ်ခါတလေ ပကိဏ်းဆန်တွေပါတယ်၊ သိလား။ ပကိဏ်းဆန်ကျတော့ တပည့်တော် ပကိဏ်းဆန်အလိုက် သုံးတာပါပဲ။ တပည့်တော် သံဃာကို ပကိဏ်းဆန် မကျွေးတော့ဘူး။ ဓမ္မနာဒသံဃာရော မိုးမိတ်သံဃာရော မကျွေးတော့ဘူး။

အခုလဲပဲ ဦးဇင်းတို့ နဝကမ္မကတော့ ရလိမ့်မယ်။ မလွန်က၊ မလွန်က သူတို့တစ်ပါးကို အခု နှစ်တင်းခွဲလှူတယ်။ မှန်းထားတာက ငါးတင်းဆိုတော့ ကျန်တဲ့နှစ်တင်းခွဲ ပို့ရန်အတွက် တစ်တင်းကို ၁၀၀ ကျပ်၊ နှစ်တင်းခွဲဆိုတော့ ဦးဇင်းတို့ ၂၅၀ ကျပ်စီ မလွန်က နဝကမ္မပဲ လှူမယ်။ နဝကမ္မခင်ဗျားတို့ ၂၅၀ ကျပ်စီလှူတာ ဟုတ်ပြီ၊ ရှိပြီလားဆိုတော့ ဘဏ်က တစ်သောင်းပဲ ထုတ်မယ်။ သူတို့ မလွန်ဆန်လှူငွေပေါင်ကို တစ်သောင်းပဲပေးမယ်။ အဲဒီ သူတို့တစ်သောင်းနဲ့ စစ်ကိုင်းမင်းကွန်းရော သူတို့ဘယ်နည်းနဲ့မှ လှူလို့မရဘူး။ ဟုတ်လား။ မရှိတာက တပည့်တော် သိပါတယ်။ အဲဒါကြောင့် မနေ့ကညနေမှာ နာယကဆရာတော်တွေကို တပည့်တော် မေးတယ်။ ဦးဇင်းတို့

http://www.dhammadownload.com



နဝကမ္မ ရှိတယ်မဟုတ်လားဘုရားဆို၊ တပည့်တော်တို့ မရှိဘူးတဲ့ဗျာ။ ကိုယ်တော်တွေက နဝကမ္မ မရှိဘူးတဲ့။ ဟောဒီ ဥပနာယကတွေ မရှိရင် သောတုဇနတွေလဲ ပိုခက်ကရောပေါ့ ဟုတ်လား။

သို့သော် ဦးဇင်းတို့ရမယ်၊ သောတုဇနတွေ့ဖို့ သိလား။ တစ်ပါး ၂၅၀ ရမယ်။ သို့သော် တပည့်တော်ကတော့ ပြောပါတယ်။ သူတို့ ဒီက ဥပနာယကတွေ ပြောထားတယ်။ ပို့တဲ့ဆန် ရောင်းလိုက်ပါ၊ ရောင်းလို့ရတဲ့ဟာကို နဝကမ္မ ဝေပေးကြပါ။

တပည့်တော် ဒီလိုပြေထားပါတယ်။ လှူမှပဲ လှူမှပဲ ကိုယ်တော်တို့ လှူမှပဲ၊ အခုတပည့်တော်တို့ ကိုယ်တော်တို့ စဉ်းစားရတာ၊ ရှေးအတိတ်ဘဝက ဒါနကောင်းမှု နည်းခဲ့လို့။ လူတွေအတွက် တပည့်တော်တို့ ရင်ထဲမှာတောင် လာပြီးတော့ ရိုက်တယ်။ သနားစရာကောင်းပါတယ် ဟုတ်လား။ အဲဒီတော့ တတ်နိုင်သလောက် လှူကြ၊ မေတ္တာပို့ကြပေါ့ ဟုတ်လား။

ပြီးတော့ ဦးဇင်းတို့ အားလုံးဆုံတုန်း တပည့်တော်ပြောမယ်။ ညကိုဒီမှာစောင့်ကြ၊ ရောက်ကြတယ်။ ဒီမတော်မရော် မဟုတ်တယုတ်လူတွေ လာလို့ သူတို့ကင်းက တွေ့လာလို့ ဖမ်းတယ်၊ ရိုက်တယ် ပြုတယ်ဆိုရင် ဦးဇင်းတို့အနေနဲ့ ချဟလို့ မပြောကြနဲ့နော်။ ချဟဆိုလို့ ဟိုလူက လက်လွန်ပြီးတော့ သေသွားရင် အဲဒီ ချဟတိုင်း ချဟတိုင်း တာဝန်ရှိတယ်။ ဟုတ်ပြီလား ဦးဇင်းတို့။ အဲဒီဟာတော့ သတိပြုထား၊ သိပ်မရိုက်ပါနဲ့ဗျာ၊ သိပ်မရိုက်ပါနဲ့ဗျာ သာပြော သိလား။ ချဟလို့ မပြောနဲ့။ ပြီးတော့ ဦးဇင်းတို့လဲ ဝင်မရိုက်နဲ့ ဟုတ်လား။ သူတို့လူတွေလောက် ဦးဇင်းတို့ နာအောင် မရိုက်နိုင်ဘူး။ ဟင်း ဟင်း ... လူတွေရိုက်လို့ သေတဲ့ဥစ္စာ ကိုယ်ရိုက်လို့ သေတာဖြစ်လိမ့်မယ် သိလား။

အဲဒီတော့ ပဏ္ဍာတာပဆိုတာ နောက်မှဖြစ်တဲ့ နှလုံးပူပန်မှု။ အဲဒီပဏ္ဍာတာပ နှိပ်စက်ပြီးတော့ သာသနာက လျှောကျတဲ့လူတွေပေါ့။ ဟင်းဟင်း ...ဟိုတုန်းက မန္တလေးပုံနှိပ်တိုက်တစ်ခု ဝိုင်းပြီး ဖျက်ကြပြုကြ၊ တကတည်း ခဲနဲ့ပစ်ကြ ဘာနဲ့လုပ်ကြနဲ့။ ဒီအထဲမှာ ချဟ၊ ဖျက်ဟ၊ ဘာဟဆိုတဲ့ လူတွေ မနည်းဘူး။ နောက်ပိုင်းမှာ လူ့ဘောင်ရောက်ကုန်တယ်။ ဦးဇင်းတို့ ကြားမှာပေါ့ဟုတ်လား။ အဟုလေ သံလမ်းနားက စာပုံနှိပ်တိုက် သတင်းစာထဲမှာ စာပုံနှိပ်တိုက်။ ဟင်ဟင် ... ဗဟိုရ်စည် ဗဟိုရ်စည်၊ အဲဒီတုန်းက သူတို့ကရှေ့ကဟုတ်လား။ တပည့်တော်တို့ကျောင်းက မန္တလေးသွားနေတဲ့ လူတွေလဲပဲ မနည်းဘူး။ ၄-၅ ပါးလောက်ရှိတယ်။ နောက်ပိုင်းမှာ တစ်ခါတည်း သူတို့ပဏ္ဍာတာပ ဖြစ်ပြီးတော့ သာသနာက လျှောကျသွားတယ်၊ သိလား။ အဲဒါကြောင့် ချဟလို့ ရိုက်ဟလို့ မပြောကြနဲ့ဘုရား။ ပြဿနာပေါ်လာရင် အဲဒါသတိပြု။ ဘာမှ စားရသောက်ရတာ မဟုတ်ဘဲနဲ့ ကိုယ် အလကား နစ်နာတယ်။ ကဲ ဦးဇင်းတို့ ကျေနပ်ပြီမဟုတ်လား။ ကိုင်းကျေနပ်ရင်။ စာကြည့်ကြ၊ ကြည့်ကြ၊ ကြွကြ၊ ကြွရင် ဟိုနောက်ဆုံးအငယ်က အလျင်ပြန်ကြွကြ။

သာဓု ... သာဓု ... သာဓု။

---

http://www.dhammadownload.com



၁၃၅၀ ပြည့်နှစ်၊ မင်းကွန်းတောင်ရိုး မိုးမိတ်စေတီတော်ကြီးများကုန်းမြေ
တိပိဋက=နိကာယကျောင်းတိုက်မှ တိပိဋကဓရအလျာ
သာသနာ့အာဇာနည် အရှင်မွန်တို့အား
**မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး**
မိန့်ဖော်ဟောကြားအပ်သော

## အနုဗလပ္ပဒါန ဩဝါဒကထာ

တိပိဋကဓရအလျာ သာသနအာဇာနည်အလောင်း အရှင်ကောင်းတို့ ...။ အရှင်တို့သည် တပည့်တော်ထက် အဖွဲ့နှင့်တကွ တိပိဋကဖြစ်ဖို့ရန် ချီးမြှောက်ကော်ရော် အပူဇော်ခံရတဲ့နေရာမှာ ရှေ့တန်းက ရောက်တယ်လို့ တပည့်တော် ကြည့်ရင်းကြည့်ရင်း ဒကာဒကာမတွေရဲ့ ဆောင်ရွက်ချက်ကို ကြည့်ရင်းကြည့်ရင်း အရှင်ဘုရားတို့အတွက် တပည့်တော်အားတက်မိပါတယ်။ တပည့်တော်များ တိပိဋကဓရစာပြန်ပွဲဝင်စဉ်အချိန်က မန္တလေးက ရန်ကုန်က လာတယ်ဆိုလျှင် ကျောင်းဒကာကြီး ကျောင်းအမကြီးလောက် ဒီလောက်ပဲ လိုက်ပါပို့ဆောင်၍ ခေါင်းမြီးခြုံပြီးတော့ ကျောင်းက ထွက်ခဲ့ပါတယ်။ အရှင်ဘုရားတို့မှာ ခေါင်းမြီးခြုံလို့ မရတော့ဘူး။ အရှင်ဘုရားတို့ ဘုန်းကံအလျှောက် တကတည်း မြို့ထဲ မန္တလေးမြို့ထဲမှာ မန္တလေးကရှိတဲ့ သာသနာ့ပြုအဖွဲ့ ဒကာကြီးတွေက တက်တက်ကြွကြွ မန္တလေးမြို့ကြီးမှာ ကြေညာပြီးတော့ စာပြန်ပွဲအလာမှာ မန္တလေးမြို့ ဒကာဒကာမတို့ရဲ့ အပူဇော်ခံပြီးတော့ အရှင်ဘုရားတို့ လာကြရတယ်။

တပည့်တော်များတုန်းက ခေါင်းမြီးခြုံပြီးလာရ။ တဖန်ရန်ကုန်ပြန်ရောက်တော့လဲပဲ ခေါင်းမြီးခြုံပြီးတော့ တပည့်တော်သာသနာ့ရိပ်သာ အရှင်ဘုရားတို့ရောက်တဲ့အခါ တပည့်တော် တည်းနေတဲ့ ကျောင်းကလေး တွေ့ရသိရမှာပေါ့။ ဓမ္မရိပ်သာဇရပ်ကလေးပါ။ ကိုယ်တော်တို့ တစ်ပါးတည်း အသာလေး ခေါင်းမြီးခြုံပြီးတော့ နေရပါတယ်။ အရှင်ဘုရားတို့မှာ မဟာစည်ဆရာတော်ဘုရားကြီးက အမှူးပြုပြီးတော့ တကယ့်သုံးထပ်တိုက်ကြီးပေါ်၊ ဒီမှာလဲပဲ သုံးထပ်တိုက်ကြီးပေါ်၊ သာသနာ့ရိပ်သာကျလဲပဲ သုံးထပ်တိုက်ကြီးပေါ်မှာ တင့်တောင့်တင့်တယ် ခမ်းခမ်းနားနား အပူဇော်ခံပြီး နေကြရမှာ ဖြစ်ပါတယ်။ ဒီတော့ ရန်ကုန်မြို့မှာရော မန္တလေးမြို့ကအလာရော အရှင်ဘုရားတို့သည် တပည့်တော်တို့ထက် အပူဇော်ပို၍ခံရတာ တပည့်တော် ပြောပြီးပြီ။

အပူဇော်ခံရလျှင် အပူဇော်ခံထိုက်အောင် ကျိုးစားရတယ်။ တပည့်တော်တို့တော့ ရသမျှ ပူဇော်သမျှ ဒီအချိန်မှာ ဆိုလို့ရှိလျှင် ပူဇာရဟဖြစ်အောင် ဗုဒ္ဓါနုဿတိ နှလုံးသွင်းတယ်။ မေတ္တာ ဘာဝနာ နှလုံးသွင်းတယ်။ ဤနည်းဖြင့် အပူဇော်ခံထိုက်အောင် တပည့်တော် ကျိုးစားတယ်၊ အရှင်မြတ်များ

http://www.dhammadownload.com



လည်း ထိုနည်းအတူ ကျိုးစားကျင့်သုံးတော်မူကြပါ။ မေတ္တာဘာဝနာနှလုံး ကျင့်သုံးခြင်းသည် ကျင့်သုံးဖန်များလေ လက်တွေ့ လောဘဒေါသ နည်းလေနည်းလေဆိုတာ တပည့်တော် ကိုယ်တွေ့ဖြစ်လို့ အရှင်ဘုရားတို့လဲပဲ တပည့်တော်လို ကိုယ်တွေ့ဖြစ်အောင် စိတ်နှလုံးချမ်းသာအောင် မေတ္တာဘာဝနာနှလုံး ကျင့်သုံးကြပါလို့ တပည့်တော် နည်းတစ်ခုပေးတယ်။

တဖန် စာပြန်ရမယ်+စာဖြေရမယ်။ ဦးဇင်းတို့ စာပြန်စာဖြေတဲ့ကိစ္စမှာ ပထမအခြေခံက စာပြန်စာဖြေနိုင်အောင် ကျန်းမာရေး အရေးကြီးတယ်။ တပည့်တော် စာပြန်စာဖြေခဲ့စဉ်က မန္တလေးကကိုပဲ ကပိုင်ဆန် ယူခဲ့တယ်။ ကပိုင်ဆန်ပဲ ယူခဲ့တယ်။ ဒီကျလဲ ကပိုင်ဆန်ပဲ ချက်ပေးပါလို့ ရဟန်းဒကာကြီး အပ်ရတယ်။ တစ်ခါ ဟင်းလျာကျတော့လဲပဲ ကျုပ်ဗျာ ကန်စွန်းရွက်ချဉ်ရည် ကန်စွန်းရွက်ဟင်းချို့ရှိ ပြီးတာပဲ။ ဒီလိုဆိုပြီးတော့ ကျန်းမာရေးအတွက် အစားအသောက် တပည့်တော် ဆင်ခြင်တယ်။ အရှင်ဘုရားတို့လိုပဲ ကျွေးမယ့်ပုဂ္ဂိုလ်တွေကတော့ အုန်းနို့တွေ ခေါက်ဆွဲတွေတောင် ရိုးရိုးမဟုတ်ဘူး၊ အုန်းနို့ခေါက်ဆွဲ အကောင်းနဲ့အကောင်း ထပ်ပြီးတော့ ပြုကြစုကြလိမ့်မယ်။ ဒါတွေပယ်ပစ်လို့လည်း မဖြစ်ဘူးဘုရား။ အရှင်ဘုရားတို့ ဟို ကိုယ့်ဘုန်းကံအလျောက် ရောက်လာ၊ အဲဒီအထဲက သပ္ပါယဖြစ်လောက်တာကို "စတ္တာရော ပဉ္စအာလောပေ အဘုတွာ ဥဒကမ္ပိဝေ"အရ လေးငါးလုတ်လျှော့စားမှ ကျန်းမာရေးညီညွတ်မည် ဖြစ်ပါတယ်။ တစ်ခါတလေ တပည့်တော်တို့ ရှောင်မရအောင် ပဏီတဘောဇဉ်ချည်းတည်း တွေ့ကြုံရတဲ့အခါ ဘာလုပ်ရတုန်းဆိုတော့ အဲဒီအထဲ ရေနွေးရောပစ်ရ၊ ဒါမှနည်းနည်း ပဏီတဘောဇဉ်ရဲ့ တန်ခိုးအာနိသင် နည်းသွားမယ်နော်၊ အဲဒါ တပည့်တော် ကျန်းမာရေးညီညွတ်ဖို့ တပည့်တော်ရဲ့ ကျင့်သုံးနည်းကို အရှင်ဘုရားတို့အား အမွေပေးပါတယ်။ နည်းပေးပါတယ်။ သူတို့ကတော့ ကျွေးကြလိမ့်မယ်။ အလွန့်အလွန်ပဲကိုယ်တော်။ အဲဒါအရှင်ဘုရားတို့က ကျွေးတိုင်းတော့လဲ မစားနဲ့။ မစားလို့ မဖြစ်ဘူးဆိုလျှင်လဲပဲ ကျန်းမာရေးညီညွတ်အောင် စားကြသုံးကြပါ။

၂-နံပါတ်က စာပြန်တဲ့အခါမှာ ရှေးဦးစွာ လေထားအရေးကြီးတယ်။ ရှေးဦးစွာ လေထားသည် မြင့်နေလျှင် ၁၅ မိနစ်လောက်ကြာတော့ မောပြီးတော့ မပြန်နိုင်ဘဲ ရှိတတ်တယ်။ ဒီလိုပဲ မပြန်နိုင်ဘဲ ရှိတာကို တပည့်တော်များကိုယ်တိုင် ဟိုမပြန်နိုင်ဘဲရှိတဲ့ ပုဂ္ဂိုလ်များကို တွေ့ခဲ့ကြုံခဲ့ရလို့ ပြောပါတယ်။ တပည့်တော်များ စာပြန်လျှင် ပထမဦးဆုံးမှာ စာထောက် စာမ နာယကဆရာတော်များ ကြားဖို့လောက် ပထမဦးတည်တယ်။ ဖြေးဖြေးနဲ့မှန်မှန် စဉ်းစားပြီးမှ ပြန်ပြန်လာတော့ တော်တော်ကြာတော့ အာပူတယ်ပေါ့ကိုယ်တော်။ အာပူ အသံဟာပူလာလျှင် သူ့ဟာသူအလိုလိုကျယ်လာမယ်။ အဲဒီကျယ်လာတဲ့အခါ ဘေးကပုဂ္ဂိုလ်တွေအားလုံး ကြားနိုင်လောက်တဲ့အခြေကို ရောက်တယ်။ စာပြန်တဲ့အခါမှာ မျက်စိဟာမှိတ်ပြီးတော့ စိတ်က ကိုယ့်စာအုပ်ထဲမှာပဲ စိတ်ကသွားပြီးတော့ ပြန်ဆိုခြင်းဖြင့်၊ အခုနည်းဖြင့် တပည့်တော်သည် တိပိဋကဓရ အာဂုံပြန်ပွဲကို ကျန်းကျန်းမာမာနဲ့ အောင်

http://www.dhammadownload.com



အောင်မြင်မြင် ဝင်ရောက်ဆင်နွှဲနိုင်ခဲ့သည်။

ထို့အတူပဲ သဘောရေးဖြေတဲ့နေရာမှာလဲပဲ ပုစ္ဆာကို အနည်းဆုံး ငါခေါက်ဖတ်တယ်။ ဖြေးဖြေးဖတ်တယ်။ ဖြုန်းခနဲကြည့်တော့ ပုစ္ဆာဟာ လွယ်သလိုလို ထင်တတ်တယ်။ လွယ်သလိုလို ထင်တတ်တယ်။ လွယ်သလိုထင်ပြီးတော့ ဖြုန်းခနဲ စာရေးပစ်လိုက်လျှင် မှားတတ်တယ်။ မှားလျှင်ကိုယ့်ဥစ္စာကို ဖျက်ထားရတာ တော်တော်ရှက်စရာကောင်းတယ် ကိုယ်တော်တို့။ ဒါကြောင့် တပည့်တော်တို့တော့ ပုစ္ဆာကို အနည်းဆုံးငါးခေါက် ဖတ်ပြီးတော့မှ တစ်ပုစ္ဆာတစ်ပုစ္ဆာလျှင် ငါးမိနစ်လောက်စဉ်းစားပြီးတော့ ငါဘယ်လို စကား စဉ်မယ်။ စကားကျဉ်းကျဉ်းနဲ့ မေးလိုတဲ့ ပုစ္ဆာက ဆရာတော်ရဲ့အာဘော်မိအောင် ငါဘယ်လို ဖြေရမယ်။ ဆရာတော်သည် ဘာကိုရည်စူးပြီး မေးထားတာ။ အဲဒါကိုစိတ်ထဲက စီစဉ်ပြီးမှ ဖြေးဖြေးမှန်မှန် ရေးသားဖြေဆိုခြင်းဖြင့် တပည့်တော်ရဲ့ အဖြေသည် အဖျက်မပါဘူး။ အဲဒီလို စိတ်အေးလက်အေး စိမ်ပြေနပြေ ဖြေဆိုခြင်းဖြင့် ကိုယ့်အဖြေလည်း ကိုယ်ကျေနပ်ခဲ့ရတယ်။ ဖြေပြီးတဲ့အခါမှာလဲပဲ ကိုယ့်အဖြေကို သုံးခေါက်ဖတ်ပြီးတော့ အာဘော်မိရဲ့လား၊ တဖန်ပုစ္ဆက ဆရာတော်အပေါ်မှာ ငါရဲ့ရေးသားချက်သည် အဂါရဝများ ဖြစ်နေမလား၊ ဒါလဲပဲ စဉ်းစားရတယ်။ စကားအသုံးအနှုန်း အဲဒီလို နှစ်မျိုး စဉ်းစားပြီးမှ လိုလျှင် ထည့်သင့်တာကို ထည့်ပြီးတော့ပုစ္ဆက ဆရာတော်များ ဂါရဝစိတ် မွေးမြူပြီးတော့ ရေးသားဖြေဆိုခဲ့တယ်။ ဤနည်းဖြင့် တပည့်တော်တိပိဋကဓရ သဘောရေးဖြေပွဲမှာလဲပဲ အောင်အောင်မြင်မြင် ဖြစ်ခဲ့တယ်။

အရှင်ဘုရားတို့လဲပဲ ထိုနည်းအရ အောင်အောင်မြင်မြင်ဖြစ်အောင် ရေးဖြေတော်မူကြပါ။ အာဂုံပြန်တဲ့နေရာမှာရော သဘောရေးဖြေတဲ့နေရာမှာရော မသမာသောနည်းဖြင့် ရေးဖြေလျှင် ဓမ္မမိဋ္ဌာန်ကျကျ တပည့်တော်ပြောရလျှင် ပဏ္ဍာတာပ အကြီးအကျယ် ဖြစ်တတ်တယ်ဗျာ။ ဒါသတိပြုကြဖို့အလေးအနက် သတိပေးပါတယ်။

ပြန်ဆိုတဲ့နေရာ ရေးဖြေတဲ့နေရာ နှစ်နေရာစလုံးမှာ မသမာသောနည်းဖြင့် ပြန်ဆိုရေးဖြေလျှင်နောင်လဖို့ သဘောသက်ပြီးတော့ လာတဲ့အခါကြတော့ နလုံးမသာမယာ ဖြစ်တတ်ပါတယ်။ တပည့်တော်များဆီမှာ အဲဒီနလုံးမသာမယာဖြစ်လို့ ဆုံးဖြတ်ပေးပါဆိုတဲ့ စာဟာ မနှစ်ကလဲတစ်စောင်၊ ဒီနှစ်လဲတစ်စောင်၊ သူ့ခမျာမတော့ နလုံးမသာမယာဖြစ်ရှာလို့ ထောက်ရာတည်ရာလိုက်ရှာတာပဲလို့ အောက်မေ့တယ်။ တပည့်တော်တောင် ဘယ်လိုပြန်ပြီးတော့ ဆုံးဖြတ်ပေးရမှန်းမသိဘူး။ ဟို တပည့်တော်ဆရာက စာပြန်စာဖြေ ပဌမပြန်မှာ အဖြေသွားတယ်ဆိုလျှင် အဲဒီမသမာသောနည်းနဲ့ ဖြေဆိုမှုကို အထူးသဖြင့် ကန့်ကွက်ဩဝါဒပေးတယ်။ နောင်တစ်ချိန် ပဏ္ဍာတာပမဖြစ်အောင် မဖြေလိုလျှင် ချန်ထားခဲ့။ အဲ ... တောရေးတောင်ရေးလဲ မရေးနဲ့၊ အနီးပုဂ္ဂိုလ်များကိုလဲမမေးနဲ့၊ မိမိအနီးအနားပုဂ္ဂိုလ်က မေးလျှင်လဲပဲ တပည့်တော်ဆရာက ကြပ်ကြပ်မတ်မတ် ဆုံးမလိုက်ပါ ဆိုပြီးတော့ တပည့်တော် အဲဒီလိုနဲ့ပဲ စာမေးပွဲလောကကို အောင်မြင်ခဲ့ရပါတယ်။ အောင်မြင်ခဲ့

http://www.dhammadownload.com



ရတဲ့အတိုင်းလဲပဲ စာမေးပွဲနဲ့ပတ်သက်၍ တပည့်တော် နှောင်တတဖန် မဖြစ်ရဘူး။

ဒါကြောင့် အရှင်တို့ အာဂုံပြန်တဲ့အခါမှာပဲဖြစ်ဖြစ်၊ သဘောရေးဖြေတဲ့အခါမှာပဲဖြစ်ဖြစ် အထူးသဖြင့် အဲဒီမသမာသောနည်းဖြင့် ဖြေဆိုခြင်း ပြန်ဆိုခြင်းကို အထူးသဖြင့် ရှောင်ကြဉ်ကြပါ။ ဒါမှ အခုလောလောဆယ်မှာလဲပဲ ဆိုင်ရာစာမေးပွဲစည်းမျဉ်းအရ တကတည်း မှတ်ချက်နဲ့ နောက်ဆုံးမှာပေါ့လေ (Notice) နို့တစ်တို့ ဘာတို့ခေါ်တဲ့ ဒီဥစ္စာကို တွေ့ရတတ်တယ်။ ဒါတွေ့ရတတ်တာက ကိစ္စ မရှိပါဘူး။ ဒါအစိုးရကပဲဖြစ်ဖြစ်၊ ဘယ်စာမေးပွဲကပဲဖြစ်ဖြစ်၊ ဘယ်နှစ်မှစ် အင်း ... မဝင်ရပါဘူး စသည်က ဒါက ဒီလောက်မဟုတ်ဘူးဘုရား။ နောင်တစ်ချိန်မှာ ပဏ္ဍာတာပဖြစ်လျှင် ထောက်ရာတည်ရာ မရဘဲ ဖြစ်တတ်တယ်။ အဲဒါကို မြင်ပြီးတော့ အရှင်တို့ ပြန်တဲ့ဖြေတဲ့အခါမှာ ဟာ ... တို့ကို ဆရာတော်က ဟိတူပသံဟာရ မေတ္တာစေတနာနဲ့ အထူးမှာကြားလိုက်ပါတယ်။ အဲဒီ မှာကြားထားတာ တို့ဒီနည်း၊ မသမာတဲ့နည်းနဲ့တော့ ပြန်လို့ဖြေလို့ မဖြစ်ဘူး။ "တို့အတွက် တို့အတွက် ဆရာတော်အတွက် မဟုတ်ဘူး"လို့ အရှင်ဘုရားတို့ သတိပြုကြပါ။ ပြန်တဲ့ ဖြေတဲ့နေရာမှာ တပည့်တော် ပြောစရာကတော့ အရှင်ဘုရားတို့ကို ပြန်ပုံလဲပဲ နည်းပေးပြီးပြီ။ ဖြေပုံလဲ နည်းပေးပြီးပြီ။ ဖြေတဲ့အခါမှာလဲပဲ လိုက်နာကျင့်သုံးဖို့ နည်းပေးပြီးပြီ။ အဲဒီဖြေကာနီး ပြန်ကာနီးမှာ စိတ်က အားငယ်တတ်တယ်။ အားမငယ်အောင် တပည့်တော် အားပေးချင်တယ်။

စာပြန်တဲ့အခါမှာ မိမိတို့က မိမိပြန်မယ့်စာကို အနည်းဆုံး အခေါက် ဆယ်ခေါက် ဆယ့်ငါးခေါက်လောက် ဦးဇင်းတို့ ပြန်ခဲ့ပြီ။ ဝသီဘာဝ ဝါစုဂ္ဂတ နှုတ်ပေါ်တက်နေတဲ့စာ ပြန်ရတာ၊ ဘာမှ မကြောက်နဲ့။ ကြောက်တဲ့စိတ် မမွေးနဲ့။ ခုတင်က ပြောသလို ငါတို့မှာ အခေါက်ပေါင်း ဆယ်ခေါက် ဆယ့်ငါးခေါက် ဝါစုဂ္ဂတ နှုတ်ပေါ်ကိုတက်အောင် ငါတို့ ရွက်ဆောင်ထားတာ။ ဘာကြောက်စရာ ရှိသလဲ၊ စိတ်ထဲ အဲသလို စိတ်ကို တင်းပါ။

တပည့်တော်တို့ ကိုရင်လေးဘဝ ၁၂ နှစ် ၁၃ နှစ်တုန်းက မြင်းခြံမှာ ဝိနည်းစာပြန်ပွဲပြန်တော့ တပည့်တော်တို့ကတော့ ကိုရင်လေးကိုး။ ကိုရင်လေးပေမယ်လို့ ကိုယ်တော်ကြီးတွေ နားကပ်,ကပ်ပြီးတော့ ဗဟုသုတနာယူ မှတ်သားရပါတယ်။ တပည့်တော်တို့ရှေ့က စာပြန်မယ့် ဦးကေလာတို့ ဘယ်သူတို့ဆိုတာ ရှိတယ်။ ဦးကေလာသတဲ့ ငါးထပ်တိုက်က။ သူကဘာပြောသလဲဆိုတော့ ဘာ ... သူ့ဆန်စား ရဲမှလို့ စကားရှိတယ်တဲ့။ အခုလဲပဲ စာပြန်မယ်ကြဲလျှင် သူ့ဆန္ဒင်းမကင်းစားလျှင်ရဲမှ။ ဟို ...ဟို တုန်းကတော့ ဆန္ဒင်းမကင်းသည် အမွန်မြတ်ဆုံးသော ဟို ခဲဖွယ်ဘောဇဉ်ဘုရား။ အခုကနေ့ကျတော့မှ ခဲဖွယ်ဘောဇဉ်တွေက အင်မတန်ပေါလာ၊ အမွန်မြတ်ဆုံး ခဲဖွယ်ဘောဇဉ်အနေနဲ့ ဒါကိုပြောတယ်။ သူ့ဆန်စား ရဲမှဆိုသလို သူ့ဆန္ဒင်းမကင်းစား ရဲမှ-တဲ့။ ဆရာတော်ဦးကေလာသတို့ ဆရာတော်ဦးတေဇောဘာသတို့ အဲဒီတုန်းကတော့ တပည့်တော်တို့နဲ့ စာပြန်ဘက် စာတက်ဘက် ကိုယ်တော်ကြီးတွေပေါ့။ အဲဒါလိုပဲ ဦးဇင်းတို့လဲ သူ့ဆွမ်းစား ရဲမှပေါ့။ စိတ်ကို တစ်ခါထဲ

http://www.dhammadownload.com



တင်ထား။ အဲဒီလို စာပြန်တဲ့အခါမှာ ကြောက်တဲ့စိတ်ဖြစ်လျှင် ခုတင်က ဦးကေလာသတို့နည်းနဲ့ ကျတော့ သူ့ဆွမ်းစား ရဲမှုပဲလို့ အဲဒီလို နည်းယူချင်လဲယူ၊ ဒါမှမဟုတ် တပည့်တော့် ပြန်တာ ဖြေတာကတော့ ငါဟာ ဆယ့်ငါးခေါက်လောက် တကတည်း ဝါစုဂ္ဂတပြုခဲ့တဲ့စာ ငါမျက်စိမှိတ် စဉ်းစားလျှင် ပေါ်ရမည်ဆိုတဲ့အနေနဲ့ တပည့်တော် စာထောက်စာမ နာယကတို့ကို လက်အုပ်ချီ၍ လက်အုပ်မချဘဲ မျက်စိမှိတ်ပြီးတော့ ကိုယ်ပြန်တဲ့စာကိုပဲ အာရုံပြု၍ ပြန်ခဲ့တယ်။ အောင်လဲ အောင် မြင်တယ်။ ဦးဇင်းတို့ အဲဒါကြောင့် စာပြန်တဲ့အခါမှာ အဲဒီစိတ်ကို သူရသတ္တိရှိအောင် မွေးမြူပါ။

ငါသည် ဆယ်ခေါက် ဆယ့်ငါးခေါက်တောင် ရပြီးတဲ့နောက် ဝါစုဂ္ဂတနှုတ်ပေါ်တက်အောင် ပြန်ခဲ့တာ၊ ငါ ဝသီဘာဝ ရှိတယ်။ ဒီစာပေါ် ငါနိုင်တယ်လို့ စိတ်ကိုတင်း။ ထို့အတူပဲ သဘောရေး ဖြေတဲ့အခါမှာလဲပဲ ငါသည် ပါဠိရော အဋ္ဌကထာရော ဋီကာရောကို လေးငါးခေါက်၊ ပါဠိကတော့ နေ့စဉ်အံနေလို့ သိပြီးသား။ အဋ္ဌကထာ ဋီကာ ပြည့်ပြည့်စုံစုံ အောင်အောင်မြင်မြင် ငါကြည့်ခဲ့တယ်။ လေ့လာခဲ့တယ်။

အဲဒါကိုသာ ကိုယ့်ရဲ့လေ့လာချက်ကို အားယူပြီးတော့ စိတ်ထဲမှာ ဖြေကြပါ။ ဘာမှကြောက်စရာ မရှိပါဘူး။ အမှန်က ဒီတိပိဋကစာမေးပွဲ နိကာယ်စာမေးပွဲဆိုတာ ဦးဇင်းတို့ လေ့လာကြည့်ရှု ကျက် အံ ကြံ ကြည့်ထားတဲ့ ပါဠိ အဋ္ဌကထာ ဋီကာ ဟိုဘက်ကို တစ်ပုဒ်မှ မပိုဘူး။ ဦးဇင်းတို့ ကျက် အံ ကြံ ကြည့်ထားတဲ့ ပါဠိ အဋ္ဌကထာ ဋီကာထဲကပဲ မေးမှာ။ အဲဒီတော့ စိတ်ထဲမှာ ငါတို့ ကျက် အံ ကြံ ကြည့်ထားတဲ့ ပါဠိ အဋ္ဌကထာ ဋီကာထဲက မေးတာ၊ ငါ ဘာကြောက်စရာရှိသလဲလို့ စိတ်ထဲက အဲဒီလို တင်းပြီးတော့ ဦးဇင်းတို့ ကြောက်စိတ်များ ဖြေပြီးတော့ ရဲရဲပြန်ကြ၊ ရဲရဲဖြေကြ ပါလို့ နည်းပေးပါတယ်။ အားပေးပါတယ်။

ကိုယ်တော်တို့မှာ သဒ္ဓါဗိုလ်=သာသနာတော်ကို သက်ဝင်ယုံကြည်တဲ့ သဒ္ဓါဗိုလ်, ပြီးတော့ နေ့နေ့ညည ကြိုးစားအားထုတ်တဲ့ သမ္မပ္ပဓါန် လုံ့လဝီရိယဗိုလ်, သတိဗိုလ်, သမာဓိဗိုလ်, စာထဲမှာ စိတ်တည်တဲ့နေတယ်။ ပညာဗိုလ်ဆိုတဲ့ ဦးဇင်းတို့မှာ ဗိုလ်ကြီးငါးပါး=အားကြီးငါးပါး အပြည့်အဝ ရှိတယ်။ အဲဒီဗလငါးတန်နဲ့ ရဲရဲတောက်သာပြန်ကြ၊ ရဲရဲတောက်သာဖြေကြပါလို့ တပည့်တော် ဦးဇင်းတို့အား အနုဗလပ္ပဒါန အားပေးတဲ့စကား ပြောကြား၍ တပည့်တော်ရဲ့ ဩဝါဒကထာနိဂုံး အဆုံးသတ်အပ်ပါသည် သာသနဒ္ဓအာဇာနည်အလျာ အရှင်ကောင်း အရှင်မြတ်အပေါင်းတို့။

သာဓု ... သာဓု ... သာဓု။

http://www.dhammadownload.com



၁၃၅၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၃ ရက်
မင်းကွန်းစိန်ရတု အ.မ.ကကျောင်း အပ်နှင်းပွဲ၌
မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး

# ချီးမြှင့်တော်မူအပ်သော ဩဝါဒကထာ

ဩဝါဒပြောရမယ်ဆိုတဲ့ အလှည့်ကို ရောက်လာပါပြီ။ ဘုန်းကြီးများ ဒီမင်းကွန်းတောင်ရိုးမှာ ပထမတုန်းက ကျေးလက်ကျန်းမာရေးဌာနလေးပဲ ရှိပါတယ်။ နောက် ကျောင်းတိုက်ထဲမှာ ခြင်သေ့ကြီးနှစ်ကောင် လုပ်ချင်တယ်ဆိုတဲ့ မုံရွာက ဒေါင်းယာဉ်ပျံစတိုးပိုင်ရှင် ဒကာကြီး ဒကာမကြီးများ၊ ခြင်သေ့နှစ်ကောင်တော့ မလုပ်ပါနဲ့ဗျာ။ သဘာဝခြင်သေ့ဘုရားတဲ့။ သဘာဝခြင်သေ့ ကြည့်ချင်ရင် ဘုရားကြီးသွားကြည့်တာပေါ့လို့၊ တစ်ကောင်တစ်ကောင်ကို ရှစ်ထောင်လောက်ကုန်မှာဖြစ်တော့ နှစ်ကောင်ကို ငွေသောင်းခြောက်ထောင်လောက် ကုန်မယ်။ ဒါသဘာဝခြင်သေ့လုပ်တဲ့ သူများကို ကျေးမွေးစရိတ် မပါသေးဘူး။

အဲဒီတော့ ဘုန်းကြီးက ခြင်သေ့ မလုပ်ပါနဲ့၊ ခြင်သေ့ရဲ့ ဗိုက်အောက်ကလဲပဲ သူ့ကိုအောက်က ငြမ်းထိုးထားလို့ လူတစ်ယောက်မှ မနေရဘူး။ မိုးရွာလို့ နေပူလို့မှ တစ်ယောက်မှ မခိုရတာ မလုပ်ချင်ပါနဲ့ ဒကာကြီးရယ်လို့ ပြောတော့၊ ဒကာကြီးက ဒါဖြင့်ရင် အရှင်ဘုရားကျောင်းက မင်းကွန်းရွာ ရောက်အောင် ကျောက်လမ်းလုပ်မယ်။ ဘုန်းကြီးများ ကျောက်လမ်းလုပ်မယ်ဆိုပြန်တော့လဲပဲ ကျောက်လမ်းမလုပ်ပါနဲ့ ဒကာကြီးရယ်၊ ဒီဟာ တောင်ရိုးဗျာ့လို့ တော်တော်ကြာ မိုးတိုက်စားသွားရင် အလကားဖြစ်သွားမယ် မလုပ်ပါနဲ့။

စစ်ကိုင်းကနေပြီးတော့ မင်းကွန်းအရောက် ကျောက်လမ်းဖောက်ဖို့ရန်အတွက် ယနေ့ပါတီဥက္ကဋ္ဌကြီး ဗိုလ်ချုပ်စိန်လွင် တိုင်းမှူးဖြစ်တဲ့အချိန်က မန္တလေးမှလာပြီးတော့ ဒီလိုပဲ လျှောက်ဖူးပါတယ်။ ဒကာကြီး မလုပ်ချင်နဲ့ဗျာ။ ဟာ ...ဆရာတော်သွားလို့ လာလို့ ကောင်းတာပေါ့တဲ့၊ ကောင်းတာ သိပါတယ်။ ဘာပြုလို့ မလုပ်ရမှာတုန်း။ မော်တော်ကားလမ်းဖောက်တော့ မရောက်ဘူးတဲ့ လူတွေ ရောက်လာလိမ့်မယ်။ ခင်ဗျားတို့ နိုင်ငံတော်အစိုးရအနေနဲ့ မင်းကွန်းရဲကင်းကို မော်တော်ကားတစ်စီး အပြည့်အစုံပေးနိုင်ရင်ဖောက်၊ မပေးနိုင်ရင်မဖောက်နဲ့ ဒကာကြီး။ ဘာပြုလို့လဲဘုရားတဲ့။ အခုပြောတဲ့ မရောက်ဘူးတဲ့လူတွေ လာမှာက သူတို့က မော်တော်ကားနဲ့လာမှာ၊ ဒီက ခြေလျင်လိုက်လို့ မမီဘူးလို့၊ အဲဒါကြောင့် မော်တော်ကားလမ်းလဲ မဖောက်နဲ့၊ အဲဒီလိုပဲ မန္တလေးတိုင်းမှူး ဗိုလ်ချုပ်ဦးစိန်လွင်ကို ထိုစဉ်က ပြောရပါတယ်။

http://www.dhammadownload.com



ထို့အတူပဲ ကျောင်းဒကာကြီးကိုပြောတော့ သူက ကျောင်းကနေပြီး ကမ်းနားကို ကျောက်လမ်း ဖောက်ပေးမယ်။ မိုးတွင်းရေတိုက်စားသွား ပျက်သွားမှာပဲ၊ အဲဒီတော့ မဖောက်နဲ့ဗျာ။ ဒါဖြင့် အရှင်ဘုရား ဘာလိုသလဲ။ ဘာလိုသလဲဆိုရင် ဟောဒီ မင်းကွန်းမှာ အခုဖွင့်ထားတဲ့ ကျေးလက်ကျန်းမာရေး အဆောက်အဦကလေးဟာ တိုင်ကမျောတိုင်၊ အမိုးကသက်ကယ်၊ အကာက ထရံကလေး၊ မလုံ့တလုံ၊ ဒီအဆောက်အဦကလေးသည် တစ်နှစ်မခိုင်ဘူး။ အဲဒီတော့ အဲဒီနေရာမှာ ကျုပ်တို့ စံချိန်မီသော ကျေးလက်ကျန်းမာရေး ဆောက်ပေးရအောင်။ ဘာပြုလို့တုန်းဆိုတော့ ဒီအဆောက်အဦကလေး ပျက်သွားရင် မင်းကွန်း ကျန်းမာရေးအတွက်ရတဲ့ ကျေးလက်ကျန်းမာရေးတောင်မှလဲပဲ ဆုံးရှုံးသွားနိုင်တယ်။ အဲဒါကြောင့် စံပြည့်စံချိန်မီသော ကျေးလက်ကျန်းမာရေး ဆောက်ရအောင် ဒကာကြီးဆိုတော့ ဒကာကြီးကော ဒကာမကြီးကော ဝမ်းမြောက်ဝမ်းသာ လက်ခံပါတယ်။

ဒါဖြင့်ရင် ဆရာတော် စီစဉ်ပါတော့ဆိုတော့ ဘုန်းကြီးများ သက်ဆိုင်ရာ ကျန်းမားရေးဦးစီးမှူး ကို အားလုံးမေတ္တာရပ်ခံပါတယ်။ ပုံစံနဲ့တကွ ချပေးပါဆိုတော့ ချပေးပါတယ်။ အားလုံးပေးတော့ သူ့ဉစ္စာ စံချိန်မီသော ကျေးလက်ကျန်းမာရေး အဆောက်အဦကိုလဲပဲ စာရင်းပေး၏။ သို့သော် ကျေးလက်ကျန်းမာရေးတစ်ခုလုံးမှ ငါးထောင်ပဲသုံးဖို့ စာရင်းကို ဒီလိုသတ်မှတ်တယ်။

အဲဒါနဲ့ ကျန်းမာရေးမှူးလေးကို ဖတ်စမ်းပါကွာ။ မင်းတို့အဓိပ္ပာယ်က ဘယ့်နှယ်ကြောင့် ငါးထောင်ဖြစ်ရမှာလဲဆိုတော့ သူစာရင်း အသေအချာ ဖတ်ပြီးပြောတော့ အင်သားတို့ အခြားအသား နဲ့ဆောက်ဖို့ ဖြစ်တယ်။ ဒါ နိုင်ငံတော်ရဲ့ဂုဏ်နဲ့ မလိုက်ပါဘူးကွာလို့၊ ဒီတော့ တော်ပါပြီ၊ နိုင်ငံတော် က လိုအပ်တဲ့ အဆောက်အဦကို နိုင်ငံတော်ရဲ့ဂုဏ်နဲ့ လိုက်လျောအောင် ဆောက်ပေးမှ သင့်တော် မှာပါဆိုပြီးတော့ ဘုန်းကြီးများ မင်းကွန်းကျေးလက်ကျန်းမာရေးကို ဘုန်းကြီးတို့ မုံရွာက ဒေါ်ယဉ်ပျံ့စတိုးပိုင်ရှင် ဒကာကြီး ဒကာမကြီးများနဲ့ ဆောက်တဲ့အခါ ထိုစဉ်က ကြေးအနေနဲ့ ငွေသုံးသောင်းနဲ့ လေးသောင်းကြား သုံးရပါတယ်။

အဲဒီတုန်းက သစ်တစ်တန်မှ ပျဉ်းကတိုးသစ်တစ်တန်မှ တစ်ရာ့ငါးဆယ် နှစ်ရာပဲ ရှိပါတယ်။ အင်သစ်တစ်တန်ကို ငါးဆယ်ကျော် ခြောက်ဆယ်လောက်ပင် ရှိပါတယ်။ ဒါဘုန်းကြီးများ ပျဉ်းကတိုး ကျွန်းတို့နဲ့ဆောက်လိုက်တော့ သုံးသောင်းကျော် လေးသောင်းအတွင်းမှာ ပြီးပါတယ်။ ရေစက်ချပွဲလုပ်တဲ့အခါမှာလဲပဲ စစ်ကိုင်းမင်းကွန်းအားလုံးဖိတ်ပြီးတော့ ဆွမ်းဆန်လှူ၊ လှူပြီးတော့ ရေစက်ချလိုက်တာ နှစ်သောင်းလောက်၊ အားလုံးစုစုပေါင်း ငါးသောင်းလောက်၊ ထိုအချိန်က သုံးရပါတယ်။

အဲဒီအဆောက်အဦသည် ယနေ့တိုင်အောင် ခိုင်လျက်ရှိနေပါတယ်။ သီလရှင်များ လူနာဆောင် အနေနဲ့ အသုံးပြုနေပါတယ်။ အဲသလို ကျေးလက်ကျန်းမာရေး ဆောင်ရွက်ပြီးတဲ့နောက် မိုးကုတ်က ရဟန်းဒကာကြီး ဦးဘရှင်–ဒေါ်မျှင်တို့က ဓမ္မနာဒကျောင်းတိုက်၌ တစ်သိန်းကျော်တန် ဓမ္မာရုံတစ်ခု

http://www.dhammadownload.com



ဆောက်ချင်တယ်။ ဒကာကြီး ကျောင်းမှာက ဗန္ဓုလဓမ္မာရုံ+ပင်လုံဓမ္မာရုံလို့ ဓမ္မာရုံနှစ်မျိုးရှိလို့ သိပ်မလိုဘူးလို့ လျှောက်ပါတယ်။ အဲဒီတော့ ဘုန်းကြီးကြိုက်တာ ပြောရလို့ရှိရင် နေ့စဉ်အသုံးကျတဲ့ ကျန်းမာရေးဌာနလှူပါ။ ကျန်းမာရေးဆိုရင်လဲပဲ ဒီမင်းကွန်းဆိုရင် လှူမယ်ဘုရားတဲ့၊ ဆရာကြီး ဦးဘရှင် အစ ရှိပါသေးတယ်။

ဒါ ကျုပ်ရအောင် ပြောပါ့မယ်ဆိုပြီးတော့ ဒကာကြီးဦးသာလှနဲ့ တိုင်ပင်တယ်။ ဆရာတို့ မင်းကွန်းမှာ ကျေးလက်ကျန်းမာရေးဘဝကနေပြီးတော့ တိုက်နယ်ဆေးရုံဘဝရောက်အောင် တို့ နိုင်ငံတော်အစိုးရကို ဘယ်လိုစာရေးရမလဲ။ ဆရာဝန်ကြီးဦးသာလှက ဘာပြောသလဲ၊ လူအိုရုံကြီးကို ထည့်ရေးပါ ဆရာတော်တဲ့။ ကောင်းပြီလို့ ဒီလောက်ပြောရင် နားလည်ပြီ ဆိုပြီးတော့ နိုင်ငံတော် အစိုးရထံမှာ နိုင်ငံတော်အစိုးရက လူအိုတို့ရဲ့ နေရေး ထိုင်ရေး စားရေး ဝတ်ရေးကို တာဝန်ယူပါ တယ်။ စားရေးအတွက် ဆန်ထောက်ပံ့တယ်။ ပြီးတော့ လူအိုတစ်ယောက်တစ်ယောက်ကို ဆယ့် ငါးကျပ် ဆယ့်ငါးကျပ် ဒီလို ထောက်ပံ့တယ်။ အဲဒီလိုဆိုတော့ အကယ်၍ မင်းကွန်းတိုက်နယ်ဆေးရုံ ဖွင့်ပေးလိုက်ရင် သတ်မှတ်ပေးလိုက်ရင် လူအိုတွေရဲ့ ကျန်းမာရေးကိုလဲ နိုင်ငံတော်အစိုးရ တာဝန် ယူရာ ရောက်ပါတယ်။ ဒါကြောင့် မင်းကွန်းမှာ တိုက်နယ်ဆေးရုံ အနိမ့်ဆုံး၊ တတ်နိုင် မြို့နယ် ဒီလိုဆောင်ရွက်ခွင့်ပြုပါ။ အဲဒီလိုဆိုတဲ့အခါကျတော့ နိုင်ငံတော်အစိုးရက အပြည့်အစုံ အကုန်လုံး ပုံစံရေးပြီးတော့ လိုအပ်သမျှ အမှုထမ်းရိပ်သာကစပြီးတော့ အားလုံး စာရင်းပေးခဲ့ပါတယ်။ ပေးတဲ့ စာရင်းအတိုင်း ဘုန်းကြီးများက တိုက်နယ်ဆေးရုံ ဆောက်ပါတယ်။

အဲဒီလို တိုက်နယ်ဆေးရုံဆောက်လို့ ၄-၅-၆ လလောက် ရောက်တယ်ဆိုရင်ပဲ နိုင်ငံတော်က ကြေညာတယ်။ ဘယ်မြို့မှာ တိုက်နယ်ဆေးရုံတစ်လုံး၊ ဘယ်မြို့+ဘယ်မြို့+ဘယ်မြို့နဲ့။ နိုင်ငံတော်မှာ ၁၃ ဌာနလောက် တိုက်နယ်ဆေးရုံ ဆောက်လုပ်ဖို့လို့ ကြေညာပါတယ်။ ကြေညာတော့ ဘုန်းကြီး များ နေးနေလို့ မဖြစ်ဘူး၊ နောက်ကျရင် ဆရာဝန်ပါ မရဘဲ နေနိုင်တယ်။ အဲဒီတော့ မြန်မြန် ဆောက်ရအောင် ဆိုပြီးတော့ ဘုန်းကြီးတို့ဆောက်တဲ့ လက်သမားတွေကို နေ့ရောညရော၊ နေ့ရော ညရော အဲဒီလို အဆောက်ခိုင်းတယ်။ အဆောက်ခိုင်းပြီးတော့ နိုင်ငံတော်ကို လစဉ်လစဉ် လစဉ် အသိပေးတယ်။ ကျန်းမာရေးဌာနကို ခုဘယ်အခြေအနေ ရောက်ပါပြီ၊ ရာခိုင်နှုန်း ဘယ်လောက် ပြီးပါပြီ၊ အဲဒီလို နောက် ၃ လမှာ ဒီတိုက်နယ်ဆေးရုံ နိုင်ငံတော်သို့အပ်နိုင်တဲ့ အခြေကို ရောက် ပါပြီ။ အဲဒီလို လစဉ်လစဉ် လူ့အပြော အစီရင်ခံတဲ့သဘော၊ ဘုန်းကြီးများကတော့ ကျန်းမာရေးဌာန အနေနဲ့ ဤနေရာမှာ တိုက်နယ်ဆေးရုံ ငါတို့ဖွင့်ပေးရလိမ့်မယ်လို့သိအောင် ဘုန်းကြီးများ အသိပေး ခြင်း ဖြစ်ပါတယ်။

လူ့အပြောတော့ ဒါအစီရင်ခံတယ်ပေါ့၊ ကြိုတင်ပြီးတော့ စဉ်းစားနိုင်အောင် ဘုန်းကြီးများ ပြောပါတယ်။ တစ်လလောက်လိုတဲ့အခါကျတော့ နိုင်ငံတော်အစိုးရကို အပ်တဲ့ပွဲနဲ့၊ တိုက်နယ်

http://www.dhammadownload.com



ဆေးရုံဖွင့်ပွဲကိုတွဲပြီး လုပ်ချင်ပါတယ်။ အဲဒါမကြာခင် အပ်ပါ့မယ်–အဲဒီအပ်တဲ့အခါမှာ တမင် နိုင်ငံတော်အစိုးရ တာဝန်မရှိအောင် လုပ်ပါ့မယ်။ ဘယ်လိုလဲဆိုရင် ကျန်းမာရေးဝန်ကြီး မန္တလေးသို့ အစိုးရကိစ္စတစ်ခုနဲ့ လာတဲ့အချိန်မှာ ဘုန်းကြီးတို့ကို ၂ နာရီလောက် အချိန်ပေးပါ။ အားလုံးပြီး အောင် ဘုန်းကြီးများ စီစဉ်ပါ့မယ်။ တမင်မင်းကွန်းတိုက်နယ်ဆေးရုံအတွက် နိုင်ငံတော်အစိုးရမှာ တာဝန်မတက်အောင် လုပ်ပါတယ်။

အဲဒီတော့ ထိုစဉ်က ကျန်းမာရေးဝန်ကြီးက ဦးဘစော။ အဲဒီတော့ ဝန်ကြီးလာမယ့်နေ့။ ဘုန်းကြီးများ စာရေးတော့ သေသေချာချာရေးတယ်။ မန္တလေးကနေပြီးတော့ မင်းကွန်းကို အဆန် အစိုးရသင်္ဘောဟာ သုံးမတ် နာရီသုံးမတ် ဆန်ပါတယ်။ ဘုန်းကြီးများ ၁၅ မိနစ်အတွင်းမှာ ဆေးရုံ အပ်တဲ့ကိစ္စပြီးအောင် ဘုန်းကြီးဆောင်ရွက်ပါ့မယ်။ အစုန်မှာ နာရီဝက်ဆိုရင် မန္တလေးရောက်ပါ တယ်။ ဒါ့ကြောင့် တစ်နာရီခွဲ နှစ်နာရီမတ်တင်း အချိန်အားယူပြီးတော့ လာပါ။ ဘုန်းကြီးများ အဲဒီလိုလာတဲ့အခါမှာလဲပဲ ဘုန်းကြီးများ စာတွေဘာတွေ အကျယ်မချဲ့ပါဘူး။

ဆောက်လုပ်ပြီးပြေရှိနေသော တိုက်နယ်ဆေးရုံ အဆောက်အအုံကို နိုင်ငံတော်အစိုးရသို့ အပ် နှင်းပါ၏လို့ စာတစ်ပိုဒ်တည်းနဲ့ပြီးအောင် အပ်နှင်းပါမယ်။ အဲဒီလို အပ်နှင်းတဲ့အခါ ကျန်းမာရေး ဝန်ကြီးအနေနဲ့ ကျေးဇူးတင်ပါတယ်ဆိုတာတောင် မပြောပါနဲ့။ ဘုန်းကြီးများ ကျေးဇူးတင်အောင် ဆောင်ရွက်ခြင်းမဟုတ်ပါ။ အာရောဂျဒါန ကျန်းမာရေးအလှူကိုလှူတာ ဖြစ်ပါတယ်။ နိုင်ငံတော် အစိုးရအနေနဲ့ ယခုဆောက်လုပ်ပေးအပ်တဲ့ တိုက်နယ်ဆေးရုံကို လက်ခံပါကြောင်း စာတစ်ပိုဒ်– ထိုတိုက်နယ်ဆေးရုံကို ဖွင့်ပါကြောင်း စာတစ်ပိုဒ် ၂ ပိုဒ်ပြောရင်တော်ပြီ။ ဘုန်းကြီးများ ဒီအတိုင်း ပြောပါတယ်။ နိုင်ငံတော်အစိုးရကိစ္စတွေကို သိပြီးတော့ ပြောပါတယ်။ ဘုန်းကြီးများအနေနဲ့ လူမမာတွေကိုလဲ ရှာထားတယ်။ ဆေးရုံ တိုက်နယ်ဆေးရုံ တက်ဖို့ လူမမာတွေလဲ ရှာထားတယ်။ အဲဒီလို စီစဉ်လိုက်တော့ နိုင်ငံတော်အစိုးရ ၇ ရက်ကြိုတင်၍ ဆရာဝန်ကို လွှတ်ပါတယ်။ ကြိုတင်ပြီးတော့ ဆရာဝန်လွှတ်တော့ ဘုန်းကြီးတို့ သေချာတယ်။ အဲဒါ ဘုန်းကြီးများရဲ့မူကို ပြောပါတယ်။

ဒါ့ကြောင့် အခုပညာရေးသို့ ဤအမကကျောင်းကို ပေးအပ်တယ်ဆိုတဲ့ ကိစ္စမှာလဲပဲ ဘုန်းကြီး များ ပညာရေးဘက်ဆိုင်ရာ ဒကာဒကာမများအနေနဲ့ ကျယ်ကျယ်ဝန်းဝန်း ကျေးဇူးတင်စကား ပြောလိမ့်မယ်ဆိုတဲ့ အခမ်းအနားမှူးကြေညာချက်ကို ကြားရပါတယ်။ ကျယ်ကျယ်ဝန်းဝန်းပြောဖို့ ဘုန်းကြီးများ မလိုပါဘူး။ ဘုန်းကြီးများအနေနဲ့ နိုင်ငံတော်အစိုးရပညာရေးဌာနမှ ဤအဆောက် အအုံကို လက်ခံပါ၏လို့ သုံးခွန်းလောက်ပြောရင် ဘုန်းကြီးတို့ ဝပါပြီ=ကျေနပ်ပါပြီ။

အဲဒါကြောင့် ဟို ငါတို့စကားပြောရမယ့်ဥစ္စာ အချိန်မကုန်စေချင်လို့ ယခုလို ပြောပါတယ်။ ဘုန်းကြီးများ အခါကို သိပါတယ်။ ကာလညူ–ပါတီကောင်စီရဲ့ ယနေ့အလုပ်ကိုလဲပဲ ဘုန်းကြီးများ

http://www.dhammadownload.com



အရေးကြီးပြီတော့ အချိန်တန်ဖိုးရှိတာကိုသိပြီး ယခုစကားပြောကြားခြင်း ဖြစ်ပါတယ်။ ဤတွင် ဘုန်းကြီးရဲ့ ဩဝါဒကထာ ဒေသနာခန်းဂိုး ဤမှာပင် ကမ္ဘတ်ဖုံးအပ်ပါသည် သပ္ပုရိသ ကလျာဏ နွယ်ဝင် သူတော်စင်အပေါင်းတို့။

သာဓု ... သာဓု ... သာဓု။

တိုက်နယ်ဆေးရုံဖွင့်ပွဲသို့ လာကြတဲ့ ဧည့်သည်တော်များ အစိုးရကိစ္စများတာကို ဘုန်းကြီးများ သိပါတယ်။ ပြီးတော့ ပြန်ရမည့်ကိစ္စ ရှိသည့်အတွက် ဒီအစီအစဉ်ကြားထဲမှာ ဧည့်သည်တော် များ ပြန်နိုင်တဲ့ အခွင့်ကိုပေးပါ။ ဧည့်သည်တော်များအနေနဲ့ ပါတီကောင်စီပညာရေးမှူးအနေနဲ့ လက်ခံပါ၏ဆိုတဲ့ စကားနှစ်ပိုဒ်ပြောပါ။ ပြောပြီးလျှင် ဘုန်းကြီးတို့ ကျေနပ်ပါပြီ။ ကျေနပ်ပြီးရင် ဒီက ကျောင်းကော်မတီက ဒကာကြီးများကို ထမင်းကျွေးပါ။ ဘုန်းကြီးတို့ဆက်ပြီးတော့ ဆေးအပ်ပွဲ ကို ကျင်းပပါ့မယ်။ ဆေးအပ်ပွဲပြီးမှဆိုလျှင် ဒကာကြီးတွေ ဒကာမကြီးတွေ ထမင်းစားဖို့ အချိန် တော်တော်နောက်ကျတယ်။

ဒါကြောင့် ဟို ကျေးဇူးတင်ပါတယ်ဆိုတာကို ပညာရေးမှူး ဒကာကြီးရော၊ ပါတီဒကာကြီးရော မပြောပါနဲ့။ ဘုန်းကြီးများ ကျေးဇူးတင်စေချင်လို့ ဆောက်လှူခြင်း မဟုတ်ပါဘူး။ ပညာတရား ဖြစ်ပွားစေတတ်တဲ့ ကုသိုလ်ကိုရယူချင်လို့ ဆောက်လှူခြင်း ဖြစ်ပါတယ်။ တချို့က ဒီကျောင်းဟာတဲ့ မူလတန်းနဲ့ မတော်ဘူးတဲ့၊ ဟုတ်လား။ အလယ်တန်း အထက်တန်းနဲ့ တော်တယ်တဲ့။ ဘုန်းကြီးတို့ ဘာပဲပြောပြော မင်းကွန်းမှာ အလယ်တန်းလဲပဲ ဘုန်းကြီးဆောက်ပေးတာ။ အခုလဲပဲ ဒီအလယ်တန်း က တွဲဘက်အထက်တန်းကျောင်း ဆောက်ဖို့ရန်ဆိုတဲ့ အခြေအနေမှာ သူတို့မှာ ရန်ပုံငွေက ၄၀၀၀ိ/ ရှိတယ်တဲ့။ တပည့်တော်တို့ဆောက်ရမှာက သုံးလေးသောင်းလောက် မကုန်ရင် မပြီးဘူးတဲ့၊ စိတ်ချပါလို့၊ ဓမ္မနာဒက သံဃာ့ဝေယျာဝစ္စကနေပြီးတော့ ဒါပညာအလှူကို လှူပါ့မယ်။ ဟောဒီ ဒကာလေး မောင်မြိုင် မင်းတို့ လိုအပ်တာ အကုန်လုံး အပြည့်အစုံသာ မင်းတို့ လုပ်ကြ။ မိုးကပ်လဲပဲ သူတို့ စကားပြောတယ်လေ၊ အတိုဖြတ်က ဘယ်လောက်၊ အရှည်ဖြတ်က ဘယ်လောက်၊ လက်သမားမေး၊ အကောင်းဆုံးကိုလုပ်ပါ။ ဘုန်းကြီးများ သည်လိုပဲ ခိုင်းပါတယ်။ အေး–ဆိုကြပါစို့၊ ပထမ ခုနစ်နှစ်အတွင်းမှာ မိုးကပ်မိုးသော်လည်း ဘုန်းကြီးတို့ ဆောက်ပေးတဲ့ အဆောက်အအုံဟာ ဒုတိယ ခုနစ်နှစ်ရောက်လာရင် ဒါအမိုးဖြစ်ပါ့မယ်။

အမိုးလဲပဲ ဘုန်းကြီးများအနေနဲ့ ဘယ်လိုနည်းနဲ့မှ သွပ်မိုးကို မလိုချင်ပါဘူး။ တစ်နေ့ နိုင်ငံ တော်က မေးတယ်။ ဆရာတော် သွပ်မိုးလိုသလား၊ သွပ်မိုးကို အဖိလောက်ပဲ ကျုပ်တို့သုံးတယ်။ ကလေးတွေ ခေါင်းအပူမခံစေချင်ဘူး။ ကလေးတွေ အသက်ကြီးရင် ဟောဒီခေါင်းပြောင် ထိပ်ပြောင် ကလေးတွေနဲ့ မဖြစ်စေချင်ဘူးလို့၊ သွပ်မိုးနဲ့အိမ် သွပ်မိုးနဲ့ကျောင်းမှာ နေလို့ရှိရင် ဟောဒီထိပ်ပြောင်

http://www.dhammadownload.com



တာဟာ သွပ်မိုး သွပ်မိုး။ သွပ်အပူနော်–ဒါကျန်းမာရေးရဲ့အမြင်။

အဲဒါကြောင့် ကျုပ်အခု ဘာပဲပြောပြော သဲဖြူဝမှာဆောက်တဲ့ စိန်ရတု အမက နှစ်ထပ်ကျောင်း အတွက်လဲပဲ ဟောဒီ ဘိလပ်သွပ်ကိုပဲပေးပေး၊ အသားအုတ်ကျွတ်ကိုပဲပေးပေး၊ ကြိုက်တာပေးပါ၊ အစိုးရ ပေးချင်တာပေးပါလို့ တောင်းထားပါတယ်။ အဲဒါကြောင့် ဘုန်းကြီးများ အချိန်ကို သိပြီး တော့ ပညာရေးဌာနနဲ့ ပုဂ္ဂိုလ်ကြီးများ လက်ခံပါတယ်ဆိုတဲ့ စကားနှစ်လုံးပြောပြီးရင် ကျေနပ်ပါ တယ်နော်။ ပါတီဒကာကြီးတို့ဟုတ်လား။ ဘုန်းကြီးတစ်ခုတော့ ဟို အသိပေးချင်တယ်။ အသိ ပေးချင်တာက ဘုန်းကြီးများသည် ပညာကို အားပေးပါတယ်။

မောင်မြိုင် မင်းတို့ကျောင်းအပ်တဲ့ပွဲမှာ ငါ့ကလေးတွေ ဘာမှမပေးရလို့ မတော်ဘူး။ မင်းတို့ ဗလာစာအုပ် ပေးရအောင်၊ ဘုန်းကြီးက မင်း စစ်ကိုင်းမှာ သမဝါယမကိုပြောပါ ဆိုတယ်။ ကလေး ဘယ်လောက်ရှိတုန်းဆိုတော့ (၂၅၀)နှစ်ရာ့ငါးဆယ်။ နှစ်ရာ့ငါးဆယ်ရှိရင် တစ်ယောက်ကိုကွာ အစိုးရက ဘယ်လောက်ရောင်းတုန်း၊ ဝယ်ခွင့်ပြုတုန်း။ နှစ်အုပ်ဝယ်ခွင့်ပြုတယ်တဲ့။ ဝယ်ခွင့်ပြုရင် အဲဒါနှစ်အုပ်စီကွာ။ အုပ်ရေ ၅၀၀၊ သမဝါယမက တောင်းကွာလို့ ဘုန်းကြီး ငွေနှင့်တကွ ကလေးတွေဖို့ တာဝန်ပေးတယ်။ စစ်ကိုင်းသမဝါယမက ပထမပိုင်းမှာ မပေးနိုင်ဘူးဆိုတာပြောတာ ကြားရတယ်။

ဟ ...စစ်ကိုင်းကတိုင်းကွ၊ ကောလင်းကတောင်မှ ကောလင်းသမဝါယမတောင်မှ ကလေးတွေ ဖို့ စာအုပ်ပေးနိုင်ရင် ဘာပြုလို့ စစ်ကိုင်းတိုင်းသမဝါယမက မပေးနိုင်ရသလဲ ဘုန်းကြီးက မောင်မြိုင် ထပ်ပြော။ သမဝါယမကို ဘုန်းကြီးတောင်းပါတယ်။ သို့သော် ဒီကိစ္စကို ဘုန်းကြီး ဗဟိုကို ဘာမှ မပြောဘူး။ တစ်နေ့က ဘုန်းကြီး ရန်ကုန်မှာ ပညာရေးဝန်ကြီး ဒေါက်တာဦးကျော်စိန်နဲ့ ပညာရေး မိသားစုတို့က တိပိဋကကျောင်းတော်ကို လာပြီးတော့ ဝါဆိုသင်္ကန်းကပ်ပါတယ်။ ဆရာတော် လိုအပ်သမျှ အမိန့်ရှိပါ။ ပြောပါ။ လိုအပ်သမျှ တပည့်တော်ကိုလဲ အမိန့်ရှိနိုင်တယ်။ တပည့်တော် အောက်က ဒေါက်တာတင်အောင်အေးကိုလဲ အမိန့်ရှိနိုင်တယ်။ ဒေါက်တာတင်အောင်အေးဆိုတာ ဘုန်းကြီးရဲ့ တူပါ။

ဆိုကြပါစို့၊ ဘုန်းကြီး ဘာမှ အပူမကပ်ဘူး။ တောင်းချင်လိုက်တာ။ ကျုပ်ဗလာစာအုပ် ၅၀၀ လောက် ပေးပါလို့ တောင်းချင်လိုက်တာ။ သို့သော် ဘာပြုလို့ ဒီကို တောင်းရသလဲဆိုတာတွေ ကျယ်မှာစိုးလို့ ဘုန်းကြီး မတောင်းဘူး။ အခုပေးပါတယ်။ ပေးတဲ့စာအုပ်က ကျောင်းဆရာလေးကို မေးတယ်၊ ၂၅၀၊ အေး ...ကလေးတွေဖို့ မူလတန်းဖို့စာအုပ်က ၁ ကျပ်ပဲတန်တယ်တဲ့။ အဲဒီ ဒုတိယ တန်း တတိယတန်း စတုတ္ထတန်းတို့အတွက်က စာအုပ်က ၂ ကျပ်တန်တယ်တဲ့။ ဟ ... မူလတန်း ကလေးတွေ ၁ ကျပ်မတော်ဘူးကွာ၊ ၁ ကျပ်ပိုပိုပြီးတော့ ၁ ကျပ်တန်စာအုပ်အပြင် ငွေ ၁ ကျပ် ပိုပြီးပေးပါ။ ကလေးတွေကို ဘုန်းကြီး ဒီလိုပဲ စီမံရပါတယ်။ နောင်လဲပဲ ပေးပါ့မယ်။ ဒကာကြီးများ ဘုန်းကြီးတို့ စစ်ကိုင်း ဟို ပါတီကောင်စီက ဘုန်းကြီးတို့ သိဖို့ရန်အတွက်ပေါ့လေ။ ဘုန်းကြီးများ

http://www.dhammadownload.com



ဒီနိုင်ငံတော်ကို ဘာမှ အပူမရှာလိုဘူး။ ပြီးတော့ ပြစ်တင်စကားလဲ မပြောလိုဘူး၊ ဟုတ်လား။ ဒီ ခုနပြောတဲ့ ဦးစိန်လွင်တို့၊ သူရဦးထွန်းတင်တို့ဆိုတာ ဘုန်းကြီးများရဲ့ ဒကာအရင်းတွေ ဖြစ်ပါတယ်။

အခုကိုပဲ ဆိုကြပါစို့၊ ဘုန်းကြီး ဒီကိုပြန်လာတယ်။ ၁၃ ရက်နေ့ရောက်တယ်။ ၁၃ ရက်နေ့ ရောက်တယ်ဆိုရင်ပဲ စစ်ကိုင်းကနေပြီးတော့ လုံခြုံရေးတဲ့၊ တပ်စိတ်တစ်စိတ်၊ ရဲတပ်တစ်စိတ် လွှတ်လိုက်တယ်။ ၁၁ ယောက်၊ ၁၁ ယောက်လွှတ်လိုက်တော့ ဘုန်းကြီးအားနာတယ်။ ဩော် ... ဒီအချိန်မှာ တို့မင်းကွန်းက ရှိတဲ့ရဲတပ်နဲ့ လုံလောက်ပါပြီ။ မင်းကွန်းမှာ ဘာမှ လူမျိုးခြားမရှိပါဘူး။ မင်းကွန်းမှာ ဗုဒ္ဓဘာသာလူတွေနေတဲ့ ကျေးရွာပါ။ အဲဒီတော့ ဒီမှာ အန္တရာယ် မရှိပါဘူး။ ဒီတော့ ကျောင်းမှာလဲပဲ သံဃာ ၁၀၀ လောက်ရှိပါတယ်။ သံဃာနဲ့လဲပဲ လုံခြုံရေးဟာ တော်တော်လုံလောက် ပါတယ်။ အဲဒီတော့ ပြန်ပြီးတော့သိမ်းပါ။ ဘုန်းကြီး မေတ္တာရပ်ပါတယ်၊ ဟုတ်လား။ မင်းကွန်းက ကျေးလက်ကျန်းမာရေး၊ မင်းကွန်းကျေးလက်လုံခြုံရေးနဲ့ လုံလောက်ပါတယ်လို့ ဘုန်းကြီးပြောပြီး တော့ မနေ့ကပဲ သူတို့ အထက်ကို အစီရင်ခံပြီး ဆရာတော်စိတ်ချမ်းသာသလို လုပ်ပေးလိုက်ပါလို့ ဝန်ကြီးချုပ်သူရဦးထွန်းတင်ဆီက အမိန့်လာလို့ မနေ့ကပြန်ပြီး ဘုန်းကြီး လွှတ်လိုက်တယ်။ ဒါကို ဘုန်းကြီး ပါတီကောင်စီ ဒကာကြီးတွေကို အသိပေးခြင်း ဖြစ်ပါတယ်နော်။ အဲဒါ ဝမ်းမြောက်ကြပါ။ ဘုန်းကြီးတို့ ပညာရေးအလှူမှာ ကျေးလဲကျေးမွေးပါ။ လက်ခံပါတယ် ဆိုတာလေးပေါ့လေ။ ဟို စာအုပ်ကို အပ်ပြီးတဲ့နောက် နှုတ်နဲ့ ပါတီက လက်ခံပါတယ်။ ပညာရေးက လက်ခံပါတယ်။ ဒါပါပဲပြောပါ။ ကျေးဇူးတင်စကား မပြောပါနဲ့။ ရော့–ရော့ ...။

ဆရာတော်သံဃာတော်ဘက်မှ ဓမ္မာနုဂ္ဂဟဖြင့် ချီးမြှောက်တဲ့နေရာမှာ ရှေးဦးစွာ ဒကာဒကာမတို့ ရဲ့ အလှူဒါန အကျိုးကြီးအောင် မြတ်စွာဘုရားလက်ထက်တုန်းက အနာထပိဏ်သေဋ္ဌေးရဲ့မြေး အသီတိရဟန္တာကြီးများမှာ အဝင်အပါ တေဒင်္ဂဘွဲ့ထူးနှစ်ခုရတဲ့ အရှင်သုဘူတိရဟန္တာမထေရ် ကျင့်သုံးတဲ့မှုအတိုင်း၊ ဒကာဒကာမတို့ရဲ့ အလှူဒါန အကျိုးကြီးမြတ်အောင် ကျင့်သုံးတော်မူလိုကြ၍ ဘုရားလက်ထက်က အရှင်သုဘူတိသည် ဒကာဒကာမတို့ရဲ့ အလှူဒါနကို အကျိုးကြီးအောင် ကျင့်သုံးတဲ့နေရာမှာ အထူးသဖြင့် ဒီအိမ်ဝမှာ ဆွမ်းရပ်၊ ဆွမ်းရပ်တဲ့အချိန်က ဆွမ်းလောင်းတဲ့ ပုဂ္ဂိုလ်အနီးနားရောက်အောင် ဘယ်သူနဲ့မှ စကားမပြောဘဲ မေတ္တာစေတောဝိမုတ္တိလို့ခေါ်တဲ့ မေတ္တာ အပ္ပနာဈာန်ကို ဝင်စားတယ်၊ ဆွမ်းလောင်းတဲ့ပုဂ္ဂိုလ်အနားရောက်မှ ထိုဈာန်မှထပြီး ထိုဆွမ်းကို အလှူခံတယ်။

ဤနည်း မေတ္တာအပ္ပနာဘာဝနာဖြင့် တစ်လုပ်တစ်ဇွန်း တစ်ယောက်မျှသော ဆွမ်းအလှူကိုပင် လျှင် အကျိုးကြီးမြတ်အောင် ချီးမြှောက်တော်မူသလို အရှင်သုဘူတိမထေရ်ရဲ့ ညီတော်စဉ်ဆက် ဖြစ်တော်မူကြသော သံဃာတော် ဆရာတော် အရှင်သူမြတ်တို့သည်–ဘုရားလက်ထက်လောက်ကစ ယနေ့တိုင်အောင် နောင်လဲပဲ သာသနာရှိနေသမျှ ဤမှုကို ကျင့်သုံးတော်မူကြမည်သာ ဖြစ်ပါတယ်။

http://www.dhammadownload.com



ဒကာ ဒကာမတို့ရဲ့ အလှူဒါန အကျိုးကြီးအောင် မေတ္တာဘာဝနာ ၁၁ နည်း။

၁။ သဗ္ဗသင်္ဂါဟကမေတ္တာ ၁ နည်း

၂။ ဒုကမေတ္တာ ၄ နည်း

၃။ တိကမေတ္တာ ၃ နည်း

၄။ အဟိတာပနာယနအဓိပ္ပာယမေတ္တာ ၃ နည်း

အားလုံး မေတ္တာဘာဝနာ ၁၁ နည်း၊ ပါဠိလို ပွားသောအားဖြင့် မကြာခင်မေတ္တာသုတ်ပရိတ်ကို ရွတ်ဆိုတော်မူကြလိမ့်မယ်။ ထို့နောက် ၁၂ လရာသီ စိုးရိမ်ရတဲ့ မိုးဘေးအကာအကွယ် အရံအတားဖြစ်အောင် ပခုက္ကူ ရေစကြိုဆရာတော်ဘုရားကြီးများ ကျင့်သုံးတော်မူကြတဲ့ နည်းအတိုင်း ဝဋ္ဋသုတ်ပရိတ် ရွတ်ဆိုတော်မူကြလိမ့်မယ်။ သံဃာတော်များဘက်မှ ဝဋ္ဋသုတ်ပရိတ်ရွတ်တဲ့အခါ–

သန္တိပက္ခာ အပတနာ၊ သန္တိ ပါဒါ အဝဉ္စနာ။

မာတာပိတာစ နိက္ခန္တာ ဇာတဝေဒ ပဋိက္ကမ။

ဤဂါထာသည် လူတွေ အန္တရာယ်ကောင်းကောင်းကြီး ကာကွယ်နိုင်တဲ့ လိုရင်းဂါထာ ဖြစ်ပါတယ်။ ထိုဂါထာကျရင် သုံးခေါက်ရွတ်ပွားဖို့ သတိပြုရပါမယ်။ ထို့ပြင် ဒကာဒကာမတို့မှ သာသနာအား ပူဇော်သည့် ပူဇာဒါနပြုကြတဲ့အရာမှ ပူဇော်ထိုက်အောင် ဗုဒ္ဓါနုဿတိ ဓမ္မာနုဿတိ သံဃာနုဿတိ–အနုဿတိဘာဝနာ ၃ ပါး ပါဠိလို နှုတ်ကမြွက်ပြီး စိတ်ကတင် အောက်မေ့တာ မဟုတ်ဘဲနဲ့ နှုတ်ကမြွက်ပြီးတော့ ပွားသောအားဖြင့် ဘုရားဂုဏ် တရားဂုဏ် သံဃာဂုဏ်များ ရွတ်ပွားတော်မူကြလိမ့်မယ်။

ထို့နောက် တဖန်ဆက်၍ အစီးအပွားမဲ့ ပယ်ရှားလိုသော အဟိတာပနာယာန အဓိပ္ပာယ မေတ္တာ အစီးအပွားကို ရယူလိုတဲ့ ဟိတာဒိဂမ မိပ္ပာယမေတ္တာ မေတ္တာ ၂ မျိုး ပွားသောအားဖြင့် ယံဒုန္နိမိတ္တံ ၃ ဂါထာ၊ အဟိတာပနာယနာ မိဗ္ဗာယမေတ္တာက–ယံသန္နိမိတ္တံ ၃ ဂါထာနဲ့ ဘဝတုသဗ္ဗမင်္ဂလံ ၃ ဂါထာ။ အေး–ဤဂါထာများကို အစဉ်အတိုင်း ရွတ်ပွားတော်မူကြလိမ့်မယ်။ ဒကာဒကာမများက ပရိတ်နာတဲ့အခါ ယခုပြောခဲ့တဲ့အတိုင်း သံဃာတော်တို့ရဲ့ ရည်ရွယ်ချက်ကို သိပြီးတော့ တိဟိတ် ဉက္ကဋ္ဌ ဓမ္မသဝန မဟာကုသိုလ်စိတ်တို့ဖြင့် ပရိတ်နာယူကြပါ။

သံဃာတော် အရှင်မြတ်တို့ဘုရား ... မေတ္တာသုတ်, ဝဋ္ဋသုတ်, ဘုရား တရား သံဃာ့ဂုဏ်, ယံဒုန္နိမိတ္တံ ၃ ဂါထာ, ယံသန္နိမိတ္တံ ၃ ဂါထာ, ဘဝတုသဗ္ဗမင်္ဂလံ ၃ ဂါထာ အစဉ်အတိုင်း ရွတ်ပွားသရဇ္ဈာယ်ဖို့ အချိန်တန်ပါပြီ။

ဒီလို ရွတ်ပွားတဲ့နေရာမှာ ဒကာဒကာမဘက်နဲ့ ဆရာဘက်မှာ ပရိတ်တရားနဲ့ ပတ်သက်၍ ထူးခြားချက် ရှိပါတယ်။ ဒကာဒကာမဘက်ကတော့ နာရုံသာနာရင် တာဝန်ကျေပါတယ်။ ပရိတ်ရဲ့ အနက်ကို သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ဒကာဒကာမဘက်က ပရိတ်ကို နာရင် သူဟာ ဓမ္မသဝန မဟာကုသိုလ်စိတ်တွေ တရိပ်ရိပ် ဖြစ်ပွားပါတယ်။

http://www.dhammadownload.com



သံဃာတော်များဘက် ပရိတ်ကို ရွတ်တဲ့အခါ ထိုပရိတ်ရဲ့အနက်ကိုသိပြီး ရွတ်ရမယ်ဆိုတာ ဟောဒီအင်္ဂါရှိပါတယ်။ ဤအင်္ဂါအရ ပရိတ်ကို ရေးကြီးသုတ်ပြာ ပြာယီးပြာယာရွတ်ရင် ဘယ်လို နည်းနှင့်မှ အနက်ကို မသိဘူး။

ဒါ အရဏဝိဘင်္ဂသုတ္တန်နဲ့ တပည့်တော်ကြည့်ပြီး ပြောနေခြင်း ဖြစ်ပါတယ်။

မလျင်မဆော၊ တရားဟော၊ ပြေချောမွေ့သိမ်စွ။

အတရမာနောဝဘာသေယျ နော တရမာနော=မလျင်မဆော တရားဟောရမည်။ အရေးတကြီး ပြာယီးပြာယာ ပရိတ်မရွတ်ရ၊ တရားမဟောရ၊ စကားမပြောရ။ အရေးတကြီး ပြာယီးပြာယာ ပရိတ် ရွတ်တယ်၊ တရားဟောတယ်၊ စကားပြောတယ်ဆိုရင် အပြစ် ၅ ပါး ရှိပါတယ်။

တတြ ဘိက္ခဝေ အတရမာနဿ ဘာသတော=အရေးတကြီး ပြာယီးပြာယာ ရွတ်တဲ့ ပုဂ္ဂိုလ် အဖို့။ ကာယောပိ ကိလမတိ=ကိုယ်လဲပင်ပန်းတယ်။ နွမ်းတာပေါ့။ အရေးအကြီး ပြာယီးပြာယာ ရွတ်တော့-စိတ္တမ္ပိ ဥပဟညတိ=စိတ်လဲပင်ပန်းတယ်။ သရောပိ ဥပဟညတိ=အသံလဲပျက်၏။ ကဏ္ဌောပိ အာတုရီယတိ=လည်ချောင်းလဲနာတယ်။ အဆိုးဆုံးက ၅-အဝိသဋ္ဌမ္ပိ ဟောတိ အဝိညေယျံ၊ တရမာနဿဘာသိတံ=အဆောတလျင် ပြာယီးပြာယာ ရွတ်ဆိုတဲ့ပုဂ္ဂိုလ်ရဲ့အသံ ပုဂ္ဂိုလ်ရဲ့စကားကို သူတစ်ဘက်သား နားမလည်ဘူးတဲ့။

ဒါကို အပြစ်ငါးပါး။ စာပြသလို မလျင်မဆော ချောချောပြေပြေ မပင်မပန်း ပရိတ်ကို၊ အနက်ကို သိပြီး ရွတ်ဆိုရင် ရတဲ့ အကျိုး ၅ ပါး။

တတြ ဘိက္ခဝေ အတရမာနဿ ဘာသတော=မလျင်မဆော တရားဟော၊ မလျင်မဆော ပရိတ်ကိုရွတ်တဲ့ပုဂ္ဂိုလ်ရဲ့အဖို့ရန် ကာယောပိ န ကိလမတိ=ကိုယ်လဲမပင်ပန်းဘူး၊ ဒါဟာ အသက် ၇၀ ကျော်၊ ၈၀ လောက်ကျမှ ပိုသိတယ်။ အသက်ငယ်တဲ့သူ ရွတ်သမျှ မောတာပန်းတာ မသိဘူး။ ကိုယ်ပန်းတာ မသိဘူး။

စိတ္တမ္ပိ နဥပဟညတိ=စိတ်လဲမနွမ်းဘူး။ သရောပိ နဥပဟညတိ=အသံလဲ မပျက်ဘူးတဲ့။ ကဏ္ဌောပိ နအာတုရီယတိ=လည်ချောင်းလဲမနာဘူး။ ဝိသဋ္ဌမ္ပိ ဟောတိ ဝိညေယျံ အတရမာနဿ ဘာသိတံ=အဆောတလျင် အရေးတကြီး ပြာယီးပြာယာမဟုတ်ဘဲ မလျင်မဆော တရားဟော မလျင်မဆော စကားပြောတဲ့ ပုဂ္ဂိုလ်ရဲ့စကားကို ဟိုတစ်ဘက်သား နားလည်တယ်။

အဲဒီလို အကျိုး ၅ ပါး၊ ဖော်ပြထားတာဖြစ်လို့ ပရိတ်ရွတ်တဲ့အခါ သံဃာတော်အရှင်သူမြတ် များသည် “မလျင်မဆော၊ တရားဟော၊ ပြေချောမွေ့သိမ်စွ”ဆိုတဲ့အတိုင်း မလျင်မဆော ချောချော ပြေပြေ သိမ်သိမ်မွေ့မွေ့ အနက်ကို အတတ်နိုင်ဆုံး ဆင်ခြင်စဉ်းစားပြီးတော့ ပရိတ်ကိုရွတ်ပွားတော် မူကြဖို့ အချိန်ရောက်ပါပြီဘုရား။

(ပရိတ်ရွတ်တော်မူကြသည်။)

http://www.dhammadownload.com



၁၃၅၁ ခု၊ သီတင်းကျွတ်လဆန်း ၁၂ ရက်

မင်းကွန်းတောင်ရိုး မိုးမိတ်စေတီတော်ကြီးများကုန်းမြေ

တိ=နိ ညီနောင်များ အာစရိယပူဇော်ပွဲ၌

မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး

## မြွက်ကြားတော်မူသော ဩဝါဒကထာ

ယနေ့ ၁၃၅၁ ခု၊ သီတင်းကျွတ်လဆန်း ၁၂ ရက်၊ မင်းကွန်းတောင်ရိုး၊ မိုးမိတ်ကုန်းမြေ တိပိဋက=နိကာယကျောင်းတိုက် သံဃာတော်အရှင်မြတ်တို့ အာစရိယပူဇာမင်္ဂလာ ကောင်းမှု ပြုကြတဲ့ပွဲမှာ တပည့်တော်များ အမိအဖနှစ်ပါးတို့ရဲ့ ကျင့်စဉ်ကို သွားပြီးတော့ အမှတ်ရပါတယ်။ ဆရာကြီး ဦးသာလှက အမြဲတမ်းပြောလေ့ရှိပါတယ်။ ဦးပဥ္စင်းတို့၊ တပည့်တော်ကို ဦးပဥ္စင်းတို့အမေလို့ အောက်မေ့၊ ဆရာတော်ကို အဖေလို့ အောက်မေ့ ပြောလေ့ရှိပါတယ်။ ဒါကို သွားလို့ အမှတ်ရတယ်။

ဘယ်လိုလဲဆိုတော့ ဆရာဦးသာလှက အမေဆို အမေစိတ်ပဲ။ ဦးပဥ္စင်းတို့ရဲ့ အခြေအနေ ဦးပဥ္စင်းတို့ရဲ့ အကြောင်းအရာ ပွဲတိုင်းပွဲတိုင်း ထည့်သွင်းပြောလိုတဲ့အခါ တိပိဋက=နိကာယ ကျောင်းတိုက်ဖွင့်ပြီး သာသနာပြုလာတာ ကနေ့ ၁၂ နှစ် ရှိပါပြီ။ ၁၂ နှစ်ရှိပါပြီ။ အဲဒီ ၁၂ နှစ်မှာ တိပိဋကနှစ်ပုံခွဲအောင်တာ တစ်ပါး၊ တစ်ပုံတစ်ပုံခွဲအောင်တာက ၂၂ ပါး၊ ဒီတင်အားမရသေးဘူး။ ယခုနှစ် တိပိဋကရွေးချယ်ရေး စာမေးပွဲမှာ "တစ်နိုင်ငံလုံးမှာ ဘွဲ့ရကိုယ်တော် ၈ ပါး အောင်မြင်တဲ့အနက်က တိပိဋက=နိကာယကျောင်းတိုက်က ၇ ပါးအောင်တယ်" ဆိုတာ မိခင်ကြီးက သားတွေအတွက် ဂုဏ်ယူပြီးတော့ ပြောတာလို့ တပည့်တော်တော့ သူပြောတိုင်းပြောတိုင်း ဒီအတိုင်း အမှတ်ရတယ်။

အဲဒီပြောတဲ့အချိန်မှာ တပည့်တော်စိတ်ထဲမှာတော့ ဖခင်စိတ်နဲ့ ဘယ်လိုအောက်မေ့တုန်းဆိုတော့ ၁၂ နှစ်မှာ နှစ်ပုံခွဲအောင်တာ ၁ ပါး၊ တစ်ပုံတစ်ပုံခွဲအောင်တာ ၂၂ ပါးဆိုတော့ တပည့်တော် ဖခင်စိတ်နဲ့ ဖြောင့်ဖြောင့်ပြောရလို့ရှိရင် နည်းတယ်ဘုရား၊ နည်းပါတယ်။

ဘာပြုလို့တုန်းဆိုတော့ ဂုဏ်ဖော်သလိုတော့ မအောက်မေ့ပါနဲ့။ တပည့်တော်များသည် တိပိဋက ကြိုးစားခဲ့စဉ်က ၄ နှစ် ၄ ကြိမ်မှာ တိပိဋကသင်ရိုး ပိဋကတ်သုံးပုံ အကုန်ကုန်တယ်။

အခု အရှင်ဘုရားတို့ ၄ နှစ် သုံးကြိမ်ရှိခဲ့ပြီ။ ဒီလေးနှစ်သုံးကြိမ်မှာ နှစ်ပုံခွဲအောင်တစ်ပါး၊ ဦးဝါယမိန်ကို ရည်စူးပြီးတော့ ပြောတာ။ တစ်ပုံတစ်ပုံခွဲအောင် ၂၂ ပါးဆိုတော့ တပည့်တော်စိတ်ထဲမှာ အင်မတန် နည်းနေတယ်။ ဒါဖခင်စိတ်နဲ့ ဦးပဥ္စင်းတို့ကို တပည့်တော်ပြောခြင်း ဖြစ်ပါတယ်။ ပြောတဲ့အတိုင်းလဲ ဒီအာစရိယပူဇာမင်္ဂလာပွဲ ကျင်းပပြုလုပ်မယ်လို့ ဆိုတဲ့အချိန်မှာ တပည့်တော်

http://www.dhammadownload.com



ဦးပဥ္စင်းတို့အား ဩဝါဒပေးဖို့ စဉ်းစားတယ်။ ဘာပေးရရင်တော်မှာလဲ။ ဉာဏ်ထဲ ဘာပေါ်သလဲ ဆိုတော့ –

သေယျော အယောဂုဠော ဘုတ္တော၊ တတ္တော အဂ္ဂိသိခူပမော။

ယဥ္စေ ဘုဉ္ဇေယျ ဒုဿီလော၊ ရဋ္ဌပိဏ္ဍံ အသညတော။

ဒီဂါထာ စဉ်းစားလိုက်သည်နဲ့ တပြိုင်နက် ပေါ်လာတယ်။ တစ်ခါ ဂါထာအနေအထားကား ဣတိဝုတ်ဂါထာပဲ ဆိုပြီးတော့ ဒီဣတိဝုတ်စာကိုယ် ကြည့်တဲ့အခါ ဂါထာသူစိက သုတ်ကို ရှာရပါ့မယ်။ ဂါထာသူစိကသုတ်ကိုရှာတော့ လွယ်သပေါ့။ အဲဒီ ဂါထာသူစိကိုကိုင်ပြီး သုတ်ကိုရှာတဲ့အခါ ဇီဝိကသုတ်–ကို သွားတွေ့တယ်။

ပါဠိတော်က ...

ဝုတ္တံ ဟေတံ ဘဂဝတာ ဝုတ္တမရဟတာတိ မေ သုတံ

အန္တမိဒံ ဘိက္ခဝေ ဇီဝိကာနံ ယဒိဒံ ပိဏ္ဍောလျံ ...

ဒီသုတ်ကို သွားတွေ့ပါတယ်။ ဒီသုတ်က ဘာကို အကြောင်းပြုပြီး ဟောတာလဲ။ ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်းမှာ မြတ်စွာဘုရား သီတင်းသုံးရင်း ကျောင်းက ရဟန်းတော်တွေ အာဂန္တုကိုယ်တော်တွေအတွက် နေရာထိုင်ခင်း ခင်းကျင်းကြတဲ့အခါမှာ ဆူဆူ, ဆူဆူနဲ့ စကားပြောတာ။ ကိုရင်လေးများကလဲ ထိုပစ္စည်း ဤပစ္စည်း ယူပြီးတော့ ဟိုရွှေ့, ဒီထား ဒီလိုလုပ်တဲ့အခါ ကျယ်လောင် ကျယ်လောင် ကျယ်ကန်ကျယ်ကန် စကားပြောကြတဲ့ အသံကို ကြားလို့ ဘုရားက ဒီကိုယ်တော်တွေကို နှင်ထုတ်တယ်ဆိုပြီးတော့ မြတ်စွာဘုရား ပညတ်ချက်ထုတ်တယ်။

အဲဒီအခါမှာ မဟာဗြဟ္မာကြီးက လာပြီးတော့ မြတ်စွာဘုရားကို ကျေနပ်ပါဘုရား။ လူငယ်တွေမို့လို့ ဒီလို ကျယ်လောင်ကျယ်လောင် စကားပြောတာပါလို့ ဗြဟ္မာကြီးလျှောက်ထား။ မြတ်စွာဘုရားက ခွင့်ပြုလိုက်တော့ ဗြဟ္မာကြီးလဲပြန်သွား။ အဲဒီ ရဟန်းတွေကို ခေါ်ပြီးတော့ ဩဝါဒပေးမလို့၊ ရှင်အာနန္ဒာကို အဲဒီရဟန်းတွေ အဲဒီသာမဏေတွေ ခေါ်ကြစမ်း။ ရောက်တော့ မြတ်စွာဘုရားသည် ဇီဝိကသုတ်ကို ဟောတယ်။ ဣတိဝုတ်ပါဠိတော် ဦးပဥ္စင်းတို့လဲ အဲဒီသုတ်ဟာ တော်တော် ဒီကြည့်ချင်စရာလဲ ကောင်းတယ်။ အတွင်းအနက်အဓိပ္ပာယ်လဲ တော်တော်လေးနက်တယ်ဗျား။

အန္တမိဒံ ဘိက္ခဝေ ဇီဝိကာနံ ယဒိဒံ ပိဏ္ဍောလျံ။

ချစ်သားတို့ ... ယခုလို ဆွမ်းခံပြီးတော့ စားသောက်ရတယ်။ လောကမှာ ဒါအသက်ရှည်ရခြင်း အနက်က အညံ့ဆုံးဆိုတဲ့ – အညံ့ဆုံးဆိုတဲ့ အသက်ရှည်ရခြင်းမျိုးပဲ ဖြစ်တယ်။

အန္တမိဒံ ဘိက္ခဝေ ဇီဝိကာနံ ယဒိဒံ ပိဏ္ဍောလျံ။

အဘိသာပေါ ယံ ဘိက္ခဝေ လောကသ္မိံ

"ပိဏ္ဍောလော ဝိစရသိ ပတ္တပါဏီ" တိ –

http://www.dhammadownload.com



ရဟန်းတို့ ... "ပိဏ္ဍောလော ဝိစရသိ ပတ္တပါဏီတိ" ဆိုတာ လူတစ်ယောက်က တစ်ယောက်ကို ရန်သူသဘောထားပြီး ကျိန်ဆဲတဲ့စကား ပြောတဲ့နေရာမှာ "ပိဏ္ဍောလော ဝိစရသိ ပတ္တပါဏီ" မင်းကွာ ခွက်လက်ဆွဲပြီးတော့ အိမ်ပေါက်စေ့မှာ ရပ်ပြီးတော့ ထမင်းရှာပြီးတော့ စားရတယ်လို့ ပြောတာဟာ တစ်ယောက်က တစ်ယောက်ကို ဆဲရေးတိုင်းထွာတဲ့ စကားတဲ့။

အဘိသာပေါ ယံ ဘိက္ခဝေ လောကသ္မိံ ပိဏ္ဍောလော ဝိစရသိ ပတ္တပါဏီတိ။

တဥ္စ ခေါ ဧတံ ဘိက္ခဝေ ကုလပုတ္တာ ဥပေန္တိ အတ္ထဝသိကာ အတ္ထဝသံ ပဋိစ္စ။

ချစ်သားတို့ ... အဲဒီ လောကမှာ ကျိန်ဆဲတဲ့ စကားမျိုးဖြစ်တဲ့ သပိတ်၊ ခွက် ဆွဲပြီးတော့ ဆွမ်းအလှူခံ စားသောက်ရတယ်ဆိုတဲ့ ဒီအလုပ်ကို ချစ်သားတို့ဟာ အမျိုးကောင်းသားတွေ၊ ကုလပုတ္တ+ဇာတိကုလပုတ္တ+အာစရကုလပုတ္တ ဖြစ်ကြတဲ့ ချစ်သားတို့ဟာ။ အတ္ထဝသိကာ= အကြောင်းနဲ့ ဆက်နွယ်ပြီးတော့။ အတ္ထဝသံ ပဋိစ္စ=အကြောင်းကို ဆက်နွယ်ပြီးသကာလ ဆွမ်းခံအကျင့်ကို ကျင့်ကြရတာ။ ဒီ ချစ်သားတို့ဟာ အမှန်အားဖြင့် အမျိုးကောင်းသားတွေ။ အဲဒီ အမျိုးကောင်းသားတွေ ဖြစ်ပါလျက်ကယ်နဲ့ အကြောင်းနဲ့ ဆက်နွယ်ပြီးတော့ ဒီအကြောင်းကို ဆက်နွယ်ပြီး သကာလ ဆွမ်းခံကျင့်ကြတာ။

နေဝ ရာဇာဘိနီတာ=ချစ်သားတို့ဟာ မင်းဒဏ်ရောက်လို့ မင်းဒဏ်ရောက်တဲ့ လူအများအနေနဲ့လဲပဲ ဆွမ်းခံတာ မဟုတ်ဘူး။ ရာဇာဘိနီတာဆိုတာ မင်းဒဏ်သင့်လို့ ထောင်မှာ အကျဉ်းချထားတဲ့ ထောင်သားဟာ ထောင်ကတိတ်တဆိတ် ထွက်ပြီးတော့ ရဟန်းဝတ် ဆွမ်းခံတာမျိုးကို၊ ဆွမ်းခံစားတာမျိုးကို ရာဇာဘိနီတ ပုဂ္ဂိုလ်လို့ ပြောတာ။ ချစ်သားတို့ဟာ အဲဒီလို မင်းဒဏ်သင့်လို့ ယခုလို ဆွမ်းခံစားတာလဲ မဟုတ်ဘူးတဲ့။

န စောရာဘိနီတာ=လူဆိုးသူဆိုး သူခိုးဓားပြများက သတ်ဖို့ရန် အစီအမံခံရလို့ တောင်းပန်ပြီးတော့ ကျုပ်ကို အသက်ချမ်းသာပေးပါ။ ကျုပ်ရဟန်းပြုပါရစေ။ ရဟန်းပြုပြီးတော့ ကုသိုလ်ကောင်းမှုကို ခင်ဗျားတို့အား အမျှပေးဝေပါ့မယ်လို့။ အဲဒီလို တောင်းတောင်းပန်ပန် လူဆိုးသူဆိုး သူခိုးဓားပြများကို တောင်းပန်စကား ပြောကြားပြီးမှ ရဟန်းပြုပြီးတော့ ဆွမ်းခံတဲ့ပုဂ္ဂိုလ်တွေလဲ မဟုတ်ဘူးတဲ့။

န ဣဏဋ္ဋာ=ကြွေးမြီနှိပ်စက်လို့လဲပဲ ဆွမ်းခံကျင့်ရတာ မဟုတ်ဘူး။

န ဘယဋ္ဋာ=တစ်စုံတစ်ရာ ဘေးရောက်လို့လဲပဲ ယခုလို ဆွမ်းခံကျင့်ရတာ မဟုတ်ဘူး။

န အာဇီဝိကာပကတာ=အသက်မွေးဝမ်းကျောင်း ကြပ်တည်းလို့လဲ ချစ်သားတို့ဟာ ယခုလို ဆွမ်းခံကြတာ မဟုတ်ဘူး။

အပိစ–ခေါ=အမှန်တကယ်ဆိုတော့။ ဩတိဏ္ဏာမှာ ဇာတိယာ ဇရာယ မရဏေန သောကေဟိ ပရိဒေဝေဟိ ဒုက္ခေဟိ ဒေါမနဿေဟိ ဥပါယာသေဟိ=အမှန်တကယ်တော့ ငါတို့ဟာ ဇာတိဘေး ဒုက္ခ, ဇရာဘေးဒုက္ခ, မရဏဘေးဒုက္ခထဲ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ,

http://www.dhammadownload.com



ဘေးဒုက္ခတွင်းထဲမှာ ငါတို့ ကျရောက်နေကြတာ။ ဒုက္ခောတိဏ္ဏာ ဒုက္ခပရေတာ=ဒုက္ခတည်းဟူသော တွင်းထဲသို့ ကျရောက်နေတယ်။ အမြဲတန်း ဒုက္ခနှိပ်စက်ခံနေရတာ။

အပ္ပေဝ နာမ ဣမဿ ကေဝလဿ

ဒုက္ခက္ခန္ဓဿ အန္တကိရိယာ ပညာယေထာတိ။

ယခုလို သာသနာ့ဝန်ထမ်း ရဟန်းပြုပြီးတော့ သပိတ်ပိုက် ဆွမ်းခံစားလို့ရှိရင် အခုပြောတဲ့ ဆင်းရဲဒုက္ခအမျိုးမျိုးမှ လွတ်မြောက်မှာ ဧကန်အမှန်ပဲလို့ သံသရာဝဋ်က ကျွတ်လွတ်ချင်တဲ့ နိဿရဏတ္ထ ရဟန်းပြုချင်တဲ့စိတ်နဲ့ ချစ်သားတို့ ရဟန်းပြုတာ ဖြစ်တယ်။

ဧဝံ ပဗ္ဗဇိတော စာယံ ဘိက္ခဝေ ကုလပုတ္တော=ဇာတိအာဇာရ အမျိုးကောင်းသားဖြစ်တဲ့ သင် ချစ်သားတို့သည်။ ယခုပြောတဲ့အတိုင်း ရည်ရွယ်ချက်ကြီးစွာဖြင့် ရဟန်းပြုခဲ့ခြင်းဖြစ်တယ်။

သော စ ဟောတိ အဘိဇ္ဈာလု ကာမေသု တိဗ္ဗသာရာဂေါ ဗျာပန္နစိတ္တော ပဒုဋ္ဌမန

သင်္ကပ္ပေါ မုဋ္ဌဿတိ အသမ္ပဇာနော အသမာဟိတော ဝိဗ္ဘန္တစိတ္တော ပါကတိန္ဒြိယော။

ချစ်သားတို့ဟာ ဤကဲ့သို့ ရည်ရွယ်ချက်ကြီးစွာနဲ့ သာသနာ့ဝန်ထမ်း ရဟန်းပြုပြီးကြတော့ အဘိဇ္ဈာလု=လောဘအားကြီးမယ်ဆိုရင်။ ကာမေသုတိဗ္ဗသာရာဂေါ=ဝတ္ထုအာရုံကာမဂုဏ်တို့၌ ထက်မြက်တဲ့ ပြင်းပြင်းထန်ထန် တပ်မက်နေမယ်ဆိုရင်။ ဗျာပန္နစိတ္တော=ဒေါသဖြင့်ဖျက်ဆီးအပ် သော စိတ်ရှိတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်မယ်ဆိုရင်။ ပဒုဋ္ဌမနသင်္ကပ္ပေါ=ဖျက်စီးနေတဲ့စိတ်အကြံ ရှိနေမယ် ဆိုရင်။ မုဋ္ဌဿတိ=သတိတရား ကင်းလွတ်နေမယ်ဆိုရင်။ အသမ္ပဇာနော=သမ္ပဇဉ် လက်ကိုင် မရှိဘူးဆိုရင်။ ဝိဗ္ဘန္တစိတ္တော=စိတ်လေလွင့်နေမယ်ဆိုရင်။ ပါကတိန္ဒြိယော=ဣန္ဒြေတို့ကို မစောင့် စည်းဘူးဆိုရင်။

သေယျထာ ပိ ဘိက္ခဝေ ဆဝါလာတံ ဥဘတောပဒိတ္တံ မဇ္ဈေ

ဂူထဂတံ နေဝဂါမေ ကဋ္ဌတ္ထံ ဖရတိ န အရညေ။

ချစ်သားတို့။ ချစ်သားတို့ ဤမျှလောက် ကြီးစွာသော ရည်ရွယ်ချက်နဲ့ ရဟန်းပြုပြီးတော့ ဒီရဟန်းပြုပြီးတော့ လောဘ ဒေါသ သတိလွတ်ကင်းပြီးတော့ နေကြမယ်ဆိုရင်။ ဆဝါလာတ ဆိုတာ သူသေကို မီးမြှိုက်တဲ့ ထင်းတုံး။ ဆဝါလာတ ဥဘတောပဒိတ္တံ=နှစ်ဘက်က မီးကျွမ်းပြီး တော့ အလယ်ကောင်က အညစ်အကြေး လူးလဲနေတဲ့ ဒီသူသေကောင်ကို မီးရှို့တဲ့ ထင်းတုံးဟာ မြို့ထဲ ရွာထဲမှာလဲပဲ သစ်သားရဲ့ကိစ္စကို ဘာမှမပြီးစေနိုင်ဘူး။ မြို့ထဲ ရွာထဲ သစ်သားရဲ့ကိစ္စဆိုတာ မြို့ထဲရွာထဲမှာ အိမ်ဆောက်တဲ့အခါ ဒီအိမ်ခင်းတာတို့ ထောင်တာတို့၊ ပြီးတော့ တောထဲမှာ တဲဆောက်တဲ့အခါ ခင်းတာတို့၊ ထောင်တာတို့၊ အဲဒီလို တောရော မြို့ပါ ဒီသစ်ရဲ့ကိစ္စကို ခုနက ပြောတဲ့ သူကောင်ဖုတ်တဲ့ နှစ်ဘက်မီးကျွမ်းထားတဲ့ ထင်းတုံးဟာ အကျိုးမပြီးသလို –

http://www.dhammadownload.com



တထူပမာဟံ ဘိက္ခဝေ ဣမံ ပုဂ္ဂလံ ဝဒါမိ။

ထိုဥပမာအတူပဲ ငါဘုရားသည် ဤယခုပြောခဲ့တဲ့အတိုင်း ရည်ရွယ်ချက် ကြီးစွာဖြင့် ရဟန်းပြု ပြီး ရဟန်းတရား မေ့မေ့လျော့လျော့ နေလို့ရှိရင်တော့ အဲဒီ သူကောင်ဖုတ်တဲ့ ထင်းတုံးနဲ့ ဥပမာ တူတယ်လို့ ငါဘုရားဟောမယ်။ ဘာလို့တုန်းဆိုတော့ –

ဂိဟိဘောဂါစ ပရိဟီနော၊ သာမညတ္ထဉ္စ န ပရိပူရေတိ။

အဲဒီပုဂ္ဂလ်ဟာ လူအသုံးအဆောင်မှုလဲ ဆုံးရှုံးတယ်။ ဘာပြုလို့တုန်းဆိုတော့ ရဟန်းဆိုတော့ လောကသဘော ပြောလို့ရှိရင် လောကအမွေ မခံရဘူး။ ဒါကြောင့် ဂိဟိဘောဂမှာလဲ ဆုံးရှုံးနေ တယ်။ ပြီးတော့ သတိလွတ်ကင်း လောဘ ဒေါသနဲ့ လွှမ်းမိုးပြီးနေတဲ့အတွက် သာမညတ္ထ=ရဟန်း ပြုရခြင်းရဲ့ ရည်ရွယ်ချက်အကျိုး ပရိယတ္တိ ပူရဏအကျိုး+ပဋိပတ္တိပူရဏ အကျိုးလဲပဲ ဖြည့်ဆည်းရာ မရောက်ဘူးတဲ့။ အဲဒါကြောင့် နှစ်ဘက်မှ ဒီမီးလောင်ထားတဲ့ အလယ်ခေါင်ကလဲ အညစ်အကြေး တွေ လိမ်းထေးနေတဲ့ ဆဝါလာတခေါ်တဲ့ သူကောင်ဖုတ်တဲ့ထင်းနဲ့ ဥပမာတူတယ်လို့ ငါဘုရား ဟောတယ်ဆိုပြီးတော့ မြတ်စွာဘုရား ဟောလိုက်တဲ့ဉစ္စာ ဂါထာ သုံးဂါထာ။

ဂိဟိဘောဂါ ပရိဟီနော၊ သာမညတ္ထဉ္စ ဒုဗ္ဘဂေါ။<br>
ပရိဝံသမာနော ပကိရေတိ၊ ဆဝါလာတံဝ နဿတိ။ ။

ကာသာဝကဏ္ဍာ ဗဟဝေါ၊ ပါပဓမ္မာ အသညတာ။<br>
ပါပါ ပါပေဟိ ကမ္မေဟိ၊ နိရယံ တေ ဥပပဇ္ဇရေ။ ။

သေယျော အယောဂုဠော ဘုတ္တော၊ တတ္တော အဂ္ဂိသိခူပမော။<br>
ယဥ္စေ ဘုဥ္ဇေယျ ဒုဿီလော၊ ရဋ္ဌပိဏ္ဍံ အသညတော။ ။

မြတ်စွာဘုရား သုံးဂါထာဟောတယ်။ အဲဒီသုံးဂါထာနဲ့ ဇီဝိကသုတ်လို့ ဣတိဝုတ် ပါဠိတော် မှာ–"အယမ္ပိ အတ္ထော ဝုတ္တော ဘဂဝတာ"လို့ ဣတိဝုတ် ပါဠိတော် တိကနိပါတ်မှာ။ ဦးပဥ္စင်းတို့ မိမိတို့နေရာ ရောက်တဲ့အခါကျတော့ အသေအချာကြည့်။ ဖြန်းကနဲ ကြည့်လိုက်တော့ ဦးပဥ္စင်းတို့ကို တပည့်တော် အပြစ်တင်နေတာ ထင်လိမ့်မယ်၊ မဟုတ်ဘူး။ အဲဒီသုတ်ကို ဖွင့်ကြည့်လိုက်တဲ့အခါ အဋ္ဌကထာအဖွင့်ကို ကြည့်ရင် အို ...ငါတို့ကို ပေါ့ပေါ့ဆဆ ငါတို့လို ကုလပုတ္တ ဇာတိကုလပုတ္တ အာစာရကုလပုတ္တကိုများ ပေါ့ပေါ့စားစား မနေအောင်လို့ ဟောထားတာပဲ။ ဒါကြောင့် ဒီသုတ္တန်ကို ဆရာတော် ငါတို့ကို ညွှန်ပြပြီးတော့ နာယကရဲ့ကိုယ်စား ဩဝါဒပေးတာပဲလို့ အဲဒီလို ဦးပဥ္စင်းတို့ အောက်မေ့ပြီးတော့ ဝမ်းမြောက်ကြရမယ်။

အတိုချုပ်ပြောရင် ဒီဆရာကြီးဦးသာလှက မိခင်စိတ်နဲ့ သားတွေ ၁၂ နှစ်အတွင်းမှာ နှစ်ပုံ့ခွဲ အောင် တစ်ပါး၊ တစ်ပုံတစ်ပုံခွဲအောင် ၂၂ ပါး၊ ထုတ်ပြီးတော့ ပြောတဲ့အပြင်၊ ယခုနှစ် တိပိဋကရေ

http://www.dhammadownload.com



ရွေးချယ်ပွဲမှာ တစ်နိုင်ငံလုံး ဘွဲ့ရရှစ်ပါးအောင်တဲ့ အနက်က ခုနစ်ပါးအောင်တာကို ဂုဏ်ယူပြီးတော့ မိခင်ကြီးလို ဝမ်းမြောက်ဝမ်းသာတာ။ ဒါမိခင်စိတ်နဲ့ပြောတာ။ တပည့်တော်ကတော့ ဘာပဲပြောပြော "ဦးပဥ္စင်းတို့ နည်းသေးတယ်၊ အအောင်နည်းသေးတယ်၊ ကြိုးစားကြပါ"လို့ ဖခင်ပြော ပြောရမှာ ဖြစ်ပါတယ်ဘုရား။

ဒီလိုပြောတာဟာ ဟောဒီ ဓိဝိကသုတ်ကိုကြည့်ပြီးတော့ ဓိဝိကသုတ်ဟာ ငါတို့နဲ့ အင်မတန် လိုက်လျောတဲ့သုတ်ပဲ ဖြုန်းခနဲ အပေါ်ယံကိုကြည့်ရင် ဒုဿီလပုဂ္ဂိုလ်တွေအတွက် ဟောထားတယ် လို့ ဒီလို ထင်စရာကြီး၊ မဟုတ်ဘူး။ ငါတို့လို အမျိုးကောင်းသားတွေအတွက် ကုလပုတ္တတွေ အတွက် ဟောကြားထားတာပဲလို့ သိသာအောင် ဦးပဥ္စင်းတို့ အခုနားလဲထောင်ပြီးပြီ။ မိမိတို့ နေရာကျတော့ ဝမ်းမြောက်ဝမ်းသာ ကျင့်သုံးကြပါလို့ တပည့်တော် ဩဝါဒကထာ ဒေသနာနိဂုံး ဒီမှာပဲ အဆုံးသတ်ပါမယ်။ ဦးပဥ္စင်းတို့ဘက်က မိမိတိုရဲ့ ကောင်းမှုကို ဆုတောင်းတဲ့ ပတ္ထနာနဲ့ နိဂုံးအုပ်ရအောင် ကိုင်း ဆိုကြ။ (လိုက်ဆိုကြသည်။)

> က္လဒံ နော ပုညံ မဂ္ဂဖလဉာဏဿ ပစ္စယော ဟောတု။
> က္လဒံ နော ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု။

အရှင်တို့ဘုရား ... တပည့်တော်များ ယနေ့ယခုပြုရသော အာစရိယပူဇာ ကုသိုလ်ကောင်းမှု အစုစုတို့သည် လေးခုသော မဂ်ဉာဏ် လေးခုသော ဖိုလ်ဉာဏ် နိဗ္ဗာန်ကို လျင်မြန်ထုတ်ချောက် ရောက်ရာရောက်ကြောင်း အားကောင်းသော ဥပနိဿယနည်း ပစ္စည်းစင်စစ် ဖြစ်ပါစေသား။

> ပုညဿိမဿ ဘာဂဥ္စ ဒဒါမ သဗ္ဗပါဏိနံ။
> သမံ လဗ္ဘန္တုတေ သဗ္ဗေ၊ မဟီယံ ဒါတု သက္ကိတေ။

တပည့်တော်တို့ ယခု ယနေ့ပြုရသော ကုသိုလ်ကောင်းမှု အဖို့အစုကို အမိအဖ ဆရာသခင် ကျေးဇူးရှင်အား အမှူးထား၍ သုံးဆယ့်တစ်ဘုံ ကျင်လည်ကုန်ငြား ခပ်သိမ်းသော သတ္တဝါတို့အားလဲ ဖြစ်ပါစေသတည်း။ ခပ်သိမ်းသော သတ္တဝါတို့သည် အကျွန်ုပ်တို့နဲ့ အညီအမျှ ရကြပါစေသတည်း။ ဤမဟာပထဝီမြေကြီးသည် ရေနဲ့တကွ အကျွန်ုပ်တို့ အလိုရှိသောအခါ သက်သေအရာ ထင်ရှား သော အခြင်းအရာဖြင့် တည်လာသည် ခံလာသည် ဖြစ်ပါစေသတည်း။ အမျှ+အမျှ+အမျှ ယူတော် မူကြကုန်လော့။

သာဓု ... သာဓု ... သာဓု။

http://www.dhammadownload.com



၁၃၅၂ ခု၊ ဝါဆိုလပြည့်ကျော် ၅ ရက်

တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲ၌ အောင်မြင်တော်မူကြသော

နိကာယ်ဆောင် သံဃာတော်အရှင်မြတ်တို့၏ ဓမ္မပူဇာအလှူ၌

မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီး

## ချီးမြှင့်တော်မူအပ်သော ဩဝါဒကထာ

ဤသို့ ကန်တော့ကြရသော ကုသိုလ်၊ ပဏာမကောင်းမှုကံစေတနာတို့ကြောင့် အန္တရာယ် ဘေးဒဏ် ရန်မာန်ခပ်သိမ်း ဘဝတိုင်း ကင်းလွတ်ငြိမ်းကြ၍ သီလသိက္ခာ၊ သီလသာသနာ၊ သမာဓိ သိက္ခာ၊ သမာဓိသာသနာ၊ ပညာသိက္ခာ၊ ပညာသာသနာတည်းဟူသော သုံးပါးသိက္ခာသာသနာ သုံးရပ် ပဋိပတ်ကို အရဟတ္တဖိုလ်ပေါက် ကျင့်ဆောင်ကြိုးကုတ် အားထုတ်တော်မူနိုင်ကြသည် ဖြစ်ပါစေကုန်သတည်း။

(အာမဘန္တေပါ အရှင်ဘုရား)

ကောဇာသက္ကရာဇ် ၁၃၅၂ ခု၊ ဝါဆိုလပြည့်ကျော် ၅ ရက်နေ့၊ လွန်ခဲ့သော ၁၃၅၁ ခုနှစ် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲ၌ အောင်မြင်တော်မူခဲ့ကြသော သံဃာတော်များ ၃၄ ပါးမှ နိကာယ် တစ်နေ့တာ ဆွမ်းအလှူ –

မင်းကွန်း ဗုဒ္ဓဘာသာလူအိုရုံ ဘိုးဘွားများအား တစ်နေ့တာ အာဟာရအလှူ–

တိပိဋကဓရ ဆရာတော်အတွက် ဆဲဗင်းအပ် ၂၅ ဘူး၊ လစ်ပိုဗီတန်အားဆေး သုံးကပ်၊ ယိုးဒယားခေါက်ဆွဲ နှစ်သေတ္တာ၊ ကာဘွန်စက္ကူနှစ်ထုပ်၊ ဓမ္မပူဇာအလှူ –

ဒီအလှူကိစ္စမှာ ဦးဇင်းတို့အား သမင်္ဂီလေးပါးကို ပထမပြောလိုပါတယ်။ သမင်္ဂီလေးပါးမှာ–

၁။ စေတနာသမင်္ဂီ=ကောင်းမှုပဲဖြစ်ဖြစ် မကောင်းမှုပဲဖြစ်ဖြစ် ထိုကောင်းမှု မကောင်းမှုကို ပြုလုပ်တဲ့ အခါ ဖြစ်တဲ့ကုသိုလ်ဇော အကုသိုလ်ဇော၊ မကောင်းမှုကိုပြုပြု၊ ကောင်းမှုကိုပဲပြုပြု လျှပ်တပြက်တွင် စိတ္တက္ခဏ အပေါင်းအရေ ကုဋေတစ်သိန်းဟု– လျှပ်စီးကလေးတစ်ချက် တစ်ပြက်လောက်ပြက်တဲ့ အချိန်၊ မျက်တောင်တစ်ခတ်၊ လက်ဖြောက်တစ်တွက်ဆိုတဲ့အချိန်ကလေးမှာ စိတ္တက္ခဏပေါင်းဟာ ကုဋေတစ်သိန်းဖြစ်တယ်။

"ဧကစ္ဆရက္ခဏေ ကောဋိသတသဟဿာ၊ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ"

(သံ၊ ဋ္ဌ၊ ၃–ခန္ဓသံယုတ်၊ ၂၉၅။ အဘိ၊ ဋ္ဌ၊ ခန္ဓဝိဘင်–၃၁)

ဆိုတဲ့ အဋ္ဌကထာအရ လက်ဖြောက်တစ်တွက်အတွင်းမှာ ကောင်းသောစိတ် မကောင်းသောစိတ်၊

http://www.dhammadownload.com



မကောင်းမှုပြုရင် မကောင်းတဲ့အကုသိုလ်စိတ်၊ ကောင်းမှုပြုရင် ကောင်းတဲ့ ကုသိုလ်စိတ် ကုဋေ တစ်သိန်း ဖြစ်တယ်။ အဲဒီကုဋေတစ်သိန်းမှာ ရှာပည့်တော်တို့ ပုထုဇဉ် သာမာန်ပုဂ္ဂိုလ်တွေကျတော့ တစ်ဝီထိနဲ့တစ်ဝီထိကြား ကုဋေ-ဒီဘဝင်စိတ်က တော်တော်များများ ခြားတယ်။ မြတ်စွာဘုရားမှာ တော့ တစ်ဝီထိနဲ့ တစ်ဝီထိကြား ဘဝင်ကနှစ်ခုထဲ။ "ဒွေဘဝင်္ဂါနိဗုဒ္ဓဿ"။ ရှင်သာရိပုတ္တရာကျတော့ တစ်ဝီထိနဲ့ တစ်ဝီထိကြား ဘဝင်က ၁၆ ကြိမ်="သာရိပုတ္တဿ သောဠဿ"။

တပည့်တော်တို့ ကိုယ်တော်တို့လို သာမန်ပုဂ္ဂိုလ်တွေကျတော့ ဘဝင်တွေက အကြိမ်များများ ခြားတော့ ထားပါ။ ဝီထိစိတ်ကတစ်ဝက် ဘဝင်စိတ်ကတစ်ဝက်၊ တစ်ဝီထိနဲ့ တစ်ဝီထိကြား ဒါ ဒီထက်တော့ မခြားပါဘူး။ အဲဒီလိုခြားတော့ ကုဋေတစ်သိန်းဖြစ်တယ်ဆိုတော့ တစ်ဝက်က ဘဝင် စိတ်အနေနဲ့၊ အကျိုးမပေးတဲ့ ဘဝင်စိတ်အနေနဲ့ ဖယ်လိုက်ရင် ကောင်းသောအမှုပဲပြုပြု၊ မကောင်း သောအမှုပဲပြုပြု ပြုတဲ့အချိန်လေးမှာ ကုသိုလ်စိတ်ပေါင်း အကုသိုလ်စိတ်ပေါင်း ကုဋေငါးသောင်း၊ ကုဋေပေါင်း ငါးသောင်းနော်။ ခုရေငါးသောင်း မဟုတ်ဘူးနော်။ ကုဋေပေါင်း ငါးသောင်း၊ ငါးသောင်း၊ ငါးသောင်းပျက်တယ်။

အဲဒီပျက်တဲ့ ကုသိုလ်စေတနာ အကုသိုလ်စေတနာ ကုဋေငါးသောင်း ဥပါဒ်ဌီဘင်ဆိုတဲ့ ခဏငယ်သုံးချက်နဲ့ ပြည့်စုံနေတဲ့ ခဏပစ္စုပ္ပန်အခိုက်ကို သူ့ကို စေတနာသမင်္ဂီလို့ ခေါ်တယ်။

ထိုစေတနာလေးက ဥပါဒ်ဌီဘင် ခဏငယ်သုံးချက်၊ သူ့အသက်ပြည့်လို့ ချုပ်သွားတဲ့အခါမှာ ဘဝင်စိတ်များ ကြိယာစိတ်များ ချုပ်သလို မဟုတ်ဘူး။ ဘဝင်စိတ် ကြိယာစိတ် ချုပ်တာကတော့ သူကဘာမှ ဒီခန္ဓာအစဉ်မှာ သူ့ရဲ့သတ္တိ မကျန်ရစ်ဘူး။ ဒီအကုသိုလ်စိတ်တို့၊ ကုသိုလ်စိတ်တို့ ဖြစ်ပြီးတော့ ချုပ်သွားပြီးတော့ ပြီးရော့လား။ မပြီးဘူး။ ဒီအကုသိုလ်ဇော၊ ကုသိုလ်ဇောက သူတို့ ချုပ်သွားရင် ဒီခန္ဓာအစဉ်မှာ အကုသိုလ်ဇောဆိုရင် ပါပမိတ္တ သံသဂ္ဂနှင့် အယောနိသော မနသိကာရ ကုသိုလ်ဇောချုပ်ကဆိုရင် ကလျာဏမိတ္တသံသဂ္ဂနဲ့ ဒီယောနိသောမနသိကာရ။

ယောနိသော ပယောဂ အဲဒီလို သူ့ဟာနဲ့သူ အကြောင်းနှစ်ခုစုံလာရင် အကျိုးဝိပါက်တစ်ခု ဖြစ်လိုက်မယ်ဆိုတဲ့ ဒီဘဝမျိုးစေ့ ဗီဇဓာတ် ကမ္မသတ္တိ အမှုအရာကလေး ဒီခန္ဓာအစဉ်မှာ ကျန်ရစ် တယ်ဘုရား။ ဥပမာပုံ-ချိုသောသစ်သီး၊ ခါးသောသစ်သီး၊ ချိုသောသစ်သီးကို စားသုံးလိုက်တယ်။ စားပြီးတော့ ဒီသစ်သီးထဲမှာ၊ သူ့အစေ့ထဲမှာ၊ အစေ့ထဲမှာ ရေဥတုနဲ့ အဆင်ပြေ၊ မြေဥတုနဲ့ အဆင် ပြေတဲ့အချိန်မှာ အပင်တစ်ပင်ပေါက်လိုက်မယ်ဆိုတဲ့ သတ္တိကျန်ရစ်တယ်။ အဲဒီ သတ္တိ ကျန်ရစ်သလို ဒီခန္ဓာအစဉ်တည်းဟူသော ဘဝမျိုးစေ့မှာ သတ္တိတစ်ခု ကျန်ရစ်တယ်။

ဘာလဲ အကုသိုလ်စေတနာက ချုပ်သွားတဲ့အခါကျတော့ ပါပမိတ္တသံသဂ္ဂ=မိတ်ဆွေမကောင်း တာနဲ့ ပေါင်းမိခြင်း။ အဲဒီလို ပေါင်းမိတဲ့အတွက် အယောနိသောပယောဂ=လွဲလွဲမှားမှား အား ထုတ်ခြင်းဆိုတဲ့ ဒီအကြောင်းနှစ်ချက်နဲ့ ညီညွတ်ရင် -

http://www.dhammadownload.com



ကုသိုလ်ဇောနဲ့ကျတော့ ကလျာဏမိတ္တသံသဂ္ဂ=ဆရာသမားကောင်း မိတ်ကောင်း ဆွေကောင်း ပေါင်းသင်းမိခြင်း၊ ပြီးတော့ ပေါင်းသင်းမိတဲ့အတွက် ယောနိသောပယောဂ=နည်းမှန်လမ်းမှန် အားထုတ်ခြင်းဆိုတဲ့ ဒီအကြောင်းနှစ်ပါး ညီညွတ်ခဲ့ရင် ကောင်းတဲ့ဘဝ အပင်ပေါက်မယ်ဆိုတဲ့ ဘဝမျိုးစေ့ ဗီဇဓာတ် ကမ္မသတ္တိကလေး ကျန်ရစ်တယ်ဘုရား။

အဲဒီ ဒီခန္ဓာအစဉ်တည်းဟူသော ဒီသရက်စေ့ထဲမှာ အဲဒီလို ကျန်ရစ်တဲ့ ဘဝမျိုးစေ့ ဗီဇဓာတ် ကမ္မသတ္တိကို ကမ္မသမင်္ဂီလို့ ခေါ်တယ်။

တစ်ခါက သစ်စေ့ကလေးတစ်ခုခု အပင်ပေါက်ချင်ရင် မြေကြီးထဲမြှုပ်၊ ရေလောင်းပေးမြေမြှုပ် မြေထဲမှာထား၊ ရေလောင်းပေးလို့ မြေဥတု ရေဥတုနဲ့ တွေ့ရပါများတော့ ဒီသရက် ဒီသရက်စေ့ထဲက ဒီမျိုးစေ့ကလေး ဗီဇဓာတ် သတ္တိကလေးက အပင်တစ်ပင် ပေါက်တော့မယ်ဆိုတော့ ထူးထူးခြားခြား လှုပ်လှုပ်ရွရွ ကြွကြွရွရွ ဖြစ်လာတယ်။ သူကြွကြွရွရွ ဖြစ်လာတာကို အပေါ်ကကြည့်ရင် မြင်ရတယ်။ ဘယ်လိုတုန်း–မြေကြီးလေးဟာ ကြွလာတယ်။ သို့မဟုတ် အဲဒီမြေကြီးလေးဟာ ကွဲသွားတယ်၊ ကွဲလာတယ်။ မြေကြီးလေး ကြွရွကွဲလာတာ မြင်သဖြင့် ဒီအပင်စိုက်တဲ့ ပုဂ္ဂိုလ်ဟာ ငါစိုက်တဲ့ မျိုးစေ့ဟာ အပင်တစ်ပင် ပေါက်တော့မယ်လို့ အပင်ပေါက်ခါနီးပြီလို့ သိသလို ဒီခုနတုန်းက ပြောတဲ့ ကုသိုလ် အကုသိုလ်ကံရဲ့ သတ္တိကြောင့် ကံသော်လဲ မနောဒွါရမှာ ထင်လာတတ်တယ်။

အကျိုးပေးခါနီးတော့ မိမိက ပါပမိတ္တသံသဂ္ဂ အယောနိသောပယောဂအကြောင်း+ကလျာဏ မိတ္တသံသဂ္ဂ ယောနိသောပယောဂအကြောင်း ဒီအကြောင်းနှစ်ပါး မြေဥတု ရေဥတုနဲ့ တွေ့ပါများလို့ ဒီကမ္မသတ္တိလေးက အကျိုးပေးတော့မယ်ဆိုတော့ မြေကြီးဟာ အုံကြွလာသလို ဒီခန္ဓာအစဉ်မှာ အုံကြွတဲ့သဘောကို ကံသော်လည်းကောင်း၊ မနောဒွါရ၌ ထင်လာတယ်။ သို့မဟုတ် ကံပြုစဉ်က ကံမြောက်ကြောင်း အာရုံကမ္မနိမိတ်သော်လဲ ဒီအတိတ် ဆိုရင်တော့လဲ မနောဒွါရပေါ့လေ။ ပစ္စုပ္ပန် ကံဆိုရင်တော့လဲ ပစ္စုပ္ပန်ကမ္မနိမိတ်ကတော့ ပစ္စုပ္ပန် ဖြစ်နိုင်တယ်။

သို့မဟုတ် ဂတိနိမိတ်၊ သူကတော့ ဂတိနိမိတ် ပစ္စုပ္ပန်ပဲ များတယ်။ အဲဒီလို ဂတိနိမိတ်သော် လည်းကောင်း၊ ဆိုင်ရာဒွါရ၌ ထင်လာပြီဆိုရင် အဲဒီပုဂ္ဂိုလ်နှုတ်ဖျားက ပြောလာတယ်၊ သူသေကာနီး ပြောကြပါစို့၊ ပြောလာတယ်။ ငရဲသွားရမယ့်လူဆိုရင်လဲ ကယ်ပါအုံး၊ ယူပါအုံး၊ ဟို–ခွေးနက်ကြီး တွေ လာနေလို့။ တကတည်း လူနက်ကြီးတွေ ငရဲထိန်းတွေ၊ ပြီးတော့တစ်ခါ မီးတွေဟုန်းဟုန်း တောက်နေလို့ပါ၊ ဘာညာနဲ့ သူပြောတတ်တယ်။ ဒါက ငရဲနိမိတ်။ ဟို ...နတ်ပြည်ကိုသွားမယ့် လူကျတော့ ခဏဖယ်စမ်းပါ။ ဟိုမှာ နတ်ရထားတွေ လာနေလို့ ဘာလို့နဲ့ ပြောတယ်။ အဲဒီလို ပြောတာကို အရပ်ထဲက လူတွေကတော့ အိုက္ခာ–သေကာနီးလို့ တောက်တီးတောက်တဲ့ ပြောတာပါ၊ ဒီလိုပြောတယ်။ မဟုတ်ဘူး။ တောက်တီးတောက်တဲ့ပြောတာ မဟုတ်ဘူး။ သူ့အနေနဲ့ ဂတိနိမိတ် ထင်နေလို့။ အဲဒီထင်နေတဲ့ ဂတိနိမိတ်ကို သူ့ပါးစပ်ကပြောတယ်။ အဲဒီလို ကံသော်လည်းကောင်း၊

http://www.dhammadownload.com



ကမ္မနိမိတ်သော်လည်းကောင်း၊ ဂတိနိမိတ်သော်လည်းကောင်း ထင်နေတဲ့အခိုက်ကို ဥပဋ္ဌာနသမ္မဂ္ဂီ လို့ ခေါ်တယ်။

ဟောဒါ သမ္မဂ္ဂီသုံးခု ရှိသွားပြီ။ အဲဒီလို ဥပဋ္ဌာနသမ္မဂ္ဂီအရ အားရှိပြီ၊ အားကောင်းပြီ၊ အာရုံထင်ချက်ဟာ နောက်ဘဝ ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ စုတိစိတ်တို့ မြင်နိုင်လောက်အောင် ဒီအာရုံ ထင်မြင်မှု အားကောင်းပြီဆိုတော့ ဒီဘက်ဘဝက ကံ=ဒီ ... ကမ္မဇ၊ စိတ္တဇ၊ ဥတုဇ၊ အာဟာရဇ ရုပ်လေးမျိုးနဲ့ ဒီစိတ်စေတသိက် အဖြစ်ရပ်။ အဲဒီလို အဖြစ်ရပ်ပြီးတော့ ခန္ဓာအစဉ်မှာ ဒီပုတ်တတ် သိုးတတ်တဲ့ ဥပါဒိန္နက ဥတုဇရုပ်တစ်မျိုးထဲ ဖြစ်ပြီးတော့ ကျန်ရစ်တာ။ ဒါကို လောက ဝေါဟာရ သေတယ်လို့ခေါ်တာ။

အဲ ... စုတိရယ်လို့ ဒီလိုဖြစ်ပြီးတဲ့ အခြားမဲ့မှာ သက်ဆိုင်ရာ ဥပမာ-လူ့ဘဝရောက်ရင် ကာယဒသက ကလာပ် ၄၉ စည်း၊ ဘာဝဒသက ကလာပ် ၄၉ စည်း၊ ဝတ္ထုဒသက ကလာပ် ၄၉ စည်း၊ အနည်းဆုံး ၄၉ စည်းရှိမှ ရုပ်ကလာပ်ဟာ သန္တတိစပ်တယ်တဲ့။ တစ်စည်းတည်းဆိုရင် သန္တတိ မစပ်နိုင်ဘူး။ ဒါကြောင့် ရှေးမထေရ်တွေက "ကာယဘာဝဝတ္ထု ဒသကဝသေန တိဏ္ဏံဒသကာနံ"အရ ဒသက ကလာပ်သုံးမျိုးလို့ ပြောတာ။ သုံးစည်းတည်းမဟုတ်ဘူး၊ သုံးမျိုး။ တစ်မျိုးတစ်မျိုးလျှင် လေးဆယ့်နဲ့ကိုးစည်း၊လေးဆယ့်နဲ့ကိုးစည်း။ အဲဒီလို ဒသကကလာပ်သုံးစည်း။

ဒါကို ဒိဗ္ဗစက္ခုအဘိညာဉ်သမားများကြည့်တော့ ဒါကို သူတို့ မြင်ရတယ်ဘုရား။ အဲဒီမြင်ရ ပြီးတော့ အမြင်က မှားသွားတော့ ဒီလောကီက ဒိဗ္ဗစက္ခုအဘိညာဉ်ရတဲ့ ပုဂ္ဂိုလ်တွေ ဒါမြင်တော့ သူတို့က အဏုမြူလေးသုံးခုမြင်တယ်လို့ သူတို့ ဒီလို သတ္တဝါ အဏုမြူလေးသုံးခုက စတယ်ဆို ပြီးတော့ အဲဒီမှာ တစ်-အဏုကဝါဒ၊ တချို့ကျတော့ နပုံးတို့ ပဏ္ဍုတ်တို့။ ပဏ္ဍုတ်တို့ကျတော့ ကာယဒသက ကလာပ်နဲ့ ဝတ္ထုဒသက ကလာပ်နှစ်စည်း၊ နှစ်မျိုးတည်းသာဖြစ်တာ။ အဲဒီဟာကို မြင်ပြီ မြင်ပြီဆိုတော့ ဒွိအဏုကဝါဒလို့။ အဏုမြူနှစ်ခုက သတ္တဝါစတယ်။ အဏုမြူသုံးခုက သတ္တဝါစတယ်ဆိုတာ အဲဒီပဋိသန္ဓေခဏမှာဖြစ်တဲ့ ကာယဘာဝ ဝတ္ထုဒသက ကလာပ်သုံးစည်း။ သို့မဟုတ် ကာယဒသက ကလာပ် ဝတ္ထုဒသက ကလာပ် နှစ်စည်း။ ဒါကိုအစွဲပြုပြီးတော့ တစ်-အဏုကဝါဒ၊ ဒွိအဏုဝါဒလို့ ဟို သူတို့ ဒီသာသနာပြင်ပက ဝါဒတွေမှာ ဒါ ပေါ်လာတယ်။

အဲ ... သူတို့မြင်တာကတော့ တကယ်ရှိတာကို မြင်တာ။ သူတို့က အဲဒါလေးတွေကို အဏုမြူ လေးသုံးခု၊ သတ္တဝါ ဒီကစဖြစ်တယ်။ ဒီလိုပြောတာ။ ဟိုပရမတ္ထသဘောရယ်လို့ မကြည့်တော့ဘူး။

ဒီ ဗုဒ္ဓဘာသာတရားတော် မျက်စိနဲ့ကြည့်တော့ အဲဒီ ကာယဘာဝ ဝတ္ထုဒသက ကလာပ်သုံး စည်း=တစ်နည်း ကာယဒသကကလာပ် ဝတ္ထုဒသကကလာပ်နှစ်စည်း၊ နှစ်မျိုး၊ မှီပြီးတော့ ဟောဒီ ပဋိသန္ဓေစိတ်နဲ့ စေတသိက် သုံးဆယ့်သုံးခု ဖြစ်လာတာ ဥပါဒ်လာတာ။ ဒီတော့ ပဋိသန္ဓေစိတ်က ဗိမာန်အရှင်နတ်သားနဲ့တူတယ်။ စေတသိက် သုံးဆယ့်သုံးခုက အဲဒီနတ်သားရဲ့ အခြွေအရံ

http://www.dhammadownload.com



နတ်သမီးနဲ့ တူတယ်။ ဒီကာယဘာဝဝတ္ထု ဒသကကလာပ်ဆိုတဲ့ ကလာပ် ရုပ်ကလာပ် သုံးစည်းက ဗိမာန်နဲ့တူတယ်။ အဲဒီလို ဖြစ်လာခြင်းကို ဝိပါကသမ်္ဂီလို့ ဒီလိုခေါ်တာ သမ်္ဂီလေးပါး နော်။

ဦးဇင်းတို့ ... ဒါ သတိပြုထား။ စေတနာသမ်္ဂီ၊ ကမ္မသမ်္ဂီ၊ ဥပဋ္ဌာနသမ်္ဂီ၊ ဝိပါကသမ်္ဂီလို့ သမ်္ဂီလေးပါးကို နှလုံးသွင်းပြီးတော့ စွဲမြဲထားရပါမယ်။ ဒါမှ ဉာဏ်ထဲမှာ သန့်ဖြစ်တယ်။ ကုသိုလ်ကံက ကောင်းကျိုးပေးတယ်။ အကုသိုလ်ကံက မကောင်းကျိုးပေးတယ်ဆိုတဲ့ ဒီ ဒီစကား နားလည်အောင်က ဒီဖျက်မရအောင် နားလည်ဖို့က အခုပြောသလို သမ်္ဂီလေးပါး နားလည်ထား။ နားလည်ပြီးတော့ ဒီသမ်္ဂီလေးပါးမှာ စေတနာသမ်္ဂီ၊ ကမ္မသမ်္ဂီရှေ့ပိုင်း၊ ဟို ... နောက်ပိုင်းက ဝိပါကသမ်္ဂီ ဒီလို နှစ်ပိုင်း ဉာဏ်ထဲမှာ ခွဲထား။

ခွဲထားလိုက်တော့ စေတနာသမ်္ဂီ၊ ကမ္မသမ်္ဂီ၊ ဥပဋ္ဌာနသမ်္ဂီဆိုတဲ့ ဒီရှေ့ပိုင်းသမ်္ဂီလေးပိုင်းနဲ့ ဟို ... နောက်ပိုင်း ဝိပါကသမ်္ဂီအပိုင်း ခွဲပြီးတော့ ကြည့်ရအောင်။ အဲဒီ ကြည့်ထားလိုက်လို့ရှိရင် ဒီ ဓမ္မပဒကလာတဲ့ အကုသိုလ်အတွက်၊ သုမနပန်းသည် ဝတ္ထုကို ကြည့်စမ်း။ ဓမ္မပဒကလာတဲ့ ကဿကဝတ္ထုဆိုတာ အကုသိုလ်အတွက်၊ သုမနပန်းသည်ရဲ့ဝတ္ထုက ကုသိုလ်ကံအတွက်၊ ဒီကဿကဝတ္ထုက ဓမ္မပဒကလာတဲ့ ကဿကဝတ္ထုဂါထာကြည့် –

> န တံ ကမ္မံ ကတံ သာဓု၊ ယံ ကတွာ အနုတပ္ပတိ။
> ယဿ အဿုမုခေါ ရောဒံ၊ ဝိပါကံ ပဋိသေဝတိ။

ဒီ ဂါထာမှာ ရှေ့ပိုင်းက ဒီစေတနာသမ်္ဂီ၊ ကမ္မသမ်္ဂီ၊ ဥပဋ္ဌာနသမ်္ဂီ ဆိုတဲ့ ဒီရှေ့ပိုင်းကို ဖော်ပြတယ်။ ဒီနောက်ပိုင်းက ဝိပါကသမ်္ဂီကို ဖော်ပြတယ်။ အဲဒီလို ခွဲပြီးတော့ စိတ်ထဲမှတ်ထား။ ဒီ ... "န တံ ကမ္မံ ကတံ သာဓု၊ ယံ ကတွာ အနုတပ္ပတိ" ဒါက အရှေ့ပိုင်း "ယဿ အဿု မုခေါ ရောဒံ၊ ဝိပါကံ ပဋိသေဝတိ" ဒါကနောက်ပိုင်း။

အကုသိုလ်ကံအတွက် ဝတ္ထုကိုကြည့်ချင်ရင် အဲဒီ သာဝတ္ထိပြည်သား လယ်သမားဝတ္ထုကို ကြည့်ရမယ်။ ဒီ ... ဒီဂါထာလာ လယ်သမားဝတ္ထုက ...။

လယ်သမားဝတ္ထု အကျဉ်းချုပ်ပြောရင် တစ်ချိန်မှာ မြတ်စွာဘုရား ချွေချွတ်ရမယ့် သတ္တဝါကြည့်တော့ သာဝတ္ထိက လယ်သမားမြင်တယ်။ လယ်သမားမြင်တော့ သူဖြစ်ရမယ့် အကြောင်းအရာတွေ အကုန် ဆက်စဉ်းစားပြီးတော့ မြတ်စွာဘုရားက ရှင်အာနန္ဒာခေါ်ပြီးတော့ ဒီလယ်သမားယာထွန်တဲ့ နေရာကို သွားတယ်။ အကြောင်းဝတ္ထုက ...

ညက လူဆိုးသူဆိုးတွေ ဥမင်္ဂဖောက်ရခေါ်တဲ့ ဥမင်လိုဏ်ခေါင်းဖောက်ပြီး ခိုးတတ် တိုက်ခိုက်တတ်တဲ့ ဓားပြအဖွဲ့က သာဝတ္ထိပြည်ထဲမှာ အိမ်တစ်အိမ်မှာ ဓားပြတိုက်ပြီးတော့ သူတို့ဖောက်တဲ့ ဥမင်လိုဏ် ခေါင်းလမ်းက ထွက်တယ်။ ဒီမြို့တံခါးကတော့ ထွက်လို့က မဖြစ်ဘူး။ ဒီအချိန်ကျရင် မြို့တံခါးက ပိတ်တယ်။ ပြီးတော့ တံခါးစောင့်တွေနဲ့ဆိုတော့ မြို့တံခါးက ထွက်လို့ဝင်လို့ မရဘူး။

http://www.dhammadownload.com



မရတော့ သူတို့က ဥမင်လိုဏ်ခေါင်းဖောက်ပြီးတော့ မြို့ထဲဝင်တဲ့လမ်း သူတို့ဘာသာလုပ်တယ်။ အဲဒီ ဥမင်လိုဏ်ခေါင်းက ဖောက်ဝင်၊ ဒီဥမင်လိုဏ်ခေါင်းကထွက်၊ အဲဒီဓားပြ အဲဒီအဖွဲ့ကို ဥမင်္ဂစောရ=ဥမင်လိုဏ်ခေါင်း ဖောက်ထွင်းဝင်ထွက်တဲ့ ဓားပြအဖွဲ့က သာဝတ္ထိပြည်ထဲမှာ ဓားပြတိုက်ခဲ့တယ်။

အဲဒီဓားပြတိုက်စဉ်က ဒီဓားပြတစ်ယောက်က ဟိုလူတွေ မမြင်ခင် ဒီအသပြာထောင်ထုပ်တစ်ခုကို သူရဲ့ပုဆိုးအိတ်ကပ်ထဲ ထည့်ခဲ့တယ်။ ဒီ့ပြင်ဒီ့ပြင် ရွှေတွေငွေတွေ စိန်တွေဘာတွေ အများကြီး အများကြီး သူတို့အဖွဲ့လိုက်တိုက်ပြီး ဥမင်လိုဏ်ခေါင်းလမ်းက ဝင်ပြီးတော့ ဓားပြတိုက်၊ ဒီဥမင်လိုဏ်ခေါင်းလမ်းကပဲ ထွက်၊ ည ...ထွက်ပြီးတော့ အဲဒီလယ်ကွက်ထဲမှာ သူတို့ခိုးရာပါတိုက်ရာပါ ပစ္စည်းကိုဝေတဲ့အခါ ခုနကအသပြာတစ်ထောင်ထုပ်၊ ကျန်တဲ့ဓားပြတွေ မသိအောင် ပုဆိုးခါးပုံစထဲ ထည့်လာတဲ့လူက ဒီလိုထိုင်တော့ အသပြာတစ်ထောင်ထုပ်ကို သူ့ဘေးနားအသာချ အသီးအသီး ဒီတိုက်ရာပါပစ္စည်းကိုဝေ၊ ဝေပြီးလို့ မိမိတို့ရတဲ့ပစ္စည်းကို ယူသွားတဲ့အခါ ခုနက ထောင်ထုပ်က ကျန်ရစ်တယ်။

အဲဒီကျန်ရစ်တဲ့ထောင်ထုပ်ကို အကြောင်းပြုပြီးတော့ ဒီလယ်သမားဒုက္ခရောက်မှာ ဘုရားက မြင်လို့ မနက်ကို လယ်သမား သူ့လယ်ကွက်ကို လယ်ထွန်နေတဲ့အချိန်မှာ ရှင်အာနန္ဒာခေါ်ပြီးတော့ ကြွတယ်။ ဆိုကြပါစို့ လယ်သမားကတောင်ပိုင်းမှာ ထွန်နေတယ်။ သူ့လယ်ကွက် မြတ်စွာဘုရားနဲ့ ရှင်အာနန္ဒာက ဒီငွေထုပ်ရှိရာကို ဘုရားကကြွတယ်။ မြောက်ပိုင်းဆိုပါစို့။ အဲဒီမြောက်ပိုင်းက ငွေထုပ်ရှိရာကြွ။ ဒီတောင်ပိုင်းကနေပြီး မြောက်ကိုသွားရတော့ လယ်သမားက ဘုရားနဲ့ရှင်အာနန္ဒာ မြင်တော့ သူ့ထွန်ပေါ်ကဆင်းပြီး ဘုရားကိုရှိခိုးတယ်။ ရှိခိုးသော်လဲပဲ ဘုရားက ဘာမှမပြောဘဲနဲ့ သူ့လယ်ကန်သင်းအတိုင်း လျှောက်သွားပြီးတော့ မြောက်နားကျတော့ –

"ပဿနန္ဒ အာသီဝိသော"တဲ့။ အာနန္ဒ=ချစ်သားအာနန္ဒာ။ ပဿ=ရှုလော့။ အာသီဝိသော=လျင်သောအဆိပ်ရှိသော မြွေကြီးဟ–တဲ့။

ကြည့်စမ်းအာနန္ဒာတဲ့၊ လျင်တဲ့ အဆိပ်ရှိတဲ့ မြွေကြီးတဲ့။ ငွေထုပ်ကို လက်ညှိုးထိုးပြတယ်။ တစ်ခါ ရှင်အာနန္ဒာက လျှောက်တယ်။

"ပဿာမဟံ ဘန္တေ ဃောရဝိသော"။ ဘန္တေ=မြတ်စွာဘုရား။ အဟံ=တပည့်တော်သည်။ ပဿာမိ=မြင်ပါတယ်ဘုရား။ ဃောရဝိသော=ကြမ်းတမ်းသော အဆိပ်ရှိသော မြွေကြီးပါဘုရား။

တပည့်တော် မြင်ပါတယ်ဘုရား။ အင်မတန်ကြမ်းတဲ့ အဆိပ်ရှိတဲ့မြွေကြီးဘုရား။ ဒါပဲ စကားနှစ်ခွန်း=ရှင်အာနန္ဒာကတစ်ခွန်း+မြတ်စွာဘုရားက တစ်ခွန်းပြောပြီ။ ပဟောကျောင်းတော်ကြွသွားတယ်။ ဒီက လယ်သမားကလဲပဲ ဘုရားနဲ့တကွ ရှင်အာနန္ဒာကြွသွားတော့ လက်အုပ်ချီပြီးတော့

http://www.dhammadownload.com



ကြည့်နေတော့ သူလယ်ကွက်ထဲမှာ ဒီမြောက်ဖျားဆိုကြပါစို့၊ သူကတောင်ဖျား လယ်ထွန်နေတော့ အဲဒီလို သူလယ်ကွက်မလွန်ခင် လက်အုပ်ချီပြီးတော့ ဘုရားနဲ့ရှင်အာနန္ဒာ ဘယ်ကြွသွား၊ ဘယ်ကို ကြွပါလိမ့် ကြည့်နေတုန်း ခုစကားတွေ ထွက်တယ်။ သြော် ... ဘုရားကပြောတယ်၊ လျင်သော အဆိပ်ရှိသောမြွေကြီး။ ရှင်အာနန္ဒာပြောတယ်၊ ကြမ်းသောအဆိပ်ရှိသောမြွေကြီး၊ ငါကလဲပဲ ဒီလယ် ကွက်ထဲမှာ နေ့နေ့ညည လယ်လုပ်ရတယ်၊ ပြီးတော့ အန္တရာယ်ဖြစ်မှာ ကြောက်ရတယ်။ ဒီမြွေကြီး ကို တော်ရာကို ဖယ်ရှားပစ်မယ်ဆိုတဲ့ စိတ်ကူးနဲ့ အဲဒီလယ်သမားက ဘုရားနဲ့ ရှင်အာနန္ဒာပြောတဲ့ နေရာကိုသွားတယ်။

ဒါတပည့်တော်တို့ သာသနာကကြည့်ဖို့ကတော့ ငွေဟာမသုံးတတ်ရင် လျင်သောအဆိပ်ရှိသော မြွေ၊ ကြမ်းသောအဆိပ်ရှိသောမြွေ။ ဒါ ...ဒါနဲ့တူတယ်။ သံဝေဂ၊ သတိ၊ အသိရှိရမယ်။ ငွေ– ငွေနဲ့ ပတ်သက်ရင် ဒီလိုလဲပဲရဖို့ မြတ်စွာဘုရားက ဟောကြားတာ။

အဲဒါနဲ့ လယ်သမားက သူသွားတုန်းကတော့ မြွေကြီးဆိုလို့သွားတာ၊ ဟိုကြ ငွေတွေဖြစ်နေ တယ်။ ထောင်ထုပ် တကတည်း အသပြာထောင်ထုပ်တွေပြီး၊ သူတပ်မက်တဲ့စိတ်ရှိပြီး ဒီထောင် ထုပ်ကို ကောက်၊ ကောက်ပြီးတော့ သူ့လယ်ကန်သင်းနားကိုသူသွား၊ သွားပြီးတော့ လယ်ကန်သင်း ဘေးနားကို အသာကလေးတူးပြီးတော့ လက်နဲ့ယက်ပြီးတော့ အဲဒီထောင်ထုပ်ကို မြှုပ်ထားခဲ့တယ်။ မြှုပ်ပြီးတော့မှ သူပြန်ပြီး ထွန်မြဲထွန်နေတယ်။

မနက်မိုးလင်းလို့ ဓားပြတိုက်ခံရတဲ့ အိမ်က သာဝတ္ထိပြည်ထဲက ဆိုကြပါစို့ရဲ့။ ဓားပြတိုက်ခံရ တဲ့ သေဌေးအိမ်က သက်ဆိုင်ရာ ရာဇဝတ်ရုံးသွားတိုင်၊ အဲဒီက ရာဇဝတ်သား ဖမ်းဖို့ရန်အတွက် ရဲတွေနဲ့ ဒီလာပြီးတော့ ဓားပြတိုက်တဲ့အိမ်မှာ အားလုံးခြေရာခံတော့ ဒီဓားပြတွေဟာ သူတို့တူးတဲ့ ဥမင်လိုဏ်ခေါင်းကထွက်တဲ့ ခြေရာအတိုင်း လိုက်လာပြီးတော့ ဒီမှာကြည့်တော့။ လာ၊ လာ ဒီလယ် ကွက်ထဲမှာ သူတို့တိုက်ရာပါ ပစ္စည်းကိုဝေတဲ့ ခြေရာတွေ တွေ့ရတယ်။ ဒီဥစ္စာထဲမှာ ခြေရာတစ်ခုက အရှေ့သွားပြီးတော့ ကန်သင်းခြေရင်းကို သွားတဲ့ခြေရာ။ ဒီခြေရာကိုခံလိုက်တော့ အဲဒီကန်သင်းဟာ ခုမှတူးပြီး မြှုပ်စ ပုံးပန်းသဏ္ဌာန်နဲ့ အသပြာထောင်ထုပ်တွေ့တယ်။ သွားတွေ့တော့ ဟိုဟိုဒီဒီကြည့် တော့ ဒီလယ်သမား လယ်ထွန်နေတာမြင်တော့ ဒီကောင်ဓားပြပဲ၊ တို့လာလို့ သူလယ်သမားယောင် ဆောင်နေတာပဲ ဆိုပြီးတော့ အဲဒီလူကို တစ်ခါတည်း ဖမ်းသွားတယ်။

သာဝတ္ထိပြည်ထဲ ရောက်သွားတော့ ပသေနဒီကောသလမင်းကြီးထံ ခေါ်ဆောင်သွားတဲ့အခါ မင်းတို့ ဘာဖြစ်လို့ ဒီလူကို ဖမ်းလာသလဲ။

ဟာ... ဒီလူဟာ ဥမင်္ဂစောရ ဥမင်လိုဏ်ခေါင်းဖောက်ပြီး ခိုးတဲ့ တိုက်တဲ့ ဓားပြအဖွဲ့က လူပါလို့ ပြောတော့ ကောသလမင်းကြီးက သူ့ကိုမစစ်တော့ဘူး။ ငါကတော့ တိုင်းပြည်သာယာအောင် ဒီ အေးချမ်းအောင် အမြဲလုပ်နေတယ်။ မင်းတို့ကတော့ တိုင်းပြည်ဆူပူအောင် လုပ်တာဆိုပြီး ဒီလူကို

http://www.dhammadownload.com



သတ်စေလို့ အမိန့်ထုတ်။

သတ်စေလို့ အမိန့်ထုတ်တယ်ဆိုရင်ပဲ အာဏာပါးကွက်သားတွေက လက်ပြန်ကြိုးတုတ် ဒီမသတ်ခင်ကိုက တစ်ဗုန်းဗုန်းရိုက်တယ်။ လမ်းဆုံရောက်လို့ ဒီအာဏာပါးကွက်သားတွေက ရိုက်တယ်ဆိုရင် ဒီလယ်သမားက ဘာပြောလဲ –

ဒါကြောင့် မြတ်စွာဘုရားက "လျင်သော အဆိပ်ရှိသောမြွေကြီး"လို့ ပြောတာဟ။ ဒါကြောင့် ရှင်အာနန္ဒာက "ကြမ်းသောအဆိပ်ရှိသော မြွေကြီးပါဘုရား"လို့ ပြောတာဟ။

သူက အံကြိတ်ကြိတ်ခံပြီးတော့ ဒီပြင် ဒီပြင် ရာဇဝတ်သားများကျတော့ ကြောက်ပါတယ်ခင်ဗျား၊ ချမ်းသာပေးပါခင်ဗျားလို့ ဒီလို တောင်းပန်ပေမယ့် ဒီလူက အဲသလို မဟုတ်ဘူး။ အံကြိတ်ကြိတ်ခံပြီးတော့ ရဲရဲဝံ့ဝံ့ ဒီလိုပြောတယ်။ ဟော–နောက်လမ်းဆုံရောက် တဗုန်းဗုန်းရိုက်၊ ရိုက်လိုက်တယ်ဆိုရင်ပဲ အံကြိတ်ခံပြီးတော့ –

ဒါကြောင့် မြတ်စွာဘုရားက လျင်သောအဆိပ်ရှိသော မြွေကြီးဟဲ့လို့ ပြောတာ၊ ဒါကြောင့် ရှင်အာနန္ဒာက ကြမ်းသော အဆိပ်ရှိသော မြွေကြီးပါဘုရားလို့ ပြောတာဟန့် သူက ဒါကြီးပဲပြောတော့၊ သုံးနေရာ လေးနေရာလောက်ရောက်တော့ အာဏာပါးကွက်သားတွေက မရိုက်ဝံ့တော့ဘူး။ ဘယ်လိုဖြစ်တုန်း။ ဟ–ဒီလူက မြတ်စွာဘုရားနဲ့ ရှင်အာနန္ဒာကိုပဲ သက်သေစကား ပြောနေတယ်ဆိုပြီး သူ့ပြန်ခေါ်သွား၊ ကောသလမင်းကြီးဆီရောက်၊ ကောသလမင်းကြီးက မင်းတို့ ဘာပြုလို့ ဒီခါးပြ ပြန်ပြီးခေါ်လာရတာလဲဆိုတော့ –

အရှင်မင်းကြီး သူက မြတ်စွာဘုရားနဲ့ ရှင်အာနန္ဒာကို သက်သေထူစကား ပြောနေတယ်။ ဒီလို ဒီလိုပဲ ပြောတယ်ဆိုတော့ ဟုတ်လားတဲ့၊ မောင်ရင် မင်းဒီလိုပြောသလား၊ ဟုတ်ပါတယ်။

ဒီတော့မှ ကောသလက စစ်တယ်။ မင်းခါးပြ မဟုတ်ဘူးလား။ "ကျွန်တော်မျိုး ခါးပြ မဟုတ်ပါဘူး။ တိုင်းပြည်ရဲ့ဝမ်း လယ်သမားပါ။ ကျွန်တော်မျိုး လယ်သမားဆိုတာ ဘုရားသိပါတယ်။ ရှင်အာနန္ဒာလဲ သိပါတယ်"။ သူက ဒီလိုပြောတော့ ကောသလမင်းကြီးက "ဟ...ဒီလူကလဲ ရှင်အာနန္ဒာနဲ့ ဘုရားကို သက်သေထူသကွဲ့"။

ကိုင်း ...လာ သွားရအောင်ဆိုပြီးတော့ ဘုရားရှေ့ရောက်၊ ကိုင်း–မင်းသေဒဏ်အမိန့်ကိုပေါ့လေ။ ဟို ...ငါ ရုပ်သိမ်းမယ်ဆိုပြီးတော့ သူ့ကို ဘုရားရှေ့ခေါ်သွား။ မြတ်စွာဘုရားဆီရောက်တော့ ကောသလမင်းကြီးက သူက ဒီလိုဒီလို ပြောတယ်။ သူ လယ်သမားဆိုတာ ဟုတ်ရဲ့လားဘုရားလို့ လျှောက်တော့မှ မြတ်စွာဘုရားက ဒီ ...ဒီဝတ္ထုကို ပြန်ပြီးတော့ ဟောတာ။ ဟုတ်တယ်တဲ့။ သူဟာ တိုင်းပြည်ရဲ့ ဝမ်း။ လယ်သမား။ သို့သော် ဥမင်လိုဏ်ခေါင်းဖောက်ပြီး တိုက်တဲ့ခါးပြအဖွဲ့က မြို့ထဲက ခါးပြတိုက်ပြီး ဥမင်လိုဏ်ခေါင်းလမ်းကထွက်၊ သူတို့တိုက်ရာပါ ပစ္စည်းတွေကို သူ့လယ်ထဲမှာဝေတော့ သူ့မှာ ဒီအန္တရာယ်ရောက်မှာကိုမြင်လို့ ငါဘုရား အာနန္ဒာခေါ်ပြီးတော့ သွားတယ်

http://www.dhammadownload.com



ဆိုပြီးတော့ ဒီအကြောင်း မြတ်စွာဘုရားက ပြန်ဟောပေးတယ်။

န ဟံ ကမ္မံ ကတံ သာဓု၊ ယံ ကတွာ အနုတပ္ပတိ။
ယဿ အဿုမုခေါ ရောဒံ၊ ဝိပါကံ ပဋိသေဝတိ။

လို့ ဒီဂါထာ ပြန်ဟောတယ်။

ဆိုကြပါစို့ - အဲဒီဂါထာရေ့ ထက်ဝက်ကနော်၊ ပုဗ္ဗဘာဂအခိုက် သမ္မာဂီအနေနဲ့ပြောရင် စေတနာ သမ္မာဂီ၊ ကမ္မသမ္မာဂီအခိုက်။ ဟိုနောက်ဂါထာ နောက်ထက်ဝက်က ဝိပါက သမ္မာဂီအခိုက် ဒီလို ခွဲမှတ်၊ ဟို ဉာဏ်ထဲမှာရှင်း။

ယံ=အကြင်အမှုကို။ ကတွာ=ပြုပြီးသည်ရှိသော်။ အနုတပ္ပတိ=နောင်တတတဖန် ပူပန်ရ၏-တဲ့။ ဟောဒီကြည့်။ ယံ=အကြင်အမှုကို။ ကတွာ=ပြုပြီးသည်ရှိသော်။ အနုတပ္ပတိ=နောင်တတတဖန် ပူပန်ရ၏။

ဒီဟာက ကမ္မသမ္မာဂီအခိုက်ပြောတာ၊ ကမ္မသမ္မာဂီအခိုက်ကျတော့ အမှုတစ်ခုပြုပြီးရင် ပြန်စဉ်းစား၊ ပြန်စဉ်းစားရင် အကုသိုလ်အမှုဆိုရင် နောင်တတတဖန် ပူပန်ရတယ်။ အဲဒီလို ပူပန်ရတဲ့ အမှုမျိုးဆိုရင် လည်းကောင်း။ ဒါ ... ကမ္မသမ္မာဂီအခိုက်ကိုပြောတာ။

ပြီးတော့ နောက်ပိုင်းကျတော့ - တဿ အဿုမုခေါ ရောဒံ၊ ဝိပါကံ ပဋိသေဝတိ။ ယဿ= အကြင်အမှု၏။ ဝိပါကံ=အကျိုးဝိပါက်ကို။ ဝိပါကသမ္မာဂီကို ရောက်သွားပြီနော်။ ဝိပါကံ=အကျိုး ဝိပါက်ကို။ အဿုမုခေါ=မျက်ရည်ပြည့်သော မျက်နှာရှိလျက်။ ရောဒံ-ရောဒန္တော=ငိုကြွေး၍။ ပဋိသေဝတိ=ခံစားရ၏ဆိုတာ၊ ဒါကဝိပါကသမ္မာဂီမှာ အပါယ်ပဋိသန္ဓေကျပြီးတော့ ဒီ ငရဲဒုက္ခကို မျက်ရည်ရွဲစို ငိုပြီးတော့ ခံစားရတာပြတယ်။ တံကမ္မံ=ထိုအမှုမျိုးသည်။ နသာဓု=မကောင်း နော်။ "န တံ ကမ္မံ ကတံ သာဓု"။ ကတံ=ပြုအပ်သော။ တံကမ္မံ=ထိုအမှုမျိုးသည်။ နသာဓု=မကောင်း။

ဆိုလိုရင်းက ... ကမ္မသမ္မာဂီအခိုက်မှာ နောင်တတတဖန် စဉ်းစားလို့ နောင်တတတဖန် ပူပန်ရတဲ့ အလုပ်မျိုးဖြစ်လျှင်လည်းကောင်း၊ အကျိုးဝိပါက်အနေနဲ့ ဝိပါကသမ္မာဂီအခိုက် ဒီကံရဲ့အကျိုးကို စဉ်းစားလိုက်လို့ ဒီမျက်ရည်ရွဲစို ငိုပြီးတော့ အကျိုးခံရမယ့် အမှုမျိုးဖြစ်ခဲ့လျှင်လည်းကောင်း၊ ထိုအမှု သည် မကောင်းဘူးတဲ့။ ချစ်သားချစ်သမီးတို့ မပြုကြနဲ့တဲ့။ ဒီအဓိပ္ပာယ်ကို မြတ်စွာဘုရား ဟောတာ နော်။ ဒီဂါထာ ... ဒီဂါထာ။

ဒီတော့ ဒီဂါထာကို တပည့်တော်တို့ စာပေမျက်စိနဲ့ ကြည့်မယ်ဆိုရင် ဘာလဲ။ အေး ... ရှေ့ပိုင်း ကမ္မသမ္မာဂီ၊ ဥပဋ္ဌာနသမ္မာဂီအခိုက်မှာ နောင်တတတဖန် ပူပန်ရလျှင်လည်းကောင်း၊ စဉ်းစားလို့ ပူပန်ရလျှင်လည်းကောင်း၊ ဝိပါကသမ္မာဂီအခိုက်၌ မျက်ရည်ရွဲစို ငိုပွဲဆင်ပြီးတော့ အကျိုးဝိပါက်ကို ခံစားရလျှင်လည်းကောင်း ထိုအမှုသည် မကောင်းမှုဖြစ်တယ်။ ချစ်သား ချစ်သမီးတို့ မပြုကြနဲ့။ ဒီအဓိပ္ပာယ် တို့ဘုရားဟောတာပဲလို့ ဟောဒီ ကဿကဝတ္ထု၊ လယ်သမားဝတ္ထုဟာ တပည့်တော်တို့

http://www.dhammadownload.com



အကုသိုလ်ကံအတွက် ဟို … ယမကဆိုတော့ အကုသိုလ်နဲ့ ကုသိုလ်တွဲပြီးတော့ ဝတ္ထုတွေကို ဖော်ထားတာနော်။

တစ်ခါ သုမနမာလာကာရဝတ္ထု=သုမနပန်းသည့်ရဲ့ ဝတ္ထု၊ ဒီ သုမနမာလာကာရဝတ္ထုက ရာဇဂြိုဟ်မှာ သုမနပန်းသည်သည် ဘုရားအမှူးရှိတဲ့ သံဃာကိုမြင်တော့ သူနေ့စဉ်နေ့စဉ် ရှစ်ပြည် ရှစ်ပြည် ဒီဗိမ္ဗိသာရမင်းကို ဆက်တာ။ အဲဒါ အခု သူဟာန်ကျချင်တော့ သူက ပန်းဆက်မလို့ ပန်းတွေယူပြီးတော့ ရာဇဂြိုဟ်ပြည်ထဲ ဝင်လာ။ ဘုရားနဲ့တကွသံဃာမြင်။ မြင်တယ်ဆိုရင်ပဲ သူ့စိတ်ထဲမှာ ကံကလဲ လှုံဆော်လာတော့ အေး … ဒီမြတ်လေးပန်းကို မဆက်ရလို့ ရှင်ဘုရင်က ငါ့ကို အပြစ်ပေးရင်ပေး၊ တကယ်လို့ ဒီမြတ်လေးပန်းဆက်ရင် ရှစ်ပြည်ဆိုတော့ ငွေရှစ်ကျပ်ရမှာ၊ ငွေရှစ်ကျပ်က ဒီဘဝခဏသုံးရတာ၊ ဘုရားကို လှူလိုက်ရင် အများကြီး သံသရာအကျိုးရှိမယ်။

အဲဒီလို မြင်ပြီးတော့ သူ့အသက်ကို စွန့်ပြီးတော့ တကတည်း မြတ်လေးပန်းရှစ်ဆုပ်ကို ကနေ့ ဗိမ္ဗိသာရမင်းကြီးအား မဆက်ကပ်တော့ဘူး။ တစ်ခါတည်း ဘုရားအား လှူတယ်။ အေး … အဲဒီလို ဘုရားအား လှူလိုက်တော့ မြတ်စွာဘုရားရဲ့ အဓိဋ္ဌာန်ချက်အရ တကတည်း သူ့ရဲ့ပန်းတွေက ဘုရားအပေါ်က မျက်နှာကျက်။ ပြီးတော့ ဘုရားရဲ့နောက်က တံကဲ။ ပြီးတော့ ဘုရားရဲ့ လက်ဝဲလက်ကျာက-ဆိုကြပါစို့၊ တကတည်း ပန်းတွေက နံရံသဖွယ်၊ အဲဒီလိုဖြစ်ပြီးတော့ ဘုရားရဲ့ တန်ခိုးအရ အဲဒီလိုဖြစ်ပြီးတော့ ဘုရားက ရဟန်းပေါင်းများစွာ ခြံရံ၍ ကြွတော်မူတဲ့ပုံကို အားလုံး ရာဇဂြိုဟ်ပြည်သူပြည်သားတွေ မြင်ပြီးတော့ တအံ့တသြ ဖြစ်ကြတယ်။ ဆိုကြပါစို့ – အဲဒီ သူ့အကြောင်းကြားတော့ ဗိမ္ဗိသာရမင်းကြီးက သူ့ကို အပြစ်မပေးပါဘူး။ အပြစ်မပေးဘဲနဲ့ သုမနသေဌေးလို့ ထိုနေ့ပဲ သူ့ကို နေ့ချင်းညချင်းပဲသူ့ကို သုမနသေဌေးလို့ ခန့်တယ်။ အဲဒီဝတ္ထုမှာကျတော့ ဒီကုသိုလ်ကံကျတော့ ဦးဇင်းတို့ကြည့်လေ –

တဉ္စ ကမ္မံ ကတံ သာဓု၊ ယံ ကတွာ နာနုတပ္ပတိ။
ယဿ ပတီတော သုမနော၊ ဝိပါကံ ပဋိသေဝတိ။

လို့ ဟောတယ်။ အဲဒါ ကုသိုလ်ကံအတွက်နော်။ ရှေ့ပိုင်းကမ္မသမင်္ဂီ ဥပဋ္ဌာနသမင်္ဂီအခိုက်မှာ စဉ်းစားရင် ဘာဖြစ်သလဲ။

ယံ=အကြင်အမှုကို။ ကတွာ=ပြုပြီးသည်ရှိသော်။ ပြန်၍စဉ်းစားရင်–နာနုတပ္ပတိ=နောင်တ တဖန် မပူပန်ရ။ ဒါက ဟိုရှေ့ပိုင်းအတွက်၊ ကမ္မသမင်္ဂီ ဥပဋ္ဌာနသမင်္ဂီပိုင်းအတွက်။ တစ်ခါ –

ယဿ=အကြင်အမှု၏။ ဝိပါကံ=အကျိုးဝိပါက်ကို။ (ဝိပါကသမင်္ဂီအခိုက်) ပတီတော=နှစ်သက်သည်ဖြစ်၍။ သုမနော=သောမနဿဝေဒနာနှင့် ပြည့်စုံသည်ဖြစ်၍။ ပဋိသေဝတိ=ခံစားရ၏။

ဆိုတော့ ဟောဒါက ဝိပါကသမင်္ဂီအတွက် ပြောတာနော်။ ဝိပါကသမင်္ဂီကျတော့ သူ့အသိ

http://www.dhammadownload.com



ဘဝမှာ အကျိုးပေးလို့ အကျိုးခံစားရတဲ့အခါ နှစ်သက်အားရမ်း ဝမ်းမြောက်ဝမ်းသာ နှစ်သက်မှုပီတိ ပတီတောကာ၊ သုမနောက ဝမ်းမြောက်မှု သောမနဿဝေဒနာနဲ့ အကျိုးကို ခံစားရရင် ....

တံကမ္မံ=ထိုအမှုသည်။ သာဓု=ကောင်း၏။ ကတံ=ပြုအပ်၏။ ပြုရမယ်ချစ်သား ချစ်သမီးတို့လို၊ အဲဒီဝတ္ထုကိုထောက်သဖြင့် သြော် ... သမ္မာဂီလေးပါးနဲ့ ကိုင်မှတ်ရင် ဒီသုတ္တန်တွေဟာ အဓိပ္ပာယ် ဖျက်မရအောင် အဓိပ္ပာယ်သိတယ်ဘုရား။

ဒါကြောင့် အရှင်ဘုရားတို့သည် သမ္မာဂီလေးပါး အဋ္ဌကထာကလာတာကို လယ်တီဆရာတော်ကြီးက သူ့ရဲ့ပရမတ္ထဒီပနီကာမှာ ကောင်းကောင်းကြီး သမ္မာဂီလေးပါးကို ကောင်းကောင်းကြီးဖွင့်ထားတယ်။ အဲဒါကြည့်ပေါ့လေ၊ ဒါ မှတ်ဖို့ပြောပါတယ်။

မိမိတို့ရဲ့ စာပေပရိယတ္တိ သင်ကြားခြင်းသည် ၁။ ဘဏ္ဍာဂါရိကပရိယတ္တိကလည်းမဟုတ်ဘူး။ အရိယာပုဂ္ဂိုလ်တို့ရဲ့ စာပေနည်းမျိုးကတော့ ဘဏ္ဍာဂါရိကပရိယတ္တိ=ဘဏ္ဍာစိုး ဘဏ္ဍာရေးဝန်ကြီးများရဲ့ တိုင်းပြည်ဘဏ္ဍာကို စောင့်ထိန်းတဲ့မှုနဲ့ အလားတူသော စာသင်နည်းမျိုး၊ အရှင်အာနန္ဒာတို့ အရှင်အနုရုဒ္ဓါတို့ အရှင်ဥပါလိတို့ စာပေသင်နည်း၊ သင်ကြားပို့ချခြင်းဆိုတဲ့ ပရိယတ္တိဟာ သူတို့သုံးဖို့ မဟုတ်ဘူး။ သူတို့က ရဟန်းကိစ္စပြီးလို့ ဒီစာပေထဲကလာတဲ့ သီလ သမာဓိ ပညာ သိက္ခာ သုံးစွဲဖို့ မဟုတ်ဘူး။ အဲ သူတို့ရဲ့ စာပေပို့ချသင်ကြား စာအံ့နည်းဟာ ဘဏ္ဍာဂါရိကပရိယတ္တိ။

တပည့်တော်တို့နဲ့ဆိုင်တဲ့ ပရိယတ္တိကတော့ မကောင်းတဲ့ ပရိယတ္တိကတစ်မျိုး၊ ကောင်းတဲ့ ပရိယတ္တိကတစ်မျိုး နှစ်မျိုး။ အဲဒီနှစ်မျိုးမှာ အလဂဒ္ဒူပမပရိယတ္တိ၊ ပြီးတော့ နိဿရဏတ္ထပရိယတ္တိ။ ဒါ တပည့်တော်တို့နဲ့ဆိုင်တဲ့ ပရိယတ္တိ နှစ်မျိုး။

အလဂဒ္ဒူပမပရိယတ္တိဆိုတာ မြွေဖမ်းမလိမ္မာတဲ့သူရဲ့ မြွေကို အမြီးက သွားဆွဲဖမ်းတော့ မြွေပြန်ပေါက်ပြီးတော့ ထိုသူသေသော်လဲသေ၊ မသေသောလဲ မလှမပ ဒီလို ခံစားရတယ်။ အဲဒီလို မိမိစာသင်တယ်၊ မိမိစာကျက်တယ်၊ အံတယ်၊ ကြံတယ်၊ ကြည့်တယ်။ ဒါပရိယတ္တိ မိမိ ဒီ ကျက် အံ ကြံ ကြည့်လို့ သိရတဲ့ ပရိယတ္တိကို အကြောင်းပြုပြီးတော့ မိမိအကုသိုလ်အမှုတွေ ပြုမိရင် – အဲဒါ ဒီပရိယတ္တိလို့ဆိုတဲ့ မြွေက ပြန်ပြီးတော့ အပေါက်ခံရတာ–အဲဒါမျိုး။ ဟို ... အလဂဒ္ဒူပမ ပရိယတ္တိဆိုတော့ ဒါ ရှောင်ရမယ့် စာသင်နည်းမျိုး။

ဆိုကြပါစို့ – မိမိတတ်တဲ့အတွက် တချို့တချို့ သူတော်ကောင်းကြီးတွေ စာပေပရိယတ္တိကို သိပ်ပြီးတော့ မကျွမ်းကျင်တဲ့ သူတော်ကောင်းကိုယ်တော်ကြီးတွေ ရှိတတ်တယ်။ အဲဒီကိုယ်တော်ကြီးတွေကို နှိပ်ထက်ကလူ တကတည်း ဟို လွှမ်းမိုးစကား သွားပြီးတော့ ကိုယ်ကတတ်လို့ ပြောရင် အဲဒါဟာ ကိုယ်တော်ရဲ့ စာသင်နည်းဟာ အလဂဒ္ဒူပမပရိယတ္တိဖြစ်တယ်နော့။ မြွေဖမ်းမလိမ္မာတဲ့ သူရဲ့ မြွေဖမ်းခြင်းနဲ့ ဥပမာတူတဲ့စာသင်နည်း။

http://www.dhammadownload.com



ဘုရားရှင်လက်ထက်က ကပိလရဟန်းရဲ့ ဝတ္ထုကိုထောက်ပြီးတော့ ဒါ ကပိလဝတ္ထုဆိုတာ ဦးဇင်းတို့ သုတ္တနိပါတ်မှာ ပါတယ်။ ကပိလသုတ်ဆိုတာ အဲဒါကြည့်ပါ။ ဒါ အင်မတန် တပည့်တော်တို့ ဒီစာပေနဲ့ ပတ်သက်တဲ့ ပုဂ္ဂိုလ်တွေ သတိပြုဖို့။

တစ်ခါ ... နိဿရဏတ္ထ ပရိယတ္တိ=သီလဟောတဲ့ သုတ္တန်ကို မိမိလေ့လာတယ်။ ထိုစာကလာတဲ့ သီလအကျင့် ငါ့ကိုယ်ရောက်စေမယ်။ သမာဓိဟောတဲ့ သုတ္တန်ကို ရောက်တဲ့အခါ သုတ္တန်က သမာဓိ ငါ့ကိုယ်ရောက်စေမယ်။ ပညာဟောတဲ့သုတ္တန်ကို ငါလေ့လာ ကျက် အံ ကြံ ကြည့်ရင် ပါဠိကလာတဲ့ပညာ ငါ့ကိုယ်ရောက်စေမယ်လို့ အဲဒီလို **နှလုံးသွင်း**ပါ။ အဲဒီလို နှလုံးသွင်းပြီးတော့ အရှင်ဘုရားတို့ စာကျက် စာအံ စာကြည့် ပရိယ**တ္တိအလုပ်ကို** ပြုလုပ်ပါ။ အဲဒီလို ပြုလုပ်လျှင် အရှင်တို့ရဲ့ စာပေပရိယတ္တိသည် သံသရာမှ ကျွတ်လွတ်ခြင်း=နိဿရဏအကျိုးရတဲ့ စာပေပရိယတ္တိ ဖြစ်ပြီးတော့–နိဿရဏတ္ထပရိယတ္တိဖြစ်ပြီးတော့ ကိုယ်ရည်သွေးတဲ့ ရဟန်းခံတုန်းက ရှင်ပြုတုန်းက "သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇာယာစာမိ"ဆို၊ သံသရာဝဋ်မှ ကျွတ်လွတ်ခြင်း အကျိုးကို ရည်စူးပြီးတော့ ရှင်ပြုခဲ့တယ်။ တစ်ခါ ရဟန်းခံတော့လဲ ဥလ္လုမ္ပတု ဥဒ္ဓရတု မည်းညစ်သော သံသရာ အဖို့မှ ဖြူစင်သော နိဗ္ဗာန်အဖို့ရောက်အောင် ထုတ်ဆောင်ပေးပါဆိုတဲ့ အဲဒီ မိမိတို့ ရည်သန်ခဲ့တဲ့ ဒီသံသရာက ကျွတ်လွတ်ခြင်း တည်းဟူသော အကျိုးရဖို့က မိမိတို့စာသင်၊ မိမိတို့ရဲ့ ပရိယတ္တိသည် နိဿရဏတ္ထပရိယတ္တိ ဖြစ်မှရမှာ။ အဲဒီ နိဿရဏပရိယတ္တိဖြစ်ရင် ဘာပဲပြောပြော အရှင်ဘုရားတို့ သာသနာမှာ ရှေ့တန်းခေါင်းဆောင်ဖြစ်ပြီးတော့ အင်မတန်အကျိုးရတဲ့ စာသင်နည်းမျိုး ဖြစ်ပါစေကြောင်း တပည့်တော် ဆုမွန်ကောင်း တောင်းသောအနေနဲ့ –

> တုမှံ ပရိယတ္တိ ဟောတု၊ ဘဝနိဿရဏတ္ထိကာ၊
> ယာယ ဝေါ ဟောထ စက္ကဿ၊ ပုဗ္ဗင်္ဂမာ ဓဇူပမာ။

ဘဒ္ဒန္တာ=သာကီယဇာတ် အရှင်မြတ်တို့။ တုမှံ=အရှင်ဘုရားတို့၏။ ပရိယတ္တိ=စာကျက် စာအံ စာကြံ စာကြည့်ဆိုတဲ့ အလုပ်သည်။ ဘဝနိဿရဏတ္ထိကာ=ဘဝသုံးပါးမှ လွတ်မြောက်တဲ့ နိဿရဏတ္ထပရိယတ္တိ စာသင်နည်းမျိုးသည်။ ဟောတု=ဧကန်စင်စစ်ဖြစ်ပါစေ။ ယာယနိဿရဏတ္ထ ပရိယတ္တိယာ=ယင်းနိဿရဏတ္ထ ပရိယတ်ဖြင့် (ယာယသည် ယင်းနဲ့သွားညီမျှတယ် အရပ်စကား) ဝေါ–တုမှေ=အရှင်ဘုရားတို့သည်။ စက္ကဿ=အံ့ဖွယ်ရှစ်ဖြာ သာသနာစက်၏။ ဓဇူပမာ= အောင်လံတံခွန်သဖွယ် ဖြစ်ကြကုန်လျက်။ ပုဗ္ဗင်္ဂမာ=သာသနာ့ရှေ့သွားခေါင်းဆောင်တို့သည်။ ဟောထ=ဧကန်စင်စစ် ဖြစ်ကြပါစေ။

လို့ တပည့်တော် ဆုမွန်ကောင်းတောင်းရင်း အရှင်ဘုရားတို့အား ဩဝါဒကထာ ဒေသနာနိဂုံး ဤမှာပင် ကမ္ပတ်ဖုံးအပ်ပါသည်။ သီတင်းသုံးဖော် သံဃာတော် အရှင်မြတ်တို့ဘုရား ...။

သာဓု ... သာဓု ... သာဓု။

http://www.dhammadownload.com



၁၃၅၃ ခု၊ နယုန်လပြည့်ကျော် ၃ ရက်
မင်းကွန်းတောင်ရိုး၊ မိုးမိတ်စေတီတော်ကြီးများကုန်းမြေ
တိပိဋက=နိကာယကျောင်းတိုက်၊ အဘိဓဇစာချကျောင်းဆောင်၌
**မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး**

## မြွက်ကြားတော်မူသော ဩဝါဒကထာ

ကောဇာသက္ကရာဇ် ၁၃၅၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်နေ့မနက်၊ မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ တိပိဋက=နိကာယ ကျောင်းတိုက်အတွင်းမှာရှိတဲ့ တိပိဋက=နိကာယ ကျောင်းဆောင်၌ စာချတဲ့ပုံကို ဓာတ်ပုံရိုက်ယူမယ်ဆိုတော့၊ အဲဒီတော့ ညများက အိပ်မက်မက်တယ်။ တပည့်တော် အိပ်မက်မက်တာက သာသနာရဲ့ ပန္နက်သဲဖြစ်တဲ့ ကမ္မဝါနဲ့ ပတ်သက်၍ နည်းလမ်း စည်းကမ်းပေးဖို့ ငါပြောမယ်။ ဒီဥစ္စာဟာ သာသနာမှာ ပန္နက်သဲဟာ ကမ္မဝါဖြစ်ပါတယ်။ ဒီတော့ တိပိဋက=နိကာယ အရှင်တွေ သာသနာရဲ့ ပန္နက်သဲဖြစ်သော ကမ္မဝါစီစဉ်ပြီး ငါပြောပြမယ်။ အဲဒီလို အိပ်မက်မက်တယ်ဘုရား။ အဲဒီလို ပြောပြမယ်လို့ ဒီလို အောက်မေ့တုန်း ...

ဒီအထဲ ထည့်ပြောရမယ့်သဘောနဲ့ ခပ်ဆင်ဆင်ပဲ "ကံပဟာမှတ်ဘိ၊ ကိတ်ကြိယာ၊ နောက်မှာ တစ်ပါး၊ အာချာတ်သွားက၊ ကတ္တားတဖန် ဖြစ်တုံပြန်၊ ချင်းကံ ၎င်းကတ္တားပင်လျှင်တည်း"

အိပ်မက်ထဲမှာ ဒီနိယံပိုဒ်အတွက် အဓိပ္ပာယ်ကို လေးလေးနက်နက် စဉ်းစားပြီးတော့ တစ်ညလုံး ဒီလို စဉ်းစားတယ်။ မူလအခြေခံ တပည့်တော် စဉ်းစားတာက သာသနာရဲ့ပန္နက်သဲဖြစ်တဲ့ ကမ္မဝါ ဖတ်တတ်ရုံတင်မဟုတ်ဘဲနဲ့၊ မိမိတို့ကိုယ်တိုင် ကမ္မဝါကိုမြင်ရင်၊ ဥတ်မြင်ရင် ကမ္မဝါသားရော နိဂုံးရော အကုန်လုံး ရွတ်တတ်အောင်ဆိုတဲ့နည်းကို စဉ်းစားတယ်။ တပည့်တော်တို့ ဥပဇ္ဈာယ် ဆရာတော် ရေးသားထားတဲ့ ...

"ပတ္တကလ္လ၊ ပယ်ချသွင်းထည့်၊ အရစိပြ၊ နောက်ဝါကျဉ်၊ ဧယျ-ဝိဘတ်၊
တိ-ဝိဘတ်၊ ဥတ်နှင့်စာသားထူး၊"

"ကံပဟာအတိတ်၊ ကိတ်ကြိယာ၊ ယှဉ်တုံလာ၊ မှတ်ပါနိဂုံးတည်း"

လို့ ကမ္မဝါရဲ့အချုပ်ကို ဒီလင်္ကာ၊ ဒါကို ငါပြောမယ်။ ကိုယ်တော်တွေကို အဲဒီအနေနဲ့ စိတ်ကူး ရပါတယ်။ နှစ်ခုပြောရမလို ကျပါတယ်။

"ကံပဟာအတိတ်၊ ကိတ်ကြိယာ၊ နောက်မှာတစ်ပါး၊ အာချာတ်သွားက၊ ကတ္တားတဖန် ဖြစ်တုံပြန်၊ ချင်းကံ ၎င်းကတ္တားပင်လျှင်တည်း"ဆိုတဲ့ နိယံပိုဒ်က ပေါ်လာတဲ့ဥစ္စာက ဒုတိယပြောပါတယ်။

http://www.dhammadownload.com



တပည့်တော် ပြောလိုတဲ့ကမ္မဝါ–တစ်နည်းအားဖြင့် ကမ္မဝါပြုလုပ်ပုံ ဖတ်တတ်ရုံမျှမဟုတ်ဘဲနဲ့ ကမ္မဝါပြုလုပ်ပုံကို နိဒါန်းကို အရင်ပြောပါမယ်။

ပတ္တကလ္လံ၊ ပယ်ချသွင်းထည့် ... ကမ္မဝါသား၌၊ ပဿ–ယဒိသံဃဿ ပတ္တကလ္လံ–စာပိုဒ်ကို ပယ်ပါ။ ဥက်၌ယဒိသံဃဿ ပတ္တကလ္လံ=ကိုထည့်ပေးပါ။ အဲဒီ ယဒိ သံဃဿ ပတ္တကလ္လံ မရောက်ခင် အကြောင်းအရာ စာပိုဒ်ကို ဖော်ပြပါ။

ဥပမာ တပည့်တော်တို့ ဆိုကြပါစို့။ သုဒ္ဓန္တပရိဝါသ်

အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ။ (တစ်ပိုဒ်)

သမ္ဗဟုလာ အာပတ္တိယော ကောဟပ္ပဋိစ္ဆန္နာယော၊ အာပတ္တိပရိယန္တံ န ဇာနာမိ၊ ရတ္တိပရိယန္တံ န ဇာနာမိ၊ အာပတ္တိပရိယန္တေ ဝေမတိကော၊ ရတ္တိပရိယန္တေဝေမတိကော။ သောဟံ ဘန္တေသံဃံ တာသံ အာပတ္တိနံ သုဒ္ဓန္တပရိဝါသံ ယာစာမိ။

လို့ ပရိဝါသ်တောင်းတာ။

အရှင်ဘုရားတို့ ကြားလဲကြားဖူး၊ သိလဲသိဖူးနေတယ်။ အဲဒီတောင်းတဲ့စာပိုဒ်နဲ့ ကိုက်ညီအောင် ဒီက ကမ္မဝါလိုက်ဖို့ရာ ဒီအစဉ်အတိုင်းနဲ့ စာပိုဒ်မတိုင်ခင် သူက ဥယျောဇန ဝါကျအနေနဲ့ ကမ္မဝါသဘော။

သုဏာတု မေ ဘန္တေ သံဃော ... ထည့်ပေး၊ ဒါကမ္မဝါခင်းတယ်။

ဟိုကိုယ်တော်က – အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ ဒီစာပိုဒ်က သူ့ကိုယ်သူရွတ်တာမို့လို့ အမယောဂနဲ့ရွတ်တော့၊ မိမိက ဒီကိုယ်တော်ကို ဖတ်တော့ ဒီကိုယ်တော်က နာမယောဂ ဖြစ်သွားပြီ။

ဟတ္ထပါသ်အတွင်းမှာ ရှိတဲ့အတွက် ...

အယံ တိဿော ဘိက္ခု၊ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ။

နာမယောဂနဲ့ပဲ အာပဇ္ဇိံ–မှာ အာပဇ္ဇိ။ အာပတ္တိပရိယန္တံ နဇာနာမိ–သည် တပည့်တော်တို့ ဒီကမ္မဝါဆရာက ဖတ်တဲ့အခါကျတော့ နာမယောဂနဲ့ အာပတ္တိ ပရိယန္တံ နဇာနာတိ၊ ရတ္တိပရိယန္တံ နဇာနာတိ၊ အာပတ္တိပရိယန္တေ ဝေမတိကော၊ ရတ္တိပရိယန္တေ ဝေမတိကော–သူပြောတဲ့အတိုင်း ဒီက လိုက်ပေးရတယ်။

ဒါတစ်ခါ တတိယကျတော့ – သောဟံ ဘန္တေ သံဃံ တာသံ အာပတ္တိနံ သုဒ္ဓန္တပရိဝါသံ ယာစာမိ။ အဟံ–ဖြုတ်ရတယ်။ သော သံဃံ တာသံ အာပတ္တိနံ သုဒ္ဓန္တပရိဝါသံ ယာစတိ–လို့ အကြောင်းဝတ္ထု ကုန်ပြီဘုရားနော်။ ပြီးတော့မှ ယဒိ သံဃဿ ပတ္တကလ္လံ။ ဒါ ပတ္တကလ္လံဥက်ထဲမှာ ထည့်ပေးတယ်။ သံဃော တိဿဿ ဘိက္ခုနော တာသံ အာပတ္တိနံ သုဒ္ဓန္တပရိဝါသံ ဒဒေယျ။

http://www.dhammadownload.com



ယခု သံဃာစည်းဝေးတော့ ဒီကိုယ်တော်အတွက် သုဒ္ဓန္တပရိဝါသ်ပေးဖို့ စည်းဝေးတာဖြစ်လို့ လိုရင်းကိစ္စကို သံဃော တိဿဿ ဘိက္ခုနော တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ ဒဒေယျ-လို့ ဧယျဝိဘတ်နဲ့ လိုက်ပေးရင် ဒီစာပိုဒ်ဟာ ဒီကမ္မဝါတစ်ခုလုံး အချက်အချာပဲ။ ဟောဒါ-သော ဥတ္တိ ဆိုပြီးတော့ ဥတ်ဆုံးသွားတယ်။

ဧယျ-ဝိဘတ်၊ တိ-ဝိဘတ်၊ ဥတ်နဲ့စာသားထူး။

ပတ္တကလ္လံ၊ ပယ်ချသွင်းထည့် –

ဆိုတဲ့အတိုင်း **ကမ္မဝါသားကျတော့** – ယဒိ သံဃဿ ပတ္တကလ္လံ – ဝါကျကို ဖယ်လိုက်။ သုဏာတု မေ **ဘန္တေ သံဃော**၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိ ယော အာပန္နော၊ **အာပတ္တိ** ပရိယန္တံ န ဇာနာတိ၊ ရတ္တိ ပရိယန္တံ န ဇာနာတိ၊ အာပတ္တိပရိယန္တေ ဝေမတိကော၊ ရတ္တိ ပရိယန္တေ ဝေမတိကော၊ သော သံဃံ တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ ယာစတိ။

ဒါ ကမ္မဝါဖြစ်လာတယ်။ ယဒိ သံဃဿ ပတ္တကလ္လံ ဖြုတ်လိုက်။

သံဃော တိဿဿ ဘိက္ခုနော တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ ဒေတိ။

ဟောဒီစာပိုဒ်ဟာ အချက်အချာပါပဲ။ သူဟာ အမျိုးမျိုးပြောင်းခဲ့တယ်။ အရစ်ပြတော့လဲ ဒီစာပိုဒ်ကိုပဲ ပြရတယ်။

သံဃော-ဟာ ယဿာ ယဿမတော ခမတိ-ကြိယာအသစ်ထည့်ပြီးတော့၊ တိဿဿ ဘိက္ခုနော တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသဿ ဒါနံ၊ သောတုဏှဿ။ ယဿ နက္ခမတိ။ သော ဘာသေယျ-လို့ အဲဒီလို ကမ္မဝါလိုက်ပါတယ်။

နိဂုံးကျပြန်တော့လဲပဲ ဒါ ဒုတိယမ္ပိ ... တတိယမ္ပိ ... သွားပြီး ပတ္တကလ္လံ နောက်ကဝါကျကိုပဲ-

ကံဟောအတိတ်၊ ကိတ်ကြိယာ၊ ကြဉ်တုံပါ၊ မှတ်ရာနိဂုံးတည်း။ ဆိုတဲ့ ပတ္တကလ္လံ-နောက်က ဝါကျကိုပဲ အတိတ်ကံဟောကြိယာနဲ့ ပြင်ပြီးတော့ ...

ဒိန္နော သံဃေန တိဿဿ ဘိက္ခုနော တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသော။ ခမတိ သံဃဿ၊ တသ္မာတုဏှီ။ ဧဝမေတံ ဓာရယာမိ။

ဆိုပြီး နိဂုံးသိမ်းရတယ်။ ဒီဟာ ကမ္မဝါရဲ့သဘော။ ဆိုလိုရင်းက ယဒိ သံဃဿ ပတ္တကလ္လံ နောက်ကဝါကျဟာ ကမ္မဝါတစ်ခုလုံးမှာ ကစားတဲ့ဝါကျပဲ။

အခုပြောတဲ့ သုဒ္ဓန္တပရိဝါသ်ကမ္မဝါမှာ ပတ္တကလ္လ နောက်ကပါတဲ့ ဝါကျက၊ နည်းနည်းရှည် သပေါ့ဗျာ။ အဲ အတိုဆုံး ပတ္တကလ္လံ-နောက်ကဝါကျ-အတိုဆုံးရှာရင် အဗ္ဘာန်ကိုကြည့်ပါ။ အဗ္ဘာနကံကိုဆောင်တဲ့အခါမှာ ယဒိ သံဃဿ ပတ္တကလ္လံ – အဲဒီနောက်နားက သံဃော တိဿံ ဘိက္ခုံ အဗ္ဘေယျ-လေးပုဒ်။ ဒါဥတ်တုန်းက။

http://www.dhammadownload.com



ကမ္မဝါသားကျတော့ ...

သံဃော တိဿံ ဘိက္ခုံအဇ္ဈေတိ။

ဟောဒီမှာ ... ဖယျ ဝိဘတ်ဟာ ကမ္မဝါသားကျတော့ တိ–ဝိဘတ်နဲ့ ပြောင်းလာတယ်။

သံဃော တိဿံ ဘိက္ခုံ အဇ္ဈေယျ။

ဒါက ဥတ်။

ကမ္မဝါကျတော့ –

သံဃော တိဿံ ဘိက္ခုံ အဇ္ဈေတိ။

ဒါက ကမ္မဝါ။ ပြီးတော့ ဒီစာပိုဒ်ကိုပဲ အနိယတ နိယတ–နဲ့ ထည့်ပြီးတော့

ယဿော ယဿမှတော ခမတိ တိဿဿ ဘိက္ခုနော အဇ္ဈာနံ။

ဒီအဇ္ဈေတိ–ဆိုတဲ့ အဇ္ဈေယျ–ဆိုတဲ့ ကတ္တား ဟောဟာ အဇ္ဈာနကိုဘော – ဟောဖြစ်တဲ့အခါ ကြိယာသည် ဘော–ကိုဟောအံ့။ ကတ္တားသည်လည်းကောင်း၊ ကံသည်လည်းကောင်း ဆဋ္ဌီဝိဘတ်နဲ့ နေရမယ်ဆိုတဲ့ စည်းမျဉ်းအတိုင်း၊ ဒီ–ယဿော ယဿမှတော သံဃော ဟာပုဂ္ဂိုလ်အနေနဲ့ ဆဋ္ဌီကတ္တား၊ ခမတိ တိဿံ ဘိက္ခုံ–ဟာ–တိဿဿ၊ ဘိက္ခုနော အဇ္ဈာနံ”လို့ ဟောဒီလိုပြန်ပြီးတော့ ဖြစ်ပါတယ်။

သောတုဇာဿ။ ယဿ နက္ခမတိ၊ သောဘာသေယျ။

တစ်ခါ နိဂုံးကျတော့လဲ ဒီစာပိုဒ်ပဲ။ အဇ္ဈိတော သံဃေန တိဿော ဘိက္ခု။ ဒီစာပိုဒ်ဟာ ဘယ်လောက် အပြောင်းအလဲမြန်တုန်းဆိုတော့ – ဥတ်တုန်းက –

သံဃော တိဿံ ဘိက္ခုံ အဇ္ဈေယျ။

ကမ္မဝါသားကျတော့ –

သံဃော တိဿံ ဘိက္ခုံ အဇ္ဈေတိ။

ဒီစာပိုဒ်ပဲ အရစိကျပြန်တော့လဲ အနိယတနိယတနှင့် ခမတိကြိယာအသစ်ထည့်ပြီးတော့–

ယဿော ယဿမှတော ခမတိ တိဿဿ ဘိက္ခုနော အဇ္ဈာနံ –

ဆိုပြီးတော့ ဝါကျဒီလိုဖြစ်လာတယ်။

တစ်ခါ နိဂုံးကျတော့ –

အဇ္ဈိတော သံဃေန တိဿော ဘိက္ခု။

လို့ ဟောဒီလို။ ဒီကမ္မဝါထဲမှာဖြစ့်ရင် ပတ္တကလ္လံနောက်က ဝါကျဟာ ကမ္မဝါတစ်ခုလုံးကို အမျိုးမျိုးချယ်လှယ်နေတဲ့ စာပိုဒ်ပဲလို့ အဲဒီလို အရှင်တို့သိကြပါ။ သိပြီးတော့ တပည့်တော်များ

http://www.dhammadownload.com



လိုအပ်တဲ့လင်္ကာတို့ နိယံတို့ကိုလဲပဲ အရှင်ဘုရားတို့ ဉတ်ဖို့ပြုဖို့က ဖြုန်းခနဲ မလွယ်ဘူးဗျာ။ တပည့်တော်ရေးပေးပါ့မယ်။ ဦးပဉ္ဇင်းတို့ရအောင် နည်းပေးပါ့မယ်။

အထူးသဖြင့် ဉတ်ကမ္မဝါ စာဖတ်တဲ့နေရာမှာ အံ–သုံးခုနားလည်ဖို့ အရေးကြီးပါတယ်။ အံ–သုံးခုဆိုတာ သေးသေးတင်နိဂ္ဂဟိတ်နဲ့ အံနဲ့၊ ကကြီးသေးသေးတင် ကံတစ်မျိုး။ တစ်ခါနသတ်နဲ့ ကကြီး နသတ်ကန် တစ်မျိုး။ တစ်ခါ မသတ်နဲ့ ကကြီးမသတ်ကမ်တစ်မျိုး။

ဒီ အံ–သုံးမျိုးကို ဂရုတစိုက် တပည့်တော်တို့ သတိပြုဖို့–ကမ္မဝါဖတ်ရင် သူ့ဟာသူကျမှ၊ မကျရင် ဒါမိမိတို့ကံဟာ သံသယဖြစ်ရော၊ အောင်မြင်တယ်လို့ မဆိုနိုင်ဘူး။

ဒီတော့ နိဂ္ဂဟိတ်နဲ့ ကံကျတော့ ကရဏ် နိဂ္ဂဟိတ္တာန မုခေနဝိဝဋ္ဋေနယံ။ အေး ...ကရိဏ်းကို နိပ်၊ နိဂ္ဂဟိတ်၊ ပိတ်၍ရွတ်လေပါ၊ ဆိုတဲ့အတိုင်း ကရိဏ်းကိုနိပ်ပြီးတော့ ပါးစပ်ကို ပိတ်ပြီး ရွတ်ပါ။ ကကြီးသေးသေးတင်ကံ ဖွင့်ရမှာမဟုတ်ဘူး။ ကံ ...ကံ ...နဲနဲလေး ရွတ်လိုက်လို့ နှာခေါင်း ထဲကို လေတိုက်ရင် သူနိဂ္ဂဟိတ–နာသိကဋ္ဌာန်ရောက်ပြီ။ ဒါက ပိတ်ရွတ်ရမှာ။

တစ်ခါ ကကြီးနသတ်ကန်၊ အဲဒါကျတော့ နငယ်ဟာ သူ–ဌာန်အားဖြင့် ဒန္တဋ္ဌာန်၊ ကရိဏ်အား ဖြင့် ဖိဝါဂ္ဂကရိဏ်း။ ဖိဝါဂ္ဂကရိဏ်းဆိုတော့ လျှာဖျားနဲ့၊ ဒန္တဋ္ဌာန်ဆိုတော့ သွားခြေကို တိုက်ရတယ်။ ကကြီး နသတ်ကန် ကန်–ကန်–ကန် ရွတ်ရွတ်ကြည့်–ဦးပဉ္ဇင်းတို့။ ဒီမှာ ပိတ်စရာတစ်ခု မပါဘူး။ ကကြီးနသတ်ထားရင် ကန်–ကန်–ကန် ဒါသတိရှိဖို့။ တစ်ခါ မသတ်ကျတော့ မ–ချည်းတည်းပဲ ရွတ်ကြည့်စမ်းပါဦးဗျာ။ မ–မှာ သူ့ချည်းပဲ ရွတ်ရင် မ–မ–မ–မ ပိတ်ပြီးမှ ရွတ်ရတယ်။ လုံးလုံး ပိတ်ထားရင် မ သံမပေါ်ဘူး။ မပိတ်ဘဲနဲ့ ဖွင့်ရုံသက်သက်လဲ မ–သံမပေါ်ဘူး။ ဦးပဉ္ဇင်းတို့နေရာ ကျတော့ ရွတ်ကြည့်။ မ–မ–မ–မ ကျယ်ကျယ်ရွတ်ကြည့်။ ရွတ်ကြည့်ရင် ပိတ်ဖွင့်–ပိတ်ဖွင့်၊ ပိတ်ဖွင့်၊ ပိတ်ဖွင့် ပေါ်လာတယ်။ အဲဒါလိုပဲ ကမ္မဝါထဲမှာ ဒုတိယမ္ပိ ဆိုပါစို့ ...။

ဒုတိယမ္ပိ–ဆိုရင် ဟိုကနောက်က ပိ–မှာ အပေါ်က မ–သတ်၊ အောက်က ပ–စောက်။ အဲဒီမှာ နှစ်ခါ ပိတ်ဖွင့်ရမယ်။ အပေါ်မသတ်အတွက်လဲပဲ ဒုတိယမ္ပိ။ ဒုတိယ–ပိတ်ဖွင့်၊ ပိ–က တစ်ခါ ပိတ်ဖွင့်။ အဲဒီလို နှစ်ခါပိတ်ဖွင့်ရမယ်ဗျာ။ ဒုတိယံ–အထူးသဖြင့် သိပ်ပြီးတော့ ကပ်နေတဲ့ အံသုံးခုက ဘယ်မှာထင်ရှားတုန်းဆိုတော့ ... ရဟန်းခံတဲ့အခါ ဥပသမ္ပန္နော သံဃေန နာဂေါ– နိဂုံး၊ နိဂုံး–ဥပသမ္ပန္နော သံဃေန–ဆိုတော့ အဲဒီမှာရှေ့က ဥပသမ္ပန္နောမှာ သံ–မှာ ကမသတ်၊ ပိတ်ရွတ်ရမယ်။ ပြီးတော့ ပန်–က နသတ်၊ ဖွင့်ရွတ်ရမယ်။ သံဃေန–ကျတော့ နိဂ္ဂဟိတ်ပိတ်ပြီး ရွတ်ရမှာဗျာ။ ဒါဦးပဉ္ဇင်းတို့ ဟိုကျောင်းကျတော့လဲ စဉ်းစားကြည့်ပေါ့။ ဆွေးနွေးပေါ့။

အဲဒီတော့ ကမ္မဝါမှာ နိဂုံးမှာပါတဲ့ ဥပသမ္ပန္နော–ရွတ်ရင် ဥပသံ+ပန်+နော၊ သံ+ဃေန ဒီလို ဗျဥ္ဇနဗုဒ္ဓိကျအောင်ရွတ်ရင် သိထိလဓနိတ ကတော့ နည်းနည်းလေးပဲ။ လေ့လဲလေ့လာကြည့်။ လေ့လာကြည့်ဆို တပည့်တော်တို့ ဗမာပြည်က ကကြီး–ခကွေး သင်တုန်းက ရိုးရိုးပဲ ကကြီး၊

http://www.dhammadownload.com



ခကွေး၊ ဂ–ငယ်၊ ဃ–ကြီး ဒီလို ရိုးရိုးသင်တာ။ သူတို့ သိဟိုဠ်ကျတော့ မဟုတ်ဘူးဗျ။ သီဟိုဠ်က အဲဒီ ကကြီး၊ ခကွေး ကတည်းကိုက သူတို့က သိထိလခနိတကွဲအောင် ကလေးထဲက သူက ရွတ်ရတယ်။

ဥပမာ–ကယန၊ ခယန၊ ဂယန၊ ဃယန၊ ငယန၊ စယန ဆိုပါစို့။ သူတို့ကျတော့ ကျယနထား ပါတယ်။ စယန၊ ဆယန၊ ဇယန၊ ဈယန၊ ညယန၊ ဋယန၊ ဌယန၊ ဍယန၊ ဎယန၊ ဏယန၊ တယန၊ ထယန၊ ဒယန၊ ဓယန၊ နယန–အဲဒီလို သူတို့က ဌာန်းကရိုဏ်းက ကလေးတည်းကိုက ဒီစားလုံးကို ဒီလိုပြင်းပြင်းရွတ်လာတော့ နောက် သင်ပုန်းကြီး ကုန်ရင်လဲ သဒ္ဒါသင်္ဂြိုဟ်တက်လဲပဲ ဒီစားလုံးတွေ ပြင်းစရာကျတော့ သူတို့က ပြင်းပြင်းပဲ ရွတ်တယ်။ ပြင်းပြင်းပဲ။ ဒီထက်ပြင်းစရာ ဘာတို့က မရှိဘူး။

ဘပည့်တော်တို့ ဗမာပြည်မှာ ကကြီး–ခကွေး သင်တုန်းက ဒီသိလိထခနိတက မတိုးခဲ့တော့ ယခုလို ရဟန်းဖြစ်မှ ဒီဥစ္စာပြောယူတော့ ကြာတော့ မကြာသေးဘူးပေါ့လေ။ သို့သော် ဒီကမ္မဝါ လျှာကျိုးပါတယ်။ ဆိုလိုတယ်။ ကမ္မဝါလျှာကျိုးဆောင်ပုဒ်၊ အဲဒီလို ကမ္မဝါလျှာကျိုးအောင် လေ့ကျင့်ပါ။ ဘာလို့ ဒီလို တပည့်တော် ပြောရသလဲဆိုတော့ ဦးပဥ္စင်းတို့ ဒီတော်တော်ကြာတော့ မိမိတို့နေရာမှာ ဆရာတွေဖြစ်မယ်။ တစ်နည်းအားဖြင့် ကမ္မနိတ္ထာရကာ ပုဂ္ဂိုလ်တွေ၊ ဘာရနိတ္ထာရကာ ပုဂ္ဂိုလ်တွေ ဖြစ်ရမယ်။ အဲဒါကြောင့် ပေါ့ပေါ့မတွေးဘဲနဲ့ လေးလေးနက်နက်တွေးပါ။ တွေးပြီးတော့ ဦးဇင်းတို့စိတ်ထဲမှာ သံသယရှိရင် တပည့်တော်တို့ကိုမေးပါ။ တပည့်တော်တို့ ဇာနန္တော=သိရင် ဖြေမယ်ပေါ့လေ။ ဒါက ပုထုဇဉ်ရဲ့ ဖိတ်မန္တကပါ။ အဲဒီလိုသိရင် ဖြေပါ့မယ်။ မသိရင် ရှာပြီးတော့ ပြောပေးပါ့မယ်။ ဟော ဒါဘုန်းကြီး ညတုန်းက စဉ်းစားထားတဲ့ ကိုယ်တော်တွေ မနက်ကို စာချ ရမယ်။ မှတ်လောက်သားလောက် ဝိနိစ္ဆယမြောက်တဲ့စာပြောရင် ဒါပြောမှပဲ။

ကမ္မဝါဆိုတာ သာသနာရဲ့အသည်း၊ ပြောပြီးပြီ။ အဲဒီညက အိပ်မက်ထဲမှာ မြင်မက်နေရာက ဒါနဲ့ဆက်ပြီးတော့ "ကံဟောမှတ်ဘိ၊ ကိတ်ကြိယာ၊ နောက်မှတစ်ပါး၊ အာချာတ်သွားက၊ ကတ္တား တဖန်၊ ဖြစ်တုံပြန်၊ ချင်းကံငင်းကတ္တားလျှင်ပင်တည်း။ ရွေရေးဆောင်နိယံမှာ၊ စံကျောင်းနိယံ ... ဒီလင်္ကာလေးတွေ နိယံလေး မှတ်နေရတယ်။ ဒါဘာကိုဆိုလိုတာလဲ။ ဒီဟာနဲ့လဲ နီးကပ်နေတယ်။ အခုနကတုန်းကပေါ့လေ။

အဗ္ဘိတော သံဃေန၊ တိသော ဘိက္ခုတို့နဲ့ နီးတော့ ဒါညဏ်ထဲဝင်လာပြီးတော့ တစ်ညလုံး အိပ်မက်ထဲမှာ စဉ်းစားတာ။ အိပ်မက်ထဲဆိုတာ တယ်ပြီးတော့ ပြည့်စုံခဲ့တယ် ကိုယ်တော်တို့။ အဲ ... အခုမနက်ကျတော့ ဩော် ... ဒေဝမနုဿာနံ သတ္ထာရာ ဓမ္မော ဒေသိတော ဟောတိ။

ဒေဝမနုဿာနံ=နတ်လူတို့အား။ သတ္ထာရာ=မြတ်စွာဘုရားသည်။ ဓမ္မော=တရားကို။ ဒေသိ တော=ဟောအပ်သည်။ ဟောတိ=ဖြစ်၏။ ဆိုတဲ့ အဲဒီ သတ္ထာရာ ဓမ္မော ဒေသိတော ဟောတိ ဆိုတဲ့ ဒီစာပိုဒ်မှာ "ဓမ္မော"ဆိုတဲ့ ပုဒ်ဟာ ဒေသိတော – စပ်ရင် သူက ကံဖြစ်ရမယ်။ ဟောတိ–

http://www.dhammadownload.com



စပ်ရင် ကတ္တားဖြစ်ရမယ်။ ဒါကို ပြောတာ။

ကံဟောမှတ်ဘိ၊ ကိတ်ကြိယာ=ဆိုတာ ဒေသိတောက ကံဟောအတိတ်၊ ကံဟောကိတ်ကြိယာ။ နောက်မှတစ်ပါး အာချာတ်သွားက=ဆိုတာ ဟောတိကို အာချာတ်သွား၊ အာချာတ်သွားက၊ ကတ္တား တစ်ဖန်၊ ဖြစ်တုံပြန်=ဓမ္မောဆိုတဲ့ ကံဟာ ဟောတိစပ်ရင် သူက ကတ္တားဖြစ်တယ်။

အေး-ဓမ္မောဆိုတဲ့ ကတ္တားသည် ဟောတိစပ်ရင် ကတ္တားဖြစ်တယ်။ ချင်းကံ ၎င်းကတ္တားပင်လျှင် တည်းတဲ့။ ဒေသိတောဆိုတဲ့ ကံဟောကြိယာရဲ့ကံကို ပြစမ်းပါဆိုရင်လဲပဲ ဒီ-ဓမ္မောဆိုတဲ့ ကတ္တားပဲ။

ဒီတော့ ဓမ္မောဆိုတဲ့ ကတ္တားကို ဒေသိတောစပ်ရင် -

သတ္ထာရာ=မြတ်စွာဘုရားသည်။

ဓမ္မော=တရားကို။

ဒေသိတော=ဟောတော်မူအပ်သည်။

ဟောတိ=ဖြစ်၏။

ကတ္တား တဖန် ဖြစ်တုံပြန် ဆိုတာက ဟောတိစပ်ရင်

သတ္ထာရာ=မြတ်စွာဘုရားသည်။ ဝါ=မြတ်စွာဘုရားက၊ ကတ္တားကိုက-လို့ ပြောင်းလိုက်၊ မြန်မာ စကားပြေ။

ဓမ္မော=နိဗ္ဗာန်ရောက်ကြောင်း တရားအကြောင်းကို။ ဒီတော့ ဒေသိတောစပ်ရင်

ကံ ပိ-ပိ ပေး။

ဒေသိတော=ဟောအပ်သည် အဲဒီလိုပေးပါ။ ဒါဆိုလိုတာပဲနော့။

ဒါကြောင့် အိပ်မက်ထဲဆိုတာကိုယ်တော် ဝေတေဝေတေနဲ့ တကတည်း ဘာမှဆုံးဆုံးဖြတ်ဖြတ် မကျခဲ့ဘူး။ အခုမနက်ကျမှ ဆက်စဉ်းစားမှ ဒါကိုပေါ်လာပါတယ်။ ဒါကြောင့် ကံဟောမှတ်ဘိ၊ ကိတ်ကြိယာ၊ နောက်မှတစ်ပါး၊ အာချာတ်သွားက၊ ကတ္တားတဖန် ဖြစ်တုံပြန်၊ ချင်းကံ၎င်းကတ္တား လျှင်ပင်တည်း-လို့ဆိုတဲ့ နိယံအရလဲပဲ ဦးဇင်းတို့ကို တပည့်တော် ပြောပြီးပြီ။ အားလုံးဦးဇင်းတို့ ဒီသင်တဲ့ မှတ်ချက်တွေဘာတွေ တပည့်တော်ကိုပြောပါ။ အားမနာပါနဲ့။ တပည့်တော်ဦးဇင်းတို့ကို ပစ္စယာနုဂ္ဂဟနဲ့ ချီးမြှောက်ရာမှ ယခုတစ်ဆင့်တိုးပြီး ဓမ္မာနုဂ္ဂဟနဲ့ ချီးမြှောက်ဖို့ရန်အတွက် ဟောဒီ စာချကျောင်းကို စီမံခြင်း ဖြစ်ပါတယ်။

တစ်ခါ ဒီစာချကျောင်းကို စီစဉ်တော့လဲပဲ တပည့်တော် တစ်ပါးတည်း ပို့ချတာထက် ဦးဇင်းတို့ ဗဟုသုတပိုပြီးတော့ရအောင် မန္တလေးမြို့က ဓမ္မာစရိယဆရာတော်တွေကို အားလုံးတပည့်တော် လျှောက်ထားတယ်။ လျှောက်ထားတဲ့အတွက် တချို့ ဓမ္မာစရိယ ဆရာတော်များသည် ခုနစ်ရက် တစ်ပတ် လာပြီးတော့ စာပြ။ ပြီးတော့ သူ့ကျောင်းပြန် ခုနစ်ရက်တစ်ပတ်စာပြ။ နောက်ခုနစ်ရက် တစ်ပတ် သူတို့စာပြ။ ဦးဇင်းတို့ကို ချီးမြှောက်ဖို့ရန် အားလုံးစီမံပြီးပြီနော်။

http://www.dhammadownload.com



ဒီတော့ ဦးပဥ္စင်းတို့ ဘာမှ ဒီပြင်အာရုံတစ်ပါး စိတ်မသွားကြဘဲနဲ့ မိမိတို့ ဒီစာထဲ ပေထဲမှာ ငါတို့ တိုးတက်ပြီးတော့ ကြိုးစားမယ်၊ ဒီလို အောက်မေ့ကြပါ။ လမ်းလျှောက်ရင်လဲပဲ စက္ခုန္ဒြေ မျက်လွှာကို အကြီးအကျယ်ချကြပါ။

အရှင်အာနန္ဒာက ပရိနိဗ္ဗာန် စံခါနီးမှာ မေးတယ်။

ကထံ မယံ ဘန္တေ မာတုဂါမေ ပဋိပဇ္ဇာမ=မြတ်စွာဘုရား ရှင်တော်ဘုရား ပရိနိဗ္ဗာန်စံရင် တပည့်တော်များ မင်းမိန်းမများအပေါ်၌ ဘယ်လိုကျင့်ရမလဲတဲ့။

မြတ်စွာဘုရားက အဒဿနံအာနန္ဒ=မကြည့်နဲ့တဲ့။ သူတို့ကို မကြည့်ဘဲနေတဲ့။ အဒဿနံ= မမြင်ခြင်းကို။ ဝါ=မမြင်အောင်။ ပဋိပဇ္ဇိတဗ္ဗံ=ကျင့်ရမယ်။ မမြင်အောင်ကျင့်ဆိုတာ မကြည့်နဲ့လို့ ပြောတာ။ ကနေ့ဟာ အဲဒါနဲ့ အင်မတန်ကိုက်တယ် သိလား။ မကြည့်မှတော်တာ။ ကနေ့ဟာ အဲဒါနဲ့ အင်မတန်ကိုက်တယ်။

ရှင်အာနန္ဒာဟာလဲပဲ –

ဘန္တေ ဘဂဝါ ပဋိပဇ္ဇိတဗ္ဗံ=မြတ်စွာဘုရားတဲ့၊ မကြည့်လို့လဲ လုံးဝမဖြစ်ပါဘူး။ မျက်စိဥပစာ အောက် ရောက်လာရင် မမြင်လို့တော့ မနေဘူး။ အဲဒီတော့ မြင်ရဦးမယ်။ အဲဒီလို မျက်စိနဲ့မြင်ရင် ဘယ်လိုကျင့်ရမတုန်း။

မြတ်စွာဘုရားက ပြောသဗျား–အနာလာပေါ်အာနန္ဒ=သူတို့ကို စကားမပြောနဲ့။

ဒါ... ဦးပဥ္စင်းတို့ သေသေချာချာ စဉ်းစားကြည့်နော်။ ဦးပဥ္စင်းတို့ တိပိဋကက=နိကာယ ကျောင်း တိုက်ထဲမှာ လာရောက်ကြတဲ့ အာဂန္တုနဲ့ ဧည့်သည်တွေ တပည့်တော်ကြည့်တယ်။ ဘယ် အနာလာ ပေါ် အာနန္ဒ=စကားမပြောရမယ့်ဥစ္စာ မကြည့်ရမယ့်ဥစ္စာတွေ အပြည့်ပါတယ်နော်။ တကတည်း ကဲသတဲ့ဗျာ။ မမြင်ချင့်အဆုံးပဲ။ ဒါဦးဇင်းတို့ ဒါတွေကို ရှောင်ကြဉ်ဖို့ တပည့်တော်ပြောတာပါ။

ဒီတော့ ဦးဇင်းတို့ ဒီအထဲမှာ လမ်းလျှောက်ချင်ရင် လျှောက်နိုင်အောင် အေးအေးမြအောင် သစ်ပင်လေးဘာလေး စိမ်းအောင်စိုအောင် လုပ်ကိုင်ထားပါတယ်။ ပြောလို့သာ တပည့်တော်က ပြောတယ်။ သစ်ပင်ခုတ်လိုက်တာလဲ ဒီအနားရစရာ မရှိဘူး။ အရိပ်ကို သူတို့က နောက်ဒီကလူတွေ ကလဲ သစ်ပင်ခုတ်တာ သိပ်ဝါသနာပါတယ်။ တပည့်တော် သစ်ပင်ခုတ်တာကို လုံးဝမကြိုက်ဘူး။ ဒီ–သစ်ပင်ခုတ်တာဟာ မိုးခေါင်ခြင်းရဲ့အကြောင်း၊ မိုးခေါင်ရင် အားလုံးဒုက္ခရောက်မယ်။ အဲဒါကြောင့် တပည့်တော် မင်းကွန်းတောင်ရိုးမှာ သစ်ပင်စိုက်တာ သုံးခါရှိပြီ။

တပည့်တော် စိုက်တဲ့အတိုင်း တပည့်တော်ကျောင်းနားကတော့ သစ်ပင်ရှိတယ်။ အဲ ... လမ်းက သစ်ပင်ကတော့ နွားသမားက သူ့နွားစာ မမောင်းဘူး။ ဆိတ်ကျောင်းသမားကတော့ တမင့်ကို သစ်ပင်နဲ့သူ့ဆိတ်နဲ့ တည့်ပေးသေးတာ။ လမ်းကသစ်ပင်ဆိုရင် တစ်ပင်မှမရှိတော့ဘူး။ အဲ ... ထိုထိုဤဤရွာနားက အိမ်ထဲကျတဲ့အပင်တော့ သူကလဲပဲ အရိပ်လိုချင်လို့ သူကစောင့်တော့ အဲဒီ သစ်ပင်လေးတွေကတော့ ရှိတယ်။

http://www.dhammadownload.com



အဲဒါ ဆိုလိုရင်းက ဦးဇင်းတို့ မဆင်းရဲအောင် တပည့်တော် အာရုံနည်းအောင် အခုလို ပြောခြင်း ဖြစ်ပါတယ်။ မြတ်စွာဘုရားက "အဒဿနံအာနန္ဒ=မကြည့်နဲ့ အာနန္ဒာ။" ဒါသေသေချာချာ စဉ်းစားကြည့်။

"အရှင်ဘုရား မကြည့်လို့လဲမဖြစ်ဘူး၊ မျက်စိအောက်ရောက်လို့မြင်ရင် ဘယ့်နှယ်လုပ်ရမတုန်း" ဆိုတော့ အနာလာပေါ်အာနန္ဒ=စကားမပြောနဲ့"တဲ့။

"မပြောလို့လဲ မဖြစ်ဘူးဘုရား၊ သူတို့က ဂါထာကလေး ဘာလေး ဒါမှမဟုတ် နက်ဖြန် ဘာဥပုသ်တုန်း၊ ဘာတုန်းပေါ့လေ။ စကားရှာပြီးတော့ တရားသံနဲ့မေးရင် တပည့်တော်တို့ ဘယ်လို ပြောရမလဲ။ အဲဒီလိုမေးရင် ပြန်မပြောလို့ မဖြစ်ဘူး။"

အာလပန္တေန ပန ဘန္တေ ကထံ ပဋိပဇ္ဇိတဗ္ဗံ=မပြောမဖြစ်လို့ သူတို့ကို စကားပြောရရင် ဘယ်လို ကျင့်ရမတုန်း။ မြတ်စွာဘုရားက ပြေသဗျား။ ဘုရားပေးတဲ့နည်း။

မြင်ရင် စကားမပြောနဲ့၊ စကားပြောရရင်လဲပဲ အမိ အဖ နှမစိတ် မွေးမြူပြီးမှ ပြော၊ "ငါ့မိခင် ဟောင်း၊ ညီမဟောင်းအပေါင်း ကိုယ်စိတ်ချမ်းသာစေ"၊ ငါ့ရဲ့မိခင်ဟောင်း၊ ငါ့ရဲ့သံသရာက နှမ ဟောင်း၊ ညီမဟောင်းတွေ၊ ကိုယ်စိတ်ချမ်းသာပါစေ"ဆိုတဲ့ အဲဒီ မေတ္တာကိုသာ ပွားလို့ကတော့ လောဘမဖြစ်တာ တပည့်တော်ကတော့ ကိုယ်တွေ့ပဲ။

ဦးပဥ္စင်းတို့ကို ဒီအကြောင်း တပည့်တော်နည်းပေးပါ၏။ တပည့်တော် မြို့ထဲဝင်ရင် "မြို့စောင့် နတ်များ အမှူထား မြို့သားမြို့သူ ခပ်သိမ်းလူ ကြည်ဖြူကိုယ်စိတ်ချမ်းသာစေ၊ ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ"လို့ မျက်စိမှိတ်ပြီးတော့ တပည့်တော် မေတ္တာပို့တယ်။ အာရုံရသဗျား။

တဖန် မြို့စောင့်နတ်များ ရွာစောင့်နတ်များ၊ ပြီးတော့ ဒီမြို့ရွာအတွင်း မှီတင်းနေတဲ့ ပုဂ္ဂိုလ်တွေ ယောကျ်ားမိန်းမ "ငါ့ဖခင်ဟောင်း နောင်ညီဟောင်းအပေါင်း ကိုယ်စိတ်ကျန်းမာစေ။ ငါ့မိခင်ဟောင်း ညီမဟောင်းအပေါင်း ကိုယ်စိတ်ကျန်းမာစေ"။ ကလေးတွေကျတော့ "ငါ့သားသမီးဟောင်း မြေး အဟောင်းအပေါင်း ကိုယ်စိတ်ကျန်းမာစေ၊ ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ"လို့ မြင်သမျှ ယောကျ်ား မိန်းမဟာ ငါရဲ့ဖခင်ဟောင်း နောင်ညီဟောင်း မိခင်ဟောင်း၊ ညီမ၊ အမဟောင်း၊ ငါ့ရဲ့သားဟောင်း၊ သမီးဟောင်းဆိုတဲ့ မေတ္တာစိတ်နဲ့ မာတုမတ္တေသု မာတုစိတ္တံ ပစ္စုပဋ္ဌပေတဗ္ဗံ= ဆိုတာနဲ့ ကိုက်တယ်ဗျား။ အင်မတန် ချမ်းသာတယ်။ စိတ်မှာ အင်မတန် ငြိမ်တယ်၊ အင်မတန်လဲ ချမ်းသာတယ်။ အကုသိုလ်လဲ မဖြစ်ဘူး။ အဲဒီလို ဦးပဥ္စင်းတို့အား တပည့်တော် နည်းလမ်းကို ပေးပြီးပါပြီ။ ဒီကနေ့ဟာ ဤမျှလောက်ဆိုရင် တော်လောက်ပါပြီလို့ ဤမှာပင် နိဂုံး၊ တပည့်တော်ရဲ့ စာပေသင်ကြားပို့ချပုံ ကမ္မတ်ဖုံးအပ်ပါသည် သီတင်းသုံးဖော် သံဃာတော် အရှင်မြတ်တို့ ...ဘုရား။

သာဓု ... သာဓု ... သာဓု။

http://www.dhammadownload.com



တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု

## မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး၏

# ဆွမ်းဒါနအလှူ အကျိုးငါးမျိုး

# ဆုတောင်းလင်္ကာ

၁။ အာယုဒါန၊ မြတ်ပုညကြောင့်၊ ဒေဝမနုဿာ၊ ဘုံနှစ်ရွာ၌၊
နှစ်ဖြာဇီဝ၊ ကောင်းကျိုးရ၍၊ ဘဝသံသရာ၊ လျှင်မကြာဘဲ၊
ခေမာအထွတ် တိုင်လိုသောဝ်။ ။

၂။ ဝဏ္ဏဒါန၊ မြတ်ပုညကြောင့်၊ ဒေဝမနုဿာ၊ ဘုံနှစ်ရွာ၌၊
နှစ်ဖြာဝဏ္ဏ၊ ကောင်းကျိုးရ၍၊ ဘဝသံသရာ၊ လျှင်မကြာဘဲ၊
ခေမာအထွတ် တိုင်လိုသောဝ်။

၃။ သုခဒါန၊ မြတ်ပုညကြောင့်၊ ဒေဝမနုဿာ၊ ဘုံနှစ်ရွာ၌၊
နှစ်ဖြာသုခ၊ ကောင်းကျိုးရ၍၊ ဘဝသံသရာ၊ လျှင်မကြာဘဲ၊
ခေမာအထွတ် တိုင်လိုသောဝ်။

၄။ ဗလဒါန၊ မြတ်ပုညကြောင့်၊ ဒေဝမနုဿာ၊ ဘုံနှစ်ရွာ၌၊
နှစ်ဖြာဗလ၊ ကောင်းကျိုးရ၍၊ ဘဝသံသ်ရာ၊ လျှင်မကြာဘဲ၊
ခေမာအထွတ် တိုင်လိုသောဝ်။ ။

၅။ ပညာဒါန၊ မြတ်ပုညကြောင့်၊ ဒေဝမနုဿာ၊ ဘုံနှစ်ရွာ၌၊
ပညာနှစ်ဝ၊ ကောင်းကျိုးရ၍၊ ဘဝသံသ်ရာ၊ လျှင်မကြာဘဲ
ခေမာအထွတ် တိုင်လိုသောဝ်။ ။

မင်းကွန်းတိပိဋကဓရဆရာတော်

ဆွမ်းအလှူရှင်များနှင့် ဆွမ်းဆန်တော်၊ ဒေသထွက် စားသောက်ကုန်
အလှူရှင်များ ဖော်ပြရာပါအတိုင်း ဆုတောင်းကြပါကုန်။

http://www.dhammadownload.com



နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု

## ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ဩဝါဒကထာ

# ဘဒ္ဒေကရတ္တသုတ္တန်တရားတော်

၁၉၉၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့ နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် မင်းကွန်းရှိ ဓမ္မနာဒကျောင်းတိုက် မဟာဗန္ဓုလ ဓမ္မာရုံ၌ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ဆရာတော်ကြီးအား နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးစောမောင် သွားရောက်ပူဇော်ကန်တော့ရာတွင် ဆရာတော်ကြီးက ဩဝါဒကထာ ချီးမြှင့်တော်မူသည်။ ဆရာတော်ကြီး၏ ဩဝါဒကထာမှာ အောက်ပါအတိုင်းဖြစ်သည်။

ဓာတ်ပုံထဲမှာတော့ ဒကာကြီးကို နေ့တိုင်းနေ့တိုင်း တွေ့နေရတယ်။ ဓာတ်ပုံကို မြင်ရတော့ပေါ့လေ၊ နိုင်ငံတော်အတွက် ကျက်သရေ အင်မတန်ရှိတယ်။ ဝမ်းသာတယ်။ ဒကာကြီးအား ဘုန်းကြီး စကားနှစ်ခွန်းပြောလိုတယ်။

(၁) ကျေးဇူးတင်ပါတယ်ဆိုတာ ပြောချင်တယ်။ ကျေးဇူးတင်ပါတယ်လို့ ဘာဖြစ်လို့ ပြောရတုံးဆိုတော့ ဘုန်းကြီးများ ဒီမင်းကွန်းမှာ နေလာတာ သာမဏေဘဝ (၁၃)နှစ်ကတည်းက မင်းကွန်းမှာ နေခဲ့တာ အခု ၇၉ နှစ်ပေါ့လေရှိပြီ။ ဒီမှာ အမြဲတမ်း မှောင်နေတယ်။ အခုဒကာကြီးများ ဒီ 'နဝတ' အစိုးရလက်ထက်မှာ နေ့ချင်းညချင်း မင်းကွန်းတောင်ရိုးကြီး တစ်ခုလုံးပေါ့လေ။ ဒီတောင်ရိုးကို အကြောင်းပြုပြီးတော့ မင်းကွန်းက ဘုရားတွေ အားလုံး မီးတွေ အကုန်လင်းကုန်ပြီ။ ဒါအင်မတန် ကျေးဇူးတင်ပါတယ်။ ဂျပန်လို ပြောရင်တော့ အာရိဂတ်တောပေါ့၊ အာရိဂတ်တောဆိုတဲ့စကားဟာ ပါဠိစကားပြောတာ၊ အဓိကာရော=ထူးထူးကဲကဲ ကျေးဇူးပြုတယ်လို့ ထူးထူးကဲကဲ ကျေးဇူးပြုခြင်းပါပဲ။ အဲဒီ အဓိကာရောဆိုတဲ့ပါဠိဟာ ဂျပန်ကျတော့ အာရိဂတ်တောဖြစ်တယ်။ ဒီဂျပန် ကျရင် ဘုန်းကြီးတို့ပါဠိက ဆင်းသက်တဲ့စကားတွေ ဆိုကြပါစို့၊ ဆေးလိပ်ဆိုပါတော့၊ ရှုတဲ့ သောက်တဲ့ ဆေးလိပ်။ ပါဠိက ပစ္စည်းတစ်ခုကို နာမည်ပညတ်တင်တဲ့အခါ ဘဝရှေ့ပိုင်းမှာ ဒီပစ္စည်းရဲ့ထူးချွန်ချက်ကို ကြည့်ပြီးတော့ နာမည်ထင်ရတယ်။ နာမည်တပ်ရတယ်။ အဲဒီတပ်တဲ့ နေရာမှာ ဆေးပင်ပေါ့။ ဆေးပင်တစ်ပင်လုံးရှိတဲ့ အရိုးကလဲ စာမဖွဲ့လောက်ဘူး။ အရွက်ကလဲ စာမဖွဲ့လောက်ဘူး။ အဲဒီဆေးပင်ကို ကြည့်လိုက်လို့ရှိရင် အပေါ်မှာပွင့်နေတဲ့ ပွင့်တံကလေးက ဆေးပင်နဲ့မလိုက်

http://www.dhammadownload.com



ဘူး။ ဆေးပင်တစ်ခုလုံး မှာ ကျက်သရေအရှိဆုံး၊ စိတ်ထဲကို အစွဲအလမ်းစေဆုံးပေါ့။ အစွဲလမ်းဆုံး။ ဒါကြောင့် ဒီဆေးပင်ကို ဘုန်းကြီးတို့ ပါဠိလို တမ္ဗ–ကူဋ္ဌ။ တမ္ဗ=နီမြန်းသော+ကုဋ္ဌ=အထွတ်ရှိတဲ့ သစ်ပင်။ နီမြန်းသော အထွတ်ရှိသောသစ်ပင်။ ဒါ ပါဠိရင်း တမ္ဗကူဋ္ဌ၊ အဲဒီ တမ္ဗကူဋ္ဌ–ဟာ ဒီကျတော့ တမ္ဗရကူဋ္ဌ၊ တမ္ဗရကူဋ္ဌ၊ တမ္ဗရကူဋ္ဌကို သူတို့က တမ္ဗရ၊ သက္ကဋ္ဌ ဆန်တယ်ပေါ့။ ကူဋ္ဌ–ကလည်း ဘုန်းကြီးတို့ မာဂဓီက ပီပီသသ အသရနဲ့ပြတော့ နောက်ဆုံးစာလုံးဟာ သူတို့က အသတ်ကလေးလို့ ဒီလို ထားတယ်။ ဒါကြောင့် တမ္ဗရကူဋ္ဌ၊ ကူးဋ္ဌ၊ ကူးဋ္ဌ တသန်လျှင်းချိတ်ကလေး က အသံထက်ဝက်ပဲ ထွက်တယ်။ အဲဒါ တမ္ဗရကူဋ္ဌ၊ တမ္ဗရကူဋ္ဌ၊ အဲဒီကနေပြီး အဲဒီတမ္ဗရကူဋ္ဌ–က နေပြီးလာခဲ့တာ၊ ဘုန်းကြီးတို့ ဒီအင်္ဂလိပ်ကျတော့ တီပကို ဟုတ်လား၊ ဂျပန်ကျတော့ တိုပါကို။ ဆိုလိုတာက ဝေါဟာရဟာ တဖြည်း တဖြည်း တဖြည်း တဖြည်းပေါ့လေ–အဲဒီလို ပြောင်းလာကြ တယ်။ အခုလဲပဲ ဒကာကြီးတို့ မင်းကွန်းတောင်ရိုးမှာပေါ့လေ။ ရဟန်းရှင်လူ စေတီတွေအဆူဆူ မီးလင်းအောင် ဒကာကြီးတို့လက်ထက်မှာ နေ့ချင်းညချင်း၊ နေ့ချင်းညချင်းပေါ့လေ။ ဂရုတစိုက် စီမံပေးတဲ့အတွက် ဂျပန်ပြော အာရီဂတ်တော။ ပါဠိလိုပြောရင် အဓိကာရော။ လွန်လွန်ကြူးကြူး ထူးထူးကဲကဲ ကျေးဇူးပြုပါပေတယ်။ ဘုန်းကြီးများ ကျေးဇူးတင်စကား ပြောပါတယ်။ ဒါအပိုင်း တစ်ပိုင်း။

ဒုတိယတစ်ပိုင်း ပြောလိုတာက ဒီနေ့စဉ်၊ နေ့စဉ် သတင်းစာကို ဖတ်တိုင်း ဖတ်တိုင်း ဒကာကြီး များ မြင်နေရတယ်။ အခုတော့ လူကိုယ်တိုင် ဆရာဒကာ အသေအချာ တွေ့ရတယ်။ အထူးသဖြင့် တစ်နေ့ကတုန်းက သံဃနာယကက နိုင်ငံတော်သံဃမဟာနာယက ဆရာတော်တွေနဲ့ ဆရာဒကာ စည်းဝေးကြတော့ ဒကာကြီးပြောတဲ့စကားတွေကို ဘုန်းကြီးများ ဂရုတစိုက် နားထောင်၊ ဂရုတစိုက် ဖတ်၊ ဖတ်တော့စိတ်ထဲမှာ ဩော်–ဒကာကြီးဦးစောမောင် ပြောတဲ့စကားတွေဟာ စာထဲက ဘဒ္ဒေက ရတ္တသုတ္တန်လို့ ရှိတယ်။ ဘုန်းကြီးတို့ ဥပရိပဏ္ဏာသ ပါဠိတော်မှာ ဘဒ္ဒေကရတ္တသုတ္တန်လို့ ရှိတယ်။ အဲဒီသုတ္တန်ကလာတဲ့တရားနဲ့ ညီလိုက်လေလို့ ဘုန်းကြီးစိတ်ထဲမှာ အောက်မေ့တယ်၊ အောက်မေ့ တယ်။ ဘဒ္ဒေကရတ္တသုတ္တန်ဆိုတာက တရားဂါထာရင်း အကျဉ်းချုပ် ပြောမယ်။

အတီတံ နာန္ဝာဂမေယျ၊ နပ္ပဋိကင်္ခေ အနာဂတံ။

ယဒတီတံ ပဟီနံ တံ၊ အပ္ပတ္တဉ္စ အနာဂတံ။

တစ်ဂါထာ၊ ဘဒ္ဒေကရတ္တကို ပြီးတော့ပြောမယ်နော်။ နောက်တော့ ပေါ်လာမယ်။

အတီတံ=အတိတ်လွန်လေပြီးသည်ကို။ နာန္ဝာဂမေယျ=လောဘနဲ့ မလိုက်နဲ့တဲ့၊ အတိတ်ကို ပြန်ပြီးတော့၊ အောက်မေ့ပြီးတော့ တစ်ခါတလေ သာယာတတ်တယ်။ ဟုတ်လား။ ငါအတိတ်က ဘယ်တုန်းက ဘယ်လိုဖြစ်ခဲ့တယ်ပေါ့။ သာယာတတ်တယ်။ အဲဒီလို အတိတ်ကို ပြန်ပြီးတော့ မသာယာနဲ့။ နပ္ပဋိကင်္ခေ အနာဂတံ=အနာဂတ်ဆိုတဲ့ နောက်ရက် နောက်လ နောက်နှစ်ကိုလဲပဲ

http://www.dhammadownload.com



လှမ်းပြီးတော့ ငါ့အနာဂတ်မှာ ဘယ်လိုဖြစ်ရမယ်ဆိုပြီးတော့ မတောင့်တနဲ့တဲ့။ အနာဂတ်ကို သာယာတဲ့ တောင့်တတဲ့လောဘကို မရှိပါစေနဲ့။ ဘာကြောင့်လဲဆိုတော့ "ယဒတီတံ ပဟီနံတံ၊ အပ္ပတ္တဉ္စ အနာဂတံ"၊ အတိတ်ဆိုတာတဲ့၊ ကဲ-ပြီးပြီးတဲ့၊ ဘာမှ မရှိဘူး။ အဲဒီဥစ္စာကို ပြန်ပြီးတော့ သာယာမနေနဲ့၊ တစ်ခု။ အပ္ပတ္တဉ္စ အနာဂတံ=အနာဂတ်ဆိုတဲ့ နောက်ရက် နောက်လ နောက်နှစ်က လဲပဲ မရောက်သေးဘူး။ ဖြစ်ချင်ရာဖြစ်မှာ ဒီတော့ အနာဂတ်ကိုလဲ တွေးပြီးတော့ မတောင့်တနဲ့။

ပစ္စုပ္ပန္နဉ္စ ယော ဓမ္မံ၊ တတ္ထ တတ္ထ ဝိပဿတိ။
အသံဟိရံ အသံကုပ္ပံ၊ တံ ဝိဒွါ မနုဗြူဟယေ။

ပစ္စုပ္ပန်လောလောဆယ်မှာ ဖြစ်တိုင်း ဖြစ်တိုင်းသော တရားတွေကို ဘုရားဟောကတော့ ဝိပဿနာရှုတယ်။ ဝိပဿနာရှုဆိုတာ ဖြစ်တိုင်းဖြစ်တိုင်းသော ရုပ်နာမ်တရားတွေဟာ သေသေချာချာ စဉ်းစားကြည့်လေ။ ဒီပြင်အဝေး မစဉ်းစားနဲ့။ ဘုန်းကြီးအခုပြောတဲ့ အသံလေးတွေကို စဉ်းစားပါ။ တစ်သံပြီးတစ်သံ၊ တစ်သံပြီးတစ်သံ၊ ဒီလိုပြောင်းကတည်းက နောက်တစ်သံ နောက်တစ်သံဖြစ်ရင် ရှေးအသံ ရှေးအသံတွေဟာ တစ်ခါတည်း ချုပ်သွားတယ်။ အဲဒါကို ပြောတာ။

ပစ္စုပ္ပန္နဉ္စ ယော ဓမ္မံ၊ ယော=အကြင်ပုဂ္ဂိုလ်သည်။ ပစ္စုပ္ပန္နံ=ပစ္စုပ္ပန်ဖြစ်တဲ့။ ဓမ္မံ=ရုပ်နာမ်တရားကို။ တတ္ထ တတ္ထ=ထိုထို ပြုတိုင်းပြုတိုင်းသော ကိစ္စတို့၌။ ဝိပဿတိ=သြော် ချုပ်ကုန်ပါသကော။ ပျက်ကုန်ပါသကောလို့ အနိစ္စ ဒုက္ခ အနတ္တ ဝိပဿနာတင်ရှု၏။ အသံဟိရံ အသံကုပ္ပံ=ဒီပစ္စုပ္ပန်တရားပေါ်မှာ တဏှာနဲ့ ဒိဋ္ဌိသနဲ့ ဘုန်းကြီးတို့ မလိုက်တဲ့။ တံ ဝိဒွါ မနုဗြူဟယေ=ထိုဝိပဿနာ အလုပ်ကို ပွားပါတဲ့။ လိုရင်းကတော့ ပစ္စုပ္ပန်တရားကိုလဲပဲ မသာယာ မတပ်မက်ဘဲနဲ့ အနိစ္စ ဒုက္ခ အနတ္တပါတကားလို့ အဲဒီလို ဝိပဿနာနှလုံး သုံးပါး ပွားပါ။ အဝေးကြီး မပွားနိုင်ရင် ကိုယ်ပြောတဲ့စကားကို ဥပမာ-ဩကာသ၊ (ကာ)ကျတော့ (ဩ)ရှိသေးလား၊ မရှိဘူး။ (သ)ကျတော့ (ကာ)မရှိဘူး။ နောက် ဩကာသရွတ်တော့ နောက်ဒုတိယ (ဩ)ရောက်တော့ ပထမ(သ)မရှိတော့ဘူး။ အဲဒီလို တစ်လုံးပြီးတစ်လုံး တစ်လုံးချုပ်မှ တစ်လုံးပေါ်တော့ နောက်က အသံပေါ်တိုင်း ပေါ်တိုင်း ရှေးရှေးအသံတွေဟာ ချုပ်ကုန်တယ်။ အဲဒါ ဝိပဿနာရှုပါလို့။ အဲဒါကို ပညာရှိပုဂ္ဂိုလ် ဆိုလို့ရှိရင် နှလုံးသားမှာ ပွားများပါ။

မြတ်စွာဘုရားက -

ဇဝံ ဝိဟာရိံ အာတာပိ၊ အဟောရတ္တမတန္ဒိတံ။
တံ ဝေ "ဘဒ္ဒေကရတ္တော"တိ၊ သန္တော အာစိက္ခတေ မုနိ-တဲ့။
အဇ္ဇေဝ ကိစ္စမာတပ္ပံ၊ ကော ဇညာ မရဏံ သုဝေ။
န ဟိ နော သင်္ဂရံ တေန၊ မဟာသေနေန မစ္စုနာ။

http://www.dhammadownload.com



အဇ္ဇေဝ=ယနေ့ပင်လျှင်။ အာတပ္ပံ=မိမိပြုရမယ့် ကိစ္စကို။ ကိစ္စံ=မိမိပြုသင့်တဲ့ ပြုရမယ့်အလုပ်ကို ချက်ချင်းပြုအပ်၏။ လုပ်ရမယ့်အလုပ်ကို ကနေ့ပဲလုပ်ပါ။ မနက်ဖြန်သန်ဘက် ရက်ဆွဲမထားပါနဲ့။ ဘာကြောင့်လဲဆိုတော့–သုဝေ မရဏံ=မနက်ဖြန် သန်ဘက် တစ်ရက်ရက်မှာ ဆက်ဆက်ဧကန် သေလိမ့်မယ် ငါ မှန်တယ်လို့။ ကော ဇညာ=မည်သူတစ်ဦးတစ်ယောက်မှ မြင်ထိုးဖောက်၍ မသိနိုင်ဘူး။ မနက်ဖြန်သန်ဘက် တစ်ရက်ရက် ဘယ်ရက် သေမယ်လို့ ငါတို့ ဘယ်သူမှ မသိနိုင်ဘူး။

အဇ္ဇေဝ ကိစ္စမာတပ္ပံ၊ ကော ဇညာ မရဏံ သုဝေ။

န ဟိ နော သင်္ဂရံ တေန၊ မဟာသေနေန မစ္စုနာ။

နော=ငါတို့အဖို့။ မဟာသေနေန=ဇရာ ဗျာဓိ ဖြာရောဂါတည်းဟူသော စစ်သည်ဗိုလ်ပါ များလှစွာ သော။ မစ္စုနာ=သေမင်းနှင့်။ သင်္ဂရံ=အချိန်းအချက် စာချုပ်စာတမ်း စာရွက်နဲ့ လက်ဆောင်တံစိုး ထိုး၍ ထားခြင်းသည်။ န ဟိ=တစိုးတစိ မည်သူမှ မရှိဘူးတဲ့။ နက်ဖြန် သေမယ်၊ သန်ဘက် သေမယ်၊ အဲဒီလို လက်ဆောင်ပေးထားတာလဲ သေခြင်းတရားနဲ့ အချိန်းအချက်လဲ မရှိဘူး။ ပြီးတော့ စာချုပ်စာတမ်း စာရွက်လည်း မရှိဘူး။ အဲဒါကြောင့်မို့လို့ "အဇ္ဇေဝ ကိစ္စမာတပ္ပံ" ကနေ့ပဲ သမ္မပ္ပဓာန် လုံ့လဝီရိယကို ပြုပါတဲ့။

မြတ်စွာဘုရားက "ဧဝံ ဝိဟာရိံ အာတာပိံ၊ အဟောရတ္တမတန္ဒိတံ" အခုပြောတဲ့အတိုင်း နေ့နေ့ ညဥ့်ညဥ့် သတိနဲ့နေတဲ့။ သမ္မပ္ပဓာန် လုံ့လ ဝီရိယအရှင်ဖြစ်တဲ့ ပုဂ္ဂိုလ်ကို "တံ ဝေဘဒ္ဒေကရတ္တောတိ၊ သန္တော အာစိက္ခတေ မုနိ" အဲဒီ ပုဂ္ဂိုလ်ကိုတဲ့။ သန္တော=နှလုံးအေးချမ်းသော။ မုနိ=တရားကိုသိသော။ ဘဒ္ဒေကရတ္တောတိ=တစ်ညဥ့်လုံး ကောင်းခြင်းဂုဏ်နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဟူ၍။ အာစိက္ခတေ=ပြော ကြားရမယ်တဲ့။

အဲဒီ ဘဒ္ဒေကရတ္တသုတ်ကို ဒကာကြီးပြောတဲ့ နိုင်ငံတော်သံဃမဟာနာယက အစည်းအဝေးမှာ ဒကာကြီးပြောတဲ့လျှောက်တဲ့ စကားတွေ ဘုန်းကြီးအပိုဒ်တိုင်း အပိုဒ်တိုင်း ဂရုတစိုက် ကိုယ်တိုင် ဖတ်ကြည့်တယ်။ သြော် ... ဒကာကြီးဟာ ဘဒ္ဒေကရတ္တပုဂ္ဂိုလ်ပါတကား။ အမှန်တော့ ဘာပဲပြော ပြော။ ဒကာကြီးကို ဘဒ္ဒေကရတ္တပုဂ္ဂိုလ်ဖြစ်အောင် မိမိကျင့်သုံးရာကို ဝမ်းမြောက်ပါလို့ အဲဒီလို ဘုန်းကြီးများ အနုမောဒနာ ဝမ်းမြောက်စရာ စကားပြောပါတယ်နော်။ ဝမ်းမြောက်ပါ။ ဒကာကြီး ပြောတဲ့စကားတွေဟာ ဝမ်းမြောက်စရာ ကောင်းတဲ့အကြောင်း ပြောပြီးပြီ။ ယမန်နေ့ညတုန်းက ယမန်နေ့ နေ့လယ်က ဒကာ ဦးထွန်းကြည်နဲ့ ဒီ နိုင်ငံတော် ဩဝါဒါစရိယ အဘိဇမဟာရဋ္ဌဂုရု မိုးကောင်းဆရာတော်ဘုရားကြီးနဲ့ အားလုံးဆောင်ရွက်ကြတဲ့ သပိတ်ကိစ္စ အေးငြိမ်းသွားလိုက်တော့ ဘုန်းကြီးများ ညတုန်းက တစ်ခါတည်း ဖြုန်းခနဲဆို အိပ်မပျော်ဘူး၊ ဝမ်းသာလွန်းလို့၊ ဝမ်းသာလွန်း လို့။ ဒီလို အေးအေးချမ်းချမ်းနဲ့ ဒီလိုသပိတ်ကိစ္စပြီးသွားတာကို ဝမ်းသာလွန်းလို့။ ဘုန်းကြီး ဒီသပိတ်နဲ့ပတ်သက်ပြီးတော့ ဒကာကြီး ဦးထွန်းကြည် ဘုန်းကြီးကို လာလျှောက်တယ်။ လျှောက်

http://www.dhammadownload.com



တုန်းက ဘုန်းကြီးပြောတဲ့အတိုင်း အခု ဒကာကြီး ဦးထွန်းကြည်ဟာ ပြေပြေပြစ်ပြစ်ဖြစ်အောင် ဆောင်ရွက်ပါတကားလို့ ညတုန်းက ဒကာကြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်ပါတယ်နော်။

အဲဒါကြောင့် ဒီသပိတ်ကို အကြောင်းပြု၍ဖြစ်တဲ့ အခု ဘုန်းကြီးပြောမယ့်ဟာတွေ သပိတ်ကို အကြောင်းပြု၍ဖြစ်တဲ့ ဖြတ်လေးဖြတ်တွေကို တဖြည်းဖြည်း ဒါတွေကို ပယ်ပါတော့။ နိုင်ငံတော် အစိုးရမှာ ဒိုပြင်ဒိုပြင် ဒိုပြင်ကိစ္စတွေ အများကြီး ရှိနေပါတယ်နော်။ အဲဒါကြောင့် ဒီသပိတ်ကို အကြောင်း ပြု၍ဖြစ်တဲ့ ဖြတ်လေးဖြတ်ကို တဖြည်းတဖြည်းပေါ့ဗျာ။ မြန်ချင်လဲမြန်ပါ။ ဒါတွေကို ဘုန်းကြီးတို့ ရုပ်သိမ်းပါတော့လို့ အလေးအနက် ဘုန်းကြီးများ တောင်းပန်ပါတယ်နော်။ အလေး အနက် မေတ္တာရပ်ခံပါတယ်။ ဖြတ်လေးဖြတ်ကို ရုပ်သိမ်းဖို့ပြောတာ။ တိုင်းပြည်အုပ်ချုပ်တာ ဘုန်းကြီးတို့ ဘာမှ မပြောဘူး။

ဒီကနေ့ ကမ္ဘာ့နိုင်ငံတွေနဲ့ ကြည့်လို့ရှိရင် တိုင်းပြည်ကို ဤကဲ့သို့ အုပ်ချုပ်ရမှာ။ ဤဒကာကြီး တို့မို့လို့ ယနေ့ကမ္ဘာနဲ့တိုင်းပြည်မှာ ကောင်းကောင်းအုပ်ချုပ်နိုင်တာ။ ဒိုပြင်ပုဂ္ဂိုလ် အုပ်ချုပ်ဖို့ မလွယ်ဘူးနော်။ အဲဒါကြောင့် ဒီဖြတ်လေးဖြတ်ဆိုတဲ့ ဥစ္စာကိုတော့ ဒါက သပိတ်ကို အကြောင်းပြု၍ ဖြစ်ရတာမဟုတ်လား။ ကျုပ်ဒကာကြီးဦးထွန်းကြည်တို့ ဟုတ်လား။ အဲဒါကြောင့် ဒီသပိတ်ကို အကြောင်းပြု၍ ဖြစ်ရတဲ့အကျိုး၊ အဲဒါ အကြောင်းဖြစ်တဲ့ သပိတ်ငြိမ်းသွားတယ်။ ငြိမ်းရင် အဲဒီ သပိတ်ကို အကြောင်းပြု၍ ဖြစ်တဲ့ ဖြတ်လေးဖြတ်ဟာ ငြိမ်းပါစေတော့ (ဝါ) ဖြတ်လေးဖြတ်ကို လွှင့်ပစ်လိုက်ပါ။ အစိုးရမှာ တာဝန်တွေပေါ့လေ ဒိုပြင်ဒိုပြင်တွေ အများကြီး ရှိပါတယ်။ ဆရာတော် ဘုရားတွေဟာ မိမိမိမိတို့ရဲ့ တပည့်တွေကို ဆုံးမပါလိမ့်မယ်နော်။ ဆုံးလဲဆုံးမလျက် ရှိပါတယ်။ အဲဒါကြောင့် ဒါ ဘုန်းကြီးများပြောတဲ့ ဩဝါဒကထာ ဒေသနာနိဂုံး ဘဒ္ဒေကရတ္တသုတ္တန်ဆိုတဲ့ တရားဒေသနာနိဂုံး ဤမှာပင် ကမ္ပတ်ဖုံးအပ်ပါတယ် ဒါယကာ ဒါယိကာမအပေါင်း သူတော် ကောင်းတို့။

သာဓု ... သာဓု ... သာဓု။

http://www.dhammadownload.com



နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီး၏အကျိုးတော်ဆောင်
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု
ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ မင်းကွန်းဆရာတော်ဘုရားကြီး၏
ဩဝါဒကထာ

# ဘောဇနသုတ္တန်တရားတော်

၁၉၉၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့ နံနက် ၆ နာရီက ကာကွယ်ရေးဝန်ကြီးဌာန ခန်းမဆောင်သစ်ကြီး၌ ကျင်းပသည့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးစောမောင်နှင့် အဖွဲ့ဝင်များ၏ နိုင်ငံတော်ဩဝါဒါစရိယနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ဘုရားကြီးများအား နံနက် အရုဏ်ဆွမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည့် အခမ်းအနား၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ မင်းကွန်းဆရာတော်ဘုရားကြီး ဟောကြားတော်မူသော ဘောဇနသုတ္တန်တရားတော်မှာ အောက်ပါအတိုင်းဖြစ်သည်။

ပရိတ်နာကြားပြီးတော့ နောက်တစ်ခု အနုမောဒနာ ဘောဇနသုတ်လို့ သုတ္တန်တစ်ခု နာယူမှတ်သား ဝမ်းမြောက်ကြရအောင်။ ဘောဇနံ ဘိက္ခဝေ ဒဒမာနော ဒါယကော ပဋိဂ္ဂါဟကာနံ ပဉ္စဌာနာနိ ဒေတိ=ရပာန်းတို့ ...၊ ဆွမ်း ခဲဖွယ် ဘောဇဉ် လှူတဲ့ ဆွမ်းဒါယကာသည် အလှူခံပုဂ္ဂိုလ်တို့အား ငါးမျိုးငါးဌာနတို့ကို လှူတာဖြစ်တယ်။ ကတမာနိ ပဉ္စ=ငါးမျိုး ဘာတွေ ဘာတွေလဲဆိုရင် (တစ်)အာယုံ ဒေတိ၊ အာယုဒါန=အသက်အလှူကို လှူတာဖြစ်တယ်။ (နှစ်)ဝဏ္ဏံ ဒေတိ၊ ဝဏ္ဏဒါန=အဆင်းအလှူကို လှူတာဖြစ်တယ်။ (သုံး)သုခံ ဒေတိ၊ သုခ ဒါန=ချမ်းသာသုခအလှူကို လှူတာဖြစ်တယ်။ (လေး)ဗလံ ဒေတိ၊ ဗလဒါန=ခွန်အားဗလ အလှူကို လှူတာဖြစ်တယ်။ (ငါး)ပဋိဘာနံ ဒေတိ၊ ပဋိဘာနလို့ ခေါ်တဲ့ ပညာအလှူဒါန၊ အသိဉာဏ်ပညာအလှူကို လှူတာဖြစ်တယ်။ ဘာ့ကြောင့်လဲဆိုတော့ ဆွမ်းခဲဖွယ်ဘောဇဉ်သည် အာယု၊ ဝဏ္ဏ၊ သုခ၊ ဗလ၊ ပညာ ဒီအကျိုးငါးပါးကို လမဆိုင်း နှစ်မဆိုင်း ဘဝမဆိုင်းဘဲနဲ့ ကနေ့စား ကနေ့ဒီအကျိုးငါးပါးကို ချက်ချင်းဖြစ်စေတယ်။ ဒါကြောင့် အကြောင်းဖြစ်တဲ့ ဆွမ်းခဲဖွယ်ဘောဇဉ်ကို လှူရင် အကျိုးဖြစ်တဲ့ အာယု၊ ဝဏ္ဏ၊ သုခ၊ ဗလ၊ ပညာ အကျိုးငါးပါး လှူတာဖြစ်တယ်လို့ စာအခေါ် ဖလူပစာ ဒေသနာနည်းအားဖြင့် မြတ်စွာဘုရား ဟောကြားခြင်း ဖြစ်ပါတယ်။ မကျဉ်းမကျယ် အဓိပ္ပာယ် နားလည်ကြည့်ရအောင်။

http://www.dhammadownload.com



(တစ်) အာယုဒါန=ဒီခန္ဓာကိုယ်မှာ ကံကြောင့်ဖြစ်တဲ့ ရုပ်တွေ၊ စိတ်ကြောင့်ဖြစ်တဲ့ ရုပ်တွေ၊ ဥတုကြောင့်ဖြစ်တဲ့ မပုပ်မသိုးသော ဥပါဒိန္နက ဥတုဇရုပ်တွေ၊ အာဟာရကြောင့်ဖြစ်တဲ့ ရုပ်တွေ၊ ဒီရုပ်လေးမျိုးနဲ့ ဝတ္ထုအာရုံကြောင့်ဖြစ်တဲ့ စိတ်စေတသိက် နာမ်ရုပ်တရားတွေ၊ ဒီရုပ်နာမ်နှစ်ပါး အသက် ၁၀၀ တမ်းမှာ အနှစ်တစ်ရာတိုင်တိုင် ဆက်ကာဆက်ကာ ဖြစ်ပွားနေခြင်းကို အသက်ရှည်တယ်လို့ ခေါ်တယ်နော်။ ၁၀ နှစ် သန္တာန်ဆက်ရင် ၁၀ နှစ်အသက်ရှည်တယ်။ အနှစ် ၂၀ သန္တာန်ဆက်ရင် အနှစ် ၂၀ အသက်ရှည်တယ်လို့ ပြောရတယ်။ အသက် ၃၀၊ ၄၀၊ ၅၀၊ ၆၀၊ ၇၀၊ ၈၀၊ ၉၀ သန္တာန်ဆက်ရင် အနှစ် ၃၀ အသက်ရှည်တယ်။ အနှစ် ၄၀ အသက်ရှည်တယ်။ အနှစ် ၅၀၊ အနှစ် ၆၀၊ အနှစ် ၇၀၊ အနှစ် ၈၀ အသက်ရှည်တယ်။ အနှစ် ၉၀ အသက်ရှည်တယ်လို့ ဒီလို ပြောရတယ်။ အဲဒီလို အသက်ရှည်အောင် ဘယ်သူကျေးဇူးပြုပေးတုန်းဆိုတော့ နေ့စဉ်နေ့စဉ် စားသုံးတဲ့ ဒီ ဆွမ်းခဲဖွယ်ဘောဇဉ် အဟာရ–က ကျေးဇူးပြုပေးတယ်။

သူက ကျေးဇူးပြုပေးတာ ထင်ရှားအောင်၊ သိသာအောင် စဉ်းစားကြည့်ချင်ရင် ခုနစ်ရက်လောက် အစာမစားဘဲဖြတ်ကြည့်။ လူ့စကား ထမင်းအသက် ခုနစ်ရက်လို့ လူ့စကား လူ့ဝေါဟာရရှိတယ်။ အင်မတန် အသက်ပြင်းတဲ့ ဦးဝိစာရ၊ ဦးဥတ္တမတို့ကျတော့ ခုနစ်ရက် နှစ်ပတ်လောက် သူတို့ အသက်ရှည်တယ် ပြောပါတယ်။ ဒါကြောင့် ခုနစ်ရက် တစ်ပတ်၊ သို့မဟုတ် ခုနစ်ရက် နှစ်ပတ်၊ ဒီခန္ဓာကိုယ်မှာ ဆွမ်းခဲဖွယ်ဘောဇဉ် ထည့်မပေးဘဲထားရင် အဲဒီရှိရင်းစွဲ ကံကလဲပဲ ကမ္မဇရုပ်ကို မဖြည့်ဆည်းနိုင်တော့ဘူး။ စိတ်ကလဲပဲ စိတ္တဇရုပ်ကို၊ မဖြည့်ဆည်းနိုင်တော့ဘူး။ ဥတုကလဲ ရှိပေမယ်လို့ ဆွမ်းခဲဖွယ်ဘောဇဉ် အထောက်အပံ့ မရသည်ဆိုတော့ သူကလဲပဲ မပုပ်မသိုးတဲ့ ဥပါဒိန္နက ဥတုဇရုပ်ကို သူကလည်း မဖြည့်ဆည်းနိုင်တော့ဘူး။ ပြီးတော့ ဒီခန္ဓာကိုယ်မှာ ရုပ်ကလာပ်တိုင်း ရုပ်ကလာပ်တိုင်းမှာပါတဲ့ ဩဇာကို အတွင်းအာဟာရလို့ခေါ်တယ်။ အဲဒီ အတွင်းအာဟာရ ဟာလဲပဲ အပြင်ဘက်က ကဗဠီကာရ အာဟာရလို့ ခေါ်တဲ့ ဆွမ်းခဲဖွယ် အထောက်အပံ့မရတော့ သူကလဲ အာဟာရဇရုပ်ကို မဖြည့်ဆည်းနိုင်တော့ဘူး။

တစ်ခါ ဝတ္ထုအာရုံလို့ခေါ်တဲ့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်၊ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ ဓမ္မသဘောဆိုတဲ့ ဒီအာရုံ၊ ဒီဒွါရ၊ ဒီတရားတွေကလဲပဲ အပြင်ဘက်က ဆွမ်းခဲဖွယ်ဘောဇဉ် အထောက်အပံ့မရရင် သူတို့ကလဲပဲ စိတ်စေတသိက်ဆိုတဲ့ နာမ်တရားကို မဖြစ်စေနိုင်တော့ဘူး။ အဲဒီလို မဖြစ်စေနိုင်တဲ့အတွက် ကမ္မဇရုပ်၊ စိတ္တဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ်ဆိုတဲ့ ရုပ်လေးမျိုးနဲ့ စိတ်စေတသိက်ဆိုတဲ့ နာမ်တရား၊ ဒီခန္ဓာကိုယ်မှာ အဖြစ်ရပ်ပြီးတော့ နေ့ချင်း ညချင်း ပုပ်တတ်တဲ့ အနုပါဒိန္နက ဥတုဇရုပ်တစ်မျိုးတွင် သန္တာန်ဆက်၍ ဖြစ်နေခြင်းကို လောကဝေါဟာရ သေတယ်လို့ ခေါ်တယ်။ အဲဒီလို မသေအောင် ဘယ်သူကျေးဇူးပြုပေးတုန်း၊ စောစောကပြောတဲ့အတိုင်း ဆွမ်းခဲဖွယ်ဘောဇဉ်က ကျေးဇူးပြုပေးလို့ ဆွမ်းခဲဖွယ်ဘောဇဉ်လှူရင်

http://www.dhammadownload.com



အာယုဒါန အသက်အလှူကို လှူတာဖြစ်တယ်လို့ မြတ်စွာဘုရားဟောကြားခြင်း ဖြစ်ပါတယ်။

(နှစ်) ဝဏ္ဏဒါန၊ ဒီခန္ဓာကိုယ်မှာ ဆွမ်းခဲဖွယ်ဘောဇဉ် ထည့်မပေးဘဲထားရင် ဆာလောင်မွတ်သိပ်ခြင်း နှိပ်စက်တယ်လို့ ရုပ်ပျက်ဆင်းပျက် ဖြစ်ရတယ်။ ဒီအချိန်မှာ သပ္ပါယဖြစ်တဲ့ ဆွမ်းခဲဖွယ်ဘောဇဉ် ထည့်ပေးရင် တစ်လုတ်ထည့် ထည့်မှန်းသိလို့ ကြည်လင်သန့်ရှင်းတဲ့ ရုပ်အဆင်းတွေ တရိပ်ရိပ်ဖြစ်လာတယ်။ ဘေးကရုပ်ကြည့်လဲ သိနိုင်တယ်။ ကိုယ်တိုင်စဉ်းစားကြည့်လဲ သိနိုင်တယ်။ ဒါကိုပြင်သဖြင့် ဆွမ်းခဲဖွယ်ဘောဇဉ်သည် ကြည်လင်သန့်ရှင်းသော ရုပ်အဆင်းကို ချက်ချင်းဖြစ်စေတတ်လို့ ဆွမ်းခဲဖွယ်ဘောဇဉ်လှူရင် အဆင်းဒါန၊ ဝဏ္ဏဒါန အလှူကို လှူတာဖြစ်တယ်လို့ မြတ်စွာဘုရား ဟောတော်မူခြင်း ဖြစ်ပါတယ်။

(သုံး) သုခဒါန၊ ဒီခန္ဓာကိုယ်မှာ သပ္ပါယဖြစ်တဲ့ ဆွမ်းခဲဖွယ်ဘောဇဉ် ထည့်မပေးဘဲထားရင် ဆာလောင်မွတ်သိပ်ခြင်းဆိုတဲ့ ဆင်းရဲဒုက္ခ၊ ဆာလောင်မွတ်သိပ်ခြင်းကိုက ဒီဆင်းရဲဒုက္ခနော်။ အဲဒီလို ဆာလောင်မွတ်သိပ်ခြင်းဆိုတဲ့ ဆင်းရဲဒုက္ခပဲ ဆက်ကာဆက်ကာ ဖြစ်နေမယ်။ အဲဒီအချိန်မှာ သပ္ပါယဖြစ်တဲ့ ဆွမ်းခဲဖွယ်ဘောဇဉ် ထည့်ပေးရင် ဆာလောင်မွတ်သိပ်ခြင်းဆိုတဲ့ ဆင်းရဲဒုက္ခဝေဒနာ၊ အခံခက်တဲ့ ဒုက္ခဝေဒနာအဖြစ် ရပ်ပြီးတော့ ဒုက္ခဝေဒနာ နေရာမှာ သက်သာမှုဆိုတဲ့ သုခဝေဒနာတွေ သန္တာန်ပြောင်းပြီး ဖြစ်လာတယ်။ သို့ရကား ဆွမ်းခဲဖွယ်သည် သက်သာမှု သုခဝေဒနာကို ချက်ချင်း ဖြစ်စေတယ်လို့ ဆွမ်းခဲဖွယ်ဘောဇဉ်လှူရင် သုခဒါနအလှူကို လှူတာဖြစ်တယ်လို့ မြတ်စွာဘုရား ဟောတော်မူခြင်း ဖြစ်ပါတယ်။

(လေး) ဗလဒါန၊ ဒီခန္ဓာကိုယ်မှာ သပ္ပါယဖြစ်တဲ့ ဆွမ်းခဲဖွယ်ဘောဇဉ် ထည့်မပေးဘဲထားရင် နေရင်းထိုင်ရင်း လူဟာ အားအင်ဗလ လျော့သွားတယ်။ ထိုအချိန်မှာ သပ္ပါယဖြစ်တဲ့ ဆွမ်းခဲဖွယ်ဘောဇဉ် ထည့်ပေးရင် တစ်လုတ်ထည့် ထည့်မှန်းသိသိ၊ ဝါယောဓာတ် အင်အားတောင့်တင်းခိုင်မာတဲ့ ဗလရုပ်တွေ တရိပ်ရိပ်ဖြစ်ပွားလာတယ်။ ကိုယ်တိုင်စဉ်းစားကြည့်မှ ပိုပြီးသိပါတယ်။ သို့ရကား ဆွမ်းခဲဖွယ်ဘောဇဉ်သည် ဝါယောဓာတ်အင်အား တောင့်တင်းခိုင်မာတဲ့ ဗလရုပ်ကို ချက်ချင်းဖြစ်စေတတ်လို့ ဆွမ်းခဲဖွယ်ဘောဇဉ်လှူရင် ဗလဒါနအလှူ လှူတာဖြစ်တယ်လို့ မြတ်စွာဘုရား ဟောတော်မူခြင်း ဖြစ်ပါတယ်။

(ငါး) ပညာဒါန ဒီခန္ဓာကိုယ်မှာ သပ္ပါယဖြစ်တဲ့ ဆွမ်းခဲဖွယ်ဘောဇဉ် ထည့်မပေးဘဲထားရင် ဆာလောင်မွတ်သိပ်ခြင်းဆိုတဲ့ ဆင်းရဲဒုက္ခပဲ သန္တာန်ဆက်ကာဆက်ကာ အဆက်မပြတ် ဖြစ်နေမယ်။ ဒီဆင်းရဲဒုက္ခဝေဒနာနဲ့ လောကီ ဝိပဿနာ ပညာ၊ လောကုတ္တရာ မဂ်ဖိုလ်ပညာ၊ ဒီပညာနှစ်ပါးဟာ ဘယ်တော့မှတွဲပြီး မဖြစ်ဘူး။ ဆင်းရဲဒုက္ခဝေဒနာနဲ့ ဒီပညာဟာ မတွဲဘူး။ သပ္ပါယဖြစ်တဲ့ ဆွမ်းခဲဖွယ်ဘောဇဉ် မှီဝဲသုံးစွဲရတော့ ဆာလောင်မွတ်သိပ်ခြင်းဆိုတဲ့ ဆင်းရဲဒုက္ခငြိမ်းပြီးတော့ ခံသာမှု၊ နေသာမှု၊ သက်သာမှုဆိုတဲ့ သုခဝေဒနာတွေ တရိပ်ရိပ် ဖြစ်ပွားလာတယ်။ ထိုအခါမှာ

http://www.dhammadownload.com



တရားနှလုံး ကျင့်သုံးလို့လဲ အလွယ်တကူ ဝိပဿနာဉာဏ်တွေ ဖြစ်တယ်။ ဝိပဿနာဉာဏ်မှာ ကျေးဇူးပြုလို့ လောကုတ္တရာ မဂ်ဉာဏ် ဖိုလ်ဉာဏ်များလဲ အလွယ်တကူ ဖြစ်ပါတယ်။ ဒါကြောင့် ဆွမ်းခဲဖွယ်ဘောဇဉ်သည် လောကီလောကုတ္တရာ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်များ လျင်မြန်စွာ ဖြစ်စေတတ်လို့ ဆွမ်း, ခဲဖွယ်, ဘောဇဉ်လှူရင် ပညာအလှူ ပေးလှူတာဖြစ်တယ်လို့ မြတ်စွာဘုရား ဟောတော်မူခြင်း ဖြစ်ပါတယ်။ တစ်ခါ မြတ်စွာဘုရားက အကျိုးတရားကို ဆက်ပြီးတော့ "အာယုံ ခေါ ပန ဘိက္ခဝေ ဒတွာ အာယုဿ ဘာဂီ ဟောထိ ဒိဗ္ဗဿ ဝါ မာနုဿဿ ဝါ" အစရှိသည်ဖြင့် ငါးချက်၊ ရဟန်းတို့ အာယုဒါနကြောင့် ဘဝအနေနဲ့ နတ်ပြည် လူ့ပြည်မှာဖြစ်ပြီးတော့ အသက်ရှည်ခြင်းအကျိုး၊ ဝဏ္ဏဒါနကြောင့် ဘဝအနေနဲ့ နတ်ပြည်လူ့ပြည်မှာ ဖြစ်ပြီးတော့ အဆင်းလှခြင်းအကျိုး၊ သုခဒါနကြောင့် ဘဝအနေနဲ့ နတ်ပြည် လူ့ပြည်မှာ ဖြစ်ပြီးတော့ ခွန်အားဗလအကျိုး၊ ပညာဒါနကြောင့် ဘဝအနေနဲ့ နတ်ပြည်လူ့ပြည်မှာ ဖြစ်ပြီးတော့ အသိဉာဏ်ပညာအကျိုးဟူ၍ ဟူ၍ ရတယ်။ အဲဒီလို မုချဧကန်ရမယ့် အာယု၊ ဝဏ္ဏ၊ သုခ၊ ဗလ၊ ပညာအကျိုးငါးပါးကို မိမိတို့က ရခွင့်ရှိသလောက်ရအောင် စဉ်းစားပြီးတော့ ဆုတောင်းရပါတယ်။ အာယုဒါနကြောင့် အသက်ရှည်ခြင်း အကျိုးရတယ်ဆိုတဲ့ နေရာမှာ လောကအသက်ဖြစ်တဲ့ ရုပ်ဇီဝိတ၊ နာမ်ဇီဝိတသန္တာန် ဆက်ရှည် အသက်ရှည်ခြင်း လောကအကျိုး၊ ဓမ္မအသက်က ဣဒ္ဓိပါဒ်လေးပါးကို တရားနယ်ပယ်မှာ အသက်လို့ ခေါ်တယ်။ ဓမ္မအသက်ဖြစ်တဲ့ ဣဒ္ဓိပါဒ်လေးပါး။ တရားအသက်နဲ့ အရဟတ္တဖိုလ်ပေါက်(ဝါ) အရဟတ္တဖိုလ် ဣဒ္ဓိပါဒ်လေးပါးတည်းဟူသော တရားအသက် အထွတ်အထိပ်ရောက် ပြည့်မြောက်တဲ့ကိုယ် ဖြစ်ရပါလိုကုန်၏လို့ ဆုတောင်းရပါမယ်။

ဝဏ္ဏဒါနကြောင့် လောကအဆင်းဖြစ်တဲ့ ရုပ် ၂၈ ပါးအပါအဝင် ဝဏ္ဏာယတနလို့ခေါ်တဲ့ ရုပ်အဆင်း တင့်တယ်လှပခြင်း၊ ဓမ္မအဆင်းက သီလအကျင့်ကို ဓမ္မအဆင်းလို့ ခေါ်တယ်။ ဓမ္မအဆင်းဖြစ်သော သီလအကျင့်မြတ် ပဋိပတ်နှင့် အရဟတ္တဖိုလ်ပေါက် (ဝါ) အရဟတ္တဖိုလ် သီလတည်းဟူသော ဓမ္မအဆင်း၊ အထွတ်အထိပ်ရောက် ပြည့်မြောက်တဲ့ကိုယ် ဖြစ်ရပါလိုကုန်၏လို့ ဆုတောင်းရပါမယ်။

သုခဒါနကြောင့် လောကီ ဝိပဿနာချမ်းသာ၊ လောကုတ္တရာ မဂ်ဖိုလ်ချမ်းသာ ဤချမ်းသာနှစ်ရပ်ကို အရဟတ္တဖိုလ်ပေါက် ပြည့်မြောက်တဲ့ကိုယ် ဖြစ်ရပါလိုကုန်၏လို့ ဆုတောင်းရပါမယ်။

ဗလဒါနကြောင့် လောကီခွန်အားဗလဖြစ်တဲ့ ဝါယောဓာတ် တောင့်တင်းခြင်း၊ ဗလရုပ်ကြီးမားမှုဆိုတဲ့ လောကအကျိုး၊ ဓမ္မခွန်အားဖြစ်တဲ့ သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ်၊ သတိဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ်၊ ဗိုလ်ငါးပါး အားကြီးငါးရပ်တို့နှင့် အရဟတ္တဖိုလ်ပေါက် (ဝါ) အရဟတ္တဖိုလ် ဗိုလ်ငါးပါး အထွတ်အထိပ်ရောက် ပြည့်မြောက်တဲ့ကိုယ် ဖြစ်ရပါလိုကုန်၏လို့ ဆုတောင်းရပါမယ်။

http://www.dhammadownload.com



ပညာဒါနကြောင့် လောကီဝိပဿနာပညာ၊ လောကုတ္တရာ မဂ်ဖိုလ်ပညာ၊ ဓမ္မဝိဋ္ဌာန်ကျကျ ဒိဝင်္ဂဆိုတဲ့ လူ့ဘဝ နတ်ဘဝတို့ သူ့ဘာသာသာသူ အကျိုးပေးပါစေ။ မိမိအနေနဲ့က ပညာ ဒါနကြောင့် လောကီဝိပဿနာပညာ၊ လောကုတ္တရာ မဂ်ဖိုလ်ပညာ ဤလောကီ လောကုတ္တရာပညာနှစ်ရပ်တို့နှင့် အရဟတ္တဖိုလ်ပေါက် (ဝါ) အရဟတ္တဖိုလ်ပညာရောက်အောင် ပြည့်မြောက်တဲ့ကိုယ်ဖြစ်ရပါလိုကုန်၏လို့ နှစ်မျိုး နှစ်မျိုး ဆုမွန်ကောင်း တောင်းရမည် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးအမှူးပြုတဲ့ လူကြီးမင်းများ ရေစက်ခွက်ကိုင်၍ မိမိတို့အလှူ သဏ္ဍစ္စမြောက်အောင် ရေစက်ချရပါမယ်။ ဝစီဒွါရ၌ ဒါနကောင်းမှုတွေ အောင်အောင်မြင်မြင် ဖြစ်အောင် နှုတ်က မြွက်ဆိုပြီးတော့ ယခုလှူရအောင်၊ ကာယဒွါရ၌ ဒါနကောင်းမှုကုသိုလ်တွေက ယမန်နေ့ကတည်းကိုက လက်လှုပ်တိုင်း ခြေလှုပ်တိုင်း ဈေးသွားစိမ်တိုင်း အားလုံးဖြစ်ခဲ့ပြီ။ မနောဒွါရဆိုတာကလဲပဲ မိမိတို့ တိုင်ပင်ကတည်းကိုက ဒီစိတ်တွေဝင်စားခဲ့လို့ မနောဒွါရ၌ ဆွမ်းဒါနကောင်းမှုကုသိုလ်ပေါ အကြိမ်ကြိမ်ဖြစ်ခဲ့ပြီ။ ယခုဝစီဒွါရ၌ ဒါနကောင်းမှုဖြစ်အောင် နှုတ်ကမြွက်ဆိုပြီးတော့ သဏ္ဍစ္စမြောက်အောင် ရေစက်ချရမယ်။ လိုအပ်တဲ့ဆုတောင်း တောင်းရပါ့မယ်၊ အမျှအတန်း ဝေရပါ့မယ်။

သာဓု ... သာဓု ... သာဓု။

http://www.dhammadownload.com



နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု
ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ မင်းကွန်းဆရာတော်ဘုရားကြီး၏
## မဇ္ဈိမ ပဋိပဒါ တရားတော်

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးစောမောင်သည် ၁၉၉၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့၊ ညနေ ၃ နာရီအချိန်က ရန်ကုန်မြို့ ဒဂုံမြို့နယ်၊ စကားဝါပင်လမ်းရှိ တိပိဋကအဘိဓဇကျောင်းတော်တွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ မင်းကွန်းဆရာတော်ဘုရားကြီးအား သွားရောက်ဖူးမြော်ကန်တော့ရာတွင် မင်းကွန်းဆရာတော်ကြီး မြွက်ကြားသော ဩဝါဒကထာ အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်သည်-

ကျုပ်ပြောမယ်၊ ကမ္ဘာပေါ်မှာ လက်ယာနဲ့လက်ဝဲ နှစ်မျိုးရှိတယ်။ လက်ဝဲဝါဒသမားများက ကျုပ်တို့ဘာတုန်း၊ စာအလိုပြောရင် ဥစ္ဆေဒဒိဋ္ဌိဆိုတဲ့ အာသယရှိတယ်။ အာသယဆိုတာ သမင်ကလေး တစ်နေ့လုံး အရှေ့ အနောက် တောင် မြောက် အစာရမယ်ထင်တဲ့ နေရာကိုသွား၊ အစာရှာရပ်နားရင်း သူ့ချုံပုတ်ကလေး ပြန်လာ၊ အဲဒီ ချုံပုတ်ကလေးဟာ သမင်ကလေးရဲ့ အာသယ။ ပါဠိလို မိဂအာသယ၊ သမင်ရဲ့ ကိန်းပျော်ရာ ချုံပုတ်ကလေး။ ထို့အတူပဲ ပုထုဇဉ်တို့ရဲ့ စိတ်ဓာတ်ကိန်းပျော်ရာ ချုံပုတ် အာသယ နှစ်မျိုးရှိတယ်။ (တစ်) ပညာအာသယ-က ရာခိုင်နှုန်း ၁၀ ယောက်လောက်ရှိတယ်။ အဲဒီပညာအာသယ သမားကလဲ ငါးယောက်က အနုလောမိကခန္တီဆိုတဲ့ ပညာအာသယရှိတဲ့ ပုဂ္ဂိုလ်က ဒီရုပ်နာမ်တရားဟာ ဘာကြောင့် ဖြစ်သလဲ၊ ဘာကြောင့်ဖြစ်တယ်၊ ဘာကြောင့်ဖြစ်တယ်၊ အကြောင်းအကျိုးကို ဆင်ခြင်စဉ်းစားတဲ့ဉာဏ်၊ အဲဒီဉာဏ်ကိုပဲ အချင်းချင်းလဲ ဆွေးနွေးတယ်။ ဖတ်လဲဖတ်တယ်။ ဆရာ့သမားလဲ လျှောက်တယ်။ ပြီးတော့ ယထာဘူတဉာဏ်ဆိုတဲ့ ဒီဉာဏ်က ဒီရုပ်နာမ်တရားတို့ရဲ့ အနိစ္စ ဒုက္ခ အနတ္တ ဖြစ်တာကို ဆင်ခြင်တဲ့ဉာဏ်၊ ဟိုဟာက အကြောင်းကို ဆင်ခြင်တဲ့ဉာဏ်၊ ဒီဟာ အနိစ္စ ဒုက္ခ အနတ္တ ဖြစ်တာကို ဆင်ခြင်တဲ့ဉာဏ်။ ဝိပဿနာရှုတဲ့ဉာဏ်၊ အဲဒီဉာဏ်ထဲမှာ အလုပ်ပြီးတယ်ဆိုလို့ရှိရင် အဲဒီဉာဏ်ထဲမှာ ရောက်သွားတဲ့လူက ငါးယောက်ထား။ လူ ၁၀၀ မှာ ၁၀ ယောက်က အခုပြောသလို ပညာအာသယ။ အဲဒီဉာဏ်ထဲမှာပဲ သူ့စိတ်ဟာ ကိန်းပျော်ရာ ချုံပုတ်ရှိတယ်။ အဲဒီဉာဏ်သည် သူ့စိတ်ရဲ့ ကိန်းပျော်ရာ ချုံပုတ်အာသယ။ ဟောဒီ ၉၀ မှာကတော့ ၄၅ ယောက်က သဿတဒိဋ္ဌိ အာသယ၊ ၄၅ ယောက်က ဥစ္ဆေဒဒိဋ္ဌိအာသယ။ သဿတဒိဋ္ဌိ ချုံပုတ်ထဲပျော်တာ ၄၅ ယောက်၊ ဥစ္ဆေဒဒိဋ္ဌိ ချုံပုတ်ထဲပျော်တာ

http://www.dhammadownload.com



၄၅ ယောက်၊ ဘယ်သူတွေတုန်းဆိုလို့ရှိရင် လက်ယာနိုင်ငံရေးသမား ၄၅ ယောက်လောက်က သဿတဒိဋ္ဌိ ချုံပုတ်ထဲပျော်တာ။ လက်ဝဲနိုင်ငံရေးသမား ၄၅ ယောက်က ဥစ္ဆေဒဒိဋ္ဌိချုံပုတ်ထဲမှာ သူတို့စိတ်က ပျော်တာ။ ဒီတော့ သူတို့ကို အဲဒီ လက်ဝဲကို ရောက်အောင် ပို့တာ သူတို့အာသယ၊ ဥစ္ဆေဒဒိဋ္ဌိအာသယ–က သူတို့ကို လက်ဝဲနိုင်ငံရေးကို ပို့တာလို့။

အဲဒါကြောင့် သူတို့က ဒီလက်ဝဲကို စဉ်းစားတာ ဥစ္ဆေဒဒိဋ္ဌိ၊ သူတို့ရဲ့ အာသယဓာတ်က အဲဒီ ပို့တာ။ လက်ယာနိုင်ငံရေး ၄၅ ယောက်၊ သူတို့ကိုလဲ ဘာမှမပြောနဲ့ သူတို့ရဲ့ အာသယဓာတ်ကိုက သဿတဒိဋ္ဌိဆိုတဲ့ အာသယဓာတ်ရှိလို့ အဲဒီလူတွေက လက်ယာနိုင်ငံရေးပျော်တာလို့။ ဒီတော့ မြန်မာပြည်က မဇ္ဈိမပဋိပဒါဖြစ်တဲ့ ၁၀ ယောက်လောက်၊ သူတို့ပြောရင် မြန်မာပြည်က ဗုဒ္ဓဘာသာ ၁၀ ယောက်လောက်ပဲ၊ ကမ္ဘာကြီးမှာ ဘုန်းကြီးဟုတ်လား။ အဲဒီကျုပ်တို့ မြန်မာက မဇ္ဈိမပဋိပဒါ နိုင်ငံ ဒကာကြီးရ၊ ဟုတ်လား။ ဟိုဟာတွေက သဿတဒိဋ္ဌိနိုင်ငံ၊ ဥစ္ဆေဒဒိဋ္ဌိနိုင်ငံ၊ နှစ်နိုင်ငံ၊ အဲဒီ နှစ်မျိုး၊ ကျုပ်တို့က ဒီကြားထဲကနေပြီးတော့ မဇ္ဈိမပဋိပဒါ–က အကုန်လုံး သင့်ရမယ်၊ ကြည့်တယ်။ အားလုံးနဲ့တည့်တယ်။ ဒါအာသယ။ ကိုယ့်ပညာအာသယနဲ့ အဲဒီအတိုင်းသာ ဆက်ဆံ၊ ဟုတ်လား။ ဒီအတိုင်းသာ ဆက်ဆံ။ သူတို့ လက်ဝဲဆိုရင် ဝဲပစေ၊ ဘယ်လောက်ဝဲဝဲ၊ လက်ယာ ဘယ်လောက် ယာယာ၊ တို့ကတော့ မဇ္ဈိမပဋိပဒါဆိုတဲ့ အဲဒီမှာတည်ပါ။ နောက်ဒီမှာ တည်တဲ့နိုင်ငံပါ။ ဗုဒ္ဓဘာသာ က အဲဒါကိုတည်တာ။ သဘောပေါက်ပြီနော်။ အဲဒီဥစ္စာ ပြောပြီးပြီဗျာ ဟုတ်လား။ ဒကာကြီးတို့မှာ ကိစ္စများတယ်။ ပသေနဒီကောသလမင်းကြီး ဘုရားဆီရောက်ပြီဆိုရင် ပြန်ခါနီးကျရင် ဘာပြော သလဲ၊ ဟန္ဒ ဒါနိ မယံ ဘန္တေ ဂစ္ဆာမ=ကိုင်း မြတ်စွာဘုရား တပည့်တော်တို့ အခုပြန်လိုက်ပါဦးမယ်။ ကနေ့ မြန်မာလို ပြောတယ်။ ဟန္ဒ–က ကိုင်း ကိုင်း မြတ်စွာဘုရား တပည့်တော် ပြန်ပါဦးမယ်။ ဒို့ပြင် အနာထပိဏ်တို့ ဘယ်သူတို့ အရပ်သားတွေကတော့ “ဟန္ဒ ဒါနိ မယံ ဂစ္ဆာမ” မြတ်စွာဘုရား– ကိုင်း တပည့်တော်များ ပြန်ပါဦးမယ်ဘုရား။ နှုတ်ဆက်တယ်၊ ပြီးရော။ ကောသလမင်းကြီးကျတော့ “ဟန္ဒ ဒါနိ မယံ ဘန္တေ ဂစ္ဆာမ”၊ နောက်နားက “ဗဟုကိစ္စာ မယံ ဘန္တေ ဗဟုကရဏီယာ”တဲ့။ ဟောဒီ စာပိုဒ်ကလေး တစ်ပိုဒ် ပိုတယ်။ ဘန္တေ=မြတ်စွာဘုရား။ မယံ=တပည့်တော်တို့သည်။ ဗဟုကိစ္စာ=အလုပ်ကိစ္စ အင်မတန် များပါတယ်ဘုရား။ ဗဟုကရဏီယာ=ပြုစရာကိစ္စတွေ အင်မတန် များပါတယ်ဘုရား။ ဒါကြောင့် ဒကာကြီးတို့က အဲဒီ ကောသလမင်းကြီးလို “ဗဟုကိစ္စာ၊ ဗဟု ကရဏီယာ” မပြောလို့သာ၊ ကိစ္စ ကရဏီယတွေ များတယ်၊ ပြန်နိုင်ပြီ ဟုတ်လား၊ ပြန်နိုင်ပြီ၊ ခွင့်ပြုတယ်နော် အသိဆုံးလို့သာ မှတ်ထားပါ။

သာဓု ... သာဓု ... သာဓု။

http://www.dhammadownload.com



# မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး၏ ဩဝါဒကထာများ

## ပညဝန္တပုဂ္ဂိုလ်

မဓမ္မနယ်ပယ်ကကြည့်ရင် ဒါနပြုရမည့်အချိန်မှာ ဒါနတည်းဟူသောအကျိုးကို လက်လွတ်မသွားစေနဲ့၊ သီလစောင့်ရမယ့်အချိန်မှာ သီလတည်းဟူသော အကျိုးကို လက်လွတ်မသွားစေနဲ့၊ သမာဓိ+ပညာ+ဘာဝနာ ပွားရမယ့် အချိန်မှာ ဘာဝနာထူးဟူသော အကျိုးကို လက်လွတ်မသွားစေနဲ့၊ အဲဒီလိုအခါလျှောက် ရောက်လာတဲ့ အကျိုးတရားတွေကို လက်လွတ်မသွားစေခြင်း၊ မဆိတ်သုဉ်းစေခြင်း၊ ဤအင်္ဂါသုံးချက်နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဟာ ပညဝန္တ=ပညာရှိပုဂ္ဂိုလ်တဲ့။

ချိန်ခွင် (၃၃၂)

## ဒါနကောင်းမှု

ဒီစိန်တွေ၊ ရွှေတွေ၊ ငွေတွေကို ဒီအတိုင်း တမလွန်လောက ယူဆောင်သွားလို့မရဘူး၊ တမလွန်လောက ယူသွားလို့ ဘယ်ရမလဲ။ သေသူရဲ့ပါးစပ်ထဲက ကူးတို့ခဆိုပြီး ထည့်ပေးလိုက်တာကို တောင်မှ ဟို–သုသာန်ရောက်ရင် သက်ဆိုင်ရာတို့က ပါးစပ်ဖြဲပြီး ယူလိုက်ကြတဲ့ဟာ၊ ဘယ်တော့ပါမှာတုန်း၊ ဒီတော့ စိန် ရွှေ ငွေတို့ကို တမလွန်လောကသို့ ယူဆောင်သွားချင်ရင် ဒါနကောင်းမှုပြုရမယ်။

ချိန်ခွင် (၃၁၄)

## သူတော်ကောင်း

မိမိရဲ့ သူငယ်ချင်းမိတ်ဆွေ ဆင်းရဲဒုက္ခရောက်လာရင် ထိုသူငယ်ချင်းမိတ်ဆွေရဲ့ အလုပ်ကိစ္စများကို ရိုရိုသေသေ စိတ်ပါလက်ပါ ပြုလုပ်ဆောင်ရွက်ခြင်း။ ဤအင်္ဂါသုံးချက်နဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်ဟာ သပ္ပုရိသ=နှလုံးပျော့ပျောင်း သူတော်ကောင်းတဲ့။

ချိန်ခွင် (၃၃၀)

## ဘေးဇရာ

ကံနှင့်မသိ၊ မြေအဆီနှင့်၊ ရေသီတာငွေ၊ ဥတုအတွေ့ကြောင့်၊ မလေပွင့်ဆန်း၊ ဤကြာပန်းသို့၊ ညိုးနွမ်းရင့်ကာ၊ ကြွေကြပါအောင်၊ ဇရာရန်ဘေး၊ ရောက်တုံသေး၏။ လေးရပ်ကြောင်းစု၊ ပေါင်း၍ပြုသား၊ နဖတ်ရှန်းစို၊ ငါတို့ကိုယ်သို့၊ ထိုကြောက်ဖွယ်ရာ၊ ဘေးဇရာကား ဘယ်မှာမရောက်၊ ရှိတုံမြောက်လိမ့်၊ ညိုးခြောက်ယွင်းယို၊ ငါတို့ကိုယ်လည်း၊ ထိုကြာပန်းသွင်၊ တစ်နေ့တွင်၌၊ ရွှေစင်လျှောကျ၊ မြေသို့ခ,မည်၊ မုချမချွတ်ပါတကား။

(မဟာဗုဒ္ဓဝင်ဆဋ္ဌတွဲ–၁၊ ၆၁)

http://www.dhammadownload.com



## တာရှည်မှသိသောတရားလေးပါး

၁။ တာရှည်ပေါင်းလင့်၊ မိတ်ဖက်သင့်မှ၊ ကောင်းကျင့် မကောင်းကျင့် သိရသည်။

၂။ တာရှည်ဘေးကျမ်း၊ နှိပ်စက်လွှမ်းမှ၊ အစွမ်းရှိမရှိ သိရသည်။

၃။ စကားနှီးနှော၊ တာရှည်ပြောမှ၊ သဘောစင် မစင်သိရသည်။

၄။ ထောက်လှမ်းရှည်ကြာ၊ ဆွေးနွေးပါမှ၊ ပညာရှိ မရှိ၊ သိရသည်။

(ကောသလသံယုတ်၊ သတ္တဇဋိလဝတ္ထုတရား)

## အမြတ်ဆုံးတရားရတနာ

၁။ အလှူခပ်သိမ်းတို့တွင် တရားအလှူသည် အမြတ်ဆုံးဖြစ်၏။

၂။ အရသာခပ်သိမ်းတို့တွင် တရားအရသာသည် အမြတ်ဆုံးဖြစ်၏။

၃။ မွေ့လျော်ခြင်း ခပ်သိမ်းတို့တွင် တရားဖြင့်မွေ့လျော်ခြင်းသည် အမြတ်ဆုံးဖြစ်၏။

၄။ တဏှာကုန်ခြင်း၏အဆုံး၌ဖြစ်သော အရဟတ္တဖိုလ်သည်ကား (ခပ်သိမ်းသော ဝဋ်ဒုက္ခ၏ ကုန်ခြင်းငြိမ်းခြင်းသို့) ရောက်စေတတ်သောကြောင့် ဧကန်အမြတ်ဆုံးဖြစ်၏။

(မဟာဗုဒ္ဓဝင် စတုတ္ထတွဲ၊ ၂၅၁)

## ဝဋ်သုံးထွေငြိမ်းအောင်ပြု

မိတ်ကောင်းမှီစေ၊ တောရပ်နေ၊ သုံးလေမတ္တညူ။
ပစ္စည်းလေးဖြာ၊ မတွယ်တာ၊ တဏှာငြိမ်းအောင်ပြု။
ပါတိမောက္ခ၊ သံဝရ၊ သီလလုံစေမှု။
တံခါးခြောက်ထွေ၊ ဣန္ဒြေ၊ ငြိမ်စေပိတ်ဆို့မှု။
သတိမြဲရာ၊ ကိုယ်၌သာ၊ ခန္ဓာငြီးငွေ့မှု။
သုဘနိမိတ်၊ ခွာရှောင်ဆိတ်၊ ဈာန်စိတ်ပိုင်အောင်ရှု။
အနိမိတ္တ၊ ထင်စေမှ၊ မာနကွာအောင်ရှု။
ဤနည်းကျင့်ပေ၊ ဝဋ်သုံးထွေ၊ ငြိမ်းလေမှန်သည်ဟု။
ရာဟုလာအား၊ ဒို့ဘုရား၊ ဟောကြားနေ့နေ့မှု။

(မဟာဗုဒ္ဓဝင်ဆဋ္ဌမတွဲ-ပ၊ ၃၄၁)

http://www.dhammadownload.com



## ချစ်သမီး ယောက္ခမအိမ်၌နေသော ဓမ္မချမည်သည်

၁။ အိမ်တွင်းမှမီးကို အပြင်သို့ မထုတ်ဆောင်ရ။

၂။ အပြင်အပအိမ်က မီးကို မိမိအိမ်အတွင်းသို့ မသွင်းဆောင်ရ။

၃။ ပြန်ပေးသောသူတို့အားသာပေးရမည်။

၄။ ပြန်မပေးသောသူတို့အား မပေးရ။

၅။ ပေးသော်လည်းကောင်း၊ မပေးသော်လည်းကောင်း ပေးရမည်။

၆။ ချမ်းသာစွာထိုင်နေရမည်။

၇။ ချမ်းသာစွာစားရမည်။

၈။ ချမ်းသာစွာအိပ်ရမည်။

၉။ မီးကို ရိုသေစွာ ပြုစုလုပ်ကျွေးရမည်။

၁၀။ အိမ်တွင်းနတ်တို့ကို ရှိခိုးရမည်။

(မဟာဗုဒ္ဓဝင်ဆဋ္ဌမတွဲ – ၃၊ ၂၅၈+၂၅၉)

## ကိုယ်စိတ်ပင်ပန်းမှု

ဆန်ကျင်တဲ့ ဝိဂ္ဂါဟဖြစ်ရင် ငြင်းခုန်မှုဆိုတဲ့ ဝိဝါဒရောက်လာမယ်၊ ငြင်းခုန်တဲ့ဝိဝါဒဖြစ်ရင် စိတ်ပင်ပန်းရလိမ့်မယ်။ ငြင်းရာက ဟိုဘက်တစ်ဆင့် တိုးလိုက်တော့ တစ်ယောက်နဲ့တစ်ယောက် လက်သီးနဲ့ထိုးကြ ရန်ဖြစ်ကြလိမ့်မယ်၊ တုတ်နဲ့ရိုက်မယ်။ အဲဒါခုခေတ်ကျရင်တော့ တစ်ဘက်နဲ့ တစ်ဘက် အမြောက်နဲ့ ပစ်ကြတော့မယ်၊ အဲဒီလို ဟိုဘက်မှာ ကိုယ်ပင်ပန်းမှု စိတ်ပင်ပန်းမှု ကိုယ်နွမ်းနယ်မှု စိတ်နွမ်းနယ်မှု ဒါပဲ အကျိုးရမယ်။

(ချိန်ခွင် ၁၁၅)

## သည်းခံခြင်းတရား

ဟို–သူတစ်ဖက်သားက ဆဲရေးရင်လည်း အမျက်မထွက်ဘဲ ခံနေတယ်၊ သူတစ်ဖက်သားက ရေရွတ်စကား ပြောရင်လည်း (ရေရွတ်ဆိုတာ မင်းဘာကောင်လဲ စသည်ဖြင့် နိုင်လိုမင်းထက် လွှမ်းမိုးစကား ပြောတာကို ခေါ်တယ်။ အဲဒီလို ရေရွတ်စကားပြောရင်လည်း) အမျက်မထွက်ဘဲ သည်းခံနေတယ်။ အေး–သူတစ်ဘက်သားက လာပြီးတော့ ရိုက်နှိပ်ပုတ်ခတ်သော်လည်း ကိုယ်က စိတ်မဆိုးဘဲနေတာ။ အဲဒါကို သည်းခံခြင်း ခန္တီလို့ ခေါ်တယ်။

(ချိန်ခွင် ၃၁၇)

http://www.dhammadownload.com



## လောကဦရစ်ခဲသော တရားလေးပါး

ဥစ္စာစီးပွား၊ ခြွေရံများ၊ ရှည်လျားသက်ဇီဝ။

သေလျှင်သော်ကား၊ နတ်ရွာလား၊ လေးပါးရခဲစွ။

၁။ ဥစ္စာစီးပွား ပေါများပြည့်စုံခြင်း၊

၂။ အခြွေအရံများခြင်း၊

၃။ အသက်ရှည်စွာနေရခြင်း၊

၄။ သေသည်၏အခြားမဲ့၌ နတ်ရွာသုဂတိသို့ လားရခြင်း၊

ဤတရားလေးပါးသည် လောက၌ ရခဲသော တရားလေးပါးဖြစ်သည်။

## လောကဦရစ်ခဲသောတရားလေးပါးကို ရနိုင်ကြောင်းတရားလေးပါး

သဒ္ဓါသီလ၊ စာဂပညာ၊ သမ္ပဒါ လေးဖြာရကြောင်းပြ။

၁။ သဒ္ဓါတရားနှင့်ပြည့်စုံခြင်း (သဒ္ဓါသမ္ပဒါ)

၂။ သီလတရားနှင့်ပြည့်စုံခြင်း (သီလသမ္ပဒါ)

၃။ စွန့်ကြဲပေးကမ်း လှူဒါန်းမှုနှင့် ပြည့်စုံခြင်း (စာဂသမ္ပဒါ)

၄။ ပညာအမြော်အမြင်နှင့်ပြည့်စုံခြင်း (ပညာသမ္ပဒါ)

ဤ တရားလေးပါးသည် ဖော်ပြပါ ရခဲသော တရားလေးပါးကို ရနိုင်ကြောင်း တရားလေးပါးဖြစ်သည်။

(တိပိဋကကဏ္ဍမာလာ ၃၅၃-၃၅၄ မှ)

## လောဘတရား

ဤလောဘတရားသည် အကျိုးမဲ့ ဖြစ်စေတတ်၏။ လောဘသည် ကုသိုလ်စိတ်ကို ဖျက်ဆီးတတ်၏။ ဤလောဘကို အကြောင်းပြုကာ စိတ်သန္တာန်အစဉ်၌ ကြောက်ဖွယ်မအေး ဘေးကြီးဖြစ်နိုင်၏။ ထိုအကြောင်းကို လူအပေါင်းကား မသိမမြင်ကြချေ။

တပ်မက်သောသူသည် အကျိုးအကြောင်းကို ကောင်းစွာ မသိမြင်နိုင်၊ သတ္တဝါကို လောဘတရား လွှမ်းမိုးနှိပ်စက်သောအခါ အမိုက်မှောင်ကြီးအတိဖြစ်နေဘိ၏။

(မဟာဗုဒ္ဓဝင် စတုတ္ထတွဲ ၁၇၈)

http://www.dhammadownload.com



## သူတစ်ပါးအကျိုး

သူတစ်ပါးအကျိုးကို ပြုသူအား မိမိ၏အကျိုးသည် ရှိ၏။ ကေန်ရှိ၏။ ဤအကြောင်းသည် မှန်၏။ တကယ့်ကို မှန်၏ဟု လက်ရုံးမြှောက်၍ ရဲရဲကြီးပြောလေ–ဟူသော သာရတ္ထဝိလာသိနီ ကျမ်းလာဂါထာအတိုင်း မိမိတို့ ဓမ္မနာဒကျောင်းတိုက်၏ အကျိုးထက် မင်းကွန်းတိုက်နယ်ဂီလာန ရဟာန်းရှင်လူတို့၏ အကျိုးကို အလေးထား ဦးစားပေး၍ မိမိတို့ ကျောင်းတိုက်သို့ ရောက်လာသော လာဘ်လာဘကို –

(က) မင်းကွန်းတိုက်နယ် ကျန်းမာရေးဌာန၊

(ခ) မင်းကွန်းတိုက်နယ် ဆေးရုံအဖြစ်သို့ ရောက်စေ၍ အများအကျိုးကို သယ်ပိုး ဆောင်ရွက်ခဲ့ကြပါသည်။

## လူပျော့ဖြစ်ပါစေ

(အထူးအားဖြင့်) သီတင်းသုံးဖော်တို့နှင့်စပ်၍ ငြင်းခုံဖွယ်ရာ အကြောင်းတစ်စုံတရာ ပေါ်ပေါက်ခဲ့လျှင် လက်အုပ်ချီမိုး တိုးလျှိုးတောင်းပန်၍ တွေ့ကြုံသောကိစ္စအဝဝကို ပြီးပြေစေခဲ့ပါသည်။

(ထို့ကြောင့်ပင်လျှင်) အကျွန်ုပ်ကို ရင်းနှီးခင်မင်သော သီတင်းသုံးဖော် ဆရာတော်တို့က “ဦးဝိစိတ္တက လက်ယာဓမ္မာစရိယ လူပျော့ပါဟာ”ဟူ၍ပင် အဝေဖန်ခံခဲ့ရပါသည်။ ထိုဝေဖန်ချက်ကို နှစ်နှစ်သက်သက် အကျွန်ုပ်ခံယူခဲ့ပါသည်။

(သာသနာ့ကြယ်ရောင် စာတမ်းအမှာစကား–ဂ မှ)

## သူတော်ကောင်း

(၁) သူတစ်ဦးက မိမိအပေါ် ကျေးဇူးပြုရင် ပြုမှန်းသိခြင်း (စိတ်ထဲကသာ သိမှုဆိုတဲ့ ကတညုတာ) စိတ်ထဲကသိပြီးတော့ ကိုယ်နှုတ်တို့ဖြင့် သူ့ကျေးဇူးကို တဖန်ပြန်၍ တုန့်ဆပ်ခြင်း (ကတဝေဒီတာ) ဤနှစ်ချက်ဖြင့် သူ့ကျေးဇူးကို သိခြင်း။

(၂) ဆရာကောင်း သမားကောင်းတို့ဆိုတဲ့ မိတ်ဆွေကောင်းရှိခြင်း၊ ဝတ်ကျေဝတ်ကုန် တစ်ခါတလေ နာမည်ကောင်းရရုံ ဆည်းကပ်ခြင်းမျိုး မဟုတ်ဘဲ အမြဲတစေ ဆရာကောင်း မိတ်ကောင်းတို့ကို ဆည်းကပ်ခြင်း။

(၃) မိမိရဲ့သူငယ်ချင်း မိတ်ဆွေဆင်းရဲဒုက္ခရောက်လာရင် ထိုသူငယ်ချင်းမိတ်ဆွေရဲ့အလုပ်ကိစ္စများကို ရိုရိုသေသေ စိတ်ပါလက်ပါ ပြုလုပ်ဆောင်ရွက်ခြင်း၊ ဤအင်္ဂါသုံးချက်နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဟာ သပ္ပုရိသ–နှလုံးပျော့ပျောင်း သူတော်ကောင်းတဲ့။

(ချိန်ခွင် ၃၃၀)